www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP

၈၉၅.၈
မဟူရာ(လှိုင်ကော်)
ချစ်ပန်းတွေ ဆံကေဦးမှာလ.. မွှေးရနံ့က ကြိုင်/မဟူရာ(လှိုင်ကော်
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၄။
၃၁၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချစ်ပန်းတွေ ဆံကေဦးမှာလ ... မွှေးရနံ့က ကြိုင်





www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝကြီးဟာ

ချစ်သူမဟုတ်တဲ့

သူနှစ်ယောက်ကို

လက်ထပ်စေဖို့အထိ

ဩဇာပေးနိုင်တယ်...။

ဤသံယောဇဉ်သည်

အပေးအယူကင်းသော

ချစ်ခြင်းဆီမှ

ရိုးသားဖြူစင်လွန်းစွာ

ဖြစ်တည်ပါသည့်

သံယောဇဉ် ...။

www.burmeseclassic.com

www.burmeseclassic.com

မင်း .... ပြန်ရမယ့်ခရီး
ရှိပြီးပါရက်ကယ်နဲ့
လွမ်းကျန်ရမယ့်နေရာ
ရင်ကွဲကျန်ရမယ့်နေရာကို
ချန်ရစ်ခဲ့ဘဝနဲ့ ကျန်ခဲ့ဖို့
ဘာလို့များ ...
ငါ့ကို ခေါ်လာရတာလဲကွယ် ....။

အရှိန်ပြင်းသော
ကြေကွဲခြင်းနှင့်
အရှိန်မြင့်သော
ပျော်ရွှင်ခြင်းဆိုတာ
တစ်ကြိမ်တည်းမှာ
ဖြစ်တည်တတ်ချေသည်ကောဟု
အံ့ဩစွာ နားလည်လာရသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စကားပြောနေကြပုံက
ဝေးရသည့်ကာလတွေကြားထဲမှာ
ဖြစ်တည်ခဲ့ရပါသည့်
လွမ်းဆွတ်ခြင်းတွေကို
ရှေ့မှာပုံချထားရင်း
မကုန်ခမ်းနိုင်စွာ ပြောနေသည့်အသွင် …။

တွေ့ဖို့ မတွေ့ဖို့ဆိုတာထက်
မေ့ခြင်း မမေ့ခြင်းဆိုတာက
ပို၍ တန်ဖိုးကြီးသည် …။
မတွေ့သည်ပဲရှိစေ …
မမေ့သည်က သေချာလျှင်ဖြင့်
ကြေကွဲနာတွေ …
ရင်မှာမြဲတည်ချေမည်သာ …။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဤမိန်းကလေးသည်
သူ့ရင်ထဲကိုပင်
ခံစားချက်တွေ
ဝင်ဖမ်းနိုင်သည့်
ကောင်မလေးဖြစ်နေ၏။

BURMESE CLASSIC

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# မဟူရာ

## (လှိုင်ကော်)

ချစ်ပန်းတွေ ဆံကေဦးမှာလ… မွှေးရနံ့က ကြိုင်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



ရွှေသမင်ခါဝေ

သခင့်အချစ်ဦးရယ်လို့
မဖြစ်ဘူးလိုက်ရပေမယ့်ကွယ် ...။

တိတ်တခိုး မြတ်နိုးမိသူရဲ့ ရင်မှာ
သခင်တစ်ယောက်တည်းသာပဲ
ရင်မှာခွဲထင် ချစ်ဦးရှင်ရယ်လို့
ဖြစ်ဖူးလိုက်ရရုံနဲ့
ကျေနပ်ရတဲ့သူပါကွယ် ...။


အချစ်ဦးရယ်အတွက်
ရည်ရွယ်တဲ့ သခင့်လက်တွေနဲ့
ပျိုးခဲ့တဲ့ ပန်းတစ်ပင်
မြူးဝေလွင် ပွင့်တဲ့အခါပေမှ
ချစ်ကံခေ ကြမ္မာလှည့်ပါလို့
ဆုံခွင့်မကြုံ ဝေးကြရချေသမို့
ပန်းအပွင့်အပွင့်တို့ အညှာကြွေ
ဝေအနာတွေနဲ့
ခံစားရစ်ခဲ့ သခင့်ဖြစ်အင်တွေ
သိမြင်နေရပါတဲ့ မေ့မှာ
ကြေကွဲစာ ရင်မှာကူးရပါရဲ့ကွယ် ...။

တစ်ခါတစ်ခွင့်လေးရယ်ပဲ ပွင့်ပွင့်
သခင့်နောက်တော်ပါးမှာပဲ နေခွင့်ရစေ
သခင်ပန်ထင်ပေးချေမယ့် တစ်ပန်း
အိမ်မက်နန်းမှာပဲ ပန်ရပန်ရ
ကျေနပ်ပါ့မယ် ပန်းသခင်ရယ်လေ ...
ရူးအညွန့်အညွန့်ဝေ စိတ်ကူးလေးရယ်နဲ့
ပုံတော်ဆောင်ရွယ်လိုက်ချင်ပါတဲ့
ဘဝရဲ့ ပန်းချီကားတစ်ချပ်မှာလေ
ချစ်ပန်းတွေ မေ့ထံတော်ဦးမှာလ
မွှေးရနံ့က ကြိုင်နေကြရှေ့ရဲ့တွယ် ...။
(မောင် ... သခင့် ...)
ချစ်ပန်းတွေ ထံတော်ဦးမှာလ
မွှေးရနံ့က ကြိုင်နေကြလေရဲ့တွယ် ...။



www.burmeseclassic.com









## အခန်း (၁)

ဘွား ဖွင့်ပေးသော ကားတံခါးရွက်ကို စိတ်ဆန္ဒစောစွာပင် မြရေးချယ် ၏ လက်ဖြူဖြူလေးတွေက ရောထွေး တွန်းဖွင့်မိပြန်သေးလျက် ပြေးပြေးဆင်းဆင်းလေးလည်း လုပ်မိရသည်ပါပဲ ..။

ဖေဖေ .. ဆိုသည့် ဖခင်သည် မြရေးချယ် အတွက် လောလောဆယ်မှာ တစ်ခုတည်းသော အာရုံနစ်ဝင်မှုကြီး ဖြစ်နေသည်။ မြရေးချယ်၏လက်မှာ စိတ်လှုပ်ရှားစွာ ကိုင်ထားသည်က လစဉ်စာမေးပွဲ၏ ရီပို့ကတ်လေးပဲ ဖြစ်လေသည်။ မြရေးချယ် ပထမ ရသည်လေ။ ရွှေဝတ်မှုံအိမ်ကြီး၏ ခြံစည်းရိုးဘေးဘက်မှာ ရပ်ထားပါလေသော ဘွား၏ ကားသည် ဖေဖေ့ကားလေး ခြံတံခါးဆီမှ ထွက်လာတာ မြင်လိုက်တာနှင့် …

"ခဝ်မြန်မြန်လေး ဆင်းလိုက်တော့ မြေးရေ .."

ဟု ပြောကာ ကားတံခါးကို ဖွင့်ပေးခြင်းပါ ..။ ဖေဖေ့ကားသည်လည်း ဘွား ရပ်ထားရာ ကားရှိရာဘက်ဆီသို့သာ မောင်းလာရမည်မို့ ဘယ်လိုမှလည်း မတွေ့ဘဲရှိစရာ လမ်းမမြင် ..။ ခုလည်း ဖေဖေ့ကားလေး ချိုးကွေ့မောင်းလာချိန်မှာ လက်ကလေး ဇော့ယမ်းရင်း ပြေးလာနေပါသည့် မြရေးချယ် ကို ဖေဖေ မြင်လိုက်သည်သာ ..။ ဖေဖေ့ကား ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ ဘေးမှာ ထိုင်နေပါသည့် ခပ်ချောချော အန်တီ၏ မျက်နှာကတော့ တင်းမှုန်နေသည်ပါပဲ ...။ ဖေဖေ့ကိုလည်း မျက်မှောင်လေးကုတ်၍ ကြည့်လိုက်တာကို သေသေချာချာကြီးပဲ မြရေးချယ် မြင်လိုက်ရပါ၏။ ဖေဖေသည်လည်း တစ်ချက်တော့ ထို အန်တီချောချောလေးကို ငဲ့ကြည့်သည်။ စိတ်ရှုပ်ထွေးသွားပုံလည်း ရနေသည်။

ဘာကြောင့် ဖေဖေ့ နှုတ်ခမ်းတွေမှာ ပြုံးရိပ်တွေ ဖြစ်ပေါ်မလာရသည်ဆိုတာ မြရေးချယ် စဉ်းစားမရနိုင် ...၊ တကယ်ဆို မြရေးချယ်ကို မြင်လိုက်ရတာနှင့် ဖေဖေ ဝမ်းသာရမည်လေ ...၊ ပြုံးရမယ်လေ ...။ ကားပေါ်မှ ချက်ချင်း ပြေးဆင်းလာရမည်လေ ...။

ခုကျတော့ ဖေဖေ့ မျက်နှာထက်မှာ စိတ်ပင်ပန်းရိပ်တွေ ဖြစ်တည်နေချေသည်တည့် ...။ သူငယ်တန်းအရွယ်ပေမယ့် ထိုမျှလောက်အထိတော့ မြရေးချယ် မျက်ရိပ်မျက်ကဲ ဖမ်းနိုင်ပါ၏။ ဖေဖေ ခပ်မြန်မြန် လျှောက်လာချိန်မှာ မြရေးချယ် ကလည်း ဖေဖေ့ ထံ ပြေးလာမိရသည်ပါပဲ။

ထိုစဉ်ခိုက် ဖေဖေ့ကို စူးရှစွာကြည့်ရင်း ကားပေါ်မှ ဆင်းလာပါသည့် အန်တီလေးကိုလည်း တစ်ဆက်တည်း မြရေးချယ် မြင်လိုက်ရပါ၏။ မလိုသောအကြည့်သည် ခါးခါးသီးသီးနိုင်စွာ အမုန်းကြည့်ဖြင့် မြရေးချယ် ကို ခပ်မာမာ ကြည့်လာတာကိုလည်း မြင်နေရသည်။

ကားတံခါးကို ဂျိုင်းဂျိုင်းပါအောင် ခပ်ကြမ်းကြမ်း ပိတ်ပစ်လိုက်ပါသည့် အန်တီသည် ခြေလှမ်းလည်း ကြမ်းတမ်း မြန်ဆန်နေသည်ပါပဲ။ ကားခေါင်းဘက်ကို ကွေ့ပတ်၍ လျှောက်လာရာမှလည်း ဖေဖေ့ကိုရော မြရေးချယ် ကိုရော စိုက်ကြည့်နေသည်။ ဖေဖေ ဆင်းလာခဲ့ရာ ကားတံခါးကို ညင်ညင်သာသာ မရှိစွာဘဲ ဖွင့်လိုက်ကာ ကားထဲ ဝင်ထိုင်သည်။

"ရွှေဝတ်မှုံဟာ ယမုန် နေရာပါ မောင် .. ပဒုမ္မာကို မပတ်သက်အောင် ယမုန် နေသလို .. ရွှေဝတ်မှုံနဲ့လည်း ရှင့်ဘက်က ဘယ်သူမှ လာမပတ်သက်ဖို့ သတိကောင်းကောင်း ပေးရမယ့်သူဟာ .. ရှင့်အမေကိုပဲ ဖြစ်နေတယ် .. ဒီကောင်မလေး .. နောက်ကို ယမုန့် အိမ်ရှေ့ ရောက်လာတာမျိုး .. ယမုန် မကြိုက်ဘူး မောင် .."

ယမုန် ...၊ ထို ချောမောလွန်းနေသည့် အန်တီလေး၏ အမည်က ယမုန် ...။ ဒါပေမယ့် .. အလွန်တင်းမာနေသည့် မျက်နှာကြောင့် လှသည့် အလှကို ငေးကြည့်ဖို့ပင် မြရေးချယ် သတ္တိမရှိဘဲ ဖြစ်လာကာ ကြောက်စိတ်ဝင်လာသည်။ ဆင်းများ ရိုက်လိုက်တော့မည်လား မသိ ...၊ ဝေါက် လိုက်တော့မည်လား မသိ ...။ ကြောက်စိတ်ဝင်လာရင်း မြရေးချယ် ဖေဖေ့ကိုယ်ကြီးနှင့် ကွယ်၍ ရပ်မိကာ ချောင်း၍ ခေါင်းလေး မသိမသာ စောင်းကာ ခိုး၍တော့ ကြည့်မိရပြန်၏။ ဖေဖေ ဘာမျှ ပြန်မပြော ...။ ထို အန်တီ ယမုန် ၏ ကားကလည်း ဝေါခနဲနေအောင် အရှိန်နှင့် ခပ်ကြမ်းကြမ်းကြီး ထွက်သွားသည်ပါပဲ ...။

ဖေဖေ သက်ပြင်းရှိုက်သည် ...၊ မြရေးချယ် ၏ ကိုယ်လေးကို ခုမှ ထွေးပိုက်လာသည်။ ဆံစလေးကို သပ်ပေးသည်။ နဖူးလေးကို နမ်းသည်။ ခုလိုဆိုတော့လည်း ကြောက်စိတ်ဆိုတာလေးတွေ လွင့်လွင့်ပျောက်ပျောက်ဖြစ်စ ပြုလာရသည်က မြရေးချယ် ပါ။

"ဖေဖေ .. ရေးရေး .. ပထမ ရတယ်သိလား .. ဘွားကို ရေးရေး ခုညနေ ကျောင်းဆင်းတော့လေ .. ဖေဖေ့ကို ရီပို့ကတ်လေး ပြချင်လိုက်တာလို့ ပြောမိတယ်ပေါ့ .. ဖေဖေ ကြည့် .. ကြည့် .."

ရီပို့ကတ်လေးကို ဖေဖေ့လက်ထဲ ထည့်ပေးရင်း မြရေးချယ် ဝမ်းသာအားရလေး ကြွားဖော်ဖြင့် ပြောတော့ ဖေဖေ ညင်ညင်သာသာ ယူသည်။ မြရေးချယ် ကို ပွေ့ချီ၍ လမ်းဘေး ပလက်ဖောင်းနေရာလေးမှာ ထိုင်သည်။ ရင်ခွင်ထဲမှာ မြရေးချယ် ကို ပွေ့ပွေ့ငင်ငင် ထားနေတာကိုလည်း မြရေးချယ် ပျော်နေမိရသည်ပါပဲ ...။







www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား သမီးလေးရဲ့ .. သမီးလေးက သိပ်တော်တာပဲကွဲ၊ ပထမ ရတာကိုး .. ကောင်းတယ် .. အဖေတူသမီးလေးပဲကွ .."

ဖေဖေ့ မျက်နှာ ဝင်းကြည်နေသည်။ မြရေးချယ် ၏ နဖူးလေးကို ထပ်နမ်းသည်။ မြရေးချယ် ဖေဖေ့ကို ဖက်ထားမိရာမှ တစ်ချက်လှမ်းကြည့်မိသည်က အလွန်ကြီးမားသော အိမ်ကြီးကိုပါ ..။ ရွှေရောင်နှင်းဆီပွင့်ကြီးတွေလို ပုံဖော်ထားပါသည့် သံပန်းခတ် ခြံစည်းရိုးလှလှ၏ တစ်ဖက်မှာ အိမ်ကြီးက အပြာရောင် သုံးထပ်အိမ်ကြီးတစ်လုံးအဖြစ် ရှိနေသည်။ ခေါင်မိုးနီနီ ..၊ ပြတင်းပေါက်တွေက ရောင်စုံမှန်ပြတင်းတွေ ဖြစ်နေသည်။ လှပသော ပန်းဥယျာဉ်ကြီးလည်း ရှိနေသည်။

ဤအိမ်ကြီးရှိရာ ရှေ့မှ ကတ္တရာလမ်းသည် ကားတွေအရှမ်းမများသောလမ်း ဖြစ်နေ၏။ ပလက်ဖောင်းသည်လည်း မြို့ထဲက ပလက်ဖောင်းတွေလို လူတွေ မများ ..။ အေးဆေးငြိမ်ဆိတ်သောနေရာ ဖြစ်နေတာကအစ ..၊ အိမ်ကြီး အရှမ်းကြီးပြီး လှနေတာတွေရော .. ပန်းဥယျာဉ်ကြီးမှာ အလွန်လှပသော ပန်းမျိုးစုံတို့ ရောင်စုံပွင့်ကြတာတွေရော .. အားလုံးသည် မြရေးချယ် နှင့် ဘွားတို့နေသော ပဒုမ္မာအိမ်ကြီးနှင့် အတူတူပဲ ဖြစ်ပါ၏။

ဒါပေမယ့် .. မြရေးချယ် နားမလည်ပဲ ဖြစ်နေရသည်က ဖေဖေသည် ဤအိမ်ကြီးမှာ ဘာကြောင့် နေနေရပါသတဲ့လဲ ..၊ ဘာကြောင့် ပဒုမ္မာအိမ်ကြီးမှာ ဖေဖေ မနေရပါသတဲ့လဲ..၊ အရင်တုန်းက ဘွား ပြောခဲ့တာက .. ဖေဖေသည် နိုင်ငံခြားမှာ အလုပ်တွေ လုပ်နေသည်တဲ့ ..။ ထိုသို့ မြရေးချယ် သိထားရတာပဲ ရှိသည်။ မြရေးချယ် ကို ကျောင်းအပ်မည်ဆိုတော့မှ ဖေဖေ ရောက်လာကာ ကျောင်းအပ်တာတစ်ခု စတင်၍ ဖြစ်တည်လာခဲ့ရာမှ .. ဖေဖေ နိုင်ငံခြားသို့ ပြန်သွားပြီဟု ဘွား ပြောခဲ့တာတွေပဲ မြရေးချယ် သိခဲ့ရသည်လေ ..။

ခုကျတော့ .. မြရေးချယ် အတန်းထဲမှာ ပထမရသည့်နေ့ ..၊ ညနေ





ကျောင်းဆင်းချိန်မှာ ဖေဖေ့ကို ပြချင်လိုက်တာ .. ဟု မြရေးချယ် တမ်းတမ်းတတ မှတ်သိပ်စွာ ပြောခဲ့သည့်နောက်မှာ .. ဘွား .. ဤနေရာသို့ ခေါ်လာခဲ့ခြင်းပါ ..။

"ဒါ .. ဖေဖေ့ အိမ်လား ဟင် .."

ခပ်တိုးတိုးလေး စတင်၍ မြရေးချယ် မေးတော့ ဖေဖေ ငိုင်နေသည်။ ဘာမှ ပြန်မဖြေနိုင် ..၊ ဘေးမှာ ရပ်လာပြီဖြစ်ပါသည့် ဘွားကိုလည်း မော့ကြည့်သည်က ဖေဖေပါ ..။

"ကလေးကို ဘာလို့ ခေါ်လာရတာလဲ အမေရယ် .."

ခပ်ညည်းညည်း ဖေဖေ ပြောတော့ ဘွား ပြုံးပါ၏။ ဖေဖေ့ ရင်ခွင်ထဲမှ မြရေးချယ် ကို ဘွား ထွေးပိုက် လွှဲယူလိုက်သည်။

"သူ့ သိသင့်ပြီလို့ ငါ မှတ်ယူလိုက်လို့ပေါ့ သုတမြိုင် .. သားတစ်ယောက်ကို မွေးဖွားချိန်တုန်းကတော့ .. ဒီသားဟာ အသိပညာ တိုးပွားမြိုင်စည်မယ်လို့ မှတ်ယူပြီး မင်းရဲ့ အဖေက .. သုတမြိုင် လို့ မျှော်လင့်ချက် ကြီးကြီးမားမားနဲ့ ဒီနာမည်ကို မှည့်ခဲ့တာ .. ဒါပေမယ့် .. မင်းဟာ.. ဆင်ခြင်တုံတရား မရှိတဲ့ လူညံ့တစ်ယောက်ဆိုတာ ငါ့လင် သူတော်ကောင်းကြီး သိမသွားရတာကိုပဲ ငါ ကံကောင်းလှပြီလို့ မှတ်ယူတယ်.. ဒါမှမဟုတ်ရင် .. ဒီလောက် တစ်ကိုယ်ကောင်းဆန်တဲ့ သားတစ်ယောက်ကို ငါ့ဝမ်းမှာလွယ်ပြီး မွေးဖွားခဲ့ရတဲ့ မိန်းမတစ်ယောက်အဖြစ်.. မင်းရဲ့အဖေကို ငါ ရှက်နေမိရမှာ .. ကလေးက .. မင်းကို ဒီအောင်လက်မှတ်လေး ပြချင်နေတာလေ .. ခမျာ .. မင်းကို နိုင်ငံခြားမှာလို့ပဲ ငါ ပြောတဲ့အတိုင်း ယုံနေရှာတာပါ .. ဒါပေမယ့်.. ကလေး ကျောင်းအပ်ချိန်မှာတော့ ဘွားအေက ကျောင်းအပ်ရလောက်အောင် .. အဖေ မရှိတဲ့ ကလေးမှ မဟုတ်တာပဲလေ .. မင်းကို ကျောင်းလာအပ်ခိုင်းရာက .. မင်းဆိုတဲ့ အဖေတစ်ယောက်ကို.. ဓာတ်ပုံလေးပဲ ကြည့်ကြည့် ကန်တော့ခဲ့ရရှာတဲ့ ငါ့မြေးဟာ .. အဖေ နိုင်ငံခြားက ရောက်လာတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေခဲ့တာပါ .. ကဲ .. အခုတော့ ကလေးကို .. မင်း အိမ်ရှေ့အရောက် ငါ လာပို့ပေးလိုက်ပြီ ..၊ ဒီမှာ မင်း နေတယ်ဆိုတာကိုလည်း သိစေလိုက်ပြီ .. မင်းရဲ့ဆေးမှာ .. မင်းရဲ့ မဟာကေသရီထိပ်ထား ဒေါ်ယမုန်ခ ကိုလည်း ကလေး မြင်ဖူးခဲ့ရပြီ .."

ဘွားရဲ့ လေသံတွေကလည်း တင်းမာနေသည်ပါပဲ။

ဖေဖေ မျက်ရည်ဝဲနေသည်။ ပြီးတော့ .. ထူးဆန်းနေသည်က ဖေဖေသည် ဘွားကိုရော မြရေးချယ် ကိုပါ .. ဖေဖေ့အိမ်ထဲ ဝင်ထိုင်ဖို့ မပြောခြင်းပဲ ဖြစ်လေသည်။

"ဖေဖေ ဘာလို့ ဒီမှာ နေနေတာလဲ ဟင် .. ရေးရေး နဲ့ ဘွားတို့ နေတဲ့ ပဒုမ္မာမှာ လာနေလေ .."

ဟု မြရေးချယ် ပြောချင်နေသည်။ ဒါပေမယ့် ဖေဖေ မျက်ရည်ကျလာတာကို မြင်တော့ လိုက်၍ မျက်ရည်လည်လာရသည်က မြရေးချယ် ပါ..၊ ဖေဖေ့ကို ဘာမှလည်း မမေးရက်နိုင်ဘဲ ငေးကြည့်နေသည်။ ဖေဖေ ဝမ်းနည်းနေသည်ဆိုတာကို သိနေသည်။ ဟိုမေး ဒီမေး မေးရမှာ မလုပ်နိုင်ဘဲ မြရေးချယ် ငြိမ်၍ ဖေဖေ့ကို ငေးကြည့်နေရပြန်သည်ပါပဲ။ ဖေဖေ လက်အုပ်ချီ၍ ဘွားကို မော့ကြည့်တော့ ဘွား ခေါင်းခါပါ၏။

"မရတော့ဘူး သုတမြိုင် .. လွန်ကုန်ပြီ ..ငါ့ချွေးမ မသူတော် ကောင်းလေးလည်း မင်းစိတ်ကြောင့် .. ဒီကလေး နှစ်နှစ်အရွယ်မှာ ရေတိမ်နစ်ခဲ့ရပြီ .. စောလှ ဆိုတဲ့ ငါကတော့ .. ငါ့မြေးကို စောင့်ရှောက် နိုင်ပါသကွယ် .. မုဆိုးမ ဆိုပေမယ့်ဝေါ့ ..၊ ဟုကယ်က .. ငါ့ချွေးမလေး သာ မုဆိုးမ ဖြစ်သင့်တာ .. မင်း သေသင့်တာ .. ခုကျတော့ .. ဓမ္မာလေး သေရရှာတယ် .. မင်းကတော့ မုဆိုးဖို မဖြစ်ဘူးလေ .. သူ မသေခင် ကတည်းက .. မင်းက မိန်းမ ရထားတာကိုး ..၊ ကဲ .. ကဲ .. ကလေးကို ငါ ပြန်ခေါ်သွားတော့မယ် .. ဒီနေ့ဟာ .. ငါ့မြေးနဲ့ မင်း နောက်ဆုံး ဆုံခြင်းပေပဲ သုတမြိုင် .. အိမ်ရောက်တဲ့အခါ .. ဒီကလေး .. သူ့အရွယ်





လေးနဲ့ သူ .. နားလည်နိုင်အောင် .. သဘောပေါက်လာအောင် .. မင်းရဲ့ သစ္စာမဲ့မှုတွေကို .. ငါ ပြောပြ အသိပေးရလိမ့်မယ် .."

ဟု ဘွား ပြောတော့ ဖေဖေ မျက်ရည်တွေ ကျနေသည်။

"သမီးလေးကို .. သား လာလာပြီး ချောင်းချောင်းကြည့်ခဲ့ရတာ ပါ အမေရယ် .. အဲသလိုတော့ .. သမီးလေးနဲ့ ကျွန်တော့်ကို .. အပြတ် မခွဲလိုက်ပါနဲ့ အမေ .."

လက်အုပ်ချီ၍ ဖေဖေ ပြောနေချိန်မှာ ဘွား ရယ်သည်။ မြရေးချယ် ကိုလည်း ဖပ္ပ.ချီထားလိုက်ပါသည့်အဖြစ် ...

"နိုးကြောင်နိုးဝှက် လာချောင်းကြည့်ရတဲ့ ဘဝမျိုးကို မင်း ရွေး ချယ်ခဲ့တာပါ သုတမြိုင် .. ခုလည်း ကြည့်စမ်း .. မင်းရဲ့ မယားက .. မင်းရဲ့အမေ ရှိနေတဲ့ ကားကို ဝီခေါ်နေအောင် ဖြတ်မောင်းသွားလိုက် တာ မင်း အမြင်ပဲ .. မင်း တားနိုင်လို့လား .. ငါဟာ .. အဲဒီ ယမုန်ခ ဆိုတဲ့ မိန်းမရိုင်းတစ်ယောက် လက်ထပ်ထားတဲ့ ခပ်ညံ့ညံ့ သုတာမြိုင် ဆိုတဲ့ အကောင်တစ်ကောင်ရဲ့ အမေ ဖြစ်နေတော့လည်း .. အဲသလို .. ခေါ်စောလှ တို့ အစော်ကား ခံလိုက်ရပြန်သေးသပေါ့လေ ..၊ ကဲ .. ကဲ.. ငိုမနေနဲ့ .. ဒီမျက်ရည်က ခန်းရမယ့်မျက်ရည် မဟုတ်ဘူး .. အဲဒါ.. သိနေစမ်းပါ .."

ဘွား ပြောကာ ရင်ခွင်ထဲမှ မြရေးချယ် ကို ကတ္တရာလမ်းပေါ် ညင်ညင်သာသာ ချပေးသည်။ လက်ကို တွဲထားသည်။

အဖေ ဘွား၏ဘေးမှာ ရပ်သည်။ ဘွား၏ လက်ကို ဆွဲကိုင်သည်။ မြရေးချယ် ကိုလည်း ခေါင်းလေးပေါ် လက်ကို အုပ်မိုးထားသည်။

"တစ်ချိန်က .. သား .. ပဒုမ္မာ ကို မဂင် မထွက်ခဲ့တာကလည်း.. အမေ့ကို ရှိန်လို့ပါ အမေ .. သန့် အပေါ် သစ္စာဖောက်မိတဲ့ သားကို .. အမေ သေခန်းဖြတ်ခဲ့တာပဲလေ .. သန့် ကို ချွေးမအဖြစ် မထားဘူး .. သမီးအဖြစ် ထားတယ်လို့ အပြတ်ပြောခဲ့တာလည်း အမေပါ ..၊ သန့်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လအတွင်း ဆုံးသွားတာ သား သိရချိန်မှာ .. သားကိုယ်တိုင်လည်း ရင်ထဲ မကောင်းနိုင်ခဲ့ပါဘူး အမေ .. ဒါပေမယ့် .. သနံ့ ကို မချစ်ဘဲ လက်ထပ်ခဲ့ရတဲ့ သားအပေါ်မှာလည်း နားလည်ပေးစေချင်ပါတယ် .. သနံ့ ဟာ သားအတွက် မယားကောင်း ဖြစ်ပေမယ့် .. သား မချစ်နိုင်ဘဲ ဖြစ်နေတာကို အိမ်ထောင်သက်လေး ရလာလေ .. သိလာရလေပါ ..၊ ငယ်ချစ်ဖြစ်တဲ့ ယမုန့် ကိုလည်း မေ့မရနိုင်တာမို့ .. အဆုံးမှာ သနံ့ ကို ကွာရှင်းခွင့်တောင်းပြီး .. ယမုန့် ကို လက်ထပ်ခဲ့မိတာပါ အမေ .. သားကို နားလည်ပေးပါ.. အခု .. ယမုန် ဟာလည်း .. သားသမီး ဘယ်တော့မှ မရနိုင်တဲ့သူဆိုတာ သားတို့ ဆေးစစ်ရင်း သိထားရတာမို့.. သမီးလေးကိုတော့ .. သားနဲ့ မခွဲပါနဲ့ အမေရယ် .."

ဖေဖေ ပြောနေသမျှ မြရေးချယ် ကြားနေရတာမို့ .. တဖြည်းဖြည်း နားလည်လာရသည်က .. ဖေဖေသည် မေမေ့ကို ပစ်ထားခဲ့ကာ - အန်တီယမုန် နှင့် လက်ထပ်သည်ဆိုသည့် အဖြစ်ပါတကား ..၊ သူငယ်တန်းအရွယ် ဆိုပေမယ့် .. ပြောတာကြားလျှင်တော့ နားလည် ပိုင်းခြားတတ်နေသည်ကိုးလေ ..။

ဤအကြိမ်မှာတော့ မြရေးချယ် ဝမ်းနည်းလာသည်။ ဖေဖေသည်ထို အန်တီယမုန် နှင့်အတူ .. ဤအိမ်ကြီးမှာ နေနေသည်ပဲဟု တွေးကာ အိမ်ကြီးကိုလည်း မုန်းတီးစွာ ကြည့်လိုက်မိရပါပြီ ..၊

ဘွား ရယ်သည် ..၊ မြရေးချယ် ၏ လက်လေးကိုဆွဲ၍ ရပ်ထားရာ ကားဆီသို့ အလျှောက်မှာ ဖေဖေ တောက်လျှောက် ဒေါ်မှ ကပ်ပါသည်။ မြရေးချယ် ၏လက်လေးကို ဖွဖွ-ကိုင်လာချိန်မှာ ဘွား၏ လက်တွေက မြန်ဆန်လွန်းစွာပဲ ဖေဖေ့လက်တွေကို ဖယ်ထုတ်ပစ်ပါ၏။

မြရေးချယ် ကလည်း ဖေဖေ့လက်ထဲ ကိုယ့်လက်လေးတွေကို အထည့်မခံချင်တော့ပါ ..၊ ဘွား၏ဒေါ်သို့ ကပ်သွားကာ ဖေဖေ့လက်တွေနှင့် ဝေးရာသို့ ရောက်အောင်တော့ ကြိုးစားယူလိုက်မိရသည်ပါပဲ..။





ဖေဖေ မျက်ရည်ကျသည် ..၊ ထိတ်လန့်နေပုံဖြင့်လည်း ဘွားကို ကြည့်သည်။

"သမီးလေး .. ကျွန်တော့်ကို မုန်းနေပြီထင်တယ် အမေ .."

ဟု အသံတွေ တုန်ရင်း ချောက်ချောက်ချားချား ပြောနေချိန်မှာ ဘွားက ခေါင်းညိတ်ပြ၏။ မြရေးချယ် ကို ကားနောက်ခန်းမှာ ဝင်ထိုင်စေသည်ကလည်း ဘွားပါ ..။

"အဲဒါ .. အဖြစ်သင့်ဆုံးပေါ့ သုတမြိုင် .. ကဲ .. နေရစ်တော့ .. မြေး ထူးချွန်တယ် .. စာတော်တယ်ဆိုတာကိုတော့ မင်း သိအောင် ပြလိုက်ပါရဲ့ .. နောက်များတော့ .. ကင်းအောင်နေပါ သုတမြိုင်.. မယား ယမုန် .. ငါတို့ မြေးအဘွားကို ခွေးလေခွေးလွင့်တွေ သူ့ အိမ်ကြီးရှေ့မှာ လာရပ်သလို အဆက်ဆံခံ ပြလိုက်ရတာကိုလည်း.. တစ်သက် မမေ့ဘူးဆိုတာ မင်း သိထားစမ်းပါ .. ဒီနေ့ ဒီအချိန်မှာ.. မယား လုပ်ခဲ့တာတွေကို မင်း မေ့ပစ်ဖို့ ကြိုးစားကြည့်စမ်းပါ .. ချာတာတစ်ခုကတော့ .. အောင်မြင်မှာ မဟုတ်ဘူးကွယ့် .. မင်းရဲ့ သူဟောင်း .. ခုတော့ မယားကောင်းဖြစ်နေတဲ့ မင်းရဲ့ ယမုန်ခ ဆို အချစ်ရိပ်အောက်မှာ .. ဘာဂုဏ်သိက္ခာမှ မကျန်တော့တဲ့ .. ဘုန်း လို့ မရှိတော့တဲ့ .. လူတစ်ယောက်အနေနဲ့ .. ကျန်ရစ်ခဲ့ပေတော့.. တျားတို့ဘုန်း ဆိုတာက .. ငါ့ရဲ့ ပဒုမ္မာအိမ်ကြီးကို ချန်ခဲ့ကတည်း .. မင်းမှာ အတူ ပါမသွားရတော့တာပဲလေ .."

ဘွား ပြောကာ ကားထဲ ဝင်ထိုင်သည်။

"မောင်းတော့ မောင်သိန်း .."

ဟု ဘွားပြောတော့ ဦးကြီးသိန်း ကားမောင်း၍ ထွက်ချိန်မှာ ဖေဖေ လမ်းဘေးနေရာမှာ ငိုင်တွေစွာ ရပ်ကျန်ခဲ့တာကို နောက်ဘက် ညှိလှည့်ကြည့်ရင်း မြရေးချယ် မြင်ခဲ့ရသည်ပါပဲ ..။ ဖေဖေ ရပ်နေ လက်ဖောင်းအုတ်ခုံပေါ် ထိုင်ချလိုက်တာကိုလည်း မြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာပေါ် လက်ဖဝါးတွေ အုပ်ထားလိုက်တာကိုလည်း မြင်နေရသည်။

ဖေဖေ ငိုနေပြီဟု နားလည်နေမိရင်း မြရေးချယ် မျက်ရည်လည် နေရပါ၏။ ဒါပေမယ့် .. မြရေးချယ် ၏ ရင်ထဲမှ မထွက်နိုင်တော့သည့် စကားကလည်း ရှိနေပြန်၏။ အဖေ စောစောက မြရေးချယ် မြင်ခဲ့ရပါသည့် အလွန်ချောမွေ့သော အန်တီယမုန် ဆိုတာနှင့် လက်ထပ်ထားသည်။ စောစောက ပြောသည့်အထဲမှာ ပါသည်လေ ..။

ရွှေဝတ်မှုံ ..၊ ဟုတ်သည် ရွှေဝတ်မှုံ ဆိုသည့်အိမ်ကြီး..၊ ထိုအိမ်ကြီးမှာ ဖေဖေသည် ထိုအန်တီနှင့် အတူနေသည် ..၊ နိုင်ငံခြားမှာ နေနေတာ မဟုတ် ..။

မြရေးချယ် မြင်လာမိရသည်က မေမေ ..၊ ဟုတ်သည် .. မြရေးချယ် ညတိုင်း ကန်တော့ပြီး အိပ်ယာဝင်ရသည်က .. ဖေဖေနှင့် မေမေ့ ဓာတ်ပုံကြီးကိုပါ ..။

စုကျတော့ .. အလွန်တရာကိုမှ ချောမောသည့် အန်တီယမုန် လောက် မလှသော မေမေ့ပုံကို မြင်ယောင်လာမိသည်။ အန်တီယမုန် လောက် မေမေ မချောပေမယ့် .. မေမေ့မျက်နှာလေးက လှနေသည်.. အပြုံးကလည်း လှနေသည်..။ အန်တီယမုန် လို မာကျောသောမျက်နှာမျိုး မဟုတ် ..၊ မုန်းစရာကောင်းသော အကြည့်မျိုးလည်း အန်တီယမုန် လို မေမေ့မှာ မရှိ ..။ ဒေါသတကြီး ကြည့်သည့် အကြည့်မျိုးလည်း မေမေ့မှာ မရှိ ..၊

ဘာကြောင့် ဖေဖေသည် .. ထိုမျှ ဒေါသကြီးနေတတ်ကာ ရုတကာကို မုန်းတတ်သည့် အန်တီယမုန် ဆိုသည့် မိန်းမနှင့် အတူ ထိုအိမ်ကြီးမှာ နေချင်ရပါသလဲ ..။

ဘာကြောင့် .. မြရေးချယ် တို့နှင့် အတူ မနေချင်ရပါသလဲ .. ပြီးတော့ .. ဖေဖေသည် .. လမ်းဘေး ပလက်ဖောင်းပေါ်မှာ ထိုင်





ကျန်ခဲ့ရင်း ငိုကြွေးနေပြန်သည်တည့် ..၊ မြရေးချယ် ဘွား၏ ရင်ခွင်ထဲ ခေါင်းလေး တိုးဝင်လိုက်မိသည်။ ဝမ်းနည်းပန်းနည်းလေးလည်း ငိုနေမိသည်။

ဘွား၏ လက်ချောင်း သေးသေးသွယ်သွယ်လေးတွေက မြရေးချယ် ၏ ဆံစလေးကို ကြင်နာစွာ သပ်ပေးနေပါ၏။

"ဘွား ရှိနေတယ် မြေး .. ငါ့မြေးလေးကို စိတ်မချရမချင်း .. ဘွား မသေနိုင်သေးပါဘူးကွယ် .."

ဟု အားမာန်ဖြင့် ဘွား ပြောနေသမျှကို ကြားနေရရင်း ရင်ထဲမှာ ဝမ်းနည်းနေတာတစ်ခုပဲ မြရေးချယ် သိနေရသည်။ ဘွား၏ လက်တွေက မြရေးချယ် ၏ ကိုယ်လေးကို ထွေးပိုက်လာသည်မို့ ကျစ်နေအောင်သည်း ဘွားကို တုံ့ပြန် ဖက်ထားမိရပါသည့်အဖြစ် ..။

"နောက်များမှာ .. မြေးရဲ့ ဖေဖေ့ဆီကို .. ဘယ်တော့မှ .. မသွားနဲ့ မြေး .. ဒီနေရာဟာ လာသင့်တဲ့နေရာ မဟုတ်ဘူး .. အဲဒါကို နားလည်အား .. ယမုန်ခ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အမုန်းတွေကို .. ငါ့မြေး နုနုဥဥလေး ခံဖို့သွားရမယ်ဆိုတာမျိုး .. အဖြစ်မခံနိုင်ချေဘူးကွယ့် မြေးရဲ့ .."

ဟု ဘွား လေသံတွေ တင်းမာလာရင်း ပြောချိန်မှာ မြရေးချယ် ရင်ထဲ စွဲသွားရသည်က ယမုန်ခ ဆိုသည့် အန်တီသည် .. မြရေးချယ် ကို အရမ်းမုန်းသည်ဆိုသည့် အဖြစ်ကိုပါ ..၊ မြရေးချယ် ကို အရမ်းမုန်းသော ထို အန်တီယမုန် သည် .. ဖေဖေနှင့်ကျတော့ .. အတူတူနေချက် ..၊ ဖေဖေကလည်း ထိုအန်တီနှင့် အတူတူနေသည်ကောလေ ..။

ဖေဖေသည် .. ဘာကြောင့် .. မြရေးချယ် ကို မုန်းနေသည့် မိန်းမတစ်ယောက်နှင့် အတူတူ နေချင်ရပါသလဲ ..။

ဤတစ်ကြိမ်မှာတော့.. မြရေးချယ် ကလည်း ဘွား၏ စကားအတိုင်း နေဖို့ ခေါင်းမာစိတ်လေးဖြင့် ဆုံးဖြတ်မိလိုက်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ငယ်ငယ် နုနုလေးမှာ ဖြစ်တည်လာသော အဆုံးအဖြတ်သည် အလွန်တရာကိုမှ မာကျောနေသည်တည့် ...၊

ထိုမိန်းမရှိရာ ထိုအိမ်ကိုလည်း မြရေးချယ် မသွား ...၊ ဖေဖေ့ထံသို့လည်း မြရေးချယ်.. ဘယ်တော့မှ မသွားတော့ .. ဆိုသည့် အဆုံးအဖြတ်...။

မြရေးချယ် မှာ ဘွား ရှိသည်လေ ...၊

ဘွားကိုသာ ခေါင်းလေး ရင်ခွင်ထဲ တိုးဝှေ့ဝင်ရင်း ဖက်ထားမိလိုက်ရင်းမှ မျက်ရည်ကျလာနေတာကိုတော့ မြရေးချယ် မတားဆီးနိုင်ဘဲ ဖြစ်နေရချေသည်တကား...။





## အခန်း (၂)

"အံမယ်လေးလေ .. ရွှေရေး ရယ် .. ငြိမ်ပါ ခင်ဗျာ .. အဲဒီနှင်းဆီပွင့်ကြီး လေးလေးသော် ခူးပေးပါ့မယ် .. ညည်းလေးလက်ဆူးစူးရင်ဖြင့် .. ငါ့ခေါင်းပေါ် ဝရမိန်ခရောင်း အဆောင်းခံရပါ့မယ် သူငယ်မ ရှာ .."

အဖြူရောင် ပိုးဂါဝန်လေးနှင့် မနက်စောစောမှာ ရှိုးအပြည့် ဖြစ်နေရပါသည့် မြရေးချယ် မှာ မျက်မှောင်လေးကုတ်၍ လေးလေးသော်ကို ကြည့်မိရပါ၏။

ဘယ်နှယ့် .. မြရေးချယ် ၏ မွေးနေ့ပဲဥစ္စာ ...၊ ဂါဝန်လေးနှင့် လိုက်လိုက်ဖက်ဖက်ရှိမည့် နှင်းဆီဖြူလေးတစ်ပွင့် ခူးမည့်ကိစ္စ ...၊ ပန်မည့်ကိစ္စ ...၊ လေးလေးသော် က ဘာကြောင့် ဝရမိန်ခရောင်းကြီး ဆောင်းကိန်း မြင်သည်ဟု ပြောရမည်တဲ့လဲလေ ...။

"လေးလေးသော် ကလည်း .. ထစ်ဆို .. အဲဒီ ဝရမိန်ခရောင်းကြီး ပေါ်လာတာပဲ .. ပန်းခူးတာပဲ ဘာဖြစ်လဲ .. ကဲ .."

မြရေးချယ် ပဲလေ ...၊ လုပ်ချင်တာကို လုပ်ကို လုပ်ရမှ ...၊ ဆတ်ခနဲ ပါအောင် နှင်းဆီဖြူဆွတ်ဆွတ် လှလှလေးကို ကိုင်းလေး ချိုးအခူးမှာ လက်ကို ဆူးစူးချေတော့ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်လာရသည်ကလည်း မြရေးချယ် ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် .. ခက်ပြီကွာ ..၊ ညည်းလေး မွေးနေ့မှာ လက်ကို ဆုံးရှုံးတာလည်း ညည်းလေးရဲ့ ဘွားဘွားက အဖြစ်ခံချင်တာ မဟုတ်ဘူးကွ.. ထစ်ဆို ဝရမ်းနစ်ခရောင်း ဆောင်းရမယ်လို့ အလကားနေရင်း ညည်းညည်းညူညူ လုပ်နေတယ်များ မှတ်နေလား .. အခု .. ငါပြောတဲ့ကိန်း ဆိုက်ပြီ .. ပိုးလို ဥထားတဲ့ ညည်းလေး .. ခုလို မွေးနေ့လို ရက်မျိုးမှာ သွေးထွက်တာကိုက.. ငါ့ ပေါ့ဆမှုကြောင့်လို့ ဘွား ပြောတော့မှာပဲ .. ဆူမှာကြိမ်းမှာကွ .. နားလည်ရဲ့လား ..၊ အဲဒါ မိုးကြိုးသရဖူကြီး ငါ မဆောင်းရလို့ .. ဘယ်သူ ဆောင်းမှာလဲ .. ကဲ .."

လေးလေးသော် မျက်စိမျက်နှာပျက်ကာ အိမ်ကြီးဘက်ကိုလည်းကြည့် ..၊ မြရေးချယ် လက်လေးကို ပျာပျာထိတ်ထိတ်ဖြင့် ကိုင်၍ ပုဆိုးအနားစဖြင့် သွေးသုတ်ပေးနေသည်။

"ညည်းလေး လက် နှင်းဆီဆူး စူးတာ ယောင်လို့များ ဘွားကိုလျှာမချောင်မိပါစေနဲ့ ကျေးဇူးရှင် ရွှေရေး ရယ် .. ငါ ကျောကော့အောင် အဆူခံရပါ့မယ် .. အင်္ဂလိပ်လိုပြောရင်တော့ .. ကျောကုန်းက ဘက်လို့ ခေါ်သတဲ့ ..-အဲသတော့ .. ဘက်ကော့ဖြစ်ကိန်း မြင်တယ်ပေါ့ကွာ - မိုးကြိုးကိုတော့ တန်းဒါး လို့ ခေါ်တယ် .. သရဖူက ခရောင်းလို့ ခေါ်တယ် .. ဒီတော့ကာ .. တန်းဒါးခရောင်းကြီး ဆောင်းပြီးတော့ ဘက်ကော့ဖြစ်အောင် ငါ အဆူခံရမှာကွ .. ရွှေရေး ရ .."

ဤသို့ပါပဲလေ ..၊ စာတိုစာစ ဟိုကဖတ် .. သည်က ဖတ် - အင်္ဂလိပ်လိုလည်း အလွန်ညှပ်ပြောချင်ပါသည့် လေးလေးသော် ပါ - လူကလည်း လူပျော်ဖြစ်ကာ ညဘက်ဆို တယောလေး ထိုးလိုက် - သီချင်းလေး ညည်းလိုက်ဖြင့် နောက်ဖေးတန်းလျားမှာ တစ်ယောက်တည်း ပျင်းဖို့အချိန်မရှိစွာ ပျော်နေတတ်ပါသည့် လေးလေးသော် ပါ - တယောသံ ကြားလျှင် မြရေးချယ် ရောက်သွားတတ်ပါ၏။

ထိုအခါကျတော့လည်း မုန့်တွေဘာတွေ ကျွေး၍ မြရေးချယ် ..





သီချင်းနားထောင်သည့်ပရိသတ် ခန့်ထားလိုက်သည်ကလည်း လေးလေးသော် ပါပဲ ..။

"ငါက .. ခြောက်တန်းပဲ အောင်လိုက်ရတာကွ .. ညည်းလေး .. စာကြိုးစား သိလား .. ဘွဲ့ရတော့ .. အင်္ဂလိပ်စကားကို ရွှတ်ရွှက်ဖွတ်ဒက်နဲ့ သွက်သွက်ပါအောင် ပြောတတ်မှာ .. ငါ .. အဲဒီတော့မှ .. ညည်းလေးဆီက အင်္ဂလိပ်စကားပြော သင်မယ်လေ .. ညည်းက ငါ့ရဲ့ တီချယ်ပေါ့ .. ဟေး .. ဟေး .."

ဆရာလုပ်ရလျှင် အလွန်သဘောကျတတ်ပါသည့် မြရေးချယ် ကို ဖော်လံဖားနေသည်ကလည်း လေးလေးသော် ပါ ..၊ ဘွားကို နှင်းဆီဆူးစူးသည့်ကိစ္စ နားမပေါက်ဖို့ လိုသည်လေ ..။

"အင်း .. သင်ပေးမှာပေါ့ .. ရေးရေး က တီချယ်ပေါ့ .. ဟုတ်လား.. ဒါပေမယ့် .. အပြင်မှာတော့ .. ရေးရေး က အင်ဂျင်နီယာ လုပ်မှာလေ.. တိုက်တွေ ဆောက်မှာ သိလား .. အများကြီး ဆောက်မှာ.. လေးလေးသော် က .. ပန်းခြံတွေ လိုက်စိုက်ပေးပေါ့ .. အဲဒီ တိုက်ကြီးတွေ ရှေ့မှာလေ .."

လေးလေးသော် မျက်စိစွေ၍ ကြည့်သည်။ အသားဖြူဖြူ ..၊ သေးသေးနွဲ့နွဲ့နှင့် ကောင်မလေးက ဆရာဝန်တွေ ဘာတွေ မလုပ်ဘဲ တိုက်ဆောက်မည်တဲ့ ..၊ အင်ဂျင်နီယာ လုပ်မည်တဲ့ ..။

"တကယ်က .. ညည်းလေးက .. ဒေါက်တာ လုပ်ရင် လုပ် .. မလုပ်ရင် .. အက်ထရက်စ် .. အဲ .. ရုပ်ရှင်မင်းသမီး .. အဲဒါ လုပ်ဖို့ကောင်းတာ .."

"ဟင့်အင်း .. အင်ဂျင်နီယာ လုပ်မှာ .."

"လုပ်.. လုပ်.. အရေးကြီးတာက .. ဒီ ဆူးစူးတာကြီးကို .. ညည်းလေး လျှာချောင်ပြီး ဘွားကို သွားမပြောပြနဲ့ .. ဟုတ်ပလား၊ မွေးနေ့မှာ သွေးထွက်သံယို အဖြစ်မခံတာ ညည်းလေးရဲ့ ဘွား ချမှတ်ထားတဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းကြီးကွ .. ဆူးလေးဈေးလို့ သွေးထွက်တာလည်း သွေးထွက်တာကြီး ဆိုပြီး ရေးကြီးခွင်ကျယ်တွေ ဖြစ်ကုန်မှာ သိနေလို့ ညည်းလေးကို .. ငါ .. တောင်းပန်ပါရဲ့ သူငယ်မရယ် .. လျှာလေး ငြိမ်ပေးပါ .. ဟုတ်ပလား .."

စိုးသည့် သွေးလည်း မရှိတော့ပြီ ..၊ လက်ချောင်းလေးကို ငုံ့ကြည့်၍ မြရေးချယ် ရယ်လိုက်သည်ပါပဲ ..။

"သွေးကဖြင့် .. ရှိတောင် မရှိတော့ဘူး .. လေးလေးသော် ကလည်း လန့်တတ်လိုက်တာ .. အင်ဖိုက်တီး သိပ်ဖြစ်ရင် မကောင်းဘူး သိလား .."

လေးလေးသော် မျက်လုံးကြီးပြူး၍ ကြည့်သည်။ မြရေးချယ် ရယ်လိုက်သည်မှ ခိုးခိုးခစ်ခစ်ပါအောင်ပါ ..။

"တီချယ် ဒေါ်ဖြူဖြူ သင်ပေးတာလေ .. ပဒုမ္မာထိ ဘွား ခေါ်သင်နိုင်းထားတဲ့ တီချယ်ဖြူ သင်ပေးထားတာလေ .. စာတွေအများကြီး သင်ပေးထားတာ သိလား .. လေးလေးသော် က ဒီဆူးလေး ဈေးတာလေး လောက်ကိုများ ကြောင့်ကြမှု များနေလိုက်တာ ..၊ ရေးရေး ပန်းခူးရင်လည်း ခူးပြန်ပြီ .. ဆူးစူးရင်လည်း စူးပြန်ပြီ .. လေးလေးနဲ့အတူ အပင်လေးတွေ မြေဆွတဲ့ ကော်ပြားလေးနဲ့ လိုက်ဆွပေးရင်လည်း မြေကြီးတွေ လက်မှာ ပေကုန်ပြန်ပြီ .. ဘက်တီးရီးယားတွေ ကပ်ကုန်မယ်ဆိုပြီး အလကား နေရင်း ကြောင့်ကြမှု များနေတော့ .. ရေးရေး က ဘာလုပ်ရတော့မှာတဲ့လဲ .. ကဲ .. မီးဖိုထဲဆိုရင်လည်း ဒေါ်ကြီးထွေးယု ဓားမကိုင်နဲ့ .. မီးဖိုနား မကပ်နဲ့ .. ရေနွေးအိုးနား မသွားနဲ့ .. အဲသလို အမြဲ စိတ်ပူပြီး တားနေတာပဲ .. ပြေးမိရင်လည်း ချော်လဲမယ်ဆိုပြီး ပြောပြီ ..၊ ကဲ .. ရေးရေး က .. ဘာလုပ်နေရမှာလဲ .. ပုံပြင်တွေလည်း မဖတ်ချင်တော့ပါဘူး .. ပျင်းတယ် .. ကာတွန်းခွေလည်း မကြည့်ချင်တော့ပါဘူး .. ရိုးအီနေပြီ .."





ခုလို ပြောလာတော့လည်း လေးလေးသော် ငေး၍ ကြည့်သည်။ ရင်ထဲ မကောင်း ..ဟုတ်တော့လည်း ဟုတ်နေသည်။ ဘွားအေကလည်း သည်းသည်းလှုပ်အောင် ဤမြေးကို ချစ်သည်။ ဓားထိမှာ စိုး၍ မီးဖိုထဲလည်း အသွားမခံချင် ..၊ ပန်းခြံထဲ ဆော့လျှင်လည်း အရုပ်မပြေးဖို့..၊ ချော်ပြုမလဲဖို့ တာဝန်တွေ ပခုံးထမ်းထားရသည်က လေးလေးသော် ပဲ ဖြစ်ချေ၏။

ချော်ပြုကျလိုက်၍ အဆင်မသင့်လျှင် အရိုးကျိုး ဘာကျိုး ဖြစ်မှာ စိုးသည်တဲ့ ..၊ ဘွား၏ အစိုးရိမ်ကြီးခြင်းအောက်မှာ တစ်အိမ်လုံးသည် မြရေးချယ် ကို တုတ်တုတ်အလှုပ်မခံဘဲ စောင့်ကြပ်ကြည့်နေရသည့် အဖြစ် ..၊

ထိုစဉ်မိုက် ခြံတံခါးဆီမှ ကားဟွန်းသံကြောင့် လေးလေးသော် ပြေးရပြန်သည်။ မြရေးချယ် လက်ထဲမှ နှင်းဆီဖြူလေးကို ကြက်တောင်စည်းလေး စည်းထားပါသည့် ဆံပင်တိုစိစိလေး၏ ထိပ်မှာ စုစည်းထားရာ ဆံချည်ရာဘာကွင်းထဲမှာ ထိုးထည့်၍ ပန်နေသည်။ မွေးနေ့မှာ ကြက်တောင်စည်းလေး စည်းချင်သည်ဟု ပူဆာတာမို့ ဘွားခမျာ မြေး၏ ဆံပင်တိုစိစိလေးကို လောလောဆယ်မှာ ဆံပင်ချည်ကွင်းလေးဖြင့် စည်းချည်ပေးထားခြင်းပါ။ ခြံတံခါးဘက်ကို ကျောလေးပေး၍ ပန်းပန်သည့် ဓာဖြင့် တစ်ယောက်တည်း ရှိနေပါသည့် မြရေးချယ် ၏နောက်ကျောဆီမှ ..

"သမီးလေး .."

ဟု ခေါ်သံကြောင့် မြရေးချယ် အံ့သြတကြီး မြန်ဆန်လွန်းစွာပဲ နောက်ကို လှည့်ကြည့်လိုက်မိရပါပြီ ..။

ဖေဖေပါ တကား ..၊ မျက်ရည်ဝဲနေရင်း အားယူ ပြုံးကြည့်နေပါသည့် ဖေဖေသည် မြရေးချယ် ၏ ဘေးမှာ ထိုင်လာသည်။ ဆံစလေးကို သပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ရွှင်စရာ မွေးနေ့လေးပါပဲ သမီးလေး မြရေးချယ် ရေ .. ဖေဖေ့သမီးက .. ပန်းတွေဘာတွေ ပန်ထားပါလား .."

အနည်းငယ် စောင်း၍ ရှေ့ငိုက်နေသည့် နှင်းဆီပန်းလေးကို ပြန်၍ တည့်မပဟ်အောင် ရိုးတံလေး အထဲဆီသို့ ထပ်၍ တွန်းညှပ်ပေးလိုက်ရင်း ဖေဖေ ပြောနေတော့ မြရေးချယ် မော့ကြည့် ငြိမ်သက်နေမိရပါ၏။ ဖေဖေသည်လည်း အိမ်ကြီးဘက်ကို တစ်ချက် လှမ်းကြည့်လိုက်ရှာသည် ပါပဲ ..။

ဘွား မြင်မှာကို ဖေဖေ လန့်နေသည်လား မသိ ..၊ ဘွားက ပြော ထားသည်လေ ..။ မြရေးချယ် နှင့် ဖေဖေ ဘယ်တော့မှ မတွေ့ရ .. ဟူ၍ ..။

နွေကျောင်းပိတ်ရက်၏ နေ့လေးတစ်နေ့မှာ ခုလို ဖေဖေသည် မြရေးချယ် ၏ မွေးနေ့မှာ ရောက်လာလိမ့်မည်ဟု မထင်ထားမိ ..၊ ဖေဖေနှင့် ခုလို တွေ့တာကိုလည်း ဘွား ကြိုက်မှာ မဟုတ်။ ဒါပေမယ့် ဖေဖေ့ကို မြရေးချယ် ခုလို အကြာကြီးမှာမှ တစ်ခါလေး ပြန်တွေ့ရတာ မို့ .. ဖေဖေနှင့်အတူ ရှိနေချင်သည့်စိတ်က ဖြစ်တည်နေရပြန်သည်။

တန်ခူးလေတို့နှင့် နော့ရာ ထိုနေ့လေး တစ်နေ့သည် သင်္ကြန်မိုးရိပ် တို့အဖြစ် မိုးတိမ်တို့ ငွေ့ငွေ့သမ်းနေသည့် နေ့လေးတစ်နေ့လည်း ဖြစ် နေချေသည်တည့် ..။

"ဒါ .. သမီးလေးအတွက် ဖေဖေ ပေးတဲ့ မွေးနေ့လက်ဆောင် .. သမီးရဲ့အခန်းထဲ ရောက်ရင် .. ဒီဘူးကြီးကို ဖွင့်ကြည့် နော် .."

ဟု ပြောကာ မြရေးချယ် ၏ နဖူးလေးကို ဖေဖေ နမ်းသည်။ လက်ဆောင်ဘူးကြီးကို ဖေဖေ ကမ်းပေးလိုက်သည်က လေးလေးသော် ကိုပါ။

"ကလေးရဲ့အခန်းထဲ အရောက်ပို့ပေးပါဗျာ .. မေမေ မမြင်အောင် ဆိုပါတော့ .. ဒီလောက်တော့ ကူညီပါ ကိုသော် ရာ .. သမီးလေးဟာ





ကိုယ့်ရဲ့ သမီးလေးပါ .. ဒီလောက် အခွင့်အရေးလေးတော့ အစ်ကို ရထိုက်ပါတယ် ကိုသော် ရယ် .. ကူညီပါ ဗျာ .."

ဟု ပြောတော့ အကျပ်ရိုက်နေပုံဖြင့် ငြိမ်ရပ်ရင်း လက်ဆောင်ထုပ် ကြီး ပိုက်လျက်သားဖြင့် နေရာမရွေ့ ဖြစ်နေသည်ကလည်း လေးလေး သော် ပါ။ အိမ်ကြီးဘက်ကို လန့်ရှိန်ဖြင့် ကြည့်နေသည်။ သွားရဲပုံလည်း မရ ..။ လေးလေးသော် စိတ်အိုက်ပုံကြီးဖြင့် မြရေးချယ် ကို ကြည့် သည်။

ခါတိုင်းလို နှုတ်ပင် မသွက်နိုင် ..၊ တခြားကိစ္စမျိုးသာ ကြုံသည်ဆို လျှင်ဖြင့် ထုံးစံအတိုင်း မိုးကြိုးခရောင်းကြီး ဆောင်းကိန်းနိမ့်ပြီဟု အရယ်တစ်ဝက် စိတ်ညစ်တစ်ဝက်ဖြင့် ညည်းမှာ သေချာသည်။

"လာပါဦး သမီးရယ် .. သမီးလေးကို ဖေဖေ လွမ်းလိုက်တာ .. ကျောင်းမှာ ဖေဖေ တိတ်တိတ်လေး သမီးကို လာလာကြည့်ခဲ့တာကွ.. အခု နွေကျောင်းပိတ်ချိန်ကျတော့ .. ဖေဖေလေ .. သမီးလေးကို မမြင် ရတာ ကြာပြီမို့ .. ရင်ထဲ မနေတတ်အောင် ဖြစ်နေရတာ .. ဒီနေ့ဟာ သမီးမွေးနေ့ပေမို့ .. ဘာဖြစ်ဖြစ်ဆိုပြီး ဖေဖေ လာလိုက်မိတယ် သမီး ရယ် .. ဖေဖေ့ကို နမ်းစမ်းပါဦး .."

မြရေးချယ် ကို နဖူးလေး နမ်း ..၊ ပါးလေးနမ်းဖြင့် ရှိနေရင်း ပြောလည်း ပြောနေပါသည့် ဖေဖေ ..။ ပါးကြီး ထိုးပေးလာတော့ မြရေးချယ် ဖေဖေ့ကို သနားလာမိပြန်သည်။ မနမ်းပဲ မနေရက် ..၊ နမ်း လိုက်ရသည်ပါပဲ ..။

"မြေးရဲ့ ဖေဖေက .. မြေးကို ထားရစ်ခဲ့ပြီး နောက်မိန်းမ ယူသွား တာ .. မြေးရဲ့ မေမေလည်း .. အဲသလို .. မြေးတို့ သားအမိကို မြေးရဲ့ ဖေဖေ ပစ်ထားခဲ့တာ စိတ်ထိခိုက်ပြီး အသက်တိုရတယ် .. သမီးရဲ့ နာမည်ကို လှရေးချယ် ဆိုတဲ့နေရာမှာ .. မြရေးချယ် ဆိုပြီး မြေးရဲ့ မေမေက ပြောင်းပစ်ခဲ့တာကွယ် .. မြေးရဲ့ ဖေဖေ ဘယ်လောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားရက်စက်တယ်ဆိုတာ သိအောင်လို့တဲ့လေ ..''

ဟု ဘွား ပြောပြခဲ့ပါသည့် နေ့တစ်နေ့သည်လည်း မြရေးချယ်၏ မှတ်ဉာဏ်ထဲမှာ မလွင့်မဝဲ ရှိနေသည်ပါပဲ။ ထိုနေ့သည် .. ဖေဖေ့ အိမ်ရှေ့မှ ပြန်လာခဲ့သောနေ့ ...၊ ဩော် .. ဖေဖေ့မိန်းမ ဆိုတာကိုလည်း မြင်ဖူးခဲ့ရလေသော နေ့ ...။

ထိုနေ့သည် ဖေဖေနှင့် နောက်ဆုံး ဆုံခဲ့ရသောနေ့ဟုလည်း ထင်ထားမိခဲ့ရသည်ပါပဲ ...။

ခုကျတော့ .. ဖေဖေသည် မြရေးချယ် ထံသို့ ရောက်လာချေသည်တကား ...၊ ဖေဖေနှင့် ထပ်ဆုံရသည့် နေ့တစ်နေ့သည် ပြန်၍ ဖြစ်တည်လာရချေသည်ကောလေ ...။

''ဟိုအရင်တုန်းကတော့ သမီးလေးရဲ့ မွေးနေ့ဆိုရင် .. နိုင်ငံခြားမှာ ရှိနေတဲ့ အဖေဆိုတဲ့ ပုံစံမျိုးနဲ့ပဲ ဖေဖေ နေခဲ့ရရင်း .. နိုင်ငံခြားက ပို့ပို့ပေးတဲ့ မွေးနေ့လက်ဆောင်တွေအဖြစ် .. သမီးရဲ့ ဘွား ရုံးခန်းကို-ဖေဖေ့ အလုပ်သမားတွေနဲ့ ပို့ပို့ခိုင်းခဲ့တာကွယ် .. သမီးလေး ရတယ် မဟုတ်လား ဟင် .. အခုတော့ .. ဖေဖေ ဒီမှာ ရှိနေတယ်ဆိုတာ သမီးလေးလည်း သိထားခဲ့ရပြီမို့ .. ဒီနေ့မှာတော့ .. ဖေဖေကိုယ်တိုင် လာပြီး မွေးနေ့လက်ဆောင်ကို ပေးလိုက်မိရတာပေါ့ကွယ် .. သမီးကို ဖေဖေ သိပ်ချစ်တယ်ဆိုတာ .. ရင်ထဲမှာ အမြဲ ယုံထားနော် ..''

ဖေဖေ မျက်ရည်ဝဲနေသည်။ ဒါပေမယ့် မျက်ရည် မကျအောင် ထိန်းနေသည်ပါပဲ ...။

''သမီးလေးရဲ့ မွေးနေ့မှာ .. ဖေဖေ့ မျက်ရည်ကို .. ချန်မထားခဲ့ချင်ဘူး သမီးလေးရေ .. ကဲ .. ဖေဖေ ပြန်မယ် နော် .. သမီးရဲ့ ဘွား မမြင်ခင် ဆိုပါတော့ ..''

ဟု ပြောပြီး ဖေဖေ လေးလေးသော် ကို ကြည့်ကာ ...

''မေမေရော ကိုသော် ..''





ဟု ခပ်တိုးတိုး မေးလာသည်။

''ဘွား .. ဘုရားခန်းမှာပါ ဖေဖေ ..''

မြရေးချယ် ဝင်ဖြေတော့ ဖေဖေ တစ်ချက် ငိုင်နေသည်။ မပြန်ချင်ဘဲ ဖြစ်နေတာလည်း သိသာနေသည်။ မြရေးချယ် ကို နောက်တစ်ကျော့ ထပ်ဖက်ကာ ဆံစလေးကို သပ်ပေးပြန်သည်။ ပါးကို နမ်းပြန်သည်။

ရင်ခွင်မှ တစ်ချက်ပြန်၍ ခွာလိုက်ပြန်ကာ ပိုးဂါဝန်ဖြူလေးကို လက်ဖြင့် သပ်ပေးသည်။ ဆွဲဆန့်ပေးသည်။ တစိမ့်စိမ့်လည်း မြရေးချယ် ကို ကြည့်သည်။

''တကယ့် .. ကြွေရုပ်လေးပဲ သမီးလေးရေ .. လှလိုက်တာကွယ်..''

ဟု တိုးတိုးဖွဖွ ပြောလာချိန်မှာပင် ခြံရှေ့ဆီမှ ကားဟွန်းသံရှည်ကြီးတစ်ခု ပေါ်လာချေသည်တကား ...၊ မြရေးချယ် ကြည့်လိုက်တော့ ဖေဖေ ရပ်ထားခဲ့ရာ ကားနောက်မှာ ထပ်၍ ရှေ့နောက်ဆင့် ရပ်ထားပါသည့် ကားတစ်စီး ...၊ ဖေဖေ ထိုကားကို မြင်တာနှင့် မျက်စိမျက်နှာ ပျက်ခနဲ ဖြစ်သည်။

''ခြံတံခါး ပိတ်ခဲ့ရဲ့လား ကိုသော် ..''

အလောတကြီး စိတ်ပူပန်စွာ ဖေဖေ မေးနေချိန်မှာ လေးလေးသော် ခေါင်းခါပါ၏။

''အစ်ကိုသုတ ပြောထားတာက .. ဒီမှာ သိပ်မကြာစေရပါဘူး.. ဘွား မသိအောင် ခဏလေးပဲ ဒီမှာ နေရုံသက်သက်ပါ .. ရွှေရေး ကို ခဏလေး တွေ့ရုံပါဆိုလို့ .. ပြန်တဲ့အခါ ခြံသော့ ထပ်ဖွင့်နေတာမျိုး မလုပ်ဘဲ မြန်မြန် ပြန်ထွက်နိုင်အောင် ဆိုပြီး .. ခြံတံခါးကို စေ့ရုံ စေ့ထားခဲ့တာပါ အစ်ကို ..''

ဟု ဖြေနေချိန်မှာပင် ခြံဝင်းတံခါးကို ခပ်တည်တည်ဖွင့်၍ ကားဆိုပါ မောင်းဝင်လာပါသည့် မြင်ကွင်းတစ်ခု ...၊ ပြီးတော့ .. မြက်ခင်းစပ်တမ်းမှာ ကားကို ရပ်ကာ ကားပေါ်မှ ဆင်းလာပါသည့် အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ယမုန်…၊

အားလုံးကို မြင်နေရသည်က မြရေးချယ် ပါ …။ ထိုစဉ်ခိုက် ကားမောင်းဝင်လာသံ ကြမ်းကြမ်းကြီးကြောင့် ဘွား လည်း ပေါ်တီကိုအောက်ဆီသို့ ရောက်လာနေပြီ …၊ လှမ်းကြည့်နေပြီ …။

ဖေဖေ အထိတ်တလန့် ထရပ်လိုက်တာကိုလည်း မြရေးချယ် တွေ့နေရသည်။ အန်တီယမုန် ကိုလည်း စိုက်ကြည့်နေသည်က ဖေဖေပါ။

"ဒီထဲကို ဘာလို့ ဝင်လာတာလည်း ယမုန် .."

ဖေဖေ မေးလိုက်ချိန်မှာ အန်တီယမုန် မှ အသံလေးထွက်အောင် ရယ်သည်။ မုန်းတီးသည့်အကြည့်ဖြင့်လည်း မြရေးချယ် ကို စိုက်ကြည့်သည်။ လေးလေးသော် ၏ လက်ထဲမှာ ခုထိ ကိုင်ထားဆဲ လက်ဆောင်ထုပ်ကြီးကိုလည်း လှမ်းကြည့်သည်။

"ဘာလို့ ဝင်လာတာလဲ .. ဟုတ်လား မောင် .. မေးတော့လည်း ယမုန် ဖြေရတော့မှာပေါ့လေ .. ယမုန့် ယောက်ျား ဒီထဲ ဝင်လာတာမို့ ယမုန့် ယောက်ျားနောက်ကို .. လိုက်လာတာလေ .. ဒါမှမဟုတ်ရင်ဖြင့် ဒီခြံဝင်းထဲ ခြေတစ်ချက် ချစရာကို အကြောင်းမရှိဘူး .. ဒီမှာ မောင် မောင်က .. မောင့်သမီး မွေးနေ့ကို ပွဲတက်ဖို့ ရောက်လာတယ်ဆိုပါတော့ …၊ အံမယ် .. လက်ဆောင်ထုပ်ကြီးကလည်း မနည်းမနောကြီးပါလား .. ပေးစမ်းပါ .."

ပိုင်စိုးပိုင်နင်းနိုင်စွာပဲ စက္ကူဘူးကြီးဖြင့် ရှိနေပါသည့် ရွှေရောင်စက္ကူအလှ ပတ်ထားရာ မွေးနေ့လက်ဆောင်ထုပ်ကြီး၏ အကြောင်းစွာ ယူလိုက်သည်ကလည်း လေးလေးသော် ၏ လက်ထဲမှပါ … ဘယ်လိုမှ မထင်မှတ်လိုက်နိုင်ချိန်မှာပင် အန်တီယမုန် သည် လက်ဆောင်ဘူးကြီး ထုပ်ပိုးထားရာ ရွှေရောင်စက္ကူပတ်တွေကို ဆွဲဖြဲပစ်သည်။ ဘူးကြီးကို ဖွင့်ကြည့်သည်။





"ရပ်လိုက်စမ်း ယမုန် .. မင်း လုပ်နေတာတွေကို ရပ်လိုက်စမ်း.."

ဖေဖေ့ အသံတွေကလည်း ဩရှရှ ဖြစ်နေသည်။ ဖေဖေ့မျက်နှာတစ်ခုလုံးသည်လည်း ရဲတက်နေပြီ …၊ မြရေးချယ် ကိုလည်း ဖေဖေ ရုတ်ခနဲ ကောက်ပွေ့လိုက်ပါ၏။ အန်တီယမုန် ၏ ကြမ်းတမ်းခါးသီးနေသော လုပ်ရပ်တွေကို ကြည့်ပြီး မြရေးချယ် လန့်သွားမှာကို ဖေဖေ စိုးရိမ်နေပုံ ရသည်။ မြရေးချယ် ၏ မျက်နှာလေးကို ဖေဖေ့လက်တွေက ဖေဖေ့ရင်ဘတ်ထက်မှာ ခပ်ဖွဖွ ဖေးကပ်ထားလိုက်ပါ၏။

"ဘာလို့ ရပ်ပစ်လိုက်ရမှာလဲ မောင် .. ဒါ .. ယမုန့် အိမ်ထဲက.. ငွေကြေးတွေနဲ့ မောင် ဝယ်လာတဲ့ ပစ္စည်းတွေပဲ .. ယမုန် သိထိုက်တာပေါ့ .. မြင်ထိုက်တာပေါ့ .. အံမယ် .. ဂါဝန်လှလှလေးတွေလည်း သုံးထည်တောင် ပါနေသကိုး.. ဒါက .. အရုပ်လေးတွေ .. ဩော် .. ဒါက ရွှေအစစ်နဲ့ လုပ်ထားတဲ့ ပုလဲလုံးလေးတွေ တွဲရရွဲသီးနေတဲ့ ရွှေသစ်ပင်လေးပါလား .. ရှင် .. တော်တော်ကြီးကို ရင်းနှီးလိုက်တဲ့ မွေးနေ့လက်ဆောင်တွေပါလား မောင် .. ယမုန့် အတွက် .. ဒီလို ရွှေသစ်ပင်လေး တစ်ပင်လောက် .. ထပ်ပြီး လုပ်ပေးပါလား မောင် .. ဟင် .."

မခံချိမခံသာ အံခဲ၍ ပြောနေရင်းမှ အန်တီယမုန် သည် လှပလွန်းစွာ ရှိနေပါသည့် ရွှေသစ်ပင်လေးကို ထည့်ထားရာ ဘူးလှလှလေးထဲမှ ကြမ်းတမ်းစွာ ထုတ်ယူသည်။ လက်ဖြင့် ရုတ်ခနဲ ချိုးပစ်နေတော့ အားလုံး မှင်တက်ကုန်ကြရသည်ပါပဲ …။

သစ်ပင်လေးက အရမ်းလှသည် …၊ အကိုင်းအခက်လေးတွေကလည်း လှသည်။ အရွက်လေးတွေကလည်း လှသည် …၊ ပုလဲကိုင်းလေးတွေ ဖွေးလဲ့စွာ ပုလဲသီးလေးတွေအဖြစ် ရှိနေတာကလည်း လှသည်။ ပုလဲ ရွှေသစ်ပင်သည် ရုတ်ခြည်းပင် ပုံပန်းပျက်ကုန်ပြီ …။ နောက်ဆုံးတော့ .. မြေပေါ်ချ၍ ဆောင့်ခြေနင်းနေသည့် အန်တီယမုန် ၏ ခြေဖဝါးအောက်မှာ ပိ၍ ပွဲရွဲ့ စုတ်ပြတ်ကုန်ရရှာချေသည်တကား …။

www.burmeseclassic.com



ဖေဖေ ဒေါသတကြီး ရှေ့သို့တိုးသွားတာ ..၊ အန်တီယမုန် ကို မျက်တောင်မခတ် စိုက်ကြည့်နေတာ ..၊ နောက်တော့ .. ဖေဖေ့လက်တွေ မြောက်တက်သွားကာ အန်တီယမုန် ၏မျက်နှာလေး လည်ကျသွားအောင် ပါးရိုက်ပစ်လိုက်တာတွေကို ဖေဖေ့ရင်ခွင်ထဲ တောက်လျှောက် ပါသွားနေရရင်း အနီးတကပ်ကြီး ဆက်တိုက်မြင်ရ ကြုံရသည်က မြရေးချယ် ပါ ..။

မြရေးချယ် လန့်လာသည် ..၊ အန်တီယမုန် ၏ ကိုယ်လေး တစ်ချက် ယိုင်သွားပေမယ့် .. ပြန်၍ ထိန်းကာ ဒေါသတကြီးဖြင့် ဖေဖေ့ကို ကြည့်နေတာကိုလည်း မြရေးချယ် မြင်နေရပါ၏။

"ရှင်က ယမုန့် ပါးကို ရိုက်တယ် .. ဟုတ်လား ..၊ ဒီမှာ မောင်.. မောင့်ကို လက်ထပ်ယူခဲ့စဉ်က .. မောင့်ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ပါ မောင် .. ယမုန့် ဖေဖေဆိုတာ လုံးဝ သဘောမတူတာ မောင် အသိပါ .. ဒါပေမယ့် .. ဘဏ်စာအုပ်လေးတစ်အုပ်နဲ့ .. အဝတ်သေတ္တာလေး တစ်လုံးနဲ့ မောင့်ကို .. ယမုန် လက်ထပ်ခဲ့တာပါ .. တကယ်က.. ယမုန့်ကို ဆိုရှယ်ကျတဲ့ မိန်းကလေး .. အလှအပတွေပြင်ပြီး ခပ်ပေါ့ပေါ့နေတဲ့ မိန်းကလေးဆိုပြီး .. ရှင့်အမေက သဘောမတူပဲ .. ခင်လေးသန့် ဆိုတဲ့ ကောင်မနဲ့ လက်ထပ်ပေးခဲ့တဲ့ကိစ္စ .. ရင်ထဲမှာ ကျေမယ်များ ထင်သလား .. ဟင် .. ဒီကောင်မလေး မွေးပြီးမှ .. ရှင် ယမုန့် ကို - လက်ထပ်ခဲ့တာပါ .. ယမုန် ကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့မရလို့ပါဆိုတဲ့ စကားတစ်ခွန်းမှာ ယမုန် အရည်ပျော် ပါသွားခဲ့တာပါ .. ရှင့်ကို လက်ထပ်လို့ .. ဖေဖေ သွေးတက်ပြီး ဆုံးသွားတာကိုလည်း ယမုန် မေ့ပစ်ရမှာလား .. ဒါပေမယ့် .. ရှင်နဲ့ ထူထောင်ခဲ့တဲ့ ဒီအိမ်ထောင်ကို- အချစ်တစ်ခုတည်းနဲ့ ယမုန် ဆက်ပြီး ရှင်သန်ခဲ့တာပါ .. အခု .. ရှင်က- ရှင့်အမေရဲ့အိမ်ကို ပြန်ရောက်လာတယ် .. ပြန်ပြီး အဝင်အထွက်လုပ်တယ် .. ဒီလောက် တန်ဖိုးကြီးတဲ့ လက်ဆောင်တွေကို .. ဒီလောက်





ကလေးလေးအတွက် အရွယ်နဲ့မမျှ လက်ဆောင်ပေးတဲ့ အဖေတစ်ယောက်လည်း ဖြစ်နေပြီ .. ရှင်က .. ယမုန့် ကို ပါးရိုက်တယ်ဆိုတော့.. ယမုန် က ရှင့်ကို ပါးပြန်မရိုက်ဘူး သိရဲ့လား .. ရှင့်ပါးကို ရိုက်တာထက် .. ရှင့်အသည်းနှလုံးကို ယမုန် ရိုက်မယ် .."

ဟု စူးစူးဝါးဝါးကြီး ဖေဖေ့ကို ကြည့်ကာ အန်တီယမုန် အော်နေသည်။

"ရှင် .. ဒီနေ့မှာ .. တစ်နေရာကိုသွားဖို့ စိတ်လောနေတာ ယမုန် သိလို့ .. နောက်က လိုက်ကြည့်တာ .. ရှင် မှုမမှန်တာတွေ ယမုန် သိနေတယ်လေ .. ရွှေဝတ်မှုံ ဆောက်လုပ်ရေးရုံးခန်းကို တူတူသွားကြမယ့်ကိစ္စ .. ယမုန် ပဲ အရင်သွားပါလို့ ဒီမနက်မှာ တပြောတည်းပြောနေတဲ့ ရှင့်ကို .. ယမုန် .. အလုပ်သွားသလို အိမ်ကအထွက်ပြပြီး .. စောင့်ကြည့်နေတာရှင့် .. ကဲ .. ခုတော့ .. ရှင့် ခြေစခြေနကိုလည်း ယမုန် မြင်ရပြီ.. ရှင်က .. ကလေးမရနိုင်တဲ့ ယမုန့် ကို .. စိတ်ပျက်နေပြီ ဆိုပါတော့ .. ဟင် .. ဒီကို .. ပြန်ဝင်တော့မယ်ပေါ့ .. သွားလာ ပတ်သက်တော့မယ်ပေါ့ .."

ဟု အံခဲ၍ ပြောပြီးတာနှင့် ရုတ်ခနဲ အန်တီယမုန် ၏ လက်တွေက မြရေးချယ် ၏ ကြက်တောင်စည်းလေးကို သောင့်ဆွဲယူလိုက်တာက မြန်ဆန်လွန်းနေသည်။ ပြီးတာနှင့် မြရေးချယ် ၏ ပါးလေးကို လက်ဝါးတစ်ဖက်က ရိုက်ချလာချေသည်တကား ...။

မြရေးချယ် ၏ ပါးလေးတွေ ပူစပ် နာကျင်လွန်းကုန်သည်။ မျက်ခွံးဆီမှ အလင်းရောင်တွေ ဖြာခနဲ ပွင့်လင်း ထွက်ကုန်သည်သို့ပင် ခံစားလိုက်ရကာ ..။ ကလေးပီပီ အော်ငိုချလိုက်သည်က မြရေးချယ် ပါ ..။

ဖေဖေ မြရေးချယ် ကို ကျစ်နေအောင် ပွေ့ကာ .. ပါးလေးကို လက်ဖြင့် ပွတ်သပ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ .. ရိုင်းလှချေလား .. ကိုသော် .. ကလေး ခဏ ပွေ့ဗျာ .."

ဟု ဖေဖေ အံခဲ၍ ပြောနေချိန်မှာပင် အန်တီယမုန် သည် ဟက်ဟက်ပါအောင် ရယ်ကာ ဖေဖေ တုံ့ပြန်ရိုက်လိုက်တာတွေ မဖြစ်လာနိုင်သေးခင်မှာပင် မြန်ဆန်လွန်းစွာ ပြေးလွှားလိုက်သည်က ရပ်ထားသော ကားရှိရာသို့ပါ ..။

ချက်ချင်း ကားမောင်းထွက်သွားလိုက်သည်ကလည်း အလွန်တရာကိုမှ တိုတောင်းသော အချိန်လေးအတွင်းမှာပင် ဖြစ်တည်သွားခဲ့သည်ပါပဲ ..။

"သမီးလေးရယ် .. သမီးလေးရယ် .. တောက်!... ဒီမိန်းမ အသေသတ်ပစ်မယ် .."

မြရေးချယ် ငိုနေတာကလည်း မရပ်နိုင် ..၊ ပါးပြင်ထက်မှာ လူကြီးလက်ဝါးရာကြီး ထင်းထင်းပါအောင် နီရဲထင်နေတာကိုလည်း မျက်ရည်ကျရင်း ဖေဖေ ကြည့်နေသည်။ ဒေါသတကြီးလည်း တက်ခတ်၍ ကြိမ်းဝါးနေသည်ကလည်း ဖေဖေပါ ..။

"မထင်မိဘူး သမီးရယ် .. ခုလို .. သမီးလေးကို ဒီမိန်းမ လုပ်လိုက်လိမ့်မယ်လို့ကို မထင်မိဘူးကွယ် .. သမီးလေးကို ပွေ့ထားတာမို့သူ့ကို ဖေဖေ ဘာမှကို မတုံ့ပြန်လိုက်နိုင်ဘဲ ဖြစ်သွားရတယ် .. သူကလည်း .. ချက်ချင်း ပြေးထွက်သွားတာ .. သိပ်လည်တဲ့ မိန်းမ .. မိန်းမရိုင်း .."

ဖေဖေ ပြောနေချိန်မှာပင် ရောက်လာသည်က ဘွား ပါ ..၊ ဖေဖေ့ရင်ခွင်ထဲမှာ မြရေးချယ် ကို ပွေ့ယူသည်။ လေးလေးသော် ကိုလည်း ဘွား လှမ်းကြည့်သည်။

"ဘာလို့ .. သူ့ကို ခြံတံခါး ဖွင့်ပေးတာလဲ မောင်သော် .."

ဘွား၏ အသံက ပြတ်သားစွာပင် အပြစ်တင်သံတွေနှင့် ပြည့်နေ





၏။ လေးလေးသော် မျက်နှာငယ်လေးဖြင့် ခေါင်းငုံ့ထားရှာပါ၏။ ဘွား၏ ရင်ခွင်ထဲမှာ မျက်နှာလေးအပ်ထားရင်း မြရေးချယ် ငိုနေမိသည်ပါပဲ။ ပါးလေး နာကျင်လွန်းနေတာပဲ သိနေရသည်လေ ..၊ ဖေဖေ လက်ဆောင်ပေးသည့် ကိတ်မုန့်တစ်ခုသည် ဘာကြောင့် ထိုမျှအထိ အန်တီယမုန်အတွက် ဒေါသတွေ အဖြစ်ကြီး ဖြစ်စရာ ကြုံရသည်ဆိုတာ မြရေးချယ် တွေး၍ မရနိုင် ..၊ နားမလည်နိုင်ဘဲလည်း ဖြစ်နေသည်။

"အဲဒီမိန်းမ ကားပေါ်က ဆင်းလာတာ မြင်ကတည်းက ငါလည်း တက်သုတ်နှင်လာခဲ့တာပါပဲ .. ဒါပေမယ့် လူအိုခြေလှမ်းဆိုတော့လည်း ခရီးက မမှီနိုင်ဘူး ဖြစ်ရတယ်လေ .. ခြေလှမ်းက ထင်သလောက် မမြန်နိုင်ဘဲကိုး .. ငါ့မြေးလေး ပါးအရိုက်ခံရတယ်လို့ကွယ် .. မွေးနေ့မှာမှ .. မင်းက ဒီခြံထဲထိ လိုက်လာပြီး ငါ့မြေးကို ပါးရိုက်သွားတာ .. ငါက ခံလိုက်ရသတဲ့လား .. ဟင် .. မင်း .. ပြန် .. ပြန်ဖမ်း .. မင်းအတွက် ပြန်စရာအိမ် ရှိနေတယ်မဟုတ်လား ..၊ မင်း မြဘ်နိုးလှချေရဲ့လို့ လက်ဆင်ထားတဲ့ မယားရှိရာ ရွှေဝတ်မှုံ ကို ပြန်စမ်းပါ သုတမြိုင် ရယ် .. ငါ့အိမ်ကို မလာစမ်းပါနဲ့တော့ .. ငါ့မြေးကို ဒုက္ခမပေးစမ်းပါနဲ့တော့.. ဖြစ်ရလေ မြေးရယ် .. မွေးနေ့မှာ ဒဏ်ရာအနာတရ ဘာဆိုဘာမှ ငါက အထိခံ အဖြစ်ခံတာ မဟုတ်ဘူး .. ဒီနေ့မှ .. ငါ့မြေးလေး .. ဒီလိုကြုံရတယ်လို့ကွယ် .. ရင်ထဲ မချိလိုက်ပုံများနော် .. ရင်ကွဲလောက်ပါရဲ့.."

ရင်ကို ခွဲထွက်သည့်နှယ် ဘွား ပြောကာ မျက်ရည်ကျချိန်မှာ ဖေဖေ ငြိမ်ကျနေသည်။ ဘာမျှ မပြော ..၊ အံခဲ၍ ငြိမ်နေသည်။ မြရေးချယ် ကိုလည်း မျက်တောင်မခတ် ငေးကြည့်နေသည်။

ဖေဖေ့လက်က မြရေးချယ် ၏ ပါးလေးကို ထိဖို့ လှမ်းလိုက်ချိန်မှာ ဘွား အော်ပါ၏။

"ငါ့မြေးကို မထိစမ်းပါနဲ့ သုတမြိုင် .."

ဟု အော်သံနှင့်အတူ မြရေးချယ် ၏ ကိုယ်လေးကိုလည်း မထိနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် နောက်သို့ ဘွား ၏ ခြေလှမ်းတွေက ဆုတ်သွားသည်။ ဖေဖေ လိုက်မလာပါ ..၊ တွေတွေကြီး ရပ်နေ၏။

မြေပြင်ထက်မှာ ပွဲရွဲကောက်ကွေး ပုံပျက်နေသည့် ရွှေသစ်ပင်လေးကိုလည်း ကြည့်သည်..၊ အဝတ်အစားနှင့် အရုပ်လေးတွေက ပြန့်ကျဲ ရှိနေတာကိုလည်း ကြည့်သည်။

နောက်တော့ ဖေဖေ ဟန်းဖုန်းလေးကိုထုတ်ကာ ဖုန်းခေါ်ပါ၏။

"ယမုန် .. မင်းနဲ့ ငါ ကွာရှင်းကြမယ် .. ဒါ .. ငါ့အဆုံးအဖြတ်ပဲ.. မင်း ကြည်ကြည်သာသာ ကွာရှင်းစာမှာ လက်မှတ်မထိုးရင် .. ဒီနေ့ အဖြစ်အပျက်တွေကို တရားရုံးမှာ လျှောက်ထားတင်ပြပြီး မင်းကို ကွာရှင်းမှု တင်မယ်ဆိုတာ သိထားပါ ယမုန် ..၊ အေး .. ငါကလည်း .. အပြတ်ပဲ ပြောမယ် .. မင်းနဲ့ ကွာရှင်းပြီးတဲ့အခါမှာ .. အရှက်မရှိတဲ့ သုတမြိုင် အဖြစ် .. ပဒုမ္မာကို ပြန်နေမယ်လို့တော့ မထင်လိုက်ပါနဲ့.. ဘဏ်စာအုပ်တစ်ခု အဝတ်သေတ္တာတစ်လုံးနဲ့ မင်းဆီကို ရောက်ခဲ့တဲ့ သုတမြိုင် ဟာ .. ရွှေဝတ်မှုံ ရဲ့ ချမ်းသာကြွယ်ဝခြင်းဆီကို တိုးဝင်လာတာ မဟုတ်ပါဘူး .. မင်းဆီက ထွက်ခွာတဲ့အခါမှာလည်း မင်းရဲ့ ချမ်းသာမှုတွေဟာ ငါနဲ့ ဘာမှမပတ်သက်တဲ့ အရာတွေအဖြစ် မင်းနဲ့အတူ ကျန်ခဲ့မှာပါ .. ငါ တူတူ ရှာဖွေခဲ့ရာတွေကိုလည်း လင်တစ်ယောက်ရဲ့ ချန်ခဲ့ရာအဖြစ် .. မင်းနဲ့အတူ ရှိနေခဲ့မှာပါ .. မင်းဆီကို ငါ ရောက်ခဲ့စဉ်က .. ပါလာခဲ့တဲ့ ဘဏ်စာအုပ်ထဲက ငွေကြေးတစ်ခုပဲ ငါနဲ့အတူ ပါသွားမှာပါ ယမုန် .. မင်းနဲ့ ကွာရှင်းဖို့ စာချုပ်ကအစ .. ငါ .. အခု ရှေ့နေကြီး ဦးဇေယျာ ဆီမှာ အားလုံးလုပ်ပြီး .. မင်းဆီ လာခဲ့မယ် .. မင်း.. အိမ်က စောင့်ပါ ..၊ မင်းကို ချစ်တဲ့ အချစ်တစ်ခုတည်းနဲ့ .. ငါ .. မင်းဆီကို လာခဲ့တာပါ .. ငါ့အမေ .. ငါ့သမီး .. အားလုံးကို ထားခဲ့တာပါ .. အခု .. မင်းဆီက ငါ ထွက်ခွာဖို့ ဆုံးဖြတ်တာကလည်း .. မင်းကို ချစ်တဲ့ အချစ်တွေ ငါ့ရင်ထဲမှာ မရှိတော့လို့ပါပဲ ယမုန် .."





ဟု ဖေဖေ ပြောနေသည်။ ပြီးတော့ ဘွားကို ဖေဖေ ကြည့်ပါ၏။

"သား .. ဘယ်တော့မှ .. မေမေ့ဆီကို မလာပါဘူး .. ဒီနေ့မှာ ဒီလိုဖြစ်ရတာတွေ အားလုံးဟာ .. သားရဲ့ .. အမှားကြီးတစ်ခုကြောင့်ပေမို့ .. အဲဒီအမှားရဲ့ တုံ့ပြန်ရာ ခါးသီးတဲ့ဘဝတစ်ခုဆီကိုပဲ သား ထွက်ခွာသွားမှာပါ .."

ဟု ပြောပြီးတာနှင့် ဖေဖေ ချာခနဲ ထွက်ခွာသွားပါ၏။

ထိုနေ့သည် .. ဖေဖေ့ကို .. တကယ့်ကိုပဲ .. မြရေးချယ် နောက်ဆုံး တွေ့ခဲ့ရခြင်းပါ တကား ...၊

ဖေဖေ့ကျောပြင်ကြီးကို ငေးကြည့်ရင်း ..၊

နောက်တော့ .. ဥက်ခါးပြင်ဘက်မှာ ရပ်ထားသော ဖေဖေ့ကားလေး မောင်းနှင် ထွက်ခွာသွားတာကို ငိုရှိုက် ငေးကြည့်ရင်းဖြင့် ဘွား ၏ ရင်ခွင်မှာ ရှိခဲ့ရပါသည့် မြရေးချယ် သည် ..၊ ထိုစဉ်က .. ဖေဖေ့ကို.. နောက်ဆုံး မြင်ခွင့်ရသည့်နေ့ ဟု .. မသိထားမိခဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"ဒါဆို .. အဲဒီမွေးနေ့ကတည်းက .. ရေးရေး ရဲ့ ဖေဖေနဲ့ လုံးဝ ပြန်မဆုံဖြစ်ကြရတော့ဘူး ဆိုပါတော့ ..၊ ခုလို ကြားရတော့လည်း မိုးရင်ထဲမှာ မကောင်းလိုက်တာ ရေးရေး ရယ် .."

ကားမောင်းနေရင်းမှ မြရေးချယ် ဖျော့တော့သော အပြုံးလေး တစ်ခုကို ပင်ပန်းစွာ ပြုံးလိုက်မိရသည်ပါပဲ။

"ဖေဖေနဲ့ အဲဒီ ဒေါ်ယမုန် တို့ တ[illegible]လည်း ကွဲကွာသွားကြတာပါပဲ .. ဖေဖေ ပဒုမ္မာအိမ်ကြီးကို ပြန်မလာတာကလည်း တကယ့်လက်တွေ့မှာ ဖေဖေ့ စကား တည်စေခဲ့တယ်ဆိုတာ သက်သေ ထူပြသွားခဲ့တာ .. ဘွားနဲ့ အဲဒီ ဒေါ်ယမုန် တို့ကို ဖေဖေ ပြောခဲ့တဲ့ စကားတွေကြောင့်ပဲပေါ့ မိုး .. ဖေဖေ စင်ကာပူကို သွားလိုက်တယ် .. ဟိုမှာ ဖေဖေ့သူငယ်ချင်း ရှိတယ်တဲ့လေ .. အဲဒီသူငယ်ချင်းရဲ့ ပရိဘောဂစက်ရုံကြီးမှာ ဖေဖေ မန်နေဂျာတစ်ယောက်အဖြစ် ရှိနေခဲ့တာ ဒီနေ့အထိပဲလို့ ဘွား ပြောပြတယ် .. ဖေဖေ့သူငယ်ချင်း ဦးမျိုးဇော် က ဘွားကို ဖုန်းအဆက်အသွယ် မပြတ်ဘူးလို့ ဘွား ပြောပြတယ် .."





ဤနေ့မှာကျတော့မှ မြရေးချယ် မိုးမိုးစံ ကို အိမ်တွင်းရေးအဖြစ်တွေ ပြောပြမိခြင်းပါ။

အင်ဂျင်နီယာဘဝလည်း တူတူရောက်ခဲ့ကြရပြီးပြီ ..၊ တက္ကသိုလ်မှာ သူငယ်ချင်းဖြစ်ရပါသည့် မိုးမိုးစံ ဆိုတာက နောင်တရားသူ ..၊ ရှမ်းမြေမြင့်ဆီမှ မိန်းကလေး ..၊ ခုကျတော့ .. မြရေးချယ် ၏ အားထားယုံကြည်ရာ စီးပွားဖော် သူငယ်ချင်း ..။

ပဒုမ္မာဖူးဆိုသည့် သစ်သီးစည်သွပ်စက်ရုံနှင့် ဖျော်ရည်ဘူးစက်ရုံ ဆိုတာက မြရေးချယ် ၏ ငယ်အိပ်မက်ထဲမှာ ရှိခဲ့ဖူးရာ စီးပွားရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ခဲ့ပါ၏။ တကယ်တမ်း အင်ဂျင်နီယာတစ်ယောက် ဖြစ်လာတော့ ဤ နောင်ဘရား ဆိုသည့်မြို့မှာ စက်ရုံတည်ဖြစ်ခဲ့ရပြီ။ ဘွားက ငွေအရင်းအနှီးအားလုံး ထုတ်ပေးသည်။

စက်ရုံ တည်ဆောက်တာကအစ လည်ပတ်သည့်ကိစ္စအဝဝသည် မြရေးချယ် ၏ သဘောကျ လွတ်လပ်စွာ ရှိစေ .. ဟု ဘွား လုံးဝ လက်လွှဲခဲ့သည်ပါပဲ ..။

ရန်ကုန်မှာက ဘွား၏ လက်ငုတ်လက်ရင်း ဆီစက်ကြီး ရှိနေသည်။ အရွယ်ရလာပေမယ့် ဘွားသည် ခုထိ ကျန်းမာ ဖျတ်လတ်စွာပင် စက်ရုံတွေကို ဦးဆောင်နေနိုင်ဆဲ ..၊ ပြီးတော့ .. ပဒုမ္မာဖူး ဆိုသည့် ထိုဆီစက်ကြီးတစ်ဖက်မှာ ဆီဆုံဖြင့် လည်သော ဆုံဆီဆိုတာလည်း ရှိသေးသည်။ ရှေးက နွားနှင့် လှည့်ယူ လည်ယူ ကြိတ်ယူသည့် ဆုံဆီဆိုတာမျိုး ..၊ တကယ့်ကို နွားဆယ်ရှဉ်းလောက် ခြံထဲမှာ ရှိသည်လေ ..။ စက်ရုံခြံဝန်းတွင်းမှာ သန့်သော နွားခြံကြီးလည်း ရှိသည်တည့် ..။ ဘွားသည် .. ခုထိ ဆုံလည်ဆီကိုပဲ စားသည်။ ပဲဆီသန့်သန့် ဆိုတာကဖြင့် ဘွား၏ ပဒုမ္မာဖူး ဆီစက်၏ ထွက်ကုန်အဖြစ် နာမည်ကြီး ..။

"ဘွားက အရမ်းပြတ်သားတာပဲနော် .. ခုလို ဒီနေ့ကျတော့မှ ရေးရေး ကားမောင်းနေရင်းနဲ့ .. ဖွင့်ပြောပြလာလို့သာ အတွင်းကျကျ



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းရေးကို မိုးမိုး သိလိုက်ရတာ .. အစတုန်းကတော့ ကျောင်းလာတက်ရင်းနဲ့ .. ပဒုမ္မာကို ဂင်ထွက် စားသောက်ရင်း အကြမ်းဖျင်းလောက်ပဲ သိထားရတာက .. ရှေးရှေး ရဲ့ ဖေဖေနဲ့ မေမေတို့ ကွဲကွာသွားကြတယ် .. ရှေး ရဲ့ ဖေဖေ နောက်အိမ်ထောင်ကျပြီးချိန်မှာ ရှေး ရဲ့ မေမေ ဆုံးခဲ့တယ် .. နောက်ကျတော့လည်း .. ရှေး ရဲ့ ဖေဖေနဲ့ နောက်အိမ်ထောင်လည်း ကွဲသွားကြတယ် .. ရှေး ရဲ့ ဖေဖေ .. ပဒုမ္မာကိုလည်း ပြန်မလာတော့ဘူးဆိုတာလောက်ပဲ သိရတာ .. ဒါကလည်း .. ပဒုမ္မာမှာ ဘွား ပြောပြခဲ့တာလေ .. ရှေးရှေး ရဲ့ ရင်းနှီးရာ သူငယ်ချင်းပေမို့ .. ဒီလောက်တော့ သိထားသင့်တယ်လို့ ဘွား ယူဆတယ်တဲ့ .. အဲဒါကြောင့် ပြောပြတာတဲ့လေ ..၊ ရှေး ကိုတော့ ဘာမှ မမေးစေချင်ဘူးလို့ ဘွား ပြောထားတာ .. ဒါကြောင့်လည်း မိုး ဘာမှကို မမေးဘဲနေခဲ့တာလေ.. တက္ကသိုလ်မှာ ရှေးရှေး နဲ့ ညီအစ်မလို ချစ်ခင် ဆုံစည်းခဲ့ရပြီးတဲ့နောက်မှာ .. ရှေး ရဲ့အိမ်ကို ရောက်ဖူးခဲ့ရကတည်းက .. မိဘတွေမရှိပဲ ဘွားနဲ့တူတူ နေနေရတာလောက်ကိုတော့ မိုး တွေ့ခဲ့ရပေမယ့် .. ဖွင့်မေးရမှာလည်း အားနာတာမို့ .. ဘာမှကို မမေးခဲ့ဘာပါ ..၊ နောက်တော့မှ .. ဘွားက ပြောပြတာ .. ရှေး ရဲ့ ပဒုမ္မာမှာ စနေ တနင်္ဂနွေနေ့တွေတိုင်း တူတူနေကြ .. စားသောက်ကြ .. စာကျက်ကြနဲ့ ရှိတာ .. ခြောက်လလောက်ကတည်းက ဆိုပါတော့ .."

"ဒါဆို .. အဲဒီလောက် သိထားတာတွေက .. ကြာခဲ့ပြီပဲ .."

ကားမောင်းရင်း မြရေးချယ် တစ်ချက် ပြောမိပြန်သည်။ နောင်တရား ဆိုသည့် မြို့လေး၏ အဘယ်မျှထိ စမ်းရေပေါ်များတာ .. သင်တော စိမ်းမြတာ .. သစ်သီးခြံများ .. ယာခင်းများ .. ဂျုံခင်းနှင့် စပါးခင်းများ ပေါ်များတာတွေကို မိုးမိုးစံ ပြောပြ၍ ပထမနှစ် စက်မှုတက္ကသိုလ်ကျောင်းသူဘဝကတည်းက မြရေးချယ် သိခဲ့ရပြီးသည့် နောက်မှာ .. ဘွားနှင့်အတူ .. နောင်တရား ဆိုသည့် မြို့လေးဆီသို့ အင်ဂျင်နီယာဘွဲ့





ရပြီးချိန်မှာ မြရေးချယ် ရောက်ခဲ့သည်။

သစ်သီးစည်သွပ်ဘူးစက်ရုံ ရှိသင့်သောနေရာ ..၊ ကုန်ကြမ်းကြွယ်ဝသောနေရာ ..၊ ဤနေရာမှာ စည်သွတ်ဘူးစက်ရုံ တည်ချင်သမျှဘွားကို ပြောပြခဲ့ရာမှ ..၊ ထိုစဥ်ကတည်းက လိမ္မော်ခြံနှင့် ရှောက်ချိုသီးခြံများ .. လိုင်ချီး(စ်)ခြံများ။ မက်မုံခြံများ ..။ နာနတ်ခင်းများ စိုက်ပျိုးရာ မြေများနှင့် ..၊ ကေလိုက်ချီ၍ မြေကွက်တွေ ဝယ်ခဲ့တာ ..။ ထိုနေရာမှာ ပင်မှည့်သီးတွေ စင်ခံ၍ စနစ်တကျ စိုက်ခဲ့သည်တည့် ..။

အားလုံး ဘွားမှ သစ်သီးခြံတွေ .. မြေတွေ ဝယ်ပေးခြင်း ..၊ ခုကျတော့ .. စက်ရုံကြီးလည်း ရှိခဲ့ပြီ ..။ လိုင်ချီး(စ်)နှင့် နာနတ်သီး စည်သွတ်ဘူး ထွက်သည်။ ပြီးတော့ နာနတ်၊ လိမ္မော်၊ ရှောက်ချိုသီးနှင့် ပင်မှည့်ဖျော်ရည်ဘူးတွေ ထွက်သည်။

ရထားဖြင့် ပါကင်သေတ္တာတွေကို ရန်ကုန်သို့ ပို့သည်။ ရန်ကုန်မှတစ်ဆင့် .. မြန်မာတစ်ပြည်လုံးသို့ ပြန်ဖြန့်သည်။ လုပ်ငန်း အောင်မြင်နေပြီ ..။

"ရှေးရှေး ရဲ့ အိပ်မက် .. ငယ်အိပ်မက်ထဲမှာ .. စည်သွတ်ဘူးစက်ရုံပိုင်ချင်တယ် .. အင်ဂျင်နီယာလည်း ဖြစ်ချင်တယ် .. အဆောက်အအုံကြီးတွေလည်း ဆောက်ချင်တယ် .. အဲသလို ရှိခဲ့တာ .."

ဟု ပြောပြီး တစ်ချက် မြရေးချယ် ငိုင်နေမိရပြန်သည်။

"ဖေဖေနဲ့လည်း အတူနေချင်တာပေါ့ မိုး ရယ် .. ဒါပေမယ့် .. တကယ့်ကို ဖေဖေ ပြန်မလာတော့တာ .. ရင်ထဲ မကောင်းဘူးဟယ်.. ဘာပဲဖြစ်ဖြစ် .. အဲဒီ အန်တီယမုန် နဲ့ မကွဲဖြစ်ကြဘူးဆိုရင်ဖြင့် ရန်ကုန်မှာတော့ ဖေဖေ ရှိနေဦးမှာ .. ခုလို အရွယ်လေး ရလာတော့လည်း .. ငါ့အဖေကို ငါ သွားချောင်းကြည့်လို့တော့ ရတာပဲလေ .. လို့ တွေးမိတတ်လာတယ် မိုး ရယ် .. ရှေးရှေး ကို မွေးနေ့လက်ဆောင် လာပေးရာက .. ဖေဖေနဲ့ အဲဒီ အန်တီယမုန် တို့ စကားများကြ .. နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ .. ရေးရေး ကို ပါးရိုက်လိုက်ခဲ့တဲ့ ဒီ အန်တီယမုန့် ကို ဖေဖေ အပြတ်ဖြတ်ပစ်ခဲ့ရာက .. ခုကျတော့ .. ဖေဖေဟာ အဝေးမှာ ရောက်နေရတာ .."

မြရေးချယ် ပြောရာမှ ကားလေးကို စမ်းပေါက်ရှိရာဘက်ဆီသို့ မောင်းနေမိရပါ၏။ ထို စမ်းပေါက်နေရာလေးက အေးချမ်းသည်။ တောပန်းလေးတွေလည်း အုံကျင်းဖြင့် တောပန်းရုံလေးတွေအဖြစ် ချုံဆန်ဆန် သဘာဝအတိုင်း ပွင့်ကြသည်။ တောမြက်ရိုင်းတွေ ရှိကြသည်။ သစ်ပင်တချို့ကို နွယ်တက်သွားကြကာ အပင်အကိုင်းတွေမှာ ပွင့်တက်ပါသည့် နွယ်ပန်းတွေလည်း ရောင်စုံရှိကြသည်။

ထိုနေရာလေးကို မြရေးချယ် နှစ်သက်ပါ၏။ ရန်ကုန်သို့ ပြန်ခါနီးလာလျှင် ထိုနေရာလေးကို ပို၍ အလွမ်းစိပ်လာတတ်ရသည်ချည်း.. စက်ရုံအတွက်ကတော့ မိုးမိုးစံ ရှိသည်လေ ..။ အလုပ်သမားကိစ္စ .. စက်ရုံကိစ္စ ..။ အားလုံး စိတ်ချ လက်လွှဲ၍ရသည်တည့် ..။ ကုန်ကြမ်းကလည်း ကိုယ့်သစ်သီးခြံ ..။ ကိုယ့်စိုက်ခင်း ခြံတွေဆီကပင် မနည်းမနော ရသည်။ နောက်ထပ်လည်း အခြားသစ်သီးခြံတွေဆီကလည်း ဝယ်သည်။ ထိုကိစ္စတွေအတွက်က မိုးမိုးစံ အားလုံးနိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်သည်တည့် ..။ ရသည့် အမြတ်အစွန်းထဲက ရာခိုင်နှုန်းဖြင့် မိုးမိုးစံ သီးသန့်ခံစားရသည့်အပြင်..။ လစာလည်း သီးသန့် တစ်လကို လေးသိန်း ပေးထားသည်မို့ .. မိုးမိုးစံ ကပင် ပြန်၍ အားနာနေရသည် အထိပါ ..။ မိုးမိုးစံ ၏ မိဘတွေလည်း စက်ရုံမှာ သီးခြားတိုက်ပုလေးဖြင့် တူတူနေစေဖို့အထိ မြရေးချယ် စီစဉ်ထားပေးတာမို့ ..။ စက်ရုံကိစ္စ ပို၍ စိတ်ချရသည်လေ ..။

ကားလေးကဖြင့် သစ်သီးခြံတွေ .. ယာခင်းတွေ .. စိုက်ခင်းတွေ တစ်ဖက်တစ်ချက် ရှိနေရာ လမ်းလေးအတိုင်း မှန်မှန်မောင်းနေဆဲ .. ကတ္တရာလမ်းလေးက ရှည်လျားစွာဖြင့် .. သစ်သီးခြံများ၏ ရှုခင်းကို





အလယ်ဆီမှ မျဉ်းနက်တစ်ကြောင်းအဖြစ် ပိုင်းခြားထားသည့်နှယ်ရှိနေသည်။

လမ်းဘေးမှာ ကားကို ရပ်မိရပါ၏။ ကားပေါ်မှ မြရေးချယ် ဆင်းသည်။

"သစ်သီးခြံတွေ .. နာနတ်ခင်းတွေကို ဘဘနဲ့ ဒေါ်လေးတို့ ကြီးကြပ်ပေးနေတဲ့အတွက်လည်း .. နောက်ပိုင်း စိတ်ချရတာမို့ .. မိုးတို့ မိသားစုကို ရေးရေး အမြဲကျေးဇူးတင်နေရှာ .. ရန်ကုန်ပြန်ရချိန်မှာ .. စက်ရုံအတွက် စိတ်မချရဘူးဆိုတာမျိုး ရှိမနေရဘူးလေ .."

မိုး ၏ မိဘများဖြစ်သည့် ဘဘ ဦးလုံ နှင့် ဒေါ်လေးနွဲ့ တို့ကလည်း အားကိုးရသူတွေပါ ..။ ဒါကြောင့်လည်း သုံးလတစ်ခါလောက်ပဲ ပဒုမ္မာသို့ ရန်ကုန်မှ ရေးရေး လာ၍ ရနေသည်တည့် ..။ ရန်ကုန်မှာကျတော့လည်း ဘွား၏ ဆိုစက်ကိစ္စက ရှိနေသေးသည်လေ ..။

အသက်ရလာပေမယ့် ဘွားသည် ဝိန်ဝိန်ပါးပါးဖြင့် အမြဲတမ်းကျန်းမာနေသည့် ဘွား ဖြစ်နေကာ စက်ရုံကို ထိန်းနိုင်နေတာတော့ အမှန်ပါ။ ဒါပေမယ့် .. အသက်ရလာသည့် ဘွားကို ရေးရေး လုပ်ငန်းတွေမှာ လုပ်ကိုင်ပေးနေဖို့ လိုသည်လေ ..။

ဝဲဆီ၊ နှမ်းဆီနှင့် နေကြာဆီသန့်တွေ ဖြန့်ပါသည့် ပဒုမ္မာ အမှတ်တံဆိပ် ဆီကလည်း ဖြန့်ချိ အားကောင်းသည်။ ဝယ်လိုအားကောင်းသည်တည့် ..။ ဒါကြောင့် ရန်ကုန်နှင့် နောင်တရားကို သုံးလ တစ်ကြိမ်လောက် လူးလာတုံ့ပြန် သွားနေရသည်က ရေးရေး ပါ ..။

စမ်းပေါက်ရှိရာ ဘက်ဆီသို့ မိုးမိုးစံ နှင့်အတူ လျှောက်လာစဉ်မှာ ပြောလိုက်ရသည်ကဖြင့် ကလေးငိုသံ ..။ ဟိုဟိုသည်သည် ကြည့်မိသည်။ လမ်းဘေးမှာ လှပစွာ ပွင့်ဝေနေကြပါသည့် တောပန်းရုံကြီးတွေက ပန်းချီဆန်နေသည်။ ရောင်စုံပန်းတွေက လှတိုင်းကို ညှို့ငင်ထားနိုင်လွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာလေးမှာ ကလေးငိုသံကို ကြားလိုက်ရချေသည့်အဖြစ်..၊ လူရိပ်လည်း မတွေ့ရ ..။

တကယ်ဆို .. ကလေးတစ်ယောက်နှင့်အတူ လူကြီးမိဘပဲဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ရှိနေရမည်လေ ..၊ ပြီးတော့ .. ခုလို .. တောပန်းရုံတွေပဲ လွှမ်းမိုးနေသော နေရာတစ်ခုမှာ ကလေးတစ်ယောက်သည် အလိုအလျောက် ရောက်ကို ရောက်မလာနိုင်..၊ လူကြီးတစ်ယောက်ယောက်ပါမှ ရောက်လာနိုင်သည့် ဤနေရာလေးမှာ ငိုကြွေးနေချေသည့်အဖြစ်ကလည်း ဆန်းနေသည်။

"ကလေးငိုသံပဲ ကြားနေရတာ .. ရှာကြည့်ရအောင် မိုး .."

ပြောပြီးတာနှင့် နှစ်ယောက်သား အသံကြားရာဘက်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာမိကြရပါပြီ ..။ ပန်းချုံကြီးတစ်ခု၏ တစ်ဖက်မှာ တွေ့လိုက်ရသည်က ဖြူဥဥနှင့် ကလေးတစ်ယောက် ..၊ နှစ်နှစ်အရွယ်လောက် ရှိမည်။ အနီရောင် ချည်ထည်အင်္ကျီနှင့် ဘောင်းဘီရှည်လေးကို ဝတ်ထားသည်။ ခြေအိတ်လေးကလည်း အနီရောင် - အဝတ်ဖိနပ်လေးက အဖြူရောင်..၊ မျက်နှာလေးနီနေအောင် ငိုနေသည့် ကလေးလေးက ယောကျာ်းလေး ..။ နက်မှောင်သော ဆံပင်လေးတွေသည်ပင် ချွေးတွေ နစ်နေသည်။ ကြောက်နေတာလည်း သိသာနေသည်ပါပဲ။

ဘယ်အချိန်ကတည်းက ဤကလေးလေးသည် ဤတောပန်းတွေပွင့်နေရာ လူခြေကင်းမဲ့နေသော နေရာလေးမှာ ငိုကြွေးနေရှာသည် မသိ..၊ ဟိုကြည့်သည်ကြည့်ဖြင့် ငိုနေသည့် ကလေးလေးခမျာ လူနှစ်ယောက်ကို မြင်လိုက်ရတာနှင့် အားကိုးရာအဖြစ် ခြေမခိုင်တခိုင်လေးနှင့် လျှောက်လာရှာသည်။

နောက်တော့ လေးဖက်လေးထောက်၍ ပိုမြန်မြန်ရောက်နိုင်အောင် အားကိုးတကြီး လာနေတာ မြင်တော့ ရင်ထဲ မကောင်းနိုင်





မြရေးချယ် ခပ်သုတ်သုတ် ပြေးသွားမိရပြီ။ ကလေးကို ပွေ့ချီလိုက်မိရသည်ပါပဲ ..။

ဖြူအိအိ လက်လေးတွေက မြရေးချယ် ကို လည်တိုင်လေးဆီသို့ ဖေးပိုက်တွယ်ငင် ဖက်တွယ်ထားရှာသည့် ကလေး ..။ ကလေး ခမျာ ငိုရလွန်း၍ မောနေပြီ။ ခေါင်းမှာပင် ချွေးတွေ စိုနေသည်။ ဆံစလေးတွေကို မြရေးချယ် သပ်ပေးနေမိရပါ၏။ နှုတ်မှ တကျွတ်ကျွတ်ဖြင့် ခုတ်သပ် ချော့မော့နေလိုက် ..၊

"မငိုနဲ့ သားလေး ရေ .. မကြောက်နဲ့ နော် .."

ဟုလည်း တဖွဖွ ပြောလိုက်ဖြင့် ရှိနေရပါ၏။

ကလေးလေး တစ်ယောက်တည်း ဤနေရာမှာ အဘယ်သို့ရောက်နေရပါသလဲဆိုတာကို တွေးမရနိုင်ဘဲ မြရေးချယ် ဖြစ်နေရချိန်မှာ ...

"ဟောဒီမှာ ရေးရေး ရေ .. ကလေးပုခက်ခြင်းလေးတစ်ခု .. ဒီကလေးလေး .. ဒီကလေးပုခက်ခြင်းတစ်ခုနဲ့ ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်ရ .. ဒီမှာ ရှိနေရပါလိမ့်မယ် .. ကလေးကို လာပစ်ထားတယ် ထင်ပါရဲ့ .. ဒီလောက် တန်ဖိုးကြီးကြီး ပေးရတဲ့ ကလေးပုခက်ခြင်းနဲ့ .. ဒီလောက် အကောင်းစား ကလေးအိပ်ယာခင်း .. ကလေးစောင်နဲ့ ခေါင်းအုံးလေးတွေ .. ကလေးအရုပ်လေးတွေနဲ့ ရှိနေတဲ့ဥစ္စာတွေ မြင်နေရတော့လည်း .. ဒီကလေးကို စွန့်ပစ်ရက်နိုင်တဲ့ လူချမ်းသာအလွှာကို ဘယ်လိုဖြင့် အံ့ဩမိပါရဲ့ .."

ကလေးပုခက်ပမာ ရှိလျက် ..၊ ခရီးသွား .. အပြင်သွားလျှင် ကလေးကို ခေါ်လာ၍ ရ ..။ ကလေးသိပ်၍ ရသည့် ကလေးပုခက်ခြင်းတစ်ခုကို ကိုင်ကာ ခေါင်းလေး တခါခါဖြင့် မိုးမိုးစံ လျှောက်လာတော့ မြရေးချယ် ရင်ထဲ မကောင်းနိုင် ..၊

"ဘယ်မှာ တွေ့တာလဲ မိုး .. အဲဒီဥစ္စာကို .."

ဟု ပြောတော့ မိုး မေးလေးဆတ်ပြတာမို့ သွားကြည့်မိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုသည်သည် ကြည့်တော့လည်း လူရိပ်မရှိ ..။

"ဟေး .. ဒီမှာ .. ဒီမှာ .."

ဟိုဟိုသည်သည်ဘက်ကို မြရေးချယ် အသံလေးမြှင့်၍ လှမ်းပေးမိသည်။ တုံ့ပြန်သံ ရှိမလာ ..။

သေချာပြီ ..၊ ဤကလေးကို လာ၍ တောထဲ ထားခဲ့ခြင်း ..။

"ရက်စက်လိုက်တာဟယ် .. မတော်ကဆ .. တောခွေးတစ်ကောင်ကောင်လောက်ပဲ ဖြစ်ဖြစ် .. ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ.. မြွေပါးကင်းပါး တိရင် ဘယ့်နှယ် လုပ်မလဲဟယ် .."

မြရေးချယ် ညည်းမိကာ ကလေးကို ကျောလေး သပ်ပေးနေမိရပါ၏။

"နို့ဘူးလေးလည်း ရှိနေတယ် ရေးရေး .."

ကလေးပုခက်ခြင်းလေးထဲ ဟိုကြည့်သည်ကြည့်ဖြင့် နို့ဘူးလေး တွေ့တာမို့ မိုးမိုးစံ ပြောတော့ ကမန်းကတန်း နို့ဘူးလေး ယူလိုက်ရကာ ကလေးကို ကိုက်တော့ မောမောနှင့် နို့ဘူးလေး စို့ရှာသည်က .. ကလေးလေးပါ။ ဆာလည်း ဆာနေတာ သိသာနေသည်။ အငမ်းမရ စို့နေခြင်းကားရှိရာသို့ ပြန်လှျောက်လာရကား နောက်ခန်းမှာ ဝင်ထိုင် ..။ ကလေးကို ပွေ့၍ နို့ဘူးလေး ဆက်တိုက်နေရင်း ငုံ့မိုး၍ ငေးစိုက်ကြည့်မိရပါ၏။

အသားဖြူဖြူ မျက်လုံးဝိုင်းလေးနှင့် မျက်ခုံးလေး ထူတန်းနေကာ နှာတန်လေးလည်း ထင်း၊ ဆံပင်နက်နက် ထူထူလေးတွေနှင့် တာကယ်ကို အရုပ်လေးနှင့် တူသည့်ကလေး ..။ လည်ပင်းမှာလည်း ရွှေကြိုးကလေး ရှိနေသည်။ နို့ဘူးလေး စို့နေရင်းဖြင့်လည်း အားကိုးတကြီးဖြင့် ကလေးကဖြင့် တမော့်မော့ဖြင့် မြရေးချယ် ကို ကြည့်ကြည့်နေရှာသည် ပါပဲ ..။

နို့ဘူးလေးထက်မှာ တင်ထားသော မြရေးချယ် ၏ လက်ကော





လွှတ်လိုက်သည်။ ပြီးတာနှင့် မြရေးချယ် ၏ ရင်ခွင်မှာ ခေါင်းလေးတိုးဝင်သည်။ စောစောက ဟစ်ယောက်တည်း တောတောင်ထဲမှာ လန့်ရှိန်ဖြင့် ငိုနေသည့် ကလေးခမျာ .. မောမောဖြင့် မြရေးချယ် ရင်ခွင်မှာ ခေါင်းလေးကို အားကိုးတကြီး တိုးဝင်သားရင်းမှ .. ဝမ်းလည်း အဆာပြောက်ပြီမို့ မျက်တောင်လေး မှေးငိုက်လာရှာသည်။ လက်လေးကဖြင့် မြရေးချယ် ၏ လက်မောင်းလေးတွေကို ဖေးကိုင်ထားရှာသည်မှ မလွှတ်တော့ ..။

ဤရင်ခွင် ပျောက်သွားမှာကို ကြောက်နေရှာတာ သိသာနေသည် ပါပဲ ..။

ကားနောက်ခန်းရှိ ဆိုဖာရှည်ကြီးမှာ မြရေးချယ် သည် ကလေး ပုခက်ခြင်းကြီးအောမှာ ရှိနေရင်းဖြင့် ထိုင်နေရရင်း ကလေးလေးကို သနားစိတ်ဖြင့် ငုံ့မိုး ငေးစိုက် ကြည့်နေမိရသည်ပါပဲ ..။ စကားလည်း ခြောတတ်သေးသည့်အရွယ် မဟုတ် ..၊ မေးစမ်းကြည့်၍လည်း ဘာမှကို မသိနိုင် ..။

ဖြူကျစ်ကစ်လေးနှင့် ဤကလေး ..၊ ပယ်ကတည်းက .. စွန့်ပစ်ခြင်းကို ခံရသည်တဲ့လား ..။

"ငါ့မှာက .. ခမေမေ ဆုံးခဲ့ပေမယ့် .. ဘွား ရှိနေသေးတယ် .. ဖေဖေနဲ့ တူတူ မနေရပေမယ့် .. ငါ့မှာ အဖေရှိတယ်ဆိုတာ ခံစားချက်တစ်ခုကို ပိုင်ဆိုင်နေရသေးတယ် .. ဒီကလေးခမျာ .. ငါ့ထက် ကံဆိုးရှာတယ် .. သူ့ကို .. ငါ မွေးမယ် .. ငါ မွေးမယ် .."

မြရေးချယ် ဆုံးဖြတ်မိကာ မိုးမိုးစံ ကို ကြည့်မိတော့ကား ရှေ့ခန်းမှာ ထိုင်ရင်း ကလေးကို ငေးနေသည့် ထိခိုက်ခံစားနေရသော အကြည့်ထို တွေ့ရသည်ပါပဲ ..။

"ကလေးလေးက ချစ်စရာလေးဟယ် .. သနားလိုက်တာ ရေးရေးရယ် .. ငါတော့ .. အဲဒီ လူမဆန်တဲ့ အဲဒီလူတွေကို သတ်ပစ်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ .. တကယ်ဟာ .. မိုး တို့သာ မတွေ့ရင် .. ဒီကလေး .. တောထဲမှာ ငိုလိုက် .. ကြောက်လိုက် .. လေးဖက်ထောက်သွားလိုက် .. မတ်တတ်လေး မနိုင်တနိုင် လျှောက်လိုက်နဲ့ .. ခိုးကိုးရာမဲ့ ဖြစ်နေရင်း.. သေသွားရရှာမှာ .. အန္တရာယ်များတယ်ဟ .. မြွေနဲ့တိုးရင် .. ကလေးက သိမှာလား .. သွားမှာ အဲဒီကို ..၊ ဟိုက ပေါက်ထည့်လိုက်မှာပေါ့ .."

မိုးမိုး ကတော့ မြွေဆိုတာပဲ စွဲနေသည်။ တဖျစ်တောက်တောက် ညည်းသည်။

"မိုး ပဲ ကားမောင်းတော့ .. ရေးရေး ကလေးကို မနိုးစေချင်ဘူးကွယ် .. ဒီကလေးကို .. ရေးရေး မွေးမယ် .. ခုလို .. တောထဲ ကောက်တွေ့သလို ဖြစ်တဲ့ကိစ္စ .. လျှို့ဝှက်ထားပါဟယ် .. ကလေးကြီးလာတဲ့အခါ .. တစ်နည်းနည်းနဲ့ ပြန်ကြားရင် မကောင်းပါဘူး .. ဒီကလေး ဘယ်လို ရေးရေး ဆီ ရောက်လာရတယ်ဆိုတာ .. ဒီမှာရှိတဲ့လူတွေ မသိလေ ကောင်းလေပဲ .. ဘဘနဲ့ ဒေါ်လေးကိုလည်း ပြောပြမနေနဲ့ မိုးမိုး .. မနက်ဖြန် ရေးရေး လည်း ရန်ကုန်ပြန်မှာပဲဥစ္စာ .. ရေးရေး ရဲ့ စက်ရုံအပေါ်ထပ်က အခန်းကိုပဲ ကလေးကို ခေါ်သွားမယ်လေ .. ဘဘနဲ့ ဒေါ်လေးတို့လည်း သစ်သီးခြံတွေမှာ ခုအချိန် ရှိနေကြမှာမို့ .. သူတို့လည်း ကလေးကို ရေးရေး ခေါ်လာတာ မမြင်နိုင် .. မသိနိုင်ကြပါဘူးဟယ်.."

မြရေးချယ် ပြောချိန်မှာ မိုးမိုးစံ ကားမောင်းထွက်လာရင်းမှ ခေါင်းညိတ်ပြသည်။

"ကလေးတစ်ယောက်ဟာ .. သူကြီးပြင်းလာရချိန်မှာ .. သူဟာ တောပန်းရုံတွေကြားမှာ စွန့်ပစ်ခံခဲ့ရတဲ့ ကလေးတစ်ယောက် ဖြစ်တယ် ဆိုတာကိုတော့ မသိအပ်ပါဘူး မိုး ရယ် .. ကလေးအတွက် ဝေဒနာဖြစ်ပါတယ် .. ခများ .. တစ်သက်လုံး .. အဲဒီ ကြေကွဲခံစားချက်တွေနဲ့ နေသွားရမှာ .. သိမ်ငယ်ရရှာမှာ .. စိတ်ဒဏ်ရာတွေ ပြင်းထန်နေရရှာမှာ





လေ .."

မြရေးချယ် ထပ်ပြောမိကာ ကလေးလေးကို ငုံ့မိုး၍ ကြည့်မိရပါ၏။ ချစ်စရာကောင်းလွန်းပါသည့် ကလေးလေး ..၊ အသားလေးကိုက ဖြူဥနေသည်တည့် ..။

အာရုံထဲ တိုးဝင်လာသည်က .. အတိတ်ဆီမှ မြရေးချယ် ဆိုသည့် ကောင်မလေးတစ်ယောက်၏ မြင်ကွင်းပုံရိပ်များ ..၊ ပထမရသည့် ရီပို့ကတ်လေးကို ပေးချင် ပြချင်ဇောဖြင့် ဖေဖေ့ထံ ရောက်ခဲ့ရပါသည့် မြင်ကွင်း ..။

သြော် .. လမ်းပေါ်မှာ ရှိနေရပါသည့် မြရေးချယ် ဆိုသည့် ကောင်မလေးတစ်ယောက်၏ အဖေကို စောင့်သည့်မြင်ကွင်း ..၊ အဖေကို .. အိမ်တစ်လုံးမှာ ရီပို့ကတ်ပြရတာမျိုး မဟုတ်သည့်ဘဝ ..၊ လမ်းပေါ်မှာ စောင့်၍ ပြရပါသည့် ဘဝတစ်ခုသည် ကြေကွဲဖွယ်အဖြစ်ဆုံးဟု ထင်ထားမိခဲ့ရဖူးသည်။

မြရေးချယ် ၏ မွေးနေ့မှာ .. ဖေဖေ ရောက်လာကာ လက်ဆောင်ပေးခဲ့သည့် မြင်ကွင်းတစ်ခုသည်လည်း ကြေကွဲဖွယ်အဖြစ်တစ်ခုအဖြစ် ရှိရစ်ခဲ့ရသည်။ ခုထိလည်း ရှိနေရသည်။

ခုကျတော့ .. ထိုဘဝထက် ဆိုးသော ဘဝတစ်ခုကို .. ဤကလေးငယ်လေးသည် ရင်ဆိုင်ကြုံရပြီ..၊ စွန့်ပစ်ခံ ကလေးတစ်ယောက်၏ ဘဝတစ်ခုထဲမှာ ရှိနေရပြီဖြစ်ပေမယ့် .. ဘာဆိုဘာမျှ မသိနိုင်ရှာသေးသည့် အရွယ်လေး ..။

ကြောက်ရွံ့တာပဲ သိနေရင်း ငိုရှိုက်ခဲ့ရသည့်အချိန်အတွင်းမှာ ဤကလေးသည် အဘယ်မျှထိ အမေ့ရင်ခွင်ဆိုတာကို ရှာဖွေနေခဲ့ရှာမည်သိ ..၊ ခုကျတော့လည်း .. မြရေးချယ် ၏ ရင်ခွင်သည် .. အမေမဲ့သော ကလေးတစ်ယောက်အတွက် .. မိခင်ရင်ခွင်တစ်ခုကို ရသည့်နှယ် ရှိနေရချေမည်တကား..။



www.burmeseclassic.com

www.burmeseclassic.com



နုရည်ပြင်လေးကို မြရေးချယ် ဖွဖွလေး ငုံ့နမ်းမိလိုက်ရပါပြီ ...။

"ကလေးရယ် .. မင်းလေးက .. ငါ့ဘဝထက် .. အများကြီး ပိုပြီး ခြောက်ခြားတဲ့ သိမ်ငယ်ရတာပါလား .. အရွယ်နဲ့မမျှတဲ့ လောကစံကို ခံရရှာရှာနဲ့မှာ .. မင်းလေးဟာ .. ကိုယ်ဘာဖြစ်လို့ ဖြစ်မှန်းတောင် .. ခွဲခြားနားလည်နိုင်စွမ်း မရှိသေးတဲ့အရွယ်လေး ဖြစ်နေတယ် ကလေးရယ်.. အပြစ်ကင်းစင်လွန်းတဲ့ အရွယ်လေး .. သနားစရာအရွယ်လေး .."

မြရေးချယ် ဤတစ်ကြိမ်မှာ မျက်ရည်ဝေ့လာမိရပါပြီတည်း ...။



## အခန်း (၄)

"ဟဲ့ မိလုံး .. သားလေး ဘုန်းကြည်နွေး ငြိမ်လှချေလား .."

လှိုင်ကော်ရှိ ခနောက်စိမ်း မိုင်းသူဌေး မျိုးမြင့်အောင် နှင့် ခင်ခင်လေး တို့၏ နှစ်ပတ်လည် မင်္ဂလာနေ့သို့ တကန်တက ပွဲတက်ဖို့ ခရီးထွက်ခဲ့ရပါသည့် ခရီး ...။

မျိုးမြင့်အောင် နှင့် ခင်ခင်လေး ဆိုတာက ဘုန်းထက်လှိုင် နှင့် ခက်ခက်မွှေး တို့၏ သူငယ်ချင်းတွေ ဖြစ်ကြကာ ...၊ ချစ်သူစုံတွဲ နှစ်တွဲအဖြစ် တက္ကသိုလ်မှာတော့ တွဲတူရှိခဲ့ကြသည်ပါပဲ။ အိမ်ထောင် အကျ စောတာမို့ ဘုန်းထက်လှိုင် နှင့် ခက်ခက်မွှေး မှာက နှစ်နှစ်အရွယ် သားလေး ဘုန်းကြည်နွေး ရှိနေပြီ ...။

မျိုးမြင့်အောင် နှင့် ခင်ခင်လေး တို့က မနှစ်ကမှ အိမ်ထောင်ကျသည်။ ရန်ကုန်ရှိ ခရေပွှးအိမ်ကြီးကို စာချုပ်ဖြင့် အငှားထားပစ်ခဲ့ကြကာ ...၊ လှိုင်ကော်မှာ ခနောက်စိမ်း သတ္တုတူးသည့်အလုပ် ဖောက်ချလုပ်နေကြပါသည့်အဖြစ် ...။ ခုလည်း .. တစ်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ပွဲကို တက်ဖို့ လှမ်း၍ တရရ ဖုန်းဖြင့် ခေါ်နေလွန်းတာမို့ ဘုန်းထက်လှိုင် နှင့် ခက်ခက်မွှေး တို့ ဖနီးမောင်နှံ စူပါကတ်စတန် ကားဖြူလေးဖြင့် ရန်ကုန်မှ လှိုင်ကော်သို့ ခရီးထွက်လာကြရခြင်းပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရတာချင်းတူတူ – နားနားနေနေလေးလည်းဖြစ် ဆို
သည့်သဘောဖြင့် ကလောဟိုတယ်မှာ တစ်ညအိပ်ပြီးမှ ခရီးထွက် ခရီး
ဆက်ကြရခြင်းပါတည့် …။

လှိုင်ကော်သို့ ကားလေးကိုလည်း အရှိန်မမြှင့်ဘဲ အေးအေးသာသာ
မောင်းလာကြတာမို့ – ဤမနက်မှာ ထွက်သည့်ခရီးသည် မွန်းလွဲတ
နာရီလောက်တော့ လှိုင်ကော်သို့ ရောက်နိုင်မည်ဟု ခရီးမှန်းထားသည်
က ဘုန်းထက်လှိုင် ပါ …။

ရန်ကုန်မှာ ရွှေဇင်ယော် အိမ်ဆောက်ပစ္စည်းစက်ရုံကြီးဖြင့် အလု
များမြောင် ပင်ပန်းခဲ့ရလေသမျှ ခရီးထွက်ရချိန်လေးမှာတော့ ကားလေ
ဖြင့် အေးအေးသာသာ မောင်းရင်း ရှုခင်းလည်း ငေး …၊ လေကောင်
လည်း ရှူ …၊ ရှုခင်းလှလှနှင့် ကြုံလျှင်လည်း ခဏတဖြုတ် ဆင်း –
ဓာတ်ပုံလေးဘာလေး ရိုက် …၊ ဟိုဟိုသည်သည်လျှောက်ဖြင့် စိတ်
လွှတ်၍ အပန်းဖြေပစ်လိုက်ကြသည်ပါပဲ …။

ခုလည်း နောင်တရား အသွန်မှာ အရမ်းကိုလှသည့် တော
ရောင်စုံတွေ ချုံလိုက် ရုံလိုက် …၊ နွယ်ပင် အမြင့်တွေအဖြစ်နှင့် ရော
ဝေသည့်နေရာလေးမှာ ကားကို ခဏနား …၊ စမ်းပေါက်လေးတ
လည်း ရှိတာမို့ ပါလာသည့် ကော်ဖီဓာတ်ဘူးကို ကားနောက်ခန်းဆီ
ခြင်းလိုက်ကြီး မိလုံးကို သယ်နိုင်း ယူခိုင်းကာ – ယိုးဒယားဖျာလေး
ခင်း၍ မုန့်တွေဘာတွေ စားကြ …၊ နားကြဖြင့် ရှိနေခဲ့ရသည်တည့် –

ဓာတ်ပုံရိုက်ကြတော့ သားလေး အိပ်နေတာနှင့် ပန်းတွေဝေ
သော တောရိပ် တောင်ရိပ်နေရာလေးမှာ ဘုန်းကြည်နူးလေး ကို
တူတူ ပွေ့ချီ ဓာတ်ပုံ မရိုက်လိုက်ခဲ့ရ …။

ခု – ခရီးဆက်ကြတော့ အတန်မျှ ခရီးပေါက်ပြီ …၊ ကား
နော်င်ပိုးအဆင်းကို ဆင်းနေပြီ …၊ ရထားလမ်းက အမြင့်ဘက်မှာ ရှိ
၏။ မြေထိန်းနံရံ ကျောက်ထုကြီးတွေက ခိုင်ခိုင်မာမာ ရှိနေကြသည်





ကျောက်တောင်ကြီးပမာ ရှိနေပါသည့် နောင်ပိုးတောင်ကြီးက
သည်း ကျောက်ထက်မှာ ပေါက်သည့် သစ်ပင်တို့ဖြင့် စိမ်းမြမြရှိသည့်
နေရာမှာ ရှိ …၊ ကျောက်သားထုကြီး ထိုးထက်မြင့်နေသည့် နေရာက
သည်၊ တွေ့နေရဖြင့် ရှုခင်းသည် လှပညို့ငင်နေသည့်နယ် – ညို့ညို့ဆိုင်း
ဆိုင်းကြီးလည်း တောရိပ်တောင်ရိပ်ဖြင့် ရှိနေသည့် အဆင်းရှည်ကြီး
တစ်ခုကို ဂရုတစိုက် ဘုန်းထက်လှိုင် မောင်းနေချိန်မှာ လှည့်၍ ခက်ခက်
မွှေး မေးလိုက်သည်က အရမ်းကို ငြိမ်နေသည့် သားလေးကိုပါ …။

ခုထိ – နိုးသံလည်း မကြားရ …၊ လှုပ်လှုပ်ရွရွ နိုးလာလိုက်တာနှင့်
ဘူးလေး တန်း၍ စို့ဖို့ တာစူနေတတ်သည့် သားလေးသည် ဤတစ်
ခါမှာတော့ နိုးမလာနိုင်သေးပဲ အရမ်းကို အိပ်မောကျနေသည်လား
သိ …။

မိလုံး က ကားနောက်ဘက် ခုံတန်းတစ်ခုံခြား နေရာလေးမှာ
ယောက်ထိုင် ထိုင်ခုံမှာ ထိုင်နေလျက် ကာတွန်းစာအုပ်လေး ငုံ့ဖတ်
ရင်းမှ ဘေးဘက်ကို ငဲ့ကြည့်သည်။ ကလေးပုခက်ခြင်းလေးကို ထို
ဘက်နေရာမှာ ခရီးစထွက်ကတည်းက ထားခဲ့သည်လေ …၊ မိလုံး
သည်း ပုခက်ခြင်းလေးဘေးမှာ ကပ်ထိုင်စေသည်။ ကလေးနိုးလာ
င် ကောက်ပွေ့ …၊ နို့ဘူးတိုက် …။

ပြီးလျှင် ခက်ခက်မွှေး ထံ ကလေး လာချင်နေလျှင် လာပို့ …၊
ရှုခန်း မောင်းသည့်နေရာနှင့် နီးနီးမှာ ကလေးပုခက်ခြင်းလေးကို
ရခြင်းကတော့ ခပ်တိုးတိုး အပျင်းပြေ ဖွင့်နားထောင်သော သီချင်း
လေးတွေကြောင့် သားလေး စိတ်ရှုပ် အအိပ်ပျက်မှာ စိုး၍ပါ …၊ တစ်ခုံ
မှာ ထိုင်စေခြင်း …။

ခုလည်း ငြိမ်လွန်းနေသည့် သားလေးကို လှမ်း၍ သတိတရ မေး
တော့ ကာတွန်းစာအုပ်လေး ဘေးချ၍ တစ်ဖက်ကို ငုံ့ကြည့်က
ပြုံး၍ …



www.burmeseclassic.com

www.burmeseclassic.com



"ကြည်နူးလေး အိပ်နေတုန်းပဲ မမရဲ့ .. ကျွတ် .. ကျွတ် .. အိပ်.. အိပ် .."

ရှေ့ခန်းမှ လှည့်ပဲ ကြည့်ကြည့် .. နောက်ကြည့်မှန်မှပဲ ကြည့်ကြည့် .. ကလေးပုခက်ခြင်းလေး ထားသည့်နေရာဆိုတာက ရှေ့တစ်ခုံ၏ ဆိုဖာထိုင်ခုံ ကျောမှီနှစ်ခုဆက်ကြီးဖြင့် ကွယ်နေသည်ပါပဲ ..။

မိလုံးကတော့ တကျွတ်ကျွတ်ဖြင့် ကလေးကို ဆက်အိပ်အောင် ချော့သံလေးပင် ပေးနေသေးသည့်အဖြစ် ..၊ ခက်ခက်မွှေး ခေါင်းခါမိသည်။ ကလေးအိပ်မှ ကာတွန်းကို ဖိမ်နပ်၍ မိလုံး ခမျာ ဆက်ဖတ်ရမည် ကိုးလေ ..။ ကာတွန်းဖော ကပ်နေတာ သိသာနေသည်။

အသက် ဆယ့်ခြောက်နှစ်အရွယ် မိလုံး ဆိုတာက ရှုံးတူးပေါ်တော လေးလည်း ဖြစ်သည်။ ပွဲစားအဆက်ဖြင့် ဤ မိလုံး ရောက်လာရခြင်း ရောက်လာတုန်းက ဆယ့်သုံးနှစ် ဖွန်းရုံလေးပဲ ရှိသေးသည်။ ပဲခူးဘက် က ရွာလေးတစ်ရွာမှ ရောက်လာသည့် ကလေး ..။

ခုကျတော့လည်း ဆယ့်ခြောက်နှစ်ပင် ပြည့်ပြီ ..၊ နိုင်းသမျှ ခြေပေါ့လက်ပေါ့ဖြင့် သွက်သွက်လက်လက်လေးတော့ မညည်းမညူ လုပ်ကိုင်တတ်တာမို့ ရွှေဇင်ယော်အိမ်ကြီးရှိ ထမင်းချက် ဒေါ်ယု အတွက်ကလည်း အားကိုးရနေပြီ ..။

မိလုံး ရောက်လာချိန်သည် ဘုန်းထက်လွိုင် နှင့် ခက်ခက်မွှေး တို့ အိမ်ထောင်ကျခါစအချိန် လေးငါးလလောက်မှာ မိလုံး ရွှေဇင်ယော် သို့ ရောက်လာသည်တည့် ..။ ခု .. သားလေးပင် နှစ်နှစ်ပြည့်ပြီ။

ဘုန်းကြည်နူးလေး ကတော့ဖြင့် မိလုံး လက်ထဲ ကြီးလာရသည် နှယ်ပါ ..။

ကားက နောင်ဝိုး အဆင်းရှည်ကြီးကို ကျော်ပြီး ရွာလေးတစ်ရွာ ဘက်ကို မောင်းလာနေချိန် ..၊ လှမ်း၍ ရွာလေးကို မြင်ရချိန်မှာ .. မိလုံး ကမန်းကတမ်း မျက်နှာလေး ရှုံ့မဲ့လာရင်းမှ ...





"မမ .. မိလုံး လက်ထရိန် ခဏဆင်းမှ ဖြစ်မယ် .. ဗိုက်ထဲ အရမ်း နာတာပဲ ကား ခဏ ရပ်ပေးနော် .. ဟိုဘက်က ချုံတောတွေဘက် ခဏသွားမှ ဖြစ်တော့မှာ .."

ကားကြမ်းပြင်မှာ ချထားသော စုံစီနဖာ ထည့်လာသည့် ခြင်းထဲမှာ ရေအိမ်သုံး တစ်ရှူးစက္ကူလိပ်ကို ယူ၍ အလောသုံးဆယ် ပြောလာတော့ ဘုန်းထက်လွိုင် မှာ စိတ်ရှည်သည့် မူပိုင်စရိုက်ဖြင့်ပင် ပြုံး၍ လမ်းဘေးမှာ ကားကို ထိုးရပ်ပေးလိုက်ရသည်ပါပဲ ..။

မိလုံး ရေးကြီးသုတ်ပျာ ခပ်လောလော ပြေးတော့ ရယ်၍ပင် ဘုန်းထက်လွိုင် ကြည့်မိရပါ၏။ အုံကျင်းကောင်းသော ချုံပင်တွေ ..၊ ဗိစပ်တောကြီးတွေကြားထဲ မိလုံး လူလွတ်ရုံရှိသည့် နေရာကြို နေရာကြားထဲမှ တိုးဝင်ပျောက်ကွယ်သွားပါချေ၏။

"အဲဒါပဲ .. ကလောဟိုတယ်မှာ ကတည်းက .. အဲဒီကိစ္စတွေ ရှင်းမလာဘူး .."

"မွှေး ကလည်းကွယ် .. ဆီးဝမ်းဆိုတာက .. သူသွားချင်တဲ့အခါမှ သွားတတ်တာမျိုးပဲကွ .. မိလုံး ခမျာ ကလေးစိတ် ပျောက်တာ မဟုတ်သေးဘူး .. ခမျာ .. မအောင့်နိုင်လို့သာ ပြောရှာတာပါ .."

ပြောပြီး ကားတံခါးကို ဖွင့်သည်။ အညောင်းညာပြေ ကတ္တရာ လမ်းမှာ ခဏတဖြုတ် လမ်းလျှောက်နေရင်းမှ မိလုံး ထွက်သွားရာဘက် ကို တစ်ချက် မျှော်၍ ကြည့်လိုက်သည်က ဘုန်းထက်လွိုင် ပါ ..။

"မိလုံး က အနံ့အတာလည်း ခံရှာပါတယ် မွှေး ရယ် .. ခမျာ.. ပြီးခဲ့တဲ့ ခြောက်လလောက်က .. သူ့အမေ နေမကောင်းလို့ဆိုပြီး ဖုန်း ဆက်ပြောလာတုန်းက .. မွှေး မလွှတ်ခဲ့ဘူးလေ .. အိမ်မှာ မောင့်မွေးနေ့ လုပ်ဖို့ဥစ္စာ လူတွေလည်း ဖိတ်ထားပြီးကုန်ပြီ .. ကလေးထိန်းဖို့ ကြည့်ဖို့ ဆိုတာကလည်း မိလုံး ရှိမှ ဖြစ်မှာ .. ဧည့်သည်တွေကို ဧနီးမောင်နှံ တူတူ လိုက်နှုတ်ဆက်တဲ့အခါ .. ကလေးပွေ့ထားရတာက ကိစ္စမရှိဘူး..



www.burmeseclassic.com

www.burmeseclassic.com



စိတ်အခန့်မသင့်လို့ သားလေး ဂျိုကျ ငိုယိုနေရင် .. ခက်မယ်လို့ မွေး ပြောပြီး တားခဲ့တာပဲလေ .."

"သြော် .. ခုထိ .. မောင်က အဲဒီကိစ္စ .. မွေး ကို အပြစ်တင်နေချင် တာ စိတ်မကုန်နိုင်သေးဘဲကိုး .. မွေး လည်း ဘယ်သိပါ့မလဲ မောင်ရဲ့.. ဆောက်လုပ်ရေးလုပ်ငန်းရှင် သူဌေးကြီးတွေကို စီးပွားရေးအရ ကိုယ်က မောင့်မွေးနေ့မှာ ဖိတ်ထားရတဲ့ကိစ္စ .. သားလေး ငိုယိုနေရင် .. သူတို့နဲ့ စကားပြောရ ဆိုရတာတွေမှာ ခက်ကုန်မှာစိုးလို့ မိလုံး ကို .. အဲဒီတစ် ရက်တော့နေ .. နောက်နေ့မှ သွားဆိုပြီး တားထားမိခဲ့တာပါ .. သူ့အမေ နေမကောင်းဘူး ပြောတဲ့ရက်က .. မောင့်မွေးနေ့ ကျင်းပဖို့ သုံးရက်ပဲ လိုတော့တာကိုး .. ဖိတ်စာလည်း ဝေပြီးကုန်ပြီလေ .. အိမ်မှာက .. ဖေဖေနဲ့ မေမေရယ် .. မောင်လေး ဘုန်းမြတ်လူ ရယ် ရှိကြတာတော့ ဟုတ်တာပေါ့ .. အားလုံးကလည်း ဧည့်သည်တွေကို ဧည့်ဝတ်ပြုကြရ တာတွေနဲ့ပဲ အလုပ်ရှုပ်ကြရမှာဆိုတော့ .. မိလုံး ကိုဖြင့် .. သားလေး ထိန်းပေးရုံအတွက် .. သူ့ရွာကို ပေးမသွားဘဲ တားမိခဲ့တာပါ .. မောင့် မွေးနေ့ရဲ့ ညနေမှာပဲ .. သူ့အမေ ဆုံးပြီဆိုတာ ဖုန်းဝင်လာတော့ .. မွေး လည်း စိတ်မကောင်းဖြစ်ခဲ့ရတာပါပဲ .. သူ့ရွာကိုလည်း အိမ်က ကားနဲ့ ဒရိုင်ဘာ ကိုကျော်ခင် နဲ့ ဒေါ်ယုန် ကို အဖော်ထည့် ပို့နိုင်းခဲ့တာ ပဲလေ .. ငွေလည်း ကူခဲ့တာပဲ ဥစ္စာ .."

ခက်ခက်မွေး ပြောတော့ ဘုန်းထက်လှိုင် သက်ပြင်းရှိုက်၍ ခေါင်း ခါသည်။

"အဲသလို ငွေစကားပြောလို့ မရဘူး မွေး .. စိတ်ခံစားချက်ဆိုတာ ရှိတယ် .. အမေလုပ်သူက သူ့သမီးလေး မိလုံး ကို တမျှော်မျှော်နဲ့ ရှိခဲ့ တာ .. တရရ မေးရင်း ဆုံးသွားတာ .. သမီး မျက်နှာ မြင်ချင်ရက်နဲ့ မမြင်ပဲ ရှိခဲ့ရတာတွေကို ဘယ်လို ငွေတွေနဲ့ ဖြေဖျောက်ပစ်လို့ ရနိုင်ပါ့ မလဲကွာ .. မိလုံး ခမျာ .. အတော်ကို ခံစားရရှာမှာ .. သူမို့ .. မောင်တို့





...ကို ပြန်လာတာ .. တခြားလူသာဆိုရင်ဖြင့် တခြားအိမ် တစ်အိမ်မှာ ...ဖော် ပြောင်းလုပ်မှာကွ .."

"အို .. သူ့ကို လခ .. ခြောက်သောင်းအထိ တိုးပေးလိုက်တာပဲ ...င်ရယ် .. အဲသလောက် လခ .. ဒီလောက် လုပ်ရုံလေးနဲ့ .. ဘယ်အိမ် ... သူ ရနိုင်မှာမို့လို့လဲ ..၊ ကဲပါ .. သားလေးကို ကြည့်လိုက်ပါဦးမယ်.. ...ုံး ကလည်း ကြာလိုက်တာ .."

ပြောကာဆိုကာဖြင့် ကလေးပုခက်ခြင်းလေးရှိရာသို့ နောက်ဘက် ...သို့ ကူးသွားချိန်မှာ ...

"အလို .. ဘုရားရေ၊.. ကိုယ်ကျိုးတော့ နည်းပါပေ့လား ..၊ မောင် ... မောင်ရေ .. သားလေး မရှိဘူး မောင်ရဲ့ .. ကလေးရော .. ပုခက်ခြင်း ...းရော မရှိဘူး .. မိလုံး လည်း ပြန်မလာသေးဘဲ ကြာနေပြီ .. သူ .. ... .. ကလေးမရှိတာကို သိသိကြီးနဲ့ .. ရှိနေသလို မှင်သေသေနေပြခဲ့ ... .. ကာတွန်းစာအုပ်လေး ဖတ်နေသလိုလုပ်ပြီး လိုက်လာတာ .. ...ရဲ့သားလေးကို .. သူ .. သူ .. ဘယ်မှာ ချန်ခဲ့သလဲ မသိဘူး မောင် ... .. မိလုံး .. မိလုံး အကြံကြီး ကြံပြီး ဇင်ယော်အိမ်ကြီးကို ပြန်လာတာ ...သား ..၊ အို .. ဒုက္ခပါပဲ .. သူ့ကို လိုက်ရှာရမယ် .. သူ့ကို မေးရမယ်.. ...လေးကို ဘယ်မှာ သူ ထားခဲ့သလဲဆိုတာ .."

မျက်နှာမှာ သွေးတွေ ဆုတ်ကျသည့်နှယ် ဖြူဖျော့ကုန်ရင်း မျက် ...တွေ ကျ ..၊ တုန်လှုပ်ချောက်ချားစွာ ငိုလည်း ငို ..၊ ဒေါသလည်း ... ..၊ သားအတွက် စိတ်တွေပူနေရင်း လောင်မြိုက်နေသည့် ရင်ဖြင့် ...ခနဲပင် ဖြစ်ကုန်သည်က ခက်ခက်မွေး ပါ ..။

ဦးဘုန်းထက်လှိုင် ကသောကမျောကြီး ဗီစပ်ပင်တွေ ချုံပင်တွေ ...ထဲမှာ လူလွတ်ရုံနေရာတွေကို ဖြတ်၍ တစ်ဖက်သို့ သုတ်သုတ် ...သည်။ နောက်တော့ မျက်စိမျက်နှာကြီး ပျက်ကာ ပြန်ပြေးလာပြန် ...။



www.burmeseclassic.com

www.burmeseclassic.com



"ရှာမတွေ့ဘူး .. ကောင်မလေး လစ်ပြီ .. အဲဒါ သေချာတယ် - ဒီမှာ ကြာနေလို့လည်း မဖြစ်ဘူး .. ကလေးကို ရအောင်ရှာရမှာ - သားလေးတော့ ဒုက္ခပါပဲ .. နေဦး .. မောင် စဉ်းစားမယ် .. နောင်တရ အကျော် နေရာလေးမှာ မောင်တို့ ဆင်းတဲ့အချိန်တစ်ခုပဲ သားလေး တူတူ ဓာတ်ပုံမရိုက်ဖြစ်ရတာ .. အရင်ဆင်းခဲ့ကြ .. ရှုခင်းကြည့်ကြ - အအေးဘူး ဖောက်သောက်ကြ .. မုန့်စား ဓာတ်ပုံရိုက်ကြနဲ့ ရှိတဲ့အ တိုင်းမှာ သားလေး ပါနေတယ် .. ပွဲ့ထားဖြစ်တယ် .. အဲဒီ ပန်းတော နေရာလေးတစ်ခုပဲ သားလေးကို အိပ်နေလို့ဆိုပြီး ပုခက်ခြင်းလေးထဲ ကျန်နေခဲ့ရတာ .. မိလုံးပဲ စားစရာခြင်းတွေ ဘာတွေ သယ်လာပေး တာလေ .. မောင်တို့ အဆာပြေ စားကြချိန် .. ရှုခင်းတွေ ကြည့်ကြချိ ဓာတ်ပုံရိုက်ကြချိန်မှာ မိလုံး မောင်တို့နားမှာ မရှိဘဲ ပျောက်နေတယ် အဲဒီအချိန် .. သူ .. သားလေးကို .. ကားထဲက ပုခက်ခြင်းလိုက် သယ် တစ်နေရာမှာ သွားထားလိုက်တာ ဖြစ်မယ် .. ပြီးမှ .. မောင်တို့ ပြန် မှာ .. သူလည်း တူတူ လိုက်ပြန်လာတာ .. မွေး ကလည်း သိပ်ပေါ့ တာပဲ .. ကားပေါ် မတက်ခင် .. သားလေးကို ကြည့်လိုက်တာ မဟု ဘူး .. မောင်လည်း ပေါ့တာပဲ .. အမှတ်တမဲ့နဲ့ ကားရှေ့ခန်းတံ ဖွင့်တက် မောင်းဆိုသလို ဖြစ်ကုန်တာ .."

ပြောရင်းဆိုရင်းဖြင့် ကားကို နောက်ကြောင်း ပြန်လှည့်သ အရှိန်နှင့် မောင်းသည်။ သားဇောဖြင့် ခက်ခက်မွေး ကလည်း တ ဖြစ်နေပြီ ..။

"မိလုံး လက်စားချေတာ .. လက်စားချေတာ ..၊ သူ့အ အသက်ကို မမှီခဲ့ရလို့ .. သူ့အမေ .. သူ့ကို တွေ့ချင်ရက်နဲ့ မတွေ့ ရပဲ ဆုံးသွားရလို့ .. ခုလို .. လက်စားချေတာ ..၊ ရက်စက်လိုက် မိလုံး ရယ် .. ဘုရားရေ .. သားလေးကိုများ အကောင်ပလော် ကိုက်ပစ်ရင် ဘယ့်နှယ်လုပ်မလဲ ‥ သားရေ .. မေမေကတော့ -





မိလေသမျှ .. ခုမှ .. ရှုံးရတော့မှာပါလား .. သားလေးကို မေမေ ကြည့် ရမှာ .. ဒီကားပေါ် မတက်ခင် .. ကြည့်ရမှာ .. မိလုံး ကို ယုံမိလို့ .. ကိုယ်ကျိုးနည်းပါပေါ့လား သားလေးရဲ့ .. သားလေးရဲ့ .."

ဘုန်းထက်လှိုင် မှာ ကိုယ်တိုင်ကလည်း သားအတွက် စိတ်ဇော တွေ ဝင်နေ နစ်နေရကာ စိတ်ပူတာတွေပဲ ရှိရသည့်အချိန် ..။ ဘေးမှ မိန်းမလုပ်သူကလည်း တငိုငိုဖြင့် ရှိလိုက် .. ပြောလိုက်ဖြင့် ရှိနေချိန်..၊ ကားကို အရှိန်မြင့်၍ ခပ်မော့မော့ အတက်ကြီးကို တက်နေချိန် .. လူ က မိုက်ခနဲ တစ်ချက်ဖြစ်၏။

သွေးတက်ပြီဟု သိချိန်မှာ ကားကိုထိန်းနိုင်ဖို့ ကြိုးစားသေးသည်။ မျက်စိတွေ ပြာကုန်ပြီ ..၊ လက်အကိုင်သည် မမြဲနိုင်ဘဲ ဖြစ်ကုန်သည်။ ကားက မော့တက်ကြီးမှာ စက်ရပ်လိုက်သလို ဖြစ်ကုန်ရကာ နောက် ပြန်လိမ့်၏။ အဆင်းရှည်ကြီးသည် တပြန့်တလျား ရှိနေသည်။ ကားက အထိန်းအကွပ်မဲ့ နောက်ပြန်လိမ့်သည်။

နောင်ဝိုး တောင်ဆင်းအတိုင်း ဆင်းလာသည့် ကားတချို့ကို ဝိုး တဝါး ဘုန်းထက်လှိုင် မြင်လိုက်ရသည်။ ကိုယ်ကို မတ်နိုင်အောင် ကြိုး စားကာ ကားကို ထိန်းနိုင်ဖို့ နောက်ဆုံးအချိန်အထိ ကြိုးစားခြင်းကို မလျှော့ခဲ့ ..၊ ဒါပေမယ့် မရတော့ပြီ ..။

တက်လာသည့် အတက်ကားတချို့သည်ပင်လျှင် နောက်ပြန်လိမ့် ဆင်းလာသည့် အရှိန်ပြင်းသည့်ကားကို ရအောင် မနည်းကြီး ရှောင်ကြရ သည်။ ကားက အရှိန်ဖြင့် နောက်ပြန်ဆင်းသွားခြင်းက ဟိုလူး သည် လူး..၊ ဟိုကွေ့ သည်ကွေ့ ..။

နောက်တော့ တစ်ဖက်ဆီသို့ တိမ်းမှောက် လူးလိမ့်သွားသည်က ဘောလုံးတစ်လုံး ဟိုမြောက် သည်ခုန်..။ ဟိုလိမ့်သည်လူးဖြင့် ရှိသည့်နှယ် တိမ်းမှောက်ခြင်း ..၊ မျက်စိတွေ ပြာဝေနေသည့် ဘုန်းထက်လှိုင် ၏ စိုးရိမ်ဇောသည် သားဇော ဖြစ်နေသည်။ မယားဇော ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား အော်ရင်း ကားထဲ ပါလာပါသော ဓနီးသည် ခက်ခက်မွှေး ၏ လက်တွေက ကားလက်ကိုင်ဘီးကို ထိန်းနိုင်ဖို့ သွေးရူးသွေးတန်းနိုင်စွာဖြင့် ကြိုးစားနေသေးသည်။ ဒါပေမယ့် ကားလီဘာထက်မှာ အသေလိုက်ကြီး ဖိတင်ထားသည့်နှယ် ရှိနေသည့် ခြေတစ်ဖက်သည် ရွှေ့မရဘဲ ဖြစ်နေသည်က ဦးဘုန်းထက်လှိုင် ...။

ခြေတစ်ဖက်သည် လေပင် ဖြတ်သွားပြီလားဟု တွေးစပြုနေချိန်မှာ ကားက လူးလိမ့်မှောက်နေသည့်အရှိန်ထဲမှာ စီးမျောနေပြီ ...၊ ဓနီးသည်၏ လက်တွေက ကြောက်လန့်တကြားနိုင်စွာ ဘုန်းထက်လှိုင် ကို ဖက်လာချိန်မှာ နှစ်ယောက်စလုံး သည်ကားထဲမှာ ဆောင့်မိ ...။ ထိမိုက်မိ ...။ လူးလိမ့်ပါသွားသည့်အထဲမှာ မရန်းမဖယ်သာဘဲ ရှိကုန်ကြရသည်ပါပဲ ...။

လူတွေ ပြေးလာကြသည် ...၊ ငြိမ်သွားပြီးဖြစ်သည့် ကားတံခါးသည် ချိုင့်ခေါက်ကျိုးကျေနေ၏။ ကားတံခါးကို ခဲရာခက်ဆစ် ဖွင့်ကြ ...၊ လူတွေကို ထုတ်ကြသည်။ ကားထဲမှာ လူနှစ်ယောက် ...၊ တစ်ယောက်မှ အသက် မရှိကြတော့ပြီ ...။

သွေးသံရဲရဲဖြင့် လူနှစ်ယောက် သေဆုံးသွားခြင်းတစ်ခု၏ ဖြစ်ရပ်တစ်ခုမှာ .. ပြေးလာကြသူတွေထဲမှ ထိုသူနှစ်ယောက်၏ နေရပ်လိပ်စာတစ်ခုခု ...၊ ဖုန်းကိုပဲဖြစ်ဖြစ် သိနိုင်ဖို့ ကားထဲမှာ ရှာကြဖွေကြ.. သေဆုံးသူ၏ အိတ်ကပ် ...၊ လက်ပွေ့အိတ်ထဲမှ ရှာကြဖွေကြဖြင့် ရှိကြချိန်မှာ.. ဒရိုင်ဘာလိုင်စင်ကို အရင်ဆုံး တွေ့သည်။ လိပ်စာကို သိရပြီ ...။ နောက်တော့ .. လိပ်စာကတ်တစ်ခု ...၊ ဖုန်းနံပါတ်လည်း ပါသည်။

ဒရိုင်ဘာလိုင်စင်တွင်ပါရှိသည့် လိပ်စာနှင့် လိပ်စာကတ်တို့မှာ တူနေကြတာမို့ .. ထိုလိပ်စာကတ်ပါ ဖုန်းနံပါတ်ကို .. ကားတွေရပ်ကြ ...၊ ပြေးလာကြသည့် လူသူတွေထဲမှ တစ်ယောက်က လက်ကိုင်ဖုန်းဖြင့် ချက်ချင်း လှမ်းဆက် အကြောင်းကြားသည်။





တချို့ကလည်း .. အနီးစပ်ဆုံး ဆေးရုံသို့ ပို့ကြဖို့ ကြိုးစားနေကြပါချေ၏ ...။

ထိုအချိန်၌ ချုံကွယ်တစ်ခုဆီမှ နောင်တမျက်ရည်တို့ဖြင့် ကြည့်နေသည်က မိလုံး ...၊ ကားနေရာသို့လည်း မသွားရဲတော့ပြီ ...။

အမေ နေမကောင်းတာကို သွားခွင့်မရလေခြင်းဟု တေးမှတ်နာကျင်စိတ်ဖြင့် .. လက်စားချေဖောတစ်ခု၏. စေစားရာအတိုင်း ဘုန်းကြည်နူးလေး ကို တောပန်းရောင်စုံတို့ ပွင့်ဝေရာ နေရာလေးမှာ ...။ ပန်းရုံချုံကြီးတစ်ခု၏ အကွယ်နေရာမှာ ချထားခဲ့မိပြီ။ ကလေးက အိပ်နေရှာသည်ပါပဲ ...။ ကားပြန်ထွက်လာတော့လည်း မှင်မပျက် လိုက်လာကာ .. ကားကို့ ခဏရပ်ခိုင်းကာ ...။ ဉာဏ်ဆင်၍ ကားပေါ်မှ ဆင်းခဲ့သည်။

ထိုကားရှိရာသို့ ပြန်စရာလည်း မလိုတော့ပြီဟု ဆုံးဖြတ်ခဲ့ကာ.. လက်စားချေခွင့်ရသည့်အဖြစ်အတွက်ပင် စိတ်ထဲ ကျေနပ်အားရကြီး ဖြစ်ခဲ့ရလေသမျှ ...။

တစ်နေရာဆီမှ ပုန်းကွယ်၍ နေစဉ်ခိုက် .. ခုလို .. ပိုးစိုးပက်စက်ဖြင့် ဘဝဇာတ်သိမ်း ဆိုးခဲ့ကြရပြီးပြီ ဖြစ်ပါသည့် အစ်ကိုကြီး ဘုန်းထက်လှိုင် နှင့် မမမွှေး တို့၏အဖြစ်ကို မြင်ရချေတော့ .. နောင်တသည်ရင်မှာ မဆံ့တော့ပြီ ...။

အမှားကြီး မှားချေပြီကောဟု ယူကျုံးမရ ဖြစ်ပေမယ့် လွန်ကုန်ပြီ ...၊ အခု .. ထိုနေရာဆီသို့ သွား၍လည်း မဖြစ်တော့ပြီ။ မကောင်းသော ကြံစည်ရာကို ပြုမိသူအဖြစ် .. လန့်ရှိန်နှင့် ဝေးရာဆီသို့ နောက်ကြောင်း ပြန်ပြေးရင်းမှ မိလုံး ငိုရှိုက်မိရပါချေပြီ တကား ...။



www.burmeseclassic.com

## အခန်း (၅)

ကလေးပါလာတာမို့ မိုးမိုးစံ ကို အဖော်ခေါ်မှ ဖြစ်ရှေမည်ဟု ဆုံးဖြတ်ခဲ့သည်ကလည်း မြရေးချယ် ပါ ..။ ခြူးခြူးလေး ကို ကလေး ပုခက်ခြင်းထဲ ထားပြီး တစ်ယောက်တည်း ကားမောင်း၍ မဖြစ်နိုင်တာ ကို ညဘက်မှာကျတော့ တစ်ယောက်တည်း အခန်းထဲရှိနေရင်ရင်း နားလည်စ ပြုလာရသည်က မြရေးချယ် ပါ ..။

ခြေထောက်ဖြူဥဥလေးမှာ ရွှေခြူလုံးလေးတွေ ပါသော ရွှေ ခြေကျင်းသေးသေးလေးပင် ဝတ်ပေးထားတာမို့ ..၊ ရွှေခြူးလေး ဟု ချက်ချင်း အမည်ပေးလိုက်မိပြီးသည့်နောက်မှာ .. ရွှေခြူးလေး သည် ယခုမှသည် အနာဂတ်တိုင်အောင် မြရေးချယ် အတွက် တာဝန်ယူစရာ ကလေးငယ်လေးတစ်ယောက်ဟု မှတ်ယူ ဆုံးဖြတ်မိသည်ကလည်း ချစ်စိတ် .. သနားစိတ်ဖြင့် နှစ်နှစ်ကာကာ ဆုံးဖြတ်မိရခြင်းပါတည်း

ဒါကြောင့်လည်း .. မနက်ဘက် ရန်ကုန်အပြန်ခရီးမှာ မိုးမိုး ကားမောင်းပို့ဖို့ ညဘက်မှာ ဆုံးဖြတ်ရသည်။ ကလေးအတွက် နို့မှုန့် ဘူး၊ ဓာတ်ဘူး၊ အဝတ်အစား အနည်းငယ်မျှကိုလည်း မိုးမိုးစံ နှင့် မြို့ထဲက အထည်ဆိုင်မှာ .. စတိုးဆိုင်တွေမှာ အဝယ်နိုင်းခဲ့ရသည်။

ကလေးဆိုတော့ အဝတ်လဲတာတို့ ဘာတို့က လိုသည်လေ –





ကားလေးဖြင့် ခရီးထွက်ခဲ့စဉ်မှာလည်း အစောကြီး ထထွက်တာမို့ မိုးမိုးစံ ၏ မိဘတွေလည်း ရွှေခြူးလေး ကို မမြင်လိုက်ကြရ ..၊ မြရေး ချယ် ၏ရင်ခွင်မှာ ရွှေခြူးလေး ဆိုသည့် ချစ်စရာ ကလေးလေးတစ် ယောက် ပါသွားသည်ဆိုတာကို မသိနိုင်ခဲ့ကြရ .. လျှို့ဝှက် သိုသိပ်စွာ ဖြင့် ရွှေခြူးလေး သည် မြရေးချယ် ၏ အပြန်ခရီးမှာ ပါလာရခြင်းပါ ဘကား ..။

ကလောပှိုတယ်မှာ တစ်ညတာ နားဖို့ ဆုံးဖြတ်ခဲ့ရပြန်ကာ .. ကလောမှာ ထုပ်၍ ကလေးအတွက် မြရေးချယ် ကိုယ်တိုင် လိုမည်ထင် ဘာတွေအားလုံး သိမ်းကျုံးဝယ်သည်။ ဟိုတယ်မှာ ရွှေခြူးလေး ကိုဖြင့် မိုးမိုးစံ လက်ထဲ အပ်ထားခဲ့ရသည်ပါပဲ ..။

နောက်ဆုံးတော့ ရန်ကုန်အပြန်ခရီးသည် ပဒုမ္မာအိမ်ကြီး၏ ခြံဝင်း အဲ့ဒါးဝအရောက်မှာ အဆုံးသတ်သည့်နယ် .. ရွှေခြူးလေး နှင့်အတူ အကွ ဖြတ်သန်းရမည့်ခရီးတစ်ခု၏ အစသည် ဤ ပဒုမ္မာမှာ အစအဦး ဖြစ်တည်ရချေသည်တည့် ..။

"ဘွား လက်ခံမယ်လို့ ထင်သလား ရေးရေး .."

ရွှေခြူးလေး ကို ရည်ရွယ်၍ မေးသည့်အမေးဆိုတာ မြရေးချယ် သိသည်ပါပဲ။ မိုးမိုးစံ လည်း နည်းနည်းတော့ စိတ်လေးနေပုံ ရသည်။ နောက်ကြောင်းဘဝ ဘာကိုမျှ မသိနိုင်ပါသည့် ရွှေခြူးလေး ကို လက်ခံ ဖို့အတွက် ဘွား အလွယ်တကူ ရှိနိုင်ပါ့မည်လားဟု မြရေးချယ် လည်း ရင်ထဲ လေးနေရသည်ပါပဲ ..။

"ဘာပဲဖြစ်ဖြစ်ဟယ် .. လက်ခံအောင်တော့ ပြောရမှာပေါ့ .. ရွှေခြူးလေး ဘယ်လောက် ညာဉ်ကောင်းတယ်ဆိုတာ မိုး လည်း အမြင် ပဲ – ကလေးက .. အရမ်းလန့်ထားတာမို့ .. လူကြီးကို မျက်စိအပျောက် ခံရဲဘဲ .. နိုးလိုက်တာနဲ့ လူကြီးရင်ခွင်ထဲ ခေါင်းတိုးနေတော့တာ .. လူကို ဖက်ထားနေတော့တာ .. သနားပါတယ်ဟယ် .. ကလေးခများ..



www.burmeseclassic.com

www.burmeseclassic.com



တောပန်းချုံတွေကြားထဲမှာ ဘယ်လောက် ငိုယို လန့်နေခဲ့ရှာပါလိမ့်–

သဘာဝမြက်ရိုင်းပင်တွေ တပြန့်တလျားလည်းရှိရာ .. ဖြိုးတော့ ရောင်စုံ ပန်းချုံ ပန်းရုံကြီးတွေ တောပန်းရိုင်းတွေအဖြစ် ဖြိုင်ဖြိုင်ဝေ အောင် ပွင့်ကြရာ နေရာလေးသည် ရွှေခြူးလေး ကြောက်လန့်ငိုကြွေးရ နေရာလေးတစ်ခုအဖြစ် ရှိခဲ့ရချေသည်တကား ..။

ကလေးပုခက်ခြင်းလေးထဲမှာ ယုန်မွေးစောင် နီရဲရဲလေး ခြုံ လျက် အိပ်နေသည့် ရွှေခြူးလေး ..၊ ခြင်းလက်ကိုင်ကိုင်း နေရာခုံးခုံးလေး ထက်မှာ စာအပြာနကို အုပ်မိုး၍ အနားစတွေအားလုံးကို ခြင်းပုခက် အောက်ခြေမှာ သိမ်းထားတာမို့ ခြင်ကိုက်မှာလည်း မပူရ ..။

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်ချိန်မှာဖြင့် ခြံတံခါးဖွင့်ပေး ပါလေသော လေးလေးသော် ပြန်ပြေးလာနေပြီ ..၊ အိမ်တံခါးကြီး ကမန်းကတမ်းဖွင့်၍ လွှမ်းမဆုံးနိုင်သောဖောဖြင့် ကြည့်လာသည် လည်း ဒေါ်ကြီးထွေးယု ပါ ..။

ဘွား ကိုတော့ မတွေ့ရသေး ..၊ အပေါ်ထပ်မှာ ရှိနေချေလိမ့်မည် စက်ရုံသွားဖို့ ပြင်ဆင်နေတာဖြစ်မည်။ ဤနေ့မှာ ပြန်ရောက်လာမည် ဘွား ကို အသိလည်း ပေးမထားတာမို့ .. ခုမှ ကားသံကြားသ ဘွား ခမျာလည်း ခပ်မြန်မြန်ပဲ အခန်းထဲက ထွက်နေလောက်ပါပြီ –

ကားပေါ်မှ မြရေးချယ် ဆင်းသည်။ ကားတံခါးကို ဖွင့်၍ ကလေး ပုခက်ခြင်းကို ထုတ်သည်။ လက်မှာ ချိတ်ဆွဲ၍ အိမ်ထဲဝင်လေ လေးလေးသော် ပါးစပ်အဟောင်းသားနှင့် တွေ၍ ကြည့်ကျန်ခဲ့ရလျှင် ဒေါ်ကြီးထွေးယု လည်း ကလေးကို တကောက်ကောက် လိုက်ကြ ရင်း နောက်က ကပ်ပါလာပါ၏။

မိုးမိုးစံ တစ်ယောက်တည်းသာ ကားထဲမှ ဝန်စည်စလယ် သယ်ချနေရင်း ကျန်ခဲ့ရခြင်းပါတည့် ..။

"မြေး ပြန်လာပြီကိုး .."





လှေကားကို ခပ်မြန်မြန် ဆင်းလာနေပါသည့် ဘွား ၏ စကား သည်း တိခနဲ ရပ်၏။ မြရေးချယ် ၏ လက်ထဲမှ ပုခက်ခြင်းနှင့် ကလေး ကို ငေးစိုက်ကြည့်နေသည်။ နောက်ပါးဆီမှ ကလေး ဝန်စည်စလယ် တွေ ပွေ့ပိုက်ဝင်လာပါသည့် မိုးမိုးစံ ကိုလည်း ဘွား လှမ်းကြည့်သည်။ ပေမယ့် .. အကင်းပါးသော ဘွား သည် ဘာမျှမမေး ..။

"ကဲ .. ကဲ .. စာကြည့်ခန်းထဲ လိုက်ခဲ့ကြ .. နှစ်ယောက်စလုံး ကိုက်ခဲ့ .. မယ်ယု .. သူတို့အတွက် နို့ကော်ဖီနဲ့ ပေါင်မုန့်ကြက်ဥကြော် သား လုပ်ပေး .. အခန်းထဲ မဝင်ခင် တံခါးခေါက် .. ဟုတ်ပလား.."

ဟု မြရေးချယ် နှင့် မိုးမိုးစံ ကိုလည်း စာကြည့်ခန်းဆီသို့ ဦးဆောင် ဘွား ခေါ်လာရင်းမှ ဒေါ်ကြီး ထွေးယု ကိုလည်း လှမ်းမှာခဲ့သည်ပါ ..။

စာကြည့်ခန်းထဲရောက်တော့မှ ဘွား သိမ်းကျုံး၍ ကြည့်သည်က ရေးချယ် နှင့် မိုးမိုးစံ တို့ နှစ်ယောက်ကိုပါတည့် ..။

"ကဲ .. ဆိုစမ်းပါဦး .. ဒီကလေး ဘယ်လိုပါလာတာလဲ .. လူတစ် ယောက်ကို ခေါ်လာတာနော် .. ကလေးဟာလည်း လူတစ်ယောက်ပဲ ရေးချယ် .. မနေ့ညကအထိ .. ဘွား ဆီကို ရေးရေး ဖုန်းဆက်တဲ့အထဲ ဒီကလေးကိစ္စ လေငွေ့ရိပ်လေးတောင် သမ်းထားတာ မရှိဘူး နော်.. လို့ .. အဲဒီကတည်းက .. ဖုန်းနဲ့ ထည့်မပြောပြရတာလဲ .."

ဘွား ခပ်တည်တည်မေးတော့ မြရေးချယ် မျက်နှာလေး ညှိုးနေ ည်။ စိတ်ဓာတ်ကျစ ပြုလာရပြီ ..၊ ရွှေခြူးလေး ကို လက်မခံလျှင် ယ်နှယ်လုပ်ရမည် မသိ ..၊ မြရေးချယ် ကဖြင့် ရွှေခြူးလေး ကို ယောချဉ်လည်း ရှိနေရပြီ ..၊ ချစ်လည်း ချစ်နေရပြီ ..။

"ရွှေခြူးလေး က သိပ်လိမ္မာတာ ဘွား ရဲ့ .. ညာဉ်လေးလည်း ကောင်းတယ် .. သနားစရာလည်း ကောင်းတယ် ဘွား .. သူ့ကို မြရေး ယ် မွေးထားမလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံလေး တိမ်ကျနေရင်း ဘွား ကို မရဲတရဲကြည့်ကာ ပြော နေပုံလေးက ခွင့်ပန်ရိပ် ဆန်နေသည်။ ပူဆာရိပ် သမ်းနေသည်။ အသနား ခံနေတာလည်း သိသာနေသည်။ ဘွား တစ်ချက် ငြိမ်၍ မြရေးချယ် ကိုရော မိုးမိုးစံ ကိုရော ကြည့်နေပါ၏။

"ကဲ .. ဆိုစမ်းပါဦး .. ဒီကလေး ညာဉ်ကောင်းပုံတွေ .. လိမ္မာပုံ တွေ .. သနားစရာကောင်းနေပုံတွေ .."

ဟု မေးလာတော့လည်း မြရေးချယ် အဖြစ်စုံအားလုံး ပြောပြလိုက် ရသည်ပါပဲ ..။ ဘွား ငြိမ်၍ နားထောင်နေသည်။ ကလေးပုခက်ခြင်းလေး တင်ထားရာ ဆိုဖာရှည်ကြီးကိုလည်း လှမ်းကြည့်သည်။ နောက်တော့ ဘွား ရွှေခြူးလေး အိပ်နေရာဆီသို့ လျှောက်သွားကာ ရပ်မိုး၍ အတန် ကြာ ကြည့်သည်။ နောက်တော့ သက်ပြင်းရှိုက်၏။

"အိပ်နေတာလေးက .. ညည်း ငယ်တုန်းက အတိုင်းပါလား - သိပ်ကို အပြစ်ကင်းစင်တာ .. ချစ်စရာလေး .. ဪ .. ဒီကလေးနဲ့ အဖြစ်ဆန်းလိုက်တာ .. တကယ်တော့ အဖြစ်ဆိုးတယ်လို့ နိမိတ်မဖတ် ချင်ဘူးလေ .. ဒါကြောင့် အဖြစ်ဆန်းတယ်လို့ပဲ ပြောချင်တော့တယ် ကဲ .. ကဲ .. ညည်း ဒီကလေး မွေးမယ်ဆိုတော့ကော .. ဘယ်လိုမွေးမှာ လဲ .. ရှင်းအောင်တော့ မေးထားချင်ပါရဲ့ .. ငါ့အမွေ ဆက်ခံရမှာ ညည်းတစ်ယောက်တည်း ရှိခဲ့တာနော် .. ဒီကလေးကို မွေးမယ်ဆိုရင် ညည်းဝေစုထဲက ခွဲပေးရမှာတော့ မမေ့နဲ့ .. လူတစ်ယောက်ကို မွေးမယ် ဆိုရင် .. တာဝန်လည်း ယူရမယ် .. လူလားမြောက်အောင်လည်း မွေး မယ် .. သူ့ဘဝအတွက် .. ပေးထိုက်ရာကိုလည်း ပေးရလိမ့်မကွယ် - အဲဒါကို အဖြစ်ခံနိုင်ရင် ညည်း မွေးစားပေရော့ .. အဲသလို အမွေ အထိမခံနိုင်ရင် .. မိဘမဲ့ဂေဟာ တစ်ခုခုကို အပ်ရမှာပဲ .."

ဘွား ကိုယ်တိုင်လည်း ဖြူဥဥနှင့် ရွှေခြူးလေး ကို မြင်တော့ မှာ မထားနိုင်သည့် အဖြေတစ်ခုကို ပေးရမှာ မပေးရက်သလို ဖြစ်နေ





သည်ပါပဲ။ ရှင်းအောင် ခုကတည်းက ဖြူဘာရာကို ထည့်မေးလာတော့ လည်း မြရေးချယ် ခေါင်း ခပ်မြန်မြန် ညိတ်ပြရပါပြီ။

ရွှေခြူးလေး အတွက် အမွေအနှစ် ခွဲဝေပေးဖို့ဆိုတာက ဘာမှ ခက်ခဲရာမှ မဟုတ်ချေသည်ပဲလေ ..။ ကိုယ့်ရင်ခွင်မှာ ကြီးရမည့် ကလေး ..၊ ဤကလေး ကြီးလာတော့လည်း ကိုယ့်ချမ်းသာရာကို ခံစား ခွင့်ပေးဖို့ ဘာမျှ ဝန်လေးစရာမရှိ ..။

"နောက်တစ်ခု .. ရေးမရေး က အပျိုလေး .. ခုလို .. ကလေးလေး တစ်ယောက် မွေးထားတယ်ဆိုကာ .. ဘေးပတ်ဝန်းကျင်မှာ သို့လော သို့လော တွေးစရာတွေ ဖြစ်လာတတ်တယ် .. ညည်းလေးက ရန်ကုန် နဲ့ နောင်တာရားမြို့ကို လူလားခေါက်တင် သွားနေတာ .. ခုလို .. ကလေး တွေ ဘာတွေ ပါလာတဲ့ကိစ္စ .. လူတွေက ဟိုမှာပဲ ကလေးသွားမွေး သလိုလိုတွေ ဖြစ်မလာနိုင်ဘူးလား .. အဲဒါ .. ဘွား တစ်ချက် ရင်ထဲ လေးမယ် နေ့ခနေ့ .."

ဘွား ပြောတော့ မိုးမိုးစံ ပင် ခုမှ တွေးမိလာပုံဖြင့် မြရေးချယ် တို့ စိတ်ပူသလိုလေး ကြည့်လာသည်။ မြရေးချယ် လည်း ငိုင်နေသည်။ ရွှေခြူးလေး ကိုယည်း ဘွား ဘေးမှာ ရပ်ရင်း ငုံ့မိုး ငေးမှိုက် ကြည့်နေမိ ခဲ့ပါပြီ။ အာရုံထဲ ဝင်လာသည်က .. ရောင်စုံ ဘာပန်းချုံချုံတွေရှိရာ .. မြက်ခင်းပေါ်မှာ ငိုနေသည့် ရွှေခြူးလေး .. ။ မြရေးချယ် တို့ကို မြင် တော့ အားကိုးရာအဖြစ် လက်လေးတွေ ခြေထောက်လေးတွေကို လေး ဆက်ထောက်၍ ခပ်မြန်မြန် လာခဲ့ပါသည့်ပုံလေး ..။ ခမျာ .. လမ်းပင် ခြေနိုင်နိုင် မလျှောက်နိုင်ရှာသေးသည့် ကလေး ..။

"သူ့ကို .. ရေးရေး စတွေ့ချိန်တုန်းက .. သူ .. ရေးရေး ကို အရမ်း ကို အားကိုးခဲ့တာ .. သူ့ကို ပွေ့ချီလိုက်တော့လည်း ဖက်ထားလိုက်တာ သွားရယ် .. 'ဒီကလေးကို .. ရေးရေး မမွေးဘဲ ထားလို့ ဖြစ်မလား .. ပြော့ .. ဒီတော့ .."



www.burmeseclassic.com

www.burmeseclassic.com



မြရေးချယ် ခေါင်းလေးကုပ်၍ စဉ်းစားသည်။ မိုးမိုးစံ ကို အတန်ကြာ စိုက်ကြည့်နေရာမှ ဝမ်းသာအားရဖြင့် ...

"ဒီလိုလုပ်မယ်လေ .. မိုး ရဲ့ ညီမတစ်ဝမ်းကွဲ ရှိတယ်လို့ .. သူက.. အရမ်းကို ကလေးတွေ များတယ်လို့ .. အဲဒါကြောင့် .. ဒီကလေးကို သိပ်ပြီး တာဝန်ယူရတာ မနိုင်မနင်းဖြစ်နေလို့ .. ရေးရေး ယူမွေးထား ပေးလိုက်တယ်လို့ ပြောလိုက်မယ်လေ .. မိုး ကလည်း အဲသလိုပဲ လေသံ တွေ ဒီမှာ ပစ်ထားပေးပေါ့ .. ပြီးတာပဲ .."

မိုးမိုးစံ ပြုံးသည်။ မရှိသည့် ညီမတစ်ဝမ်းကွဲ ...၊ ပြီးတော့ .. မရှိသည့် ကလေးတွေ ...။ ထိုအရာကို ပြောပေးရမည်တဲ့ ...။

"ဟဲ့ .. ခုမှ မိုး ကဖြင့် ငယ်ငယ်လေး ရှိသေးတာ .. ဘယ့်နှယ်လုပ်ပြီး သူ့ထက်ငယ်တဲ့ ညီမတစ်ဝမ်းကွဲက .. ကလေးတွေအများကြီး မွေးနိုင်မှာတဲ့လဲ .. အစ်မလို့ ပြော .. အစ်မကြီးတစ်ဝမ်းကွဲလို့ ပြော - အဲဒါမှ ယုတ္တိရှိမှာပေါ့ဟဲ့ .. တကတည်း .."

ဘွားဝင်၍ထောက်တော့မှ လွှလည်လုပ်နေသည့် ရေးရေး ရယ်သည်။ မိုးမိုး လည်း လိုက်၍ ရယ်ပါသည်။

"မထူးပါဘူးဟယ် .. နင့်အစ်မ တစ်ဝမ်းကွဲက .. အမြွှာတွေပါ မွေးထားတာလို့ ပြော .. သိလား .. အမြွှာပူးမှ သုံးယောက်တောင်လို့ ပြော .. ပထမ .. အမြွှာက နှစ်မြွှာပူး .. ဒုတိယအမြွှာက သုံးမြွှာပူး - တတိယကလေးက တစ်ယောက်တည်း မွေးတာ .. စတုတ္ထမြောက်ကျတော့ အမြွှာထပ်မွေးတယ်လို့ ပြော .. အခု .. ရွှေခြူး ကျတော့ တစ်ယောက်တည်း မွေးတယ်လို့ ပြော .."

မရှိသည့် အစ်မတစ်ဝမ်းကွဲသည်လည်း ဒေါ်မွေးလွှန်း ဖြစ်နေရပြီ- မိုးမိုးစံ ရယ်လိုက်ပါချေသတည်း။ ဤ ရွှေခြူးလေး အတွက် အဖေတွေ .. အမေတွေ .. မောင်နှမအတုတွေ တစ်လှေကြီး ရှိနေရချေဦးတော့မည်။





နာမည်ကိုတော့ သေချာတိုင်ပင်ပြီး သတ်သတ်မှတ်မှတ်.. မှတ်မိအောင် စာအုပ်ထဲမှာပင် ရေးသားထားဖို့ လိုမည်ဟု မိုးမိုးစံ တွေးသည်။

ဘာကြောင့်ဆို .. ရွှေခြူးလေး ၏ မိဘအမည်တုတွေဆိုတာက.. မရှိသည့်အမည်တွေ ဖြစ်ချေတာမို့ .. မေ့နိုင်သည်လေ ...၊ လိမ်ညာခြင်းဆိုတာက မေ့သွားစေတတ်သည်ကိုး ...။ တစ်ယောက်ပြော အမည်တစ်မျိုး ဖြစ်နေတာမျိုး ဖြစ်ကုန်ကြမည်။

"ဒီလိုဆို .. ရွှေခြူးလေး ရဲ့ အဖေ အမေ နာမည်ရွေးကြရအောင်.. ငါ့အဘရဲ့ အစ်ကိုက မွေးတဲ့ သမီးဆိုပါတော့ .. ငါ့ဘကြီးက ဦးအိုက်ခမ်း .. ဦးအိုက်ခမ်း နဲ့ ဒေါ်နန်းဟွာ တို့ရဲ့ သမီးက ဒေါ်ခမ်းမွှံ .. ရွှေခြူးလေး ရဲ့ မိဘက ဦးအိုက်မောင် နဲ့ ဒေါ်ခမ်းမွှံ .. နင့်ရဲ့ လိမ္မော်ခြံတွေမှာ .. အလုပ်လုပ်တယ်လို့ ပြောကြမယ်လေ .."

ရွှေခြူးလေး ပဒုမ္မာမှာ လုံခြုံအေးမြနေရဖို့အတွက်တော့ .. ဇာတ်ကောင်တွေကို မွေးမြူ၍ ...။ လိမ္မော်ခြံလုပ်သား ဇနီးမောင်နှံ ဒေါ်မွေးလွှန်း ၏သား ရွှေခြူး အဖြစ် ရှိသွားရပြီ။ ဤသို့ .. ပဒုမ္မာမှ အားလုံးသော သူတို့ကို အသိပေးရချေမည်ဟု မြရေးချယ် ဆုံးဖြတ်လိုက်ရပါပြီ ...။

ခုထိ .. မျက်တောင် ထူစင်းစင်းလေးတွေ ဝိတ်ချလျက် အရုပ်လေးနှယ် အိပ်မောကျနေပါသည့် ရွှေခြူးလေး ကို ချစ်စိတ်ဖြင့် ငုံ့မိုးကြည့်တာ ...

"ဒီနေ့ဟာ .. ပဒုမ္မာ မှာ .. ရေးရေး ရဲ့ ရွှေခြူးလေး .. ချမ်းမြေ့လုံခြုံခြင်းဆိုတဲ့ အနာဂတ်အတွက် .. စတင်ရောက်လာတဲ့နေ့ပဲ ကလေးလေး ရေ .."

ဟုလည်း ပြောမိ ...။ နဖူးပြင်နုနုလေးကို ဖွဖွလေး နမ်းလိုက်မိရပါချေသည်တကား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ကလေးပုခက်ရယ် .. တစ်ခါသုံး ခါးတောင်းကျိုက် ဘောင်းဘီ ပါကင်တွေရယ် .. ကလေးအဝတ်ကွေရယ် .. ပြီးတော့ နို့မှုန့်ဘူး - ကလေး အာဟာရဘူး .. ဦးထုပ် .. ဖောင် .. ကလေးဖိနပ် .. ခြေအိတ် - လက်အိတ် .. ကလေး ခေါင်းလျှော်ရည် .. ကလေးတိုက် ဆပ်ပြာခဲ - ကစားစရာ .. ကလေးဖက်အုံး .. ခေါင်းအုံး .."

ဝယ်ပြီးသမျှ ပစ္စည်းတွေက မနည်းတော့ပြီ ..၊ အဖော်လုပ်၍ ပါ လာရပါသည့် လေးလေးသော် လည်း မသက်သာ ..။ ပစ္စည်းတွေ သယ် ရ ပြုရ ..၊ ကားပါကင်ထိုးထားရာသို့ မြရေးချယ် နှင့်အတူ အခေါက် ခေါက် သွားထားရနှင့် ပင်ပန်းနေမှာ မြရေးချယ် သိသည်ပါပဲ။

ဒါပေမယ့် မတတ်နိုင် ..၊ ဝယ်မှဖြစ်မည့် ပစ္စည်းတွေ ဝယ်ရသည် ကားထဲ သွားထားရမည် ..။ စူပါကာစတာန်ကားထဲမှာ ပစ္စည်းတွေ တစ်ခါ တစ်နိုင်ဝယ်ပြီး သွားထားလိုက် ..၊ နောက်တစ်ကျော့ ရှော့ပင် မောလ်ထဲ ပြန်ဝင် ..။ ပြန်ဝယ်နှင့် ရှိနေရသည့်အဖြစ် ..။

နောက်ဆုံး သတိတရဖြင့် ထပ်ဝယ်ဖြစ်သည်က ကလေးကျော ဝတ် ..၊ ဒါလည်း လိုသည်လေ ..။ ပြီးတော့ .. ကလေးလှည်းလေး ဒါလည်း လိုသည်ပဲ ..။





တခြား ဘာကိုမျှ မဝယ် ..။ သွန်ဝယ်နေသည့် ပစ္စည်းတိုင်းသည် ကလေးသုံးပစ္စည်းတွေချည်း ဖြစ်နေသည်။ ခုလည်း တစ်ချက်ရပ်၍ ပစ္စည်းတွေအမည် တောက်လျှောက် ရွတ်နေခြင်း ..၊ မျက်ခုံးနက်လေး ကို စုကွေး၍ မြရေးချယ် ခေါင်းထဲမှ ဦးနှောက်တွေကို ကောင်းကောင်း ခိုင်းနေခြင်း ..။

ဘာကျန်နေဦးမည်လဲ .. ဆိုသည့်အလုပ်ကို ဦးနှောက်လည်း ပူထူ နေအောင် စဉ်းစားနေရပါသည့်အဖြစ် ..၊

"ဟာ .. ကြည့်စမ်း .. မေ့နေလိုက်တာ .. ကလေး ကိုယ်လိမ်း ပေါင်ဒါ ကျန်နေတယ် .. ကလေး ကိုယ်လိမ်းအလှဆီလည်း ကျန်နေ တယ် .. တီဗွီကြော်ငြာတွေ ကြည့်တဲ့ ကျေးဇူးပဲ လေးလေးသော် ရဲ့ .. နို .. ကြည့်စမ်း .. ဟိုကြော်ငြာထဲက ဥစ္စာတွေ သတိရ .. ဒီကြော်ငြာထဲ က ဥစ္စာတွေ သတိရနဲ့ .. ဝယ်ဖြစ်နေလိုက်ဟာ .."

ရယ်၍ပင် လေးလေးသော် ကို ပြောမိရသည်က မြရေးချယ် ပါ..။ လေးလေးသော် ကတော့ ပင်ပန်းသည့်ကြားထဲမှ ပြုံးသည်ပါပဲ။ ရွှေခြူး လေး အတွက် ဝယ်လိုက်သည့် အဝယ်သည် ခုထိ အဆုံးမသတ်နိုင်သေး ဘဲ ရှိနေဆဲ ..။ ကလေးလေးကို အတော်ချစ်သည်ပဲ လေးလေးသော် အားလည်ရင်း ကြည်နူးရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် .. မိုးမိုးစံ ၏ တူလေး ကံကောင်းသည်ဟု ပီတိ ဖြစ်ရသည်။

ဤနေ့မှာ ရောက်လာပါသည့် မြရေးချယ် နှင့် မိုးမိုးစံ တို့မှာ ရွှေခြူးလေး ပါလာသည်။ ထိုပါလာသည့် ကလေးသည် မိုးမိုးစံ ၏ ဘူတစ်ဝမ်းကွဲလေး ဖြစ်သည်တဲ့ ..။ ဒါကို သိခဲ့ရပြီ ..၊ ဘွား ထံမှ ထို ကလေးကို မွေးခွင့်တောင်းတော့ ဘွား ကလည်း ခွင့်ပြုသည်တဲ့ ..။ ဘွားနှင့်အတူ စာကြည့်ခန်းထဲ ပါသွားကြပါသည့် မြေးအဘွား ပြန် ထွက်လာချိန်မှာ ရွှေခြူးလေးနှင့် ပတ်သက်တာတွေကို မြရေးချယ်မှ အစ္စာရှိလူတွေအားလုံးကို ပြောပြခဲ့သည်ကိုးလေ ..။

www.burmeseclassic.com



စာကြည့်ခန်းထဲ ဝင်သွားကြတုန်းကလည်း မိုးမိုးစံ ရော .. ရွှေခြူး
လေး ရော ဘူတူပါသွားကြတာ ဘွားနှင့် တံခါးပိတ် ပြောကြဆိုကြတာ
မို့ ဦးကြီးသော် တို့ ဘာမှ မကြားနိုင်ကြရပေမယ့် .. ထိုကလေးသည်
ရွှေခြူး ဆိုသည့် အမည်လေးဖြစ်ကာ .. မိုးမိုးစံ ၏ တူလေး ဖြစ်တာတွေ
ကိုတော့ .. စာကြည့်ခန်းထဲမှ ပြန်ထွက်လာပြီးသည့်နောက်မှာ မြရေး
ချယ် ပြောပြခဲ့သည်မို့ .. ဒေါ်ထွေးယု လည်း သိခဲ့ရပြီ ..။

ဘွား ၏ ကားမောင်း ပေးရပါသည့် ဦးသိန်း လည်း သိခဲ့ရပြီ
လေးလေးသော် လည်း သိရပြီ။ ခု .. မိုးမိုးစံ ကို ကလေးနှင့် ထားခဲ့ကာ
ကလေးပစ္စည်း အဝယ်ထွက်သည်က မြရေးချယ် ပါ ..။ ဤသည်
လည်း ရွှေခြူးလေး ကို နို့ဘူးတိုက် ..၊ အာဟာရကျွေး ..။ က
အိပ်တော့မှ .. ကလေးအစောင့်အဖြစ် မိုးမိုးစံ ကို ချန်ရစ်ခဲ့ကာ ဈေးဝ
ထွက်ခြင်းပါ ..။

"ရွှေခြူးလေး ပြန်မနိုးခင် ဟိုကိုရောက်မှ ဖြစ်မှာ .. ရွှေခြူး
က ရေးရေး ကို သိပ်ချစ်တာ .."

"သူ့အဒေါ် မိုးမိုး ကျန်ခဲ့တာပဲ ရေးရေး ရယ် .. အဒေါ်ကိုလည်း
ရွှေခြူးလေး က ပိုတောင် ချစ်မှာပါ .."

ဟု ပြောမိတော့ မြရေးချယ် မျက်မှောင်လေးကုပ်၍ လေး
သော် ကို မှုန်တေတေ ကြည့်စပြုလာပြီ ..။

"ရွှေခြူးလေး ကို နောင်တရားမှာကတည်းက .. ရေးရေး
ပွေ့ဟယ် .. ချီဟယ် .. ချစ်ဟယ်နဲ့ ရှိခဲ့တာပါ လေးလေးသော်
ကလေးက မိုးမိုး ထက်ကို .. ဟောဒီက ရေးရေး ကို ပိုချစ်တာ
လား .."

ခုကတည်းက မနာလိုစိတ်တွေ ကဲနေသည့် စိတ်ဖြင့် မြရေး
မိုးမိုး ကိုပင် အလွှတ်မပေး..၊ မြရေးချယ် သည် ရွှေခြူးလေး ၏
ဆုံးသော သူတစ်ယောက်အဖြစ် ထိပ်တန်းနေရာမှာ ရှိနေချင်





သိသိသာသာကြီး ဖြစ်နေပါချေ၏။

"ဟယ် .. ကလေးခြင်ထောင် မေ့နေတယ် .. ကလေးခြင်ထောင်
ဝယ်မှ ဖြစ်မယ် .. အိမ်မှာ ခြင်လုံဇကာတွေ တပ်ထားပေမယ့် .. စိတ်
မချပါဘူး .. ခြင်ထောင်တော့ .. ကလေးကို ထောင်သိပ်မှ ဖြစ်မှာ ..
ကလေးဆိုတာ နုနုနယ်နယ်လေးရယ် .. ခံနိုင်ရည်ရှိတာ မဟုတ်ဘူး..
ခုခေတ် ခြင်တွေကလည်း .. ဟိုရောဂါပိုး ပါရတာနဲ့ .. ဒီရောဂါပိုး
ပါရတာနဲ့ .. ခြင်တွေကိုက အဆိပ်ပြင်းတဲ့ ခြင်တွေ ဖြစ်နေတာ ဆိုး
တယ် .. ရေးရေး တို့ ငယ်တုန်းကထက် .. ခု ခြင်တွေက ပိုပြီး အကောင်
သေး အကောင်ကြီး မရွေး ရောဂါပိုးတွေ ပိုများနေတဲ့ ခြင်တွေ ဖြစ်နေ
တာ သိရဲ့လား .."

လေးလေးသော် ပြုံးရပြန်၏။ ခြင်လည်း မချမ်းသာ ..၊ မြရေးချယ်
၏ မျက်စိထဲမှာ ခြင်တွေသည် ရောဂါပိုးတွေကို ကျောပိုးအိတ်ဖြင့်
သယ်လာနေသည့် အကောင်ပလောင်တွေ ဖြစ်ကုန်ကြရချေပြီတည့် ..။

ကလေးခြင်ထောင် လှလှလေး နှစ်စုံ ဝယ်သည်။ တစ်စုံက အုပ်
ဆောင်း ဇကာခြင်ထောင် .. တစ်စုံက ကလေးပုခက်သုံး ခြင်ထောင်..။
ဝယ်သည့်အဝယ်သည် မရပ်သေး။ ကလေးဘီး ငယ်ငယ်လေးကအစ
ပါသည်။ ကလေးသုံး ခေါင်းလိမ်းဆီမွှေးလေးလည်း ပါသည်။

"စုံသလောက်ရှိပြီ ထင်ပါရဲ့ ရေးရေး ရယ် .."

လေးလေးသော် ပြောနေချိန်မှာပင် မြရေးချယ် ၏ ဟန်းဖုန်းလေး
မြည်လာပါ၏။ ကြည့်လိုက်တော့ ပဒုမ္မာအိမ်၏ ကြိုးဖုန်းနံပါတ် ဖြစ်
နေသည်။

"ဟယ်လို .."

"မိုးမိုး ပါ .. အမြန်ပြန်လာတော့ .. ဒီမှာ ရွှေခြူးလေး နိုးလာ
ကတည်းက .. ရေးရေး ကို မမြင်ရလို့ ထင်တယ် .. ငိုလိုက်တာ ..
ချော့လို့လည်း မရဘူး .. ဟိုကြည့်သည်ကြည့်နဲ့ ဖြစ်နေတယ် .. ရေးရေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာနေတယ်ထင်တာပဲ .. ပွေ့ချီပြီး ချော့လည်း မရဘူး .. လမ်းလျှောက်ပြီး .. သူ့ပခုံးလေး ချော့ပုတ် ပွေ့ချော့လည်း မရဘူး .. နို့ဘူးတိုက်လည်း မျက်နှာကို လွှဲလွှဲပြီး မစို့ဘူး .. ငိုတာလည်း မနားဘူး .. အစပိုင်းက တော်တော်နေကြာ အငိုရပ်မှာပဲ .. အငိုရပ်မှာပဲနဲ့ ချော့နေမိတာ .. အခုတော့ .. ကလေးလည်း မောလှပြီ .. အငိုလည်း မရပ်ဘူးဖြစ်နေတယ်.. သနားလို့ ရေကိုတိုက်တော့လည်း မသောက်ဘူး .. ချွေးတွေလည်း နစ်နေပြီ .."

မြရေးချယ် စိတ်ပူရသည်မှ ပျာပျာသလဲကြီးဖြစ်နေရင်း တက်သုတ်နှင်၍ ပြန်ဖို့ ခေါက်ကုန်ရသည်ပါပဲ ..။

"နင်ကလည်းဟယ် .. ချက်ချင်း ခေါ်တာမဟုတ်ဘူး .."

ရပ်မနေနိုင် ..၊ လျှောက်လျှောက်ပြောပြောဖြင့် ဖုန်းဆက်ပြောပြီးတာနှင့် ကားပါကင်နေရာသို့ အထုပ်အပိုးတွေ၊ အဆွဲတွေ တပွေ့တပိုက်ကြီးဖြင့် လေးလေးသော် နှင့်အတူ သွားရသည်။

"အမြန်ဆုံး အိမ်ပြန်မှ ဖြစ်မှာ လေးလေးသော် .. ရွှေခြူးလေး ငိုနေတာ မနားဘူးတဲ့ .. ဒုက္ခပါပဲ.. မိုး ကလည်း ကလေးကို အငိုတိတ်အောင်တောင် မချော့တတ်ဘူးတဲ့လား .. သူ ကျန်ခဲ့ရင် .. ရွှေခြူးလေး နိုးလာတဲ့အခါ .. သူနဲ့နေရင် အဆင်ပြေမယ်လို့ ထင်ထားတာ .. အခုဖြင့် ခက်ပြီ .. ကလေးတစ်ယောက် ခဏထားခဲ့ပါတယ် .. ငိုတာလေးတောင် မချော့တတ်ဘူးတဲ့ .. ညံ့ပုံများ .."

လေးလေးသော် ကားမောင်းနေရင်းမှ လှည့်ကြည့်မိရပါပြီ..။ ဘယ့်နှယ် .. ကလေး၏ အခေါ်ဆိုတာက .. ကလေးနှင့် ပိုပြီး အလျဉ်းသင့်ရမည်ပေါ့ ..။ ခုဥစ္စာက .. မိုးမိုးစံ ထက် ပိုပြီး ဘေးလူဖြစ်သည့် မြရေးချယ် ကို ကလေးက ပိုချစ်နေရသည်တဲ့။ မျက်စိအောက်မှ အပျောက်မခံနိုင်ဘဲ ဖြစ်နေရသည်တဲ့လားလေ ..။

မြရေးချယ် ကို ကြည့် ..၊ ကလေးအတွက် စိတ်ပူနေတာကလည်း





ပူပန်သလဲပုံ..၊ ပြီးတော့ မိုးမိုးစံ ကိုလည်း အပြစ်တင်တင်ဖြင့် မျက်နှာလေး မှုန်တင်းနေသည့်အဖြစ် ..။

"ရေးရေး အရင်အခေါက်တွေ .. ရန်ကုန်တစ်လှည့် နောင်တရားတစ်လှည့် နေနေတာပဲကွယ် .. ဟိုတုန်းကတော့ .. ရွှေခြူးလေး ကဖြင့်.. သူ့မိဘ .. သူ့အခေါ်နဲ့ .. အဆင်တပြေ နေတတ် ထိုင်တတ်နေတာပဲမဟုတ်လား .. သိပ်လည်း စိတ်မပူပါနဲ့ ရေးရေး ရယ် .. ခုလောက်ဆို.., ကလေး အငိုရပ်လောက်ပါပြီ .."

ဟု လှည့်ပြောယူရသည်အထိ မြရေးချယ် အရမ်း စိတ်ပူနေတာကလည်း ဘေးလူသိလောက်အောင် ဖြစ်နေရသည်တည့် ..။ ထိုအခါမှ မြရေးချယ် သတိဝင်လာရပါပြီ ..။ ကလေးက မိုးမိုး ၏ တူဟု ပြောထားသည် မဟုတ်ပါလား ..၊ ထိုစကားကို လတ်တလောမှာ ရုတ်တရက် မေ့သွားရသည်လေ ..။

"ကလေးဆိုတာ .. ဂါက်သာတဲ့သူကို ပိုချစ်တာပဲ လေးလေးသော်ရဲ့ .. ခုဥစ္စာက .. အမေနဲ့လည်း ဝေးနေရ .. မိုးမိုး ကလည်း .. အစကတည်းကိုက .. ရေးရေး လောက် ကလေးကို ချီဟယ် ပွေ့ဟယ် သိပ်လုပ်ဖြစ်ဖူးလေ .. ဒါကြောင့် .. ရေးရေး ကို ပိုချစ်တာပါဆိုမှ .."

ဟု ပြောရပါပြီ ..၊ မြရေးချယ် ရင်ထဲမှာ ချက်ချင်း အသိတရားတစ်ခုက တိုးဝင်လာသည်။ ရွှေခြူးလေး ကို တောပန်းရောင်စုံ တောနေရာလေးမှာ မြရေးချယ် စတွေ့ရသည့်နေ့ ..၊ ထိုနေ့က .. ရွှေခြူးလေးမျှာ .. ရေးရေး ကို တွေ့တာနှင့် အားကိုးတကြီး ငိုယိုကြည့်ရင်း အရမ်းကို မြန်ဆန်လွန်းစွာ လေးဖက်လေးထောက်၍ ဦးတည်လာခဲ့သည်မဟုတ်ပါလား ..။ လက်လေးတွေက မြက်ခင်းစိမ်းပေါ်မှာ အားပါအင်ပါဖြင့် ရှေ့သို့ အလောတကြီးနိုင်စွာ တိုးရွှေ့လာကြသည့်နှယ် ..၊ ခြေထောက်လေးတွေကလည်း ဒူးလေးတွေ ထောက်ရွေ့ရင်း ခြေဖဝါးအစုံက လျှောခနဲပါအောင် တွန်းပေးနေသည့်နှယ်ပင် မြန်ဆန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်ပဲ ..။

အရမ်းကို ကြောက်ရွံ့အားငယ်နေသည့် မျက်နက်ဝန်းလေးတွေကို မြရေးချယ် မမေ့ ..၊ ထိုမျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်နေသည်၊ အားကိုးရိပ်တွေလည်း ပြည့်နေသည်။ မြရေးချယ် ကို ကြည့်သည့် အကြည့်လေးတွေသည် ..၊ ဘယ်တော့မှ .. မြရေးချယ် ကို မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ရှိနေသည့် အကြည့်မျိုးတွေ ဖြစ်နေသည်။

မြရေးချယ် သည်လည်း ရွှေခြူးလေး ထံမှ ထပ်မံ၍ ပျောက်ကွယ်ပျောက်ဆုံးသွားမှာ ..၊ ရွှေခြူးလေးသည်လည်း တစ်ယောက်တည်း ကျန်ခဲ့မှာတွေကို နဖန့်နနယ်လွန်းနေသည့် စိတ်အတွေးထဲမှာ .. နလုံးအိမ်ငယ်ငယ်လေးထဲမှာ စွဲစွဲနစ်နစ် ဖြစ်တည်ခဲ့သည့်နှယ်ပါ ..။

ခု .. ကြည့် ..၊ တကယ့်ကိုပင် .. ရွှေခြူးလေး သည် အရမ်းကိုသွေးလန့် ချောက်ချားစွာ .. မြရေးချယ် ကို အပျောက်မခံနိုင်သည့်စိတ်ဖြင့် ငိုယို ရှာဖွေနေချေသည်တကား ..။

ပဒုမ္မာ ၏ပေါ်တီကို အောက်မှာ ကားရပ်လိုက်တာနှင့် မြရေးချယ် ကသောကမျော အိမ်ထဲ ပြေးဝင်ရသည်ပါပဲ။ မဝင်၍လည်း မဖြစ် .. ရွှေခြူးလေး ၏ ငိုသံက ကျယ်ကျယ်လောင်လောင်လေး ဖြစ်နေပြီ .. တစ်ချက်တစ်ချက်မှာ အသံလေး ပြတ်တောင်းတောင်း ဖြစ်နေတာလည်း ကြားနေရပြီ ..။

ငိုရလွန်း၍ မောနေရှာရှာမည်..၊ မောနေပေမယ့် အရှိန်ကိုမြှင့်၍ အော်ငိုနေပြန်တာကလည်း သိသိသာသာ ဟစ်ငိုသံလေးကြောင့်ပင် လျှင် ရင်ထဲ မချိစရာ လာလာဖြစ်နေရသည်တည့် ..။

ညှီခန်းထဲမှာ ဘွား လည်း မနေသာ ..။ မိုးမိုးစံ လည်း ကလေးကို ပွေ့ချီ၍ ချော့နေလျက် ..။ ဘွား ကဖြင့် ဘေးမှ ခေါင်းလေးသပ်ပေးလိုက် ..၊ ကျောလေး သပ်ပေးလိုက် ..။





"အို .. အေး အေး အို .. တိတ်ပါ .. တိတ်ပါ ကလေးရယ် .. တိတ်လေး လာနေပါပြီကွယ် .. ဟော .. လာနေပါပြီကွယ့် .."

နှင့် ချော့နေပါ၏ ..။ ဘယ်သူ့ဘယ်သူမှ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာလည်း မကြားလိုက်ကြ ..။ ညှီခန်းထဲ မြရေးချယ် ဝင်လာတာကိုလည်း မသိလိုက်နိုင်ကြ ..။ အရမ်းကို ငိုနေသည့် ရွှေခြူးလေး ကို ဝိုင်း၍ ချော့မော့နေကြခြင်းဖြင့် အလုပ်ရှုပ်နေကြ .. စိတ်ပူနေကြ..။

ချွေးပြန်နေအောင် ငိုနေသည့် ရွှေခြူးလေး ကို တဘက်နုနုလေးဖြင့် မျက်နှာကို သုတ်ပေးနေကြဖြင့် သူတစ်လက် ငါတစ်လက်ဖြင့် လက်တွေ ရှုပ်ယှက်ခတ်နေကြချေ၏။

အရေးထဲ ဒေါ်ကြီးယု ကလည်း နို့ဘူးကြီး တကိုင်ကိုင်ဖြင့် ကလေး ငိုတိတ်အောင် နို့တိုက်ဖို့ ကြိုးစားနေသည်။ ဘွားကို ကားမောင်းပို့ပေးရပါသည့် ဦးကြီးသိန်း လည်း မနေသာ ..။ ဤနေ့မှာ ဘွား ခမျာလည်း စက်ရုံသို့ မသွားဖြစ် ..၊ ဘွား ကို စက်ရုံသို့ ကားမောင်းပို့ရပါသည့် ဦးကြီးသိန်း လည်း ဤနေ့မှာ ကားမမောင်းဖြစ်နိုင်ဘဲ ကလေးချော့ ဦးကြီးသိန်း ဖြစ်နေရကာ ..

"ဟော့ .. ဟော့ .. ရွှေလက်ခုပ်ကြီး တီး .. တီး .. ရွှေကျီး ရွှေကျီး လာ .. လာ .."

လက်ခုပ်ကြီး တတီးတီး ..၊ ရွှေကျီးကြီး တလာလာဖြင့် ကလေး ချော့နေပါသည့် ဦးကြီးသိန်း လည်း ချွေးပြန်နေပြီ ..၊

အိမ်တံခါးဘက်ကို ဘယ်သူ့ဘယ်သူမှ မကြည့်ဖြစ်ကြသေး ..။ ခဏစဉ်နိုက် ..၊ ဩော် .. ထိုစဉ်နိုက်မှာ ရွှေခြူးလေး ၏ မျက်ဝန်းလေးတွေက ဖြုတ်ခနဲ လှမ်းအကြည့် ..၊ မြရေးချယ် ကို မြင်လည်း မြင် .. ငိုလည်း တိခနဲ ပြတ်ကျသွားပါသတည်း ..။

လက်ကလေးကမ်း၍ ပေး ..၊ ကိုယ်လေး ကိုင်း၍ ကိုင်း၍ အခေါ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းနေရှာချေသမျှ .. ထိုအခါမှ .. ကလေးကို ဝိုင်းကြည့်ချော့မော့သူ တစ်စု .. ရွှေခြူးလေး ကြည့်ရာကို လိုက်ကြည့်ကြ ..၊ ရွှေခြူးလေး ကိုယ်ကိုင်းကာ လက်ကလေး ကမ်းနေသည့်ဘက်ကို ကြည့်ကြဖြင့် လည်း ရှိကုန်ကြရလျက်.. ထိုအခါမှ မြရေးချယ် ကို မြင်ကြပါ သတည်း..။

မိုးမိုးစံ ကသုတ်ကရက် ပြေးလာကာ ချက်ချင်းပင် ရွှေခြူးလေး ကို မြရေးချယ် ၏ ရင်ခွင်ထဲ ထည့်ပေးလိုက်ပါ့သတည်း။

"ဖြစ်ရလေ .. ရွှေခြူးလေး မောနေရောပေါ့ .. တီတီလေး လာမှ ပေါ့ ရွှေခြူးလေး ရဲ့ .. ကြည့်စမ်း .. ချွေးတွေ နစ်နေတာပဲ"

ဆံပင်နုနု နက်နက်လေးတွေလည်း ချွေးတွေ နစ်နေသည်။မျက် နှာလေးမှာကဖြင့် မျက်ရည်ဥလေးတွေ အရှိန်မတန့်သေးဘဲ ကျနေဆဲ.. မြရေးချယ် ၏ရင်ခွင်မှာ မျက်နှာလေး ကပ်ထားသည်။ ရှိုက်သံလေးက လည်း အရှိန်မတန့်နိုင် ..၊ အင့်အင့်ပါနေအောင် ရှိုက်သံက မပြတ်နိုင်ဘဲ ဖြစ်နေရှာပါ၏။

ဘွားထံမှ တဘက်နုလေးကို မြရေးချယ် ယူလိုက်ရကာ ရွှေခြူး လေး ကို မျက်နှာလေး သုတ်ပေး ..၊ ဆံပင်နုနုလေးတွေကို သုတ်ပေးနှင့် ရှိနေရပါ၏။

"အိုး .. ကျွတ် .. ကျွတ် .. မိုထား .. တီတီလေးကို ဖက်ထား .."

ဟု ချော့သံလေးဖြင့် မြရေးချယ် ပြောမိရကာ ရွှေခြူးလေး ၏ ခေါင်းလေးကို ဖွဖွသပ်ပေးမိရင်းမှ ရင်ခွင်မှာ ဖေးကပ်ထားမိရပါ၏။ ရွှေခြူးလေး ၏ လက်နုနုဥဥလေးတွေက မြရေးချယ် ၏ လက်မော တွေကို မလွှတ်တမ်း ဆုပ်ခဲကိုင်ထားသည်။

ရင်ဘတ်ပေါ် ခေါင်းလေး ဖိကပ်ထားလိုက် ..၊ တစ်ချက်ချက် .. မြရေးချယ် ၏ လက်မောင်းပေါ် နဖူးလေးလာ၍ ထိလိုက်ဖြင့် ရှိနေ ... မော့၍ မော့၍လည်း မြရေးချယ် ကို ကြည့်ကြည့်နေသည်။ ...





လည်း .. အင် .. အင် .. ဖြင့် ရှိုက်သံလေး က ပန်းလျလျ ပွင့်ကျနေ ရှာပါ၏။ မြရေးချယ် မျက်ရည်လည်လာရပါပြီ ..။

"ဘုရား .. ဘုရား .. ကလေးလေး သနားစရာကွယ် .. ခများ .. ရင်ခွင်ပျောက်သလိုကြီး ငိုနေတာ .. ဘွားဖြင့် .. ချော့မရ ပြုမရ ဖြစ် နေရင်း .. ရင်ထဲကို မချိတော့တာပါပဲ .. အင်း .. တွယ်တာရှာလိုက်တဲ့ ကလေး .. မြေးအပေါ် .. ချစ်ပုံများ .. မျက်စိအပျောက်မခံသလိုပါပဲ လား .. အိပ်နေရာက နိုးလည်း နိုး .. ဟိုကြည့်သည်ကြည့်နဲ့ .. မြေးကို ကြည့်ပုံ ရတယ် .. မတွေ့တော့ .. ငိုမဲ့မဲ့လေးဖြစ်လာရာက .. နောက် တော့ .. ငိုပါလေရော .. ဘယ်လိုမှကို ချော့မရတာ .. မတတ်နိုင်တဲ့ အဆုံး မိုးမိုး နဲ့ ဖုန်းဆက်နိုင်းရတာ .. ကလေးကို .. ဘွား တစ်လှည့် ပွေ့ပြီးတော့ .. မိုးမိုး ရေ .. မြေးကို ခေါ်ပါလှည့် ခေါ်ပါလှည့်နဲ့ ပြောမိ ရတော့တာပါပဲ .."

ဘွား ပြောကာ ရွှေခြူးလေး ကို ကြည့်သည်။ မြရေးချယ် မျက်ရည် ဝဲနေရင်းမှ ရွှေခြူးလေး ၏ ချွေးစို့နေသည့် ခေါင်းလေးကို ငုံ့နမ်းမိရ ပါ၏။

ဒေါ်ကြီးယု လက်ထဲမှ နို့ဘူးကို ယူ၍ တိုက်တော့လည်း ဘူးလေး ကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ကိုင်ကာ မောမောဖြင့် နို့စို့ရှာသည်က ရွှေခြူး ပါ ..။

"အလိုလေး ဟော်ရယ် .. ခုကျတော့လည်း အငိုတိတ်လိုက်ပုံ များ .. စောစောက ကြွက်ကြွက်ထ .. ပွက်ပွက်ဆူလို့ ငိုနေတဲ့ ကလေး.. ဘယ်လိုမှကို ချော့မရတာ .. ငိုရင်း .. ရေးရေး ကိုပဲ ရှာနေတာ သိရဲ့ လား .. တောက်လျှောက် ဟိုရှာသည်ရှာနဲ့ မျက်စိကလည်း မနားဘူး.. အငိုကလည်း မနားဘူး .."

ခုမှ ဒေါ်ကြီးယု လည်း လက်က အင်္ကျီလက်မောင်းစဖြင့် ပင့်၍ မျက်နှာမှ ချွေးကို သုတ်နိုင်ပါချေသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မိုက် မြရေးချယ် နို့ဘူးလေး ထိန်းကိုင်၍ နို့ဘူးတိုက်နေသမျှ အငမ်းမရ မောမောဖြင့် စို့နေပါသည့် ရွှေခြူးလေး ၏ လက်လေးတွေက ဖြတ်ခနဲပင် လက်တစ်ဖက် နို့ဘူးမှ ခွာသည်။

ငုံ့မိုး၍ ကြည့်နေပါ သည့် မြရေးချယ် ၏ မျက်နှာလေးကို လာ၍ ထိသည်။ နုဖတ်ဖတ် လက်ဖဝါးလေးတွေဖြင့် မြရေးချယ် ၏ ပါးလေးကို ပွတ်ဆော့နေရှာပါ သတည်း ..။

"ကလေးရယ် .. တီတီလေး .. ဘယ်တော့မှ .. မထားခဲ့ဘူး သိလား .. ဘယ်သွားသွား .. ခေါ်သွားမယ် .. အလုပ်သွားရင်လည်း ခေါ်သွားမယ် သိလား .."

ရင်ထဲ မချိနိုင်လွန်းစိတ်ဖြင့် မျက်ရည် လည်တက်လာရင်း ရွှေခြူးလေး ၏ လက်နုနုလေးကို ဖွဖွကိုင်မိကာ နူးနူးညံ့ညံ့လေး နမ်းလိုက်မိရှာသည် က မြရေးချယ် ပါ ..။

နက်မှောင် အရည်လဲ့နေသည့် မျက်ဝန်းလေးကလည်း တမှော့မှော့ဖြင့် ကြည့်နေဆဲပါ တကား ...။





## အခန်း (၇)

မြရေးချယ် နိုးလာရသည်က နားစည်တွင်းဆီသို့ တိုးဝင်လာနေသည့် ငှက်သံလေးကြောင့်ပါ ..၊ အိပ်မက်မက်နေခြင်းလားဟုလည်း အိပ်မှုန်မွှားဖြင့် တစ်ချက် တွေခနဲ ဖြစ်သွားရပေမယ့် လက်တွေကတော့ အလိုလို စောင်ကို ခွာ၍ ခုတင်ထက်မှာ ချက်ချင်း ထိုင်မိပြီ ..။ အိပ်ချင်မူးစိတ်လည်း ရုတ်ခြည်း ပျောက်ကုန်ရလျက် ကမန်းကတမ်း ကလေးပုခက်ဆီသို့ ကြည့်မိလိုက်ရပါ၏။

လှပသော ကလေးပုခက် ပန်းရောင်လေးသည် ကလေးခြင်ထောင် ပန်းရောင်လေးဖြင့် ရှိနေ၏။ အိမ်ပြန်ရောက်ပြီးသည့်နောက်မှာ မြရေးချယ် ၏ အခန်းထဲ ကလေး ပစ္စည်းတွေ၊ အသုံးအဆောင်တွေအားလုံး အဆင်သင့်တကျဖြစ်အောင် မိုးမိုးစံ လုပ်ပေးခဲ့ရပါ၏။

မြရေးချယ် ကတော့ ရွှေခြူးလေး ကို တမွေ့မွေ့ဖြင့် ရှိနေခဲ့ရပြီ .. ပုခက်ကို ဟိုမှာထား.. ကလေး ဗီရိုငယ်လေးကို ဘယ်မှာထား..၊ ကလေးကစားစရာတွေကို ဘယ်မှာတင်ဖြင့် ဝင်ဝင်ပါနေရတာပဲ ရှိနေပြီ .. မိုးမိုးစံ နှင့် ဒေါ်ကြီးထွေးယု တို့မှာ အလုပ်များကြရသည်ပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ လေးလေးသော် ရော ဦးကြီးသိန်း ရော မနေသာကြ ..၊ မြရေးချယ် ဝယ်လာသမျှ ဥစ္စာအားလုံး အခန်းထဲ အရောက် အောက်ထပ်ဆီမှ သယ်ကြရ ..၊ ပို့ကြရ ..၊ နေသားတကျ အခန်းထဲ ထားပေးကြရဖြင့် ရှုံ့ကုန်ရသည်တည့် ..။ ခုကျတော့လည်း.. မြရေးချယ် ၏ အခန်းကျယ်ကြီးထဲမှာ ကလေးပစ္စည်းတွေက တစ်ဝက်လောက် နေရာယူထားကြပြီ ..။

"ရွှေချိုးလေး ငိုနေတာပါလား .."

ခရီးကလည်း ပန်းလာ ..၊ ပစ္စည်းတွေ ဝယ်ဟယ် ပြုဟယ်ဖြင့် လည်း အလုပ်ရှုပ်ခဲ့ရ ..၊ ရွှေချိုးလေး ကိုလည်း တပွေ့ပွေ့ဖြင့် ရှိရင်း အခန်းထဲပစ္စည်းတွေ ရောက်လာသည့်ကိစ္စမှာ .. ဟို ပစ္စည်းဟိုမှာထား ဒီပစ္စည်း ဒီမှာတင်ဖြင့် ဝင်ဝင်ပါရနှင့် ရှိခဲ့ရလေသမျှ ..။ ညဘက်မှ မောမောဖြင့် အိပ်အပျော်ကြီး ပျော်သွားမိရပါသည့် မြရေးချယ် မှ ခုကျတော့လည်း ကလေးပုခက်ဆီသို့ ကသောကမျော ပြေးမိရပြီ ..

ခြင်ထောင်လေး ပင့်တင်၍ ကြည့်လိုက်တော့ ရွှေချိုးလေး မှာ ငိုနေရင်း မြရေးချယ် ကို မော့ကြည့် လက်ကမ်းလာတာမို့ ပွေ့ချီလိုက် ရသည်ပါပဲ ..။ ကလေးဝတ် ဘောင်းဘီဆိုတာက ကလေး၏ အညစ် အကြေးကိစ္စမှာ မပေမလူး ခြောက်သွေ့အောင် ထိန်းနိုင်ထားသည့် ဘောင်းဘီ (Pampers) လေးပေမို့ ညစ်ပတ်ပေလူးနေတာတော့ မဟုတ် ကလေးဝတ် ဘောင်းဘီလေးကိုတော့ မြရေးချယ် လဲပေးလိုက်သည် ပဲ ..။ သန့်သန့်ပြန့်ပြန့်ဆိုတာက အလဲအလှယ်လေးတော့ လုပ်ပေး မည်လေ ..၊ ဒါပေမယ့် ကလေးလက်လေးတွေ ကိုယ်လေးတွေကို ... ရင်း ထိထိတွေ့တွေ့ ရှိရချိန်မှာ မျက်လုံး မျက်ဆံ ပြူးသွားရလျှင် ..

"ဟဲ့ .. ငါ့ရွှေချိုးလေး ကိုယ်ပူနေလား မသိ .. မှန်း .."

နဖူးစမ်း .. လက်စမ်း .. ခြေဖဝါးလေးတွေ စမ်းဖြင့် စိတ်ပူလာ တစ်ယောက်တည်း ဗျာများနေရရင်းမှ ...





"ဟုတ်တယ် .. ကိုယ်ပူနေတယ် .. ဖျားပြီ .. ဖျားနေပြီ .."

နဖူးချင်းလည်း ကလေးနဖူးနှင့် ကိုယ့်နဖူး ထိမိပြန်၏။ နောက် တော့ .. ကလေးကို ပွေ့၍ ဘွား အခန်းဆီသို့ တက်သုတ်နှင် ပြေးရပြန် သည်တည့် ..။

စေ့ထားသော ဘွား၏ အခန်းတံခါးကို စိတ်မြန်ကိုယ်မြန်ကြီး ... ဖွင့်ဝင်ရမိကာ ဘွား၏ ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်မိချိန် ဘွား အိပ်ပျော်နေဆဲ ..။ ဘွား ခမျာ ကိုယ့်ခုတင်ပေါ် ကလေးတစ်ဖက် ပွေ့ ထိုင်လိုက်ပါသည့် မြရေးချယ် ၏ အပူတွေကို မသိနိုင်သေး ..၊ အိပ်မော ကျနေဆဲ .. ခုလိုကျတော့လည်း ဘွား ကို နှိုးရမှာ အားနာမိပြန်၏။ ... က်ရုံကိစ္စတွေကို နိုင်နှင်းစွာ လုပ်ကိုင်နိုင်လောက်အောင် ဘွား ကျန်းမာ နေသည်ဆိုပေမယ့် .. ညဘက်မှာတော့ စိတ်ပန်းကိုယ်ပန်းဖြင့် ဘွား အိပ်နေသည်မှ မက်မက်စက်စက်နိုင်နေသည်။

"မနှိုးဘဲ ထားရမလား .. နှိုးလိုက်ရမလား .."

ဝေခွဲမရနိုင်သလို ငြိမ်တွေ၍ ရှိနေချိန်မှာ ဘွား ကိုယ်လေး တစ် ... က်စောင်း၍ အိပ်နေရာမှ တစ်ဖက်ကို ပြန်အလှည့်မှာ သက်ကြီးရွယ်အို ... ၏ အကျင့်အလေ့အတိုင်း တစ်ချက် မျက်ဝန်းဖွင့်ချေ၏။

ထိုအခါကျတော့လည်း ကလေးကို ပွေ့၍ ထိုင်နေသည့် မြရေး ချယ် ကို မြင်သည်။ ရွှေချိုး ကလည်း မအီမသာကြီး ဖြစ်နေ၍ထင့် ..။ ... ချပြန်၏။

ထိုအခါ ဘွား ထထိုင်လိုက်ကာ ချက်ချင်း ကလေးကို နဖူးစမ်း ... က်စမ်း လုပ်လာသည်ပါပဲ။

"ရွှေချိုးလေး ဖျားနေတယ်ထင်တယ် ဘွား ရဲ့ .."

ကလေးနှယ်ပင် မျက်ရည်တွေ လည်တက်နေရင်း မြရေးချယ် ... ကို အားကိုးတကြီးကြည့်ကာ ကလေးလက်လေး စမ်းကြည့် ... လေး စမ်းကြည့်နှင့် လုပ်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ကလေး ကိုယ်ပူနေတယ် .. ညည်းဟာလေ .. ညနေဘက်ကြီး ကလေးကို ရေချိုးပေးသကိုး .. ရေနွေးနဲ့ဆိုပေမယ့်.. ရေပြောင်း မြေပြောင်းဆိုတာ ဖျားတတ်သကွယ့် .. ပြီးတော့ .. ဒီကလေး ညည်းကို မျက်စိအောက်က အပျောက်မခံနိုင်ဘဲ .. ညည်း ကုန်တိုက် ပစ္စည်းအဝယ်ကောင်းနေချိန်မှာ .. ဒီမှာ တငိုငိုတယိုယိုနဲ့ အချိန် အတန် ကြာသကွယ့် .. အဲဒါကလည်း ကလေး ပင်ပန်းသွားပုံ ရတယ် .. ဒါ ကြောင့်လည်း ဖျားတာဖြစ်မယ် ..၊ ကိုင်း .. လာ .. ညည်း အခန်းသွားကြ မယ် .. ကလေးဆေးတွေလည်း ညည်း လိုရမယ်ရ ဝယ်ခဲ့သဆို .. အဲဒီ ထဲက .. ဘယ်ဆေးတိုက်ရမယ်ဆိုတာ .. ငါ ကြည့်မယ် .. ငါက .. ညည်းကို .. ဘွားအေပေမယ့် .. ပြုစု ပွေ့ချီနဲ့ တစ်အိပ်ရာထဲ အိပ်ခဲ့ရတဲ့ အဘွားပါ အေရယ် .. ကလေးကို ငါ ဆေးတိုက်တတ်ပါတယ် .."

ဟု ပြောကာဆိုကာ မြရေးချယ် အခန်းသို့ သွားတာမို့ .. ရကျ တော့လည်း ဘွားအေ အားကိုးဖြင့် မြရေးချယ် ခပ်သုတ်သုတ် နောက်မှ ကလေးပွေ့ လိုက်လာရပြန်သည်။

ဘွား တိုက်လိုက်သည့် ဆေးရှိန်ဖြင့် ရွှေခြူးလေး ချက်ချင်း ပြန် ကောင်းသွားတော့မယ်ဟု ယုံကြည်နေမိရသည်ကိုးလေ ..၊

ကလေး ဆေးဗီရိုငယ်လေးတစ်လုံးလည်း အခန်းထဲ ရောက်နေပြီ မို့ .. ဘွား ဗီရိုကို ငုံ့၍ ဆေးရွေးနေသည်။ နောက်တော့ .. ကလေးကို တိုက်၏။

"တီတီလေး တိုက်မယ် နော် .. ရှော .. ရှော .. သောက်လိုက်နော် လိမ္မာလိုက်တာ ရွှေခြူး ရယ် .. အဟုတ် .."

ကလေးကို ဆေးရည်လေး ဇွန်းဖြင့် ချော့မော့၍ မြရေးချယ် တိုက် တော့လည်း ရွှေခြူးလေး သောက်သည်ပါပဲ ..။ ကလေးကို ချွေးတွေ သုတ်ပေး ..၊ အဝတ်လဲပေးဖြင့် အလုပ်ရှုပ်နေတော့လည်း ဘွား မနေ သာ ..။





"အဲဒီ ပိန်းပိတ်နေအောင် ထူတဲ့ အကျႌထူကြီး မဝတ်ပေးနဲ့လေ ဟို ချည်သားလက်ရှည် ပွပွလေးကို ဝတ်ပေး .. ကလေးဖျားတဲ့အခါ.. အဲသလောက်ကြီး ထူတဲ့ အဝတ် .. မဝတ်ပေးရဘူး မြေးရဲ့ .."

ဟု တားတော့လည်း ချက်ချင်း နာနာခံခံဖြင့် မြရေးချယ် ဘွား ပြောသည့် အကျႌကို ဝတ်ပေးရသည်ပါပဲ ..။

"ရွှေခြူးလေး က .. ဟောဒီက တီတီလေးရဲ့ ရွှေခြူးလေး က .. တီတီလေးကို မတွေ့တာနဲ့ နင်းကန်ငိုတော့ .. မောပြီး .. အခု ဖျားပြီ..၊ နောက်ကို .. ရွှေခြူးလေး ကို ဘယ်တော့မှ မချန်ခဲ့ဘူး သိလား .. စိတ်ချ .. စိတ်ချ .."

ဟု ပြောကာ ပွေ့ကာ .. နဖူးလေး နမ်းကာဖြင့် အချစ်သည်းနေ သည့် မြရေးချယ် ကို ဘွား ငေးကြည့်နေသည်။ ကလေးက .. ငြိမ် သွား ..၊ အိပ်မသွား ..၊ ငိုငိုယိုယို ပို၍ ဖြစ်လာတော့ ဘွားလည်း မနေ သာ .. စိတ်လက်ပူလာသည်။

မြရေးချယ် လည်း ကလေးကို ခြေစမ်းလက်စမ်းဖြင့် ပို၍ ဖြစ်လာ ပြီ ..၊ ကိုယ်ပူရှိန် ပိုတက်လာသည်တည့် ..။

"ညည်း .. ကလေးကို ညနေဘက်ကြီး ဖီးကြမ်းငှက်ပျောသီး ဖုတ် နှစ်လုံးတောင်မှ ကျွေးတာ .. ဘွား တားလို့လည်း မရဘူး .. မကောင်းဖြစ်ချင်နေတဲ့ ကလေးကို .. ညနေဘက် ရေလည်း ချိုးပစ် တယ် .. ငှက်ပျောသီးလည်း ကျွေးတယ် .. ရင်တောင့်နေပြီ ထင်ပါရဲ့.. ဖြစ်ပါဘူး အေရယ် .. ဒေါက်တာနွယ်နွယ့် ကို ခေါ်မှပါ .."

ဟု ဘွား လည်း အပူဓာတ်ကူးကာ .. ကလေးဆောဖြင့် ဒေါက်တာ နွယ်နွယ် ကို ခေါ်သည်ပါပဲ ..၊ ဖုန်းဆက်ပြီးတာနှင့် ...

"ကိုသိန်း နဲ့ အကြိုလွှတ်မယ်လို့ ပြောထားတယ် .. ကိုသိန်း ကို သွားနိုးဖို့ မယ်ထွေးယု ကို ဆင်းပြောမှပါ .. အင်း .. အဲဒါပြောတာ ကလေးတစ်ယောက် မွေးတယ်ဆိုတာ .. ဆင်ဆင်ခြင်ခြင် ရှိရသကွယ့်..



www.burmeseclassic.com

www.burmeseclassic.com



အာဟာရဖြစ်တဲ့ အစာကို ကျွေးတာတော့ ကျွေးတာပဲ .. ဘယ်အချိန်မှာ ကျွေးရတယ် .. ဘယ်အချိန်မှာ မကျွေးရဘူးဆိုတာက .. လူကြီးကတွေးရတာ .. ဆင်ခြင်ရတာ သိရဲ့လား မိရေးရေး ရဲ့ .."

ဟု ပြောကာဆိုကာ ဘွား အောက်ထပ် ဆင်းသွားသည်။

မြရေးချယ် မှာ ရွှေခြူးလေး ကို ပွေ့ကာ .. ချော့ကာ .. ချွေးသုတ်ကာဖြင့် ပျာယာခတ်၍သာ ကျန်ခဲ့ရပါ၏။

ညကြီးမင်းကြီးမှာ ဘွား လည်း မနေရ ..။ ဒေါ်ကြီးတွေးယု လည်း မနေရ ..၊ အိမ်ကြီးလည်း အပေါ်ထပ် အောက်ထပ် မီးတွေ လင်းကျန်ရ ဦးကြီးသိန်း မှ ကားဖြင့် ဆရာဝန်အပင့် သွားရ ..၊ မိုးမိုးစံ လည်း မြရေးချယ် ဘေးသို့ ညဝတ်အင်္ကျီရှည်လေးဖြင့် ရောက်လာရဖြင့် ရှိကုန်ရပါပြီ ..။

ဒေါက်တာနွယ်နွယ် ရောက်လာတော့ ရွှေခြူးလေး ကို စမ်းသည်။ ဘွား ကလည်း တိုက်ထားသည့်ဆေးတွေ ပြောပြနေသည်။ မြရေးချယ် သာ ရွှေခြူးလေး ကို ခုတင်ထက်မှာ စောင်လေးဖြင့် ထွေးနေစေလိုက် ..၊ ကလေးငိုလျှင် ပွေ့ချီလိုက် ..၊ ခေါင်းလေးသပ်လိုက် ကျောလေးသပ်လိုက် .. ချွေးလေးသုတ်ပေးလိုက် .. ပခုံးပေါ် ရွှေခြူးလေး၏ ခေါင်းကို ဖေးတင် ပွေ့ချီ၍ ချော့မော့ လမ်းလျှောက်နေလိုက်ဖြင့် ဗျာများနေသည်က ယောက်ယက်ခတ်နေသည်။

"ရေးရေး .. ကလေးကို .. ဆေးထိုးမယ်တဲ့ .. နည်းနည်းငြိမ်စမ်းပါ့ အေရယ် .. ကလေးကို ပွေ့ချီလျှောက်နေတာကဖြင့် .. အဒီဘက်ဟိုဘက် ဇယ်ဆက်နေသလို တောက်လျှောက် လျှောက်တော့ .. ညည်းရဲ့ ရွှေခြူးလေး ကို ဘယ်လိုလုပ်ပြီး ဒေါက်တာ ဆေးပေးလို့ ရတော့မှာလဲ .."

"ဟင် .. ဆေးထိုးမယ် .. ကလေးနာမှာပေါ့ .. ဆေးတိုက်မဟုတ်ဘူးလား .."





မျက်စိမျက်နှာလေး ပျက်ကျနေရင်း ကလေး၏ တင်ပါးလေးကို ခုကတည်းက ကြိုတင်၍ ပွတ်ပေးနေရင်း ပြောလာပါသည့် မြရေးချယ် ကို ဒေါက်တာနွယ်နွယ် ပြုံး၍ ကြည့်ရသည်။

ကလေးဆေးထိုးဖို့ကိစ္စ အရင်ဆုံး နားချရမှာက မြရေးချယ် ဖြစ်နေသည်တည့်။

"အဖျား နည်းနည်းကြီးတယ် မြရေးချယ် .. ဆေးထိုးရလိမ့်မယ်.."

ဟု နွယ်နွယ် ပြောချိန်မှာ ဘွားမှ ..

"မိုးမိုးစံ ရဲ့ တူလေးလေ .. ရေးရေး ကို အရမ်းတွယ်တာနေတဲ့ကလေး .. ရေးရေး ကလည်း ချစ်လွန်းတာနဲ့ .. ဒီ ပဒုမ္မာမှာပဲ .. ခေါ်ထားတော့မယ်ဆိုပြီး .. မိုး တို့ဆီက ခေါ်လာတာ .."

ဟု ရှင်းပြတော့ ဒေါက်တာနွယ်နွယ် ၏ မျက်နှာထက်မှ အံ့ဩနားမလည်ရိပ်တွေ အထင်းသား ဖြစ်တည်လာရပါသတည်း။ အကဲခတ်သလိုလည်း မိုးမိုးစံ နှင့် မြရေးချယ် ကို တစ်လှည့်စီ ကြည့်လိုက်ပြန်သည်။

အဒေါ်ပါဟု ဆိုသော မိုးမိုးစံ က တည်ငြိမ်နေသည်။ ကလေးအတွက် ပျာလောင်ခတ်နေသည်က မြရေးချယ် ဖြစ်နေသည်ကိုးလေ..။ ကလေးကို ခုတင်ထက်မှာ အိပ်စေကာ ဆေးထိုးတော့လည်း မြရေးချယ် မျက်စိမျက်နှာ အပျက်ကြီး ပျက်နေရင်းမှ ...

"မနာပါဘူး ရွှေခြူး ရယ် .. မနာပါဘူး နော် .."

ဟု ပြောနေသည်။ ကလေးခမျာ ဆေးထိုးခံရတော့ ရှုံ့ခနဲ့ငိုနေအောင် ကျောကော့ ငိုတာမို့ .. ကလေး၏ တင်ပါးလေးကို ပွတ်ပေး.. နာလွန်းပုံလေးဖြင့် ခြေထောက်လေးတွေပင် ဟိုသည်လှုပ်၍ ငိုနေသမျှ တင်ပါးပွတ် .. ခြေထောက်လေးတွေ .. ပေါင်လေးတွေပါ ပွတ်သပ်ပေးနေပါသည့် မြရေးချယ် မျက်ရည်ကျလာပါသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနွယ်နွယ် ၏ အကြည့်တွေက အကဲခတ်ကြည့် ဆိုတာ ထက်ပင် ပိုလာနေပြီ ...၊ မိုးမိုးစံ မှ ကလေး၏ ဆံစတို့မှာ စိုနစ်နေသည့် ချွေးကို တဘက်ငယ်လေးဖြင့် ပွတ်သုတ်ခိုက်မှာ ...

"အရမ်း ဖိမသုတ်နဲ့လေ မိုးမိုး ရဲ့ .. ဆံပင်နုနုလေးတွေ .. တဘက် ထဲ ကျွတ်ပါကုန်တော့မှာပေါ့ .."

ဟု အကဲဆတ်လွန်းစွာ ပြောလိုက်ပါသည့် မြရေးချယ် ကို ဒေါက် တာ နွယ်နွယ် ကြည့်မိပြန်သည်။

မြရေးချယ် ကို ကြည့်နေ မြင်နေရသည်ကဖြင့် ကလေးကို မွေး ထားသည့် သူစိမ်းတစ်ယောက်ထက် .. ကလေးအမေနှင့် ပိုတူနေ သည်ကိုးလေ ...။

မိုးမိုးစံ လက်ထဲမှ တဘက်နလေးကို မျက်စောင်းတစ်ချက်ပင် ထိုး၍ ဆွဲယူလိုက်သည်ကလည်း မြရေးချယ် ပဲ ဖြစ်နေကာ ...

"ရွှေခြူးလေး ရယ် .. တိတ်ပါတော့ .. တိတ်ပါတော့ .. ကလေးရဲ့ အန်တီကြီး ဒေါက်တာက .. ဆေးထိုးပေးထားတာ သိရဲ့လား .. နေ ကောင်းသွားမှာပါကွယ် .. ရွှေခြူးလေး ကို တီတီလေး ချွေးသုတ်ပေး မယ် နော် .. ဟောလို .. ဖြည်းဖြည်းလေး သုတ်ပေးမှာ .. ကြည့်ပါဦး - ငိုထားလိုက်တာ .. မျက်ရည်တွေကလည်း ပေါပဲ့ .."

ကလေးကို တချော့မြူမြူဖြင့်လည်း ရှိရ ...၊ ချွေးတွေ သုတ်ပေး ရ .. ပါးလေးကို ဖွဖွနမ်းရ .. မျက်ရည်သုတ်ပေးရနှင့် ရှိနေသည်က ဖြင့် မြရေးချယ် ...။

ကလေးကလည်း မြရေးချယ် ၏ ရင်ဘတ်မှာ ခေါင်းလေးတင် ထားကာ ငိုရှိုက်လေး နားသွားလိုက် ...၊ ပြန်ငိုလိုက်ဖြင့် ရှိနေပါ၏။

လက်နုနုညုညုလေးတွေကလည်း မြရေးချယ် ၏ လက်လေးကို ပုတ် လိုက် ...၊ ရင်ဘတ်လေးကို ပုတ်လိုက် ...၊ မော့ကြည့်လိုက်ဖြင့် ရှိနေပါ ၏။





"အံမယ်မယ် .. ငိုနေတာက ငိုနေတာပဲ တော်ရဲ့ .. ကြည့်တာက ဖြင့် မလျှော့ဘူးပေါ့ .. ဟုတ်လား .. ဟောဒီက တီတီလေးကိုပဲ တကြည့် ကြည့် လုပ်နေတယ်ပေါ့ .."

ဟု ကလေးကို ချော့မော့ ပြုံးလေးဖြင့် အငိုတိတ်အောင် ခပ်ချော့ ချော့ မေးနေသည့် အကြည့်လေးတွေက အေးမြလွန်းနေသည် ...၊

ဘွား ကတော့ မြင်ကွင်းကို ငေးစိုက်ကြည့်နေဆဲ ...။

ပြီးတော့ .. အကဲခတ်သလို ကြည့်နေပါသည့် ဒေါက်တာနွယ်နွယ် ၏ အကြည့်တွေကိုလည်း ရင်လေးစွာ မြင်နေရဆဲပါတည့် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဆွေဆွေ ခုထိ မယုံနိုင်ဘူး အစ်ကိုရယ် .. သားကြီးရော .. ခက်ခက် ရော .. တောင်ပေါ်ဒေသက သချိုင်းမြေတစ်ခုမှာ အုတ်ဂူဖြူ လေး နှစ်ခုအဖြစ် တူတူယှဉ်ပြီး ကျန်ရစ်ခဲ့ရမယ်လို့ .. ဘယ်တုန်းကမှ မထင်မိခဲ့ပါဘူးရှင် .. ခရီးရှည်ကြီးတစ်ခုကို .. မြေးလေးကိုပါ သူတို့ ခေါ်သွားကြရင်း အခု .. မြေးလေးပါ သတင်းအစအဖဲ့ ရှာမရအောင် ဖြစ်နေပြီ .. မိလုံး လည်း ပျောက်နေတယ် .. မြေး ကြည်နူးလေး မပါဘဲ .. သားကြီး နဲ့ ခက်ခက်မွေး .. ဘယ်လိုမှ ခရီးဆက်မှာ မဟုတ်ဘူးဆိုတာ ကလည်း ပြောစရာကို မလိုတဲ့အချက်ပါ ..၊ အခုက .. လူလေးယောက် စီးလာတဲ့ ကားထဲမှာ .. နှစ်ယောက်ပဲ အလောင်းတွေ့ရတယ် .. မိလုံး နဲ့ မြေးကိုကျတော့ မတွေ့ရဘူး ဖြစ်နေတယ် .. နောင်ပိုးမှာလည်း ဆွေဆွေ တို့ နှစ်ခါခဲ့ကြတာပဲ အစ်ကိုရယ် .. အဲဒီ ကားမှောက်တုန်းက တွေ့တဲ့သူတွေ အားလုံး တစ်သံတည်း ပြောခဲ့ကြတာက .. လူနှစ် ယောက်ရဲ့အလောင်းပဲ တွေ့တယ်ဆိုတာပဲ ..၊ ဒါဆို .. ဒါဆို .. ဆွေ့ မြေးလေး .. ဘယ်ရောက်နေသလဲ .. ဘယ်ရောက်နေသလဲ အစ်ကို ရဲ့.."





မြေးစောဖြင့် ဒေါ်ဆွေဆွေဖူး တငိုငို ဖြစ်နေသည်။

ဇနီးသည်ကို ကြည့်ကာ ဦးသီဟန် မျက်ရည်ဝဲနေသည်ပါပဲ ..၊ သားကြီးနှင့် ချွေးမတို့၏သတင်း ရရချင်း ချက်ချင်း နောင်ပိုးသို့ လိုက် သွားကြရသည်။ အလောင်းကို အနီးစပ်ဆုံး ဆေးရုံမှာ ပို့ထားသည်ဆို၍ လိုက်ကြည့်ကြရသည်။ သားကြီးနှင့် ချွေးမကို သဂြိုဟ်သည့်ကိစ္စလည်း လုပ်ခဲ့ရသည်။

ရောက်တာနှင့် မြေး မရှိဘဲ ဖြစ်နေသည့်ကိစ္စ ..၊ မိလုံး ပျောက်နေ သည့်ကိစ္စတွေဖြင့် ဒေါ်ဆွေဆွေဖူး ရူးမတတ်ဖြစ်ရင်း သတိပင် မေ့သွား ခဲ့သည်ပါပဲ ..။ အခင်းဖြစ် နေရာသို့လည်း ဦးသီဟန် နှင့် သားငယ် ဘုန်းမြတ်လူ တို့ သွား၍ အထပ်ထပ် ရှာကြပေမယ့် အစအနပင် သတင်း မရဘဲ ပျောက်နေသည်။

အလောင်းလည်း မတွေ့ ..၊ လူလည်း မတွေ့ .. သတင်းလည်း မရဖြင့် ရှိနေသမျှ .. အဆုံးမှာတော့ .. ရဲစခန်းမှာ လူပျောက် တိုင်ခဲ့ရ သည်ပါပဲ ..။

"အဲဒီ ကားမှောက်တဲ့နေရာမှာကဖြင့် .. လူတစ်ယောက် ရှာမရ လောက်အောင်နက်တဲ့ ချောက်တွေလည်း ရှိတာ မဟုတ်ဘူး .. ရွာနဲ့ လည်း နီးတယ် .. မြေးလေးနဲ့ မိလုံး တို့ကို လုံးဝ အလောင်းလည်း မတွေ့ရ .. လူလည်း မတွေ့ရနဲ့ ဖြစ်နေတာ .. ဆွေ ရင်လေးတယ် အစ်ကိုရယ် .. တစ်ယောက်ယောက်က များ ပြန်ပေးဆွဲတဲ့စိတ်မျိုး ဝင် လာပြီး ခေါ်များသွားသလား အစ်ကို .."

"မဖြစ်နိုင်တာ ဆွေ ရယ် .. ဟိုမှာ ကားမှောက်တာနဲ့ လူတွေ ထွက်ပြေးကြ .. ကူကြ .. လူတွေမှ အများကြီးရယ် .. ဒီလိုကြားထဲက မိလုံး နဲ့ မြေး ကြည်နူးလေး ကို .. ဘယ်သူက .. လူမမြင် သူမမြင်ဖြစ် အောင် ခေါ်သွားနိုင်မှာတဲ့လဲ .."

"အို .. ကားထဲက လွင့်စဉ်ပြီး .. မြေးရော မိလုံး ရော ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတာလည်း ဖြစ်နိုင်တာပဲ .. တစ်ယောက်ယောက်က ဒီလူတွေဟာ လူချမ်းသာတွေပဲဆိုပြီး .. တောတွေ ချုံတွေကြားထဲမှာ တခြားလူတွေ မမြင်နိုင်တဲ့နေရာ ရောက်နေတဲ့ မိလုံး နဲ့ မြေးကို ခေါ်မသွားဘူးလို့ တပ်တပ်အပ်အပ်ကြီး ငြင်းနိုင်လို့လား အစ်ကိုရဲ့ .."

မြေးဖောဖြင့် တောတွေး တောင်တွေးဖြင့် တွေးမိတွေးရာ တွေးလာပြီဖြစ်သည်က ဒေါ်ဆွေဆွေဖူး ပါ ..။

"မဖြစ်နိုင်တာကွာ .. အဲသလို ဘယ်သူမှ မလုပ်ပါဘူး ဆွေဆွေရယ် .. ခုထိလည်း ဘယ်သူက ဆက်သွယ် ငွေတောင်းတာတွေ ရှိနေလို့လဲ .."

ဦးသီဟန် ပြောနေချိန်မှာ သားငယ် ဘုန်းမြတ်လူ ကတော့ အမေ ငိုနေတာကို မကြည့်ရက်နိုင်ပြီမို့ ခြံထဲ ဆင်းလာမိရသည်ပါပဲ ..။

နောင်ပိုးမှာလည်း ဝန်းကျင်တစ်ဝိုက်မှာ ကြည်နူးလေး နှင့် မိလုံး သတင်း စုံစမ်းခဲ့သည်မှ လတစ်ဝက်လောက် ကြာသည်ပဲလေ ..။ သတင်း လုံးဝ မရဘဲ ဖြစ်နေခဲ့သည်။

အစ်ကိုကြီးနှင့် မမခက်မွှေး တို့အတွက် ရက်လည်ကိစ္စအားလုံး ပြီးပေမယ့် မပြန်ဖြစ်ဘဲ သတင်းစုံစမ်းခဲ့ပေမယ့် အကြောင်းမထူးသည့်နောက်မှာ ရန်ကုန်သို့ ပြန်ခဲ့ကြရခြင်း ..။

ခြံထဲရောက်တော့ ကုံကော်ပင်ရိပ်မှာ ခုံတန်းပြာ၌ ဆေးပေါ့လိပ်ကြီး ဖွာ၍ ထိုင်နေပါသည့် ရွှေဇင်ယော်၏ ဒရိုင်ဘာ လေးလေးထွန်းကို တွေ့ရသည်။ အစ်ကိုကြီးနှင့် မမခက်မွှေး တို့ သတင်း ကြားတာနှင့် ချက်ချင်း လိုက်သွားကြရသည့်ခရီးကို မောင်းပို့ပေးရပါသည့် လေးလေးထွန်း ဆိုတာက .. ကြည်နူးလေး နှင့် မိလုံး သတင်း အစအနလိုက်သည့် အထဲမှာလည်း ဘုန်းမြတ်လူ နှင့် အတူတူ ပါပါနေတတ်ရသူပါ ..။

လေးလေးထွန်း ဘေးမှာ သူ ထိုင်တော့ ဆေးလိပ်ဖွာရင်းမှ သူ့ကို ငဲ့ကြည့်၏။





အမြဲ ပျော်ပျော်နေတတ်ပါသည့် လူပျိုကြီး လေးလေးထွန်း လည်း ကောင်းသံ ဆိတ်နေတတ်ရပြီ ..။ မနေ့က ရွှေဇင်ယော်အိမ်ကြီးသို့ ပြန်ရောက်လာကြရတာမို့ ဤမနက်မှာ ပူဆွေးသောကတွေနှင့်ပဲ နိုးထခဲ့ရသည့်အဖြစ် ..။ မီးဖိုဆောင်ထဲမှာ မနက်စာအတွက် ချက်ပြုတ်နေပါသည့် ဒေါ်ကြီးယုန် သည်လည်း မျက်ရည်တစမ်းစမ်း ဖြစ်နေသည်။ ဘယ်သူ ဘယ်သူမှ မနက်စာကို ဟုတ်တိပတ်တိ မစားနိုင်ကြမှာကသည်း သေချာနေသည်ပါပဲ ..။

"ငါ့လူရာ .. အိမ်ကြီးမြင်ရတာ ခြောက်ခန်းနေလိုက်တာ .. တစ်ချိန်တည်း လူလေးယောက်ရဲ့ ပုံရိပ်တွေ ပျောက်ကွယ်သွားရတယ်လို့.."

ခပ်ညည်းညည်း လေးလေးထွန်း ပြောချိန်မှာ သူ့အကြည့်က အိမ်ကြီးဘက်ဆီသို့ တစ်ချက်ရောက်၏။

ဟုတ်သည် ..၊ လူလေးယောက်၏ပုံရိပ်တွေ ပျောက်ဆုံးသွားရသည့် ရွှေဇင်ယော်အိမ်ကြီး ..၊ အထူးသဖြင့် ကြည်နူးလေး ဆိုတာကကိုကပွေ့ .. သည်ကရှိဖြင့် ချစ်ရပါသည့် ကလေး ..၊ သူ ငိုင်နေသည်။ အစ်ကိုကြီး၏ ထက်မြက်သော လုပ်ကိုင်မှု .. ဒါကလည်း .. ဖေဖေ့စက်ရုံကြီးအတွက် အားကိုးရာ ..၊ သူကဖြင့် ဖေဖေ့ လုပ်ငန်းကိုင်ငန်းတွေဆက် စာရေးသည့်အလုပ်ထဲမှာ နစ်နေသည့်သူ ..။

စာရေးဆရာ ဘုန်းမြတ် ဟူ၍ လုံးချင်းတွေ ထွက်နေသည့် ဘဝထဲမှာ ပျော်မွေ့နေသည့်သူ ..၊ ခုကျတော့ .. ဖေဖေ့ ရွှေဇင်ယော် အိမ်ဆောက်ပစ္စည်းစက်ရုံကြီးမှာ သူ ဝင်မပါ၍ မရနိုင်တော့ပြီတည့် ..။ ဆက်ရလာပြီဖြစ်သည့် ဖေဖေ့ကို သူ မကူ၍ မဖြစ်တော့ပြီ ..။

ခုလိုကျတော့လည်း .. ညီဖြစ်သူ စိတ်အေးနားအေး စာရေးနိုင်ဆောင် အားပေးခဲ့ပါလေသော အစ်ကိုကြီး ဘုန်းထက်လှိုင် ကို တမ်းတနည်း မျက်ရည်ဝဲနေမိရသည်ပါပဲ ..။

"သတင်းစာထဲ ကြည်နူး ရဲ့ပုံလေးနဲ့ထည့်ပြီး လူပျောက်ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားတယ် .. မနက်ဖြန် ပါမယ် လေးလေးထွန်း .. မိလုံး ရဲ့ ရွာကိုလည်း ဒီရက်အတွင်း .. လေးလေးထွန်း ပဲ .. သူ့ရွာအရောက် ကားနဲ့ သွားပြီး မိလုံး ပျောက်နေတဲ့သတင်းလည်း သူ့ဘကြီးကို သတင်း ပို့ပေးရလိမ့်မယ် .. သူ့မှာက မိဘရယ်လို့ ရှိတော့တာ မဟုတ်ဘူး .. အမေက မကြာခင်ကမှ ဆုံးထားတာ .. ဘကြီးပဲ ကျန်တော့တာလေ.."

ဟု ပြောနေချိန်မှာ လေးလေးထွန်း သက်ပြင်းရှိုက်၏။

"သတင်းစာထဲ နာရေးကြော်ငြာ မထည့်ဖြစ်ပေမယ့် .. လူသိများ တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆိုတော့လည်း .. ဟိုက ဖုန်းဆက် သတင်း မေး .. သည်က ဖုန်းဆက် သတင်းမေးနဲ့ကွာ .. အဲဒါ .. ငါတို့တစ်တွေ ဟိုကို သတင်းကြားကြားချင်း လိုက်သွားကြတဲ့ နောက်ပိုင်းမှာ .. အစ်ကို ကြီးဆီကို အလုပ်ကိစ္စ ဖုန်းဆက်လာတဲ့အသိကို .. ဒေါ်ယုန် ဖုန်းနဲ့ပြန် ဖြေတုန်းမှာ အဲဒီသတင်း ထည့်ဖြေလိုက်တော့ .. သတင်းက ပြန့်သွား ပြီး .. ဒေါ်ယုန့် ဆီ အိမ်ဖုန်းဆက် မေးသူက မေး.. အစ်ကိုကြီးနဲ့ မမချွေ တို့ဆီကို ဟန်းဖုန်းဆက်သူက ဆက် .. ငါ့လူဆီ ဆက်သူက ဆက်နဲ့ ကွာ .. သတင်းစာထဲမှာ .. ကိုလှိုင် နဲ့ မခက်မွှေး တို့အတွက် ဝမ်းနည်း ကြောင်း သတင်းတွေတောင် ပါရဲ့ ..၊ တချို့ဆို .. ကြည်နူးလေး နာမည် တောင် ပါနေသေး .. အားလုံး ဆုံးကုန်ပြီပေါ့ကွာ .. ဒေါ်ယုန် ငိုယိုဖြေ တဲ့အထဲ မှာ မိလုံး ပါသွားတယ်ဆိုတာ ထည့်မပြောမိလို့သာ .. ဝမ်းနည်း ကြောင်း ကြော်ငြာတဲ့အထဲမှာ မိလုံး နာမည် မပါဘဲ ရှိနေတာ .. အေး လေ .. တကယ်တော့ .. မိလုံး ပါသွားတယ်ဆိုတာ သိရင်လည်း .. ဘယ်သူက.. အစေအပါးတစ်ယောက်ကိုပါ ထည့်ပြီး ဝမ်းနည်းကြောင်း ကြေညာပါ့မလဲ ငါ့လူရာ .."

လေးလေးထွန်း ပြောနေချိန်မှာ သူကတော့ ငြိမ်နေသည်ပါပဲ။ ရင်ထဲမှာ ခုထိ လက်မခံနိုင်သေးပဲ ဖြစ်နေသည်။ လက်မခံချင်ဘဲ ရှိနေ သည်။





အစ်ကိုကြီးနှင့် မမခက်မွှေး တို့အဖြစ်ဆိုး ကြုံပြီး ဆုံးပါးသည်ဆို တာကို လက်မခံဘဲ နေပစ်လိုက်ချင်သည်။ ဒါပေမယ့် မရ ..၊ ရုပ် အလောင်းတွေကို ကိုယ်တွေ့မျက်မြင် ရှိခဲ့ရသည်။ ကိုယ်တိုင် သင်္ဂြိုဟ် ခဲ့ရသည်။

လက်တွေ့ဘဝ ရင်ဆိုင်ရခြင်းက နှလုံးသားထဲက လက်မခံနိုင် သည့်အောက်ကို အနိုင်ယူလိုက်သည်ပါပဲ ..၊ ဟုတ်သည် ..၊ အစ်ကိုကြီးနှင့် မမခက်မွှေး တို့ မရှိကြတော့ပြီ ..။ ထိုသို့ နှလုံးသားက ကြေကွဲစွာ သိပေးရ .. လက်ခံပေးရချိန်မှာ မျက်ရည်က မနေ ..။ လျှံကျချေသည် ပါပဲ ..။

ထိုစဉ်မိုက် သူ့ဟန်းဖုန်း မြည်လာပါ၏။ လေးလေးထွန်း ငဲ့ကြည့် သည်။ သက်ပြင်းရှိုက်သည်။ ထုံးစံအတိုင်း .. နာရေးသတင်း မေးကြတာ ပဲ ဖြစ်ချေမည်ဆိုသည့် သက်ပြင်းရှိုက်မှု ..၊ သူ ဖုန်းထူးလိုက်ရသည်ပါ ပဲ ..။ မထူး၍လည်း မဖြစ်တော့ပြီ ..။ ပထမတစ်ကြိမ် မထူးဘဲ ပေတေ နေပစ်လိုက်တော့ တစ်ချက် ဖုန်းခေါ်သံ ရပ်သွားသည်။

နောက်တစ်ကျော့ ထပ်ခေါ်လာတာမို့ အိတ်ကပ်ထဲမှ ဖုန်းကို စိတ် ညစ်ညစ်ဖြင့် သူ ထုတ်လိုက်ရခြင်းပါ ..၊

"ဟယ်လို .."

ခေါ်သည့် ဖုန်းနံပါတ်ကိုပင် မကြည့် ..၊ ချက်ချင်း ထူးလိုက်ရ သည်က စိတ်မောနေခြင်းဖြင့်ပါ ..။ ဝမ်းနည်းတာတွေလည်း အပ် ကြောင်းထပ်အောင် ကြားနေရပြီးပြီ ..၊ ဘယ်လိုက ဘယ်လို ဆုံးပါးရ သည်ဆိုတာတွေကလည်း ဖြေနေရသူအတွက် ထပ်ဖန်တလဲလဲ ဖြစ်နေရ သည်။

မေးသူကလည်း စိတ်မကောင်း၍ မေးခြင်း ..၊ ဖြေသူကလည်း စိတ်ထိခိုက်စွာ ဖြေရခြင်း ..၊ ဒါပေမယ့် .. ဖြေရသူဘက်က ကြိမ်ဖန်များ လာတော့ မသက်သာ ..။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဖွယ်စကားတွေကို ကိုယ့်နှလုံးသား ကိုယ်နှင်း တင်းဖြေနေရတာမို့ ပင်ပန်းလှပြီ။ ခုလည်း .. ကြေကွဲရှိန်ဖြင့် ထူးမိလိုက်ရခြင်း ..၊

"ကိုကိုလေး .. မိလုံး ပါ .."

ဟူသော အသံကို ကြားရတော့ သူ တစ်ချက် ကြက်သေသေကြီး ဖြစ်သွားရသည်။

မိလုံး ..၊ လုံးဝ သတင်းအစအန ပျောက်နေသည့် မိလုံး ..၊ ခုကျတော့ ငိုယိုရင်း ခေါ်နေခြင်း ..။

"ဟဲ့ .. မိလုံး .. ညည်း ဘယ်မှာလဲ ..၊ ပြောစမ်း .. ပြောစမ်း .. ကြည်နူးလေး ရော .. ကြည်နူးလေး ရော .."

သူ ကသောကမျောကြီး မေးလိုက်ချိန်မှာဖြင့် သေးမှာ စောစောက ငူတူငိုင်တိုင်ကြီး ထိုင်ရင်း ဆေးလိပ်သာ ဖိဖွာနေသည့် လေးလေးထွန်းကိုယ်ကြီး မတ်ခနဲ ဖြစ်သွားရပါပြီ ..၊

သူလည်း စိတ်တွေ အရမ်းလှုပ်ရှားနေရသည်ပါပဲ ..။

မိလုံး ငိုယို၍ ပြောပြနေသမျှကို သူ ငြိမ်၍ နားထောင်နေရရင်းမှ ...

"အဲဒါပါပဲ ကိုကိုလေး ရယ် .. အခု .. မိလုံး ရွာပြန်ရောက်နေပါပြီ ..၊ မိလုံး .. အမေ့အလောင်း မမြင်ရလို့ဆိုပြီး မမမြွေး ကို စိတ်နာနာနဲ့ လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ .. အခုကျတော့ .. ကိုကိုကြီးနဲ့ မမမြွေး လည်း ကားမှောက်ပြီး ဆုံး .. မိလုံး လည်း ကံကောင်းလို့သာ ကားထဲ မပါသွားဘဲ ရှိခဲ့ရ .. ဟို .. ဟို .. ကြည်နူးလေး ကျတော့ .. ဟိုအဝေးမှာ ကျန်ခဲ့ရနဲ့ ဖြစ်ကုန်ရတာပါ .. ဒါပေမယ့် .. ကြည်နူးလေး သာ တူတူပါသွားရင်လည်း .. မိလုံး လည်း အဲဒီနေရာမှာ ကလေးနဲ့အတူ .. သေမှာ.."

ဟု ငိုပြောနေတော့ သူ ငိုင်နေသည်။ ရင်ထဲမှာ ခါနေသည်။ မိလုံးကို စိတ်နာချင်တာလည်း ရှိနေသည်။ ခေါ်သကလည်း ဖြစ်ချင်နေသည်။ ဒါပေမယ့် .. တစ်ဖက်က တွေးတော့လည်း မိလုံး ပြောတာက မှန်နေ





ပြန်သည်။

မိလုံး .. တောထဲတစ်နေရာမှာ ကလေးကို ချန်ရစ်ခဲ့၍ ကြည်နူးလေး ကားထဲ ပါမသွားခြင်း ..၊ အဝေးရောက်မှ မိလုံး ကားကို ရပ်ခိုင်းသော် လူလွှတ်ပြေးမိ၍ မိလုံး မသေရခြင်း ..။ ဒါမှ မဟုတ်လျှင် .. ကလေး သည်း ကားထဲမှာ ရှိနေမည်။ မိလုံး လည်း ရှိနေမည်။ ကားအက်ဆီးဒင့်ထဲ ပါသွားမည်။ ဤသို့ သူ တွေးမိရပြန်ပါ၏။

"မိလုံး တောင်းပန်ပါတယ် ကိုကိုလေး ရယ် .. မိလုံး ကို မဖမ်းပါနဲ့ .. အခုလည်း .. ကြည်နူးလေး အတွက် စိတ်ပူလွန်းလို့ .. ဖုန်းလှမ်းဆက် ပြောမိရတာပါ .. မိလုံး အခု ရောက်နေတာက .. အရင်တုန်းကနေတဲ့ အဘတို့ရွာ မဟုတ်ပါဘူး .. ဆွေမျိုးသားချင်း စပ်ရာ ရွာလေးတစ်ရွာမှာ ခဏ လာခိုနေတာပါ .. ကြည်နူးလေး ကို .. မမမြွေး ခဏ ပန်းတွေ ဆင်းကြည့် .. ဓာတ်ပုံရိုက်တဲ့ .. နေရာလေးမှာ မိလုံး ထားခဲ့တာပါ .. ကိုကိုလေး သွားပြန်ရှာပါ .. မိလုံး မှတ်မိသလောက်ကတော့ .. တောပန်းတွေ ရောင်စုံပွင့်တဲ့နေရာ ကိုကိုလေး ရေ့ .. ဒါပဲ သိတယ် .. ဘယ်ရွာ ဘယ်မြို့နဲ့ နီးတယ်ဆိုတာတော့ မသိဘူး .. မိလုံး လည်း မှတ်မိဘူး ကိုကိုလေး ရဲ့ .."

သွားပြီ ..၊ တောပန်းပွင့်တွေ ရောင်စုံပေါ်အောင် ပွင့်သည့်နေရာတဲ့ ..၊ ရှမ်းမြေမြင့်မှာ တောပန်းပွင့်တွေ ရောင်စုံပွင့်ဝေသည့် နေရာဆိုတာ များကြီး ရှိနေမည်သာ ..။ ရှိနေသည်သာ ..။ ဘယ်ကို လိုက်ရှာရမှန်းသိ ..။

သူ .. ကြည်နူး အတွက် စိတ်ပူနေရပြီ ..၊ မလည်မဝယ်ဖြင့် လုပ်ချင်ရာလုပ်သည့် မိလုံး ကို နီးများနီးလျှင် နားရင်းတော့ တီးမိချေမည်သာ ..။

"မမမြွေး ကလည်း .. ဟိုနား ရှုခင်းလှ ကားရပ် .. ဓာတ်ပုံရိုက်ကြည့်သည်ကြည့်နဲ့ ပျော်နေတာ .. အဲသလို ရပ်တာကလည်း မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏဆိုတော့ မိလုံး လည်း သေချာ ပြန်မပြောပြတတ်တော့ဘူး ကိုကို လေး ရယ် .. ကြည်နူးလေး ကို ပြန်ရှာပါ နော် .. ည .. ည .. မိလုံး ဖြင့် .. ကြည်နူးလေး ငိုငိုပြီး မိလုံး ကို လာလာကြည့်နေတယ်လို့ချည်း အိပ်မက်မက်နေတာ .. ကြည်နူးလေး ကိုများ တောခွေးတွေ ဘာ မျ များ ရှိနေရင်.. ကိုက်လိုက်ပြီလား မသိပါဘူး ကိုကိုလေး ရယ် .. မိလုံး အဲဒါတွေ ကို စောစောကတည်းက .. စဉ်းစားဖို့ ကောင်းတာ .. မမမွေ့ ကို စိတ်နာနေတာပဲ ရင်ထဲပြည့်နေရင်း .. မလုပ်ကောင်းတာ လုပ်မိ ပါ ကိုကိုလေး ရယ် ...အခုလေ .. ကိုကိုကြီး နဲ့ မမမွေ့ တို့ကလည်း အိပ်မက်မှာ လာလာပြီး .. ကြည်နူးလေး ကို .. အိမ်ပြန်ပို့ပေးရမယ် ချည်း အိပ်မက် မက်နေတယ် .. မိလုံး ကြောက်တယ် ကိုကိုလေး --

ဖြစ်နိုင်သည် ..၊ မိလုံး စိတ်ထဲစွဲနေရင်း လန့်နေမည် ..၊ အိပ် တွေလည်း မက်ချေမည် ..။

"မိလုံး ကို .. ရဲမတိုင်ပါနဲ့ ကိုကိုလေး ရယ် .. မဖမ်းပါနဲ့ -- ပါတယ် .. မိလုံး .. ကြောက်တယ် .."

ဟု ထပ်၍ မိလုံး ငိုယိုပြောနေတော့ သူ အံ့ခဲထားသည်။ မနက်ဖြ သူ ခရီးထွက်ရမည်။ ကလေးသတင်း ထပ်စုံစမ်းရမည်။ ခုကျတော့ မိလုံး မှာ .. အစ်ကိုကြီးနှင့် မမခက်မွေ့ တို့ကို အိပ်မက်မက်လိုက် ကြည်နူးလေး ကို မက်လိုက်ဖြင့် စိတ်ထဲ မလုံသမျှ အိပ်မက်တွေ တိုက်မက် ..။ ဆက်တိုက် ကြောက်နေပုံ ရသည်။

သွေးလန့် ချောက်ချားနေရင်းဖြင့် အအိပ်ပျက် အစားပျက်ဖြစ် ရသည်။ ဒါကြောင့်လည်း .. သူ့ဟန်းဖုန်းကို ကြောက်ကြောက်ဖြင့် ခြင်း ဖြစ်ရမည်။ အပြစ်အတွက် အရမ်းနောင်တရနေတာလည်း ငိုသံဖြင့်ပင် သိသာနေသည်ပါပဲ ..။

"နင် .. သိပ်ရက်စက်တာပဲ မိလုံး .. အနည်းဆုံး .. ညည်း ကြည်နူးလေး ကို သနားဖို့ ကောင်းတယ် .. ကြည်နူးလေး ကို





ထိန်းခဲ့တာပါ မိလုံး ရာ .."

ဟု သူ ပြောတော့ မိလုံး ငိုနေသည်။

"မမမွေ့ ကြောင့် မိလုံး အမေ့ အသက်လည်း မမှီခဲ့ရ .. အမေ တလည်း မိလုံး ကို မမြင်သွားရ .. အဲသလို ဖြစ်ခဲ့တာကိုး ကိုကိုလေး ရဲ့ .."

ရှိုက်သံဖြင့် ဖြေတော့သည်း သူ ငိုင်သွားရသည်ပါပဲ။ ဟုတ်သည်..၊ မမခက် ကလည်း တစ်ချက်လွန်သည်ကိုးလေ ..။

"အခုလည်း .. မိလုံး ခဏမှီနေတဲ့အိမ်က .. ဘဘကြီးရဲ့ ဟန်းဖုန်း လေး ယူပြီး .. လယ်ကွင်းထဲ တစ်ယောက်ထဲ လာပြီးတော့ .. ကိုကိုလေး ဆီ ဖုန်းဆက်တာပါ ..၊ ကြည်နူးလေး ကို ရှာပါ ကိုကိုလေး ရယ် .. မိလုံး လည်း နောင်တရလှပါပြီ .. အခုလည်း .. ကိုကိုလေးကို ဖုန်းပြော ပြီးရင် .. ဒီရွာမှာ မနေရဲတော့ပါဘူး .. ကိုကိုလေး ရဲတိုင်ပြီး လာဖမ်းမှာ စိုးလို့ပါ .."

ဟု ပြောနေတော့လည်း သူ ရင်ထဲ မကောင်း ..၊

"ညည်း ဟိုသွားသည်သွား လုပ်မနေနဲ့ .. ငါ.. မဖမ်းဘူး .. အပျို ရွယ်လေးဆိုတာ သတိထား .. ကိုယ့်သားချင်းအိမ်မှာ ယိမ်လိမ်မာမာ နေ .. တောသူတောင်သား အလုပ်ကို သူတို့နဲ့ အတူလုပ် .. ဒါပဲ ငါ ပြောမယ် .. အဲဒါ .. ညည်းကို .. ငါ .. အတတ်နိုင်ဆုံးသော ကူညီမှုပဲ.. ဘယ်ကိုမှ ပြေးမနေနဲ့ .. ညည်း မိုက်ပေမယ့် .. ငါ .. မရက်စက်နိုင် ဘူး .. ညည်း .. ကြောက်လန့်ပြီး ဟိုပြေးသည်ရှောင်လုပ်ရင်း .. သမာသူနဲ့ တိုးမှာ ငါ စိုးရိမ်တယ် .. ညည်းအရွယ်လေးက .. သားချင်း ဘူတူ နေရမယ့်အရွယ် .. နားလည်လား .."

ဟု ပြောရပြန်သည်။ ဖြစ်သည်က ဖြစ်ပြီးကုန်ပြီ။ မိလုံး ကို ထပ်၍ ည်း ဒုက္ခမတွေ့စေချင်တော့ပြီ ..။ သူ ဖုန်းကိုပိတ်လိုက်ကာ သက်ပြင်း ချလိုက်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးထွန်း ကလည်း ဆားမှနေ၍ ...

"မိလုံး .. ဟုတ်လား .. နေစမ်းပါဦး .. သူက .. ဘာ ရက်စက်ခဲ့တာတဲ့လဲ.. စောစောက ပြောတဲ့စကားထဲမှာ .. ငါ့လူပြောတာ ငါ ကြားလိုက်ပါတယ် .. ကြည်နူးလေး ကို ရက်စက်တယ် ဆိုတာလေ .."

ဟု စိတ်တပူပူဖြင့် အမေးအစမ်းက နားသည်မရှိဘဲ ဖြစ်နေသည်။ ကြည်နူး အတွက် စိတ်ပူနေမည်သာ ..။ သူ .. အိမ်ကြီးဘက်ကို ကြည့်မိရပါ၏။

အဖြစ်စုံကို ဖေဖေနှင့် မေမေ့ကိုလည်း သူ အမြန်ဆုံး ပြောပြရလိမ့်မည်။ ကြည်နူးလေး ကားအက်ဆီးဒင့်ထဲမှာ ပါမသွားပါဆိုသည့် သတင်း ..၊ အရင်ဆုံး မပြောမဖြစ် ပြောပြရမည်က လေးလေးထွန်း ပဲ ဖြစ်နေသည်။ အရမ်းကို စိတ်ပူနေသည့်ကိုးလေ ..။



# အခန်း (၉)

"အံ့မယ် .. လူကြီးလေးကျလို့ .. ယားတတ်နေလိုက်တာ .."

ကြွေရေချိုးဇလားကြီးထဲမှာ ရေနွေးဖြင့် နှစ်ယောက်စလုံး ရေချိုး..။ ရွှေခြူး ကို ကလေးဆပ်ပြာရည်ဖြင့် ချေးတွန်းပေးနေတော့ ချာတိတ်က ချိုင်းကြားတွေ ဘာတွေ .. ဗိုက်လေးကို ပွတ်လိုက်လျှင် တခစ်ခစ်ဖြင့် ရယ်သည်။ ကလိထိုးခံရသည့်နှယ် ကိုယ်လေးကလည်း တွန့်တွန့်သွားသေးသည့်အဖြစ် ..၊

ကလေးရော လူကြီးရော ကလေးဆပ်ပြာရည်ဘူးကြီး တစ်ဘူးဖြင့် ချေးတွန်းကြ ..၊ ရေချိုးကြဖြင့် မနက်စောစောစီးစီးမှာ ရေးချိုးခန်းထဲ ပျော်နေကြသည့်အဖြစ် ..၊

"အံ့မယ်မယ် .. ရွှေခြူးလေး က တီတီလေးကို ဆပ်ပြာမြှုပ်နဲ့များ လှမ်းတို့သေးတယ်ပေါ့ .. ပါးဖောင်းလေး .. နှာခေါင်းချွန်လေး .. ငပျော်လေး .. အသည်းတုံးလေး .."

ရွှေခြူး ၏ မျက်နှာနုနုလေးကို မြရေးချယ် ကလည်း မျက်နှာဖြင့် ထိပွတ်ပစ်သည်။ နှစ်ယောက်သား မျက်နှာမှာလည်း ဆပ်ပြာမြှုပ်ကိုယ်စီဖြင့် ရှုံ့နေကြခြင်း ..။ ကလေး မျက်စိထဲ ဆပ်ပြာရည်တွေဘာတွေ ဝင်လျှင် မျက်စိစပ်မှာစိုးတာမို့ .. ကလေးသုံး ဆပ်ပြာရည်ဘူးကြီး



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးဘူး တစ်ခါတည်း ဝယ်ထားပစ်လိုက်တာ ..၊ လူကြီးရော ကလေးရော ကလေးဆပ်ပြာရည်ပဲ သုံးလိုက်ခြင်းဖြင့် ကိစ္စပြတ်စေသည် ကလည်း မြရေးချယ် ပါ ..။

ခုလည်း ဘောင်းဘီတိုနီနီလေးဖြင့် ရွှေခြူးလေး ကို ပွေ့ထားကာ ဆံပင်နက်နက်လေးတွေကို ကလေးခေါင်းလျှော်ရည်လေးဖြင့် လျှော်ပေးမိပြန်၏။

ရေကြိုက်သည့် ရွှေခြူး ကလည်း ရေဇလားထဲမှာ ဆပ်ပြာမြှုပ်လေးတွေ ဖြစ်နေသမျှ လက်ဖြင့် ပုတ်ပုတ်ဆော့ရင်း တူဝရီးနှစ်ယောက်တည်းဖြင့် ပျော်ကိန်းဆိုက်နေသည့်အဖြစ် ..၊

"ကဲ .. ကဲ .. တော်ပြီ .. တစ်ခါ ဖျားဖူးထားတာ ရှိသေးတယ်ကွ.. အခု လဝက်လောက် ပြန်ပြီးတော့ .. နေကောင်းနေတယ်ဆိုပေမယ့်.. ဘွားက ကလေးဖျားမယ် .. ဖျားမယ်နဲ့ .. ရေချိုးကြာမှာကို စိုးရိမ်ပြီး သတိတရရပေးထားတာကိုလည်း မေ့ပစ်လို့ မဖြစ်ဘူးကွ .. ရှာတိတ်ရ .. ကဲ .. ရေသန့်ချိုးမယ် .. ဝမ်း တူး သရီး .."

ကလေးကို ပွေ့ကာ ရှာဝါဖြင့် ရေနွေးနွေးနှင့် ရေချိုးကြပြန်၏။ ထမီရင်လျားလေးနှင့် မြရေးချယ် နှင့် .. အရုပ်လေးနယ် ရှိနေပါသည့် ရွှေခြူးလေး တို့ ရေချိုးသည့်ကိစ္စပြတ်တော့ .. အရင်ဆုံး တဘက်နှင့် ကလေးကို သုတ် ..၊ လူကြီးကလည်း သုတ် ..၊ အဝတ်လဲ ..။ ကလေးကို သနပ်ခါးလူးဖြင့် ဆက်ရှိသွားရပြန်၏။

သနပ်ခါးလေး ရွှေခြူး ကို ခွဲ့တော့ လှှာလေးပင် သေချာ ရေ့ထုတ်ပေးသည့် ရွှေခြူး ပါ ..။ ဒူးဆစ်ထိရှည်သည့် ဆံပင်နက်နက်ကြီးကို တစ်ချောင်းတည်း ကျစ်ချပြီးသည့်နောက်မှာ မြရေးချယ် သည်လည်း သနပ်ခါးလေး တဝင်းဝင်းဖြင့် စက်ရုံသွားဖို့ အဆင်သင့် ဖြစ်နေရပြီ..၊

ကလေးကို ပွေ့ ..၊ အတာချိုက်(စ်)နက်လေး တစ်ဖက်ကဆွဲ၍ မြရေးချယ် အောက်ထပ်သို့ ဆင်းလာချိန်မှာ ဘွားသည်လည်း စက်ရုံ





သွားဖို့ ဦးကြီးသိန်း နှင့်အတူ ပေါ်တီကိုအောက်သို့ပင် ရောက်နေပြီ..။

"ဘရိတ်ဖတ်(စ်) စားပြီးကတည်းက အပေါ်ထပ် တက်သွားလိုက်တာ .. ပြန်မှ ဆင်းလာပါ့မလားလို့ မိရေးရေး ရယ် .. ကဲ .. ကဲ .. ဘွား အရင် သွားနှင့်မယ် .."

ဟု ကလေးကိစ္စဖြင့် အလုပ်ရှုပ်ပွနေတတ်ပါသည့် မြရေးချယ် ကို ကြည့်ကာ ဘွား ခေါင်းယမ်း၍ ကားပေါ်တက်သွားသည်ပါပဲ။ ဒီမှာမှာ မြရေးချယ် နှင့် ရွှေခြူးလေး တို့ အချစ်သည်းကြသည့်ကိစ္စက ရက်တိုတို အချိန်တိုအတွင်းမှာပင် အားလုံးအတွက်က အမြင်ရိုးနေပြီ ..။

ရွှေခြူး ကလည်း မခေ ..၊ မြရေးချယ် ကို မျက်စိအောက်မှ အပျောက်မခံ ..၊ အလုပ်ထိ ပါရသည်အထိ အချစ်သည်းသည်။ မြရေးချယ် ကလည်း ကလေးကို အငိုမခံ ..၊ အလုပ်သို့တိုင် ခေါ်သွားသည်အထိ အချစ်သည်းသည်။

ခုလည်း ထုံးစံအတိုင်း ကလေး လက်တွန်းလှည်းက အစ .. ကလေးစားဖို့ဥစ္စာတွေ ထည့်ထားရာ စတီး(လ်)ချိုင့် ..၊ အားလုံး ကားနောက်ခန်းမှာ ထည့်သည်။

ထိုတာဝန်ကို ဒေါ်ကြီးထွေးယုက မနက်တိုင်း တာဝန်ယူ ..၊ စက်ရုံရှိ မြရေးချယ် ၏ ရုံးခန်းမှာကလည်း နို့မှုန့်ဘူး ..၊ ကလေးနို့ဘူး.. အာဟာရဘူးတွေနှင့် ကစားစရာတွေရော .. ကလေးပုခက်ရော .. ဆေးဝါးဗီရိုငယ်လေးရော အားလုံးအသင့်..။ နှစ်ပတ်ကျော်ပြီ ..။ ဤကလေး တပွေ့ပွေ့နှင့် မြရေးချယ် အလုပ် ပြန်ဝင်နေခြင်း ..။ စော်စောပိုင်း ရက်တန်းကတော့ ရွှေခြူးလေး နေမကောင်းတာတွေ ရှိကုန်ရတာမို့ မြရေးချယ် စက်ရုံပင် မရောက်နိုင်ခဲ့ ..။

ကလေးပါနေသည်မို့ မြရေးချယ် မမောင်း ..၊ လေးလေးသော် မောင်းပို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံရောက်တော့ ကားရှေ့ခန်းမှာ ကလေးပွေ့၍ မြရေးချယ်
ထိုင်နေရာမှ ကားပေါ်မှ ဆင်းနေချိန်မှာ လေးလေးသော် ကဖြင့် ထုံး
အတိုင်း ကလေးလက်တွန်းလှည်း လှလှလေးကို ကမန်းကတမ်း
နောက်ခန်းမှ ချရပါ၏။ ကျော့ကျော့မော့မော့လေးပင် မြရေးချယ်
ရွှေခြူးလေး ကို ကလေးလှည်းထဲ ထည့်သည်။ တွန်း၍ စက်ရုံတွင်းသို့
ဝင်၏။ ဝန်းထမ်းလေးတွေ၏ အကြည့်ကတော့ စူးစမ်းကြည့်တွေချည်း
ပဲ ဖြစ်နေကြသည်ပါပဲ။

ဒါကို .. မြရေးချယ် မသိမဟုတ် .. သိသည် ..၊ ဒါပေမယ့် ..
ဂရုကိုမစိုက် ..၊ ရွှေခြူးလေး သည် မိုးမိုးစံ ၏တူဖြစ်သည်ဆိုတာ စက်ရုံ
ဝန်ထမ်းတွေ သိနေကြသည်ပဲ ..။ ပြောပြထားသည်က ဘွားပဲ ဖြစ်
သည်။ သူတို့ ယုံယုံ .. မယုံယုံ ..။ မြရေးချယ် က ဂရုမစိုက်..။

"ငယ်ကတည်းက .. မြရေးချယ် ဆိုတာ တစ်ယောက်တည်း
ကြီးပြင်းလာရတာ .. နလို .. အလွန်ချစ်စရာကောင်းတဲ့ ရွှေခြူးလေး
ကို ရလိုက်တာဟာ ပိုပြီး ဘဝကို စိုပြည် ပြည့်စုံလာတယ်လို့ မှတ်ရ
တယ် ချာတိတ်လေး ရေ .."

ဟု တွေးကာ ကလေး၏ ခေါင်းလေးကို တစ်ချက်ပွတ်ပေးမိပြီး
ဓာတ်လှေကားထဲ ဝင်သည်။ မြေညီထပ်မှာက ဆီကြိတ်စက်နေရာသည်
တွဲလျက်ဖြင့် တစ်ဖက်သို့ အရှည်ဆွဲကာ .. ဆီကြိတ်သည်။ တစ်ထပ်
မှာက ဝန်းထမ်းတချို့ ရှိသည်။ အလယ်ထပ်မှာက ဝန်ထမ်းတွေမှ ထုပ်
ပိုးဌာနအဖြစ် တာဝန်ယူရသည်။ ဂိုဒေါင်ကြီးကတော့ ခြံဝန်းကျယ်ကြီး
ထဲမှာ သီးသီးသန့်သန့် ..။

အပေါ်ဆုံးထပ်မှာက စည်းဝေးခန်းနှင့် ရုံးခန်း ရှိသည်။ ရုံးဝန်ထမ်း
တွေအတွက် အခန်းကျယ်ကြီးတစ်ခု ..၊ ဘွားအတွက် တစ်ခန်း၊ မြရေး
ချယ် အတွက် တစ်ခန်း ..။

နယ်တွေလည်း ဆီပို့ရသည်။ အမှာက အရမ်းကို များချော်သည်





ပဒုမ္မာအမှတ်တံဆိပ် ပဲဆီသန့်များကို နှစ်ဆယ့်ငါးကျပ်သားဝင် ပုံးလေး
တွေမှသည် .. ငါးဆယ်သား ..။ တစ်ပိဿာပုံးတွေလည်း ရှိသည်။
ဆယ်ပိဿာဝင်ပုံး ..၊ ငါးပိဿာဝင်ပုံး ..။ ဒါတွေလည်း ရှိသည်။
ပီပါလိုက်လည်း ရှိသည်။

မှာသူ၏ အမှာအတိုင်း အရွယ်အစား ဆိုဒ်စုံ၊ အရေအတွက် ..၊
အားလုံး အတိအကျ .. ရထားဖြင့် ..၊ ကားဖြင့် မြို့နယ်အနှံ့ ပို့သည်။
ရန်ကုန်ဆိုလျှင် အိမ်အရောက်ပို့ပါဟု မှာလျှင်လည်း ပို့ပေးသည်။
ပဒုမ္မာဆီစက် ရုံးခန်းဆီသို့ ဖုန်းဆက်မှာလိုက်လျှင်.. အိမ်အရောက် ..၊
အရောင်းဆိုင်၊ စတိုးဆိုင်များအရောက် ဝန်ဆောင်ခ မယူဘဲ ပို့ပေး
ခြင်း ..။

ထို့အပြင် စည်သွပ်ဘူး ကုန်ပို့ဌာဝန်ထမ်းတွေကလည်း စက်ရုံ
အလယ်ထပ်၏ ထက်ဝက်မှာ နေရာယူထားလျက် .. ဂိုဒေါင်က စက်ရုံ
ဝင်းဟွင်းမှာ ရှိသည်။ ဝန်ထမ်းတွေကတော့ အလယ်ထပ်မှာပင် ဆီစက်
ဝန်ထမ်း ထက်ဝက် ..၊ စည်သွပ်ဘူး ဝန်ထမ်းထက်ဝက်ဖြင့် ရှိနေရပါ၏။

မြရေးချယ် နောင်တရားသို့ သွားလျှင် ဘွား တစ်ယောက်တည်း..
ထိုတာဝန်တွေကို ထမ်းရသည်မို့ ပင်ပန်းသည်သာ ..။

လောလောဆယ်မှာတော့ အားလုံးသော ဝန်ထမ်းတို့သည် ချစ်စရာ
ကောင်းသော ရွှေခြူး ဆိုသည့် ကလေးလေးကို သည်းသည်းလှုပ်အောင်
ချစ်နေရင်း သွားလေရာ ပါပါလာစေတတ်ပါသည့် မြရေးချယ် ကို
စိတ်အဝင်စားဆုံး ဖြစ်နေကြသည်ပါပဲ။ နောင်တရား စက်ရုံမှ ဤတစ်
ခေါက် အပြန်မှာ ကလေးပါလာသည်ဆိုတာကြီးကို အားလုံးက စိတ်ဝင်
တစား ဖြစ်နေကြသည်။

တချို့ဆို .. ဖွင့်သာမပြောရဲ၍ ငြိမ်ကြည့် အကဲခတ် လုပ်နေပေ
မယ့် .. ကလေးပါလာတာကြီးကို .. ရိုးမှ ရိုးပါရဲ့လားဆိုတာ အကြည့်
ဖြင့်ပင် သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေခြူးလေး ရေ .. မင်းလေးကို ဟိုးအရင်ကတည်းက .. တီတီလေးက .. နောင်တရားမှာ တိုးတိုးတိတ်တိတ် သွားမွေးပြီး .. ဒီအရွယ်ရောက်မှ .. မိုး ရဲ့တူဆိုပြီးတော့ ခေါ်လာတယ်လို့ ထင်နေကြပုံ ရတယ်ကွ .. တီတီလေးရဲ့ သားလေးလို့ ထင်နေကြတယ်ဆိုပါတော့ .. ထင်ပေ့စေပေါ့ .. ဟုတ်ဘူးလား .."

မာတ်လှေကားထဲမှာ ကူဝရီးနှစ်ယောက်တည်း ရှိနေရင်း အပေါ်ထပ် တက်လာရချိန်မှာ ကလေးကို နှာခေါင်းလေး လက်ဖြင့်တို့၍ ငုံ့ပြောတော့ ချာတိတ်ကလည်း နားလည်သလိုလိုဖြင့် မော့ကြည့်သည်။ မြရေးချယ် မှ ခေါင်းလေး ညိတ်ညိတ်ပြရင်းမှ ...

"ခေါင်းညိတ် .. ခေါင်းညိတ် .."

ဟု ပြောတော့လည်း ကလေးက ခေါင်းလေး လိုက်တု၍ ညိတ်ညိတ်ပြချေသတည်း ..။ မြရေးချယ် လက်ခုပ်လေး တီးကာ တီးကာ..

"လက်ခုပ် တီး .. လက်ခုပ် တီး .. တီးပါလေ့ .. တီးပါလေ့ .."

ဟု ပြောတော့လည်း ကလေးက လိုက်တီးသည်။ ဤသို့ လိုက်လုပ်အောင် မြရေးချယ် ပဲ အိမ်မှာ ကလေးနှင့်အတူ ရှိနေခဲ့ရပါသည့် ရွှေခြူးဖျားကာလအတွင်းမှာ သင်သင်ပေးခဲ့သည်ကိုးလေ ..။

"ပါးလေးပုတ် .. ပုတ် .. ပုတ်ပါလေ့ .. ပုတ်ပါလေ့ .."

ဟု ပါးလေးပုတ်ပြတော့ ရွှေခြူး လိုက်လုပ်ပြစဉ်မှာ ဓာတ်လှေကား တံခါးပွင့်၏။ အောက်ထပ်ဆင်းဖို့ စောင့်နေပါသည့် ဘွား နှင့် တိုးတာမို့ တစ်ချက် ရယ်ပြသည်က မြရေးချယ် ပါ ..။ ကလေးနှင့် ဓာတ်လှေကားထဲရှိချိန်လေးလည်း မငြိမ် ..၊ ကလေးနှင့်အတူ ပါးပုတ်တွေ ဘာတွေ ပြောရင်း ပျော်နေပါသည့် မြေးကို စိတ်မောပုံဖြင့်လည်း ကြည့် ..။ အဖော်ရ၍ ပျော်နေသည်ပဲဟု ကြည်နူး သနားပုံလေးဖြင့်လည်း ကြည့်နှင့် ဘွား ရှိသွားရသည်ပါပဲ ..။

"ကဲ .. ကွ .. ကွ .."





ဟု ပြောတော့မှ လက်တွန်းလှည်းလေး တွန်း၍ မြရေးချယ် ရုံးခန်းသို့ သွားသည်။ ဘွား အောက်ထပ်သို့ ဆင်းသွားပါ၏။ ကလေး အသုံးအဆောင် ခြင်းကတော့ လေးလေးသော် ယူလာလိမ့်မည် ..။ မြရေးချယ် ရုံးခန်းထဲရောက်တော့ ကလေးကို အရင်ဆုံး ပွေ့ကာ နဖူးလေးကို နမ်း၏။ အလုပ်လုပ်ဖို့ ထိုင်သည်။

ပွေ့ထားပါသည့် ရွှေခြူးလေး က တယ်လီဖုန်းကို လှမ်းဆွဲ၏။ ဗိုင်တချို့ကို လှမ်းပုတ်၏။ မြရေးချယ် ၏ ပါးကိုလည်း မော့ပုတ်သည်။ သင်ထားပေးပါသည့် ခေါင်းညိတ်ပြတာတွေ ..၊ ပါးပုတ်ပြတာတွေ.. လက်ခုပ်တီးပြတာတွေကို အစွမ်းပြသည့်နှယ် သွက်သွက်လက်လက် ဆက်တိုက်လုပ်ပြနေပြန်၏။

မြရေးချယ်-အလုပ်တစ်ခုမှ မစနိုင် ..၊ ရယ်၍ ...

"ခေါင်းညိတ် .. ခေါင်းညိတ် .. လက်ခုပ် တီး .. လက်ခုပ် တီး .. ပါးပုတ် .. ပါးပုတ် .."

နှင့် လုပ်နေတော့ ကလေးနှင့်အတူ .. လူကြီးကလည်း ခေါင်းတွေ ညိတ်၊ ကိုယ့်ပါးကိုယ် ပြန်ပုတ် ..၊ လက်ခုပ်လေး တတီးတီးဖြင့် ရှိနေချိန်မှာ လေးလေးသော် ဆွဲခြင်းဖြင့် ဝင်လာသည်။

"လေးလေးသော် ရေ .. စတီးလ်ချိုင့်တွေက ဥစ္စာတွေကို .. ကြွေအုပ်လေးထဲ ပြောင်းထည့်ပြီး .. အိုဝင်ထဲ ထည့်ထားပေးနော် .. ရွှေခြူးလေး ဆာတဲ့ခါ .. ကျွေးရအောင်လို့ .. အသီးစုံနဲ့ ဆန်ပြုတ်ပြုတ်ထားတာရယ်.. ကြက်သားပေါင်းနဲ့ ပေါင်းရည်ရယ် .. ကြက်ဥပူတင်းရယ် .. အားလုံး ပါတယ် နော် .."

ဟု ပြောနေတော့ လေးလေးသော် ခေါင်းညိတ်သည်။

"လက်ကို သေချာဆေးဦး .. ပြီးမှ ထည့်နော် လေးလေးသော် .. ဒီမှာက ရွှေခြူးလေး ကို ချမရလို့ ရေးရေး ကိုယ်တိုင် အဲဒါတွေ ပြောင်းထည့်ဘို့ နေလိုက်ရတာ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေချိန်မှာ လေးလေးသော် စိတ်မဆိုးရှာ ..၊ ကလေးကို ချစ်သည့် တုန်တုန်ခါ အချစ်သည်းကြီးဆိုတာကို နားလည်ပေးရင်း ဖျောက်ဘက် ဘောစင်မှာ လက် သေချာ ဆပ်ပြာတွေဘာတွေဖြင့် ဆေး မီးဖိုထဲမှ ဆေးကြောထားရာ ကြွေအုပ်တွေထဲ စတီး(လ်)ချိုင့်ထဲမှ စားစရာ တွေ ပြောင်းထည့် ..၊ အိုဝင် ထဲထည့် ..။ စတီး(လ်)ချိုင့်ကို ဆွဲခြင်းထဲ ထည့်ဖြင့် သေသေသပ်သပ် သန့်သန့်ရှင်းရှင်း လုပ်ပေးကိုင်ပေးရပါ၏။

ထိုစဉ်နိုက် မနက်စော သတင်းစာကို ရှုံးလှလင် ဖိုးပြုံး စားပွဲပေါ် လာတင်သည်။

"ရပြီ လေးလေးသော် .. အိမ်ပြန်တော .. ဒေါ်ကြီးထွေးယု ဈေးလိုက်ပို့ပေးရဦးမှာ .. နေ့လယ်စာကို .. အိမ်ပြန်စားမယ် ရွှေခြူးလေး အတွက် .. ထမင်းပျော့ပျော့ ပဲနပ်နပ်နဲ့ ပဲထမင်းလေး လုပ်ထားပေးပါ ပြော .. ပုစွန်တုပ်ကြီး ပေါင်းထားပေးလို့ ပြော .."

ဟု မှာကာ လက်ညှိုးလေးကွေး၍ ရွှေခြူးလေး ကို ...

"လက်ချင်း ချိတ် .. ချိတ် .."

ဟု ပြောကာ ပြောကာဖြင့် လက်သန်းချင်း ကလေးနှင့် ချိတ် သည်က မြရေးချယ် ပါ။ လေးလေးသော် ပြုံး၍ ကြည့်ပြီးမှ ထွက်သွား သည်ပါပဲ ..။

တစ်အောင့်လောက်ပဲ ကြာမည် ..၊ စားလာတာတွေလည်း လင်လင် ..။ ရေမိုးချိုးပြီး သန့်သန့်ပြန့်ပြန့်လည်း ရှိ ..။ မြရေး နှင့် ပိုခဆော့ သည်ပျော်ဖြင့် ရှိနေပါသည့် ရွှေခြူးလေး မြရေးချယ် ရင်ခွင်မှာ ခေါင်းလေး ငိုက်မိလာသည်။ ငိုက်မျဉ်းလာပြီ ..၊ တစ် နပ်ပေဦးတော့မည်တည့် ..။

ကလေးကို ပွေ့ကာ အခန်းထဲ ခေါက်တုံ့ခေါက်တင် မြရေး သမ်းလျှောက်သည်။ ကျောကလေး ပုတ်ပေးသည်။ နှုတ်မှလည်း ..

"ပန်းကုံကော် ရွှေစံကား .. ငွေသားနု စံပယ်မှန် .. မုလေး





နှင့် .. ရွှေယင်းမာ ကြာခဝဲ .. ဖွဲစနင်းလျှံ .. သဇင်ကျန် နွှာကန်နှင့် ပေါက်လဲ .. ပွင့်ဝတ် ရွှေဖီမင်း .. သင်းထုံနံ့ကဲ .."

ပန်းဘွဲ့ကဗျာလေးကို သီချင်းလေး ညည်းသလို ညည်းချော့နေမိ ရသည်ပါပဲ ..။ မြရေးချယ် ၏ အာရုံထဲမှာ ပန်းရနံ့တွေ တိုးဝင်နေသည်။ ပန်းရောင်စုံတွေ တိုးဝင်နေသည်။ ဩော် .. တောပန်းရောင်စုံတို့ ပွင့်ဝေ ကြရာ .. တောပန်းရနံ့တို့ မွှေးပျံ့ကြရာ နေရာလေး ..။ ထိုနေရာလေး မှာ လူသူကင်းမဲ့နေလျက် .. ကလေးလေး တစ်ယောက်သည် အားကိုး ရာမဲ့ ငိုယိုနေသည်။ ချောက်ချား ကြောက်လန့်နေသည်။ အားငယ်နေ သည်။ မြရေးချယ် ကို မြင်တာနှင့် အားကိုးတကြီး လက်လေးတွေ ခြေထောက်လေးတွေ လေးဖက်ထောက် ရွေ့လျားရင်း အားအင်ကျုံးငင် ၍ အလောတကော လာနေသည့် မြင်ကွင်း ..၊

လက်ဖဝါးနုနုလေးတွေ မြက်ခင်းကို ထောက်ရွေ့ရာမှာ အားပါ သည်။ လက်ဖဝါးလေးတွေ ပုတ်ပုံလေးက အားပါနေသည်။ အကြည့်က မြရေးချယ် ထံမှာပဲ ရှိလျက် .. အားကိုးတကြီး တွယ်တွယ်ငင်ငင် ကြည့် ရှုသည့် အကြည့်လေးတွေ ..။ မျက်ရည်တွေ ပြိုကျတာကဖြင့် ကလေး နှင့်ပင် မမျှ ..။ သနားစရာ့မြင်ကွင်း ..၊

ဤအဖြစ်သည် မြရေးချယ် ၏ ရင်ကို ကြေမွစေသည် ..၊ ထိခိုက် စေသည်။ ကလေးလေးအပေါ် သနားလိုက်ရသည်မှာလေ .. အရမ်းကို ရင်ကိုထိစေခဲ့သည့် မြင်ကွင်းသည် ရင်မှာ မပျောက် ..၊ ဖျောက်၍ မရ..။

ဩော် .. ခုကျတော့ ဤကလေးကို ပန်းရနံ့ သင်းထုံဝေနေသော ပန်းကဗျာလေးတစ်ပုဒ်နှင့်အတူ အေးမြမြ ဆိုချော့ သိပ်နေရချေသည် ပါကား ..။

"ရွှေခြူးလေး ရေ .. ဘယ်တော့မှ .. အဲဒီအလန့်မျိုး .. အားငယ်မှု မျိုးတွေ .. တီတီလေးရဲ့ ရွှေခြူးလေး မခံစားစေရဘူး .. အမြဲတမ်း ဘာဒီရင်ခွင်မှာ လုံလုံခြုံခြုံ ရှိနေရမယ်ကွယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိရင်းမှ ရွှေခြူးလေး ကို ငုံ့ကြည့်မိရသည်။ ပါးစပ်လေး မသိမသာဟ၍ ချာတိတ်လေးကတော့ အိပ်နေသည်။ ရွှေခြူး ၏ လက်သန်းလေးက ကွေးကွေးလေး လာ၍ မြရေးချယ် ၏ လက်မောင်းလေးကို ချိတ်နေသည်။ အိပ်မက်ထဲမှာ မြရေးချယ် ၏ လက်သန်းလေးကို ချိတ်နေတာ ဖြစ်ချေမည်တည့် ..။ မြရေးချယ် အချစ်တွေ တိုးရပြန်ကာ ကလေး၏ နဖူးလေးကို ပြုံး၍ နမ်းမိရပါပြီ။

"တော်တော်ကို ချွဲချွဲတာတာ လုပ်တဲ့ ကောင်လေး .. ကြည့်စမ်း-ရေးရေး သင်ပေးထားတာဆို အားလုံး မှတ်မိတဲ့ ချာတိတ်လေး - လက်သန်းလေး တကွေးကွေးနဲ့ ရေးရေး ရဲ့ လက်သန်းလေးကို ချိတ်နေသတဲ့ .. အိပ်မက်ထဲမှာ .."

ဟုလည်း တွေးမိရကာ .. ပုခက်ထဲ ထည့်သိပ် ..။ စောင်လေးခြုံ ပေး ..။ နဖူးလေး ထပ်၍ နမ်းမိရ .. တစိမ့်စိမ့် ကြည့်မိရနှင့် အတန်ကြာ သွားရရင်းမှ ဖြတ်ဆို မြရေးချယ် လုပ်လိုက်မိသည်က လက်သန်းလေး ကို ကွေး၍ ကလေး၏ လက်သန်းကွေးလေးထဲ အလိုက်သင့် ချိတ်ပေး ထားလိုက်မိရပါ၏။ အံမယ် .. ကလေး၏လက်သန်းပုစိကွေးလေးက ပို၍ပင် ကွေးချိတ်သွားကာ မြရေးချယ် ၏လက်သန်းလေးကို ချိတ်ထား ချေသတည်း..။

ကိုယ်လေး ငုံ့ကိုင်းထားရင်းမြဖြင့်ပင် လက်တစ်ဖက်က ရွှေခြူး ၏ ဆံစလေးတွေကို ဖွဖွသပ်ပေးနေမိသည်။ ထိုစဉ်ခိုက် .. အခန်းတံခါး သည် ပွင့်လာ၏။ ဘွား ရပ်နေသည်။ ပြီးတော့ ဘွား၏ နောက်မှာ လူ သုံးယောက် ..။ အန်ကယ်အရွယ် လူကြီးတစ်ယောက် .. အန်တီအရွယ် က တစ်ယောက် .. ပြီးတော့ .. မြရေးချယ် ထက် အတန်ကြီးသော လူရွယ်တစ်ယောက် ..။ အားလုံး၏ အကြည့်က မြရေးချယ် ထံမှာ တန့်နေကြသည်။

ပြီးတော့ .. ပုခက်လေးထဲမှ ရွှေခြူးလေး ကိုလည်း ကြည့်နေကြ





သည်။ ဘွား ၏ မျက်ဝန်းတွေမှာ မျက်ရည်ပြည့်နေ၏။ ထိခိုက် ဆို့ကျင် နေသည့်မျက်ရည်များအဖြစ် မျက်ဝန်း မျက်ဆံဆီမှာ ထင်နေသောအရိပ် တွေကို ဆုပ်ဖမ်းကြည့်လိုက်လျှင် ခွဲခြားသိနိုင်နေစေသည့်မျက်ရည် ..။

"အံမယ်လေးလေ .. သေကံမရောက် .. ကွဲကံမကြုံလို့ ပြန်ဆုံ ရတာပါလား ကြည်နူးလေး ရယ် .. ကြည်နူးလေး ရယ် .."

အန်တီအရွယ် အမျိုးသမီးကြီးမှ ငိုလည်း ငို ..။ ပြေးလည်း ပြေးလာ ကာ ရွှေခြူးလေး ကို ငုံ့မိုး၍လည်း ကြည့် ..။ ကလေးကိုလည်း မပြော မဆိုကြီး ကောက်ပွေ့လိုက်သည်မို့ ရွှေခြူးလေး ၏ လက်သန်းလေးနှင့် ကွေးချိတ်ထားရာ မြရေးချယ် ၏ လက်သန်းလေးဆီမှ အခွဲခံလိုက်ရ သလို .. ပါသွားရချေသည်တကား ..။

ကလေးကလည်း အိပ်မောကျစ .. ကောက်ပွေ့ခံလိုက်ရတာမို့ .. လန့်သွားပုံဖြင့် လန့်ငို ငိုချလိုက်ချေသတည်း ..။

"ဟင် .. ဟင် .. အရမ်းလုပ်တာပဲ .. ပေး .. ပေး .. ရွှေခြူးလေး ကို ပေး .. ကြည့်ပါဦး .. ဘာမှန်းလည်း မသိဘူး .. စွတ်ပွေ့တာပဲ .. ခုမှ ရွှေခြူးလေး စအိပ်တဲ့ဥစ္စာ .. ပေး .. အို .. အေး .. အေး .. တိတ် .. တိတ် .. တိတိလေး ပွေ့ထားမယ် နော် .. အိပ်နော် .. ပြန်အိပ် .. ပြန် အိပ် .."

ဟု အန်တီကြီးကိုလည်း မျက်နှာလေး မှုန်တင်း၍ ရန်တွေ့ ..။ ရွှေခြူးလေး ကိုလည်း ပွေ့ဖို့ ကြိုးစား ..။ နှုတ်မှလည်း ချော့နေချိန်မှာ အမျိုးသမီးကြီးကတော့ ရွှေခြူးလေး ကို မပေးသည့်အပြင် ဘေးဘက် သို့ပင် တိမ်းပစ်လိုက်ကာ ...

"ဘွားဘွားလေ .. ဘွားဘွားလေ .. ကြည်နူးလေး ရဲ့ .."

ဟု ပြောငိုနေသည်ပါပဲ ..။ ရွှေခြူးလေး ရုတ်တရက် လန့်နိုးငို နေရာမှ အသံကြောင်ထင့် .. တစ်ချက်တိတ်ကျသွားကာ အမျိုးသမီးကြီး ကို ကြည့်သည်။ အမျိုးသမီးကြီးကလည်း မျက်ရည်တွေ သည်မရ



www.burmeseclassic.com

အောင် ကျနေရင်းမှ ပြုံး၍ ရွှေခြူးလေး ကို ကြည့်လည်း ကြည့် ..၊ တရစပ် နမ်းလည်း နမ်းဖြင့် ရှိနေရင်းမှ ...

"ကြည်နူးလေး ရဲ့ ဘွားလေ .. ဘွားလေ .. အဲမယ်လေး မြေးရယ် .. တစ်လလောက်ကို ဝေးခဲ့ရတာပါလား .. ရှိမှန်း မသိရ .. မရှိမှန်း မသိရ နဲ့ .. ငိုလိုက်ရတာကွယ် .. မနေ့ကမှ အမိုက်မ မိလုံး ဖုန်းဆက်လာလို့ ဘွားရဲ့မြေးလေး ပန်းတောထဲ အပစ်ခံထားခဲ့ရတာ သိရတာ .. သိရတာ .. ဘယ်ရှာရမှန်းမသိ .. ဆုံးပါပေါ့လားလို့ .. ရင်ထဲကွဲနေရသမျှ ခုမှ .. ဘွားရဲ့မြေးကို .. ပြန်ရလိုက်တာ .. ပြန်ရလိုက်တာ .."

ဟု ပြောငိုနေတော့ ကလေးက ငြိမ်မော့ကြည့်နေသည်။ မြရေးချယ် ၏ ကိုယ်လေး ယိုင်ခနဲ ဖြစ်၏။ နောက်သို့ ခြေလှမ်းတွေ ဆုတ်သွားသည်။ နံရံကို ကျောပြင်ထိတော့မှ အဆုတ်ရပ်၏။ အကြည့်က မြင်ကွင်းဆီမှာ တန့်နေဆဲ ..။

ဘွား .. တဲ့လားလေ ..၊ ကြည်နူး တဲ့လားလေ .. ပန်းတောထဲ အပစ်ခံခဲ့ရသည်တဲ့လားလေ ..။ ငြင်းမရစွာ တိုးဝင်လာသည်က တော ပန်းရောင်စုံများ ..၊ တစ်ယောက်တည်း ငိုယိုနေပါသည့် ကလေး .. ဩော် .. မြရေးချယ် ၏ ရွှေခြူးလေး ..၊ ဘွားအေအရင်းဆိုသူနှင့် ဆုံရ ပြီကောလေ ..။ ဆုံနေသည်ကောလေ ..။ ဒါဆို .. ဒါဆို .. ရွှေခြူးလေး ကို ခေါ်သွားကြချေတော့မည်ပေါ့ ..။ ခေါ်ချေတော့မည်ပေါ့ ..။ ရင်ကို ခွဲလိုက်သည်သို့ မြရေးချယ် ခံစားနေရသည်။

အလိုလို မြရေးချယ် ၏ လက်ဖဝါးဖြူနုနုလေးတွေက ရင်ဘတ် ပေါ် ဖိလိုက်မိရပြီ ..၊ ရင်ထဲမှာ အောင့်နေသည်။ စူးအောင့် နာကျင်လာ နေသည်။ အမျိုးသမီးကြီး၏ ဖောသည် ရွှေခြူးလေး ထံမှာပဲ နစ်နေပုံရ နေလျက် .. အားလုံးကို ဘာဆိုဘာမျှ သတိပင် မထားနိုင်လောက်အောင် ရှိနေတာလည်း သိသာနေသည်။ ရွှေခြူးလေး ကို ပွေ၍ အခန်းထဲမှ ထွက်ဖို့ တံခါးဆီသို့ လျှောက်နေချိန်မှာ .. ရွှေခြူးလေး ၏ အကြည့်က





မြရေးချယ် ထံသို့ ရောက်လာချေသည်တကား ..။

နံရံကို မှီရပ်နေရင်း မျက်ရည်တွေ ထိန်းမရအောင် ကျနေတာ..၊ အသံ တစ်ချက်မျှ ထွက်ကျမလာနိုင်အောင် ရင်ထဲ ဆို့နေလျက် ငေး ကြည့်နေသည့် မြရေးချယ် ကို ကြည့်နေရာမှ ရွှေခြူးလေး လက်ကမ်း သည်။ ပွေ့ချီနိုင်းနေခြင်းဆိုတာ မြရေးချယ် သိနေရပါ၏။ ဒါပေမယ့် ကလေး၏ ဘွားအေက သိပုံ မရ ..။ ကလေးကို .. ဩော် .. မြရေးချယ် ၏ ရွှေခြူးလေး ကို အိမ်ပြန်ခေါ်သွားဖို့ပဲ ဇောကပ်နေပုံကြီးဖြင့် အခန်းပြင်သို့ ရောက်အောင် ထွက် ခွာသွားချိန်မှာ .. ရွှေခြူးလေး သည် ကျောကော့အောင် ငိုယိုရင်း လက်ကလေး တကမ်းကမ်း .. လက်လေး တလှမ်းလှမ်းဖြင့် ပါသွားရချေသည်တကား ..။

မြရေးချယ် ရပ်မနေနိုင်တော့ပြီ ..၊ ကိုယ်လေး ယိုင်နဲ့၍ ကြမ်းပေါ် ခွေထိုင်ချမိချိန်မှာ အန်ကယ်ကြီး လာ၍ ရှေ့မှာ ထိုင်ပါ၏။

"ကျေးဇူးတင်ပါတယ် သမီးရယ် .. အန်ကယ့် မြေးလေးကို သမီး လေး တွေ့ခဲ့လို့ .. စောင့်ရှောက်ခဲ့လို့ .. ခုလို .. အသက်မသေဘဲ ရှိရ .. လုံခြုံရတာပါကွယ် .. ဘယ်လို မြေးလေးနဲ့ အန်ကယ်တို့ ခုလို ကွဲကွာ ရတယ်ဆိုတာ .. သမီးရဲ့ ဘွားကို အားလုံး အန်ကယ်တို့ ပြောပြ ရှင်းပြခဲ့ ပြီးပါပြီ .. အန်ကယ့်လိပ်စာလည်း ပေးထားပါတယ် .. အိမ်ကိုလာပါ သမီးရယ် .. ခု လောလောဆယ်တော့ .. သူ့မြေးကို ပြန်ရလို့ .. ဝမ်းသာ သွန်းပြီး အိမ်ကိုပဲ မြေးခေါ်ပြန်ဖို့ တစ်ခုသာ သိခဲ့ရှာတဲ့ သမီးရဲ့ အန်တီ ကြီးကိုလည်း နားလည်ခွင့်လွှတ်ပေးပါ ..၊ ဆွေ ဟာ မြေးစိတ်နဲ့ မအိပ် နိုင် မစားနိုင် ငိုနေရှာတဲ့သူပါ .. ခုလို မြေးကို ပြန်တွေ့ရတော့.. ရင်ခွင် ထဲ ပွေ့ခေါ်သွားဖို့ တစ်ခုပဲ သိနေရှာတာပါ .. သမီးကို ကျေးဇူးတင် ကောင်းတောင် ပြောဖို့ ဆွေ့ မှာ သတိမရရှာတာပါကွယ် .."

ပြောနေသမျှကို မြရေးချယ် ကြားနေရပေမယ့် နားထဲ မဝင်နိုင်အောင် ဖြစ်နေသည်။ ရင်ထဲမှာ ကြေမွနေတာတစ်ခုပဲ ကျန်ရစ်ခဲ့ရသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လေ ...။ ခေါ်သွားပြီ .. ခေါ်သွားပြီ .. ဆိုသည့် ခံစားချက်သည် ရင်ကို နစ်နစ်ပါအောင် ထုချေနေသည်။ ကိုယ့်နှလုံးသားကို ကြီးမားသည့် တူကြီးတစ်လက်ဖြင့် ရက်ရက်စက်စက် ထုချေသည့်နှယ် ခံစားနေရ သည်။ နှလုံးသွေးတို့ ပေါက်ပေါက်စက်စက် ကျနေတာမျိုးပင် မဟုတ် တော့ပြီ ...။ သောသောလျှံလျှံ ကျနေတာမျိုး ဖြစ်နေပြီတည့် ...။

အန်ကယ်ကြီး၏နောက်မှာ ရပ်လာသည့် သူကလည်း မြရေးချယ် ကို ကြည့်ကာ ...

"ငါ့ညီမကို.. ကျေးဇူးတင်ပါတယ် .. ခုလို .. ဂရုတစိုက် .. ကြင် ကြင်နာနာ .. ထားလေသမျှ .. မြင်ရလေသမျှ .. ကြည်နူးလေး ကိုယ် စား .. ပြီးတော့ .. ကိုယ်တို့ တစ်မိသားစုလုံးကိုယ်စား .. ဒီကျေးဇူး မမေ့ပါဘူးလို့ ပြောပါရစေ ..."

ဟု ပြောလာတော့ မော့ကြည့်မိရပါ၏။ အသားဖြူဖြူ၊ အရပ်မြင့် မြင့်၊ ဆံပင်တွေကို သေသပ်စွာ နောက်လှန်၍ ဖြီးသင်ထားကာ အနည်း ငယ်မျှ ပြုံး၍ ပြောနေသည့် ထိုသူ့ထံမှာလည်း အားနာ စိတ်မကောင်း ရိပ်တွေကတော့ ရှိနေသည်ပါပဲ ...။ ရွှေခြူးလေး ကို မြရေးချယ် အဘယ် မျှ သံယောဇဉ်တွယ်နေပြီဆိုတာ စာနာနားလည်ပုံလည်း ရှိနေပါသည်။ ထိုသူ့ထံမှာ စိတ်ထိခိုက်ရိပ်ကိုလည်း မြရေးချယ် တွေ့နေရပါ၏။ ဒါပေမယ့် .. မြရေးချယ် ဘာဆိုဘာမျှ ပြန်မပြောနိုင် ...၊ မျက်ရည်သာ ထိန်းမရအောင် ကျနေဆဲ ...။

မြရေးချယ် ဘေးမှာ ဘွား လာထိုင်သည်။ မြရေးချယ် ၏ ခေါင်း လေးကို ရင်ခွင်မှာ သိမ်းပွေ့ကပ်ထားသည်။ ဆံစလေးကို သပ်ပေး သည်။ မြရေးချယ် ဘွား၏ရင်ခွင်မှာ မျက်နှာလေး ကပ်ထားမိသော ကလေးတစ်ယောက်နှယ် စတင်၍ အသံထွက် ငိုလာသည်။

"ခေါ်သွားပြီ .."

ဆိုသည့်အသံက ဆို့ဆို့ခဲခဲ ပွင့်ကျ၏ ...။ တကယ်က .. ခေါ်သွား





ပြီ ဘွားရဲ့ .. ဟု ပြောလိုခြင်း ...၊ ဒါပေမယ့် ဘွားရဲ့ ဆိုသည့် အသံက လည်ချောင်းမှာ ဆို့ကျန် တိမ်ဝင်ခဲ့ရခြင်းပါတကား ...။

"သွားပါ .. သွားလိုက်ပါ .. ဟိုမှာ စောင့်နေပါလိမ့်မယ် .. ကလေး ရဲ့ ဘွား စောင့်နေတာက .. ကားထဲမှာ ရောက်နေနိုင်ပြီမို့ .. အားနာပါ တယ်ကွယ် .. အားနာစရာ ကောင်းနေပါမယ် .. ကလေးကို အိမ်ပြန် ခေါ်ချင် .. အိမ်ပြန်ရောက်ချင်ရောပေါ့ .. ဒီက မြေးကို .. ဘွား ထိန်းထား ပါ့မယ် .. ရေးရေး က .. ရွှေခြူးလေး ကို သိပ်ချစ်တာလေ .. ခံစားရပေ ပေါ့ .. ဒါပေမယ့် .. ကိုယ်က ဘေးလူပဲကွယ် .. ကျန်ခဲ့ရမှာ ထုံးစံပေ ပဲလေ .. ကဲ .. ကဲ .. သွားကြပါ .. သွားကြပါ .."

ဟု ပြောတော့ အန်ကယ်ကြီးမှ တစ်ချက်ငိုင်နေသည်။ မြရေးချယ် ကိုလည်း ငေးကြည့်နေသည်။

"ဘွားကိုလည်း ကျေးဇူးတင်ပါတယ် ခင်ဗျာ .. သတင်းစာထဲက ဓာတ်ပုံနဲ့ ထည့်လိုက်တဲ့ ကြော်ငြာကို ဘွား ဒီမနက်မှာ .. တွေ့တာနဲ့.. ဒီစက်ရုံကို လိုက်လာဖို့ ဖုန်းဆက်လာတာမို့ .. ချက်ချင်း လိုက်လာခဲ့ ရတာပါ .. တကယ်က ဒီနေ့မှာ .. သား ဘုန်းမြတ်လူ .. ကလေးအရှာ ထွက်ဖို့ ခရီးထွက်မလို့ပါ၊ ဘယ်နေရာမှန်း မသိနိုင်တဲ့ နေရာအများကြီး လိုက်ရှာရမယ့်ကိစ္စမှာ .. ခုလို .. ဘွား ဘက်က .. စာနာ နားလည်ပေး စိတ်နဲ့ .. မြေးနဲ့ ဘိုးအေ .. ဘွားအေ .. ဦးလေးတို့ကို ပြန်တွေ့ရအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးမမေ့ပါဘူး ခင်ဗျာ .. ကျွန်တော်တို့ ထပ်ပြီး ဘွားဆီကို လာပါ့မယ် .. တကယ်က .. ကလေးတွေက ဘွားလို့ ခေါ်လို့ သာ လိုက်ခေါ်မိရတာပါ .. တကယ်က .. အမေအရွယ်ပါ ခင်ဗျာ ...၊ သမီး .. အန်ကယ် သွားလိုက်ပါဦးမယ် .."

ဟု ပြောနေချိန်မှာ မြရေးချယ် ဘွား ရင်ခွင်မှာ ကလေးလို ငိုနေမြဲ ရှိဆဲ ...၊ အားလုံး အခန်းထဲမှ ထွက်သွားကြတော့ မြရေးချယ် ဘွား၏ ရင်ခွင်မှာ မျက်နှာလေး အပ်ထားရာမှ မသိမသာ ခွာ၍ ကြည့်မိသည်။



www.burmeseclassic.com

နောက်တော့ အားလုံး မရှိတော့မှ စိတ်ကို လွှတ်ချလိုက်ကာ - ကလေး ပုခက်ဆီသို့ ပြေးမိ ...။ ကလေးပုခက်မှာ ခေါင်းလေးတင်မိရင်း မြခရေး ချယ် အော်ငိုလိုက်မိရပါသတည်း ...။

ပန်းကဗျာလေးကို သီချင်းလုပ် ဆိုသည့်အခါ ဆို ...၊

"ငန်းတော်ရေမြွေမင်းရဲ့ သား .. လက်ပံပင် မိခင် သိပ်တယ် - အိပ်ပါတော့လား .. ငါ့နှုတ်သီးနဲ့ တစ်ပေါက်နှစ်ပေါက် .. ပေါက် မလား .. ငှက်ကြီးဆို .. ဝန်ပိုရဲ့သား .. လက်ပံပင် မိခင်သိပ်တယ် - အိပ်ပါတော့လား .. ဟား .. ဟား .. ဟား .."

ဟု ချော့သိပ်ခဲ့ဖူးသော ကလေးချော့ သီချင်းလေး ..၊

ဩော် .. ခုတော့ .. သူတစ်ပါးရင်သွေး ...၊ ကိုယ့်အချစ်တွေ ပုံ ၍ ချစ်မိရ .. သံယောဇဉ် ဖြစ်ရ ...၊ အရိပ်တကြည့်ကြည့်ဖြင့် မခွဲနိုင် ဖြစ်ရလေသမျှ .. ငှက်ကြီးဝန်ပို .. ၍ .. မြခရေးချယ် .. ရင်ကွဲ ကျ ပါပေါ့လားလေ ...။

ရွှေခြူးလေး ရေ .. ဟု အသံထွက်အောင် ခေါ်မိရင်း .. ငိုနေမိ မှ .. လက်လေး တကမ်းကမ်း .. တလှမ်းလှမ်းဖြင့် .. မြခရေးချယ် ပွေ့ပါလေတော့ .. ပွေ့ပါတော့ .. ဟု ငိုငိုယိုယိုလေး လုပ်ပြ ပါသွား ပါသည့် ရွှေခြူးလေး ကို .. မြင်လာရ ...။ ပုခက်ပေါ် ခေါင်းတင်၍ - ငိုကျန်ရသည်ကဖြင့် .. မြခရေးချယ် ပါတည့် ...။





ခွဲမရတဲ့ စိတ်အစဉ်နဲ့

ဖြူစင်တဲ့ ရင်ခွင်တစ်ခုဟာ

သံယောဇဉ်ဆိုတာအတွက်

နှလုံးသားထက်မှာ

အိမ်ဖွဲ့ကာ နေလေရဲ့ ...

ခွဲရတဲ့အခါ ..

ကြေကွဲစွာ နေလေသတဲ့

ဩော် ...

ကြေကွဲစွာ ငိုလေရဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"အို .. တိတ်ပါ မြေး ရယ် .. တိတ်ပါ .."

ဒေါ်ဆွေဖူး ဘယ်လိုပဲ ချော့ချော့ .. ပွေ့ပွေ့ ..၊ ဘယ်လိုမှ မတိ[illegible] တော့သည့် မြေး .. ကျောကော့၍ ငိုသည်။ ရုန်း၍ ငိုသည်။ ဘွားအေ[illegible] ရင်ခွင်ဆီမှ တစ်ယောက်ယောက်ကို ဟိုဟိုသည်သည် ရှာ၍လည်း ငို[illegible] သည်။ လက်ကလေး တကမ်းကမ်းဖြင့်လည်း ငိုနေသည်။ အငိုသ[illegible] မတန့် ..၊ မနား ..၊ တရစပ်နိုင်နေ၏။ ဆက်တိုက်ဖြစ်နေ၏။

ကလေးမျက်နှာလေး နီနေပြီ ..၊ ချွေးတွေ နစ်နေပြီ ..၊ ချွေ[illegible] နို့ဘူးတိုက်တော့ ဒေါသဖြင့်ပင် လက်လေးနှင့် တွန်းတွန်းပစ်နေတ[illegible] ချော့မရ ပြုမရဖြင့် အားလုံး စိတ်အိုက်နေကြရ ..။ ကလေးငိုတ[illegible] မကြည့်ရက်ပဲ ဖြစ်နေကြရသည်ကဖြင့် ရွှေဇင်ယော်ရှိ အိမ်လူကုန်[illegible] နေပြီ ..။

"ဆွေ .. ကလေးကို .. ဟိုပြန်ပို့မှ ဖြစ်မယ်ထင်တယ် .. ဟို[illegible] ကလေးကို မခွဲနိုင်ဘဲ ဖြစ်နေတာကွယ့် .. အဲသလိုပဲ အစ်ကို ထင်တ[illegible] ဟိုခမျာမှာလည်း မျက်ရည်နဲ့ မျက်ခွက် ကျန်ခဲ့ရှာတာ .."

ဦးသီဟန် မနေသာဘဲ ဝင်ပြောတော့ ဒေါ်ဆွေဆွေဖူး ခေါင်းခါ[illegible]





"တစ်ကိုယ်ကောင်းဆန်တာ မဟုတ်ဘူး အစ်ကို .. ဒီရက်တို လပိုင်းလေးအတွင်းမှာ မြေးလေး ဒီလောက်ထိ အဲဒီမိန်းကလေးကို ချစ်နေရင် .. နောင် ကြာတဲ့အခါမှာ .. သူတို့ချင်း ပိုချစ်ကြ .. ဘွားအေ ဘိုးအေကိုပါ မြေးလေးက မေ့သွားပြီး .. ဟိုဘက်လုံးလုံး ပါသွားမှာ အစ်ကို .. ဆွေ့မှာ ဒီမြေးလေးပဲ ကျန်ခဲ့တာ .. သားကြီးနဲ့ ခက်ခက်မွှေး လည်း မရှိကြတော့ဘူး .. သူတို့ ကိုယ်ပွားလေးကို .. ဆွေ့ ရင်ခွင်ထဲမှာပဲ ထားနိုင်မယ် အစ်ကို .. သူများလက်ထဲ မထည့်နိုင်ဘူး .."

ကျေးဇူးတရားဆိုတာကိုပင် မေ့ကျသွားရလောက်အောင် ဒေါ်ဆွေ ဆွေဖူး ကလည်း မြေးဓောဖြင့် အတ္တကြီးနေချေပြီတည့် ..။ ဟုတ်သည် လေ ..၊ မြေးက လုံးဝ ဟိုဘက်ကို တမ်းတမ်းစွဲ ဖြစ်နေတာ ကိုယ်တွေ့ မျက်မြင် ဖြစ်နေရသည်မို့ စိတ်ထဲမှာ ချောက်ချားလာရသည်။

တော်နေကြာ .. မြေးလေး ဟိုဘက်အိမ်မှာပဲ နေနေပြီး ဘွားအေ အရင်းက ဟိုဘက်အိမ်ကို အလည်သွားသွားနေရ ..၊ မြေးကို တွေ့တွေ့ နေရတာတွေ ဖြစ်ကုန်လျှင် အခက် ..။ အရင်းအချာက အဖျားအနား ရောက်ရပြီး .. အဖျားအနားက လူက အရင်းအချာဖြစ်ကိန်း မြင်နေရ သည်လေ ..။

"အဲသလိုလည်း ဖွတ်မတိုးနဲ့ ဆွေ .. မြေးလေး ပင်ပန်းလှပြီ .. မြေးလေးကို ဒီနေ့ ဘေးမသီ ရန်မခ .. ဒဏ်ရာ အနာတရ ကင်းကင်းနဲ့ ပြန်တွေ့ရတာဟာ .. အဲဒီ မြရေးချယ် ရဲ့ ကျေးဇူးဆိုတာကိုတော့ မမေ့ နဲ့ ဆွေ .. သူ တွေ့လို့ .. သူ စောင့်ရှောက်လို့ .. ခုလို .. တွေ့ရတာ .. ကလေးကို ဘယ်လောက် သူ့ခမျာ ချစ်သလဲ .. မေတ္တာရောင်ပြန်ဟပ် ပြီး မြေးလေးလည်း အရမ်းချစ်နေတာဘဲ မဟုတ်လား .."

"အဲဒီ ချစ်တာကြီးကိုပဲ ကြောက်နေတာ အစ်ကိုရဲ့ .. မြေးလေး ဟိုဘက်ကို အချစ်ပိုသွားမှာ လန့်နေတာရှင့် .. မြေးကလည်းလေ .. ဒီလောက် ခဏလေး .. လပိုင်းလေး တူတူနေရတဲ့သူကိုများ .. ဘာဒီ



www.burmeseclassic.com

www.burmeseclassic.com



က ဘွားအေ ဘိုးအေတွေထက် .. ပိုချစ်နေရတယ်လို့ ..''

ခပ်ညည်းညည်း ပြောကာ မြေးကို ချော့ပေမယ့် မြေးကလည်း အငိုမရပ် ..၊ ဘွားအေ ကလည်း အလျှော့မပေး ..၊ မြေးကို .. မြရေးချယ် နှင့် အဆုံမခံနိုင်ဘဲ ဖြစ်နေဆဲ ..။

''အဲသလိုတော့ မပြောနဲ့ ဆွေ .. ဒီ ရွှေဇင်ယော်မှာ ရင်ခွင်က မချ .. ဟိုကချီ .. သည်က ပွေ့နဲ့ နေရတဲ့ မြေးလေးဟာ .. တောတောင်ထဲမှာ လူမမြင် သူမမြင်နဲ့ တစ်ယောက်တည်း ကျန်ခဲ့ရတာ .. ဟိုကြည့် သည်ရှာနဲ့ အမေရှာ အဖေရှာ .. မိလုံး ကို ရှာနဲ့ ရှိနေရမှာ .. ကြောက်ကြောက်လန့်လန့် ချောက်ချောက်ချားချားနဲ့ ကလေးတစ်ယောက်တည်း တောတောင်ထဲ ရှိနေတဲ့ မြင်ကွင်းကို မြင်ကြည့်စမ်းပါ ဆွေ .. အဲသလောက် ကြောက်နေချိန်မှာ .. အားကိုးရာအဖြစ် မြရေးချယ် ရဲ့ ရင်ခွင်ထဲ ရောက်သွားရတော့ .. ကလေးခမျာ .. အရမ်းအားကိုးတွယ်တာ .. အရမ်းကို မျက်စိအောက်က အပျောက်မခံ .. ချစ်သွားတာပဲ ရှိရတော့မှာပေါ့ ..၊ မြေးလေး ပင်ပန်းလှပါပြီ .. ဟိုမှာလည်း ခံစားကျန်ရတာ .. ပြန်ဆုံပေးလိုက်ရအောင် ဆွေ ရယ် .. လာ .. မြေး .. လာ ..''

''တီ .. တီ .. တီတီညေး .. တီတီညေး ..''

စကားပြော နောက်ကျလွန်းနေပြီလားဟု ပူပန်ခဲ့ရပါလေသော မြေး ..၊ ဖေဖေ .. မေမေဟုပင် မခေါ်နိုင်သေးပဲ ရှိခဲ့သော မြေး .. စတင်၍ .. ဟိုဟိုသည်သည် ကြည့်ကာ .. ခေါ်သည့် မပီကလာ ပီကလာ စကားသံလေး ..၊ တီတီလေး တဲ့လားလေ ..။ ခါတိုင်းလိုဆိုလျှင်ဖြင့် —

''အံမယ်လေးလေ .. ငါ့မြေး စကားပြောပဟေ့ ..''

ဟု ဒေါ်ဆွေဆွေဖူး ဝမ်းသာအားရ အော်မိသည်။ ဘွား .. ဟု ခေါ် လိုက်တာမျိုး ဖြစ်သည်ဆိုလျှင်ပေါ့ ..။ ခုကျတော့ .. တီတီညေး တဲ့လား လေ ..။





ဘုန်းမြတ်လူ ဆုံးဖြတ်လိုက်ပုံကြီးဖြင့် ဒေါ်ဆွေဆွေဖူး ထံ ခြေလှမ်းကြဲကြီးဖြင့် ရောက်သွားရကာ .. ဘုန်းကြည်နူးလေး ကို ပွေ့ယူလိုက်ပြီးတာနှင့် ဘယ်သူ့ဘယ်သူကိုမှ ဘာမှ မပြောနေတော့ဘဲ .. အခန်းထဲမှ မြန်ဆန်လွန်းသည့် ခြေလှမ်းတွေဖြင့် ထွက်ခွာသွားရပါပြီ။ ဒေါ်ဆွေဆွေဖူး ကြိုတင် သိနှင့်နေပြီ .. မြရေးချယ် ထံသို့ ခေါ်သွားချေမည်သာ ..။ ဒေါ်ဆွေဆွေဖူး ၎င်း၏ ကျန်ခဲ့ရင်းမှ …

''မေမေ့ မြေးကို .. ချန်မထားရစ်ခဲ့နဲ့ .. ပြန်ခေါ်လာခဲ့ ..''

ဟု အော်ချေ၏။ ဘုန်းမြတ်လူ ရင်ထဲမကောင်းနိုင် ..၊ ကလေးကိုလည်း မကြည့်ရက်နိုင်တော့ပြီ .. အရမ်းကို ငိုနေသည့် ကလေး ..၊ ကြာလျှင် ရင်တွေ အောင့်ကုန်ရှေ့မည်။ အမေကလည်း မြေးကို လက်လွှတ်လိုက်ရမှာ လန့်နေသည်။ ချောက်ချားနေသည်။ ဒါပေမယ့် .. မြရေးချယ် နှင့် ဘုန်းကြည်နူးလေး တို့၏ သံယောဇဉ်ဆိုတာက အရမ်းကို ဖြူစင်စွာ ဖြစ်တည်ကြပါလေသော သံယောဇဉ် ..။ မြရေးချယ် ကလည်း သံယောဇဉ်တွေ ပုံအော်၍ ပေးသည်။ ဘုန်းကြည်နူးလေး ကလည်း မျက်စိအောက်မှ အပျောက်မခံနိုင်အောင် တွယ်တာနေပြီ။

ဤ သံယောဇဉ်နှစ်ခုသည် .. အပေးအယူကင်းသော ချစ်ခြင်းဆီမှ ရိုးသားဖြူစင်လွန်းစွာ ဖြစ်တည်ပါသည့် သံယောဇဉ် ..၊

''ကြည်နူးလေး .. တိတ် .. တိတ် . တီတီလေး ဆီ ခေါ်သွားမယ်.. ဟုတ်ပလား .. တိတ် .. တိတ် ..''

မျက်ရည်ကို သုတ်ပေးရင်း ဘုန်းမြတ်လူ ပြောတော့ မျက်ရည်တွေနှင့် မော့၍ ဘုန်းကြည်နူး ကြည့်ရှာသည်။ ခေါင်းလေးကို ရင်ခွင်မှာ ကပ်ထားသည်။ ငိုရတာ မောလွန်းနေသမျှ အငိုမောလေးဖြင့် ခုမှ တစ်ချက် အငိုတန့်စ ပြုလာခြင်း ..။ တီတီလေးဆီ ပို့မည်ဆိုတာကို နားလည်ပုံလေးဖြင့် ငြိမ်သွားခြင်း ..၊ ကျောလေးပုတ်ပေးကာ ဆံစလေးကို သပ်ပေးကာဖြင့် ဘုန်းမြတ်လူ ကားနား ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးထွန်း .. စောစောက ပဒုမ္မာစက်ရုံကို ပြန်မောင်းပို့ပါ ဗျာ .. ကြာရင် .. ကြည်နူးလေး ဖျားလိမ့်မယ် .."

ဟု ပြောကာ ကားပေါ်တက်ထိုင်တော့ လေးလေးထွန်း လည်း ဝမ်းသာအားရကြီး ကားမောင်းထွက်လာသည်ပါပဲ ..။ ဤမျှ ကလေးနှိ နေတာ .. ပေါ်တီကိုအောက်ရှိ ကားကို မိုရပ်ရင်း မနားစတမ်း ကြား ကြားနေရတော့လည်း လေးလေးထွန်း လည်း စိမ်းမချမ်းသာ ..၊ ဝင်ပြော ရအောင်ကလည်း ကိုယ်က ဒရိုင်ဘာ ..။ အလုပ်သမားပေမို့ .. သူ့ဌွေး အိမ်တွင်းရေးထဲ ဝင်၍ အကြံတွေဘာတွေ ပေးဖို့ကျတော့ မဖြစ်နိုင် ပြန် ..။ ဒါပေမယ့် .. တရင်းတချာနိုင်နေအောင် ဆက်ဆံပါသည့် ဘုန်းမြတ်လူ ကိုတော့ လေးလေးထွန်း ရင်ထဲရှိတာ ဖွင့်ပြောမိသည်ပါ ပဲ ..။

"တော်သေးတယ် ငါ့လူရာ .. ကလေးဆိုတာက အစွဲအလမ်းကြီး ရင် မဖျောက်တတ်ဘူးကွ .. ခုလို .. ဟိုကတည်းက ငိုပြီး ပါလာတဲ့ အငိုဟာ .. ဒီမှာ ဒီလောက်ထိ မနားစတမ်းဖြစ်နေတော့ .. လေးလေး ထွန်း ရင်ထဲ မခံနိုင်ဘဲ ဖြစ်နေမိရတော့တာ .. သနားစရာ ဖြစ်နေတယ် လေ .. ဟိုဘက်က မိန်းကလေးကိုတော့ လေးလေးထွန်း မမြင်ဖူးဘူး- ဟိုမှာက လေးလေးထွန်း က ကားမှာ ကျန်ခဲ့ရတာကိုး .. ထွန့်ထွန့်လူး အောင် ငိုပြီး ပါလာတဲ့ ကလေးကိုပဲ မြင်ခဲ့ရတာ .. အဲဒါတစ်ခုနဲ့တင်ပဲ- ဟိုဘက်က မိန်းကလေးရဲ့အချစ်ကို မှန်းဆနိုင်ခဲ့ပါရဲ့ကွယ် .. ဘယ်သူ တဲ့ .. အဲဒီ မိန်းကလေးနာမည် .."

"မြရေးချယ် တဲ့ လေးလေးထွန်း .. အဲဒါကလည်း သူ့ရဲ့ ဘွားထ ရွှေဖင်ယော်ကို ဖုန်းနဲ့ လှမ်းပြီး ဆက်သွယ် .. သူတို့ဆီမှာ ကြည်နူးလေး ရှိနေတာတွေကို ပြောပြ .. ဘယ်လိုတွေ့တာကအစ .. သူ့မြေး မြရေး ချယ် က တွေ့ပြီး အရမ်းချစ်တာတွေအထိ အားလုံး ရှင်းပြခဲ့တာလေ- သတင်းစာထဲက ကြော်ငြာမှာပါတဲ့ ဖုန်းကို လှမ်းဆက်တာဆိုတော့ -





ထည့်ပေးထားတဲ့ ဟန်းဖုန်းနံပါတ်က အစုံပဲ .. အိမ်ဖုန်းလည်း ပါတယ်.. အဲဒီမှာ ခေါ်တဲ့ဖုန်းက အိမ်ဖုန်းဖြစ်နေတာလေ .. ကိုင်တာက ကျွန်တော် ဆိုတော့ .. ဘွား ပြောတာတွေအားလုံး အရင်ဆုံး ကြားရတာက ကျွန် တော် ဖြစ်နေတယ် .. ဘွား ပြောတဲ့ လိပ်စာကို သေချာမှတ်ပြီးတော့မှ.. ကျွန်တော် ဖေဖေနဲ့ မေမေ့ ကို ကြည်နူးလေး သတင်းရပြီလို့ လှမ်းပြော လိုက်ရော .. သိတယ် မဟုတ်လား .. မေမေဆိုတာ ပြေးပြီး ဖုန်းကို လာကိုင်တော့တာပဲ ဘွား နဲ့လည်း ပြောလိုက် မေးလိုက်တဲ့ မေးခွန်းတွေ မှ တရစပ် .. အားနာဖို့တောင် ကောင်းတယ်ဗျာ .. မြေးဇောနဲ့ဆိုတော့ မနားစတမ်း မေးနေတော့တာ .. ဖေဖေ အားနာပြီး .. ဖုန်းကို ဝင်ယူ.. ဝင်ပြောနဲ့ ဖြစ်ကျန်ခဲ့တုန်း ကျွန်တော်က ကားပေါ်က စောင့်နေလိုက် တာပါပဲ .. မကြာခင် .. ကားပေါ် ပြေးတက်လာကြတော့မယ် ဖေဖေနဲ့ မေမေ့ အကြောင်း သိနေတာပဲလေ .."

သူ ပြောတော့ လေးလေးထွန်း ခေါင်းညိတ်သည်။ တကယ်လည်း ပဒုမ္မာသို့ မြေးအခေါ်ပြေးကြဖို့ ဖေဖေရော မေမေရော တက်သုတ်နှင်၍ ကားပေါ် ရောက်ခဲ့ကြသည်ကိုး။ ထိုစဉ်တုန်းကတော့ လေးလေးထွန်း အကြောင်းစုံ သိပ်သိရသေးတာ မဟုတ်..၊ မောင်းပို့ဆိုသည့်နေရာ မောင်း ပို့ရသည်တည့် ..။

ခုကျတော့ .. ကြည်နူးလေးကို နောက်တစ်ကျော့ ပဒုမ္မာစက်ရုံကြီး ဆီသို့ ခေါ်လာရပြန်သည်ကောလေ ..။

"တီတီညေး .. တီတီညေး .."

ကြည်နူးလေး ကလည်း မော့၍ အားကိုးတကြီး ခပ်တိုးတိုးလေး ပြောနေရှာပါ၏။ အသနားခံသလိုလေးလည်း ကြည့်သည်။ ပို့ပေးပါ.. ဆိုသည့် သနားစရာအကြည့် ..၊ ကျောလေး သပ်ပေးမိကာနှင့် နဖူးလေး ကို နမ်း၍ ...

"လေးလေး ပို့ပေးမှာ .. စိတ်ချ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ကြည်နူးလေး မော့ကြည့်ကာ ...

"ညေးညေး .. ညေးညေး .."

ဟု ခေါ်ကာ သူ့ရင်ခွင်မှာ ခေါင်းလေး ကပ်ထားပြန်ချေသတည်း။

သူ့ရင်ထဲ တိုးဝင်လာသည်က .. ဤတူတော်မောင်လေး စကား အပြော နှေးသည်။ ခု .. စပြောတော့ .. တီတီလေး ဟု မြရေးချယ် ကို မပီကလာ ပီကလာလေး .. တီတီညေး ဟု ခေါ်ခဲ့လေသမျှ .. သူ့ကို လည်း .. ဒုတိယလူအဖြစ် .. ညေးညေး ဟု ခေါ်ချေသည်တကား ..။

မြရေးချယ် နှင့် ဘုန်းမြတ်လူ တို့ဆိုတာ ထိုသို့ ယှဉ်ယှဉ်တွဲတွဲ ဖြစ်တည်စရာတွေ ကြုံလာချေမည်လား မသိ ..။

ကားက စက်ရုံ၏ပေါ်တီကိုကြီးအောက်မှာ ရပ်သည်။ သူ ကလေး ပွေ့၍ ကားပေါ်မှ ဆင်းတော့ ကြည်နူးလေး ဟိုကြည့်သည်ကြည့်နှင့် အလောတကော ရှာပြန်၏။ ဤနေရာသို့ ကြည်နူးလေး ရောက်ရောက် နေခဲ့ချေမည်ပေါ့ ..။ မြရေးချယ် ခေါ်လာချေမည်ပေါ့ ..။ ခုကျတော့ ထိုနေရာ ပြန်ရောက်လာ၍ထင့် ..။ ကြည်နူးလေး အလောသုံးဆယ် တီတီလေး မြရေးချယ် ကို ရှာချေ၏။ မတွေ့တော့ မျက်နှာလေးမဲ့လာ ပြန်သည်။ နောက်တော့ ငိုချေသတည်း ..။

နောက်တစ်ကျော့ ငိုသည့်အငိုသည်လည်း အငိုပြင်းသည်။ တွေ့ ချင်ဇောတင်၍ ရှာချိန်မှာ မတွေ့ရ၍ ဖြစ်မည်။ အသံလေး ရှူးဝါးနေ အောင် ငိုနေခြင်း ..။

စက်ရုံအောက်ထပ်မှ ဝန်ထမ်းတွေလည်း ဝိုင်းကြည့်ကြသည်ပါ ပဲ ..။ သူ့မှာ ကလေးပွေ့၍ ခြေကုန်သုတ် လျှောက်နေရင်းမှ ...

"ကြည်နူးလေး ရဲ့ တီတီလေး ဆီ သွားမှာ .."

ဟု ခပ်တိုးတိုး ချော့ရ ..၊ ကျော့သပ်ရ ..၊ ကလေးမျက်နှာမှ မျက်ရည်သုတ်ရ ..၊ ချွေးသုတ်ပေးရနှင့် ရှိနေကြချိန်မှာ .. တစ်ချက် စိတ်ထဲ အလိုလို သိနေရပုံဖြင့် နောက်တစ်ကြိမ် ဝန်းကျင်ကို ကြည့်မိ





တော့ အကဲခတ်သလို .. ရှုစမ်းကြည့်တွေ တစ်လှေကြီးဖြင့် သိပ်သည်း စုစည်းစွာ ကြည့်နေကြသည့် အကြည့်တွေကို မြင်လိုက်ရသည်ပါပဲ..။ မရှုစမ်းဘဲ နေကြမည်တဲ့လားလေ ..၊ မနက်က .. ကလေးကို လူသုံး ယောက်က လာခေါ်ကြ ..။ ဘွား၏လက်ထဲမှာ ငိုယို၍ ကြည်နူးလေး ပါသွားခဲ့ကာ ..။ ခုကျတော့လည်း ငိုနေသည့် ကလေးကို သူက ပွေ့ချီ ချော့ခေါ်လာရနှင့် ..။ ခေါ်ချည် ..။ ပို့ချည်ဖြင့် ရှိနေသမျှ မြင်မြင်သမျှ လူတွေဆိုတာကလည်း ရှုစမ်းကြည့် ..။ သံသယကြည့်တွေပင် ဖြစ်လာ နေကြသည့်အဖြစ် ..။

သူ့ကို ကြည့်သည့် အကြည့်သည်ပင် သိပ်မကောင်း ..၊ သူနှင့် မြရေးချယ် ကို ယှက်ထင်ကြောင်ထင်ပင် ရှိနေကြပုံကြီးက တချို့မျက် လုံးအကြည့်တွေမှာ သိသာနေသည်။ အထူးသဖြင့်.. အမျိုးသမီးတွေ၏ အကြည့် ..။

သူ .. ဓာတ်လှေကားထဲဝင် .. အပေါ်ထပ်သို့ တက်ရသည်။ နောက်ဆုံးတော့ မြရေးချယ် ၏ အခန်းရှေ့မှာ သူ တွေတွေကြီး ရပ်နေမိ ရပါပြီ ..။

တံခါးကို သူ ခေါက်မနေတော့ .. ကလေးနှင့်အတူ အမြန်ဆုံး ဝင်လိုက်မိရပါပြီတည်း ..။ မြင်ကွင်းကို သူ မကြည့်ရက်နိုင် ..၊ စောစော က နေရာလေးမှာ မြရေးချယ် ခုထိ ရှိနေဆဲ ..။ ကလေးပုခက်လေးပေါ် လက်လေးတင်ထားသည်။ ခေါင်းလေး မှီထားသည်။ ခပ်တိုးတိုးရှိုက်သံ သည် မတန့်နား ..၊ မျက်ရည်သည်လည်း တတွေတွေ ကျနေမြဲ ..။ ဘွားက မြရေးချယ် ဘေးမှာ ထိုင်ရင်း ဖျောင်းဖျနေသည့်အဖြစ် ..။

"သူ့ ဘိုးဘွားအရင်းဆီကို ပြန်ရောက်တာပဲ မြေးရယ် .. စိတ်ကို လျှော့ပါ .."

ဆိုသည့် အဆုံးသတ် စကားတစ်ပိုင်းတစ်စကိုတော့ သူ ကြား လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ဝင်လာသံနှင့် ကလေးငိုသံကြား၍ ဘွား ကြည့်လာပါ၏။ မြရေးချယ် ခေါင်းလေးငိုက်ချ၍ ငိုနေဆဲ ရှိရာမှ မော့ခနဲ ကြည့်လာသည်။

"တီ .. တီညေး .."

ခေါ်သံလေး ..၊ မြရေးချယ် မြင်တော့ ဤတစ်ကြိမ်မှာလည်း မျက်ရည်တွေ ဖြိုင်ကျလာရင်းမှ ကျုံး၍ထသည်။ အကြည့်သည် လက်ကလေးတန်း၍ ခေါ်နေသည့် ကြည်နူးလေး ထံမှာ တန့်နေသမျှ သူ ငေးစိုက်ကြည့်နေမိရဆဲ ..။ မြရေးချယ် လျှောက်ပုံလေးက ပွပုံပန်းလျှလည်းနိုင်နေသည်။ စိတ်အရမ်း ထိထားတာ သိသာနေသည်။ ပြီးတော့ - စိတ်ဆောင်ရင်း ခပ်မြန်မြန်လည်း လျှောက်လာနေသည်။ အနားရောက်တာနှင့် ကလေးကို ပွေ့ချီလိုက်ကာ မျက်ရည်တွေ သုတ်ပေး..၊ ပါးလေးနမ်း..။ နဖူးလေး နမ်းဖြင့် ရှိနေသည်တည့် ..။

ဘယ်သူ့ ဘယ်သူကိုမှ မြရေးချယ် အာရုံထဲ ထည့်ထားပုံ မရ - ကလေးထံမှာပဲ စိတ်နှစ်နေသည့်ပုံ ..။ ကြည်နူးလေး ကလည်း မြရေးချယ် ကို လက်လေးဖြင့် ဖက်ထားသည်။ ပြီးတော့ မော့မော့ကြည့်ကာ လက်ဖြူဥဥလေးတွေဖြင့် ပါးလေးကို ပုတ်သည်။ မြရေးချယ် မှာ မျက်ရည်ကျနေရင်းမှ တစ်ချက် ခပ်တိုးတိုးလေး ရယ်လိုက်ကာ လက်လေးကို ပါးလေးပေါ် ဖေးအုပ်တင်ထားလိုက်သည်ပါပဲ ..။

"ရွှေခြူးလေး ရယ် .. တီတီလေး ရဲ့ ကလေးရယ် .."

ခပ်ညည်းညည်းလေး ခေါ်ရင်း ရင်ခွင်ထဲ ပွေ့သိမ်းထားလေသမျှ သူ ငေးကြည့်နေမိရပါ၏။ သူ့ရင်ထဲမှာ မကောင်း ..၊ သနားနေမိရသည်ပါပဲ။ ဤမျှအထိ ကြည်နူးလေး ကို ချစ်ရှာသည်ကောဟုလည်း သိသိနေရသည်တည့် ..။

မြရေးချယ် ၏ အကြည့်လေးတွေက ခုမှ သူ့ထံရောက်လာသည်။ ပြုံးပြလိုက်ပါသည့် သူ့ကို ကျေးဇူးတတင်ဖြင့်ကြည့်ကာ ...





"ရေးရေး .. ကျွန်မ .. ကျွန်မ .. ကျေးဇူးတင်လိုက်တာ ရှင် .. အခု .. ရွှေခြူးလေး ကို ပြန်လာပို့ပေးတာလား ဟင် .. ဟုတ်လား .."

မျှော်လင့်တကြီး မေးလာသည့် မေးခွန်းကို သူ မဖြေရက် ..။ ခေါင်းခါပြလိုက်ရမှာ ဝန်လေးနေမိရသည်က ဘုန်းမြတ်လူ ပါ ..။

ဘွား ကတော့ ငြိမ်သက်စွာ ရပ်၍ အားလုံးကို ကြည့်နေပါ၏။ နောက်တော့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာကာ မြရေးချယ် ၏ ရင်ခွင်ထဲမှကလေးကို လှမ်းပွေ့ယူလိုက်ကာ သူ့ရင်ခွင်ထဲ ထည့်ပေးလိုက်ရင်းမှ ...

"ခုဏ ခေါ်လာတဲ့ အဖြေတစ်ခုကို မပေးပေမယ့် .. ဘွား သိနေတယ် လူလေး .. ကလေး ငိုလွန်းနေလို့ ကြံရာမရဖြစ်ပြီး ခေါ်လာတာ မဟုတ်လား .. ဒါပေမယ့် .. ကလေးကို ခေါ်ပြန်သွားမယ်ဆိုတာ ဘွား သိနေပါတယ် .. မြေး ရေးရေး .. စိတ်ကူးမယဉ်စမ်းပါနဲ့ကွယ် .. ဒီ ရွှေခြူးလေး ရဲ့ ဘွားအေက .. သူ့မြေးကို ခေါ်သွားချိန်မှာ .. ရေးရေး တို့ ကျေးဇူးတင်ရမှာထက် .. သူ့မြေး ဒီမှာ ကျန်ခဲ့မှာ .. ချန်ခဲ့ရမှာကို ထိတ်လန့်နေတာပါကွယ် ..၊ ညည်း ရင်တွေ ကွဲကြေကျန်ခဲ့လည်း ရွှေခြူး ရဲ့ဘွားအေက သိပေးဖော်ရမှာ မဟုတ်ဘူးဆိုတာ ကိုယ်တွေ့ကြုံခဲ့ပါရက်ကယ်နဲ့ .. ရွှေခြူးလေး ကို လာပို့ပေးတာလို့ ခုအချိန်မှာ ညည်းမို့ စိတ်ကူးယဉ်ရဲတယ် ရေးရေး ရယ် .. ကဲ .. ကဲ .. လူလေး .. ကလေးကို မချန်ခဲ့နိုင်ပါဘဲနဲ့ နောက်တစ်ကျော့ ဘာလို့များ ခေါ်လာရတာလဲကွယ်.. ပြန်ရမယ့်ခရီး ရှိပြီးပါရက်ကယ်နဲ့ .. လွမ်းကျန်မယ့်နေရာ .. ရင်ကွဲကျန်ရမယ့်နေရာကို ထပ်ခေါ်လာရတယ်လို့ .. ကဲ .. အဲ .. ပြန်မယ် မဟုတ်လား .. ပြန်ပါ .. ပြန်ပါ .."

ဟု ပြောတော့ သူ အနေရခက်နေသည်။ ကြည်နူးလေး ကလည်း လက်ကလေး ကမ်း၍ ..

"တီတီညေး .. တီတီညေး .."



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေါ်နေပြီ ..၊ သူ ချန်ပြန်လျှင်လည်း မေမေက ရွှေဖင်ယော်မှာ မစား မအိပ် တငိုငို ဖြစ်ချေမည်။ မတတ်သာသည့်အဆုံး .. သူ ဇွတ်မှိတ်၍ လှည့်ပြန်ခဲ့ရပါပြီတည်း။ ကြည်နူးလေး ကလည်း ငို .. မြရေးချယ် ကလည်း ငို ..။ အငိုနှစ်ခုကြားမှာ ပြန်ခဲ့ရပါသည့် ခြေလှမ်းတွေသည် ရက်စက်သော ခြေလှမ်းတွေ ဖြစ်နေသည်ကော .. ဟု သိသ်နေရင်း ရင်ထဲမှာ မချိ ..။ အလာတုန်းကနှယ်ပင် .. သူသည် .. အကြည့်များစွာကို ရင်ဆိုင်ဖြတ်သန်း၍ ပဒုမ္မာမှ ပြန်၍ ထွက်ခွာလာရချေသည်တကား ...

ဝန်ထမ်းများစွာ၏ အကြည့်တွေသည် အကဲခတ်ကြည့် ..၊ စူးစမ်းကြည့် ..၊ သံသယကြည့် ..၊ ထိုအကြည့်တွေထဲမှာ .. တချို့ကျတော့လည်း ကလေးနှင့် မြရေးချယ် ကိုယ်စား .. သူ့ကို ကြည့်မရသည့်အကြည့်တွေလည်း ပါနေသည်တည့် ..။ မြရေးချယ် နောက်မှ ပြေးလွှားလိုက်မလာရှာပါ။ ခြေလှမ်းကျဲသုတ်သုတ်ဖြင့် သူ ကားထဲ ဝင်ချိန်မှာ ကြည်နူးလေး ၏ကိုယ်လေး တောင့်ခနဲ ဖြစ်သွားတာကို သူ သိလိုက်ရကာ စိတ်ပူလက်ပူဖြင့် ငုံ့မိုးကြည့်လိုက်တော့ ကလေးခမျာ .. စိတ်အရမ်းထိ၍ တက်သလိုဖြစ်နေပြီတကား ..။

သူ အလန့်တကြားဖြင့် နောက်ကြောင်း ပြန်ပြေးလာရပြီ .. ကလေးကို ပွေ့၍ မျက်စိမျက်နှာပျက်ကာ စိတ်လက်ပူပန်လျက် ပြေးဝင်လာပါသည့် သူ့ကို ထုံးစံအတိုင်း အားလုံး ဝိုင်းကြည့်ကြပြန်၏ ဓာတ်လှေကားဖြင့် သူ တက်ရ ..၊ မြရေးချယ် ၏အခန်းသို့ သူ ဝင်ချိန်မှာ မြင်ရသည့်မြင်ကွင်းသည် တုန်လှုပ်ဖွယ်ပဲ ဖြစ်နေသည်။

မြရေးချယ် သည် .. ဘွား၏ရင်ခွင်မှာ သတိမေ့လျက် ရှိနေသည် တကား ..။

"ဘုရား!... ဘုရား .. စက်ရုံက ဆေးခန်းတာဝန်ခံ ဒေါက်တာနနကို ခေါ်ပါကွယ် .. ခေါ်ပါကွယ် .."





ဟု အသံတွေ တုန်ခါနေရင်း ဘွား အော်နေသည်။ အခန်းတံခါးစောင့် ဝန်ထမ်းကောင်လေး ပြေးထွက်သွားချိန်မှာ သူ့ကို ကြည့်သည့်အကြည့်သည် မကျေမနပ်ကြည့် ..၊ မုန်းကြည့် ..။ ထုချေပစ်ချင်နေသည့်အကြည့်မျိုးပင် ဆန်နေသည်။

သူတို့ကြောင့် မြရေးချယ် ခုလို ခံစားနေရသည်ကိုးလေ ..၊

သူသည်လည်း သတိမေ့နေသည့် ကြည်နူးလေး ကို ပွေ့ကာ ဘွား၏ ဘေးမှာ မျက်ရည်ကျရင်း ထိုင်လိုက်ရပါပြီ ..။

ဤနှစ်ယောက်ကို .. ခွဲ၍ မဖြစ်ချေပြီဆိုတာ .. သူ့နှလုံးသားက သိနေရသည်။

သိနေရပြီ ..၊ အလောတကော ပြေးဝင်လာသည့် ဒေါက်တာနနကို သူရော ဘွားရော.. အားကိုးတကြီး မော့ကြည့်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေးကွာစေတဲ့ ခြေလှမ်းကို

စိန်ခေါ် ကြိုဆိုဝံ့ရင်း

နောက်ဆုတ်ခြင်း မရှိ

ရင်ဆိုင်ရဲသည့် ခွန်အားတွေ

မွေးမြူလာစေတဲ့အရာ

အဲဒါ ..

သံယောဇဉ်ဆိုတာပါပဲ ...။







## အခန်း (၁၁)

မြရေးချယ် ၏ ရုံးခန်းကျယ်ကြီးမှာ အနားယူခန်း တစ်ခုလည်း ယှဉ်တွဲ၍ ရှိတာမို့ .. ခုတင်ထက်မှာ မြရေးချယ် ကို သူပဲ ပွေ့ချီချပေးခဲ့ရသည်။ ဘွားခေါ်ရာနောက်သို့ သူ လိုက်ခဲ့ရချိန်မှာ ဘွား၏ ရင်ခွင်ထဲမှာက ကြည်နူးလေး ပွေ့လျက်သား ပါသည်ပါပဲ ...။

ခုတင်ထက်မှာ ကြည်နူးလေး ရော မြရေးချယ် ရော ယှဉ်တွဲနေဆဲရကာ .. ဒေါက်တာနုနု က စမ်းသပ် ...။ ဆေးတွေထိုးနှင့် အလုပ်များနေချိန်မှာ သူသည် မြင်ကွင်းကို ထိထိခိုက်ခိုက်ကြီး ငေးစိုက် ငြိမ်ကျနေရသည်ပါပဲ ...။ ဘွားခများ မြရေးချယ် ၏ လက်လေးကို ထွေးဆုပ်၍ ငိုလိုက် ...၊ ကြည်နူးလေး ကို ဆံစလေးသပ်၍ ငိုက်လိုက်ဖြင့် ဗျာများနေရရှာသည်။ မြရေးချယ် ၏ မျက်နှာလေးမှာ သွေးရောင်ဖျော့တော့လွန်းနေတာကိုလည်း သူ မြင်နေရပါ၏။

ထူနက်နက် မျက်ခုံးလေးက ခုံးခုံးကုံးကုံး ရှိနေကာ .. မျက်တောင်ရှည် စင်းစင်းလေးတွေက ထူပိတ်ပိတ်နိုင်နေ၏။ နှာတံလေး ထင်းနေလျက် နှုတ်ခမ်းလေးက ဖူးအိအိ ...၊ နုနုဖန့်ဖန့် အရွယ်ငယ်ငယ်လေးမှာ-- ချမ်းသောင့်ချမ်းသာဖြင့် ဘဝကို ပျော်စရာ ပျော်စရာဖြင့် ဖြတ်သန်းရသည့် မိန်းကလေး ...။

www.burmeseclassic.com



ခုကျတော့ .. ကြည်နူးလေး အပေါ် ဖြစ်တည်ရသည့် သံယော ကြောင့် သောကတွေဖြင့် လောင်မြိုက်ရရှာချေသည်တကား ..။ မတ တဆ ကြေကွဲခံစားရသည့်နောက်မှာ ဤမိန်းကလေး သတိမေ့သွား သည့်နှယ် .. ကြည်နူးလေး သည်လည်း ကလေးနှင့် မတန်အော ဝမ်းနည်းရှိန် .. ထိခိုက်ရှိန်တို့ဖြင့် သတိမေ့ရရှာသည်။

မြရေးချယ် ရော ကြည်နူးလေး ပါ နှုတ်ခမ်းလေးတွေ ငိုမဲ့မဲ့ ဖြ နေကြတာကိုလည်း မြင်နေရပါ၏။

သူ .. ခုတင်ဘေးမှာ ငြိမ်၍ ငုံ့မိုးရပ်ကြည့်ရင်း ကြည်နူးလေး ဆံစကို သပ်ပေးမိသည်။ ဆေးရှိန်ဖြင့် ကလေးရော လူကြီးရော ငြိ သက် အိပ်ပျော်နေကြချေပြီကောလေ ..။ ဒါပေမယ့် .. ကြည်နူးလေ ၏ လက်လေးတွေက ဟိုဟိုသည်သည် စမ်းနေသည်။ ခွေခွေလေး ကွေ ဝိုက်၍ ခုတင်ထက်မှာ ရှိနေပါသည့် မြရေးချယ် ၏ လက်လေးတွေ ထိတော့ လက်သန်းလေးကို စမ်း၍ လက်သေးသေးလေးကို ကွေးက ချိတ်ထားရှာချေသည်တကား ..။

သူ.. ရင်ထဲ ဆို့တက်သွားရပါပြီတည်း..၊ မြရေးချယ် ၏ လက်သ လေးကလည်း အလိုလို ကွေးချိတ်လိုက်ချေသည်ကိုးလေး ..။

ဤနှစ်ယောက် ..၊ ဤမျှအထိ သံယောဇဉ်အိမ်ဖွဲ့မှုက အင်အာ ကြီးမားလှချေသည်ကောလေ ..၊ လူကသာ ဆေးရှိန်နှင့် ငြိမ်ကျ အိပ်ပျေ နေကြပေမယ့် .. ချစ်ဇောနှင့် သံယောဇဉ် အလေ့အကျင့်လေးတွေ ဖြင့် ငြိမ်သက်မနေကြ ..။ လက်သန်းချင်း ချိတ်ထားချေသည်တည်..

"ဒီနှစ်ယောက်ကို .. ဘယ့်နှယ်လုပ်ရပါ့ .. ချစ်လိုက်ကြပုံမျာ ရယ် နော် .. မြရေးချယ် ရယ် .. ခက်ပြီကွယ့် .. ညည်း ဆိုတဲ့ ကလေ ချော့ သီချင်းလေးထဲကလို .. ငှက်ကြီးဝန်ပိုမယ်ပဲ ဖြစ်ကိန်းဆိုက်ပါပေ လား .. ရင်ကွဲနာကျပြီး ကျန်ခဲ့ရတော့မယ် ရေးရေး ရဲ့ .."

ဘွား ဤတင်းကြိမ်မှာတော့ ရှိုက်ကြီးတငင် ငိုချေ၏။





သူ ရင်ထဲမကောင်းနိုင် ..၊ မြင်ကွင်းကိုလည်း မကြည့်ရက်နိုင်တော့ ..။ အခန်းထဲမှ ခေါင်းငိုက်စိုက်ချ၍ ထွက်ခဲ့မိရပါ၏။ သူ ရပ်ထားရာ ားဆီသို့ ပြန်ဆင်းလာတော့လည်း ထုံးစံအတိုင်း ဝန်ထမ်းတွေ၏ မ်းကြည့်တွေကို သိမ်းကျုံး ရင်ဆိုင်ရရင်းဖြင့် စိတ်တွေ မွန်းကျပ်ရ သည်။

လေးလေးထွန်း ခမျာမှာလည်း ပေါ်တီကိုအောက်မှာ ကားရပ်ထား အတိုင်း ရှိနေရင်း ကားကို မှီရပ်ကာ စိတ်လက်ပူပန် စောင့်ဆိုင်းနေရှာ ည်ပါပဲ ..။ ကြည်နူးလေး တက်သွားကာ မြင်ခဲ့ရသည်ကိုးလေ ..၊ က လိုက်မလာဖို့ ပြောချန်ခဲ့၍သာ နေနေရပေမယ့် စိတ်တွေ အရမ်း နေတာ သိသာနေသည်ပါပဲ ..။ သူ့ကို မြင်တာနှင့် ...

"သူများ စက်ရုံထဲ ခြေရှုပ်နေတာ မကောင်းပါဘူးဆိုပြီး မနည်း တ်ကို အောင့်အည်းထားရတာ ငါ့လူ .. အခု .. ကြည်နူးလေး ရော .. ယ်မှာလဲ .. ဘာဖြစ်ကုန်ပြီလဲကွာ .. ကလေးက အရမ်းကို အစွဲအလမ်း ်နေတာ .. မမကြီးကို မပြောရဲလို့သာ ငြိမ်နေရတာ ငါ့လူ .. ငါ့စိတ် ရင်းခံအတိုင်း ပြောရမယ်ဆိုရင်ဖြင့် .. ခုလို .. အစိမ်းခွဲခွဲတာထက်.. ဖြည်းဖြည်းချင်း ဟိုဘက်အိမ်ကို ပြန်ခေါ်တာ ပိုကောင်းမယ် ထင် ယ် .. ကလေး ဒုက္ခရောက်လိမ့်မယ် .."

ရင်ထဲရှိရာအတိုင်း လေးလေးထွန်း ပြောနေချိန်မှာ သူ မျက်နှာ း ပျက်နေရင်းမှ ...

"ခု ဥစ္စာက .. ကလေးချည်း မဟုတ်တော့ဘူး လေးလေးထွန်း .. လူကြီးလည်း ဟိုမှာ သတိလစ်ကုန်တာ .. စိတ်ဆင်းရဲလိုက်ပုံများ းလေးထွန်း ရာ .. မြင်ကို မမြင်ရက်တော့ပါဘူး .."

ဟု ခေါင်းကို ဖွ၍ ဆံပင်ကြားထဲ လက်ချောင်းတွေ ထိုးပစ်ရင်း ညည်းမိရပါပြီ ..။ မတတ်နိုင် ..၊ လောလောဆယ်တော့ ကြည် း နှင့် မြရေးချယ် တို့ ခွဲ၍ မဖြစ် ..။ တူတူ ရှိကိုရှိစေမှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ထံ ဖုန်းဆက်ရပြန်ပါ၏။ မမေ့ ဟန်းဖုန်းကိုပဲ ဆက်လိုက်ခြ
ပေမို့ မမေ ဖုန်းထူးရင်းမှ ..

"တဲ .. မမေ့မြေး .. အခု ပြန်ခေါ်လာမလား .. မခေါ်လာ
လား.. တစ်ခွန်းတည်း ပြော .."

ဟု တိုဆတ်ဆတ် မေးသံပေါ်လာတော့ သူ စိတ်ထဲ မကောင်း
ပြန် ..၊ မမေကလည်း မြေးဇောဖြင့် ပြောနေခြင်းပေပဲလေ ..။ မ
သာသည့်အဆုံးမှာ အဖြစ်အပျက်အားလုံး သူ ပြောပြရပါ၏။

"အဲဒါပဲ မမေ .. အခု .. မြရေးချယ် နဲ့ ကြည်နူးလေး တို့
ထိုးထားကြရတယ် .."

ဟု စကားကို အဆုံးသတ်ချိန်မှာ မမေ့ထံမှ ...

"ငါ့မြေး အသားနုနုလေးကို ဆေးထိုးခံလိုက်ရပြီပေါ့လေ .. 
အဲဒီကောင်မ .. ငါ့မြေးကို ဆေးခတ်ထားသလို လုပ်ပစ်တာ .. ငါ့
လေး ဆေးမိထားသလို တမ်းတမ်းစွဲတာ ဟဲ့ .. မဖြစ်ဘူး .. မဖြစ်
သူတို့နှစ်ယောက်ကို တူတူကြာကြာထားလေလေ .. ငါတို့မြေးကို
အဆုံးခံလိုက်ရမယ့်ကိန်း ဆိုက်လေလေပဲ .. အခု မမေ လာခဲ့မ
ဖြစ်တဲ့နည်းနဲ့ .. ငါ့မြေးကို ငါ ပြန်ခေါ်သွားမယ်ဟဲ့ .. ငါ့မှာ ငါ့သာ
လည်း ဆုံးခဲ့ရပြီးပြီ .. ကျန်တဲ့ မြေးကိုတော့ သူများလက်ထဲ အပ
နိုင်ဘူး .. ဘုန်းမြတ်လူ .. သိရဲ့လား .."

ဟု ပြောသံ ..၊

"အစ်ကို .. ဆွေ့ ကို .. ကားမောင်းပို့ပေးပါဦး .. အဲဒီစက်
လိုက်သွားမလို့ .. ဘာရမလဲ .. ဆွေ့ မြေးကိုတော့ .. မထားခဲ့နိုင်
ဆွေ့ အသက်သာ အသေခံပစ်မယ် သိရဲ့လား .."

ဟု ဖေဖေ့ကို ပြတ်ပြတ် လှမ်းခေါ်နေသံကိုလည်း ကြားနေရ
သူ စိုးရိမ်တကြီးဖြင့် ...

"ဒီမှာက .. အရမ်းခံစားနေရတာ မမေ .. အရမ်းမလုပ်





မမေရယ် .. အားနာစရာတွေ ဖြစ်ကုန်ပါ့မယ် .. ဘွား ခများလည်း ဒီမှာ မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေတာပါ မမေရယ် .."

"မမေလည်း .. မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေတာပါပဲ ဘုန်းမြတ်လူ အလှူကောင်းကြီးရဲ့ .. မင်းက .. မင်းရဲ့တူကို အဲဒီအိမ်ကလူတွေကို လှူနိုင်ပေမယ့် .. ငါက မလှူနိုင်ဘူး သိရဲ့လား ဝေဿန္တရာလက်သစ်ကြီးရဲ့ .."

ဟု ပြောကာ ဖုန်းကို စက်ပါ ပိတ်ချပစ်လိုက်တာမို့ .. သူ့မှာ မမေ့ကို ဖုန်းခေါ်မရဘဲ ဖြစ်ကုန်ရကာ ဖေဖေ့ ဖုန်းကို လှမ်းဆက်ရ..။

"မမေ့ကို ထိန်းပေးပါ ဖေဖေရယ် .."

ဟု ပြောရဖြင့် ရှိကုန်ရသည်ပါပဲ။ တကယ်ပဲ မမေသည် ဖေဖေနှင့်အတူ ပဒုမ္မာစက်ရုံသို့ နောက်တစ်ကြော့ ရောက်လာချိန်မှာ သူ့စိတ်တွေ ပန်းဟိုက်နေရပြီ။ ဖေဖေ့လက်ကို ဆွဲ၍ မမေ စိတ်နောက်ကိုယ်ပါကြီး အဆောက်အအုံကြီးထဲ ဝင်တော့ သူ့မှာ မနေသာ ..၊ နောက်မှ တကောက်ကောက် လိုက်ရင်းမှ ...

"ဟိုမှာက .. အရမ်း စိတ်ထိခိုက်နေကြတာ မမေ .."

ဟု တဖွဖွ လိုက်ပြောနေတော့ မမေ တုံ့ခနဲ ရပ်ပစ်ကာ သူ့ကို လှည့်ကြည့်ပါ၏။ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက်သည့်နှယ် ဖြစ်ကုန်သည်။ သူ .. စိုးရိမ်တကြီး ဘေးဘီကို ကြည့်မိတော့ ထင်ထားသည့်နှယ်ပါ ..။ အားလုံးက စုပြုံဝိုင်းကြည့်တွေ ဖြစ်နေကုန်ပြီ။ မကြည့်ခံနိုင်ရိုးတဲ့လားလေ ..။ ဤတစ်ရက် တစ်မနက်တည်းမှာ ကလေး လာခေါ်သွားကြ ..။ ပြန်ခေါ်လာသည့်သူက ခေါ်လာ ..။

အခု .. နောက်ထပ်ရောက်လာသည့်သူက ရောက်လာဖြင့် ဤလူသုံးယောက်သည် ကူးဟယ်သန်းဟယ်ဖြင့် အဆောက်အအုံကြီးအဲ မရောက်စဖူး ရောက်နေကြသည့် လူစိမ်းတွေ ဖြစ်နေကြသည်ကိုးလေ..။ ပြီးတော့ အေးအေးချမ်းချမ်း မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ငို၍ ပါသွားလိုက် ..၊ ငို၍ ပြန်လာလိုက် ..။ တက်နေ့တာတွေဘာတွေလည်း ဖြစ်ကုန်လိုက် .. နောက်ထပ်လည်း မျက်နှာထားဖြင့် ရောက်လာသည့် မေမေက ရှိနေပြန်လိုက်ဖြင့် .. အဘယ်သူသည် .. ဤမြင်ကွင်းကို စိတ်မဝင်စားဘဲ ရှိနိုင်ပါ့မည်တဲ့လဲ ..။

"ဒီမှာ သား .. မေမေ ပြောမယ် .. မင်း တစ်ယောက်တည်း .. ကြည်နူးလေး ကို ပိုင်တာ မဟုတ်ဘူး .. အဘိုးအဘွားတွေဖြစ်တဲ့ ဖေဖေနဲ့ မေမေတို့လည်း မြေးကို ပိုင်တယ်ဆိုတာ မမေ့လိုက်စမ်းပါနဲ့ .. မင်းက ကြည်နူးလေး ကို သနားတယ်ဆိုပြီး .. ဒီမှာထားခဲ့မယ်လို့ ဆုံးဖြတ်ပေမယ့် မေမေ့မြေးကို .. မေမေ မထားခဲ့နိုင်ဘူး .. ဒါပဲ .."

ဟု အသံကို မြှင့်၍ မေမေ ပြောသည်က သူ့ရင်ဘတ်ကြီးကို ဆောင့်တွန်းပစ်ရင်း ပြောခြင်းပေမို့ ဘေးလူတွေ ပိုဝိုင်းကြည့်ကြတာကို ခံရပြန်သည်။ ဖေဖေ့လက်ကိုဆွဲ၍ မေမေ ခြေလှမ်းကြဲကြီးဖြင့် လျှောက်တော့ သူ ချန်ရစ်မနေသာ ..။ နောက်မှ စိတ်ပူလက်ပူဖြင့် လိုက်သွားရပြန်သည်။ ရှုးစမ်းကြည့်တွေအားလုံးသည် ဤလူသုံးယောက်၏ နောက်ကျောပြင်တွေကို မျက်တောင်မခတ် စိုက်ကြည့် ကျန်ရစ်ခဲ့ကြချေလိမ့်မည်ဟု အလိုလို သူလည်း သိနေသည်ပါပဲ ..။ မြရေးချယ် ၏ ရုံးခန်းသို့ရောက်တော့ မေမေ စိတ်နောက်ကိုယ်ပါကြီး အခန်းထဲဝင်သည်။ ဝင်ပုံက ပိုင်စိုးပိုင်နင်းနိုင်နေသည်ပါပဲ။ တံခါးခေါက်သံပင် မပေး..၊ တံခါးကို တွန်းဖွင့် ဝင်ချသွားသည်ကလည်း အားအင်ပါနေသည်။

ရုံးခန်းထဲမှာ လူသူမရှိ ..၊ မေမေ ရုတ်တရက် ကြောင်အမ်းအမ်းကြီးဖြစ်သွားကာ ဟိုဟိုသည်သည်ရှာသည်။ မြေးကိုရှာခြင်း ..၊ မတတ်သာပြီမို့ မြရေးချယ် ၏ နားနေခန်းတံခါးရွက်ကို သူ တွန်းဖွင့်လိုက်ရသည်ပါပဲ။ ထိုအခါမှ မေမေ မြင်ကွင်းကို မြင်သည်။ အခန်းထဲရောက်တော့ အိပ်မောကျနေသည့် မြရေးချယ် နှင့် မြေးကို မျက်တောင်မခတ် စိုက်ကြည့်၏။ မြေး၏ လက်လေးက မြရေးချယ် ၏ လက်ပေါ်မှာ





ထက်သန်းချင်း ချိတ်လျက်သားလေး ရှိနေတာကိုလည်း တွေတွေကြီးကြည့်နေသည်။

"မေမေ .."

သူ စိတ်ပူနေသည် ..၊ တစ်ခုခု မေမေ ပြောချလိုက်တာမျိုး ..။ ကြည်နူးလေး ကို ပွေ့ချီလိုက်တာမျိုးတွေ လုပ်လိုက်မှာကို စိုးရိမ်ရင်းဒါမိခြင်း ..၊ မေမေ ခေါင်းခါပြသည်။ လက်ကာ ပြသည်။ မြင်ကွင်းကိုကြည့်မြဲ ကြည့်နေဆဲ ..။ စောစောက မေမေ့မျက်နှာထက်မှာ ထင်ဟပ်နေသည့် တင်းမာရိပ်တွေ တဖြည်းဖြည်း လွင့်ပါးစ ပြုလာသည်။ စိတ်ဆိုက်ရိပ်တွေ တိုးဝင်လာသည်။ ခုတင်ထက်မှာ မေမေ တင်ပါးလွှဲထိုင်လိုက်ပါ၏။ အိပ်ရာထက်မှာ နက်မှောင်ရှည်လျားသော ဆံကျစ်ရှည်ကြီး ဖေးတင်နေတာမို့ မြရေးချယ် ၏ ဆံပင်ရှည်ကြီးကို ခပ်ဖြည်းဖြည်း ဖယ်၍ ထိုင်ခြင်း ..။ ခြေကလန် လက်ကလန်လေးဖြင့် တက်လက်လေး အိပ်နေသည့် ကြည်နူးလေး ..၊ လုံးကစ် ဖြူဥဥလေးပေမို့ အရုပ်လေးနှင့်တူသော ဤကလေးလေး၏ မျက်နှာထက်မှာ ပင်ပန်းမှုလေးတွေပဲ အုပ်မိုးနေသည်။ စိတ်မောပန်းလျှနေသည့် ခံစားချက်တွေသည် ကလေးရော လူကြီးမှာပါ စွန်းထင်း အုပ်မိုးထားလေသမျှ .. မေမေသည်လည်း ငုံ့မိုး၍ ငေးစိုက်ကြည့်နေသည်ပါပဲ ..။

မေမေ ခပ်ဖြည်းဖြည်း ထရပ်သည်။ အခန်းထောင့်ရှိ ဆိုဖာရှည်ကြီးမှာ သွားထိုင်သည်။ ခုတင်ဘက်ကို ထပ်ကြည့်ပြန်၏။ ဘွား မျက်ရည်သုတ်ကာ မေမေ့ဘေးမှာ သွားထိုင်တော့ ကိုယ်ကို ဘေးဘက် နည်းနည်းရွှေ့ပေးသည်က မေမေပါ ..၊ နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးထက်မှာ မေမေသည် ဘွားနှင့်တူတူ ယှဉ်၍ ထိုင်နေရင်း နှုတ်ဆိတ်နေသူတစ်ယောက်ပဲ ဖြစ်နေသည်။

"ဒါ .. တကယ့်ကို ဖြစ်နေတာကိုး .. ကျွန်မ မှားသွားတယ်ခန့်တီကြီးရယ် .. သား ဖုန်းဆက်လာတုန်းက .. ဒီမိန်းကလေး ဟန်များ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး မေ့တာတွေဘာတွေ လုပ်လိုက်သလားတော်င အထင်တမှား ဖြစ်မိခဲ့တာပါ .. ဒီရောက်တော့မှ .. မျက်မြင်ကိုယ်တွေ့ ဆိုတော့လည်း မမြင်ရက်စရာပါလားလို့ ခံစားမိရပြန်ဝါတယ် .. တယ်ပြီး သံယောဇဉ် ကြီးကြတာကိုး ..''

ဟု မေမေ ညည်းရှာပါ၏။ ထိုအခါမှ ဖေဖေလည်း စိတ်သက်သာ ရာ ရသွားကာ သူ့ဘေးမှာ လာရပ်သည်။ မေမေ စိတ်ထဲ တင်းမာပေါ်ဇ ကွဲ ပြောချလိုက်မှာတွေကို ဖေဖေလည်း စိုးရိမ်နေတာ သိသာနေသည် ပါပဲ။ မေမေ့ကို ထိန်းနိုင်ဖို့ ဖေဖေ မစွာဘဲ တောက်လျှောက်လိုက်နေရ မှ .. ခုကျတော့မှပင် စိတ်အေးသက်သာရာ ရသွားခြင်းပါ။ မေမေသည် ကြည်နူးလေး နှင့် မြရေးချယ် အပေါ် စာနာ နားလည်စ ပြုလာပြီး လည်း ဖေဖေ သိနေပုံဖြင့် သူ့ကို မျက်စုံးပင့်၍ ကြည့်လာပါ၏။

''မြေးလေးက .. ကျွန်မရဲ့ လက်ပေါ် ကြီးရတဲ့ မြေးလေးပါ .. ခမျာ .. ခုလို .. သူ့ဘဝလေးထဲမှာ ရွှေခြုံးလေး ရောက်လာတော့ - အရမ်း ပုံချစ်မိတာပါပဲ ..''

ဟု ဘွားက ခပ်ညည်းညည်း ပြောရှာပါ၏။ နောက်တော့လည် အားလုံးသည် အိပ်သူတွေ အိပ်ပျော် နားနေစေဟူသော စိတ်ဖြင့် ငြိမ် သက် ထိုင်နေဖြစ်ကြရပြန်သည်။ ဘွားမှ အခန်းစောင့် ဖိုးတာ ဆိုတာ ခေါ်၍ ကော်ဖီနှင့် မုန့်တွေယူလာခိုင်းတာမို့လည်း စားသောက်ဖြစ်ကြ ကာ လူနာစောင့်တွေပမာ ငြိမ်သက် ထိုင်နေမိကြရပြန်၏။

ပထမဆုံး နိုးလာသည်က မြရေးချယ် ..၊ သုံးနာရီနီးပါးမျှ မြရေး ချယ် အိပ်ပျော်သွားခဲ့သည်တည့် ..။ နိုးလာတာနှင့် ငြိမ်သက်ထိုင်နေ သည့် လူစုကို မြင်တော့ ကျုံး၍ ထသည်။ အထူးသဖြင့် မေမေ့ကို မြရေး ချယ် စိုက်ကြည့်နေပါ၏။

နောက်တော့ ပြတ်သားပုံလေးဖြင့် မျက်နှာလေးကို ချီ၍ ခေါင်း ထက်မှ ဆင်းသည်။ မေမေရှေ့မှာ ရပ်သည်။ မေမေ တစ်ခုခု ပြောတော့





မှာကို လက်ဖြင့် ကာ၍ တားသည်ကလည်း မြရေးချယ် ပါ..။

''စကားပုံတစ်ခု ရှိတယ် အန်တီ .. ရေအဆုံး ကုန်းတစ်ဝက်တဲ့.. အခု .. ရွှေခြုံးလေး ကို ဘယ်သူ့ဘယ်သူမှ မရှိတဲ့ တောတောင်ထဲမှာ ရေးရေး တွေ့ခဲ့တာ .. ခေါ်ခဲ့တာ .. ရေးရေး လည်း တစ်ဝက်ပိုင်တယ်..၊ အခု လောလောဆယ် .. ရေးရေး နဲ့ ရွှေခြုံးလေး အရမ်းခံစားနေရတာကို သိပါရက်ကယ်နဲ့တော့ .. အန်တီတို့လက်ထဲ .. ရွှေခြုံးလေး ကို ရေးရေး လုံးဝ မထည့်နိုင်ဘူးဆိုတာ အတိအလင်း အသိပေးလိုက်ပါရဲ့ .. ရေးရေး ရဲ့ ရွှေခြုံးလေး နလုံးကွဲသွားလိမ့်မယ် သိရဲ့လား .. အန်တီလေးတို့က.. ရွှေခြုံးလေး ကို ပြန်ပိုင်ဆိုင်ချင်ဇောနဲ့ပဲ အဲဒီလို ကလေးလေး နလုံးကွဲ အောင် ခံစားရမှာကို မမြင်ရက်နိုင်အောင် အမှောင်ဖုံးနေကြပေမယ့်.. ရေးရေး ကတော့ .. အဲဒီအမှောင်ကို လင်းလာအောင် .. မြင်လာအောင်.. ပြောနေမိရမှာပဲ .. ရွှေခြုံးလေး ကို ရေးရေး ရဲ့ ဖြူစင်တဲ့ ရင်ခွင်ထဲမှာ သံယောဇဉ်ကို အိမ်ဖွဲ့ပြီး ပွေ့ပိုက်ထားတာပါ .. ပထမတစ်ခေါက် အန်တီ ရွှေခြုံးလေး ကို လာခေါ်သွားတုန်းက .. ကလေးကို မခွဲနိုင်တဲ့ စိတ်နဲ့ .. ကြေကြေကွဲကွဲ ငိုပြီး ကျန်ခဲ့ရတာပါ .. အဲဒါဟာ .. သံယောဇဉ် ကြောင့်ပါပဲ .. အခုတော့ .. ရေးရေး စိတ်ကို ပြောင်းပစ်လိုက်ပြီ ..၊ ရွှေခြုံးလေး နဲ့ ရေးရေး တို့နှစ်ယောက်ကို ဝေးကွာစေမယ့် ခြေလှမ်းတွေ ကို အရှုံးမပေးတော့ဘူး .. စိန်ခေါ်ဝံ့တဲ့ သတ္တိတွေနဲ့ ရေးရေး ရင်ဆိုင် မယ် .. အဲဒီစိတ်ဟာ .. ဘယ်တော့မှ နောက်မဆုတ်ဘူး ဆိုတာကိုလည်း သိပေးပါ အန်တီ .. အဲဒီလို ရင်ဆိုင်ရဲလာအောင် မွေးဖွားပေးလိုက်တဲ့ ခွန်အားတွေဟာ .. ရွှေခြုံးလေး ကို ချစ်တဲ့ .. သံယောဇဉ်ဆိုတဲ့ အရာက စီးဆင်းလာကြတာပါ ..''

မြရေးချယ် ဆက်တိုက် ပြောနေသမျှ မေမေ ငြိမ်သက်စွာ နား ထောင်နေသည်။ မြရေးချယ် ကလည်း ခေါင်းမာပုံလေးဖြင့် ကိုယ်ကို မတ်၍ ခပ်တည်တည်လေး ရပ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေခြူးလေး ကို .. ရေးရေး ပြန်မထည့်နိုင်ပါဘူး အန်တီ .. အန်တီ လာတွေ့နိုင်ပါတယ် .. ဒါပဲ .."

ဟု ပြောချလာတော့ မေမေ ပြုံး၍ ကြည့်သည်။ မျက်နှာလေး မှုန်တင်းကာ သတ္တိခဲလုပ်၍ ရွှေခြူးဇော ဖြင့် ပြောနေသည့် မြရေးချယ် ထိုအပြုံးကို မယုံ ..၊ ညာဏ်ကူသည့်အပြုံးဟု ထင်နေပုံလေးဖြင့် မျက်နှာ ချီထားတာကို မလျှော့သေးပဲ ငြိမ်ရပ်မြဲ ရပ်နေသည်။ သဘောက အရာ ရာကို ရင်ဆိုင်မယ်ဆိုသည့် မိုက်ဂိုက်ချိုးလေးပင် ပါချင်ချင် ..။

"အန်တီ .. ကြည်နူးလေး ကို .. ဒီမှာ .. ထားခဲ့ပါ့မယ် .. မြေးလေး အရမ်းထိခိုက် ခံစားရတာကြောင့်ရော .. ဒီက သမီးလေး အရမ်းခံရတာ တွေကိုရော .. အန်တီ .. မြင်ရတော့ .. လောလောဆယ်မှာ ဒီလိုပဲရှိနေ တာ ပိုကောင်းတယ်လို့ အန်တီ မှတ်ယူပါတယ်.. ခုလို အန်တီ့မြေးလေး ကို စောင့်ရှောက်ခဲ့တဲ့အတွက်လည်း အန်တီ ကျေးဇူးတင်ပါတယ် .. မြေးလေး နိုးလာတဲ့အထိလည်း .. အန်တီ .. ဒီမှာ ဆက်နေပါရစေ .."

ဟု ညင်ညင်သာသာ ပြောလာတော့ မြရေးချယ် တစ်ချက် အမ်း ခနဲ ဖြစ်၏။ ခုလို .. ရင်ဆိုင်တိုးရမည်ဟု ထင်ထားပုံ မရ။ ထင်ထား တာက .. အချေအတင်တွေ ပြင်းပြင်းထန်ထန် ဖြစ်မည်ဆိုသည့်အထင်..။ ခုကျတော့ .. အေးချမ်းနေသည်။ ဒါကိုလည်း သိပ်တော့ စိတ်ချလက်ချ ရှိပုံ မရ ..။

အကဲခတ်သလို ကြည့်နေသည်ကိုက မယုံသင်္ကာတော့ နိုင်နေဆဲ..။ သူ့ .. ဤတစ်ကြိမ်မှာတော့ ပြုံးချင်လာသည်။ အံမယ် ..။ ခုကျတော့ လည်း အစွာမသေးသည့် မြရေးချယ် ပါလားလေ ..။ ကြည်နူးလေး ကို ပြန်မထည့်နိုင်သည့် စိတ်တစ်ခုတည်းဖြင့် .. ဘယ်သူ့ကိုမှ မယုံနိုင် သလို ဖြစ်နေသည့် ကောင်မလေး ..။ ကလေးဆိုးလေးနှယ်ပင် ဆန်နေ သေးသည်တည့် ..။





သစ္စာတည် ဤအချစ်
ပြောင်းရွှေ့ပစ်နိုး
ရှိုးမရှိ ···။



အဖူး အဆေစ်အဆေစ်
ရင်ကိုနှစ်၍ မျိုးကာ
ချစ်ပန်းတွော ဖြစ်တည်ရချေသဖို့ ···။

ကိုင်းတံညို့ညို့
ချစ်ပန်းတို့ ပွင့်ပါလျှင်
တစ်ဦးပင် တစ်ယောက်တည်းအတွက်
ချစ်သောလက်ဖြင့် ခွတ်ခူးစရာ
အချစ်ဦးအတွက်သာ ဖူးပွင့်လာ ···
သြော် ···
အချစ်ဦးအတွက်သာ ဖူးပွင့်ရာ ···။ ။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

BURMESE CLASSIC

"ဟာ .. မဟုတ်တာ မေမေ .. ကြည်နူးလေး ကို မြရေးချယ် အလွန်ချစ်တယ်ဆိုတာ သား သိပါတယ် .. သူ့အချစ်ဟာ အလွန်တရာ ကိုမှ ဖြူစင်အေးချမ်းတယ်ဆိုတာကိုလည်း သား ယုံကြည်ပါတယ် .. ရွှေခြူးလေး ကို ချစ်တဲ့ အချစ်ဟာ ဘာမျှော်လင့်ချက်မှ မရှိတဲ့ အနှောင်အဖွဲ့ကင်းကင်းနဲ့ ချစ်တဲ့ ဖြူစင်မွန်မြတ်တဲ့ အချစ်ဆိုတာလည်း သား ဘယ်တော့မှ ငြင်းမှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ .. ကြည်နူးလေး အရမ်းချမ်းသာတဲ့ အိမ်ထောင်တစ်ခုက ဖြစ်တယ်ဆိုတာလည်း မြရေးချယ် မသိခဲ့သလို .. အဲဒီ ချမ်းသာခြင်းတွေဆီက တစ်ခုခု ရကောင်းစေဆိုတာမျိုး မရှိဘဲ ချစ်ခဲ့ရခြင်းပဲ ဖြစ်တယ်ဆိုတာကလည်း သံသယကင်းစွာ ယုံကြည်ရမှာပဲ ဖြစ်တယ်ဆိုတာ သား လက်ခံပါတယ် မေမေ .. ဒါပေမယ့် .. အဲဒါတွေကြောင့် .. သားက အဲဒီ မြရေးချယ် ကို လက်ထပ်ရမယ်ဆိုတာတော့ မဟုတ်သေးဘူး မေမေ .. သားမှာ .. ကြွေ ရှိနေတာ မေမေ အသိပါ .. ကြွေ ဟာ သားရဲ့ အချစ်ဦးပါ မေမေ .."

သူ ဘယ်လိုမှ လက်မခံနိုင်ဘဲ ငြင်းနေတော့ မေမေ သက်ပြင်းရှိုက်သည်။ ခေါင်းခါသည်။

"အခုမှ မဟုတ်ဘူး သား .. ကြည်နူးလေး နဲ့ မြရေးချယ် တို့ ခုလို ကံဆုံရေစက် မကြုံခင်ကတည်းက .. ရတနာကြွေ ဆိုတဲ့ မိန်းကလေးကို .. ဘယ်တုန်းကမှ မေမေ လက်မခံနိုင်ခဲ့တာ သား အသိပါ..





ရတနာကြွေ ဟာ ချမ်းသာတယ် .. မိဘမျိုးရိုးလည်း ကောင်းတယ် .. ညာတတ်လည်း ဖြစ်တယ်.. ဒါပေမယ့် ကျော့ကျော့မော့မော့လေးနေတတ်သလို .. ချစ်သူအပေါ်မှာ ပေးဆပ်ခြင်းထက် ရယူလိုခြင်းတွေနဲ့ပဲ သွမ်းမိုးချင်နေတဲ့ မိန်းကလေးမျိုး ဖြစ်နေတာတစ်ခုကြောင့် .. မေမေ.. သူ့ကို လက်မခံနိုင်ဘဲဖြစ်ခဲ့တာ သား အသိပါ.. အထူးသဖြင့် သား စာရေးနေတာကို အထင်မကြီးခြင်းဟာ အဆိုးဝါးဆုံး ဖြစ်နေတယ် သား .."

သူ ခေါင်းခဲနေရပြီ ..၊ ခက်သည်က ကြွေ သည် မေမေ ပြောသည့် ကြွေ ဖြစ်နေခြင်းပဲ ဖြစ်လေသည်။ မေမေ ပြောနေတာ မမှား ..၊ ဒါပေမယ့် နောက်ထပ် ခက်နေသည်က .. သူသည် ကြွေ့ ကို ချစ်နေခြင်းပဲ ဖြစ်လေသည်တည့် ..။ စာရေးဆရာတစ်ယောက် ဖြစ်နေသည့် လူတစ်ယောက်အဖြစ် သူ့ကို ကြွေ ချစ်ခြင်းမဟုတ် ..၊ ကြွေ သည် သူ့ကို ရွှေခင်ယော် အိမ်ဆောက်ပစ္စည်းစက်ရုံကြီးကို နိုင်နင်းစွာ စီမံလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ပဲ ဖြစ်စေချင်သည့် ကြွေ ဖြစ်ပါ၏။

အစ်ကိုကြီး ဘုန်းထက်လှိုင် ကဲ့သို့ စက်ရုံကြီးမှာ ဦးစီးလုပ်ကိုင်နေသူတစ်ယောက် ဖြစ်နေဖို့ အမြဲ တိုက်တွန်းနေသူသည်လည်း ကြွေ ပဲ ဖြစ်ချေသည်။ ခု .. မေမေ အမှန်တရားတွေကို ပြောနေချိန်မှာ သူသည် ကြွေ့ ကိုပဲ ချစ်မြဲချစ်နေသူ တစ်ယောက်အဖြစ် ရှိနေရမြဲ ..။ မြရေးချယ်နှင့် သူ့ကို နေရာချပေးချင်သည့်စိတ်တွေ ဘယ်ကဘယ်လို ဖြစ်တယ်သာရချေသည်လဲဟု မေမေ့ကို သူ စဉ်းစားမရသည့် စိတ်ဖြင့် ငေးကြည့်နေပါ၏။ ပြီးတော့ ကြွေ့ ကို ချစ်သည့်အဖြင့်လည်း .. သူ .. ကာကာကွယ်ကွယ် ပြောရပြန်သည်ပေါ့ ..။

"အနုပညာအပေါ်မှာ ကြွေ နားမလည်နိုင်သေးတာကို တစ်နေ့မှာ နားလည်လာအောင် သား စည်းရုံးနိုင်ပါလိမ့်မယ် မေမေ .. ကြွေ ဟာ ရှက်လက်ချက်ချာတဲ့ .. သားနဲ့ ကျောင်းနေဖက်လည်း ဖြစ်တယ်..



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်တဲ့သူလည်း ဖြစ်တယ် .. ဖခင်ရဲ့ အလိုလိုက်မှုတွေနဲ့ အ ပြည့်စုံနေရတဲ့ ကြွေ ဟာ .. လူ့ဘဝကို သိပ်နားမလည်လှဘူး မေမေ - ကြွေ နဲ့ လက်ထပ်ပြီးချိန်မှာ .. တဖြည်းဖြည်းနဲ့ ကြွေ့ ကို အိမ်ထောင် ရှင်မကောင်းတစ်ယောက်ရဲ့ တန်ဖိုးကို နားလည်လာအောင် သား ပြောင်းလဲယူနိုင်မှာ သေချာပါတယ် မေမေ .."

မေမေ ရယ်သည် ...၊ သူ့ကိုလည်း မျက်တောင်မခတ် ကြည့်သည် သားအမိနှစ်ယောက် အပေါ်ထပ် လသာဆောင်ကြီးမှာ မနက်ခင်း နေရောင်ခြည်အောက်မှာ စကားစမြည် ပြောနေခြင်း ...၊ တကယ်က - မနက်စာ စားပြီးတာနှင့် ဤနေရာဆီသို့ မေမေ ခေါ်လာခဲ့ခြင်းပါ။

"သားက .. သား တစ်ယောက်တည်းအတွက်ပဲ တွက်ပြီး တွေ တယ် .. ပြီးတော့ .. ကြွေ့ ကို ပြုပြင်နိုင်မယ့်သူတစ်ယောက်အဖြ ကိုယ့်ကိုယ်ကိုယ်လည်း အထင်တကြီး ရှိနေတယ် .. ဒီမှာ သား - မေမေ ပြောမယ် .. သား တစ်ယောက်တည်းအတွက်ပဲ တွက်ပြီး တွေ တယ်ဆိုတာက မေမေ အခုပြောပြမယ့် အချက်တွေကို သေချာ နားထောင်ပြီးပြီ ဆိုရင်တော့ .. သားက ငြင်းဆန်နိုင်တော့မှာ မဟုတ် ဘူး .. သားနဲ့ ကြွေ လက်ထပ်လိုက်တဲ့အခါမှာ ပတ်သက်စရာရယ် သားတို့နှစ်ယောက်တည်းပဲ ရှိနေတာမှ မဟုတ်ဘဲကွယ် .. အထူးသဖြ ကြည်နူးလေး အတွက် .. အမေတစ်ယောက် လိုတယ် သား .. မိခဲ့ ဘဝလေးကို ရောက်သွားရတဲ့ ကြည်နူးလေး ဟာ လူအို ဘိုးအေဘွား တွေနဲ့ပဲ ကြီးပြင်းလာရမှာတဲ့လား.. ငယ်ရွယ်နုပျိုပြီး.. အမေတစ်ယော လို ချစ်မယ့်သူတစ်ယောက်လည်း လိုအပ်တယ်လေ .. သားရဲ့ အစ် ကြီး ဘုန်းထက်လှိုင် ရဲ့ကိုယ်စား သားက အဖေတစ်ယောက်လို ကြည် လေး ကို စောင့်ရှောက်ရမှာလေ .. ဒါဟာ .. ကြည်နူးလေး ရဲ့ ဦးလေး တစ်ယောက်အနေနဲ့ရော .. သွားလေသူ အစ်ကိုကြီးရဲ့ ကိုယ်စားအနေ ရော .. ဖြစ်ကို ဖြစ်ရမယ့်ကိစ္စ .. အဲဒီအခါမှာ .. ကြွေ ဆိုတဲ့ ရတနာ





ဟာ .. အမေတစ်ယောက်လို ကြည်နူးလေး အပေါ်မှာ ချစ်ကိုချစ်နိုင်မှာ မဟုတ်ဘူးဆိုတာ မေမေ တပ်တပ်အပ်အပ် ပြောရဲတယ် .."

မေမေ ပြောလာတော့ သူ ငိုင်ခနဲ ဖြစ်၏။ ကြွေ သည် .. ထိုမျှအထိ တော့ အသည်းမမာတန်ရာ .. ဟု ကာကွယ့်တွေးက ရုတ်ခနဲ ဝင်လာ ပြန်သည်။

"အရင်တုန်းကတော့ ထားပါ .. ကြည်နူးလေး မှာ အဖေ အမေ ရှိတယ်လေ ..၊ အခုကျတော့ မိဘအရိပ် ပျောက်ဆုံးသွားရပြီဖြစ်တဲ့ ကြည်နူးလေး အတွက် မေမေတို့ ရင်လေးတယ် .. နောက်ဆံငင်ရ တယ် .. ဘာလို့လဲဆိုတော့ .. အသက်အရွယ်အရ ဖေဖေနဲ့ မေမေတို့ တစ်နေ့မှာက တိမ်းကပါး ဖြစ်သွားရရင် .. ကြည်နူးလေး ဟာ အကြင် နာကင်းတဲ့ မိန်းမတစ်ယောက်ကို အဒေါ်တော်ပြီး အထီးကျန်ခဲ့ရမှာကို စိုးရိမ်တယ် သား .."

ဟုတ်နေသည်ကောလေ..၊ သူ မတွေးမိခဲ့ ..။ ဟုတ်သည် ..၊ မတွေး မိခဲ့ ..။ ကြွေ နှင့် လက်ထပ်လိုက်ရခြင်းသည် သူနှင့် ကြွေ အိမ်ထောင် ရေးတစ်ခုတည်းနှင့်ပဲ သက်ဆိုင်နေမည်ဟု နားလည်ထားမိခဲ့သည်။ ကွက်ကွက်လေး နားလည်မိခြင်း။ ခုကျတော့ မေမေ ပြောသည့်နယ်.. ကြွေ သည် ဖေဖေ မေမေတို့နှင့်လည်း မကင်းနိုင် ..၊ ကြည်နူးလေး နှင့်လည်း မကင်းနိုင်။ အစ်ကိုကြီးတို့ မမမွှေး တို့ ရှိနေသည်ဆိုလျှင် တော့ ကိစ္စမရှိ ..။

ပြီးတော့ မမမွှေး မှာက မိဘသားချင်းလည်း မရှိတော့ပြီမို့ .. ခုကျတော့ .. ကြည်နူးလေး သည် သူ့ရင်ခွင်မှာ လုံးလုံးလျားလျား မှီခို ရချေမည့် ကလေး ..၊ ကြွေ သည် .. ကြည်နူးလေး အပေါ်မှာ စိတ်ရှည် နိုင်ပါ့မည်လား ..။ ဤတစ်ချက်ကိုတော့ သူ ယတိပြတ် မဆုံးဖြတ်ရဲ..၊ အဖြေ မထုတ်ရဲသူတစ်ယောက်အဖြစ် တွေဝေစ ပြုလာရပြီ ..။

"လူတစ်ယောက်မှာ ပြင်ဖို့အခက်ဆုံးအရာဟာ .. ညာဉ်ပဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ် သား .. လူတစ်ယောက်ရဲ့ ညာဉ်ဟာ .. သူ့ဝသီ .. သူ့စရိုက်နဲ့ ရှိတတ်တယ် .. အထူးသဖြင့် ကြွေ့ လို အရာရာ အလိုလိုက်ခံထားရတဲ့ ဘဝတစ်ခုထဲက မိန်းကလေးမျိုးကို ပိုပြီး ပြင်ရခက်တဲ့ တတ်တယ် .. အဲဒါကို .. သားက ပြုပြင်ပေးနိုင်လိမ့်မယ်လို့ ထင်နေတာဟာ .. သား ကိုယ်ကို သား အထင်ကြီးနေတာပဲ ဖြစ်နေတယ် သား ..''

ဟု ပြောလာတော့ သူ ခေါင်းခါမိရပါ၏။

''ကြွေ ဟာ .. ကလေးဆန်တာပါ မေမေ .. ရိုးသားတာပါ .. သူ့ ရင်ထဲမှာ ရှိတဲ့အတိုင်း ဖြောင့်ဖြောင့်နေတတ် ပြောတတ်တဲ့ သဘောပါ.. လူဆိုတာ ပြောင်းလဲတတ်ပါတယ် မေမေ .. အခုတောင်မှ မေမေဟာ.. မြရေးချယ် ကို ကြည့်မရခဲ့ရာက .. ချွေးမတောင် တော်ချင်နေတယ် မဟုတ်လား ..''

လွှတ်ခနဲ ပြောမိပြီးမှ မှားပြီဟု နောင်တဖြစ်ရသည်က ဘုန်းမြတ်.. အမေ့ကို စကားလွန်မိပြီဟု တောင်းပန်ကြည့်ဖြင့် ကြည့်မိစဉ်မှာ အနေ ရခက်စိတ်ကလည်း အနေကျုံ့စွာ ဖြစ်တည်၏။ မေမေ ပြုံးပါ၏။

''မေမေက .. မြေးဇောနဲ့ .. ဒီတစ်ချက်လေးပဲ အတ္တဖြစ်ခဲ့မိတာ လေ .. အဲဒီ အတ္တဟာ .. အမှန်တရားတစ်ခုကို တိတိပပ မြင်ရချိန်မှာ ပျောက်ကွယ်သွားရတာပါပဲ .. မေမေဟာ ကြွေ့ လို အတ္တလည်း ကြီး- ပေါ့ပေါ့နေ .. အရာရာကို အလွယ်တွေးပြီး .. ဘယ်သူ့အတွက်မှ ဘာကို မှ တွေးပေးဖို့ သတိမရတတ်တဲ့ မိန်းမမျိုး မဟုတ်ပါဘူး သားရယ် - အထူးသဖြင့် ကိုယ် လက်ထပ်ရမယ့်သူတစ်ယောက်အပေါ်တောင် ကြွေ ဟာ အထင်တကြီး လုံးလုံး ရှိနေတာမှ မဟုတ်တာ .. သား စာရေးဆရာ ဖြစ်နေတာကို အထင်မကြီးနိုင်ဘဲ .. စီးပွားရေးလုပ်ငန်းရှင် သူဌေး ကတော်လောက်ပဲ ဖြစ်နေချင်တာ .. သား သိပါတယ် .. မသိချင်ယောင် ဆောင်နေတာက .. ချစ်စိတ်နဲ့ အဲဒီအပြစ်တွေကို ဖော့တွေးပေးနေလို့ ပါ .. အဲသလို ဖော့ပြီး တွေးပေးပေမယ့် အတ္တကြီးတဲ့ အပြစ်တစ်ခုဟာ





တ္တရေပြင်အောက်ကို မြှုပ်ကို မြှုပ်ရမှာပဲ သား .. သားက ဖော့တွေး မယ့် ပေါ့သွားမှာမှ မဟုတ်တာကိုး ..''

မေမေ ပြောကာ ပြတင်းအနီးမှာ သွားရပ်သည်။ အပြင်ဘက်ကို ချက် ငေးနေ၏။ မေမေ့ မျက်နှာထက်မှာ သနပ်ခါးပင် မတင်နိုင်..၊ ကြီးနှင့် ချွေးမ အဖြစ်ဆိုးဖြင့် ဆုံးပါးခဲ့ရခြင်းသည် ကြီးမားသော ကြေကွဲမှုကြီးပဲ ဖြစ်နေချေသည်ကိုးလေ ..။ အခုလည်း မြရေးချယ် ပဒုမ္မာစက်ရုံမှ မေမေ ပြန်ရောက်လာပြီးသည့်နောက် ..၊ နောက်တစ် နက်မှာ ဤ အိမ်ထောင်ရေးစကားကို မေမေ ပြောလာခြင်းဖြစ် ၏ ပြီးခဲ့သည့် တစ်ညလုံးမှာ မေမေသည် မြေးဇောဖြင့် ဆောက်တည် ပျောက်နေရင်း အိပ်မရဘဲ ဖြစ်ခဲ့ ..၊ ဟိုသည်တွေးခဲ့ရာမှ ဤအိမ် င်ချပေးသည့် အဆုံးအဖြတ် ဖြစ်ပေါ်လာရတာပဲ ဖြစ်ချေမည် ..။

''သား လက်ထပ်တဲ့ မိန်းမတစ်ယောက်ရဲ့ ဒဏ်ကို .. သား ခံရ ယ်ဆိုရင် ခံပျော်ပါတယ်လေ .. ဖေဖေနဲ့ မေမေတို့လည်း ချွေးမရဲ့ ကို ရင်ဆိုင်လိုက်ရတယ်ဆိုရင်လည်း .. ဩော် .. ငါ့သား ချစ်လို့ ားတဲ့ မိန်းကလေးပေပဲ .. ငါ့သား စိတ်ချမ်းသာဖို့ ငါတို့ ဒုက္ခခံ ပါတယ်လေလို့လည်း နေပေးလိုက်နိုင်ပါတယ် .. ဒါပေမယ့် .. မြေးလေးကိုတော့.. မေတ္တာငတ်တဲဘဝမှာ အချုန့်မခံနိုင်ဘူး သား.. မခံနိုင်ဘူး .. မေမေ့မြေးလေးကို .. မိခင်မေတ္တာ ပေးနိုင်မယ့်သူကို ချွေးမအဖြစ် မေမေ ရွေးချယ်ပိုင်ခွင့် ရှိတယ် .. ကြည်နူးလေး အလွန် ငယ်သေးတယ် .. အရွယ်နဲ့ မမျှအောင် ဒီအရွယ်လေးမှာ.. ရော .. အမေရော .. တစ်ပြိုင်တည်း ရင်ခွင်အပျောက်ခံလိုက်ရတဲ့ မှာဆိုးကို မငြင်းဆန်နိုင်ဘဲ လက်ခံခဲ့ရရှာတယ် .. အသက်ရှင် ခဲ့သူ ဦးလေးတစ်ယောက်ဆီက ဖခင်မေတ္တာမျိုးကို ရနိုင်တယ်ပဲ - မိခင်မေတ္တာမျိုး မပေးနိုင်တဲ့ သူတစ်ယောက်ကို ဦးလေးက ထပ်လိုက်တယ်ဆိုရင်တော့ဖြင့် ကြည်နူးလေး .. မေတ္တာငတ်ရလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် .. သားရဲ့ မျက်ကွယ်မှာ ကြည်နူးလေး ကို .. ရက်ရက်စက်စက် ပြောချင်ရာအတိုင်း စိတ်ထဲပေါ်လာရာ ပြောချလိုက်တာမျိုး .. ဂရုမစိုက် တာမျိုးတွေကို .. မေမေ မမြင်ချင်ဘူး .. မကြားချင်ဘူး .. အဲသလိုပဲ တမလွန်ဘဝက သားကြီးနဲ့ ခက်ခက်မွှေး တို့လည်း လိုလားကြမှာ မဟုတ် ဘူး.. မေမေ သေချာသိနေတာက တစ်ခုပဲရှိတယ်.. ကြွေ ဟာ .. ကြည်နူး လေး ကို .. ဘယ်တော့မှ .. အမေတစ်ယောက်လို ချစ်မှာ မဟုတ်ဘူး တာပဲ ..၊ အို.. ကုန်ကုန်ပြောရရင် .. ကြွေ ဟာ.. သူ မွေးလာတဲ့ သားသမီး ကိုတောင် အထိန်းနဲ့ပဲ ထားပြီး လည်ချင်လည်.. ဝယ်ချင်တာဝယ်မယ့် မိန်းမမျိုး ဖြစ်နေတယ်လို့ မေမေ မြင်နေမိတယ် ..''

ဟု ပြောလာတော့ သူ တစ်ချက် ရင်လေးလာသည်။ ကြည်နူးလေး ကို ကြွေ က ဂရုမစိုက်ဘဲ နေချေမည်လားဆိုတာကို ထည့်တွေးဖို့တော့ လိုနေပြီ ..၊ ဒါပေမယ့် .. ကြွေ သည် .. မိမိရင်သွေးကိုတော့ဖြင့် ပစ်စလက်ခတ် မလုပ်တန်ရာ ..။ ဤအချက်ကိုတော့ သူ ကြွေ့ဘက် ရပ်တည် တွေးမိပြန်သည်။

''ဒီတော့ .. မေမေ .. ကြွေ့ ကို ခေါ်ထားတယ် သား .. မကြာ မှာ .. ကြွေ ရောက်လာလိမ့်မယ် .. အိမ်ကိုလာခဲ့ဖို့ မေမေ ခေါ်ထားတယ် လေ .. အစကတည်းကလည်း ကြွေ ဟာ ကားလေးနဲ့ အိမ်ကိုရော ရောက်လာတတ်တဲ့ ခြေလှမ်း ခပ်ရဲရဲ မိန်းကလေးမျိုး မဟုတ်လား အခုလည်း မေမေ ခေါ်တာမို့ .. သူ ရောက်လာတော့မှာပါ .. သားကြီး နဲ့ ခက်ခက်မွှေး တို့ ဆုံးခဲ့တဲ့ကိစ္စ .. ကြည်နူးလေး ပျောက်နေတဲ့ ပေါ်လာခဲ့တုန်းကလည်း .. ကြွေ .. ရွှေဇင်ယော်ကို ရောက်လာခဲ့ တာပဲ .. ကြည်နူးလေး အတွက် ကြွေ တွေးခဲ့တာက .. သေပြီထင်ပါရဲ့ ဆိုတဲ့စကားဘဲ မဟုတ်လား .. မထောက်မရက် ပြောခဲ့တာလေ တကယ်ပဲ အဲသလို ကြည်နူးလေး သေသွားပြီပဲထား .. ကာယကံရှင် ဘွားအေကို ဒီစကား မပြောသင့်ဘူးဆိုတာ ကြွေ သိသင့်တာပေါ့





ဟု ပြောလာတော့ သူ မျက်နှာပျက်သည်။ ဟုတ်တော့လည်း ဟုတ်နေသည် ..၊ အစ်ကိုကြီးတို့သတင်း ရရချင်း အားလုံး လိုက်သွားခဲ့ ကြရကာ .. ပြန်ရောက်လာတော့ သူ ကြွေ့ ထံ ဖုန်းဆက်ခဲ့သည်လေ..။ အစ်ကိုကြီးနှင့် မမမွှေး တို့ သတင်းကိုလည်း ကြွေ အစကတည်းက သိအောင် သူတို့အားလုံး လိုက်မသွားကြခင်ကတည်းက .. ဖုန်းဆက်ခဲ့ သေးတာမို့ .. ကြွေ .. သူ့ထံ အစကတည်းက ဖုန်းဆက်ဖို့ ကောင်းခဲ့ သည်ပါပဲ။ ဒါပေမယ့် .. အစ်ကိုကြီးနှင့် မမမွှေး တို့ကိစ္စ အုတ်ဂူသွင်း ဘာတွေအထိ ပြုလုပ်ခဲ့တာ ..၊ ကြည်နူးလေး သတင်း စုံစမ်းမရ ဖြစ်ခဲ့ ..၊ အချိန်တွေ ဟိုမှာ ကြာခဲ့ချိန်တွေမှာ ကြွေ သူ့ကို ဖုန်းဆက်တာမျိုး ခပ်မလာဖူးခဲ့။ ရန်ကုန်သို့ သူ ပြန်ရောက်တော့ ဖုန်းဆက်ချိန်ကျမှ ကြွေ လိုက်လာသည်။ ပူဆွေးသောကတွေဖြင့် အုပ်မိုးနေသည့် မေမေ့ .. ကြည်နူးလေး သေပြီထင်တာတွေပဲ ပြောခဲ့တာလည်း ကြွေ ပဲ ဖြစ်နေသည်။ ဤအတွက် ကြွေ သည် ကလေးဆန်လျက် .. ပြောချင် တာကို ရိုးသားစွာ ပြောတတ်သူအဖြစ် သူက ချစ်စိတ်ဖြင့် မြင်ပေးပေ မယ့် .. မေမေကတော့ မကြိုက်လှ ..၊ မျက်နှာပျက်ခဲ့သည်ပဲလေ ..။ ယခုလည်း ထိုကိစ္စကို မေမေ ပြန်၍ အစဖော်နေသည်တည့် ..။

''ဒီနေ့မှာ .. ကြွေ့ စိတ်ထားဟာ ကြည်နူးလေး အပေါ်မှာ ဘယ်လို ရှိတယ်ဆိုတာ သိအောင် မေမေ လုပ်ရလိမ့်မယ် သား .. မေမေ ခိုင်းတဲ့ အတိုင်း .. သား လုပ်ရလိမ့်မယ် သား .. မေမေ ခိုင်းတဲ့အတိုင်း .. သား လုပ်ပေးဖို့ လိုတယ် ..''

ဟု ပြောတော့ သူ သက်ပြင်းရှိုက်မိရပြီ ..၊ မေမေ ဘာတွေများ လုပ်ချေမည် မသိ ..။

''သားကို.. မြရေးချယ် နဲ့ လက်ထပ်ပေးချင်တယ်ဆိုတာ ပြောမလို့ .. မေမေ .. ကြွေ .. မျက်ရည်ကျမှာပေါ့ ..''

သူ စိုးရိမ်စောဖြင့် ပြောတော့ မေမေ့ ခေါင်းခါပြသည်။ ပြုံး၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"တယ်ပြီး သောကကြီးတာကိုး .. ကြွေ့ အတွက်လေ ..."

ဟု ညည်းသည်။ အောက်ထပ် ပေါ်တီကိုအောက်မှာ ကားတ
ရပ်သံ ကြားရတာမို့ မေမေ ထရပ်ပါ၏။ မေမေ့ အခန်းသည် ဘေးဘ
လသာဆောင်မှာ ရှိနေတာမို့ ကားမောင်းဝင်လာသည့် ကြွေ သည် သ
သားအမိကို မမြင်နိုင် ..၊ သူတို့ကလည်း လှမ်းမမြင်နိုင်တာမို့ ..
ခြံထဲ ဝင်လာတာကို အသံ မကြားမိခဲ့ကြ ..။ ခုကျတော့မှ ပေါ်တီကို
အောက်ဆီမှာ ကားရပ်လိုက်သံ ကြားကြရတာမို့ ထရပ်မိကြခြင်း

"ဒီမှာ ထိုင်စမ်း သား .."

မေမေ ပြောကာ မေမေ့ ခုတင်ဘေး ကုလားထိုင်မှာ ထိုင်
သည်။ သူ့ပုခုံးပေါ် ရေတစ်ခွက်ဖြင့် ရေတွေ လောင်းချသည်။

"ဟာ!... ဘာလဲ မေမေ .."

ဟု ပြောမိရ ..၊ ပုခုံးကို ထခါတာတွေ ဘာတွေ လုပ်မိရ

"ထိုင်စမ်းပါ သားရယ် .."

ဟု မေမေ ထိုင်ခိုင်းပြန်ကာ .. သူ့ပုခုံးပေါ် ဝါဝါပျစ်ပျစ်
တွေကို ပန်းကန်လုံးကြီးထဲမှ ကော်ယူ၍ ပွတ်နေတော့ ...

"ဘာလဲ မေမေရ .. ဘာလို့ ဒါတွေ လုပ်နေတာလဲ .."

ဟု မေးမိရ ..၊ ဝါပျစ်ပျစ်အရည်တွေကို လက်ဖြင့် တို့မလို
ရချိန်မှာ ..

"ကုလားပဲမှုန့်ကို ရေဖျော်ထားတာပါ သားရယ်.. လာခဲ့.. လ

ဟု ခုကျတော့လည်း မေမေသည် လက်တွေဘာတွေ
သူ့လက်ကိုဆွဲ၍ အောက်ထပ်သို့ ဆင်းလာခဲ့ပါသတည်း ..။ သူ့မှာ
ပုခုံးရေစိုကွက် .. ပြီးတော့ ဝါပျစ်ပျစ် ပဲမှုန့်နှစ်တွေ အလူး
ရှိနေသော ပုခုံးကို မလဲနိုင်ရဘဲ မေမေနှင့်အတူ ပါလာရပါ၏

ဧည့်ခန်းမှာ ထိုင်နေပါသည့် ကြွေ..၊ သူ့ကိုရော မေမေ့





တွေ့တော့ ထရပ်ပါ၏။ နောက်တော့ သူ့ကို ကြည့်နေရာမှ ပုခုံးမှာ
ပေပွ စိုကွက်နေတာတွေကို စိုက်ကြည့်လာပါ၏။ မေမေ ကြည့်လိုက်
ကာ ...

"ကြွေ့ ကို ခေါ်ထားရတာက .. ကြည်နူးလေး ကို ပွေ့ထားပေးဖို့
ပါကွယ် .. ကြည်နူးလေး ပြန်တွေ့ပြီဆိုတာ မနေ့ညက သား ဖုန်းဆက်
ပြောပြခဲ့တယ်လို့ အန်တီ သိထားရတယ်လေ .. အခု မနက်ကျတော့
ကွယ် .. ကြည်နူးလေး ဝမ်းပျက်နေတာ .. မနိုင်မနင်း ဖြစ်နေလို့
ဆေးခန်း ပြမလို့ပါ .. အန်တီလည်း သွေးတက်နေတယ်လေ .. အဲဒါ..
သားက ကားမောင်းပြီး .. သမီးက .. ကြည်နူးလေး ကို ပွေ့လိုက်ဖို့ပါ..
ကလေးက .. သူ့ဦးလေးကို အရမ်းကပ်နေတာကွယ့် .. ခွာလို့မရဘဲ
ဖြစ်နေတာ.. အခုလည်း သားရဲ့ ပုခုံးပေါ် ဆီးတွေ ဝမ်းတွေ မထိန်းနိုင်ဘဲ
ကျလာကုန်တာ .. သားမှာလည်း .. ပုခုံးလဲရတာ အကြိမ်များလှနေပြီ
လေ .. အခု .. ကြွေ ရောက်လာပြီဆိုပြီး ဆင်းလာတာ .. ကဲ .. ကဲ ..
ကြည်နူးလေး ကို အပေါ်ထပ်တက်ပြီး ကြွေ က ခေါ်ပါကွယ် .. သား
လည်း ရေချိုးလိုက်ဦး .."

ဟု နံစော်နေသည့် သားကို ရေချိုးခိုင်းသလို ပြောနေသည့် မေမေ့
ကို ခုမှ သူ သဘောပေါက်လာရပါပြီ။ ဒါပေမယ့် ကြွေ မျက်ခုံးလေး
ကုပ်ကွေး တွန့်သွားကာ ..

"မောင် မလာနဲ့နော် .. ကြွေ့ နား မကပ်နဲ့ .. ကြွေ က အရမ်းရွံ
တတ်တာ မောင် အသိနော် .. အို .. ကြည်နူးလေး ကိုလည်း မချီရဲပါ
ဘူး .. ကြွေ့ ကိုယ်ပေါ် ချေးသေး ပါချလိုက်ရင် နံစော်ကုန်မှာ .. အန်တီ
ကလည်း ဒီအတွက်များ ကြွေ့ ကို ခေါ်ရတယ်လို့ .. ဒီက တစ်ယောက်
ယောက်ကို .. ထည့်လိုက်ရောပေါ့ .. မောင် ကားမောင်းချိန်မှာ ဒေါ်ကြီး
ယုန် လိုက်သွားလဲ ရတာပဲ .. ဒေါ်ကြီးယုန် က အလုပ်သမားပဲဥစ္စာ..
ချေးသေးတွေ ပေပွလည်း ဘာဖြစ်လဲ .."



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်း ပြော ..၊ နောက်လည်း ဆုတ်သွားသည်မို့ အလန့်တကြားပင် နိုင်နေချေသည့်အဖြစ် ..။

"ကြွေ .. မအားဘူး မောင် .. အန်တီ ခေါ်လို့သာ ဘာများ အရေးကြီးလို့ပါလိမ့်ဆိုပြီး ချက်ချင်း ထွက်လာမိရတာ .. ကြွေ ဈေးဝယ်ထွက်ဖို့ သူငယ်ချင်းတွေနဲ့ ချိန်းထားတာ သိရဲ့လား .. သူတို့က ကြွေ့ အိမ်ကို လာကြမှာ .. အဲဒီက စုထွက်ကြမှာလေ.. သူတို့ကားတွေ အိမ်မှာ ထားခဲ့ကြမှာတဲ့ ..၊ ပြီးတော့ .."

"မဟုတ်ဘူး ကြွေ .. ကြည်နူးလေး ကို တက်ခေါ်ပါ .."

သူ ဤတစ်ကြိမ်မှာတော့ ပြောမိလိုက်ရပြီ ..၊ တက်လိုက်ပါ ကြွေရယ် .. ဟု ရင်ထဲမှ ပြောနေမိရပြန်သည်။ တိုက်တွန်းကြည့်ကိုလည်း ကြွေ မြင်သာလောက်အောင် တောက်လျှောက် ကြည့်နေလိုက်မိရပေမယ့် .. ထိုအကြည့်တွေကို မသိကျိုးကျွန် တမင်ပင် ကြွေ နေပြခဲ့ချေသမျှ စိတ်ခါတ်ကျရင်း သူ မြင်မြင်နေရချေသည်တကား ..။

"မခေါ်ချင်ပါဘူးဆို မောင်ရယ် .. ခုကတည်းက ကြိုပြောထားပါရဲ့ .. ကြွေ အရမ်းသန့်သန့်နေတာ .. ကြည်နူးလေး မှ မဟုတ်ဘူး .. ကြွေ က.. ကိုယ့်သားသမီးတောင် ချေးသေးတော့ ရွံ့မှာ မောင် .. အထိန်းနဲ့ ထားမှာ .. ဂရုစိုက်မှာ .."

ဟု ပြောလာတော့ သူ မေမေ့ကို ရှက်စိတ်ဖြင့် ကြည့်မိရချေပြီတကား ..၊ မေမေ ပြောသမျှတွေသည် အားလုံး မရွေ့ မှန်နေချေသည်ကောလေ ..။ ကြွေ .. ခြေလှမ်းသွက်သွက်ဖြင့် နောက်ကြောင်းပြန်သည်။

"နောက်မှ ဆုံမယ် မောင် ..၊ အန်တီ .. ကြွေ ပြန်ပါရစေ.. ကြွေ မအားလို့ ပြန်သွားရတာ .. အန်တီ နားလည်ပေးပါ .. နောက်မှပဲ .. ကြည်နူးလေး ကို လှူမမာ လာကြည့်ပါ့မယ် .."

ဟု ပြောပြီး တောက်လျှောက် ပြန်သွားသည်မှ ကားပေါ်ရောက်သည်အထိ ခပ်သုတ်သုတ်နိုင်နေသည်ပါပဲ ..။ နေရာမှာ သူ မလှုပ်





ယှက် ငြိမ်ကျ ကျန်ခဲ့ချိန်မှာ ..၊ ကြွေ သည် ကားမောင်း၍ ထွက်သွားချေသည့်အဖြစ် ..။ သူ့နားထဲမှ မထွက်နိုင်သည်က ...

"ကြွေ က .. ကိုယ့်သားသမီးတောင် ချေးသေးတော့ ရွံ့မှာ မောင်.. အထိန်းနဲ့ ထားမှာ .. ဂရုစိုက်မှာ .."

ဟု ပြောခဲ့ပါသည့် ကြွေ့ စကား ..၊ သူ .. မေမေ့ ကို မကြည့်တော့ပါ။ အပေါ်ထပ်သို့ ခြေလှမ်းနှေးနှေးဖြင့် လှေကားထစ်တွေကို နင်းဖြတ်တက်လာစဉ်မှာ ...

"သား ဆုံးဖြတ်ပါ .. မေမေကတော့ .. အကြည်စင်ဆုံးသော ရိုပ်အမှန်တစ်ခုကို .. သား မြင်အောင် ပြလိုက်ပြီးပြီ .. ကြွေ့ ကို ဘာကြောင့် မေမေ မရွေးချယ်ချင်ရသလဲဆိုတာ သား သိနေပြီးပါပြီ .. သိချင်ယောင် ဆောင်ချင်သလား.. မဆောင်ချင်ဘူးလားဆိုတာပဲ ကျန်တော့တာပါ .. ဒီထိ သိနေရတာတောင်မှ မသိချင်ယောင်ဆောင် နေနိုင်သေးတယ်ဆိုရင်တော့.. သားဟာ ယောကျ်ားမာန ကင်းနေတဲ့ ခပ်ညံ့ညံ့ နွမ်းမြတ်လူ ဖြစ်တယ်လို့ပဲ မေမေ သတ်မှတ်လိုက်တော့မယ် သား.."

မေမေ ပြောသည့် စကားက သူ့ထံသို့ လွင့်တက်လာနေဆဲ ..။ သူ့ရင်ထဲမှာ မကောင်းနိုင် ..၊ ကြွေ သည် ရင်ထဲရှိရာ တစ်ခါတစ်ခါ ဆင်မခြင် ပြောချင်သမျှ ပြောချတတ်ခြင်းသည် ရိုးသားပွင့်လင်းခြင်း ဖြစ်သည်ဟု သူ ချစ်စိတ်ဖြင့် နားလည်ပေးတတ်ခဲ့ဖူးသည့် အကြိမ်ခါင်းများစွာ ရှိခဲ့ပြီ ..၊ ဒါပေမယ့် ...

"ကြည်နူးလေး အတွက် အကြင်အနာကင်းရသတဲ့လား ကြွေ ယ် .. မိမဲ့ဖမဲ့လေး .. မောင့်ရဲ့ တူလေးအဖြစ် .. အသနားဖက်လို့ ချစ်ပေးလိမ့်မယ်လို့ မောင်က .. ယုံကြည်မိခဲ့တာ .. မျှော်လင့်မိခဲ့တာပါ .. ကြွေ ဟာ .. တစ်ပါးသူရဲ့ ရင်သွေးကို မဆိုထားနဲ့ .. ကြွေ့ ရင်သွေးရှိလာရင်တောင်မှ ရွံ့ရှာနေမယ့် ကြွေ အဖြစ် ကြိုတင်ပြီး ရှိနှင့်နေရသတဲ့လား..၊ ဖြစ်ရလေ .. ငါ .. ငါ .. မင်းကို ချစ်မိခဲ့ရလေခြင်း ကြွေ ရယ်—



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိခဲ့ရလေခြင်းနော် ..''

ခုတင်ဘေးရှိ ကုလားထိုင်မှာ ထိုင်ရင်း သူ ငိုင်နေမိ ..၊ တွေးနေ ရဆဲ ..၊ အတွေးတိုင်းသည် စိတ်ချမ်းမြေ့ဖွယ် မရှိ ..။ ရင်ထဲမှာ လှိုက်ခ သည်။ ကြေကွဲနေသည်။ နင့်နင့်ပါမျှ စိတ်ထိခိုက်နေရခြင်းကလည်း အင်အားဖြင့် နှလုံးသားကို ရိုက်နှက်နေကြသည့်နှယ် ရှိကုန်ရှိ တကယ်ဆို .. ကြွေ့ အပေါ်ထပ်သို့ တက်ရုံလေးပဲ တက်လိုက်ဖို့ပဲ သည်။ ကြည်နူးလေး ကို ကြွေ ဂရုစိုက်သည်ဆိုသည့် လုပ်ရပ်ကော လေးတစ်ခုကို .. မေမေ့ရှေ့မှာ ဂုဏ်ယူစွာ သက်သေထူခွင့် တစ်ခု သူ ရရှိသွားရချေမည်သာ ..။

ခုကျတော့ .. အပေါ်ထပ်မှာ ကြည်နူးလေး လည်း တကယ်ရှိ မဟုတ် .. တကယ်လည်း ဝမ်းပျက်နေတာ မဟုတ် ..၊ ဟန်ပြ အဖြစ်ပဲ ကြွေ့ ကို မေမေ ပြောလိုက်ရုံမျှပဲ ရှိချိန်မှာ .. ကြွေ သည် ဟန်မျှပင် မဆောင်နိုင်လောက်အောင် အတွင်းစိတ်စရိုက်တွေ အား ကို မေမေ့ရှေ့မှာ ချပြခဲ့ချေသည်တကား ..။

ဒါပေမယ့် .. ခက်သည်က .. သူသည် ကြွေ့ ကို လက်မထပ် တော့ပေမယ့် .. ကြွေ့ ကို ချစ်မိနေဆဲ ဖြစ်နေခြင်းပဲ ဖြစ်လေသည်။

''ရင်သွေးကို အထိန်းနဲ့ ထားပြီး ဈေးဝယ်ထွက်မယ့် မိန်းမ ရင်သွေးကို ချစ်ချစ်ကြင်ကြင် ပွေ့ပွေ့ငင်ငင် မရှိဘဲ အထိန်းနဲ့ အဲဒီ တွေအားလုံး လက်လွှဲထားမယ့် မိန်းမမျိုးကို လက်ထပ်ဖို့အထိ ငါ့ရဲ့ ယောကျ်ားမာနက လက်မခံနိုင်ဘဲ ဖြစ်နေတယ် ကြွေ .. ဖခင် က လက်မခံနိုင်ဘဲ ဖြစ်နေတယ် .. မင်းနဲ့ ဝေးရတဲ့အတွက် မျက် ကျနေမိရင်.. ကိုယ့်ရင်သွေးအပေါ်မှာ အဲဒီမျက်ရည်စက်တွေဟာ မေ မဲ့ရာ သက်သေအဖြစ် ရှိကုန်ကြမှာကို ငါ ချောက်ချားတယ် ကြွေ မင်း မချောက်ချားတတ်ပေမယ့် .. ငါ .. ချောက်ချားနေမိတယ် မိခင်တစ်ယောက်ရဲ့ မေတ္တာဆိုတာကို မေ့လျော့သွားစေနိုင်လော





အောင် ကြီးမားတဲ့ မင်းရဲ့ အတ္တကို .. ငါ အရှုံးပေးလိုက်ပြီ ကြွေ ..''

သူ အံခဲထားရင်း အငြိမ်ကြီး ငြိမ်ကျနေရပါ၏။ လမ်းက ဆုံးနေ ပြီ ..၊ သူ .. ဘာကိုမှ မတတ်နိုင်တော့ပြီ ..။ သူ .. သူသည် .. ကြွေ့ ကို ဘယ်တော့မှ လက်ထပ်နိုင်တော့မှာ မဟုတ်..၊ ကြည်နူးလေး ကို မေတ္တာ ငတ်စေမည့် မိန်းမတစ်ယောက်ကို အချစ်တစ်ခုတည်းဖြင့် သူ လက် မတွဲနိုင် ..။

အစ်ကိုကြီးအပေါ်မှာ ရက်စက်ရာ ရောက်မည်။ ညီတစ်ယောက် ၏ တာဝန်မဲ့ရာ ရောက်မည်။ တာဝန်မကျေရာ ရောက်မည်။ မျက်ရည် စက်သည် ရင်မှာ အုံဖွဲ့ကာ မျက်ဝန်းဆီသို့ ရောက်လုလု ..၊ ဒါပေမယ့်.. မကျစေရ ..။ သူ အံခဲ၍ မျက်ရည်ကို ထိန်းထားနိုင်နေသည်။

''ငါဟာ .. ငါ မချစ်တဲ့ မိန်းမတစ်ယောက်ကို .. လက်ထပ်ဖို့ ခေါင်းညိတ်တဲ့အဖြေတစ်ခုကို .. မကြာမတင်မှာ မေမေ့ကို ပေးရတော့ မယ်.. ဒီအတွက်.. ငါကရော အတ္တကင်းနေရဲ့လား.. ကြည်နူး အတွက်.. မေမေ့အတွက် .. ခေါင်းညိတ်ပေးလိုက်ရတဲ့ ငါဟာ .. မရိုးသားတဲ့ သူရော ဖြစ်နေတာပဲ မဟုတ်လား .. ငါ့မိသားစုအတွက် .. ဆိုတဲ့ အတ္တ နဲ့ .. ငါ ပေးခဲ့တဲ့ ခေါင်းညိတ်မှုပဲ မဟုတ်လား ..''

ဟုတ်သည် ..၊ အတ္တမကင်း ..။ သူ .. စာရေးစားပွဲ အံဆွဲထဲမှ စာရေးစက္ကူကို ထုတ်ယူလိုက်မိသည်။

ကြွေ ..၊ ကြွေ နှင့် ပတ်သက်၍ .. သူ၏ အချစ်တွေကို ရိုးသားစွာ ချပြရေးသားလိုက်ရပါသည့် နောက်ဆုံးသော ကဗျာလေးတစ်ပုဒ် .. ကြေကွဲစွာ ရှိကြစေလေတော့ ..။

သစ္စာတည် ဤအချစ်
ပြောင်းရွှေ့ပစ်နိုး
ရရိုးမရှိ ...။



www.burmeseclassic.com

www.burmeseclassic.com



အဖူး အဆစ်အထစ်
ရင်ကိုနှစ်၍ ပျိုးကာ
ချစ်ပန်းလွှာ ဖြစ်တည်ရချေသမို့ …။

ကိုင်းတံညို့ညို့
ချစ်ပန်းတို့ ပွင့်ပါလျှင်
တစ်ဦးပင် တစ်ယောက်တည်းအတွက်
ချစ်သောလက်ဖြင့် ဆွတ်ခူးစရာ
အချစ်ဦးအတွက်သာ ဖူးပွင့်လာ …
ဪ …
အချစ်ဦးအတွက်သာ ဖူးပွင့်ရာ …။

သူ့လက်ရေးတွေ မညီမညာ ဖြစ်နေသည်။ လက်တွေ တုန်ခါနေသည်။ ဪ .. သူ၏ရင်မှာ ပျိုးသော ပန်းတို့သည် .. သူ၏ လက်ဖြင့် မခူးဆွတ်သာပြီကောလေ …၊

ပန်ဆင်သူ ကင်းချေရပြီမို့ .. မခူးဆွတ်သာတော့ပြီကော ကြွေရယ် …။ အပင်တွင်သာ .. ကြေကွဲ ကြွေလွင့် .. ပွင့်ကြချေတော့ .. ပွင့်ကြ စေတော့ ချစ်ပန်းတို့ရယ်လေ …၊





## အခန်း (၁၃)

"မိုး ရဲ့ တူတော်တယ်ဆိုတဲ့ ကလေးလေးကို .. ရေးရေး က ချစ်လို့ ခေါ်မွေးထားတယ် .. ကလေးကလည်း ရေးရေး ကို အရမ်းချစ်တယ်ဆိုတာမျိုး စက်ရုံကလူတွေက သိထားခဲ့ကြရာက .. ကလေးပျောက် ကြော်ငြာကလည်း သတင်းစာထဲ ပါလာတယ် .. ပြီးတော့ .. ကလေးကို အဘိုးအဘွားနဲ့ လူရွယ်တစ်ယောက်ဆိုတာက လာခေါ်သွားကြတယ် .. ရေးရေး လည်း အရမ်းကို ငိုကျန်ရစ်ခဲ့ရ .. ကလေးကလည်း ငိုယိုပြီး ပါသွားတာတွေ ဖြစ်ကုန်ကြတာ အားလုံးက မြင်ကြ တွေ့ကြရတော့ သို့လော သို့လောတွေ ဖြစ်ကုန်ကြတာပါ အစ်မကြီး .."

ဦးထိုက် ပြောသမျှကို ဒေါ်စောလှ စိတ်မချမ်းမြေ့ဖြင့် ကြားနေရသည်ပါပဲ။ မကြားချင်၍ မရ …၊ လက်မခံ၍ မရ …။ ဤအဖြစ်က လက်တွေ့မှာ ဖြစ်ပြီးကုန်ပြီ …။

"တကယ်က .. သတင်းစာထဲက ကြော်ငြာအတိုင်းကို လက်ခံလိုက်ဖို့ပဲ ရှိကြတာပါ အစ်မကြီးရယ် .. ကလေးပျောက်တာ ဒီမှာရှိတာ သိရလို့ .. လာပြန်ခေါ်သွားဂြ ဘယ်ဆိုတာ လက်ခံလိုက်ဖို့ပဲ ရှိတာပါ.. ဒါပေမယ့် .. လူတွေဆိုတာက .. မလိုအပ်တဲ့နေရာမှာ အကျယ်ချဲ့တွေးတောတတ်ကြတာ အစ်မကြီးလည်း လူ့သဘောကို သိတယ်ပါပဲလေ.. ခုဥစ္စာက .. အဲဒီက ကောင်လေးနဲ့ ရေးရေး နဲ့ လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် တိတ်တိတ်လေး လက်ထပ်ထားသလိုလို .. ကလေးတစ်ယောက်ပဲ နောင်တရားမြို့မှာ တိုးတိုးတိတ်တိတ် မွေးခဲ့သလိုလို ဖြစ်ကုန်တာ .. အဲဒီ ကောင်လေးရဲ့ အမေလုပ်သူ ပြောတဲ့စကားထဲမှာကလည်း အဲသလို ထင်ချင်စရာတွေ ပါကုန်တာဆိုတော့ ပိုဆိုးကုန်တာပေါ့ဗျာ .. သူ့အမေက ပြောတယ်လေ .. အဲဒီ သူ့မြေးကို မောင်ဘုန်းမြတ်လူ ဆိုတာ .. အဲဒီ သူ့သားတစ်ယောက်တည်း ပိုင်တာ မဟုတ်ဘူးတဲ့ .. သူလည်း အဘွားအဖြစ် ပိုင်တယ်ဆိုတာမျိုး လူတွေကြားထဲ ပြောတာတဲ့ .. ကလေးကို .. ရေးရေး လက်ထဲ ပြန်အပို့မခံနိုင်ဘူးတွေဘာတွေ ဖြစ်ရင်း ပြောခဲ့ဆိုခဲ့တာတဲ့ အစ်မကြီးရယ် .. အဲဒါကို ပိုအကျယ်ချဲ့ တွေးကြတာလေ ..၊ ရေးရေး ကလည်း နောင်တရား နဲ့ ရန်ကုန် ကူးချည်ပြန်ချည် လုပ်နေတာဆိုတော့ .. ကိုယ်ဝန် ရပ်လုံးမပေါ်ခင်မှာ ဟိုမှာ လနဲ့ချီပြီး နေခဲ့ .. ကလေးမွေးခဲ့ .. ကလေးကို မိုးမိုးတို့ဆီ ထားခဲ့ပြီး .. ခုမှ ကလေးလေး မွေးစားသလိုလိုနဲ့ ပြန်ခေါ်လာတယ်လို့ ထင်ကြတာတွေ ဖြစ်ကုန်ကြတာပါ .."

ဦးထိုက် မှာ မပြောမဖြစ်၍သာ ပြောပြနေရခြင်းပါ။ စက်ရုံထဲမှာက ကျိတ်ကျိတ်တိုးတိုး သဖန်းပိုး လုပ်နေကြတာက များလာသည်လေ ..၊ အလုပ်ရှင် ဒေါ်စောလှ နှင့် မြရေးချယ် တို့ဆိုတာက သားချင်းပမာ ရှိရတာမို့ ဦးထိုက် မပြောပြဘဲ နေ၍ကို မဖြစ် ..၊ တာဝန်မဲ့ရာရောက်မည်တည့်။ ဒါကြောင့်လည်း ဤမနက်မှာ စက်ရုံရှိ ဒေါ်စောလှ၏ ရုံးခန်းကျယ်ကြီးသို့ မနက်တိုင်း ရောက်လာနေကျ အချိန်ထဲမှာ .. ဤနေ့တော့ အခန်းတံခါးကို ပိတ်၍ တိုးတိုးတိတ်တိတ် အသိပေးရခြင်းပါ။ ပြောပြရခြင်းပါတည့် ..။

"ရေးရေး ကလည်း ကလေးကို သံယောဇဉ်ကြီးနေတာပဲ မောင်ထိုက်ရယ် .. ခြေနှစ်ချောင်းလည်း မကယ်နဲ့ဆိုတာ မှန်လေခြင်းရယ်လို့လည်း မပြောအပ်ပါဘူးလေ.. အကယ်ခံရတဲ့ ကလေးက တကယ့်ကို လူမမယ်





သး .. တောထဲ တောင်ထဲမှာ တွေ့တာ ပစ်ထားခဲ့ရမတဲ့လား .. လူစိတ်ရှိရာ ရောက်ပေတော့မပေါ့ .. ဒါပေမယ့် .. ခက်တာက လူတွေရဲ့ ါးစပ်ပါပဲ ..၊ ကောင်းရာမွန်ရာ လုပ်တဲ့ကိစ္စတစ်ခုကို .. ရှင်းရှင်းလင်း င်း ရှိနေပါရက်ကယ်နဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်အောင် ချည်ခင်ရှုပ်ခဲ့သလို လုပ်ကြတာက ဝသီလို ဖြစ်နေကြတဲ့စိတ် .. အဲဒီစိတ်ရှိတဲ့ ူတွေရဲ့ပါးစပ်ထဲက ထွက်လာတဲ့ စကားဟာ ကောင်းတာထက် ဆိုးတာပဲ များပေမပေါ့ .."

ဒေါ်စောလှ ခပ်ညည်းညည်း ပြောသည်။

"အလုပ်ကလည်း စီးပွားရေးအလုပ် ဆိုတော့ .. အပြိုင်အဆိုင်ဆိုတာကလည်း ရှိကြတာပဲလေ .. အဲဒီလိုထဲမှာ .. ကိုယ့်စက်ရုံထဲက ထမ်းက မကောင်းတွေနဲ့ ပြောမိ ထွက်မိတဲ့စကား .. အပြင်ကို တဲ့အခါ .. ပိုပြီး အကျယ်ချဲ့စရာ ဖြစ်ကုန်ပေတော့မှာပါပဲ .. ကိုယ်က းကမှလေးဘက်က ဖြစ်နေတယ် .. ရေးရေး အတွက် .. မလိုသူတွေ တော့ဖြင့် အပြစ်ပြောစရာအကွက် ဖြစ်ချေတော့မှာပါပဲ .. ခက်တယ် င်ထိုက် ရယ် .. အေးလေ .. ခုလို .. အသိပေးသင့်တာ သိသမျှ ပြောပြတာပဲ အစ်မကြီးမှာဖြင့် မောင်ထိုက် ကို ကျေးဇူးတင်ရပါရဲ့.. .. ကဲ .. ခဏ နားကြတာပေါ့ .. ပြီးတော့မှ မောင်တာ နဲ့ ကော်ဖီ အပို့ခိုင်းပြီး အရင်ရက်တွေတုန်းကလိုပဲ ကော်ဖီလေးသောက်ရင်း ရုံရဲ့အခြေအနေ လုပ်ငန်းကိစ္စ .. ပြောကြ ဆွေးနွေးကြတာပေါ့ .."

လူယုံကြီး ဖြစ်ပါသည့် ဦးထိုက် ကို စိတ်ပင်ပန်းပုံဖြင့် ပြောသည် ဒေါ်စောလှ ပါ။ ဆိုဖာထက်မှာ စိတ်မောကိုယ်မောဖြင့် ဒေါ်စောလှ သည်။ ဦးထိုက် လည်း ဘတ်ဘူးထဲမှ ရေနွေးကြမ်းကို ကိုင်းတပ် ွက်ထဲ လောင်းထည့်ကာ ဒေါ်စောလှ ရှေ့ စားပွဲပေါ် တင်ပါ၏။

ဦးထိုက် လည်း ရင်ထဲမကောင်း ..၊ မြရေးချယ် အဘယ်မျှထိ တာ ဦးထိုက် အသိ ..။ ခက်သည်က .. ကိုယ့်စက်ရုံမှာ လုပ်ကိုင်သ



www.burmeseclassic.com

www.burmeseclassic.com



မယ့် .. ကိုယ့်အလုပ်ရှင်အပေါ် မငဲ့မထောက် .. ထင်ရာမြင်ရာ ပြော တတ်ပါသည့် သူအချို့၏ ဝစီစကားပဲ ဖြစ်ချေသည်တည့်။ ရည်ရွယ် ချက်မပါဘဲ စိတ်ထဲထင်ရာ ပြောသည်ရှိစေဦး ..၊ တစ်ဖက်သား အဘယ်မျှထိတိုင်အောင် ထိခိုက်နစ်နာမည် ဆိုတာလေးလောက်တော့ ဆင်ခြင်သင့်သည်ပေါ့ ..။

"ဘွား.. အောက်ထပ်မှာ ဒေါ်ဆွေဆွေဖူး တို့ ရောက်နေကြပါတယ် တဲ့.. ရီစက်ပ်ရှင်ဗျာနက မမအေး တို့ ဖုန်းနဲ့ သတင်းပို့လာကြပါတယ်"

မောင်တာ ဆိုတာကိုလည်း လက်ကိုင်ဖုန်းလေးတစ်လုံး ဘွား ဆေး ထားတာမို့ .. ဟန်ကျပန်ကျဖြင့် လက်ကိုင်ဖုန်းလေး တသသနှင့် ရှိ တတ်ပါသည့် မောင်တာ ..။ ဘွား၏ အခန်းတံခါးစောင့်လည်း ဖြစ် ဘွား၏ တောက်တိုမယ်ရ ခိုင်းလိုသမျှ ပေါ့ပေါ့ပါးပါး လုပ်ပေးနေရ လည်း ဖြစ်ပါသည့် မောင်တာ ..။ ခုလည်း .. ဖုန်းလေး နားထောင်ရ သတင်းလာပို့ရလေသမျှ ဖုန်းလေးနှင့် စကားပြောချင်လှပါသည် ကောင်လေးပီပီ .. မျက်နှာလေး ကြည်လင်ပျော်ရွှင်လျက် သတင်းလာ ရှာသည်ပါပဲ။ ဘွား စိတ်မောကိုယ်မော ဖြစ်နေတာတွေ မရိပ်မိရှာ

"ရောက်လာကြရင် ဘွား ရဲ့ အခန်းတံခါးကို မောင်တာ ကို တိုင် ဖွင့်ပေးလိုက်ပါ .. တရိုတသေလည်း ပြုံးပြ .. ခါးလေးညွတ် ဟုတ်ပြီလား မောင်တာ .. သူတို့ စိတ်အနှောင့်အယှက် မဖြစ်စေနဲ့

ရွှေခြူးလေး ကိုများ ပြန်ခေါ်ချင်လာပြန်ပြီလား မသိ ..၊ မနေ့က ကျေကျေနပ်နပ် ကြည်ကြည်လင်လင်ဖြင့် ကလေးကို ထားခဲ့သည့် စိ တွေ .. ခုကျတော့လည်း ဒေါ်ဆွေဆွေဖူး ၏ ရင်ထဲမှာ ပြောင်း ဖြစ်လာပြန်ပြီလား မသိ ..၊ ပြန်ခေါ်မည်ဆိုသည့်အဖြေ ပြန်ကပ်လာတာ ကိစ္စမရှိ ..။ အိမ်က မြေးခများ ဤကလေးကိုမှ သံယောဇဉ်ကြီးနေ တာက ခက်နေသည်။

တစ်လကျော် နှစ်လနီးပါးမျှ ပွေ့ဟယ်ချီဟယ်.. အညစ်အကြေး





စ သုတ်သင်ပေးဟယ်နှင့် မျက်စိအောက်က အပျောက်မခံနိုင်အောင် ရေးရေး ကလည်း ချစ်..၊ ကလေးကလည်း အရမ်းကို တယုတယ ပွေ့ပွေ့ ကိုက်ပိုက်လုပ်ပါသည့် ရေးရေး ကို ချစ်နှင့်.. ဖြစ်နေကြသည့် ဤအဖြစ် ထဲမှာ ပြဿနာတက်နေသည်က လူကြီးပိုင်းတွေပဲ ဖြစ်နေကြသည်။

ရေးရေး ကလည်း ကလေးကို မခွဲနိုင် ..၊ ကလေးကလည်း မခွဲ နိုင် ..။ တငိုငိုတယိုယို ဖြစ်နေကြသည်က ရေးရေး နှင့် ရွှေခြူးလေး တို့ ဖြစ်နေကြရကာ .. လူကြီးပိုင်းတွေက မြေးကို ပြန်ခေါ်ချင်တာပဲ နေကြတာ ခက်သည်လေ ..။

"တော်ပါသေးရဲ့ .. ရေးရေး ရော .. ရွှေခြူးလေး ရော .. ပဒုမ္မာမှာ နေကြပေလို့ ..၊ ကလေးရော .. ရေးရေး ရော .. အိမ်မှာ သက်သောင့် သက်သာ အိပ်ရာမှာ နား .. အဲသလို နေဖို့ ဒေါက်တာနန့ မှာထားလို့ အိမ်မှာ သူတို့ ရှိနေကြတာ .. မနေ့ကလို စက်ရုံမှာ ရွှေခြူးလေး ဘွားအေ လာခေါ်တာတွေဘာတွေ ဖြစ်ကုန်ကြတုန်းကလိုမျိုး အရမ်း တာတွေ ဖြစ်လာစရာတော့ လောလောဆယ်မှာ လွတ်နေသေးတယ်"

ဘွား စိတ်ညစ်ညစ်ဖြင့် ခေါင်းကို ကုတ်ဖွ ညည်းမိသည်ပါပဲ။ ဖွတတ ဆံပင်ကို ပြန်၍ လက်ဖြင့် သပ်သည်။ ဦးထိုက် မှာလည်း ထဲ မကောင်း ..၊ တကယ်က .. တချို့သော စကားတွေကို ချန်ထားခဲ့ သည်လေ ..။ လူတွေ ပါးစပ်ထဲ ဖြန့်လိုက်ကြပါသည့် စကားတွေက ဆန်လွှန်းနေခဲ့သည်ပဲ။

မနေ့က ဖြစ်ပျက်ခဲ့တာလေး ရှိရုံပဲ ရှိလိုက်ရသေးသည်။ မြရေး နှင့် ဘုန်းမြတ်လူ တို့ လူငယ်ချင်း ချစ်ကြပေမယ့် လူကြီးချင်းမှာက ည့်မရှုတွေ ရှိကြသည့် နောက်ကြောင်းရာဇဝင်တစ်ခုက လျှိုလျှို ဝှက် သိုသိပ်စွာ ရှိခဲ့ကြတာမို့ ခိုးပြေးကြကာ .. ဘုန်းမြတ်လူ နှင့် ရေးချယ် တို့ နောင်တရားမှာပဲ ခိုးကြောင်ခိုးဝှက် တူတူနေနေကြ ယောင်ယောင်တွေ ..၊ ကလေးမွေးသည်အထိ ဖြစ်သယောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောကြသည့်ပါးစပ် ..၊ ဘယ်ကဘယ်လို ဖွသည်မသိ ..၊ ဤစကား ဝန်ထမ်းထဲက ထွက်ကျသည့်စကား ..။ ဖြန့်ပျံ့သည့်စကားဆိုတာ သိ ရသည်ပါပဲ။ ညကဆို .. ရင်းသည့် မိတ်ဆွေရောင်းရင်းတွေကပင်လျှင် ဦးထိုက် ထံ ဖုန်းဆက်၍ စပ်စပ်စုစု မေးမေးမြန်းမြန်းဖြင့် သတင်းမေး ကြသည်အထိ ဖြစ်ခဲ့ပြီးနေပြီ ..၊ တစ်ရက်ဆိုမှ တစ်ရက်တည်း ရှိသေး သည်။ သတင်းက မကောင်း ..။

"ငါ ပြောမကောင်းလို့ အဲဒီ လူကြီးချင်း မသင့်မတင့်ဖြစ်လို့ ပြေးတာဆိုတာ မျိုးဆွေ ပြောကြတဲ့စကားကို ဘွား သိအောင် မပြော ဘဲ ထားခဲ့ရတာ ဘာပဲဖြစ်ဖြစ် မှန်တယ်လို့တော့ ထင်တာပဲ ..၊ ပြော ရင် .. ဒီလောက်ထိ ထင်ရာမြင်ရာတွေ မဆင်မခြင် ပြောကြ .. ထင် ပေးကြ .. သတင်းဖြစ်ကုန်ကြ .. သတင်း ပျံ့ကုန်ကြရလေသလား အစ်မကြီး အရှမ်းခံစားရမှာ .. ကိုယ့်ဝန်ထမ်းဘက်က စဖြန့်သလို ဖြစ် တာကိုး .."

ဟုသာ ဦးထိုက် စိတ်မသက်မသာဖြင့် ငြိမ်သက် တွေးမိရင်း အခန်းတွင်းမှ ထွက်လာခဲ့ရပါ၏။ တံခါးမှ အထွက်မှာပင် ဒေါ်ဆွေ ဖူး နှင့် ဦးသီဟန် တို့နှင့် တိုးသည်။ ကိုယ်ကို ဆောသို့ ဦးထိုက် တိမ်း ပေးသည်ပါပဲ။ ဒေါ်စောလှ လျှောက်လာကာ ပြုံး၍ ...

"ထိုင်ကြပါ .. ထိုင်ကြပါ .. နေကောင်းပါရဲ့နော် .."

ဟု စကား ချီရပါ၏။ မျက်နှာရိပ် မျက်နှာကဲကို ဘွား အကဲ သည်။ ဦးသီဟန် ရော ဒေါ်ဆွေဆွေဖူး ရော မျက်နှာလန်းနေကြ ရင်ထဲက တစ်ချက်အေးရသည်က ဘွား ပါ။ မျက်နှာတွေ ပျက်နေ သုန်မှုန်မာကျောနေကြရင်း ကလေးကို ပြန်ခေါ်တော့မည်ဟု ပြော တာမျိုးကိုတော့ဖြင့် လက်တလောမှာ ကြုံဖွယ်မရှိဟု ထင်မိ ကလည်း ဘွား ပါ။ ဦးထိုက် က တော့ ထွက်သွားပြီ။

ဖိုးတာ ကလည်း မျက်နှာလေး ချိုနေလျက် တံခါးကို အသံ





အောင် ပိတ်သွားပြီ။ အလွန်တရာကိုမှ ချည့်သည်တွေကို ရိုသေနေသည့် တော ပါ ..၊ မကြာခင် လက်ဖက်ရည်ပွဲတွေ ရောက်လာချေဦးတော့ သည်။ အလွန်သေသပ်စွာ လက်ဖက်ရည်နှင့်မုန့်တို့ ထည့်ထားရာလင်ပန်း ကို ဂရုတစိုက်ဖြင့် သယ်လာပြီး မောင်တာ လာပို့ပေးချေလိမ့်မည်တည့်..။

"ရေးရေး နဲ့ ရွှေခြူးလေး .. အင်း .. ဘုန်းကြည်နူးလေး .. အိမ်မှာ နေကြလေရဲ့ .. ဒီက တူမကြီးတို့ ကလေးကို တွေ့ချင်တယ်ဆိုရင်ဖြင့် မှာကို အန်တီကြီးကိုယ်တိုင် လိုက်ပို့ပေးပါ့မယ် .."

ဟု ဘွား ပြောသည်။ ဒေါ်ဆွေဆွေဖူး ပြုံး၍ ခေါင်းလေးခါလိုက် ာ ...

"လောလောဆယ်မှာက .. အန်တီကြီးရယ် .. ဒီမှာပဲ စကားပြော ရစေ .. နောက်တော့မှ .. မြေးလေးကိုရော .. သမီးလေးကိုရော .. ဆွေ တို့ သွားတွေ့ပါ့မယ် .. တကယ်က .. ဒီကို ရောက်လာရတာ .. ဒီလိုပါ အန်တီကြီးရယ် .. ကလေးနဲ့ သမီးလေးကလည်း အရမ်း ချစ်နေကြတာမို့ .. မခွဲနိုင်ကြတဲ့အတွက် .."

ပြောရမည့်စကား တစ်ချက်တန့်ကာ .. ရှေ့အဆက် ခက်သလို ခ်ချက် ငြိမ်သွားပါသည့် ဇနီးသည်ကို ကြည့်ကာ ဦးသီဟန် ချောင်း ခ်ချက် ခပ်တိုးတိုး ဟန့်သည်။ ကိုယ်ကို မတ်လိုက်ကာ ...

"ဒီလိုပါ အန်တီရယ် .. အန်တီဟာ .. ကျွန်တော်တို့အတွက်ဆို င်အရှယ်ပါပဲ .. သားအတွက်ဆိုရင်လည်း အဘွားအရွယ်ပါ .. မြရေး ယ် ရဲ့ ဘွားဘွားဟာ .. ကျွန်တော်ရဲ့သား ဘုန်းမြတ်လူ အတွက်လည်း ဘွားပါပဲ ..၊ ဒီလိုပါ .. ကလေးလေးအပေါ်မှာ .. ရွှေခြူး ပဲ ထားပါ ာ့ အန်တီရယ် .. ကြည်နူးလေး ကို ချစ်ကြလွန်းလို့ .. ရွှေခြူးလေး ပြီး ပေးထားတဲ့ နာမည်လေးကလည်း အလွန်လှပါတယ် .. မေတ္တာ တ် ပြည့်ပါတယ်ဗျာ .. အဲသလို ကလေးကို ဝိုင်းချစ်ကြတဲ့ ဒီအိမ် ာင်နှစ်စုဟာ .."



www.burmeseclassic.com

www.burmeseclassic.com



စကားကို သိုင်းဝိုင်း၍ ပြောနေရင်းမှ ဦးသီဟန် လည်း တစ်ချက် ငြိမ်ပြန်၏။ ရှေ့ဆက်ရမှာ အားနာနေတာ သိသာနေသည်။ စိုးရွံ့နေတာ လည်း သိသာနေသည်။ ဘွား တစ်ခုခု စိတ်ထဲငြိုငြင်သွားစေမည့် စကား မျိုး ဖြစ်လာမှာကို ကြိုတင်ထိတ်လန့်နေပုံဖြင့် စကားအဆက် ခက်နေ ကြတာကို ဘွား ရိပ်မိစပြုလာရပါသည့်အဖြစ် ..၊ ဒါပေမယ့်.. ဘာမှ ဝင်မပြော။ စကားလည်း မထောက် ..။ လမ်းကြောင်းလည်း မဖော် - ငြိမ်၍သာ နားထောင်သူ လုပ်နေသည်က ဘွား ပဲ ဖြစ်လေသည်။

"ဒီလိုပါ အန်တီကြီးရယ် .. ဆွေ့ မှာလည်း သားကြီးနဲ့ ချွေးမကြီး တို့ ဘယ်လိုမှ မယုံရက်နိုင်အောင် ရုတ်တရက် ဆုံးခဲ့ရတာပါ .. တစ်ထ ကျော်လို့ နှစ်လထဲ စွန်းရုံပဲ ရှိသေးတာပါ အန်တီကြီးရယ် .. သားကြီး ချွေးမတို့ အဖြစ်ဆိုးကြုံပြီး ဆုံးခဲ့ရတဲ့အဖြစ်ဟာ .. မိခင်တစ်ယောက် ရင်ကို မီးတောက်နေစေတာပါ.. မငြိမ်းနိုင်တဲ့ မီးပါ အန်တီကြီးရယ် သမီးလေး မြရေးချယ် ပြုစုစောင့်ရှောက်ထားခဲ့လို့ .. ကယ်တင်ထား သာ ဒီမြေးလေး အသက်ရှင်ရက် ဒီနေ့ရှိနေရတာပါ.. သားကြီးနဲ့ ချွေး လည်းဆုံး .. မြေးလည်းဆုံး ဆိုတာမျိုး မဖြစ်ခဲ့ရတာပါ.. မြေးလေးက ခဲ့တာမို့ ဒီမြေးလေးနဲ့.. တစ်သက်တာ အတူတူနေချင်ကြတာကလည် အဘွားတစ်ယောက်အနေနဲ့ ဆွေ့ ဘက်က .. ပိုင်ဆိုင်ချင်တဲ့အရာပါ-

ဟု ပြောလာတော့ ဘွား စိတ်မောလာရပါ၏။ ကလေးကို ပြ ခေါ်ချင်၍ စကားခင်းနေခြင်းဆိုတာ နားလည်လာသယောင် ဖြစ်နေ တာမျိုးပင် မဟုတ်တော့ပြီ ..။ အသေအချာကို နားလည်နေရပြီပဲ စိတ်ထဲထင့်နေရင်း ရင်ထဲ လေးလာရပြန်သည်။

ခက်သည်က .. မြေး ရေးရေး ပဲ ဖြစ်နေသည်လေ ..၊ ကလေး မခွဲနိုင် ..။ နောက်တစ်ခက်က ရွှေခြူးလေး ပဲ ဖြစ်ပြန်သည်။ ရွှေ လေး ကလည်း ရေးရေး ကို ခွဲနိုင်တာမဟုတ် ..၊ နောက်ဆုံး အခ တာကော့ အခက်ဆုံးကတော့ဖြင့် ဦးသီဟန် နှင့် ဆွေဆွေဖူး တို့ဆိုတာ





ဘိုးအေဘွားအေအရင်းတွေပေမို့ ရွှေခြူးလေး ကို ခေါ်ပိုင်ခွင့်လည်း ရှိ သည်။ ချစ်လည်း ချစ်ကြချေမည်သာ ..၊ ပြီးတော့ .. သားကြီးနှင့် ချွေးမ က လောလောလတ်လတ်မှာ ဆုံးပြီးခါစ .. ဤကလေးပဲ သားကြီး ကိုယ်စား .. ချွေးမကြီးကိုယ်စား ကျန်ခဲ့ခြင်း ..။

"ကလေးကို ပြန်ခေါ်ချင်လို့လား .."

မေးခွန်းက လည်ချောင်းဝမှာ ဆို့နေသည်။ ပြောမထွက်ချင် ..၊ ပြောမထွက်နိုင် ..။

"ဒီလိုပါ အန်တီကြီးရယ် .. ဒီလောက် သံယောဇဉ်ကြီးနေကြတဲ့ ရေးချယ် နဲ့ ကြည်နူးလေး ကိုလည်း မခွဲဘဲနေရအောင် .. သားကြီးနဲ့ ချွေးမတို့ရဲ့ ကျန်ရစ်ရာ ကြည်နူးလေး နဲ့လည်း ဆွေ တို့ မခွဲရအောင်.. အိမ် ကိုယ့်အိမ် .. ဘယ်အိမ်မှာပဲ ကြည်နူးလေး နေနေ .. အနေလည်း င့်တယ်ရအောင် .. နေလို့လည်း ရအောင် .. ပြီးတော့ သမီးလေးရဲ့ တ္တာကို တန်ဖိုးထားရ .. ချစ်ရတာမို့ .. ဆွေ တို့ရဲ့ သမီးလေးလိုလည်း ရေး ဖြစ်လာရအောင် .. သားငယ်နဲ့ သမီးလေးကို လက်ဆက်ပေး င်လို့ပါ အန်တီကြီးရယ် .. လောလောဆယ် .. စေ့စပ်ရုံပဲ စေ့စပ်ထား လို့ ဘွား ပြောမယ်ဆိုရင်လည်း နာခံပါ့မယ် .. ဆွေ တို့ကတော့ .. ရာသာ ချထားပေးလိုက်ချင်တာပါ ..၊ အဲဒါဆို .. ဆွေ တို့ရဲ့ ရွှေဇင် ာ်အိမ်ကြီးမှာ တစ်လှည့် .. ဘွားရဲ့ ပဒုမ္မာအိမ်ကြီးမှာ တစ်လှည့် .. းငယ်နဲ့ ရေးရေး ရော .. မြေးလေး ကြည်နူး ရော နေကြလို့ အမြင် ည်း တင့်တယ် .. အားလုံးလည်း စိတ်ချမ်းမြေ့ကြရမှာပါ ..၊ ဒီလို ရခြင်းဟာ .. မြေးလေးအပေါ် အလွန်တရာကိုမှ ချစ်နေတဲ့ သမီး း မြရေးချယ် ရဲ့မေတ္တာကို တန်ဖိုးလည်း ထား .. ချစ်လည်း ချစ်လို့ အန်တီကြီး ရယ် .. ကလေးတစ်ယောက်တည်းအတွက် ဒီလို စကား း်ရတာ မဟုတ်ပါဘူး .. မြရေးချယ်လေး ကို ဆွေဆွေ ရော ဒီက ကိုကရော .. သမီးလေးလိုကို ချစ်ကြရလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လက်အုပ်ချီ၍ ဒေါ်ဆွေဆွေဖူး ဘွား ကို ကြည့်သည်။ မျက်ရည်ကျလာသည်။ သားဆုံးမိခင်တစ်ယောက်၏ သောကဗျာပါ ကို ဘွား မြင်ရသည်ပါပဲ။ ဒေါ်ဆွေဆွေဖူး မှ လွယ်လာပါသည့် စလင်း ဘက်အိတ်ကြီးထဲမှ ကတ္တီပါရှုံ့အိတ်ကြီးတစ်လုံးကို ထုတ်သည်။ ခေါက် ထည့်လာပါသည့် ကတ္တီပါ ကြက်သွေးရောင်ကို ဖြန့်ခင်းလိုက်သည်က ဆက်တီစားပွဲထက်မှာပါ …၊ ကတ္တီပါအိတ်ရှုံ့ကြီးထဲမှ ရတနာထည်တွေ ကို ထုတ်နေရင်းမှ …

"သမီးလေးကို စေ့စပ်ကမ်းလှမ်းခွင့်အတွက် စကားမြန်းခွင့်ပြု ရာအတွက် ဒီရတနာထည်တွေကို .. ဘွားထံ အပ်ပါတယ် ဘွား ရယ်..

နည်းသည့် ရတနာထည်တွေ မဟုတ်၊ စိန်ထည်၊ မြထည်၊ ပတ္တမြား နှင့် နီလာ၊ ကျောက်စိမ်းနှင့် ပြောင်ခေါင်းစိမ်း ရတနာလက်ဝတ်ထည် များ ..။ တစ်ဆင်စာစီသည် ပုံအောရောထွေး လက်တောက်လှပနေကြ သည်ပါပဲ ..။ ယူလာသည့်ကိုက သီးသန့်ရတနာထည့် ကတ္တီပါဘူး ဖြင့်ဆိုလျှင် တစ်ထပ်ကြီး လူမြင်နေမှာမို့ .. ကတ္တီပါအိတ်ရှုံ့ကြီးနှင့် ထည့်လာခြင်း ..။ ဤသည်ကတော့ဖြင့် နည်းနည်း ရှေးဆန်ရိုးစင်းသည့် အတွင်းစိတ်ကို ဒေါ်ဆွေဆွေဖူး ပြသလိုက်ခြင်းနှင့် မခြား ..။

ဘွား တည်ငြိမ်စွာ ဒေါ်ဆွေဆွေဖူး ကို ကြည့်သည်။ လက်ဝ လက်စားတွေကို ကြည့်ကာ ပြုံး၍ …

"ပြန်သိမ်းထားလိုက်ပါ တူမကြီး .. တော်နေကြာ မောင် စားစရာလာပို့မှာမို့ .. မြင်သွားပါ့မယ်လေ .."

ဟု တည်တည်ငြိမ်ငြိမ်ပဲ ပြောလာတော့ ဒေါ်ဆွေဆွေဖူး ဦးသီဟာန် ပါ မျက်နှာမကောင်းကြ ..၊ ငြင်းပယ်စကားကို ဆိုချေပြီ ဟု စိတ်ထင့်နေကြတာလည်း သိသာနေသည်။

"သိမ်းလိုက်ပါ .. သိမ်းလိုက်ပါ .."

ဟု ဘွား ထပ်ပြောနေချိန်မှာ ဒေါ်ဆွေဆွေဖူး မျက်နှာမကောင်း





အားလုံး သိမ်းရပါ၏။

"စိတ်မဆိုးပါနဲ့ အန်တီရယ် .. ကျွန်တော်တို့ဘက်က .. သမီး လေး မြရေးချယ် ကို တကယ့်ကို တန်ဖိုးထားတာပါ ခင်ဗျာ .."

ဦးသီဟာန် မျက်နှာ မလန်းဘဲ အောက်ကျို့ ပြောရသည်ပါပဲ ..။

ထိုစဉ်ခိုက် တံခါးခေါက်သံ တိုးတိုး ပေါ်လာကာ .. ဘွား ထံမှ ဝင်ခဲ့ပါ .. ဟု ပြောသံ ပေါ်လာပြီးမှ ဖိုးတာ အခန်းထဲ လက်ဖက်ရည်နှင့် မုန့်လင်ပန်းကို ကိုင်ကာ တရိုတသေလေး ဝင်လာပါသည်။ အသံမပြည် အောင် လင်ပန်းကို စားပွဲပေါ်ချသည်။ အားလုံးရှေ့မှာ လက်ဖက်ရည် ခွက်နှင့် မုန့်ပန်းကန်ကို ချ .. လက်သုတ်ပဝါကို ချကာ ခါးလေးညွတ် ၍ ပြန်ထွက်သွားပါ၏။ ဘွား မှ ပြုံး၍ …

"စားကြ သောက်ကြပါ .."

ဟု ပြောပေမယ့် ဘယ်သူ့ဘယ်သူမှ ယူမသောက်နိုင်ဘဲ မျက်နှာ လေးတွေ ညှိုးနေကြသည်က ဦးသီဟာန် နှင့် ဒေါ်ဆွေဆွေဖူး တို့ပါ ..။

ဘွားမှ တည်ငြိမ်စွာပဲ လက်ဖက်ရည်ခွက်ကို ဦးစွာကိုင်သည်။ ခပ်ဖြည်းဖြည်း သောက်သည်။

"သောက်ပါ .. ပြီးမှ .. ပြောကြ ဆိုကြတာပေါ့ .."

ဟု ပြောတော့မှ ဦးသီဟာန် နှင့် ဒေါ်ဆွေဆွေဖူး တို့ လက်ဖက်ရည် သောက်ဝံ့ကြရပါ၏။

"ဒီက တူမကြီး ပြောတာမှန်ပါတယ်.. အထူးသဖြင့် ရှေးရှေး နဲ့ မျိုးလေး တို့ရဲ့ သံယောဇဉ်ဆိုတာက.. ပေါ့ပေါ့ဆဆထားလို့ကို မဖြစ် ဘဲနေရာမှာ ရှိနေကြတာပါ .. ပြီးတော့ .. ဒီက တူမကြီးမှာကလည်း သားဆုံးထားတဲ့ မိခင်တစ်ယောက်ဖြစ်နေတာမို့ .. မြေးလေးကို မခွဲနိုင် ဘဲ တူတူနေချင်တာကလည်း သဘာဝပေပဲလေ .. ဘွားအေပေကိုး .."

ဘွား ပြောပေးဖော်ရလာမှ မျက်နှာလေးတွေ အတန်မျှ အညိုး ပျောက်ရ .. သက်သာရာရရိပ်တွေ နေရာယူလာရသည်က ဦးသီဟာန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါ်ဆွေဆွေဖူး ပါတည့်။

"အဲသလို စေ့စပ်ချင်တယ်ဆိုတာကို .. မောင်ဘုန်းမြတ်လူ ကို ရော .. အသိပေး .. ပြောဆိုခဲ့သေးလား တူမကြီး .."

"သားက ကြည်ကြည်ဖြူဖြူ .. လိုလိုလားလားနဲ့ကို .. ဆွေ့ စကား ကို နားထောင်တာပါ .."

"ကလေးကိစ္စ .. အလွယ်တကူနဲ့ ဖြေရှင်းတဲ့နည်းကို သုံးတာမျိုး ဖြစ်မှာကိုတော့ .. အန်တီ စိုးရိမ်တယ် .. လူငယ်ချင်း မေတ္တာမရှိဘဲ ထူထောင်တဲ့ အိမ်ထောင်ဆိုတာလည်း မဖြစ်သင့်ပေဘူးလေ .."

ဘွား ပြောသာ ပြောနေရသည်။ တစ်ဖက်ကလည်း ကိုယ့်မြေး ဖြူဖြူစင်စင်လေး လူ့ပါးစပ်စကားဖြင့် ကလေးပဲ တိတ်တိတ်ကျိတ် မွေးခဲ့သယောင် ဖြစ်ကုန်ရသည့် သတင်းတွေကြောင့် ရင်ထုမနာတော့ ခံစားနေရသည်ပါပဲ။ ရွေးချယ်စရာလမ်းကတော့ သိပ်မရှိ ..။

ဘုန်းမြတ်လူ နှင့် နေရာချပေးဖို့ပဲ တကယ်တမ်းကျတော့ လမ်း က ခင်းပြီးသားလို ဖြစ်ကုန်ရပြီ။ ဤလမ်းကိုပဲ လျှောက်ဖို့ ကျန်သည် ခုလို စကားကမ်းတာကို ခေါင်းခါလိုက်လျှင်လည်း .. တစ်နေ့မှာ တခြားသူ တစ်ယောက်ယောက်နှင့် မြေးလေး မြရေးချယ် ကို ဘွား နေရာချပေးပါချေလျှင်လည်း ဤသတင်း ပါးစပ်စကားကြောင့် အစွန်း ကွက်ကြီးလို အထင်ခံစရာအဖြစ်သည် .. အရိပ်လို မြေးလေးနောက် ပါကုန်လျှင်ဖြင့် .. တစ်နေ့မှာ အိမ်ထောင်ရေး ပြိုကွဲသည်အထိ မြေး လက်ထပ်ရချေသည့်သူဘက်က ဆုံးဖြတ်လိုက်တာမျိုး မကြုံနိုင် ဘယ်လိုမှ အာမ .. မခံနိုင် ..၊ စိတ်ချမထားနိုင် ..။

ဘာမဆို အဆိုးဘက်က ဖြစ်နိုင်တာတွေ ရှိနေပြီ။ ဒါပေမယ့် ခက်သည်က .. မြေးလေး မြရေးချယ် သည်ရော .. ဘုန်းမြတ်လူ နှင့် လက်ထပ်ဖို့ လက်ခံနိုင်ပါ့မည်လား မသိနိုင်သေး ..။ မြေးလေးကိုတော့ ဖွတ်အတင်းဖြင့် နေရာချမပေးချင် ..၊ မလုပ်ရက်..။ အစကတည်း





မမေ၏အရိပ် ကင်းခဲ့ရသည်။ အမေနှင့် သေကွဲကွဲရသည့် မြေး ..၊ အဖေနှင့်ကျတော့လည်း ရှင်ကွဲခွဲနေရှာသည်။ ဘွားအေလက်ပေါ် ကြီး သည့် မြေးလေးကို .. အိမ်ထောင်ရေးမှာ ဖွတ် နေရာမချရက် ..။

"ခက်တာက .. ငါ့မြေးလေး နာမည်က လူ့ပါးစပ်ကြောင့် အစွန်း အထင်း ထင်ခံနေရသလို ဖြစ်ကုန်ရတာ အခက်ဆုံးပဲ .."

ဟု မချိတင်ကဲကြီး တွေးကာ ဘွား ငိုင်နေမိရသည်ပါပဲ။

နောက်တော့မှ ဦးသီဟန် နှင့် ဒေါ်ဆွေဆွေဖူး ကို ဘွား ကြည့် သည်။ ငြိမ်သက်စွာ ကြည့်နေကြသည့်သူနှစ်ယောက်၏ မျက်နှာနှင့် မျက်ဝန်းတွေမှာ သောကငွေ့တွေ ပြည့်သိပ်နေကြသည်ပါပဲ ..။ ဒေါ်ဆွေ ဆွေဖူး လက်အုပ်လေး ချီလိုက်ကာ ...

"ဆွေ .. ကလေးနဲ့ မြရေးချယ် ကိုလည်း မခွဲရက်တော့ပါဘူး.. သူတို့ချင်း အလွန်သံယောဇဉ်ကြီးကြတာ မနေ့က မျက်မြင်ကြုံရပြီး အတည်းက .. မခွဲရက်တော့တာပါ .. ဒါပေမယ့် ဘွား ရယ် .. ဆွေ လည်း သားဆုံးအမေပေမို့ .. အဲဒီ သားရဲ့ ချန်ရစ်ရာ မြေးလေးကို မခွဲ နိုင်တဲ့ ဘွားအေလည်း ဖြစ်နေရပါတယ် .. ဆွေ ကတိပေးပါတယ် အန်တီကြီးရယ်.. ဘယ်တော့မှ .. ရွှေဇင်ယော်မှာ မြရေးချယ်လေး စိတ် ဆင်းရဲစေ့ရပါဘူး .. ဆွေ့ အတွက် မြရေးချယ် ဟာ သမီးလေးအဖြစ် သာ ရှိရမှာပါ .. မြရေးချယ်လေး ပဒုမ္မာကို တစ်လှည့် နေချင်တဲ့အခါ နေ .. ရွှေဇင်ယော်မှာ တစ်လှည့် နေချင်တဲ့အခါ နေ .. ဆိုတာမှာလည်း.. အမြဲ ကြည်ဖြူနေမှာပါ .. ပဒုမ္မာမှာ နေရကောင်းလားလို့ .. ဘယ်တော့မှ ဆွေ မငြိုငြင်စေရပါဘူး .. ကတိပြုပါတယ် အန်တီကြီးရယ် .."

ဟုပြောတော့ ဘွား ရင်ထဲမကောင်း..၊ မြေးဖော်ဆိုတာကို ဘွားအေ တစ်ယောက်ဖြစ်သည်မို့ ဆွေဆွေဖူး အပေါ် စာနာစိတ်လည်း ဖြစ်ရသည်။

"မြေးလေး မြရေးချယ် ကို အန်တီ မေးပါ့မယ် .. မြေးရဲ့ သဘော ထားကိုလည်း သိဖို့လိုတယ် မဟုတ်လား ဆွေဆွေ .. အေးလေ .. စေ့စပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာလေးတောင် မရှိရင်တော့ဖြင့် နှစ်အိမ်တစ်အိမ် ဝင်ထွက်ကြတာတွေက ကြာရှည်မှာ မဟုတ်ဘူး .. ဘာဘဲဖြစ်ဖြစ် ကောင်းပဲ .. ဘေးအမြင်မှာ ဝေဖန်ချင်စရာဖြစ်မှာကိုတော့ အန်တီ နားလည်ထားပါတယ် .. အမိကထားရမှာကလည်း .. ခုလို .. ရေးရေး နဲ့ ကလေး သံယောဇဉ်ဖွဲ့လွန်းနေတဲ့ အဖြစ်ကလည်း ရှိနေသေးတယ်.. ဒါပေမယ့် သူတို့ချင်း နှစ်သက်မှလည်း လက်ထပ်သင့်တယ် မဟုတ်လား .. ဒါကိုလည်း အရေးတကြီး ထားသင့်တယ်လေ.."

ဟု ပြောစဉ်မှာ ဦးသီဟန် နှင့် ဒေါ်ဆွေဆွေဖူး တို့ ကြမ်းပေါ်ထိုင်ကြကာ လက်အုပ်ချီ၍ ကန်တော့ကြပါ၏။

"ကျွန်တော့် မြေးလေး အသက်ရှင် ကျန်းမာစွာဖြင့် ပြန်တွေ့ရတာကိုက .. ကံကောင်းလှပါပြီ အန်တီရယ် .. ခုလို ဖြစ်ရတာကလည်း သမီးလေး ကျေးဇူးကြောင့်ပါ .. ဘွားရဲ့ မေတ္တာနဲ့ လက်ခံပေးမှုကြောင့်ပါ .. ဘွားကို ကန်တော့ပါတယ် ခင်ဗျာ .."

ဟု ပြောသည်မှ မျက်ရည်ကျနေရင်းဖြင့်ပါ။ ယောကျ်ားကြီးတန်မဲ့ ကြေကွဲရှိုက်ကို မထိန်းနိုင်ဘဲ မျက်ရည်ကျ ပြောလာခြင်းပေမို့ ဘွား လည်း ရင်ထဲ မကောင်းနိုင် ...။

ဆွေဆွေ ဟု တရင်းတချာ အခေါ်ပြောင်း၍ ဘွား ခေါ်နေမိပြီဖြစ်သည့် ဆွေဆွေ ဆိုတာကလည်း မျက်ရည်မဆည်နိုင် ...၊ လက်ကိုင်ပဝါဖြင့် မျက်ရည်ကို အနိုင်နိုင် သုတ်ရှာသည်။

"အန်တီရဲ့ ရုံးခန်းမှာ မျက်ရည်လာကျသလို ဖြစ်ကုန်ရတာမို့ အားနာရပါတယ် .. အပူဟပ်ကုန်ရပါပြီ .. ဒါပေမယ့် အန်တီရယ် - သားနဲ့ သမီးလေးတို့ စုံဖက်သင့်တာမို့ နတ်ဖက်ပေးကြတာပါပဲလို့ ဆွေ မှတ်ယူပါတယ် .. တောစောင့်နတ် တောင်စောင့်နတ်များက ဒါကြောင့် မို့သာ မြေးလေးကို သမီးလေး မြရေးချယ် နဲ့ ဆုံအောင် ကြိုအောင် လုပ်ပေးခဲ့တာပါ .. မြေးလေးရဲ့ အသက်ထက် .. ဘာမှ တန်ဖိုးလည်း မကြီးနိုင်ပါဘူး အန်တီကြီးရယ် .. စေ့စပ်ကမ်းလှမ်းခြင်းအနေနဲ့ မဟုတ်





ရင်တောင်မှ .. မြေး အသက် ကယ်ခဲ့တဲ့ သမီးလေးအတွက် .. ကျေးဇူး ဆပ်ခွင့်လေးတော့ ပေးပါ .. လက်ဝတ်ရတနာများကို ထားရစ်ပါရစေ.. အစ်ကို .. ပြန်ကြစို့ .."

ဟု ပြောကာ မျက်ရည်စက်လက်ဖြင့် ကျူး၍ ထသည်က ဒေါ်ဆွေဆွေဖူး ပါ။ တကယ့်ကို ရတနာထည့်ထားရာ ကတ္တီပါအိတ်ကို ချန်ခဲ့ရင်း ဘွား ကို လက်အုပ်ချီ၍ နှုတ်ဆက်ပြန်သွားတော့ အခန်းထဲမှာ ဘွား ငိုင်၍ ကျန်ရစ်ရပါ၏။

ရွေးချယ်စရာလမ်း .. ဆိုတာက .. ဖြစ်သင့်တာကို .. ဖြစ်ထိုက်တာကို .. လိုက်လျောပေးလိုက်ခြင်းဆိုတာ ဘွား သိနေသည်။

မြေး အတွက်.. ဘုန်းမြတ်လူ ဆိုတာ ရွေးချယ်သင့်သည့် လူငယ်လေးတော့ ဖြစ်နေပြီ ...၊ ဒါပေမယ့် .. စာရိတ္တအရာကိုတော့ လေ့လာဖို့ လိုနေသေးသည်လေ ...၊

ဒေါ်ဆွေဆွေဖူး ကတော့ .. ရွှေဇင်ယော်မှာ ရေးရေး ဘယ်တော့မှ စိတ်မချမ်းမမြေ့ မဖြစ်စေရပါဟု တာဝန်ယူသွားခဲ့ပြီးနေပြီ ...။

ဘုန်းမြတ်လူ ကိုတော့ .. အကဲခတ်ဖို့ လိုနေသေးသည်ဟု ဘွား ဆုံးဖြတ်မိရသည်ပါပဲ ...။

ဦးထိုက် နှင့် စုံစမ်းခိုင်းရမည်ဟု ရင်ထဲ တွေးမိလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဒီချာတိတ်လေး ဒီနှုန်းအတိုင်း တီးနေရရင်တော့ဖြင့်.. ဖဲရီး ဟဲလ်တီး ထို့င်းလေး ဖြစ်မှာကွ .. ရေးရေး ဒီလောက် ဂရုစိုက်နေတဲ့အတွက်–အလွန်ကျန်းမာသော ကောင်လေး ဖြစ်မယ်ဆိုတာကို အင်္ဂလိပ်လို ပြောကြည့်တာလေ .. ဟေး .. ဟေး .. ဟေ့ ကောင်းဘွိုင်လေး .. မင်းက အရမ်းသန်မာနေတာကွ .. သွားငယ်လေးတွေ မြင်အောင် ရယ်ပြလိုက်–တီးလိုက် အုပ်လိုက်နဲ့ ဝဝကစ်ကစ်လေးလည်း ဖြစ်နေပြီကွ .. မင်း–ကျောင်းတက်တဲ့အခါများ ရောက်သွားရင် .. စကူးလ်ဒရက်(စ်)လေးနဲ့–သိပ်ပြီးတော့ .. ကြည့်လို့ကောင်းမှာ အမှန်ပဲ .. နေဦး ကြည့်ကောင်းတယ်ဆိုတာက .. ဘယ်လိုခေါ်သလဲ ဆိုတော့ကာ .. ကြည့်ဆိုတာက လွတ်(ခ်) .. ကောင်းတယ်ဆိုတာက ဂွတ်(ဒ်) ..၊ ဒီတော့ကာ လွတ်(ခ်)ဂွတ်(ဒ်)ပေါ့ကွာ .. အဟဲ .. ဟဲ .. စကူးယူနီဖောင်းလေး ဘယ်တော့မှဝတ်မှာလဲ .. နောက် သုံးနှစ်မှာ ဝတ်မယ်ဗျာ .."

နှင်းဆီရနံ့ သင်းသော ဥယျာဉ်ဆောင်ရှိ မြက်ခင်းထက်မှာ ဖျာငယ်လေးတစ်ချပ် ခင်းကာ မြရေးချယ် ထိုင်နေသည်က ရွှေခြူးလေး ကို အစာခွံ့နေရင်းဖြစ်ပါ၏။





ဘေးမှာ ထိုင်နေရင်း ရွှေခြူးလေး ကို ပါးလေး ဖွဖွပုတ်လိုက်..၊ လက်သုတ်ပဝါ နုနုလေးဖြင့် ပါးစပ်မှာ ပေသွားတတ်ပါသော အစာတချို့ကို သုတ်ပေးလိုက်ဖြင့် အင်္ဂလိပ်စကားကလည်း ညှပ်ညှပ်၍ ပြောရမှ စားမြိန်ပါသည့် လေးလေးသော် လည်း အလုပ်များနေသည်ပါပဲ ..။

"မုန်လာဥနီရယ် .. အာလူးရယ် .. အဲဒါတွေကို အရင်ပြုတ်.. ပြီးတော့ ဗလင်ဒါနဲ့ မွှေ .. ထမင်းကိုလည်း အဲဒီပြုတ်ရည်တွေနဲ့ ပြန်ပြုတ် .. ဗလင်ဒါနဲ့ ပြန်မွှေ .. ကြက်ဥပြုတ်အနှစ်ကိုလည်း ရောမွှေ .. အဲဒါကို ကျွေးတာ ဆိုတော့ကာ .. ဒီက ရေးရေး လှက်ရာ ဆန်ပြုတ်ပဒေသာအချိုနှစ်နဲ့ .. စတိုင်သစ် ထွင်နေတယ်ဆိုပါတော့ ဖိုးကစ်ကစ်လေးရဲ့ .."

နောက်တစ်ကြိမ် ဆံပင်နုလေးကို ဖွဖွပွတ်၍ လေးလေးသော် ချစ်စိတ်ဖြင့် ပြောချိန်မှာ ရွှေခြူးလေး ကတော့ ထုံးစံအတိုင်း မျက်နှာချိုလေးဖြင့် ရယ်ပြပါ၏။

ချစ်စိတ်ဖြင့် မြရေးချယ် ရွှေခြူးလေး ၏ ပါးလေးကို ဖွဖွ နမ်းလိုက်မိရသည်ပါပဲ ..။

"တီတီညေး .. ရေ .. ရေ .."

ရေဗူးလေးကို ပြရင်း ပြောလာတာမို့ ကလေးကို ရေတိုက်ရပြန်သည်။

တစ်ပတ်ရှိပြီ ..၊ မြရေးချယ် လည်း သုံးလေးရက်ကတည်းက ကျန်းမာရွှင်ပျဖြင့် ကလေးနှင့် တတွဲတွဲ မခွဲဘဲ ပဒုမ္မာမှာ ရှိနေရစိတ်ဖြင့် ပြန်ကျန်းမာလာခဲ့ရကာ .. ရွှေခြူးလေး လည်း ရွှင်ရွှင်လန်းလန်းဖြင့် မြရေးချယ် ၏ ရင်ခွင်မှာ ပျော်နေရှာသည်ပါပဲ။

ပဒုမ္မာမှာ နေတာကတော့ တစ်ပတ်ပြည့်ခဲ့ပြီ။ အလုပ်လည်း မြရေးချယ် မသွားဖြစ်နိုင်ခဲ့ ..၊ လောလောဆယ်မှာ ကလေးနှင့်ပဲ ရေးရေး



www.burmeseclassic.com

www.burmeseclassic.com



နေချင်နေတာပဲ သိနေသည်လေ ..။ ထိုစဉ်နိုက် အိမ်ခြံတံခါးရှေ့မှာ ကားဟွန်းသံ ပေါ်လာတာမို့ လေးလေးသော် မျက်နှာ ပျက်ခနဲ ဖြစ်သည်။

"အဲဒီ ဘုရားတော်ကြီး ခြေလှမ်းစိပ်နေတာ အမှန်ပဲ ရေးရေး .. လာလိုက်တာ နေ့တိုင်း ရက်ဆက် .. ရေးရေး ကိုလည်း သမီးလေး .. သမီးလေးနဲ့ ပါးစပ်ထဲ သကာခဲ ငုံထားသလို နှုတ်ချိုနေတာလည်း လေးလေးသော် တယ်ပြီးတော့ မသင်္ကာချင်ဘူးကွ .. သံသယတော့ ဝင်တယ် သိလား .. သံသယ အကြီးကြီးဆိုတော့ကာ .. ဘစ်ဆပ်စပက် ပေါ့ .. အဲသလို .."

လေးလေးသော် ပြောပြီး ခေါင်းခါသည်။

"လာလိုက်ရင်လည်း .. ရေးရေး အတွက် လက်ဆောင်တွေ ဘာတွေ ပါပါလာတတ်တာလည်း သံသယ ဖြစ်ချင်စရာပဲ .. လက်ကိုင်အိတ်လေး ပါလာရတာနဲ့ .. ပိုးထည်လေး ဝယ်လာလိုက်ရတာနဲ့ .. ရယ်ဒီမိတ်အင်္ကျီ ဈေးကြီးတဲ့ဥစ္စာမျိုးတွေ ပါလာရတာနဲ့ .. ပြောလိုက်ရင်လည်း သွားရင်းလာရင်း အဲဒါလေး တွေ့လို့ .. သမီးလေးနဲ့ လိုက်မှာပဲဆိုပြီး ဝယ်လာမိတာတွေ ဘာတွေနဲ့ လေချိုမွှေ့နေသေးတယ် .. သူပဲ- ပေးစရာ လက်ဆောင်တွေ တွေ့တွေ့နိုင်လွန်း .. လေးလေးသော် တော့ မယုံချင်ဘူးကွ ..၊ ကလေးကို .. နေ့တိုင်း လာလာပွေ့ချီနေရင်းနဲ့ .. ကလေးက ရေးရေး ကို နည်းနည်း အချစ်ပေါ့သွားအောင် လုပ်နေတာလည်း ဖြစ်နိုင်တယ် .. အဲဒီတော့မှ .. သူ့မြေးကို အပိုင်ပြန်ခေါ်သွားနိုင်တယ် သိရဲ့လား .."

ဘေးတီးနေသည့် လေးလေးသော် စကားတွေက ဟုတ်တန်သလောက်တော့ ဟုတ်နေသည်ဟု မြရေးချယ် လက်ခံပေးမိသည်ပါပဲ။

"အန်တီက သူ့မြေးကို လာလာတွေ့တာပဲ လေးလေးသော် ရယ်- ပဒုမ္မာမှာ ရွှေခြူးလေး ကို နေခွင့်ပေးထားတာပဲ ဟုတ်လှပါပြီလေ -





အန်တီဆွေ က ရွှေခြူးလေး နဲ့ ရေးရေး ကို မခွဲပါဘူးလို့တော့ ပြောထားတာ ရှိနေတာပါပဲ .. လူကြီးစကား တည်တယ်ဆိုရင်တော့ .. ကောင်းတာပေါ့ လေးလေးသော် ရယ် .."

လေးလေးသော် သက်ပြင်းရှိုက်ပါ၏။ ဦးသိန်းမှ ခြံတံခါး ဖွင့်ပေးတာမို့ ကားကတော့ဖြင့် ခြံထဲဝင်လာပြီ ..၊ ခါတိုင်းလိုဆို .. လေးလေးသော် ပြေး၍ ခြံတံခါးဖွင့်ပေးတတ်သူပါ။

ခုကျတော့ .. ဒေါ်ဆွေဆွေဖူး ၏ ကားဟွန်းသံကို ကောင်းကောင်းမှတ်မိနေသည့် လေးလေးသော် မှာ ခြံတံခါးကို သွားဖွင့်မပေးဘဲ မကြားသယောင်ဆောင်လုပ်ကာ ပေ၍ ထိုင်နေခြင်းဆိုတာ မြရေးချယ် လည်း ရိပ်မိသည်ပါပဲ။

ရေးရေး ကို အရမ်းချစ်သည့် လေးလေးသော် ပဲလေ ..၊ ရေးရေး ကို ဒုက္ခပေးနိုင်သူတစ်ယောက်အဖြစ် ခုထိတော့ လေးလေးသော် မှ အန်တီဆွေ့ အပေါ် သံသယရှိနေဆဲ ..။

"ခက်တာက .. ဘုရားပဲ .. ဘုရားက အဲဒီမိန်းမကြီးကို ယုံနေပုံ ရတယ် ရေးရေး ရဲ့ .. ဘာကို ယုံနေတယ်တော့ မသိဘူး .. ကြည်ကြည်သာသာကို လက်ခံနေတာလေ .."

"လက်မခံလို့ ဖြစ်မလား လေးလေးသော် ရယ် .. ဒီမှာက ရွှေခြူးလေး ရှိနေတာ မဟုတ်လား .. အချိုနဲ့တော့ ပေါင်းရမှာပဲလေ .."

"အေး .. ဒီဘက်ကတော့ ရွှေခြူးလေး ကို ထည့်လိုက်ရမှာ လန့်ပြီး ဟိုဘက်ကို အချိုနဲ့ပေါင်း .. ဟိုဘက်ကလည်း ကလေးကို ပြန်ခေါ်ချင်လို့ အချိုသပ်ပြီး ပြန်ပြန်ဝင် .. အချိုပေါင်းနဲ့ အချိုသပ် .. အချိုနှစ်ထပ် ကြားထဲမှာ ငါ့ ရေးရေး စိတ်ဆင်းရဲရမှာပဲ လေးလေးသော် လန့်သကွာ ..၊ ရေးရေး က ရွှေခြူး ဒီလောက်ချစ်နေတဲ့ဥစ္စာ .. ဟိုမိန်းမကြီးက ဉာဏ်များပြီး ကလေးပြန်ခေါ်သွားမဆိုတာ လေးလေးသော် အမြဲ မျက်စိဒေါက်ထောက် ကြည့်နေတာ သိရဲ့လား..



www.burmeseclassic.com

www.burmeseclassic.com



ဘာရမလဲ .. ခေါ်ကြည့် .. လေးလေးသော် .. ဟိုက သူတို့အိမ်ကိုလိုက်-ခြံစည်းရိုးကို ပုဆိုးခါးတောင်းကျိုက်ပြီး ဝင် .. ကလေး ပြန်ခိုးလာပေးမယ် သိလား .. ရေးရေး ငိုကျွန်ခဲ့တာမျိုးတော့ အဖြစ်မခံနိုင်ဘူး -ဟိုနေ့က စက်ရုံမှာ ဖြစ်ပျက်ကုန်တုန်းက လေးလေးသော် ဟိုမှာ မရှိလို့ပေါ့ .. ရှိကြည့်ပါလား .. ကလေးကို မွေ့ပြေးမှာ .. ဘာမှတ်လဲ .."

ဟုတ်သည် မဟုတ်သည်တော့ မသိ ..၊ လောလောဆယ်မှာတော့ လေးလေးသော် သည် အားကိုးစရာ လူယုံကြီးပင် ဖြစ်နေသည်တည်း..၊ လက်သီးလက်မောင်းတန်း၍ ပြောနေပါသည့် လေးလေးသော် ..၊ ရုတ်ခနဲ လက်ကိုချ၍ မျက်စိမျက်ဆံပြူးကာ ပေါ်တီကိုအောက်မှာ ရောက်နေပြီဖြစ်သည့် ကားဘက်ကို ကြည့်နေသည်။

"လှည့်မကြည့်နဲ့ သိလား .. အဲဒီကားထဲက .. လူတစ်ယောက် ဆင်းလာတယ် သိရဲ့လား .. ရုပ်ချောပန်းချောနဲ့ ရုပ်ဖြောင့်ဖြောင့် နေမှာ သူ့သား ဖြစ်နိုင်တယ် .. ပုဆိုးအညိုရင့်ကွက်ကြဲကြီးနဲ့ကွာ .. အင်္ကျီကြီးဆင်ကြီး ဝတ်လို့ .. လက်တိုရှပ်အင်္ကျီကလည်း အညိုကွက်ကြဲကြီးနဲ့ .. သူ့ကြည့်ရတာ အလှူအိမ်က စားပွဲခင်း ချုပ်ဝတ်ထားတာကျလို့-ဒီနေ့ .. လူပိုပါလာတယ် ရေးရေး ရေ .. ရွှေခြူးလေး ကို လာခေါ်ဖို့ ကြံထားပုံ ရတယ် .."

မျက်စိထဲ မတွေ့ပုံဖြင့် လေးလေးသော် ခပ်တိုးတိုး ပြောနေတော့ ရေးရေး မနေနိုင်ဘဲ လှည့်ကြည့်မိရပါပြီ ..။

ဟုတ်သည်ကောလေ ..၊ ဤနေ့မှာ ဘုန်းမြတ်လူ ဆိုသည့် သားကို ပါ အန်တီဆွေ ခေါ်လာသည်။ ဘုန်းမြတ်လူ ကို မမြင်ဖူးသော လေးလေးသော် ၏ ဒက်ခနဲ မှန်းထားပုံက မှန်လွန်းနေသည်တည့် ..၊ ရေးရေး ရင်ထဲ လေးခနဲ ဖြစ် ရပါပြီ ..။

"တကယ်ပဲ .. ရွှေခြူးလေး ကို လာပြန်ခေါ်ဖို့ နောက်တစ်ကြိမ် ကြိုးစားပြန်ပြီလား မသိဘူး .."





ဟု တွေးမိကာ ရွှေခြူးလေး ကို မွေ့ပိုက်ထားမိရင်း မျက်ရည်ဝေ ချင်လာရသည်။

"မကြောက်နဲ့ .. လေးလေးသော် ရှိတယ် .. လာပြန်ခေါ်ရင် .. ပထမအချက် .. ငြင်းကြည့် .. ဒုတိယအချက် .. ငိုပစ်လိုက်ကြည့် .. တတိယအချက် အဲဒါမှ မရဘဲ အတင်းခေါ်ရင် .. ရန်တွေ့ကြည့် .. အဲဒီ ကြည့်သုံးကြည့်နဲ့မှ မအောင်မြင်ရင် .. စတုတ္ထအချက် .. ထည့်ကြည့်လိုက်တော့ .. ဘာမှ မပူနဲ့ .. ဟိုအိမ်ကို လေးလေးသော် လိုက်သွားပြီး.. ဟိုကြည့်သည်ကြည့်နဲ့ .. အကြည့်များစွာကို လိုအပ်သလို အသုံးပြုပြီး.. သူတို့ မသိအောင် .. ကလေးကို ပြန်ခိုးလာခဲ့မယ်ဆိုတာကို ရေးရေး စောင့်သာ ကြည့် .. အဲဒီအကြည့်က ပဥ္စမအကြည့် .."

နောက်နေခြင်းလားဟု ရေးရေး ကြည့်မိရပါပြီ။ နောက်နေတာ မဟုတ် ..၊ တကယ် ပြောနေခြင်းဆိုတာ မျက်နှာထိ မျက်နှာထားကြီး ဖြင့် တစ်ဖက်က သားအမိကို မျက်မှန်းကျိုးကြည့်ဖြင့် ကြည့်နေပါသည့် လေးလေးသော် ကြောင့် ရေးရေး သဘောပေါက်သွားရသည်ပါပဲ ..။

ဘုန်းမြတ်လူ ကလည်း ရေးရေး တို့ ရှိရာဘက်ကို လှမ်းကြည့်နေသည်။ အန်တီဆွေ ကဖြင့် ပြုံးပင် ပြုံး၍ လက်တွေဘာတွေ ပြနေသေးသည့်အဖြစ် ..၊ အခြေအနေကတော့ တင်းတင်းမာမာ ဖြစ်ရန်မရှိဟု ရေးရေး တစ်ချက် အကောင်းဘက်ကပဲ တွေးလိုက်မိရသည်တည်း။

ထင်ထားသလို အန်တီဆွေ ရောက်မလာ ..၊ သားအမိနှစ်ယောက် အိမ်ထဲ ဝင်သွားကြသည်။ ရွှေခြူးလေး ကို လာမွေ့ခေါ်တာတွေဘာတွေ သည်း မလုပ် ..။

"တစ်ခုခုတော့ တစ်ခုခုပဲ ရေးရေး .. ဘာတစ်ခုလည်းသာ မသိရ သေးတာ .. တကယ်ဆို .. သူ့မြေးကို .. မြေးလေးရေ .. ဒီမှာ အန်တီလေး နဲ့ ရှိနေတယ်ပေါ့ .. ဘာတွေ စားနေတာလဲ အစားပုတ်လေးရဲ့ ဘာရဲ့ .. လေချိုလေးနဲ့ ရောက်လာသင့်တာလေ .. ခုဥစ္စာက .. အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တန်းသွားလိုက်ကြတာမှ ဒီနေ့မှာ ပါလာတဲ့ သူ့သားနဲ့ အတူတူ ဖြစ်နေတယ် သိလား .. ရေးရေး ရဲ့ ဘွား လည်း ဒီနေ့ အလုပ်သွား နောက်ကျတယ် .. သူတို့ကို စောင့်နေတာများပေလား မသိဘူး .. ကလေးကို လာခေါ်ကြတော့မယ် ထင်ပါရဲ့ .. ရက်စက်ကြပါပေရဲ့ကွာ .. ဒီကလေး သူများကလေး မဖြစ်ဘဲ လေးလေးသော် ရဲ့ ကလေးပဲ ဖြစ်လိုက်ပါတော့လားကွာ .. ငါ့ကလေးဆို .. ရေးရေး ကို အပိုင်ပေးထားပစ်ပါရဲ့ - တောက်!...''

မိန်းမပင် မရှိသည့် လေးလေးသော် ..၊ ရွှေခြိုးလေး သာ သူ့သားဖြစ်လိုက်ပါတော့ဟု မအီမချင့် ပြောနေသည်အထိ ရေးရေး ကို စိတ်ချမ်းသာစေချင်တာတွေပဲ ပြည့်နေပါသည့်အဖြစ် ..။

မကြာလိုက် ..၊ ဒေါ်ကြီးထွေးယု ရောက်လာပါ၏။

''ကိုသော် .. ကလေးကို စည့်ခန်းခေါ်ခဲ့ပါတဲ့ .. ရေးရေး ကတော့ ဒီမှာ ခဏနေနေပါတဲ့ .. ဘွား က မှာလိုက်တယ် ..''

ဟု ပြောချေတော့ မြရေးချယ် ရင်ထဲ မကောင်းနိုင်တော့ပြီ - စိတ်ကို လျှော့ပစ်လိုက်ဖို့ ကြိုးစားရမည်သာ ..။ မထည့်လိုပါဟု ငြင်း၍ မရနိုင်သည့် အဆုံးမှာ .. ဤကလေးကို ရင်ကွဲခံ၍ ထည့်ပေးလိုက်ဖို့ ရှိချေမည်သာတည့် ..။

ဒေါ်ကြီးထွေးယု လည်း မျက်နှာမကောင်း ..၊ ရွှေခြိုးလေး ထည့်လိုက်တော့မည်ဟု ထင်နေတာ သိသာနေသည်ပါပဲ ..။

''ဘယ်တတ်နိုင်မလဲ ရေးရေး ရယ် .. ဘွားက ရွှေခြိုးလေး ကို ကိုသော် နဲ့ ပွေ့ခေါ်လာခိုင်းဆိုတော့လည်း .. ကဲ .. ကိုသော် .. ပွေ့ခေါ်တော့ ..''

ဟု ပြောကာ မျက်နှာမလန်းဘဲ အိမ်ဘက် ပြန်သွားတော့ မြရေးချယ် မျက်ရည်ကျလာသည်။ ကလေးကို ကမ်းပေးတော့ လေးလေးသော် မျက်နှာပျက်ပျက်ဖြင့် ခပ္ပ့ချီရှာပါ၏။





ကလေးကို ဆင်ကြီး လုပ်ပြ ..၊ စီးနိုင်းတာတွေ လုပ်နှင့် အရမ်းပွေ့ဟယ်ချီဟယ်နှင့် ရှိပါသည့် လေးလေးသော် ကိုလည်း ရွှေခြိုးလေး ချစ်နေတာမို့ ရယ်မော၍ အချီခံသည်ပါပဲ ..။

''လောလောဆယ်မှာတော့ .. ကလေးကို ပြန်သွားခိုးမယ်ဆိုတဲ့ လေးလေးသော် မှာဖြင့် .. သူ့ရဲ့လက်ထဲ ကလေးအပ်ကိန်း ဆိုက်နေပါရောလားကွာ .. တောက် .. ရင်ထဲနာချက်ကွာ ..၊ ဒီမှာ .. ရေးရေး .. မကြောက်နဲ့ .. လေးလေးသော် .. ဟိုအိမ်က ပြန်ခိုးလာပေးမယ် စိတ်ချ.. ဒီကလေးကို ခိုးကို ခိုးရမယ့် ကံဇာတာ .. လေးလေးသော် မှာ မွေးကတည်းက ပါလာတယ်လို့သာ မှတ် .. ဘာမှ အားမငယ်နဲ့ .. ကလေး ပြန်ခိုးလာပြီးပြီဆိုတာနဲ့ ကလေးကို .. လေးလေးသော် တို့နေတဲ့ ရွာ.. အဲဒီကိုသာ ရေးရေး ခေါ်သွားပေတော့ .. ရွာမှာ .. လေးလေး ရဲ့ အမွေရသော့ခတ်ချန်ထားတဲ့ ပျဉ်ထောင်အိမ်လေး ရှိတယ် ..၊ အံမယ် .. စမ်းချောင်းလေးဘေးမှာ သိလား .. ဒီတော့ကာ .. ကလေး သွားခိုးပြီးတာနဲ့ - ကားလက်မှတ်ပါ ဝင်ဖြတ်ပေးမယ် .. ရေးရေး က .. အဲဒီ ကားဂိတ်ကသာ စောင့် .. ကလေးခိုးပြီးတာနဲ့ .. အဲဒီကို လေးလေးသော် ပြန်လာမယ် .. ကလေးနဲ့ ရွာကိုသာ ပြေး .. ပိုက်ဆံတွေဘာတွေတော့ ကြိုတင်ထုတန်သလောက် ယူထား .. ဘာမှ အားမငယ်နဲ့ .. ကြားလား .. အိမ်သော့ပါ လေးလေးသော် ထည့်ပေးလိုက်မှာ .. ပိုက်ဆံသာ များများယူသွား .. ဟိုမှာ ဝယ်စရာအားလုံး ဝယ်ပေါ့ .. ပြီးတာပဲ .. လေးလေးသော်ကတော့ .. ကလေးလေးကို ရေးရေး လက်ထဲအပ်ပြီးတာနဲ့ မှင်မပျက်.. ဒီမှာကို ပြန်လာမယ် .. ရေးရေး ပျောက်နေတာ မသိပါဘူးဆိုတာမျိုး တတ်လုံလုံနဲ့ မှင်သေသေနဲ့ နေကို နေပြမယ် .. ဘာရမလဲ .. လေးလေးသော် ရဲ့ ရေးရေး ကိုတော့ မျက်ရည် အကျမခံနိုင်ဘူးဟေ့ ..''

ဘာပဲပြောပြော ..၊ အားကိုးရာတော့ ရှိနေသေးသည်တည့် ..၊ လေးလေးသော် ၏ ကလေးခိုးခန်းကတော့ လွယ်လွယ်ကူကူ ဖြစ်ချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ဒါပေမယ့် .. အပြောကတော့ ဘာမှကို အခက်အခဲ မရှိဘဲ ဖြစ်မြောက်မည့်ပုံမျိုး လေးလေးသော် ကတော့ ရင်ကိုကော့၍ ပြောနေခြင်းပါ။

ကလေးကို ခေါ်၍ လေးလေးသော် မျက်စိမျက်နှာကြီး ပျက်ရင်းသွားလိုက်ချိန်မှာ မြရေးချယ် မျက်ရည်ဝဲ၍ ကျန်ခဲ့ရသည်ပါပဲ ..။ ဒါပေမယ့် .. သိပ်မကြာလိုက် ..၊ လေးလေးသော် နှင့်အတူ မြရေးချယ် ပါမလာ၍ ဖြစ်မည်။ စတင်၍ ရွှေခြူးလေး ငိုချေပြီတည့် ..။

ပြန်မည်ဟု ပြောနေချေမည်သာ ..။ လေးလေးသော် ခမျာမှာလည်း ဘွား က နိုင်းတာမို့ ညှော်ခန်းအရောက် ရွှေခြူးလေး ကို ခေါ်သွားရရှာသည်တကား..။

"ဘယ်တော့မှ အဆုံးမသတ်နိုင်တော့တဲ့ .. ဒီကြေကွဲနာကျင်ခြင်းတီတီလေးရဲ့ ရင်ထဲမှာ ရှိနေရတော့မှာပါပဲ ရွှေခြူးလေး ရယ် .. သူတို့အရင်း .. တီတီလေးက .. သူစိမ်းပေပဲလေ .. အရွှံးပဲ ရှိရချေတော့မှာပေါ့ .."

ခေါင်းကို ငိုက်ထားရင်း မြရေးချယ် မျက်ရည်ဖြိုင်ကျလာနေပြီ။ လက်ထဲမှာ ကိုင်ထားလိုက်မိသည်က စောစောက ရွှေခြူးလေး ကို ကျွေးသည့် ထမင်းပန်းကန်လေး ..။ မျက်ရည်စက်က ပန်းကန်ထဲသို့ ပြေးသက်၏။

မကုန်သေးသည့် လက်ကျန် ထမင်းနှစ်လေးတွေက မုန်လာဉ်အာလူးနှင့် ကြက်ဥနှစ်တို့ဖြင့် ရောနေသည့် အရောင်အဆင်းဖြင့် ရှိနေချေ၏။

"ဒါ .. ဒါ .. ရွှေခြူးလေး ကို တီတီလေး နောက်ဆုံး ကျွေးလိုက်ရတဲ့ အစားလေးပဲ ဖြစ်ချေတော့မယ် ထင်ပါရဲ့ .."

မြရေးချယ် ထပ်၍ မျက်ရည်ကျလာရပြန်သည်။ ထိုစဉ်မှာ မြရေးချယ် ၏ရှေ့ မြက်ခင်းနေရာမှာ လူတစ်ယောက် ရပ်လာသည်။





ကတ္တီပါသည်းကြိုး အနီရောင်ကြောင့်ပင် ခြေဖမိုးတွေက ပို၍ဖြူဥနေသည်လား မသိ ..၊ မော့ခနဲ ကြည့်လိုက်တော့ ငုံ့မိုး၍ ငေးစိုက်ကြည့်နေသည့် ဘုန်းမြတ်လူ ပါတည့် ..။

မျက်ရည်တွေ စိုစွတ်နေသည့် မြရေးချယ် ၏မျက်နှာလေးကို မျက်တောင်မခတ် အတန်ကြာ ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာလည်း စိတ်ထိခိုက်ရိပ်တွေ အုပ်မိုးစွန်းထင်နေသည်ပါပဲ ..၊ သက်ပြင်းရှိုက်ကာ ဆားဘက်နေရာမှာ မြက်ခင်းထက်၌ သူထိုင်၏။ ခပ်ခွာခွာ ထိုင်ခြင်း..၊ မြရေးချယ် ကိုလည်း ကြည့်ရင်းမှ ...

"မျက်ရည်တွေ သုတ်လိုက်လေ .. ခုလို .. မျက်ရည်ကျနေတာ မမြင်ရက်ဘူး မြရေးချယ် .. ကြည်နူးလေး ကို ကယ်တင်ခဲ့သူတစ်ယောက်ဟာ ဒီလောက်ထိ .. ရင်မီးတောက်နေတဲ့ ဝေဒနာကို မခံစားထိုက်ဘူးလေ .. မျက်ရည်တွေ သုတ်လိုက်ပါ မြရေးချယ် .."

ညင်ညင်သာသာ ပြောခြင်း ..၊ မြရေးချယ် အကဲခတ်သလို သူ့ကို ကြည့်မိသည်။

နက်မှောင် အရည်လဲ့နေသော မြရေးချယ် ၏ မျက်တောင် လေးတွေမှာ မျက်ရည်တွေ စိုစွတ်နေဆဲ ..၊ သူကလည်း မြရေးချယ် ကို ငဲ့၍ ကြည့်သည်။ နောက်တော့ ပန်းကန်လေးကို လှမ်းယူ၏။ ဇွန်းတပ်ထားတာမို့ သူ စားနေသည်က တစ်ဇွန်းပြီး တစ်ဇွန်း ..။

ထိုသို့ သူ လုပ်လိုက်ချေမည်ဟု မြရေးချယ် မထင်ထားမိ ..၊ အာရုံက သူ့ထံမှာ ရောက်သွားသည်။ ရွှေခြူးလေး အတွက် ချက်ထားရာကို သူ စားနေတာက စားကောင်းသောက်မြိန်ပုံမျိုး ဖြစ်နေသည်။

ပန်းကန်ထဲမှ လက်ကျန် အကာအသတ်ကို ဇွန်းဖြင့် အသံမြည်အောင်ပင် ခြစ်ကုပ်ယူစားနေတော့ လက်တလောမှာ မြရေးချယ် မျက်ရည် အကျရပ်သွားကာ အံ့သြစိတ်ဖြင့် ငေး၍ သူ့ကို ကြည့်နေမိရသည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက်က .. ကလေးအစာကို မက်မက်မောမော စားနေသည့် မြင်ကွင်း ..၊ သူ .. ပန်းကန်ကို မြက်ခင်းပေါ် ချသည်။ မြရေးချယ် ကို ကြည့်လိုက်ကာ ...

"ကိုယ့်တူလေးကို ဒီလောက် ကောင်းအောင် ချက်ပြုတ်ကျွေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ် မြရေးချယ် .. တော်တော် ကောင်းတာပဲ .. ဘယ်လို ချက်တာလဲ .. ကိုယ့်ကို နည်းနည်းလောက် ပြောပြနိုင်မလား .. အိမ်မှာ .. မနက်စာကို .. အဲသလိုလေး ကိုယ့်အတွက် ချက်ပေးဖို့ ဒေါ်ကြီးယုန် ကို ပြောချင်လို့ပါ .."

ဟု' ပြောလာတော့ အကဲခတ်ဖို့ကိစ္စတစ်ခုက ပိုတိုးလာရပြန်လျက် .. ပို၍ ငိုဖို့ မေ့သွားရကာ သူ့ကိုသာ အကဲတခတ်ခတ်ဖြင့် မြရေးချယ် တကြည့်ကြည့်ဖြင့် ဖြစ်လာသမျှ သူကလည်း ပြုံး၍ ကြည့်နေသည်ပါပဲ ...။

"ကြည်နူးလေး ကို ပြန်လာခေါ်တယ်လို့ ထင်နေတာလား .. ဟုတ်လား .. စိတ်မပူပါနဲ့ မြရေးချယ် .. ဒီမှာပဲ ကြည်နူးလေး ကို ထားမှာပါ .."

"ဟင်!... တကယ် .. တကယ် .."

သူ ညင်ညင်သာသာ ပြောပြီးတာနှင့် မြရေးချယ် ကလေးလေး နှယ်ပင် ဝမ်းသာအားရလေး သူ့ကို မေးလည်း မေး ..၊ မျက်နှာသည်လည်း လန်းခနဲ ဖြစ်ရှာ၏။ နောက်တော့ ဝမ်းသာမျက်ရည် ကျလာပြန်သတည်း ...။

"ဟောဗျာ .. ငိုပြန်ပြီ .. မငိုပါနဲ့ မြရေးချယ် .. အဲဒီ မျက်ရည်စက်တိုင်းဟာ .. ကိုယ့်တူလေးကို ချစ်လွန်းလို့ ကျနေတာကို သိနေရတာမို့ ရင်ထဲ မချိလို့ပါ .. ဒီကို .. ကိုယ် ရောက်လာရတာက .. မြရေးချယ် နဲ့ တွေ့ဖို့ ..၊ ဘွား ရော .. မေမေ ကရော .. လွှတ်လိုက်လို့ပါ .. ကိုယ်တို့ နည်းနည်း .. စကားပြောကြရအောင်လား မြရေးချယ် .. လောလော





ဆယ်တော့ .. အဲဒီ ရေပုလင်းထဲက ရေကို မင်း စိတ်ငြိမ်သွားအောင် .. ရင်ထဲ အေးမြ သက်သာသွားအောင် .. သောက်လိုက်ပါလား .. ကိုယ် ရေပုလင်း ယူပေးရမလား .."

သူ တကယ်ပဲ ယူပေးတော့မယောင် မေးလာချိန်မှာ ကမန်းကတမ်းလေး မြရေးချယ် လက်ကာပြမိရသည်။

ရွှေခြူးလေး ကို ခေါ်မသွားဆိုတာ တစ်ခုကို အာမခံချက်ကြီး သူ ပေးခဲ့တာမို့ .. ကျေးဇူးတတင်ဖြင့် မြရေးချယ် သူ့ကို ကြည့်လည်း ကြည့် ..၊ သူ ပြောသမျှ နာခံပုံလေးဖြင့် ရေပုလင်းကို ယူ၍ မော့သောက်လိုက်သည်ပါပဲ ...။

သူ .. ဘာမှမပြော ..၊ တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။ မိန်းကလေးတစ်ယောက် .. အရှမ်းကို စိတ်ထိခိုက်နေရာမှ လွတ်မြောက်သွားရချိန်လေးမှာ ကြေကွဲရှိန် လက်ကျန်လေးဖြင့် ရေသောက်နေရှာသည့် မျက်နှာနုနုလေး ..၊ ဤမိန်းကလေးသည် အရှမ်းကို ဖြူစင်သည့် စိတ်ရင်းလေးဖြင့် ရှင်သန်နေသည်ဆိုတာ သိသာနေသည်ပါပဲ ...။

"ကိုယ် .. ပြောမယ့်စကားကို .. လေးလေးနက်နက် ပြောခြင်းဆိုတာကိုတော့ ယုံပေးပါ မြရေးချယ် .. မင်းရဲ့ ရွှေခြူးလေး .. ကိုယ့်ရဲ့ ကြည်နူးလေး အတွက် .. မေမေရော .. ဘွားရော .. အဲဒီအဖြစ်တစ်ခုကို .. လိုလားနေကြတယ် .. ဘွားက .. အဲဒီစကားကို .. ဘွား ပြောတာဆက် .. ကိုယ်ကိုယ်တိုင် မြရေးချယ် ကို ပြောပြရင်ဖြင့် .. အဲဒီအဖြစ်တစ်ခုကို .. ကိုယ်ကလည်း မျှော်လင့်ထားတယ်ဆိုတာကို .. မြရေးချယ် ယုံကြည်သွားလိမ့်မယ်လို့ ပြောလာတယ်လေ .. ဒါကြောင့် .. ကိုယ် .. အခု .. ပြောရတော့မှာပါ .."

သူ ပြောနေရင်းမှ တစ်ချက် စကားပြတ်သွားသည်။ ရှေ့မဆက်နိုင်သေးဟန်ဖြင့် ဥယျာဉ်ဘက်ကို ငေးနေ၏။

အချိန်တစ်ချက်တော့ ကွာခြားသွားသည် ..၊ တန့်သွားသည်။ ငြိမ်

www.burmeseclassic.com



ငေးနေသည့် သူ့မျက်ဝန်းတွေမှာ ဆွေးရိပ်ပျပျ သမ်းနေသည်ဟု ခံစားလာရပြန်ကာ အကဲခတ်ကြည့်ဖြင့် တုံ့ပြန်ကြည့်မိသည်ကလည်း မြရေးချယ် ပဲ ဖြစ်လေသည်။

သူ .. သက်ပြင်းငွေ့ငွေ့ချကာ မြရေးချယ် ကို ငုံကြည့်လာပါ၏။ အကဲခတ် ကြည့်လေးကိုလည်း ရင်ဆိုင် လက်ခံပေးလိုက်ရသည်ပါပဲ။

"မြရေးချယ် ရဲ့ ရွှေခြူးလေး ကို ဒီ ပဒုမ္မာအိမ်ကြီးမှာ တစ်လှည့်.. ကိုယ်တို့ရဲ့ ရွှေဇင်ယော်အိမ်ကြီးမှာ တစ်လှည့် .. ပျော်ပျော်လေး နေနိုင်ဖို့ဆိုတာက .. နည်းလမ်းတစ်ခုပဲ ရှိတယ် မြရေးချယ် .. ရွှေခြူးလေးကို မခွဲနိုင်တဲ့ မြရေးချယ် ဟာ .. ဒီ ပဒုမ္မာအိမ်ကြီးမှာ ဘွားနဲ့ .. အားလုံးနဲ့ .. တူတူနေလို့လည်း ရနေမယ် .. မြရေးချယ် ကို မခွဲနိုင်တဲ့ ကြည်နူးလေး ဟာ ရွှေဇင်ယော်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ .. အားလုံးနဲ့ တူတူ နေခွင့်လည်း ရနေမယ် .. အဲဒီလို ဖြစ်ဖို့အတွက်က .. လမ်းတစ်လမ်းပဲ ရှိနေတယ် မြရေးချယ် .."

သူ ပြောကာ ဤတစ်ကြိမ်မှာလည်း စကားတန့်သွားသည်။ နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သပ်သည်။ မျက်ဝန်းကို စုံမှိတ်ချသည်။ ပြောရမည့်စကားကို အားစိုက်၍ ပြောနေပုံကလည်း မြရေးချယ် ကို အားနာရိပ်တွေ ပါနေသည်။

"ကိုယ့်ကို ယုံပေးပါ .. ကိုယ် .. မြရေးချယ် ကို .. မမုန်းပါဘူး-- အထင်လည်း ကြီးပါတယ် .. ကလေးတစ်ယောက်အပေါ်မှာ ဒီလောက်ထိ မေတ္တာကြီးမားတာတစ်ခုနဲ့တင် .. အထင်တကြီးနဲ့ လေးစားမိတယ်ဆိုတာကိုလည်း ယုံကြည်ပေးပါ .. အခုပြောမယ့် စကားဟာ .. ကြည်နူးလေး အတွက် .. ရွှေခြူးလေး အတွက်ပါ .. ကိုယ်တို့ .. ကိုယ်တို့ -- လက်ထပ်လိုက်ကြရအောင်လား မြရေးချယ် .."

မြရေးချယ် ၏ မျက်နှာလေး ဖွေးခနဲ တစ်ချက်ဖြစ်၏။ အံ့ဩစိတ်ဖြင့် မျက်တောင်မခတ် ကြည့်နေသည့် မျက်ဝန်းလေးသည်ပင် အတန်





ငယ် ပြူးကျယ်ကျယ်လေး ဖြစ်နေသည်။ ဝန်းစက်နေအောင် မျက်ဝန်းလေးတွေ ပြူးကျယ်သွားကာ မှင်တက်ကြည့်နေခြင်း..။

အသက်ရှူရပ်သွားသယောင်ပင် ဖြစ်ကုန်သည်အထိ မှင်တက်ငြိမ်ကျလွန်းနေတော့လည်း သူ စိတ်ပူသွားရကာ လန့်လန့်ဖြင့် မြရေးချယ် ၏ ပခုံးလေးကို ဆုပ်ကိုင်ကာ ခပ်ညင်ညင် လှုပ်ခါပေးရင်းမှ ...

"မြရေးချယ် .. မြရေးချယ် .. စိတ်ကို ထိန်းနော် .. မင်း လက်မခံတဲ့ကိစ္စ .. ဘာကိုမှ မဖြစ်စေရပါဘူး .. မင်း .. လက်မထပ်နိုင်ဘူးလို့ ငြင်းလို့ရတယ် .. ငြင်းပါ .. ငြင်းပါ ..၊ အဲသလို ငြင်းလို့ .. ကြည်နူးလေးကို ပြန်ခေါ်သွားမယ်လို့လည်း မလန့်ပါနဲ့ .. မင်း .. သိပ်ချစ်တဲ့ ရွှေခြူးလေး ကို .. မခွဲပါဘူး .. မေမေကလည်း .. မြရေးချယ် ကို သမီးလေးလို ချစ်သွားပြီးနေပါပြီ .. အဲဒါကိုလည်း ယုံပေးပါ .."

သူ တောက်လျှောက်ပြောနေသည်။ မြရေးချယ် ယုံကြည်လာအောင် ကြိုးစားပန်စား သူ ရှင်းပြနေသလိုလည်း ဖြစ်နေသည်။ မြရေးချယ် စတင်၍ မျက်တောင်လေးတွေ ခပ်လာသည်။ မော့၍လည်း သူ့ကို ကြည့်နေသည်။

သူကလည်း စိုးရိမ်တကြီး ငုံ့မိုး၍ မြရေးချယ် ၏ မျက်နှာလေးကို မလွှတ်တမ်း ကြည့်နေသည်ပါပဲ။ ခေါင်းလည်းညိတ်ပြနေသည်။

"ကိုယ် ပြောတာ ယုံပါ .. ယုံပါ .."

ဟုလည်း ယုံကြည်ပေး... တောက်လျှောက် ပြောနေပြန်ပါ၏။ မြရေးချယ် မျက်ရည်ကျလာသည်။ ဘာတွေ လာဖြစ်နေသည်ဆိုတာ ဆလောဆယ်မှာ နားလည်နိုင်ဖို့ပင် အနိုင်နိုင် မနည်း ကြိုးစားယူနေရသည့် အဖြစ်တစ်ခုထဲမှာ မြရေးချယ် မလူးမလွန့် သက်ဆင်းပေးနေရသလိုလည်း ဖြစ်နေသည်။

သူ့လက်တွေ ခပ်ဖြည်းဖြည်း မြရေးချယ် ၏ ပခုံးထက်မှ လျှောခနဲ အားသို့ ကျ၏။ ခေါင်းခါသည်။ နောင်တရနေသည့်သူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နယ်လည်း ယူကျုံးမရသည့်အရိပ်တွေ သူ့မျက်နှာထက်မှာ စွန်းထင်းအုပ်မိုးလာပါ၏။

"သိပ်ကို .. အတ္တကြီးနေတဲ့သူတွေကို ရင်ဆိုင်နေရတယ်လို့ မင်းထင်နေပြီလား မြရေးချယ် .. ငါ့တူလေးကိုလည်း မင်း သံယောဇဉ်ကြီးကြီးနဲ့ မခွဲနိုင်အောင် ချစ်နေရတယ် .. ပြုစုနေရတယ် .. အဲဒီကလေးရဲ့ ဦးလေးကိုလည်း .. မင်းက လက်ထပ်ရလိမ့်ဦးမယ် .. အဲသလိုဖြစ်နေကုန်ပြီ .. အဲသလို တောင်းဆိုမှုတွေကြားထဲမှာ .. မင်း ရောက်နေတာဟာ .. ငါတို့ရဲ့ အတ္တရိပ်ထဲ ရောက်နေရသလိုပါလား .. ငါ ကတိပေးပါတယ် မြရေးချယ် .. မင်း ငါ့ကို ငြင်းခွင့်ရှိပါတယ် ..၊ အို - အကယ်၍ .. မင်း .. ငါ့ကို လက်ထပ်ပေးလိုက်ရတယ်ဆိုရင်တောင်မှ - မင်း .. ငါ့ကို .. မချစ်နိုင်သရွေ့ .. မင်းကို .. ငါ .. လက်ဖျားလေးနဲ့တောင် မတို့ထိစေရပါဘူး .. ကတိပေးပါတယ် .. မင်း .. ရွှေခြူးလေးနဲ့ .. ပျော်နေတယ်ဆိုရင်ပဲ .. ငါ .. ကြည်နူး ကျေနပ်နေမှာပါ .. မင်း - ငါ့ကို လက်ထပ်လိုက်ရတဲ့အတွက် .. စိတ်မဆင်းရဲစေရပါဘူး မြရေးချယ် .."

သူ ပြောနေပုံက သူ့စကားကို သူ အကြွင်းမဲ့ တည်ကြည်စေမည့် သူတစ်ယောက် ဆန်နေသည်။ မြရေးချယ် ကို သူ ကြည့်နေရင်းမှလည်း သက်ပြင်းရှိုက်သည်။

"ဘယ်လောက်ထိ .. ခုလိုပဲ .. ဒီဘက်အိမ်ကလူတွေက .. ကိုယ်တို့အိမ်ကလူတွေ ဒီနေရာမှာ လာလာတွေ့ကြ .. ဝင်ကြထွက်ကြ - ကလေးကို အကြောင်းပြုပြီး ဘေးလူတွေ အာရုံမထားမနေရလောက် အဝင်အပြုတွေ များတဲ့ကိစ္စကို .. ဘယ်လောက်အထိ .. ရှည်ကြာ ခွင့်ပြုနေစေဖို့ သင့်ပါ့မလဲ ..၊ ကိုယ်တို့မှာ .. ကိုယ်တို့နှစ်ယောက်မှာ - လက်ထပ်လိုက်ကြခြင်းဆိုတဲ့ .. နည်းလမ်းတစ်ခုပဲ ရှိနေကြတာ - မြရေးချယ် .. မင်းရဲ့ ရွှေခြူးလေး အတွက် .. ငါတို့ရဲ့ ကြည်နူးလေး





အတွက် .. ပြီးတော့ .. သားကြီးတစ်ယောက် ဆုံးရှုံးထားရရှာတဲ့ မေမေ့အတွက် .. အို .. မိဘရင်ခွင် ပျောက်ကွယ်ခဲ့ရတဲ့ ရွှေခြူး ဆိုတဲ့ ကြည်နူးလေး အတွက် .. အားလုံးသော .. ရွေးချယ်စရာလမ်းဟာ .. အဲဒီ .. ကိုယ်တို့နှစ်ယောက် .. လက်ထပ်လိုက်ကြရခြင်းပဲ ဖြစ်နေတယ် မြရေးချယ် .."

သူ .. မျက်နှာမကောင်း ..၊ မျက်ရည်ဝဲနေသည်။

"အဲဒီလို ပြောခြင်းတွေထဲမှာ .. အတ္တရဲ့အရိပ်တွေ အလွန်တရာကိုမှ မည်းနက်မှောင်မိုက်နေအောင် ပါနေတယ်လို့ .. မင်း မြင်ခွင့်ရှိပါတယ်.. ဒါပေမယ့် .. အဲဒီ အတ္တအမှောင်ဟာ.. ကြည်နူးလေး ကို အလွန်ချစ်ကြနဲ့ .. ဖြူစင်တဲ့ အချစ်တစ်ခုဆီက ဖြစ်တည်လာရတဲ့ အတ္တအမှောင် ဖြစ်နေတယ်ဆိုတာကိုလည်း .. ယုံကြည်ပေးလိုက်နိုင်မယ်ဆိုရင် .. အဲဒီ ယုံကြည်ပေးမှုဟာ အလင်းတန်းတစ်ခုအဖြစ် ရပ်တည်သွားနိုင်မှာပါ.. အမှောင်ဆိုတာကြီးကို ဖယ်ရှားပေးလိုက်နိုင်ပါလိမ့်မယ် မြရေးချယ်.. ကိုယ်တို့နှစ်ယောက်ဟာ .. ချစ်သူတွေ မဟုတ်ကြရပေမယ့် .. လူ့ဘဝကြီးဟာ .. ချစ်သူမဟုတ်တဲ့သူနှစ်ယောက်ကို .. လပ်ထပ်စေဖို့အထိ .. ဩဇာပေးလိုက်နိုင်တယ်ဆိုတာ .. လက်တွေ့ကျကျ ဘဝထဲက ဖြစ်ရပ်တစ်ခုထဲမှာ ရပ်တည်နေရင်း .. ကိုယ် .. လက်ခံပေးလိုက်ရပြီးနေပြီ မြရေးချယ် .. မင်း .. လက်မခံနိုင်ဘူးဆိုရင်တော့ .. မင်း .. ကိုယ့်ကို .. ငြင်းလိုက်ပါ .. စဉ်းစားချိန်တစ်ခုကိုတော့ .. မင်း .. ပထမဆုံးအဆင့်တစ်ခုအဖြစ် .. ရွေးချယ်ပေးပါဦးလို့ .. တိုက်တွန်းပါရစေ..၊ အဲဒီ အချိန်အတိုင်းအတာတစ်ခုထဲမှာ .. မင်း .. ကိုယ့်ကို .. ငြင်းဖို့ပဲ .. ဆုံးဖြတ်တယ်ဆိုရင်ဖြင့် .. မင်း .. ကိုယ့်ကို .. ငြင်းလိုက်ပါ မြရေးချယ်.."

ဟု သူပြောကာ ရင်ပူလာပုံဖြင့် .. ရေပုလင်းကို ဖွင့်ကာ မော့သောက်နေပြီးမှ ...

"မင်းလည်း.. ရေလေးနည်းနည်းလောက် သောက်လိုက်ပါလား.."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လက်ထဲပုလင်းလေးကို ထည့်ပေးလာပါ၏။ မြရေးချယ် ဘာမှုမပြော ..။ သူ့ တစ်ချက် အကဲခတ်သလို မြရေးချယ် ကို ကြည့်နေသေးသည်။ နောက်တော့ .. ငိုင်ငြိမ်နေသည့် မြရေးချယ် ၏ အပါးမှ .. သူသည် .. ရုတ်တရက် မြန်ဆန်လွန်းစွာပဲ ထွက်ခွာသွားချေ၏။ မြရေးချယ် .. မျက်ဝန်းကို စုံမှိတ်လိုက်မိချိန်မှာ ရွှေခြူးလေး ကိုသာ မြင်နေရပါချေသည်တကား ...။

တစ်ခုတော့ သူ့အပေါ် မြရေးချယ် ယုံကြည်မိသည်။ သူ့စကားလုံးတိုင်းသည် ရိုးသားနေကြသည်။ မြရေးချယ် ကို ချစ်လွန်းလှပါသည် ဟု လိမ်ညာ၍ ပြောဆိုခဲ့တာ မရှိခဲ့ ..၊ လက်ထပ်ခွင့်သာ တောင်းခဲ့သည် တည့် ..။

ဘာကြောင့်.. လက်ထပ်ခွင့် တောင်းရခြင်းဆိုတာကိုလည်း .. အရိုးသားဆုံး ပြောပြသွားခဲ့သည်မို့ ..။

သူ၏ .. ရိုးသားခြင်းကိုတော့ .. မြရေးချယ် လေးစားမိရသည် ပါပဲ ..။ လူ့ဘဝကြီးသည် .. ချစ်သူမဟုတ်ကြသည့် သူနှစ်ယောက်ကို လက်ထပ်စေ .. ထို့အထိ .. ဩဇာပေးနိုင်သည်တဲ့လားလေ ..။

သူ .. ပြောခဲ့ပါသည့်စကားသည် .. မြရေးချယ် ၏ နှလုံးသားဆီ .. စူးနစ် တိုးဝင်လာနေစေသည်ကောလေ ...။

ဟုတ်သည် ..၊ လူ့ဘဝဆိုတာကြီးထဲမှာ .. ကြီးမားသော ဩဇာဆိုတာ .. အုံ့ဩစရာ ကောင်းလောက်အောင် ရှိနေတတ်လျက် .. လူတို့ အပေါ် .. သက်ရောက်နိုင်စွမ်းလည်း ရှိနေကြချေသည်တည့် ...။

ပန်းရန့်တို့မှ လွှဲ၍ ဝန်းကျင်သည် .. မြရေးချယ် ၏ အေးချမ်း တိတ်ဆိတ်စွာ ရှိနေကြဆဲ ..။





## အခန်း (၁၅)

အန်တီဆွေ နှင့် ဘုန်းမြတ်လူ တို့ ပြန်သွားပြီးချိန်မှာ ဘွား ရေးရေးကို မြက်ခင်းထက်မှာ လာထိုင်ရင်း ပြောပြသင့်တာတွေအားလုံး ပြောပြလေသမျှ မြရေးချယ် ကြားခဲ့ရပြီးကုန်ပြီ ..၊ တချို့သော သံသယ ပါးစပ်ပေါက်တွေဆီမှ ပျံ့သည့်သတင်းကိုလည်း ကြားလိုက်ရသည်က ဘွားကိုယ်တိုင် ရင်ထဲ မချိတင်ကဲဖြစ်ရင်း ပြောနေသမျှဖြင့်ပါ ..။

"အအုပ်အထိန်း ကောင်းကောင်းနဲ့ ကြီးပြင်းလာရတဲ့ ဘွားရဲ့ မြေး .. လိမ္မာရေးခြားလည်း ရှိတဲ့ ဘွားရဲ့ မြေးလေးကို .. ခုလို ပုတ်ခတ် ပြောဆိုကြတာတွေ ကြားရတော့ ရင်ထဲ ဘယ်ကောင်းနိုင်ပါ့မလဲ မြေးရယ် .. ဒါပေမယ့် .. အဲဒီလို ဖြစ်ရခြင်းဟာ ဆွေဆွေ တို့ မိသားစုရဲ့ ပယောဂကြောင့် မဟုတ်ဘူး .. ဘွားရဲ့စက်ရုံထဲက ဝန်ထမ်းတချို့ ကြောင့် ဖြစ်ခဲ့ရတာ .."

စကားကို အဆုံးသတ်ကာ ဘွား သက်ပြင်းရှိုက်သည်။

မြရေးချယ် ကတော့ ငြိမ်သက်ထိုင်နေရင်း ရင်ထဲမှာ ခံရချေသည်ကို မျိုသိပ်ထားနေရဆဲပါ ..၊ ဘဝတဲ့လားလေ ..။ ဖေဖေက မေမေ့ကို ချန်ခဲ့ကာ ဒေါ်ယမုန် နှင့် လက်ထပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကွယ်လွန်ခဲ့ရသည် ..၊ ငယ်ဘဝလေးမှာ ဖေဖေ့ လက်ပေါ်လည်း မကြီးခဲ့ရ ..၊ မေမေ့လက်ပေါ်လည်း မကြီးခဲ့ရ ..။ ဘွား လက်ပေါ်မှာ ကြီးခဲ့ရသည့်ဘဝ ..။ ခုကျတော့လည်း ဖေဖေက အဝေးမှာ ..၊ ဖေဖေ့ကို နောက်ဆုံးတွေ့ခဲ့ရခြင်းသည် မြရေးချယ် ၏ ခြောက်နှစ်ပြည့်မွေးနေ့လေးမှာပဲ ဖြစ်ခဲ့ရသည်သာ ..။

ထိုနေ့နေ့ မနက်ခင်းလေးကို မြရေးချယ် ယခုတိုင် မမေ့နိုင်ခဲ့..၊ မြရေးချယ် ၏ပါးကို ရိုက်ခဲ့သည့် ဒေါ်ယမုန် နှင့်လည်း ဖေဖေတို့ ထိုနေ့က လုံးဝ ကွဲကွာသွားခဲ့ကြသည်ပဲလေ ..။ ခြောက်နှစ်ပြည့်သည့် နေ့လေးတစ်နေ့သည် ဖေဖေ့ကို နောက်ဆုံး တွေ့ရသည့် နေ့လေးတစ်နေ့အဖြစ်လည်း ဘဝမှာ ကြေကြေမွှမွှ မှတ်မှတ်ထင်ထင် ဖြစ်တည်စေခဲ့ရသည့်ဘဝ ..။

ဩော် .. ခုကျတော့လည်း .. အဆင်ခြင်မဲ့ ပါးစပ်ပေါက်တချို့ကြောင့် မြရေးချယ် ဆိုတာ သိုသိုသိပ်သိပ် ကလေးတစ်ယောက်ကို နောက်တရားမှာ မွေးဖွားခဲ့သူအဖြစ်ပင် အထင်ခံရပြန် ချေသည်တကား..၊

ဒါ .. ဘဝတဲ့လားလေ ..၊ ရက်စက်လှချေသည်ကော .. ဟု ရင်ထဲ ကျင် ခံစားလာရသည်ပါပဲ ..။

"မောင်ဘုန်းမြတ်လူ ဟာ စာရိတ္တကောင်းတဲ့သူတစ်ယောက်ဖြစ်တယ်ဆိုတာလည်း ဘွား သိထားရပြီးပြီ .. ကိုထိုက် နဲ့ ဘွား စုံစမ်းလေ့လာခိုင်းခဲ့တယ် ဆိုပါတော့ .. သူကိုယ်တိုင်လည်း မြေးကို လက်ထပ်လိုပါတယ်လို့လည်း ဘွားကို ဒီနေ့မှာ သူ့အမေ ရှေ့မှာပဲ ခွင့်ပန်တယ် .. ဟိုတစ်နေ့က .. အင်း .. လွန်ခဲ့တဲ့ တစ်ပတ်လောက်က .. ဆွေဆွေတို့ ဇနီးမောင်နှံနှစ်ယောက် ဘွားဆီ ရောက်လာကြတယ် .. စက်ရုံဆိုပါတော့ .. အဲဒီကတည်းက .. မြေးကို .. စကားလာကမ်းကြတာ..၊ ဘွား အဲဒီအဖြစ်တွေကို မြေးကို မပြောပြဘဲ ဒီနေ့အထိ ထားခဲ့တာလေ .. ခုတော့ .. မောင်ဘုန်းမြတ်လူ ဟာ လက်ခံသင့်တဲ့သူတစ်ယောက် ဖြစ်





တယ်လို့ ဘွား သဘောပိုက်တယ် .. ဒါကြောင့်လည်း .. မြေးကို သူကိုယ်တိုင်ပဲ ပြောစေဆိုပြီး .. ဒီမနက်မှာ မြေးနဲ့ ဆုံပေးခဲ့တာ .. ဆွေနဲ့ ဘွားတို့ တိုင်ပင်ပြီးတော့ ဆိုပါတော့ .."

ဘွား ဆက်ပြောနေသမျှကိုလည်း မြရေးချယ် ငြိမ်၍သာ နားထောင်နေမိရဆဲပါ ..။

"မြေးမှာ အဲဒီသူငယ်နဲ့လည်း ညားသလိုလို သတင်းက ပျံ့တန်သလောက် အလကားနေရင်း မဟုတ်ဘဲနဲ့ ပျံ့ခဲ့ရပြီ .. ကလေးခများမှာလည်း မောင်ဘုန်းမြတ်လူ တစ်ယောက်ယောက်နဲ့ တစ်နေ့မှာ လက်ထပ်လိုက်ရင်ဖြင့် အဲဒီမိန်းမဟာ ရွှေခြူးလေး ကို မေတ္တာမထားရင် .. အမိမဲ့ အဖမဲ့ ဒီကလေးခမျာ .. ဘိုးအေ ဘွားအေလက်ထဲ ကြီးရရှာမှာ.. အေး.. ဟိုမိန်းမက သားသမီး ရလာရင်လည်း သူ့သားရင်း သမီးရင်းပဲ ချစ်မှာပေါ့ .. ရွှေခြူးလေး ကို ဘိုးအေ ဘွားအေတို့ မရှိတော့တဲ့အခါ ကျရင်ဖြင့် .. နိုင်စားတာတွေ ဘာတွေတောင် ဖြစ်ကုန်မှာ.. ရွှေခြူးလေး အတွက် မြေးလေးဟာ အလွန်တရာကိုမှ အေးမြတဲ့ အရိပ်တစ်ခုကို ပေးဝေရာ ဖြစ်နေတယ် .. အဲဒါလည်း မြေးလေး ထည့်တွေးဖို့ လိုတယ် မြေး .."

ဘွား ပြောပြီး ညင်ညင်သာသာ ဆံစလေးကို သပ်ပေးလာပါ၏။ နောက်တော့ မြရေးချယ် ၏ ပါးလေးကို ဖွဖွနမ်းသည်။

"မြေးလေး လွတ်လပ်စွာ ဆုံးဖြတ်ပါကွယ် .. ဖြစ်သင့်ဖြစ်ရာတွေကိုတော့ ဘွား ပြောပြပြီးပါပြီ .. ကဲ .. မြေးလေး .. အိမ်ထဲဝင်တော့ .. ရွှေခြူးလေး လည်း သူ့ဘွားအေ ရင်ခွင်ထဲမှာတောင် မြေးကိုပဲ ခေါ်ခေါ်ပြီး ငိုနေသေးတာ .. မနည်း ချော့ရမော့ရနဲ့ .. ငိုတာ မောတော့ နို့ဘူးလေး ပြီး အိပ်သွားရှာတယ် .. အကယ်၍ .. မြေးနဲ့သာ အမြဲဝေးရမယ်ဆိုရင်.. ဒီကလေးဟာ တငိုငို တယိုယိုနဲ့ .. နေ့တွေကို ဖြတ်သန်းရရှာလိမ့်မယ် မြေး .."



www.burmeseclassic.com

www.burmeseclassic.com



ဘွား သက်ပြင်းရှိုက်ကာ ထွက်သွားတော့ မြရေးချယ် ငိုင်၍ ကျ ရစ်ခဲ့ရပြန်ပါ၏။ နောက်တော့ ကောင်းကင်ကြီးကို မော့ကြည့်မိသည် တိမ်ဖြူတို့ ရွှေ့ရွှေ့မျှင်မျှင် အလှဆင်ထားရာ ကောင်းကင် …။

ထို ကောင်းကင်ကြီးရှိ အဘယ် တိမ်အုပ်ကြားဆီမှ မေမေသည် တိမ်ကိုစီးရင်း ရေးရေး ကို ငုံ့မိုး ကြည့်နေပါမည်လဲ …၊ မျက်ရည် လေးတွေ ကျနေချေမည်လား …။ မေမေ့မျက်ရည်စက်သည် .. နေရော ကို ဖြတ်၍ အဝေးဆီမှ ကျလာရတာမို့ လမ်းခုလတ်မှာပင် အငွေ့အသ အဖြစ် ပျောက်ဆုံးသွားရချေမည်သာ …။ ဒါပေမယ့်.. ထို မျက်ရည်ကျ သည် မြရေးချယ် ၏ နှလုံးသားထက်ဆီသို့ ပေါက်ပေါက်စက်စ လာထိ သိစေသည်သို့ ရှိနေ၏။

"ငါက .. အမိမဲ့ဘဝနဲ့ ရှိနေရရင်း .. အဖေနဲ့ကျတော့ နှစ်များ မဆုံရ .. မတွေ့ရ .. စကားလေးတောင် မပြောဖြစ်ရ .. အဖေ့အသံဆို မကြားရတဲ့ဘဝနဲ့ ရှိရတာ .. ရွှေခြူးလေး ကျတော့ .. လူမှန်းတော မသိရသေးဘူး .. ခမျာ .. မိဘနဲ့ သေကွဲ အခွဲခံလိုက်ရတဲ့ ဘဝထဲ မငြင်းဆန်သာဘဲ လက်ခံပေးလိုက်ရရှာတယ် .."

မြရေးချယ် ၏ ပါးလေးကို ပုတ်သည့် ကလေး …၊ ရယ်သည် ကလေး …၊ ရင်ခွင်မှာ ခေါင်းလေးခွေ့သည့် ကလေး …၊ ပခုံးပေါ် မေးလေး အပ်၍ ခေါင်းလေးငိုက်ကာ အိပ်ပျော်နေတတ်ပါသည့် ကလေး…၊ ဤ ကလေးသည် .. အကြင်နာကင်းသော မိန်းမတစ်ယောက်နှင့် ထပ်ရှေ့ လျှင်ဖြင့် .. ကြေကွဲဖို့ပဲ ရှိရှာမည်သာ …။

ဘွား ပြောခဲ့သည်လေ …၊ တစ်နေ့မှာ ဘုန်းမြတ်လူ အိမ်ထော လျှင် .. ဆိုသည့်စကား …၊ အာရုံထဲ ပေါ်လာသည်က ရွှေခြူးလေး ဘုန်းမြတ်လူ ၏မျက်ကွယ်မှာ ထိုမိန်းမ ဆိုတာက ရိုက်နေတာမျိုး ချောင်လေးတစ်ချောင်မှာ မျက်ရည်တွေနှင့် ပုန်းရင်း ထိတ်လန့်နေ ရွှေခြူးလေး ၏ မျက်နှာလေးမှာ စိုစွတ်နေမည့် မျက်ရည်စက်များ -





"အို .. အဲသလို အဖြစ်မခံနိုင်ဘူး .. မခံနိုင်ဘူး .."

မြရေးချယ် အလန့်တကြား အသံလေးတွေ ပွင့်ကျလာကာ မျက် ည် ကျလာသည်။ ကျုံး၍ ထသည်။ အိမ်ရှိရာသို့ ခြေလှမ်းသွက်သွက် ၄် လျှောက်လာမိရပါသည့်အဖြစ် …၊ အပေါ်ထပ်သို့ တောက်လျှောက် က်သည်။ အခန်းထဲရောက်တော့ ပုခက်တွင်းမှာ အိပ်ပျော်နေရှာသည့် ချူးလေး ကို တွေ့ရပါ၏။ ပုခက်ဘေးမှာ တွေတွေကြီး အတန်ကြာမျှ ရေးချယ် ရပ်နေမိရဆဲ …၊ ခြင်ထောင် ဇာပန်းရောင်လေးအတွင်းမှာ လေးပုခက် နုနုညက်ညက်လေးထက်မှာ ပုက်လက်လေး ခြေကလန် က်ကလန်လေးဖြင့် အိပ်နေရှာသည့်ကလေး …၊ မြရေးချယ် ၏ လက် းတွေက ညင်ညင်သာသာ ပုခက်လေးကို ငြိမ့်ငြိမ့်ပါမျှလောက်ပဲ ပ်ပေးမိပြီးမှ ဗီရိုရှိရာသို့ သွားမိရပါ၏။

ဗီရိုကြီး၏ တံခါးရွက်ကို မြရေးချယ် ဖွင့်သည်။ အံဆွဲလေးကို သည်။ ယွန်းဘူးတစ်ခု တွင်းမှာ သိမ်းဆည်းထားခဲ့ရပါသည့်အရာ..၊ ဪ.. ဝိန်လိမ်တွန့်ရှုံ့ဖွာ ရှိနေပါသည့် ပုလဲ ရွှေသစ်ပင်လေး …၊ တချို့ ဲလုံးလေးတွေ တွဲရရှိ မရှိနိုင်ကြတော့အောင် ပြုတ်ပြတ် ပုံပန်းပျက် ကြသည့် သစ်ပင်လေး …။ သစ်ရွက်တချို့လည်း မရှိ …၊ အကိုင်းတချို့ ည်း ပြတ်သတ်နေသည်။ ပုံရှုံ့တွန့်ကွေးစွာ အလှအဆင်းပျက်၍ ကျိုး ကြပုံပျက်နေသည့် ပုလဲရွှေသစ်ပင်လေးကို တတ်နိုင်သမျှ ဟိုဟိုသည် ည် ပြုပြင်ဆွဲဆန့်တာလေးတွေ လုပ်ခဲ့ပေမယ့် .. အပင်လေးက မလှ တော့ …။ ဪ.. ဖေဖေနှင့် နောက်ဆုံးတွေ့ခဲ့ရာ မနက် …၊ ထိုနေ့မှာ ်ယွင်းခဲ့ရပါသည့် ဤသစ်ပင်ငယ်လေး …။ မြရေးချယ် ၏ ပါးကို ်ရက်စက်စက် ရိုက်ခဲ့ပါသည့် ဒေါ်ယမုန် …၊ ပါးပြင်သည် စပ်ဖျဉ်း ကြီး ချက်ချင်း ပြန်၍ ဖြစ်တည်လာသည့်နှယ် ရှိကုန်ရပြီ …။

"ရွှေခြူးလေး ကိုရော .. အဲသလို .. ပါးရိုက်တာမျိုးတွေ .. ဘ .. ဘုန်းမြတ်လူ လက်ထပ်လိုက်မယ်ဆိုတဲ့ .. တစ်နေ့မှာ လင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဆိုတဲ့မိန်းမ ရိုက်လိုက်ရင်ဖြင့် .. ဘုရားရေ!.. အဘိုးအဘွာ အရိုပ်ပါ ကင်းသွားတာမျိုးဆိုရင်တော့ .. ဒီကလေး .. အားကိုးရေ ပျောက်မှာ.. ကိုဘုန်းမြတ်လူ ဆိုတာကလည်း ယောကျ်ားဆိုတော့ အ အိမ်မှာ ရှိနိုင်မှာ မဟုတ်ဘူး ..''

အတွေးသည် အထိတ်တလန့် ဖြစ်နေသည်။ ချောက်ချားစရာ ဖြစ်နေသည်။ နှလုံးသားကို ဆုပ်ချေနေသည့်နှယ် ဖြစ်နေသည်။

''ဒီသစ်ပင်လေးကို ဘွား ဒေါသတကြီးနဲ့ ကောက်ပြီး အဝေး ကို ပစ်ထည့်လိုက်ပေမယ့် .. လေးလေးသော် က ဘွား မသိအောင် သွားကောက်သိမ်းထားခဲ့ရှာတယ်.. ဘွား မသိအောင် ရေးရေး ကို အဲ နေ့ ညနေမှာ တိတ်တိတ်လေး လာပေးခဲ့ရှာတယ် .. ဒီသစ်ပင်လေး ဟာ .. ငါ့လက်ထဲမှာ .. ပုံရှဲ့အဆင်းပျက်နေတဲ့ သစ်ပင်လေးတစ်ပင် အဖြစ် ရှိနေရတာ နှစ်များစွာ ကြာခဲ့ပြီ .. ဖေဖေ့ အချစ်တွေကို ပြော နေတဲ့ သစ်ပင်လေး တစ်ပင်ပေါ့ .. အဖျက်ဆီးခံလိုက်ရပေမယ့် .. ဖေ အချစ်တွေကို ခုထိ ပြောပြနေတဲ့ သစ်ပင်လေး တစ်ပင်ပေါ့ ..''

အကြည့်သည် ကြေကြေမွမွ နိုင်နေ၏။

လက်ချောင်း သွယ်သွယ်လေးတွေက သစ်ရွက်လေးတချို့ကို ပွ သပ်နေသည်။ လက်ကျန်ပုလဲလုံးလေးတချို့ကို တို့ထိနေသည်။ နော ဆုံးတော့ အပင်လေးကို ရင်မှာ အပ်ထားမိရပါ၏။ ဖေဖေ နေမှ ကော ပါရဲ့လား .. ဆိုတာ အမြဲ တွေးမိရ ..။ စိတ်ပူနေမိရတတ်တာတွေ အကျင့်ကြီးတစ်ခုလို လွှမ်းမိုးနေတတ်ကြပေမယ့် ..။ ဘွားကလည် ဖေဖေ့ကို ဆက်သွယ်ခွင့် မပေးခဲ့ ..၊ ဖုန်းနံပါတ်လည်း ပေးမထား မို့ .. ဖေဖေ့ အသံလေးကိုပင် မကြားနိုင်သည့်ဘဝထဲမှာ အစဉ်သ နေ့တွေကို ဖြတ်သန်းနေရဆဲ ..။ မြရေးချယ် ယွန်းဘူးလေးထဲမှာ ရှ သစ်ပင်လေးကို ညင်ညင်သာသာ ပြန်၍ ထည့်မိသည်။

အနီရောင်ဂဝ္ဗီပါခင်း ထားရာထက်မှာ သစ်ပင်လေးသည် ရွှေ





ဆိုသည့် ဂုဏ်ရှိန်အတိုင်း အဆင်းမလှပေမယ့် ဝင်းဝင်းလဲ့လဲ့ဂုဏ်ကို တော့ ထိန်းထားနိုင်ဆဲ ..။ အံဆွဲထဲသို့ ဘူးလေးကို ပြန်ထားပြီးတော့ လည်း ဗီရိုအပေါ်ဆင့်မှာ ရှိနေပါသည့် ကတ္တီပါ ရှုံ့အိတ်ကြီးကို ထုတ်မိ ရပြန်ပါပြီ ..။

ဪ .. တစ်ချိန်က ဖေဖေ တီးခဲ့ရာ တယော ..၊ ကတ္တီပါ ရှုံ့အိတ် ကြီးသည် နီညိုရောင် ဖြစ်နေလျက် .. ကာလကြာသည့် သင်္ကေတတစ်ခု အဖြစ် နည်းနည်းတော့ အရောင်လွင့်နေပြီတည့် ..။

တယောအိတ်ကို ယူကာ လသာဆောင်ဆီသို့ မြရေးချယ် ထွက် လာမိသည်။ အိပ်ခန်းနှင့် လသာဆောင်ခန်းကူး တံခါးရွက်ကြီးကို ပိတ် လိုက်မိရပါ၏။ ဒါမှ .. ရွှေခြူးလေး ထံ မည်သည့်အသံမှ မရောက်ဘဲ ရှိရမည်လေ ..။

တယောကို ထုတ်နေမိရင်းမှ မြရေးချယ် မျက်ရည်ကျလာသည်။ နှုတ်ခမ်းလေးတွေ တုန်ခါနေသည်။

''ဖေဖေ ..''

တိုးသဲ့စွာ ခေါ်မိသံ ..၊

''ရေးရေး .. တယောထိုး သင်ခဲ့ပါတယ် ဖေဖေ .. ဖေဖေ့ဆီက အနုပညာအမွေကို ယူခြင်းဟာ သမီးတစ်ယောက်ရဲ့ သွေးကြောတွေထဲ မှာ ပျော်ဝင်နေတဲ့ ဖေဖေ့သွေးကြောင့်ပဲဆိုတာ ဘွား လက်ခံခဲ့ပါတယ် ဖေဖေ .. ဒါကြောင့်လည်း အိမ်မှာ ဆရာမကို ခေါ်ပြီး တယောထိုးသင် ခွင့် ပြုခဲ့တယ် .. စန္ဒရားသင်ခွင့် ပြုခဲ့ပါတယ် ဖေဖေ .. အခု .. သမီး.. ဖေဖေ့တယောကို ထိုးတော့မယ် ဖေဖေ .. သမီးစိတ်တွေ အရမ်း ဆင်းရဲ နေတယ် ဖေဖေရယ် .. မွန်းကျပ်နေတယ် .. သံယောဇဉ်ဆိုတဲ့ ကြိုး တစ်မျှင်ဟာ .. ဘယ်လောက်ထိ ခိုင်မြဲတယ်ဆိုတာ .. အခု .. ရေးရေး သိလာနေရတယ် ဖေဖေ .. ရွှေခြူးလေး ကို ချစ်တဲ့ သံယောဇဉ်ကို သိနေရလေလေ .. ဖေဖေ့ကို ပိုသနားလာရလေပါ .. သမီးရင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်တဲ့ ရေးရေး ကို .. ဖေဖေ အရမ်းလွမ်းနေရှာနော် .. မေမေ့ ကို ပစ်ပြီး ဒေါ်ယမုန် ကို လက်ထပ်လိုက်တဲ့ ဖြစ်ရပ်တစ်ခုဟာ အပြစ် တစ်ခု ဖြစ်သွားတယ်လို့ ရေးရေး မမှတ်ယူရက်ပါဘူး ဖေဖေရယ် .. ရေးရေး ကို ဖေဖေ ချစ်နေတာ ရေးရေး သိနေပါတယ် .. ဒါပေမယ့် .. မေမေ့ဘက်က ကြည့်ရင်တော့ .. ဖေဖေဟာ မေမေ့ကို ရက်စက်ခဲ့တာပဲ ဖြစ်နေပြန်တယ် ဖေဖေ .. ဒါပေမယ့် ဖေဖေရယ် .. ရေးရေး ကို ပါးရိုက် ခဲ့တဲ့ အပြစ်တစ်ခုကြောင့် ဒေါ်ယမုန် ကို ဖေဖေ လမ်းခွဲပစ်ခဲ့တာမို့ .. မေမေ ဟိုးကောင်းကင် တိမ်တိုက်တွေကြားထဲက ကြည့်ရင်း ဖေဖေ့ကို ခွင့်လွှတ်ပေးလိမ့်မယ်လို့ ထင်မိပါရဲ့ ဖေဖေရယ် .."

မြရေးချယ် တယောကြိုးကို ညှိနေမိသည်။ လက်ဖျားလေးတွေ တုန်ခါနေကြတာကို မသိဘဲ နေ၍ကို မရ ..၊ ဖေဖေ့ကို သတိရလိုက် သည်မှလေ .. မျက်ရည်က တားမရ ..၊ တယောအိုးကို ဘယ်ဘက်ပခုံး ပေါ်တင်သည်။ မေးတင် ပျဉ်နေရာလေးမှာ မေးဖျားကို တယောအိုး ထက်မှာ တင်သည်။ တယော၏ လည်တံအောက်မှနေ၍ လက်ကလေး ကို လျှိုကာ တယောလက်ပေါက်ပျဉ်ကို လက်ချောင်းလေးတွေဖြင့် ဖေ တင်လိုက်မိရပါပြီ ..၊ ဘယ်ဘက်လက်ချောင်းထိပ်လေးတွေက တယော ကြိုးထက်မှာ ဖေးတင်လိုက်ကြချေသည်တည့် ..။

"ဖေဖေ .."

တိုးဖွဖွ ခေါ်မိပြန်သည်။ ခြောက်နှစ်ပြည့်သည့် အရွယ်လေးမှာ အဖေ၏ကျောပြင်ကို ရပ်ငေးငိုကျန်ခဲ့သည့် မြရေးချယ် ဆိုသည့် ကောင် လေးတစ်ယောက်၏ ပုံရိပ်လေးတွေ ရင်မှာ လာလာထိနေကြသည်ကော ဖေဖေရယ် ..၊

"ဖေဖေ တယောထိုးတာကို ရေးရေး မမြင်ဖူးလိုက်ပါဘူး ဖေဖေ ဒါပေမယ့် .. ဖေဖေ့ သွေးတွေ စီးမျောရာ ရေးရေး ရဲ့ လက်ချောင်းလေး တွေက ဒီနေ့မှာ ဖေဖေ့ကို တမ်းတနေရင်း တယောကြိုးထက်မှာ ရှိနေ





ကြလေရဲ့ .. တယောထိုးတံလေးကိုလည်း ရေးရေး တယောကြိုးထက်မှာ တင်ထားရပြီ ဖေဖေ .. ရေးရေး စန္ဒကိန္နရီကို ထိုးတော့မယ် ဖေဖေ.."

မြရေးချယ် ပြောပြီးတာနှင့် မျက်ရည် ထပ်ကျလာသည်။ နောက် တော့ တယော စတင်ထိုးနေမိရပါပြီ ..၊ လွမ်းစရာ့ တေးသံ ..။ ကြာ လေ ..၊ တယောသံက ပို၍ ကြေကွဲမှု နိုင်လာနေသည်။ ငိုကြွေးသံထဲမှာ လှုးလွန့်နေသည့်နှယ် ရှိလာနေသည်။ မြရေးချယ် ၏ကိုယ်လေး မသိ မသာ ယိမ်းနွဲ့လာနေ၏။ တယောထိုးတံ၏ အတို့ .. အငိုက် .. အဆွဲ အငင်တို့အတိုင်း ကိုယ်လေးက ရော၍ ယိမ်းပါနေသည့်အဖြစ်..၊ မြရေး ချယ် ၏ မျက်တောင်လေးတွေ ပိတ်ထား ယှက်ထားကြပြီ ..။

ထိုစဉ်မိုက် မြရေးချယ် ၏ ဘလောက်အင်္ကျီ အိတ်ကပ်ဆီမှ လက် ကိုင်ဖုန်းလေး မြည်လာပါ၏။ မြရေးချယ် ဖုန်းမကိုင် ..၊ တယောကို ဆက်၍ ထိုးနေမိရဆဲ ..၊ ခေါ်သံ တစ်ချက် ပြန်ရပ်သွားသည်။ မကြာ..၊ နောက်ထပ် ဖုန်းခေါ်သံ ပေါ်လာပြန်၏။ မြရေးချယ် တယောဆက်ထိုး နေမိရဆဲ ..၊ ဇောသည် တယောထဲမှာပဲ နစ်နေသည်။ ကောင်းကင်ထက် ဆီမှ မေမေသည် တယောသံကို နားထောင်နေပါလိမ့်မည် ..။ နေ့များ မှာ တိမ်တိုက်တို့ကို စီးခိုရင်း ငုံ့မိုးကြည့်တတ်ပါလိမ့်မည်။ ညဆိုလျှင် လမင်းကြီးဆီမှ ကြည့်နေတတ်လိမ့်မည်။ လမိုက်ညဆိုလျှင် ကြယ်လေး တွေကို စီးခိုရင်း မေမေသည် မြရေးချယ် ကို ကြည့်နေတတ်လိမ့်မည်..။ ဖေဖေ ..၊ ဩော် .. ဖေဖေ ကျတော့ရောလေ ..။ ဖေဖေ့ အိပ်မက်တွေမှာ မြရေးချယ် သည် တယောထိုးရင်း ရောက်ရှိနေတတ်ပါလိမ့်မည်လေ..။ ထိုသို့နှယ်ပင် ကြေကြေမြည့်မြည့် တွေးကာ မြရေးချယ် တယောကို သီချင်းဆုံးအောင် ထိုးလိုက်မိရသည်ပါပဲ ..။ နားလိုက်ချိန်မှာ မြရေးချယ် ၏ မျက်နှာလေးထက်မှာ ချွေးတွေနစ်နေသည်။ ဆံစဆီမှ ချွေးစက်တို့ စို့စို့ ခိုနေကြပြီ ..၊ မျက်ရည်ကလည်း မျက်ဝန်းဆီမှ စီးကျနေဆဲ ..။

ထိုစဉ်မိုက် .. ဖုန်းမြည်သံ ထပ်၍ ပေါ်လာတာမို့ တယောကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ် တင်လိုက်မိကာ ဖုန်းနံပါတ်ကို ကြည့်လိုက်မိရပါပြီ ...၊ သုံးကြိမ်စလုံး ခေါ်သည့် ဖုန်းနံပါတ်သည် တစ်ခုတည်းပဲ ဖြစ်နေသည်။ ရေးရေး မသိသော ဖုန်းနံပါတ် ...၊

"ဟယ်လို .."

"သမီးလေး .."

ဟင်!...ခနဲ မြရေးချယ် နှုတ်မှ ပွင့်ကျလာသံသည် ရှိုက်သံပါနေသည်။ ကိုယ်လေး တောင့်ခနဲ ဖြစ်သွားရကာ လက်ဖျားခြေဖျားတွေ အေးစက်ကုန်ရအောင် စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားသွားရပါပြီ။ ယုံပင် မယုံရဲနိုင်သေး ...။ ဖေဖေ ဖုန်းဆက်လာသည်တဲ့လားလေ။ ဖေဖေ ဖုန်းဆက်လာသည်တဲ့လားလေ ...။ ဖေဖေ့ ကျောပြင်ကြီးကို ငေးကြည့်ရင်း ငိုကျန်ခဲ့ရပါသည့် ခြောက်နှစ်အရွယ် မြရေးချယ် ၏ ခံစားမှုသည် လတ်လတ်ဆတ်ဆတ်ကြီးပင် ရင်မှာ တိုးဝင်၏။

ဖေဖေသည်လည်း ကြေကွဲစွာ ထွက်ခွာသွားရလျက် ...၊ ရေးရေးသည်လည်း ကြေကွဲစွာ ကျန်ခဲ့ရသည်ပဲလေ ...။

"ဖေဖေ .."

တမ်းတမ်းမွတ်မွတ် မြရေးချယ် ခေါ်မိခြင်း ...၊ အသံက မကျယ်တစ်ဆို့ဆို့ ဖြစ်နေသည်။

"ဖေဖေ .. ဖုန်းခေါ်တာ သုံးခါရှိပြီ သမီးလေး .."

"ရေးရေး မသိလို့ပါ ဖေဖေ .. အဲဒီအချိန်မှာ .. အဲဒီအချိန်မှာ ရေးရေး လေ .. ဖေဖေ့ တယောာ ထိုးနေတာပါ ဖေဖေ .. ဖေဖေ့ လွမ်းရင်း .. ငိုနေမိတာပါ ဖေဖေရယ် .. အခု .. အခု .. ဖေဖေ့ တယော လေး .. ရေးရေး ရဲ့ ကိုယ်ပေါ်မှာ တင်ထားတာပါ ဖေဖေ .."

မြရေးချယ် ငို၍ ပြောနေမိသည်။ ဖေဖေ့ဘက်မှလည်း ငိုသံကို ကြားနေရသည်။ အဘယ်သို့သော နှလုံးသားက တင်းခံ၍ မငိုနိုင်ဘဲရှိနေမည်တဲ့လဲလေ ...။





ကွဲကွာခဲ့ကြရပါသည့် သားအဖ၏ ကြေကွဲရှိန်နှင့် ဝမ်းနည်းအိုက်ရှိန်ဆိုတာက နှစ်များစွာ ရင်ထဲမှာ မဆုံ့ရင်ကန်ရှိနေရသည်မို့.. အဘယ်မျက်ရည်စက်သည် ပွင့်မကျနိုင်ဘဲ ရှိချေမည်တဲ့လဲ ...။ အဘယ် ရှိုက်သံသည် ထိန်းချုပ်ခံနိုင်ပါ့မည်တဲ့လဲလေ ...။

"မေမေ့ဆီက .. ဖုန်းဆက်လာတယ် သမီး .. ဖေဖေ့မိတ်ဆွေ မျိုးဇော်နဲ့ မေမေနဲ့က ဖုန်းအဆက်အဆံ ရှိကြတယ်လေ .. ဖေဖေ ဖုန်းနံပါတ်ကို မေမေ မေးတယ် .. မျိုးဇော် ပြောပြလိုက်တော့ .. မေမေ .. ဖုန်းဆက်လာတယ် သမီး .. သမီးရဲ့ ဘွား .. ဒီနေ့မှာ စပြီး ဖေဖေ့ကို ဖုန်းဆက်တာ .. သမီးရဲ့ ဖုန်းနံပါတ်ကိုလည်း ဒီနေ့မှာမှ မေမေ ပြောပြတာ .."

ပြောနေရင်း ဖေဖေ ငိုနေသည်။ ငိုနေရင်းမှလည်း ဖေဖေ ပြောနေပါ၏။ မြရေးချယ် လည်း လိုက်၍ ငိုနေမိရသည်ပါပဲ။ ဤနေ့မှာ.. ဖေဖေ့ မွေးနေ့လက်ဆောင် ရွှေပုလဲသစ်ပင်လေးကို.. ကြေကြေမြည့်မြည့် မြရေးချယ် ကြည့်မိခဲ့သည်။ ဤနေ့မှာ .. ဖေဖေ့ တယောကို မျက်ရည်ကျရင်း ရေးရေး ထိုးမိခဲ့သည်။ ဩော် .. ဤနေ့မှာပင် .. ဖေဖေသည် ရေးရေး ကို စကားတွေ ပြောနေပြီ ...။ ရေးရေး ကလည်း ငို၍ ဆောင်နေရသည်။

ပျော်နေခြင်းလည်း တိုးဝင်လာနေပြီ ...၊ စိတ်လှုပ်ရှား ကြေကွဲခြင်းသည်း ရင်ထဲမှာ မွှေနေသည်။ အရှိန်ပြင်းသော ကြေကွဲခြင်းနှင့် မြင့်မြင့်သော ပျော်ရွှင်ခြင်းဆိုတာ တစ်ကြိမ်တည်းမှာ ဖြစ်တည်တတ်သည်ကောဟု အံ့သြစွာ သိနားလည်လာရသည်တည့် ...။

"မငိုပါနဲ့ သမီးလေးရယ် .. ဖေဖေ့ကြောင့် သမီးလေးမျက်ရည်ကျတာ များလှပါပြီ .. မငိုနဲ့ .. တိတ် .. တိတ် .."

"ဖေဖေလည်း မငိုနဲ့..နော် .. မ..ငိုပါ..နဲ့.. ဖေ .. ဖေ .. ရယ်.."

အငိုတိတ်ခိုင်းသူ သားအဖနှစ်ယောက်သည် ဘယ်သူ့ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည် မထိန်းနိုင်ကြသေးတာကိုဖြင့် ရှိုက်သံတွေက သက်သေထူ ဆဲ ..၊ နောက်ဆုံးတော့ သားအဖနှစ်ယောက် စိတ်ကို လွှတ်ပေးလိုက် ဖုန်းကိုယ်စီ ကိုင်ထားရင်း ငိုခြင်းမက ငိုချပစ်လိုက်ကြချေသည်တကား

ငိုစေတော့ ..၊ ငိုချေတော့ .. မထိန်းရစ်နိုင်သည့် မျက်ရည်ပြို ပြိုကျစေတော့ ..။ အတန်ကြာတော့မှ ဖေဖေ့ဘက်မှ ...

"တိတ်တော့ သမီးရယ် .."

ဟုရင်ထဲ မချိသည့်နှယ် ပြောသံ ပေါ်လာပါ၏။ ရေးရေး မျ ရည်သုတ်နေမိသည်ပါပဲ ..။

"ဖေဖေ့ကို .. မေမေ ပြောပြတယ် သမီး .. ရွှေခြူးလေး အကြောင်း တွေ .. ပြီးတော့ .. ဘုန်းမြတ်လူ တို့ မိသားစု အကြောင်းတွေ .. မြေး ဖြစ်တဲ့ မြရေးချယ် ကို .. ဘုန်းမြတ်လူ နဲ့ နေရာချချင်တာတွေ အားလုံး မေမေ ဖုန်းနဲ့ ပြောလာတယ် .. အကယ်၍ .. သမီးလေး အဲဒီသူငယ်လေးကို လက်ခံလိုက်မယ်ဆိုရင်ဖြင့် .. လက်ထပ်ပွဲကျင်း ရမှာမို့ .. သမီးမှာ အဖေရှိတဲ့အတွက် .. အဖေဆိုတာ .. အဲဒီမင်္ဂလာ မှာ ရှိနေရမှာတဲ့လေ .. အဲသလို မေမေ ပြောတယ် သမီး .. ပြီးတော့ သမီးလေးကို အဲဒီသူငယ်လေးနဲ့ သဘောတူရဲ့လား ဆိုတာကိုလည် မေမေ မေးလာတယ် .. အဖေတစ်ယောက်မှာ အဲဒီအခွင့်အရေးရှိတ တဲ့ .. အသိပေးဖို့ တာဝန်လည်း မေမေ့မှာ ရှိတယ်တဲ့လေ .. ဖေဖေ သဘောကတော့ သမီးရယ် .. မေမေ သဘောကျတဲ့လူကို ဖေဖေ သဘောမျှပါတယ် .. သမီး လက်ခံလိုက်မယ်ဆိုရင်တော့ဖြင့် .. ဖေဖေ ပြန်လာရလိမ့်မယ် သမီး .. အဲဒီ မင်္ဂလာပွဲမှာ .. ဖေဖေ ရှိနေရမယ်လေ ဘာပဲဖြစ်ဖြစ် .. သမီးလေးရဲ့ ဘွားဟာ .. သမီးဘဝ အေးချမ်းမယ့်အ ကို မမှားမယွင်း ရွေးချယ်နိုင်တယ်ဆိုတာ ဖေဖေ ယုံကြည်ပါတယ် မေမေ့အကြောင်းကို ဖေဖေ အသိဆုံးပါ.. မေမေဟာ အလွန် ထက်မြ တဲ့ အမေပါ .."





ဖေဖေ ပြောနေချိန်မှာ မြရေးချယ် ၏ ရင်ထဲ တိုးဝင်နေသည့် စကားက ...

"အဲဒီမင်္ဂလာပွဲမှာ ဖေဖေ ရှိနေရမယ်လေ .."

ဆိုသည့်စကား ..၊ နှစ်များစွာ ဝေးကွာနေရပါသည့် ဖေဖေ ..။ ဖေဖေသည် ယခင်တုန်းကနှယ်ပင် ရှိနေပါရဲ့လား ..၊ ဆံစတို့များ ဖြူနေချေပြီလား .. ဒါမှမဟုတ် .. ခန့်သန့်နေသော ကိုယ်ပိုင်ဟန်မပျက် အရွယ်တင်နေသူအဖြစ်များ ရောက်ရှိလာချေမည်လား။ ဖေဖေ့ကို မြရေးချယ် တွေ့ချင်သည်။ ဖေဖေသည် ဘွား ၏ ခွင့်ပြုမှု .. ခေါ်ငင်မှု တစ်ခုကြောင့် ပဒုမ္မာသို့ တစ်ကျော့ပြန်နေခွင့် ရချေပေလိမ့်မည်။ အထီးကျန်ဘဝတစ်ခုဆီမှ ဖေဖေ ရုန်းထခွင့် ရပါချေလိမ့်မည် ..။ ဤအခွင့်အရေးသည် ဖေဖေနှင့် မြရေးချယ် အတွက် အလွန်တရာကိုမှ ကြီးမားသော ဆုလာဘ်အခွင့်အရေးကြီး ဖြစ်နေပါ၏။ ရတောင့်ရခဲ အခွင့်အရေးကြီး တစ်ခု ..။

"ရေးရေး .. ဖေဖေ့ကို တွေ့ချင်တယ် ဖေဖေ ရဲ့ .."

ရေးရေး ငိုရင်း ပြောနေမိသည်။

ရွှေခြူးလေး တစ်ယောက်တည်းအတွက်သာ မဟုတ်တော့ပြီ..၊ ရေးရေး ၏ ဖေဖေ့ အတွက်ပါ .. ထို ဘုန်းမြတ်လူ ဆိုသည့် သူတစ်ယောက်ကို .. ရေးရေး လက်ထပ်ရချေဦးတော့မည် တကား ...။

ဤအဆုံးအဖြတ်သည် အတ္တမကင်း..၊ ဟုတ်သည်မကင်း ..။ သူ့ကို ချစ်နေတာမျိုးလည်း မရှိနိုင်ပါပဲနှင့် ..၊ သူ့ကို လက်ထပ်လိုက်ဖို့ ဆုံးဖြတ်လိုက်ခြင်းသည် .. ဖေဖေ့အရိပ်ကို ပြန်ပိုင်ဆိုင်ခွင့် ရချင်၍ ဖြစ်နေတာ အမှန်တရား ဖြစ်နေသည်။ အတ္တဆိုတာ သူ့အပေါ် သက်ရောက်စေလျက် .. မရိုးသားရာ ရောက်နေပြီဟု ရင်ထဲမှာ တစ်ချက်ထင့်သည်။ လူ့ဘဝကြီးသည် .. ချစ်သူမဟုတ်သည့် လူနှစ်ယောက်ကို လက်ထပ်စေဖို့အထိ ဩဇာပေးနိုင်သည်တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



သူပြောခဲ့ခြင်းသည် မှန်နေချေသည်တကား ...။

ပြီးတော့ .. မှောင်မိုက်သည့် အတ္တဆိုသည့် နေရာမှာ .. ထိုအတ္တဆိုသည့်အမှောင်ကို.. ဖေဖေ့ကိုချစ်သည့် ရေးရေး ၏ဖြူစင်သောအချစ်.. ရွှေခြူးလေး ကို ချစ်သည့် ဖြူစင်သော အချစ်တွေဆီမှ အလင်းတန်းတွေအဖြစ် ထိုအတ္တအမှောင်ကို ဖယ်ရှားပေးလိုက်ချေမည်သာ ...။

ထိုအတွေးအခေါ်ကိုလည်း .. မကြာမတင်လေးမီကပင် .. သူ - ရေးရေး ကို .. ပြောပြခဲ့သည်တည့် ..။

"ဘွား စီမံတာကို .. ရေးရေး လက်ခံပါတယ် ဖေဖေ .. ဖေဖေ လာခဲ့တော့ နော် .. ဖေဖေ့ကို .. ရေးရေး .. ကန်တော့ပါရစေတော့ ဖေဖေ ရဲ့ .. ဖခင်ကို ကန်တော့ခွင့်မရခဲ့တဲ့ နှစ်များစွာကို ရင်ဆိုင်ခဲ့ရတဲ့ ရေးရေး .. ဖေဖေ့ကို ကန်တော့ချင်တယ် .. ဖေဖေ့ရင်ခွင်ထဲမှာ ခိုဝင်နေချင်တယ်ယ .. ဖေဖေ့ကို ဖက်ငိုပစ်ချင်နေတယ် .. ရေးရေး ရဲ့ မျက်ရည်စက်တွေကို .. ဖေဖေ သုတ်ပေးတာ .. ခံယူချင်နေပါတယ် ဖေဖေ .."

ပြောနေရင်း ပြောနေရင်း ရေးရေး ၏ အသံတွေ တိမ်ကျသွားရလျက် ...

"ဖေဖေ့ကို ချစ်တယ် ဖေဖေရဲ့ .."

ဟု ငိုရင်း အော်ပြောလိုက်မိရပါပြီတည်း ...။





ကိုယ် အလှူနိုင်ချင်တဲ့ အရာအတွက်
ကြီးမားတဲ့ ပေးဆပ်ခြင်းကို
ရှင်သန်ရာ လူ့သက်တမ်းနဲ့ရင်းပြီး
ရွေးချယ်လိုက်ရတဲ့ နောက်မှာ
နောင်တဆိုတာကို
မေ့ဖျောက်ထားလိုက်ဖို့
တာဝန်တစ်ခုဟာလည်း
ရွေးချယ်တဲ့သူ့ဘက်က
ထပ်မံ ပေးဆပ်ရခြင်းအဖြစ်
ရှိရစ်နေစေရဦးမှာပါပဲ ...။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဖေဖေ ရောက်လာသည့်နေ့သည် လက်ထပ်ပွဲကျင်းပရန် တစ်ရက် အလိုမှာပဲ ဖြစ်လေသည်။ ပဒုမ္မာ၏ ဧည့်ခန်းဆောင်ကျယ်ကြီးနှင့် ... ရှေ့ မြက်ခင်းပြင်ကျယ်ကြီးထက်မှာ ဧည့်ခံရာစားပွဲဝိုင်းကြီးတွေ နေသာ တကျ လှပစွာ ရှိနေခဲ့ပြီးပြီ ...၊ မင်္ဂလာခန်းဆောင် ပန်းအလှဆင်ခြင်း... လည်း ပြီးစီးခဲ့ပြီ ...။

မြက်ခင်းစိမ်းမြမြထက်မှာ မင်္ဂလာပန်းခုံးရုံ ကုံးခုံးခုံးလေးတွေ... လည်း အလှဆင် ပန်းတုတွေဖြင့် ထူထူသိပ်သိပ် ရှိနေကုန်ကြပြီးနေပြီ... စားပွဲဝိုင်းကြီးတိုင်းမှာ ဖဲသားအဖြူပေါ် အနီတောင့်ချိုးခင်းတွေဖြင့် ရှိ... ကြလျက် ...။ ဖဲသားအစွပ်ဖြူတွေဖြင့် ကုလားထိုင်တိုင်းကလည်း ဆို... ထိုင်ခုံ ကျောမှီအိအိတွေဖြင့် လှပ ဖွေးဥစွာ ရှိနေကြချေသည် ...။

ဧည့်ခန်းဆောင်ကျယ်ကြီးထဲမှာတော့ သဘာဝ ပန်းအလှတွေ... ပန်းအိုးထိုး အလှဆင်မည်တဲ့ ...၊ ဒါက .. မင်္ဂလာခန်း အလှဆင်လုပ်... မှ မမသက် က ပြောသည်လေ ...။

ဘွားမှ ဖေဖေ့ကို အဘယ်နေ့မှာ မင်္ဂလာရက် သတ်မှတ်သည်... တာ ဖုန်းဆက်ပြောခဲ့ပြီးချိန်ထိ ဖေဖေ ရောက်မလာခဲ့သေးပဲ ရှိ... ကာ ...၊





ဖိတ်စာတွေ ဝေပြီးချိန် ...၊ ခုလို .. မင်္ဂလာခန်းဆောင် အလှဆင် ...တာတွေ ပြီးစီးလု နီးနီးရှိလာချိန်မှာ .. ဖေဖေသည် အဖြူရောင် အနောက် ...ိုင်းဝတ်စုံ ...၊ လက်တွန်း ခရီးဆောင်သေတ္တာဖြင့် ပဒုမ္မာသို့ စတင်၍ ...ရောက်ရှိလာခြင်းပါတကား ...။

ထိုအချိန်မှာ အခန်းထောင့်ရှိ ဆိုဖာထက်မှာ ဘွား နှင့် အန်တီဆွေ ...တို့က သတို့သမီးဝတ်စုံလေးကို နည်းနည်းလေး ပြန်ကျဉ်းလိုက်ဖို့ကိစ္စ ...ပြောနေကြသည်။ ဆက်တီစားပွဲထက်မှာ လက်ဝတ်ရတနာထည်တွေ ...တစ်ဆင်စာစီ ရှိနေရာ ကတ္တီပါဘူးတွေက ဖွင့်လျက်သား ...၊ ခုထိ .. ...အဘယ် လက်ဝတ်ရတနာကို မင်္ဂလာနေ့မှာ ရေးရေး ဝတ်ရမည်ဆိုတာ ...ဘွားနှင့် အန်တီဆွေ တို့ စိတ်တူ ရွေးမရ နိုင်သေးဘဲ ဖြစ်နေသည်။

တိတ်ဆိတ်စွာ ငြိမ်ထိုင်နေကြသည်က သတို့သားလောင်းလျာ ...ကိုနီမြတ်လူ နှင့် ရေးရေး တို့ပဲ ဖြစ်နေကြရကာ ...၊ ရေးရေး ရင်ခွင်မှာက ...ချွေးခြုံးလေး ရှိနေပါ၏။

လူရိပ်ကြောင့် ရေးရေး လှမ်းကြည့်လိုက်ချိန်မှာ ပြုံး၍ ကြည့်နေပါ ...သည့် ဖေဖေ ...၊ ဖေဖေ့နောက်မှာ ရပ်နေသည်က လေးလေးသော် ...။ ...ဖေဖေသည် မည်သူ့တို့မျှ လေယာဉ်ကွင်းမှာ လာကြိုဖို့ အကြောင်း ...ကြားခဲ့ ...၊ တက္ကစီနှင့် ရောက်လာတာ ဖြစ်မည်။ ခြံတံခါးကို လေးလေး ...သော် ဖွင့်ပေးခဲ့တာတွေ သေချာနေသည်။ ဖေဖေ ရောက်လာ၍ထင့် ...။ ...သားလေးသော် မျက်ရည်ဝဲနေအောင် ပျော်နေရှာသည်ပါပဲ ...။

ဖေဖေ့ကို သံယောဇဉ်ကြီးသည့်အထဲမှာ ဤပဒုမ္မာမှ အားလုံး ပါ ...ကြသည်လေ...။ အလုပ်သမားရယ်လို့ ဖာသိဖာသာ မရှိ ...၊ သားချင်းပမာ ...ချစ်ကြသည်ပဲလေ ...၊ ဘွားနှင့် အန်တီဆွေ တို့ကတော့ဖြင့် ဖေဖေ ...ရောက်လာတာကို ခုထိ သိကြပုံ မရသေး ...။ အဖြူရောင် သတို့သမီး ...ဝတ်စုံ ကြိုးချိတ်ဆင် ကျောက်ပွင့်ခြယ် ဝတ်စုံလေးထဲမှာ စိတ်နစ်... ...ခဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ရေးရေး သာ ဖေဖေ့ကို ငေးကြည့်နေမိရာမှ သုတ်ခနဲ ကျုံး၍ ထ ..၊ ဖေဖေ့ထံ ပြေးမိတော့မှ ဘွား ရော အန်တီဆွေ ရော ရေးရေး ကို လိုက်ကြည့်မိကြရာမှ ဖေဖေ့ကို တွေ့သွားကြချေ၏။ သူကလည်း– ရေးရေး ဖေဖေ့ကို ငေးကြည့်နေကတည်းက လိုက်၍ ကြည့်နေသည့် သူ ..၊ ဒါပေမယ့် .. ရေးရေး ၏ ဖေဖေဆိုတာကိုတော့ သိပုံမရ ..။

"ဖေဖေ .."

ဖေဖေ့ လက်ထဲမှ ခရီးဆောင် လက်တွန်းသေတ္တာ၏ လက်တံ နေရာဆီမှ လက်သည် လက်ကိုင်နေရာဆီမှ လွှတ်သွားကာ လက်ကို ဆန့်တန်း၍ ကြိုလင့်သည်။ ရေးရေး ကလည်း ဖေဖေ့ရင်ခွင်ထဲ ကလေး လို တိုးဝင်မိလိုက်သည်ပါပဲ ..၊ တစ်ပါတည်း ပါလာသည့် ရွှေခြုံးလေး သည်လည်း ဖေဖေ့ ရင်ခွင်ထဲ ရောနှော ရောက်သွားရချေ၏။

"ဖေဖေ ရယ် .."

မော့ခနဲ ကြည့်မိရာမှ ရေးရေး တမ်းမွတ်စွာ ကြေကြေနင့်နင့် ခေါ်မိရပါ၏။ ဖေဖေ့ပါးကို လက်ဖြင့် ဖေးအုပ်မိသည်။ ဂါဝန်လေး ဝတ်ထားပါသည့် ခြောက်နှစ်ရွယ် ကောင်မလေးတစ်ယောက်က ခါး ကိုင်း၍ ငုံ့မိုးကြည့်နေသည့် ဖခင်ကို မမို့တမို့ပါးကို လှမ်းထိသည့် ခံစားမှုမျိုး တိုးဝင်လာချေသည်တည့် ..။

ဖေဖေသည် သိပ်မပြောင်းလဲ ..၊ အရွယ်တင်နေဆဲ ..၊ ဆံပင်တို့ နောက်မှောင်နေမြဲ ..။ နောက်ဘက်ဆီသို့ သေသပ်စွာ ခန့်ခန့်သန့်သန့် ဆံပင်ကို ဖြီးထားသည်။ နက်မှောင်သော မျက်ခုံးအောက်ဆီမှ မျက်နက် ဝန်းတို့ကလည်း တောက်ပကြည်စင်နေမြဲ ..။ အေးချမ်းရိပ်တွေ ကဲနေ ဆဲ .. တည်မြဲနေမြဲ ..။ ဖေဖေသည် အိုစာမသွား ..။ ဤအတွက် ရေးရေး ဝမ်းသာရပါ၏။

ဖေဖေ့ကို အရမ်းအိုစာနေမှာ ..၊ ချုံးချုံးကျနေမှာကို ရေးရေး စိုးရိမ် သည်။ ဒါပေမယ့် .. ဖေဖေ့ရင်ထဲမှာ သမီးကို အဘယ်မျှထိ တမ်းတ





လွမ်းဆွတ်နေရသည်ဆိုတာ တဆတ်ဆတ်ခါမျှ တုန်ခါနေကြပါသည့် ဖေဖေ့နှုတ်ခမ်းတွေ ..၊ မေးရိုးပြန့်ပြန့်တွေ၏ လှုပ်ခတ်တုန်ခါနေပါသည့် ခံစားချက်တွေကို မော့မြင်နေရသည့် ရေးရေး သိနေရသည်ပါပဲ ..။ ဖေဖေသည် အရွယ်မကျပေမယ့် ပိန်ပိန်ပါးပါး ဖြစ်လွန်းနေတာတော့ အမှန်ပါ။ သမီးလွမ်းဝေဒနာသည် ဖေဖေ့ကို အိပ်ပျက်ညများ ဖြစ်တည် နေစေခဲ့ကြမှာ သေချာနေသည်ပါပဲ ..။

ဖေဖေကလည်း တစိမ့်စိမ့်ပါအောင် ရေးရေး ကို ကြည့်နေသည်မှ ချက်တောင်မခတ်နိုင်ပဲ ဖြစ်နေသည်။ နဖူးပြင်လေးကို ဖွဖွနမ်းသည်။ ဆံစလေးတွေကို သပ်ပေးနေသည်။ ပါးလေးကို ငုံ့နမ်းလာသည်။ ရင်ခွင် ထဲ သိမ်းပွေ့ထားသည်။

"မငိုရပါဘူးလေ သမီးရဲ့ .. အခု သမီးလေးက အိမ်ထောင်ရှင်မ ဖြစ်တော့မှာ .. ကလေးလေးလို စိတ်ဓာတ်အရာ ခပ်ဖျော့ဖျော့ မထားရ ဘူးလေ .. တည်ငြိမ်ရမှာပေါ့.. စိတ်ကို ထိန်း နော် သမီး .. မငိုနဲ့ .. တိတ် .. တိတ် .."

ဟု ပြောနေရင်းမှ ဖေဖေ့လက်တွေက ရေးရေး ၏ မျက်ရည်ကို ဖွဖွသုတ်ပေးနေသည်။ ရေးရေး ၏ ရင်ခွင်မှာ ရွှေခြုံးလေး ကိုလည်း ဆေဖေ ကြည့်နေသည်။ ပါးလေးကို နမ်းသည်။

"ရွှေခြုံးလေး ဆိုတာ မဟုတ်လား .. မေမေ လည်း ပြောပြတယ်.. သမီးလည်း ပြောပြတယ် .. ဒီ ချာတိတ်လေး ကျေးဇူးကြီးတယ်ကွ .. သူ့ကြောင့် ဖေဖေတို့ မိသားတစ်စု .. ခုလို .. ပြန်ဆုံစည်းကြရတာ .."

ဆံပင်နုနုလေးတွေပေါ်မှာ လက်ဖဝါးကို အုပ်၍ ရွှေခြုံးလေး ကို တစိမ့်စိမ့်ကြည့်ရင်း ဖေဖေ ပြုံး၍ ပြောချိန်မှာ .. ရေးရေး ရွှေခြုံးလေး ကို နောက်ပါးမှာ လိုက်ရပ်လာပါသည့် သူ့ထံ ပွေ့ဖို့ ကမ်းပေးကာ– အဖေ့ရှေ့ ကြမ်းပြင်မှာ ကျုံ့ကျုံ့ထိုင်၍ လက်အုပ်ချီ ကန်တော့မိရပါ ပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဆို့နေသည်။ ပဒုမ္မာမှာ .. ဖေဖေ့ကို .. ပထမဆုံးအကြိမ် ကန်တော့ခွင့်ရလိုက်ပါသည့် သမီးတစ်ယောက်၏ မျက်ရည်စက်သည် ရင်ကို ဆို့နေအောင် ခံစားနေစေရင်း ဖြိုင်ကျလာကြရခြင်း ..။ ဖေဖေ သည်လည်း ငြိမ်နေသည်။ မျက်တောင်တဖျတ်ဖျတ် ခတ်နေသည်။ အံခဲ ထားသည်။ အရမ်းကို စိတ်ထဲ ခံစားနေရတာ သိသာနေသည့်အဖြစ် နှစ်များစွာ ကွဲကွာနေကြရပါသည့် သားအဖနှစ်ယောက်၏ ပြန်လည်ဆုံ စည်းရမှုဆိုတာကဖြင့် ကွဲကွာနေရပါသည့် နှစ်များနှင့် ညီမျှပါသည် ကြေကွဲလှိုက်ခါနေရသည့် ခံစားချက်တွေနှင့် ထပ်တူရင်းရသည့်နှယ် ရှိနေကြရသည်ပါပဲ ..။

ရေးရေး ဦးသုံးကြိမ် ချပြီးချိန်မှာ ခေါင်းသည် မော့မလာနိုင် ဖေဖေ့ ခြေဖမိုးပေါ် နဖူးကို တင်မိသည်။ ရှိုက်သံက တောက်လျှောက် ထိန်းမရနိုင် ..၊ လက်ဖဝါးအစုံက ဖေဖေ့ ခြေအစုံကို ထိနေဆဲ ..။

"ဖေဖေ့ကို ရေးရေး သိပ်ချစ်တာ ဖေဖေရဲ့ .. သိပ်ချစ်တာ ဖေဖေ ရဲ့ .. လွမ်းလည်း လွမ်းတယ် .. ဝမ်းလည်း နည်းတယ် .. အားလည်း ငယ်တယ် ဖေဖေ .."

ဟု ပြောချင်သမျှတွေက ပွင့်ကျမလာနိုင် ..၊ ရင်ထဲမှ ခုန်ပွင့်ကျ နေပါသည့် ရှိုက်သံသည်သာ တနင့်နင့်ပါအောင် ဆက်တိုက်ဖြစ်တည် ၏။ ဖေဖေ့ကိုယ်ကြီး ကိုင်းညွတ်လာသည်။ ရေးရေး ၏ ဆံစလေးကို သပ်ပေးသည်။ ဆွဲထူ ထိုင်စေသည်။ ဖေဖေသည်လည်း ရေးရေး နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်၏။ ပြုံး၍ ကြည့်ပေမယ့် အပြုံးသည် မပီပြင် ခေါင်းလေးကို ဖွဖွထုကာ ...

"ကလေးလေး ကျနေတာပဲကွာ .. သမီးလေးရာ .."

ဟု တိုးဖွဖွ ပြောသည်။ သားအဖနှစ်ယောက် ဆုံရချိန်မှာ ရင်ထဲ ဆို့နေသည့် ခံစားချက်ကြီးတွေ နေရာမှာ ပေါ့ပါးပျော်ရွှင်မှုတွေ ပြောင်း ကူးသွားရအောင် ဖေဖေ စတင်၍ ကြိုးစားနေခြင်း ..။





သူကတော့ မြင်ကွင်းကို ငေးကြည့်နေသည်။ ရင်ထဲမကောင်း..၊ ရေးရေးချယ် ၏ ဖေဖေ စင်ကာပူမှာ ကုန်တိုက်ကြီးမှာ လုပ်ကိုင်နေသည် ဟုသာ သူ သိအောင် မေမေ ပြောပြထားသည်လေ ..၊ သူကလည်း အသေး စိတ် မမေးခဲ့ ..။ သိဖို့လည်း စပ်စုလိုစိတ် မရှိခဲ့ .. ခုကျတော့ မြင်ကွင်းက ဆန်းနေသည်။ သားအဖ ဆုံခန်းက အ႑မ်းကို အလွမ်းဇာတ်ဖြစ်နေသည် သည်။

ဘာကြောင့် ဤမျှအထိ ရင်ထဲ မွမွကျေမျှ ခံစားနေရပါသတဲ့လဲ..။

"ကြည့်စမ်း .. ဖေဖေ့ သမီးလေး .. ကြီးလာလိုက်တာ .. လှလာ လိုက်တာ .. ဖေဖေလေ .. သမီးလေးအတွက်ရော .. သမီးလေးရဲ့ ဘွား.. ဦးတော့.. တစ်အိမ်လုံးအတွက် လက်ဆောင်တွေလည်း ဝယ်လာတယ်.."

ဖေဖေ ပြောနေရင်းမှ ဘွား ကို မဝံ့မရဲ လှမ်းကြည့်တာကိုလည်း ရေးရေး မြင်နေရပါ၏။ ဘွား ကတော့ တည်ငြိမ်စွာ ထိုင်နေရာက ဆ ကြည့်နေသည်ပါပဲ။

ခုထိ ဖေဖေသည် ဘွား ကို မေမေဟု လှမ်းမခေါ်ဝံ့ ..၊ မခေါ်ရဲ..။ ဘွားကလည်း ဖေဖေ့ကို ခုထိ .. ဝင်လာခဲ့လေ သား .. ဟု ဘာကြောင့် ခေါ်သေးသည် မသိ ..။ ရေးရေး ကတော့ ဖေဖေ လှမ်းကြည့်ရာကို လိုက်ကြည့် ..၊ ဘွား ကိုလည်း ခယယနိုင်စွာ လက်အုပ်လေး ချီပြမိရပါ ၏၊ ဖေဖေ့ကို .. လှမ်းခေါ်လိုက်ပါ ဘွား ရယ် .. ဟု တောင်းပန်နေမိ ခြင်း..။ ဘွား ၏ဘေးမှာ ရှိနေပါသည့် အန်တီဆွေ သည်လည်း မျက် ရည်ဝဲ၍ မြင်ကွင်းကို တိတ်ဆိတ်စွာ ကြည့်နေပါ၏။

"ကဲ .. ကဲ .. ဒီမှာ လာထိုင်ပါ သားရဲ့ .. မယ်ယု ရေ .. သား အတွက် နွားနို့ပူပူတစ်ခွက်နဲ့ ပေါင်မုန့် ယူလာပါကွယ် .. ထောပတ် ပါးလေး သုတ်ပြီးတော့ပေါ့ .. သားက အဲဒါ ကြိုက်တယ်လေ .."

ဖေဖေ ကြိုက်ရာ အစားအစာကို မမေ့သေးပါဘူးဟု ဘွား သွယ် ဝိုက်ဝိုက် အသိပေးလိုက်ခြင်းပေပဲဟု ရေးရေး သိသွားရကာ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကို မော့၍ ကြည့်မိရပါ၏။ ဖေဖေ့ မျက်ဝန်းတွေမှာ မျက်ရည်ရေ ပိုလည်တက်လာနေချေသည်တကား ..။ ထိုအခါမှ ဖေဖေသည်လည်း ကလေးတစ်ယောက်နှယ် ဟုန်မျှ မဆောင်နိုင်ဘွာ ဘွားထံ ကျုံး၍ထ ပြေးသွားကာ ဘွား၏ရှေ့မှာ သားငယ်လေးတစ်ယောက်ပမာ ကြမ်းပြင် ၌ ထိုင် ..၊ ဘွား၏ခြေအစုံကို လက်ဖြင့် ပွေ့ငင် ..၊ ဘွား၏ပေါင်ပေါ် ကလေးလေးနှယ် ခေါင်းကို တင်၍ ချုံးပွဲချ ငိုရှာပါသတည်း ..။ ကြည့် ရက်စရာပင် မရှိ ..၊ ဖေဖေသည် .. ခုမှ .. စိတ်ကို လွှတ်ချခွင့် ပေးလိုက် ရသည်။ အမေရှေ့မှာ အပြစ်ရှိသည့်သားတစ်ယောက်၏ အားငယ်ကြေကွဲ မှုတွေကို စုပြုံသွန်ချပြရင်း ..။ အားကိုးတကြီး အမေ၏ ပေါင်ပေါ်တင် ငိုချနေခြင်းပါတကား ..၊

ဘွား အံခဲထားသည် ..၊ မျက်ရည်လည်နေသည်။ မျက်တောင် တဖျတ်ဖျတ် ခတ်နေသည်။ နောက်ဆုံးတော့ .. သား၏ဆံစတွေကို လက်ဖြင့် သပ်ပေးနေချေသည်တကား ..။ ခေါင်းလေးကိုလည်း ဖွဖွပုတ် ပေးသည်။ ကျောကို သပ်ပေးသည်။ သားငယ်လေးတစ်ယောက် ငိုနည်းပန်းနည်း ငိုနေချိန်မှာ အမေက ချော့နေသည့်နှယ်ပါ ..။

"ကဲ .. ကဲ .. ထတော့ .. ထတော့ .. မေမေ့ဘေးမှာ ထိုင် .. မျက် ရည်တွေ သုတ် .. ဒီလောက် ကြေကွဲကြေရ .. မျက်ရည်ကျကြရပြီပဲကွယ် စိတ်ကို လျှော့လိုက်တော့ .. သားအမိချင်းလည်း မေမေတို့ ဆုံကြရပြီ သားရဲ့ သမီးလေးနဲ့ သားအဖချင်းလည်း ဆုံကြရပြီ .. မျက်ရည်ကို ခြောက်သွေ့စေတော့ .. သိမ်းလိုက်တော့ .. ထိန်းလိုက်တော့ .."

ဘွား ပြောတော့ ဖေဖေသည် အမေခိုင်းတာ တခွေမတိမ်း လိုက်နာသည်မှ ကလေးလေးနှယ် မျက်ရည်ကို နာနာခံခံပင် သုတ်သုတ် နေရှာပါ၏။ ဘွား၏ ဘေးမှာလည်း ဖေဖေ ထိုင်သည်။ ရေးရေး ရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်ရရင်မှ တစ်ချက် မျက်ရည်ကြားထဲမှ ပြုံး မိပါသတည်း။





ဩော် .. ဤအဖြစ်အတွက် .. ဘုန်းမြတ်လူ ကို လက်ထပ်ဖို့ ဆုံး ဖြတ်ခဲ့ရခြင်း ..၊ ရင်းနှီးခဲ့ရခြင်း ..။ ဤမြင်ကွင်းသည် .. တန်ဖိုးဖြတ်မရ သောင် ရေးရေး ၏ဘဝမှာ အရေးပါသည့် မြင်ကွင်း ..။

ဒါကြောင့် .. သူ့ကို .. ရေးရေး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ရခြင်းသည်.. နောင်တဖြစ်စရာ မရှိဟု ရေးရေး နားလည်မှု ခိုင်မာလာရပြီ။ သူကတော့ အကဲခတ်ကြည့်ဖြင့်သာ အားလုံးကို တစ်ယောက်ချင်းစီ လိုက်လိုက် ကြည့်နေတာမို့ .. ရေးရေး ရုတ်ခနဲ သံသယ ဖြစ်လာရပါပြီ ..။

ဘွားသည် .. ဖေဖေနှင့်ပတ်သက်၍ အန်တီဆွေ ကို အစစ ပြောပြ ခဲ့ပါရဲ့လား .. ဒါပေမယ့် အန်တီဆွေ ကျတော့ ဖေဖေ့ကို မြင်နေရခြင်း သည် ထူးခြားမှု သိပ်မရှိလှသည့်ဟန် ဖြစ်နေလျက် ..။ သူကျတော့ .. ဖေဖေနှင့်ပတ်သက်၍ အတွင်းကျကျ ဘာမှ သိထားပုံ မရသေးသည့် ဟန် ဖြစ်နေပြန်သည်။

တကယ်တော့ .. သူနှင့် ရေးရေး တို့ကြားမှာ .. ဖေဖေ့ အတိတ် သည်လည်း သိထိုက်သော အကြောင်းတရားတစ်ခု ဖြစ်နေသည်လေ..၊ ဘွားသည်လည်း ထိမ်ချန်မထားတန်ရာ ..။

ထိုစဉ်ခိုက် .. နောက်ထပ် လူရိပ်တစ်ခု တံခါးဝမှာ ပေါ်လာပါ၏။ ရေးရေး ကြည့်မိတော့ ဘယ်လိုမှ မမေ့နိုင်ပါသည့် အမျိုးသမီး ..။ ဟုတ် သည် .. ဒေါ်ယမုန် ဆိုတာကို ရေးရေး ဘယ်လို မေ့နိုင်ပါ့မည်တဲ့လဲ လေ ..။ ဖေဖေ့ကို တင်တင်စီးစီး ပြောဆိုဆက်ဆံတတ်သူ ..၊ ရေးရေး ကို ရက်ရက်စက်စက် ပါးရိုက်ခဲ့သူ ..၊ မေမေ့အသက်ကို တိုစေခဲ့သည့် သူ ..၊ ရေးရေး တို့ မိသားစုကို ဖြိုခွဲခဲ့သည့်အထဲမှာ ပယောဂ မကင်းသူ..၊ ။ .. ဒေါ်ယမုန် သည် ဘာကိစ္စဖြင့် ပဒုမ္မာသို့ ဤနေ့တွင်မှ .. ဤအချိန် တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာရပါသတဲ့လဲ ..။

ဖေဖေသည်လည်း ဒေါ်ယမုန် ကို ရေးရေး နှယ်ပင် လှမ်းကြည့်မိ ပြီ ..။ အို .. အိမ်ထဲရှိ လူကုန်ကလည်း ဒေါ်ယမုန် ကို ကြည့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



နှယ် .. ဒေါ်ယမုန် ကလည်း အားလုံးကို သိမ်းကျုံး၍ ပြုံးတေ့တေ့ဖြ
ကြည့်နေသည်ပါပဲ ..။ ဒေါ်ယမုန် ၏ နောက်မှာ စိတ်ညစ်ညစ်ပုံဖြ
ရပ်နေသည်က ဦးကြီးသိန်း ..။

"တံခါးမဖွင့်ပေးရင် .. အိမ်ခြံတံခါးဝက မခွဲဘဲလည်း နေမယ်
ဟွန်းကိုလည်း မနားတမ်း တီးနေမယ်ဆိုလို့ .. ဘေးဘီကလည်း အာ
စိုက်စရာ ဖြစ်မယ် .. မြင်လို့လည်း မကောင်းတာမို့ .. တံခါးဖွင့်ပေး
တာပါ မမကြီး .."

ဟု မျက်နှာပျက်ပျက်ဖြင့် မျက်နှာညှိုးလေးဖြင့် ဦးသိန်း ပြော
ရာသည်က ဘွားကိုပါ။ ဘွားကတော့ ခပ်တည်တည်ပဲ ဒေါ်ယမုန် ကို
စိုက်ကြည့်နေပါ၏။ ဒေါ်ယမုန် ၏ အပြုံးသည် အပူပြုံး ဖြစ်နေသည်
ဘွား၏အကြည့်ကလည်း ရင်ဆိုင်ရဲသောအကြည့် ဖြစ်နေသည်။

"ယမုန် က .. ဒီနေ့ကို စောင့်နေတာလေ .. ရှင် .. နိုင်ငံရပ်ခြားက
ဒီကိစ္စမှာတော့ မဖြစ်မနေ ရောက်လာမှာပဲဆိုတာ သိနေတဲ့စိတ်နဲ့
စောင့်နေတာ.. ရှင့်သမီး ဖိတ်စာတွေ ဝေပြီးကတည်းက .. ရှင်နဲ့ ကျွန်မ
ရဲ့ အတိတ်ဇာတ်ကြောင်းကို သိထားကြတဲ့ အပေါင်းအသင်းတွေက
ဖုန်းဆက်ကြ .. ပြောပြကြတယ်လေ .. သူတို့ဆီ ဖိတ်စာရောက်လာကြ
တာလည်း ရှိနေကြတာကိုး ..၊ ကျွန်မဆီကိုတော့ ဖိတ်စာမရောက်နိုင်ပေ
မယ့် .. သတင်းတော့ ရောက်နိုင်တယ်လေ ဒေါ်စောလှ ရယ် .. ဟင်း
ဟင်း .."

ဘွားကိုလည်း လှမ်းကြည့်သေးသည်။ ဖေဖေ့ကိုလည်း ဦးတည်
ပြောနေပါသည့် ဒေါ်ယမုန် ပါ ..။

"အဲဒီကတည်းက .. ယမုန် .. မနက်တိုင်း .. ဒီခြံဝနဲ့ မလှမ်းမကမ်း
မှာ နေကုန်နေခန်း ကားမှန် အပြည့်ချပြီး အစားအသောက်နဲ့ ထိုင်ထိုင်
စောင့်တာကဖြင့် .. ရှင့် ရောက်အလာကိုပေါ့ .. ယမုန် ဆိုတာက
ရှင့်ကို လက်ထပ်လိုက်လို့ .. သဘောမမျှတဲ့ ယမုန့် ဖေဖေ သွေးတိုးပြီး





ဆုံးပါးခဲ့ရတာကိုတော့ မေ့မပစ်နိုင်သေးဘူးလေ .."

တင်းမာကြည့်တွေဖြင့် အားလုံးကိုလည်း သိမ်းကျုံးကြည့်သည်က
ဒေါ်ယမုန် ပါ ..၊ ရေးရေး ကိုလည်း နာကြည်းစွာ အမုန်းတွေ ပြည့်နေ
သည့်အကြည့်ဖြင့် ကြည့်သည်။

"သူ့ကြောင့် .. ရှင် .. ကျွန်မကို ကွာရှင်းပစ်ခဲ့တာ .. ကျွန်မ မေ့
သွားမယ်ထင်သလား ကိုသုတမြိုင် .."

ဟု ရေးရေး ကို လက်ညှိုးထိုး၍လည်း စူးစူးရှရှ အော်မေးလာ
သည်။ ဖေဖေကတော့ ခုထိ တိတ်ဆိတ် တည်ငြိမ်စွာ ကြည့်နေဆဲ ..၊
ဒေါ်ယမုန် ပြောချင်သမျှ ဆုံးခန်းတိုင်စေ .. ဆိုသည့်ဟန် .. ဤသည်က
ဖေဖေ တစ်ယောက်တည်း ဖြစ်မနေ ..၊ ဘွား သည်လည်း ထို့နှယ်ပင်
၏။

"ဒီနေ့မှာ ရှင် ရောက်လာတယ် ဆိုစေဦး .. သတို့သားဘက်က
လည်း ရောက်မလာသေးဘူးဆိုရင်တော့ ယမုန် ဒီခြံထဲ မဝင်သေးပါ
ဘူး .. ခုကျတော့ သူတို့က အရင်ရက်တွေတုန်းကလိုပဲ .. မနက်စော
စောကတည်းက ရောက်နေကြတယ်လေ .. ယမုန် က နေ့တိုင်းရက်
ဆက် လာလာပြီး စောင့်ကြည့်နေတာဆိုတော့ မြင်မြင်နေရတယ်လေ..
ဆိုတော့ .. ဒီနေ့ လူစုံပြီ .. ယမုန့် ဘက်က .. ချဲလင့်တစ်ခု လုပ်မယ် ..
အခါရဲလို့ ရောက်လာတာ နော် .. သေချာ နားထောင်ကြ.. သူတို့နှစ်
ဘက်ရဲ့ မင်္ဂလာပွဲ ကျင်းပတဲ့ရက်မှာ .. ယမုန် .. ဒီနေရာကို လာမယ်..
ကောင်မလေးရဲ့ အဖေဟာ .. မယားကြီးကို ပစ်ပြီး .. ယမုန့် ကို
လက်ထပ်ခဲ့တဲ့သူ .. မယားကြီးမှာလည်း သူ့စိတ်ကြောင့် သေရတယ်..
ဆိုတော့ .. ယမုန့် ကိုလည်း ပစ်ထားခဲ့တယ် .. အဲသလို လူမှုရေးသိက္ခာ
မဲ့နေတဲ့သူတစ်ယောက်ရဲ့ သမီးဟာ .. ဟောဒီက မြေးချယ် ပါပဲ
ဆိုတာ .. အော်ဟစ်ပြီး လူပုံအလယ်မှာ ပြောပြမယ် သိရဲ့လား .. အရှက်
ခွဲမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လိုက်မာန်ပါ အော်ပြောနေတော့ ဘွား ထံမှ ..

"လုပ်လေ.. လုပ်ပေါ့ .. အဲဒီပွဲမှာ .. ငါ့သားနဲ့ပတ်သက်လို့ သေ သူ ဘယ်သူမှ မရှိကြဘူး .. ငါ့သားရဲ့ အိမ်ထောင်ရေးကိစ္စ .. သိပြီး သူတွေချည်းပဲ .. အေး .. မသိသူဆိုလို့ ရှိတော့ ရှိကြမယ်ပေါ့ .. ဟော က တူမ ဆွေ တို့ ဖိတ်တဲ့သူတွေထဲကတော့ မသိသူတွေ ရှိကြပေမယ့် အဲဒီလူတွေက အဲဒီအဖြစ်ကို သိသွားတော့ရော .. သိပ်ပြီးတော့ .. အ တကြီးကိစ္စ ငါ့အတွက် မဖြစ်ပါဘူး..၊ ညည်းဟာ .. ငါ့ချွေးမ သန့် လက်ထဲက .. ငါ့သားကို လုယူသွားတယ်ဆိုတာ ညည်းအထုပ် ညည် လာဖွင့်ချတာကို နားထောင်ပေးနေကြတာပဲ ရှိကြမှာပေါ့ .. ညည် အရှက်မရှိတာ လူပိုသိမှာပေါ့ အေရယ် .."

ဟု ဘွား ပြောတော့ ဒေါ်ယမုန် ဇွေ့ဇွေ့ခါနေ၏။

"အေးလေ .. ဆွေ ကလည်း .. အဲဒီမင်္ဂလာပွဲ ပရိသတ်တွေရှေ့ ပဲ .. ယမုန် ဆိုတဲ့ မိန်းမဟာ .. ခြောက်နှစ်အရွယ်ပဲ အဲဒီအချိန်တုန်း ရှိသေးတဲ့ ဟောဒီက ဆွေ့ ချွေးမလေးကို .. ဒီပဒုမ္မာမှာ ပိုင်စိုးပိုင်နင် လာပြီး အညှာအထောက် မရှိ .. ရက်ရက်စက်စက် ပါးရိုက်တဲ့ ကောင် ဆိုတာ အော်ပြောလိုက်မှာပေါ့ ..၊ ဆွေ က .. ဆွေ့ ချွေးမ ဖြစ်လာ ဒီကလေးလေးကို .. ညည်း ပါးရိုက်ခဲ့တာ .. လုံးဝ ကျေနပ်တာ မဟု ဘူး အေ့ .. ညည်း သတ္တိရှိရင် အဲဒီပွဲကို လာကြည့်လေ .. အော်ကြ လေ .. ညည်း ယုတ်မာတာတွေ ငါကလည်း အော်ပြောပြပစ်လိုက် ပေါ့ .. လူတွေကိုလေ .."

အန်တီဆွေ တည်ငြိမ်စွာ ပြောလာသည်က နောက်မဆုတ်ဗျူ ပုံ ..၊ စိန်ခေါ်သံဖြင့် ပြောခြင်း ..။ ကြည့်ခြင်း ဖြစ်နေသည်။

"ဟင်!... ဟင် .. ဒီကိစ္စကို .. သူက .. သူက .. ဒေါ်ဆွေ ကို ပြောပြထားတယ်လား .. ဟုတ်လား .. လျှို့ဝှက်မထားဘူးလာ ကျွန်မက ရှင်တို့ .. ရှင်တို့ .. မသိဘူးလို့ .. ထင်ထားတာ ..၊ ယ





ပြောမှ .. စုမှ သိမယ်လို့ ထင်ထားတာ .. ရှင်က .. ဒီလို စာရိတ္တညံ့တဲ့ သူရဲ့ သမီးကို .. ရှင့်သားနဲ့ ပေးစားမယ် .. ဟုတ်လား .."

အံ့ဩသည့်နှယ် ဒေါ်ယမုန် မေးလာချိန်မှာ အန်တီဆွေ ပြုံးသည်။

"ဒီလောက် လိမ္မာပြီး စိတ်ရင်းကောင်းတဲ့ သမီးတစ်ယောက်ရဲ့ အဖေဟာလည်း စိတ်ရင်းကောင်းဆိုတာ ငါ သိတာပေါ့ အေရယ် .. ညည်း မကောင်းတာပါ .. ညည်းက .. သူများကို ဒုက္ခပေးခဲ့တာလေ.. တဲ .. ထပ်ပြောလိုက်ပါရဲ့ .. ညည်းက .. အဲဒီနေ့မှာ လာကြမ်းရင် .. ငါ့စက်ရုံက ဝန်ထမ်းထဲက .. လုံခြုံရေးဝန်ထမ်းကို ဒီမှာ ခေါ်လာပြီး.. ညည်းကို ခြံထဲက ဆွဲထုတ်နိုင်းလိုက်မှာ အသေအချာပါပဲ ..၊ ခုန်ပေါက် အော်ဟစ်ရင်း .. ရပ်ပျက်ဆင်းပျက်နဲ့ တရွတ်တိုက် ဆွဲပါသွားတာမျိုး— ဆံပင်တွေ ပြေကုန်တာမျိုးတွေ .. လူကြားထဲ အဖြစ်ခံရဲရင် လာခဲ့စမ်းပါ ရှင် .. ဆွေ တို့က .. ပြောသလို တကယ်လုပ်မှာနော် .. မင်းဘက်က ဒိုးလာရင်ဖြင့် .. ရဲစခန်းအကြောင်းကြားပစ်မှာ သိရဲ့လား .. ညည်းရဲ့ အတိတ်ကို .. ဒီမှာလာပြီး အရှုပ်အထွေးလုပ်လို့ မရဘူးဆိုတာ သေချာ နားလည်ထားစမ်းပါ .. ညည်းနဲ့ ဒီက ကိုသုတမြိုင် နဲ့ကလည်း ကွာရှင်း ထားကြပြီးသူတွေပဲ .. ညည်း .. ပိုင်စိုးပိုင်နင်း လာလုပ်လို့ မရဘူးဆိုတာ.. ဥပဒေသမားတွေနဲ့ သွားမေးစမ်း ကြည့်စမ်းပါရှင့် .. ကဲ .. ကဲ .. မင်း ပြန်သင့်ပြီ .. သိရဲ့လား .."

ဟု ပြတ်ပြတ်သားသား အန်တီဆွေ ပြောလာတာမို့ ရေးရေး မှာ ဖြင့် အန်တီဆွေ့ ကို ချစ်သွားရသည်မှ အားကိုးတကြီးပင် နိုင်နေသေး သည်တည့် ..။

"ကဲ .. ညည်း သိပြီ မဟုတ်လား .. ပြန်တော့ .."

ဘွား ခပ်တည်တည် ပြောကာ သားကို ကြည့်သည်။

"သူ့ကို လူရေးရာထားပြီး တစ်ခွန်းမှ သား မပြောနဲ့တော့ .. သူ့ လမ်း သူ ပြန်လိမ့်မယ် .. သူ မရှက်လို့ ငါ့မြေး မင်္ဂလာပွဲမှာ ရှုပ်ရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက် ဖြစ်လာအောင် လာလုပ်ရင်တော့ .. သူပဲ အရှက်ကွဲမှာ ဖြစ်သလို .. တရားလည်း စွဲရလိမ့်မယ်လေ .. ဒါကို သူ သဘောပေါက်ဖို့ လိုတာပါပဲ .."

ဟု ဘွား ပြောတော့ ဒေါ်ယမုန် ခံပြင်းစိတ်ဖြင့် ချာခနဲ လှည့်ထွက်သွားပါ၏။ ဖေဖေ ငိုင်၍ ကျန်ခဲ့သည်ပါပဲ။ ရောက်ရောက်ချင်း ခုလို အဖြစ်မျိုး ပဒ္မမှာမှာ လာဖြစ်ရသည့်အတွက် ဖေဖေ စိတ်ထိခိုက်နေတာ သိသာနေသည်။

"သား .. ပြန်သွားတာပဲ ကောင်းမယ် ထင်ပါရဲ့ မေမေရယ် .."

ဟု ပြောချိန်မှာ အန်တီဆွေ မှ ...

"အံမယ်လေးလေ .. ကိုသုတမြိုင် ရယ် .. မဆိုင်လိုက်တာ .. ဘာလို့ ပြန်ရမှာတဲ့လဲ .. မင်္ဂလာပွဲမှာ .. သတို့သမီးအဖေ ရှိရမယ်လေ.. အဲဒါ အရေးကြီးတာပါ .. မင်္ဂလာပွဲဆိုတာ လူစုံရတယ် ရှင့် .."

ဟု ဝင်ပြောချိန်မှာ သူ ခြံထဲ ဆင်းသွားတာမို့ ရေးရေး နောက်မှ ချက်ချင်း လိုက်လာမိသည်ပါပဲ ..။ ရေးရေး ရင်ခွင်မှာ ရွှေခြူးလေးလည်း ပါလာသည်။

မြက်ခင်းပြင်ထက်မှာ သူ ထိုင်တော့ ရေးရေး ဘေးမှာ ထိုင်သည်။ ရွှေခြူးလေး ကတော့ ရေးရေး ရင်ခွင်ထဲမှာ ရှိနေရင်း ရေးရေး ၏ ပါးလေးကို ပုတ်ဆော့နေပါ၏။

"ဒီအဖြစ်တွေကို ဘုန်းမြတ်လူ မသိခဲ့သေးဘူး ထင်ပါရဲ့ .. အန်တီဆွေ မပြောပြဘူးလား ဟင် .."

သူ ငိုင်နေကာ ခေါင်းကို ခါပြတာပဲ ရှိနေသည်။ ရေးရေး အကဲခတ်သလို ကြည့်ကာ အတန်ကြာမှ ငြိမ်နေပြီးမှ ..

"မင်္ဂလာပွဲကို ဖျက်သိမ်းချင်တယ်ဆိုရင်.. ဖျက်သိမ်းခွင့်.. ကိုဘုန်းမြတ်လူ မှာ အခွင့်အရေး ရှိတယ် .. သဘောပါ .. ဖေဖေ့ကို မကြိုက်လို့ပဲ ဖြစ်ဖြစ် .. ဒါမှမဟုတ်ရင် .. အဲဒီနေ့မှာ .. ဒေါ်ယမုန် .. လာအရှက်ခွဲမှာ





ကို စိုးရိမ်လို့ ရှက်လို့ပဲဖြစ်ဖြစ် .. ကိုဘုန်းမြတ်လူ .. အဲဒီမင်္ဂလာပွဲကို ဖျက်သိမ်းနိုင်ပါတယ် .. ရေးရေး .. နားလည်ပေးပါတယ် ကိုဘုန်းမြတ်လူ .."

ဟု ပြောလာတော့ သူ အတန်ကြာ ငြိမ်နေဆဲ ..၊ နောက်တော့ ရေးရေး ကို ကြည့်လာသည်။ ရေးရေး ၏ ရင်ခွင်မှ ရွှေခြူးလေး ကို ကြည့်လာသည်။

"ရုပ်ရုပ်နဲ့ .. ကဂျားမယ် .. ခနွးရုပ် .."

ခနွး ဆိုသည့် ပင်ဒါဝက်ဝံလေးအကြောင်း စကိုင်းနက်မှာ လာသမျှ ကလေးပီပီ တချစ်ချစ်ဖြင့် ကြည့်ချေသမျှ ..၊ ခနွး ဆိုသည့် အမည်လေးပင် ရွှေခြူး နှုတ်ဖျားမှာ စွဲနေသည်တည့်..။ ခနွး နှင့်တူသော ဝက်ဝံရုပ်လေးတွေ ရေးရေး အများကြီး ဝယ်မပေးထား ..၊ တစ်ခုတည်းသာ ဝယ်ပေးထားသည်။ ဒါမှ ခနွး ဆိုတာ ဖြစ်မည်လေ ..။ အများကြီးဆိုလျှင် ဘယ့်နှယ် ယုတ္တိရှိချေတော့မည်တဲ့လဲ ..။

"မင်းကတော့ကွာ .. ခနွး ကြည့်ပြီးကတည်းက .. တနွးတည်း နွးနေတာပါပဲ .."

ရွှေခြူး ၏ ပါးလေးကို ဖွဖွလေးပုတ်၍ ရေးရေး ပြောနေတာကို သည်း သူ ငေးကြည့်နေသည်။ ရေးရေး ၏ မျက်ဝန်းဆီမှ ရွှေခြူးလေး ကို အရမ်းချစ်သည့် မေတ္တာရိပ်သည် ထင်းနေချေသည်ပဲလေ ...။

"ကိုယ် .. မင်းကို လက်ထပ်ရလိမ့်မယ် မြရေးချယ် .. ဒါ .. အပြောင်းအလဲ ရှိမလာနိုင်တဲ့ ကိစ္စပါ .."

ဟု သူ တည်ငြိမ်စွာ ပြောလာပါ၏။ မြရေးချယ် ပြုံး၍ ကြည့်လာသည်။

"ရှင် ပြောခဲ့တယ်လေ .. အဲဒီစကားကို ရေးရေး ဘယ်လိုမှ မေ့လို့ မရခဲ့ဘူး .. ချစ်သူမဟုတ်တဲ့သူနှစ်ယောက်ကို လက်ထပ်စေဖို့အထိ ဘယ်သူကမှ ဩဇာပေးနိုင်တယ်ဆိုတာလေ .. ရေးရေး ကတော့လေ .. ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အလွန်လိုချင်တဲ့ အရာအတွက် ကြီးမားတဲ့ ပေးဆပ်ခြင်းကို ဟောဒီ ရွှေခြူး အတွက် .. ဖေဖေ့ အတွက် ပေးဆပ်လိုက်ရတယ်ဆိုရင်တောင် မှ .. နောင်တဆိုတာ ဘယ်တော့မှ ရမလာနိုင်တဲ့ ရေးရေး အဖြစ်ဘဲ ရှိနေရမှာပါ ..''

ဟု ပြောလာတော့ သူ ငေးကြည့်နေသည်။ သူ့မျက်ဝန်းတွေဆီမှာ စောစောက ရေးရေး တွေ့မြင်ခဲ့ရပါသည့် စိတ်ရှုပ်ထွေးရိပ်တွေ ကင်းစင် သွားကြတာကို မြင်နေရသည်။

အရမ်းကို နူးညံ့အေးချမ်းသည့် အကြည့်တွေသည် အထင်တကြီး နိုင်ခြင်းဆိုသည့် ခံစားချက်တွေနှင့် ရောယှက်လျက် ရေးရေး ကို သူ ငေးကြည့်နေချေတာကိုလည်း သိနေရသည်။

သူ့ရင်ထဲမှ ခံစားချက်တွေကို ရေးရေး ဖမ်းဆုပ် သိမြင်လိုက်နိုင် ခဲ့သည်ဟု ထင်လာရပါပြီ ...။





## အခန်း (၁၇)

"တစ်ယောက်နဲ့ တစ်ယောက် နားလည် စာနာစိတ် ရှိကြဖို့ရယ်.. ရာသက်ပန် တူတူနေကြမယ်ဆိုတဲ့ သစ္စာတရားရယ် .. သည်းခံစိတ် ဆိုတာကို ရင်ထဲမှာ အမြဲ တည်ရှိနေကြမယ်ဆိုတာရယ် .. အရေးအကြီး ဆုံးကတော့ တစ်ယောက်ကို တစ်ယောက် ကြင်ကြင်နာနာနဲ့ ချစ်မြတ် နိုးကြဖို့ရယ် .. အဲဒါတွေ ပြည့်စုံနေကြမယ်ဆိုရင်ဖြင့် .. သားနဲ့ သမီး တို့ရဲ့ ဘဝဟာ အေးချမ်းနေကြမှာပဲ .. ရွှေခြူးလေး ကြောင့် လက်ထပ် လိုက်ရတယ်လို့ ဘယ်တော့မှ ရင်ထဲမှာ စွဲမထားနဲ့ .. တစ်ယောက်ကို တစ်ယောက် ချစ်မြတ်နိုးနိုင်ကြတာမို့ .. လက်ထပ်ခြင်းဆိုတာလည်း အချက်တစ်ချက်အနေနဲ့ ဒီအိမ်ထောင်ရေးမှာ ပါတယ်လို့ စွဲမှတ်ထား ကြဖို့ လိုတယ် .. အန်ကယ် ပြောတာ သဘောပေါက်ရဲ့လား သား .. အိမ်ထောင်ဦးစီးဆိုတာ တာဝန်အကြီးဆုံးသူ ဖြစ်တာမို့ အဲသလို အသုံး အနှုန်းနဲ့ သတ်မှတ်ထားတာ .. အိမ်ထောင်ဦးစီးဆိုတဲ့ တာဝန်ကို သား ကျေပွန်ဖို့ လိုတယ် ..''

ဘွား နှင့် ဖေဖေကိုရော ...၊ အန်ကယ် ဦးသီဟန် နှင့် အန်တီအေး ကိုရော ကန်တော့ကြပြီးချိန်မှာ ဖေဖေမှ သူ့ကို ဆုံးမနေခြင်း ... သူ ခေါင်းညိတ်တာကို ရေးရေး မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် .. ရေးရေး သိနေသည်လေ ..၊ သူ့ရင်ထဲမှာ သတို့သား တစ်ယောက်၏ ကြည်နူးနေသော ခံစားချက်တွေ ကင်းမဲ့နေသည်ဟု..၊ ဘာထူးသည်လဲလေ ..။ ရေးရေး လည်း သတို့သမီးတစ်ယောက်၏ ခံစားချက်တွေ ပျောက်ဆုံးနေကြသည်ပဲလေ ..။ ပဒုမ္မာမှာ ဖေဖေ ပြန်၍ နေတော့မည်ဆိုသည့်အသိ ..၊ ရွှေခြူးလေး နှင့် တူတူနေရတော့မည် ဆိုသည့်အသိ ..။ ဤအသိ နှစ်ခုကြောင့်ပင်လျှင် ရေးရေး သည် သတို့သမီးတစ်ယောက် ဖြစ်ခဲ့ပြီးပြီ ..။ တစ်ခုတော့ရှိသည်။ သူရော ရေးရေး ပါ .. ဘယ်သူ့ဘယ်သူမှ တစ်ယောက်ကိုတစ်ယောက် စိတ်ဆင်းရဲ အောင်တော့ လုပ်ကြမှာ မဟုတ် ..။ ဘာကြောင့်ဆို .. မုန်းမှ မမုန်းနေ ကြချေသည်ပဲလေ။ တစ်ယောက်ကိုတစ်ယောက် နားလည်စိတ်ဖြင့် အိမ်ထောင်တစ်ခုကို .. တစ်သက်တာအတွက် တည်မြဲအောင် ထိန်း ကျောင်းနိုင်လိမ့်မည်ဟုတော့ ရေးရေး ယုံကြည်ထားသည်။

"စိတ်ချမှု လွန်ကဲနေတဲ့ ယုံကြည်မှုတစ်ခုတော့ မဖြစ်နိုင်ကောင်း ပါဘူးလေ .. သူဟာ ရိုးသားသူတစ်ယောက် ဖြစ်တယ်ဆိုတာ ငါ ယုံ ကြည်ထားတာပဲ .."

အင်တွေးသည် တည်တည်ငြိမ်ငြိမ်ပဲ ရင်တွင်းဆီသို့ အကြောင်ကြ ကင်းစွာ တိုးဝင်၏။

"ပဒုမ္မာမှာ သား နေနေဦးမှာမို့ .. ဘွားရဲ့စကားကို နားထောင်.. အန်ကယ်ရဲ့စကားကို နားထောင် .. ရေးရေး ကို စိတ်ချမ်းသာအောင် ထား .. အဲဒါ .. သားရဲ့ တာဝန်ပေပဲ .."

အန်တီဆွေ ကလည်း သားကို မှာနေပြန်ပါ၏။ ရေးရေး ဘေးမှာ ရှိနေပါသည့် ကလေးလက်တွန်းလှည်း လှလှလေးမှာ အိပ်မောကျနေပြီ ဖြစ်ပါသည့် ရွှေခြူးလေး ကိုလည်း အန်တီဆွေ ပြုံး၍ ကြည့်သည်။ ပိုးပုဆိုးအဝါခံမှာ အပြာနုဒေါင်စင်းလေးတွေဖြင့် ရှိနေပါသည့် ပုဆိုး။ ပိုးတိုက်ပုံအဝါနုလေးမှာ ရွှေရင်ထိုးငယ်လေး တပ်ထားလျက် ..။ ပိုးသား





ကျက်သရေခေါင်းပေါင်း အဝါနုလေးကလည်း ရွှေခြူးလေး အတွက် တကန်တက မှာထားယူရပါသည့် အော်ဒါ ကျက်သရေခေါင်းပေါင်း လေးပါတည့် ..။ ကျက်သရေခေါင်းပေါင်းငယ်လေး ဆောင်းလျက် အဝါရောင် ပိုးပုဆိုးလေးကို ရွှေခါးပတ်လေး ပတ်ထားကာ လှပသော ကလေး တွန်းလှည်းအသစ်လေးမှာ အပြုံးလေးတချိုချိုဖြင့် ရွှေခြူးလေး သည် သတို့သမီးတစ်လှည့် သတို့သားတစ်လှည့် တွန်းခဲ့ကြရာ မင်္ဂလာ ညှိခံပွဲမှာ ချစ်စရာအကောင်းဆုံး မြင်ကွင်းအဖြစ် အားလုံး၏ ရင်ကို လွှမ်းခြုံနိုင်ခဲ့ချေသည်ပဲလေ ..။

မင်္ဂလာပွဲမှာ ထိုသို့ ချစ်စရာဝတ်စုံလေးဖြင့် ရွှေခြူးလေး ရှိစေဖို့ စိတ်ကူးခဲ့သည်ကလည်း ရေးရေး ပါ ..။ ပြီးတော့ .. ထို့နှယ် မင်္ဂလာပွဲ မှာ ကလေးလေး ပါနေသည့် မြင်ကွင်းသည်လည်း မြင်သူတိုင်းအတွက် ဆန်းတကာ့ဆန်းစရာ ဖြစ်နေခဲ့သည်ပါပဲ ..။ ကြည်နူးလေး ၏ ဘဝဆို တာ မိဘမဲ့လေး ဖြစ်သည်ဆိုသည့် အဖြစ်မှန်ကို သိကြပါသည့်သူတွေ ကျတော့လည်း ရေးရေး ကို စိတ်ထားပြည့်ဝသူအဖြစ် ဖွင့်ဟ၍ပင် တချစ်တကြင် ပြောခဲ့ကြသည်ပါပဲ။ မင်္ဂလာပွဲသည် ဒေါ်ယမုန် ၏ အနှောင့်အယှက်ဆိုတာ တကယ်တမ်း ဖြစ်မလာနိုင်တော့ဘဲ အေးအေး ချမ်းချမ်း ပြီးမြောက်ခဲ့ရသည်မို့ .. ဘာပဲဖြစ်ဖြစ် .. ရေးရေး စိတ်ထဲ ဆဲ့သွားခဲ့ရသည်ကတော့ အမှန်ပါ။

ဘာကြောင့်ဆို .. ပဒုမ္မာမိသားစုဘက်မှ ဖြစ်တည်ခဲ့သည့် အတိတ် တစ်ခုသည် .. မင်္ဂလာပွဲမှာ .. လူပုံအလယ်၌ အဆင်ခြင်ကင်းသည့် မိန်းမတစ်ယောက်ကြောင့် .. ညှိပရိသတ်တို့အလယ်မှာ ရွှေဖင်ယော် မိသားစုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံသွားရမည်ကတော့ သွဲမသွေ ဖြစ်ချေမည်သာ ..၊ ဤအတွက် .. ရေးရေး စိတ်ပူရပါ၏ ..။ အခုတော့ .. အနှောင့်အယှက်ကင်းကင်းဖြင့် ကံကောင်းလွန်းစွာပဲ မင်္ဂလာပွဲကတော့ ပြီးမြောက် အောင်မြင်ခဲ့ပြီတည့် ..။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြည့်မိရင်း .. အဝါရောင်သတို့သားဝတ်စုံလေးကို ရိုးစင်းစွာ ဝတ်ထားလျက် .. ရွှေရင်ထိုးတစ်ခု .. စိန်လက်စွပ်တစ်ကွင်းသာ ဝတ်ဆင်ထားပါသည့် ဟိတ်ဟန်မထုတ်သော သတို့သားတစ်ယောက်၏ပုံလေးကို တွေ့ရတာမို့ ...

"စိတ်ရင်း ရိုးရှင်းတယ်ဆိုတာ သိသာနေတာပါပဲ .. ငါ့မှာသာ အဖြူရောင်ပိုးဝတ်စုံမှာ ချိတ်ဆင် ကျောက်ရောင်စုံခြယ်ဝတ်စုံတွေ ဘာတွေနဲ့ .. စိန်တစ်ဆင်စာကြီးကို ဘွားရော အန်တီဆွေ ကရော ဝတ်ခိုင်းကြတာမို့ ဖျိုးဖျိုးလက်လက်နဲ့ လျှပ်စီးလက်သလို တောက်နေတော့တာပဲ .. လေးလေးသော် ပြောသလို .. ဟန်းဒါးခရောင်းကြီး ခေါင်းပေါ် မဆောင်းလိုက်ရတာ ကံကောင်း .. စိန်စီသရဖူတွေဘာတွေ ဆောင်းရမယ် တကဲကဲဖြစ်နေတဲ့ အန်တီဆွေ့ ကို မနည်းတောင်းပန်ယူခဲ့ရတာ.."

ဟု တွေးနေမိရသည်ကလည်း ရေးရေး ပါ ..။

"လူလေးရော .. မြေးရော .. နှစ်ယောက်စလုံးဟာ ပဒုမ္မာနဲ့ ရွှေဇင်ယော်မှာ တစ်လှည့်စီ နေကြရမယ့်သူတွေ ဖြစ်တယ် .. ရွှေခြူးလေးဟာ .. သူ့ဘိုးဘွားနဲ့လည်း တူတူနေဖို့ လိုတယ်လေ .. အခု ပထမဆုံးတော့ဖြင့် မြေးနဲ့ ဘွားတို့ တူတူနေကြပါစေ .. ခွဲခွာနေရတဲ့ အဖေနဲ့လည်း တစ်အိမ်တည်း နီးနီးကပ်ကပ် နေကြပါစေဆိုပြီး .. ဆွေ က - မြေးတို့ကို ဒီမှာနေကြစေဆိုပြီး ခွင့်ပြုခဲ့တာ .. နေခိုင်းခဲ့တာ .. ဒီတော့- တစ်နေ့မှာ ရွှေဇင်ယော်ကိုလည်း ရေးရေး သွားရမှာပဲ .. ဟိုမှာကျရင်လည်း မြေးကြောင့် .. ဘယ်သူ့ဘယ်သူမှ စိတ်မဆင်းရဲစေရပါဘူးဆိုတဲ့ ကတိစကားမျိုး ဘွားနဲ့ မြေးရဲ့ ဖေဖေတို့ဘက်က ကြားချင်တယ်ဆိုတာ မမေ့ပါနဲ့ .. ဒီမှာ မြေးနေတဲ့အခါမှာလည်း မြေးကြောင့် လူလေးလည်း စိတ်မဆင်းရဲစေဖို့ အရေးကြီးသလို .. ရွှေဇင်ယော်မှာ ရှိနေကြတဲ့ လူလေးရဲ့ မိဘများဟာ မြေးရဲ့ မိဘများပဲ ဖြစ်နေတယ်လို့ သဘောထားရမယ်ဆိုတာလည်း မြေး တစ်သက်တာမှာ မမေ့ဖို့ အရေးကြီးတယ် -





ဟိုမှာရှိတဲ့ မိဘများ စိတ်ချမ်းသာကြဖို့အတွက် .. မြေး .. ဟိုကိုရောက်တဲ့ အခါမှာပဲဖြစ်ဖြစ် .. ဒီမှာနေတဲ့အခါမှာပဲဖြစ်ဖြစ် ဝတ္တရား မမေ့ပါနဲ့ကွယ် .."

ဘွား ပြောနေတော့ အန်တီဆွေ ရော အန်ကယ်ရော ပြုံး၍ မြရေးချယ် ၏ ဆံစလေးကို သပ်ပေးကြရင်းမှ ...

"သမီးက လိမ္မာပြီးသားပါ .. သားကလည်း သမီးလေးကို စိတ်ချမ်းသာအောင် ထားရမှာ နော် .."

ဟု အန်ကယ် ပြောလာတော့ ရေးရေး သူ့ကို ကြည့်မိရပါ၏။ ခေါင်းညိတ်ပြနေသည့် သူ့အကြည့်တွေက ရွှန်းလဲ့စွာ ရေးရေး ထံသို့ ရောက်လာတာမျိုးတော့ ဖြစ်တည်မလာခဲ့ ..။ သတို့သားနှင့် သတို့သမီးတို့၏ စိတ်လှုပ်ရှားမှုမျိုး လုံးဝ ဖြစ်တည်မလာကြသည့်သူ နှစ်ယောက်တော့ ဖြစ်နေကြချေသည်ဟု စတင်၍ ရေးရေး နားလည်လာသည်။

"ကဲ .. ကဲ .. ဖေဖေတို့ ပြန်မယ် .. မနက်ဖြန်တော့ အိမ်ကို အလည်လာကြ .. ဘွားကိုလည်း ခေါ်လာ .. ဒီက သားရဲ့ ဖေဖေ့ကိုလည်း ခေါ်လာ .."

ဟု အန်ကယ်ထရပ်၍ ပြောသည်က ဘွားနှင့် ဖေဖေ့ကိုပါ ဖိတ်ခေါ်သည့်စကား သမ်း၍ပါ။

"နေ့လယ်စာလေးပဲဖြစ်ဖြစ် .. အိမ်မှာ တူတူစားကြတာပေါ့ သားရယ် .."

ဟု အန်တီဆွေ ကလည်း ပြောလာပါ၏။ နောက်တော့ အန်ကယ်ဦးသီဟန် နှင့် အန်တီဆွေ တို့ကို အားလုံးလိုက်ပို့ကြသည်က ပေါ်တီကိုအောက် ရောက်သည်အထိပါ ..။

ညစာကို ပဒုမ္မာမှာပဲ စားသောက်ပြီးမှ အန်ကယ်နှင့် အန်တီဆွေတို့ ပြန်ကြတာမို့ .. အပေါ်ထပ်တက်၍ အဝတ်အစားလဲ အနားယူဖို့ပဲ ဆုံးဖြတ်တော့သည့်အဖြစ် ..။ မင်္ဂလာပွဲက မနက်ပိုင်းမှာတစ်ခါ ။ ညနေ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကျတော့ လူရင်းတွေကို ထပ်မံ၍ ညှော်ခံသေးတာက တစ်ခါဆေ မို့.. ခုမှပင် အဝတ်အစားလဲမည့်ကိစ္စ ဖြစ်တည်ရခြင်းပါ ..။

မင်္ဂလာခန်းဆောင်ကျယ်ကြီးသည် ယခင်ကတည်းက ရေးရေး ၏အခန်းပဲ ဖြစ်ပါ၏။ မင်္ဂလာခန်းဆောင်သည် နှင်းဆီတို့၏ ရနံ့များ ပန်းနုရောင်သမ်းနေသည့် ခန်းဆောင်ကျယ်ကြီးအဖြစ် ရှိနေပါ၏။ နှင်းဆီကလည်း ပန်းရောင် ..၊ အိမ်နံရံတွေကလည်း ပန်းနုရောင် .. အိပ်ရာ အခင်းအကျင်းကလည်း ဖဲသားပန်းနုရောင် ..၊ ကြမ်းခင်းကော် ဇောကြီးသည်ပင်လျှင် .. ပန်းနုရောင် နှင်းဆီဆုပ်ခဲခဲတွေ ပြန့်ကျဲပွင့်နေ သည့်နှယ် ရှိနေပါသည့် ပန်းရင့်ရောင်အခံမှာ ပန်းနုရောင်ပန်းတွေ ဝေနေသော ကော်ဇောကြီးပါတည့်။ ရွှေချိုးလေး ကို ပုခက်လေးထဲ ပြောင်းသိပ်လိုက်သည်က ဘုန်းမြတ်လူ ပါ ..။ ဘေးမှာ ရပ်လာရင်း ပုခက်ခြင်ထောင်လေးကို ချပေးနေပါသည့် ရေးရေး ကိုလည်း သူ ကြည့် လာသည်။ ခုထိ သတို့သမီးဝတ်စုံလေးနှင့် ရှိနေဆဲ ကောင်မလေး .. သူသည်လည်း ဘာထူးသည်လဲလေ ..။ သတို့သားဝတ်စုံ တောက် တောက်သစ်သစ် လှလှကြီးကို မလဲဖြစ်နိုင်သေး ..။

"ထူးတယ်ကွ ရေးရေး ရ .."

သူ တစ်ချက်ပြုံး၍ ခပ်တိုးတိုး ပြောလာပါ၏။ ရွှေချိုးလေး မနိုး အောင် တိုးတိုးပြောခြင်းဆိုတာ ရေးရေး လည်း ရိပ်မိသည်ပါပဲ။ ဒါပေ မယ့် ပြုံးရိပ်သမ်းနေသည့် မျက်ဝန်းတွေဖြင့် သူ ပြောနေခြင်းတစ်ခု ကြောင့်ပင်လျှင် ရေးရေး ရင်ထဲ အေးမြသွားရသည်ကိုတော့ မငြင်းနိုင်ဘဲ ဖြစ်နေသည်။ ခုလို ပဒုမ္မာမှာ သူ သက်သောင့်သက်သာ ပြောဆိုနေတာက ချေသည်ပဲဟု သိလိုက်ရတာမို့လည်း ရင်ထဲ ပေါ့ပါးသွားရ ..၊ ပြီးတော့ ရေးရေး ဟု တရင်းတနှီးဆန်သော အခေါ်လေးကို သူ့ဘက်က အလိုလို ပြောင်းလဲလာတာကိုလည်း ရေးရေး ရင်ထဲ ကြည်နူးသွားရသည်ပါပဲ။ ဤသည်ကလည်း ရေးရေး အတွက် ထူးခြားဆန်းသစ်သော ခံစားချက်





တစ်ခု ဖြစ်နေသည်။

"ငါ့ကို ရေးရေး လို့ ဘွား ကလည်း ခေါ်တာပဲ .. ဒေါ်ကြီးယု တို့ .. ဦးကြီးသိန်း တို့လည်း ခေါ်တာပဲ .. လေးလေးသော် လည်း ခေါ် တာပဲ ဥစ္စာ .. အို .. မိုး နဲ့ သူငယ်ချင်းတွေလည်း အဲသလို ခေါ်ခဲ့ကြတာ ပါပဲ.. ဒါပေမယ့် သူ့ရဲ့ ရေးရေး လို့ တရင်းတချာ ခေါ်လာသံတစ်ခု ဟာ .. ငါ့ရင်ကို .. အရမ်းအေးမြ ထူးခြားနေတာပါပဲလား .."

ရေးရေး တွေးရင်း သူ့ကို တစ်ချက် မော့ကြည့်မိရပါ၏။

"ရေးရေး ရဲ့ ဖေဖေက .. သူ့သမီးလေးကို သတို့သမီးဝတ်စုံလေး နဲ့ ကြည့်လို့ မဝဘူးဆိုပြီး .. ကိုယ်ရော .. ရေးရေး ရော .. ဒီဝတ်စုံကြီး တလွှားလွှား .. တလက်လက်နဲ့ ညစာထမင်းပွဲမှာ စားခဲ့ကြရတာလေ.. ညှိုပရိသတ်တွေလည်း ပြန်ကုန်ကြပြီ .. အပေါ်တက်ပြီး အဝတ်အစား လဲ .. ရေမိုးချိုးပြီး ညစာစားဖို့ ဖြစ်ရမယ့်ကိစ္စ .. ရေးရေး ရဲ့ ဖေဖေက.. သတို့သား သတို့သမီးကို ကြည့်နေချင်သေးတယ်ဆိုပြီး အဲဒါကြီးတွေနဲ့ ထမင်းစားရ.. ရေးရေး ဖေဖေက ဗီဒီယိုကင်မရာလေးနဲ့ ရိုက် .. အဲသလို ရှိခဲ့ရတာကိုက .. ထူးတယ်လေ .."

ဟု ပြောလာကာ အခန်းကို တစ်ချက် ဝေ့ကြည့်သည်။

"ရေးရေး အခန်းလေးက ကျယ်လည်း ကျယ် .. လှလည်း လှ တယ် .. ပြင်ဆင်ထားတာလေးကိုက ရင်အေးစရာလေး .. ကဲ .. ကဲ .. အဝတ်အစားလဲ .. ကိုယ်လဲ လဲမယ် .. ကိုယ်က ရေချိုးခန်းမှာ လဲမယ်.. ရေးရေး က ဒီမှာ လဲလိုက် .. တအောင့်လောက်နားပြီးမှ .. ရေမိုးချိုးပေါ့.. ဓိတ်ကို ထိန်းထားရတာ များခဲ့ပြီလေ .. သတို့သမီး သတို့သား အဝတ် ကြီးတွေနဲ့ .. ဟိုလူ့ပြုံးရ .. ဒီလူ့ပြုံးရနဲ့ကွ .. ရေးရေး လည်း နေရထိုင်ရ ခန်းကျပ်မှာပဲ .. ကဲ .. အဝတ်လဲစို့ .."

ဟု ပြောကာဆိုကာ သူ့အဝတ်အစား သေတ္တာကို ဖွင့်သည်။ အခန်း ဆောင့် နံရံနား ကပ်ထောင်လျက်သား ရှိနေသည့် အဝတ်အစားသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အဝတ်တွေ မရှိတော့ သူ လှမ်း၍ ရေးရေး ကို ကြည့်လာပါ၏။

"လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက အန်တီဆွေ ကြိုတင် ယူလာပေးထားတဲ့ အဲဒီသေတ္တာထဲက အဝတ်တွေ .. ရေးရေး ဗီရိုထဲ ထည့်ထားပါတယ် ကိုဘုန်းမြတ်လူ .. ဗီရိုကလည်း အသစ်ဝယ်ထားတာ ပါ.. ပရုတ်လုံးလေးတွေလည်း ထည့်ထားပါတယ် .. ဗီရိုသစ်မို့ .. စိတ် သန့်သန့်နဲ့ အဝတ်တွေ ယူဝတ်ပါ .. ရေးရေး ရဲ့ သုံးခဲ့တဲ့ ဗီရိုတွေထဲက တစ်လုံးကို ယူသုံးထားတာမျိုး မဟုတ်ပါဘူး .."

ရေးရေး ပြောလာတော့ သူ့ မျက်နှာ ပျက်ခနဲ ဖြစ်၏။

"ဟာ .. အဲသလို မပြောရဘူးလေ ရေးရေး ရဲ့ .. ဗီရိုဆိုလည်း ဘာဖြစ်လဲ .. အသစ်ဖြစ်ရမယ်လို့ မဟုတ်ပါဘူး .. ကိုယ်က .. ကိုယ့် အဝတ်တွေ မေမေ တချို့ယူပြီး ဒီပို့ထားတာဆိုတော့ .. ခုထိ .. သေတ္တာ ထဲမှာပဲ ရှိနေလိမ့်မယ်လို့ ထင်ထားတာ .. ရေးရေး က ဂရုတစိုက်နဲ့ ဗီရိုအသစ်တွေ ဘာတွေထဲ ထည့်ထားပေးတာကိုး .. အားနာစရာကြီး ကွာ .."

ဟု ပြောနေစဉ်မှာ ရေးရေး သူ့ဗီရိုကို သွားဖွင့်သည်။ အဝတ်တစ်စုံ ထုတ်ပေးသည်။ သူ ခုလိုကျတော့လည်း အားတုံ့အားနာပုံကြီးဖြင့် အဝတ်တွေကို လာယူသည်ပါပဲ ..။ နှစ်ယောက်သား နီးနီးကပ်ကပ် မျက်နှာချင်းဆိုင် ရပ်နေကြသည့်အချိန် ..၊ ခုထိ မင်္ဂလာဝတ်စုံတွေကိုယ် စီဖြင့် ရှိနေကြဆဲပေမို့ .. မိတ်ကပ်လေး မသိမသာ ပါးပါးလေး အလှ ခံထားရလေသမျှ အနေခက်စိတ်ဖြင့် ...

"သတို့သားဆိုတာ မိတ်ကပ်ပါးပါးလေး မသိမသာ မျက်နှာပေါ် အုပ်ထားရသတဲ့လေ .. မေမေ ပြောတာကွ .. မျက်နှာ ပြေးသစ်တော့ မယ် ရေးရေး ရာ .. နေရကျပ်လိုက်တာ .."

ဟု သူ ပြောပေမယ့် သူ့ရှေ့မှာ ရပ်နေသည့် ရေးရေး ဆိုတာ အရမ်းကို လှနေသည့် ကောင်မလေးတစ်ယောက် ဖြစ်နေတာကိုတော့





သူ ငြင်း၍မရဘဲ ဖြစ်နေရတာ အမှန်ပါ။

"မင်းလည်း .. လှနေတာပဲ ရေးရေး ရဲ့ .. ကိုယ့်ရှေ့မှာ မင်းသမီး သိုလို .. ဘာလိုလိုနဲ့ ပရင့်ဆစ်လေးလို ရှိနေတဲ့ ကောင်မလေးတစ် ယောက် .. ခုလို ရပ်နေတာကို ကိုယ်လည်း ဆန်းနေသလို .. ရေးရေး လည်း ပိုးတိုက်ပုံ ရင်ဖုံးကြီးနဲ့ .. ပိုးပုဆိုးကြီးနဲ့ .. ဒီရင်ထိုးတွေဘာတွေ နဲ့ ရပ်နေတဲ့ မြို့စားလိုလို .. ဘာလိုလိုကြီးကို ကြည့်ရင်း ရယ်ချင်နေမှာ နော် .."

သူ ပြောလာတော့ ရေးရေး ရယ်သည်။ ပါးချိုင့်လေး ခွက်သွား တာကို သူ ငေးခနဲ တစ်ချက်ကြည့်၏။ ခုလိုကျတော့လည်း နှစ်ယောက် သား တဖြည်းဖြည်း ရင်းရင်းချာချာ ပိုနိုင်လာကြသည်ပါပဲ။ ပျော်စရာ တော့ အကောင်းသားဟု စတင်၍ သူ တွေးသည်။ နောက်တော့ သူ ရေချိုးခန်းထဲ ဝင်သွားသည်။ ရေးရေး လည်း အဝတ်လေးတွေ အမြန်လဲ လိုက်ရသည်ပါပဲ ..။ ထိုအခါမှပဲ ရင်ထဲ ကျဉ်းကျပ်နေတာ သက်သာရာ ရသွားရပါ၏။ အဖိုးတန်ဝတ်စုံလည်း ဖြစ် ..၊ အရမ်းလည်း လှသည့် သတို့သမီးဝတ်စုံလေးလည်း ဖြစ် .. ရေးရေး ဘဝမှာ အထင်ကရ မြတ်နိုး ရော တန်ဖိုးထားရပါသည့်ဝတ်စုံလည်း ဖြစ်တာမို့ ကျောက်လေးတစ်ပွင့် ပြုတ်ကျသွားတာမျိုး ဖြစ်သွားမှာ အရမ်းစိုးရိမ်သည်လေ ..၊ သူ ပြန်ထွက် လာတော့ မျက်နှာတွေဘာတွေသစ်ပြီး မိတ်ကပ်လွတ်ဘဝဖြင့် ရှိနေတာ မို့ ရေးရေး ပြုံးမိရပြန်သည်။ ပုံစံက ခုမှ လွတ်ပြီ ကျွတ်ပြီဆိုသည့်ပုံမျိုး ဖြစ်နေသည်ကိုးလေ ..။

"ဘာလဲ .. မိတ်ကပ်တွေ ရေနဲ့ မျှောပစ်လိုက်တာကို ရယ်တာ လား .. ကဲ .. ကဲ .. မျက်နှာသွားသစ်ချေ .."

အံမယ်မယ် ..၊ သူက ရေးရေး စိတ်ထဲကို ဝင်ကြည့်နေတာကျနေ သည်ပါပဲ ..၊ ဘာကို ပြုံးသည်ဆိုတာပင် သူက လက်ဦးအောင် ပြောနေ နိုင်သေးသည်တည့် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက .. ကိုဘုန်းမြတ်လူ အတွက် မျက်နှာသုတ်ပဝါတို့ .. အတ တချို့ .. ပုဆိုးတို့ဘာတို့ တင်နိုင်ဖို့ .. စတီးလ် အဝတ်စင်အသစ်ပါ - ဒီတဘက်ကလည်း အသစ်ပါ .. ဒါပေမယ့် .. အသစ်ဆိုတာ လျှော်သ သင့်တာမို့ တစ်ခါတော့ လျှော်ပြီးပါပြီ .. မီးပူလည်း တိုက်ထား တယ် .. သန့်ပါတယ် .. ဒါက .. အင်္ကျီချိတ် အသစ်တွေပါ .. တ အဝတ်လးတွေ ချိတ်လို့ ရအောင်ပါ .."

ဟု ပြောပြသမျှ သူ ငေးကြည့် နားထောင်မိရပါ၏။ ထောင့် အောင် သေသေသပ်သပ်လေး စီစဉ်ပေးထားပါသည့် ရေးရေး ..။ ကြေ ရုတ်ခနဲ ရင်ထဲ တိုးဝင်လာတာက ကြွေ ..၊ ကြွေ ဆိုလျှင် ထိုသို့ .. စီ ထားပါ့မည်လား ..။ သူ .. ဘာက်မလိုက်ဘဲ ဖြေရမည်ဆိုလျှင် ထို ကြွေ လုပ်ပေးမှာမဟုတ် ဆိုသည့်အဖြေဘဲ ပွင့်ကျလာသည်ပါပဲ ..။ ကြ ဆိုတာက သူများက ကြွေ့ကို အစစ အရိပ်ကြည့် ပြုစု လုပ်ကိုင်ပေး ကို ကြိုက်သည့် ကြွေ ပေပဲလေ ..၊ ဒါကို .. သူ သိထားသည်။ သိလ နှင့် ချစ်စိတ်ဖြင့် :. ကြွေ သည် ကလေးဆန်သူလေးဟုသာ အချစ်ေ ဖြင့် ကျေနပ်တွေးပဲ တွေးခဲ့ခြင်းသာ ..။

ခုကျတော့ .. သူ ဘယ်တုန်းကမှ .. ချစ်ဖို့ မတွေးမိခဲ့ရဖူးသေ ကောင်မလေးတစ်ယောက်က ဇနီးတစ်ယောက်၏ ဝတ္တရားတွေကို ကတည်းက .. သူ့အပေါ် ကျေပွန်နေချေသည်တကား ..။

ရေးရေး ရေချိုးခန်းထဲ ဝင်သွားချိန်မှာ တဘက်ကြီးဖြင့် သူ မျ နှာသုတ် ကျန်ခဲ့ရပါ၏။ ဟုတ်သည် ..၊ တဘက်သစ်ကြီးက လျှော် ထားတာမို့ နူးညံ့နေသည်။ ကော်တင်ထားသလို တောင့်တောင့်ကြီ ဖြစ်မနေ ..။

ရေးရေး ပြန်ထွက်လာတော့ မျက်နှာမှာ မိတ်ကပ် မရှိတော့ မှန်တင်ခုံရှေ့မှာ ထိုင်ကာ ရေးရေး စတင်၍ ဆံထုံးကို ဖြေ၏။ ရှည်လျ သော ဆံနွယ်နက်နက်ကြီးကို ဖြီးသင်နေတာ သူ မြင်နေရသည်။ ဤ





လှပရှည်လျားသော ဆံပင်တွေကို သူ မမြင်ဖူး ..၊ ထိုသို့ ဆံပင်ရှည်ကြီး ကို အမျိုးသမီးတစ်ယောက်က ဖြီးသင်နေတာကိုလည်း သူ နီးနီးကပ် ကပ်မှ မြင်ဖူးခြင်း ..။ မေမေသည်ပင်လျှင် .. ရေးရေး လောက် ဆံပင်တွေ ရှည်လျား..၊ ခေတ်နောက်မကျသော မေမေသည် ကျောလယ်လောက် ပဲ ဆံပင်ကို ထားသည်။ ရွှေထည် ရတနာထည်တွေဖြင့် ပုံစံဆန်းလေး တွေ တမင် ပန်းတိမ်မှာ အပ်ခဲ့ပါလေသော ဆံညှပ်ကလစ်လှလှတွေဖြင့် ဆံပင်ကို ညှပ်တတ်သည်။ ဆံထုံး ထုံးသည့်အခါ ထုံး၍ ဆံထိုးလှလှကို ထိုးထားတတ်သည်။ ခုကျတော့ .. ဒူးခေါက်ကွေးအောက်သို့တိုင်နေ သည့် ဆံပင်တွေကိုဖြီးသင်၍ တစ်ချောင်းတည်း ကျစ်နေသည့် ကောင်မ လေးကို သူ့ ရပ်ငေးကြည့်နေမိရဆဲ ..။ ခုမှ သူ ရှိနေရပါသည့်အခန်း..။ ခုတင်ထက်မှာပဲ ထိုင်ရလေမလား ..၊ ဆိုဖာထက်မှာ စတိုင်ထုတ်သလို ကြီး သွားထိုင်နေရလေမလား ..။ သူ .. ခုထိ .. ဘယ်မှာမှ မထိုင်ဖြစ်ရ သေးဘဲ ရပ်နေရဆဲ ..။

ရေးရေး ခုတင်ဘေးရှိ စားပွဲဆီသို့ လျှောက်ကာ စားပွဲထက်မှာ အုပ်ထားပါသည့်အရာကို ယူဖယ်လိုက်တော့ ကွန်ပျူတာ ..၊ ဘေးမှာ ကလေးအုပ်ထားသည်ကို ဖယ်လိုက်တော့ လက်ပ်တော့တစ်ခု ..။

အံဆွဲကို ဖွင့်ပြသည် ..၊ စားပွဲက အောက်ခြေဘက်မှာ အံဆွဲအဆင့် ဆင့်တွေ ရှိနေသည့်စားပွဲ ..။ စားပွဲ၏အောက်ခြေ အလယ်မှာက ကွက် လပ်ဖြစ်နေကာ တစ်ဖက်ဆီမှာက အံဆွဲအဆင့်ဆင့်တွေ ရှိနေသည်။ အံဆွဲတွေကို ရေးရေး ဖွင့်ပြတော့ စာရေးစက္ကူ အထပ်လိုက် ..။ နောက် တစ်ဆင့်မှာက ကွန်ပျူတာနှင့် လက်ပ်တော့သုံး စက္ကူများ ..၊ တစ်ဖက်ရှိ အပေါ်အံဆွဲဆင့်ကို ဖွင့်ပြတော့ အပြာ အနီနှင့် အနက်ရောင် ဘောလ်ပင် များ၊ ခဲတံနှင့် ခဲဖျက် ..။ ဆော့(ဖ်)ပင် အနက် အနီနှင့် အပြာရောင်များ..။ ခဲတံချွန်စက်ကအစ ရှိနေသည်။ ပြီးတော့ ပေတံ ..။

"ကွန်ပျူတာတို့ လက်(ပ်)တော့တို့ဆိုတာက ခဲဖျက်မလိုပေမယ့်..



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းမြတ်လူ ကဗျာစပ်တဲ့အခါ .. စာကြမ်းတစ်ခုခု ရေးတဲ့အခါ – စက္ကူပေါ် ချရေးရင် ဖျက်ချင်တာလေး ဖျက်လို့ရအောင် .. အကြမ်းရေး လို့ရအောင် ခဲတံချွန်စက်တို့ ခဲဖျက်တို့ပါ ရေးရေး ထားမိတာပါ.. ပြီး တော့ .. ဒါက တစ်ခုခု ရေးမှတ်ပြီး စုချုပ်ထားလို့ရအောင် စတက် ပလာ ချုပ်စက်ကိုလည်း ထည့်ထားပေးတာပါ .. ကိုဘုန်းမြတ်လူ စာရေးဆရာဆိုတော့ ဒါတွေ လိုအပ်မယ်လေ ..”

မြရေးချယ် နှုတ်ပြောနေသမျှကို သူ ငေးကြည့်နေရင်းမှ ရင်ထဲမကောင်း နိုင် ..။ သူ့အပေါ် မြရေးချယ် သည် တန်ဖိုးထား စဉ်းစားပေးတတ် ပါလားလေ ..၊ ကြွေ သည် .. သူ့ကို စာရေးဆရာဆိုတာထက် စီးပွား လုပ်ငန်းရှင်ကြီးတစ်ယောက်လိုပဲ မြင်နေချင်သည်။ ရွှေဖင် ဆောက်လုပ်ရေးပစ္စည်း စက်ရုံကြီးမှာ အစစ ဦးစီးဆောင်ရွက်နေသည့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ်ပဲ လိုလားနေသည် ခုကျတော့ မြရေးချယ် သည် သူ့အတွက် ဤမျှအထိ ကြိုတင်စဉ်း ထားပေးနေသော မိန်းကလေး ဖြစ်နေချေသည်တကား ..။

သူကျတော့ .. မြရေးချယ် ဘာကို စိတ်ဝင်စားသည်ဆိုတာ ဘာမှ သိထားတာ မရှိသေး ..၊ သိဖို့ ကြိုးစားရမှန်းလည်း မသိ ဆိုးဝါး တစ်ယောက်အဖြစ် အာရုံမဝင်သည့် လူတစ်ယောက်ပဲ ဖြစ်နေခဲ့သည် ခုကျတော့ .. သူ ရှက်လာရသည်ပါပဲ ..။

“ကျေးဇူးတင်ပါတယ် ရေးရေး ..”

သူ ခပ်တိုးတိုး ပြောတော့ ရေးရေး ပြုံး၍ ကြည့်သည်ပါပဲ – နောက်တော့ မျက်လွှာလေးတစ်ချက် ချကာ ...

“ရေးရေး တစ်ခု တောင်းပန်ချင်ပါတယ် ကိုဘုန်းမြတ်လူ – မင်္ဂလာပွဲကျင်းပနေချိန်မှာ .. ဒေါ်ယမုန် များ ရောက်လာလေမလား ကိုဘုန်းမြတ်လူ စိုးရိမ်နေခဲ့ရတဲ့အတွက် .. အဲ့သလို အချိန်နဲ့အမျှ သောကတွေနဲ့ မွန်းကျပ်ခဲ့ရတဲ့အတွက် .. ရေးရေး တောင်းပန်ပါတ





အားလည်း နာပါတယ် ..၊ ဖေဖေ့အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ရေးရေး လေ .. အဖေကိုချစ်တဲ့စိတ် တစ်ခုတည်းနဲ့ .. အရာရာကို .. အဖေချစ် သမီးအဖြစ် ခံယူခွင့်ရဖို့အတွက် ရင်ဆိုင်နိုင်ပေမယ့် .. ကိုဘုန်းမြတ်လူ ကျတော့ နာမည်ရ စာရေးဆရာတစ်ယောက်လည်း ဖြစ်တယ် .. လူသိ လည်း များတယ် .. စီးပွားရေးလုပ်ငန်းကြီးတစ်ခုကိုလည်း ပိုင်ဆိုင်တဲ့ လူချမ်းသာလည်း ဖြစ်တယ်ဆိုတော့ .. လူအများရှေ့မှာ .. ကိုယ့်မင်္ဂလာ ပွဲကို မိန်းမတစ်ယောက်က လာပြီး အရှက်ခွဲတာမျိုး .. အဲဒီ မိန်းမဟာ ကိုယ့်ရဲ့ ယောက္ခမရဲ့ ဇနီးဟောင်း ဖြစ်နေတာမျိုး တွေ့ကြုံရမှာ ဘယ်လို အဖြစ်ခံချင်ပါ့မလဲ .. အဲဒီ စိုးရိမ်ဇောတစ်ခုနဲ့ မောပန်း မွန်းသိပ်နေတဲ့ စိတ်ကို တစ်ချိန်လုံး ခံစားပေးရင်း နာရီနဲ့ချီပြီး ကိုဘုန်းမြတ်လူ ရှိခဲ့ရ တာပါ ... ရေးရေး ကိုဘုန်းမြတ်လူ ရဲ့ မျက်လုံး .. မျက်နှာကိုကြည့်ပြီး သိပါတယ်ရှင် .. အဲဒီကိစ္စဟာ ပဒုမ္မာ ရဲ့ဘက်က ဖြစ်တည်ခဲ့ရတဲ့အဖြစ် ဆိုမို့ .. ရေးရေး .. ကိုဘုန်းမြတ်လူ ကို တောင်းပန်ပါတယ် .. အားလည်း နာပါတယ် ..”

သူ ပို၍ ရင်ထဲမကောင်းနိုင်တော့ပြီ ..၊ ရေးရေး သည် သူ့ရင်ထဲကို ဝင် ခံစားချက်တွေ ဝင်ဖမ်းနိုင်သည့် ကောင်မလေး ဖြစ်နေချေသည် တကား ..။ ဟုတ်သည် ..၊ သူ တကယ်လည်း စိုးရိမ်ခဲ့သည်ပဲလေ ..။ ဒါကို .. ရေးရေး သိနေခဲ့သည်တည့် ..။ မင်္ဂလာပွဲ ကျင်းပချိန်မှာ သူ့ကို မော့မော့ကြည့်ရင်း အဘယ်မျှထိ ဤမိန်းကလေး ရင်ထဲမှာ ထိခိုက်နေ ချေမည် မသိ ..၊ အနေခက်နေချေမည် မသိ။ သူ့ကို အဘယ်မျှထိ အားနာ အနေကျုံ့စွာ ကြည့်ကြည့်နေချေသည် မသိ ..။ အဘယ်နေရာကများ ဒေါ်ယမုန် ဆိုတာ ရောက်ချလာချေမည်လဲဟု သွေးလန့်သလိုကြီး သူ ဟိုဟိုသည်သည် ကြည့်မိချိန်တိုင်းမှာ ဤကောင်မလေးက သိနေချေ သည် တကား ..။

“ဖေဖေဟာ .. ဘွား နှစ်သက်တဲ့ မေမေ့ကို လက်ထပ်ခဲ့ရပေမယ့်..



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ဘယ်လိုမှ မချစ်နိုင်ဘူးဆိုတာ သိရချိန်မှာ .. မေမေ့ကို ခွင့်ပန်ပြီး .. ကွာရှင်းခဲ့ပါတယ် ကိုဘုန်းမြတ်လူ .. ဒေါ်ယမုန် ကိုလည်း လက်ထပ်ခဲ့ပါတယ် .. အဲဒီအတွက် ဖေဖေဟာ .. မိခင်ကိုလည်း ဆုံးရှုံးခဲ့ရတယ် .. သမီးကိုလည်း ဆုံးရှုံးခဲ့ရတယ် .. ပဒုမ္မာရဲ့ အရိပ်ကိုလည်း ဆုံးရှုံးခဲ့ရတယ် ..၊ မေမေ့အပေါ်မှာ ဖေဖေ ကွာရှင်းလိုက်တဲ့အဖြစ်ဟာ တရားမျှတတယ်လို့ ရေးရေး မပြောချင်ပါဘူး ကိုဘုန်းမြတ်လူ .. ဒါပေမယ့် .. မချစ်နိုင်တာကို အမှန်အတိုင်း ဖွင့်ဟခဲ့ခြင်းဟာ ရိုးသားမှု တစ်ခုတော့ ဖြစ်နေပါတယ် .. ဖေဖေ့ကို နာကြည်းတဲ့စိတ်နဲ့ မေမေ ဆုံးပါးခဲ့ရတာလည်း ရေးရေး ရဲ့ဘဝမှာ ကြေကွဲစရာတစ်ခုပါ .. ဒါပေမယ့် .. ရေးရေး ဖေဖေ့ကို ချစ်နေတာပါပဲ .. ဖေဖေဟာ ရေးရေး ရဲ့ အဖေအဖြစ်က ဘယ်လိုမှ ပြောင်းလဲသွားနိုင်မှာမှ မဟုတ်တာပဲလေ.. ဖေဖေကလည်း ရေးရေး ကို သိပ်ချစ်တာမို့ .. ဒေါ်ယမုန် ကို ကွာရှင်း ပစ်ခဲ့တာပါ .."

မြရေးချယ် ပြောနေသမျှ သူ ငြိမ်၍ နားထောင်နေရာမှ ...

"အဲဒါတွေကို မေ့ပစ်လိုက်ပါ ရေးရေး .."

ဟု အလောတကြီး ဝင်တားမိရသည်။ ရေးရေး ကို စိတ်မချမ်း မမြေ့ သူ မမြင်ချင် ..၊ သူ့ကို အားနာစိတ်ဖြင့် စိတ်ထိခိုက်နေတာမျိုးကို လည်း အဖြစ်မခံနိုင် ..။ ဒါကြောင့် .. သူ အလောတကော တားမိခြင်း..။

"မိဘက စီမံလို့ လက်ထပ်ကြရတယ်ဆိုတာ .. ကံကြရတာပါပဲ ရေးရေး .. အဲသလို မင်္ဂလာပွဲတွေ .. အဲသလို အိမ်ထောင်စုတွေ အများ ကြီး ရှိကြပါတယ် ..၊ ရေးရေး ရဲ့ဖေဖေလို .. ကိုယ်ချစ်တာက တစ် ယောက် .. လက်ထပ်လိုက်ရတာက တစ်ယောက် .. မိဘ စိတ်ချမ်းသာ အောင် လက်ထပ်ပေးလိုက်ရရင်း ကိုယ့်ချစ်သူကို စွန့်လွှတ်လိုက်ကြရ သူတွေ ရှိကြတာပါပဲ .. ရေးရေး ရဲ့ ဖေဖေ ခံစားရတာတွေကို .. ကိုယ်- စာနာပေးတတ်ပါတယ် .."





သူ လွှတ်ခနဲ ပြောမိပြီးမှ စကားကျွံပြီကော့ဟု နောင်တဖြစ်၏။ ကြွေ နှင့်ပတ်သက်၍ သူ ခံစား စာနာ ပြောမိရခြင်း..၊ သူ့ဘဝမှာ ကြွေ ရှိခဲ့သည် ..၊ ခု .. ကြွေ နှင့် သူ ဝေးရပြီ ..။ သူချစ်သော မိန်းကလေးကို ချန်ခဲ့ရပြီ ..၊ ဤခံစားချက်တွေဖြင့်ပင် ရေးရေး ၏ ဖေဖေ့ဘက်မှ သူ စာနာပြောမိခြင်း ..၊ သူ ကမန်းကတမ်း လက်ကာ၍ ...

"တစ်ယောက်နဲ့ တစ်ယောက် .. ချစ်တယ်ဆိုတာ ရင်ထဲမှာ မရှိ ကြပေမယ့် .. မုန်းတယ်ဆိုတာ မရှိတဲ့သူ နှစ်ယောက်ဟာ လက်ထပ် ဖြစ်ကြတာတွေ ရှိတတ်ကြပါတယ် .. အဲသလို ပြောတာပါ ရေးရေး.."

ဟု သူ ထပ်၍ ရှင်းပြနေမိပြန်သည်။

"ဖေဖေ ပေးတဲ့ လက်ဖွဲ့ပစ္စည်းလေးကို .. ကိုဘုန်းမြတ်လူ ရှေ့မှာ ရေးရေး ဖွင့်ကြည့်မယ် နော်.."

ဟု ပြောတော့ သူ ခေါင်းညိတ်ပြမိရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ်..၊ လောလောဆယ် ပြောနေကြရသည့် စိတ်ချမ်းမြေ့စရာမရှိသည့် ဆွေးနွေး ရှုနည်းနည်းဆန်သော .. အယူအဆတွေဘက်ကို နွယ်နေသော စကား တွေထက် .. ထိုလက်ဖွဲ့ပစ္စည်းထုပ်ကို ဖောက်ကြည့်လိုက်ခြင်းဖြင့် အာရုံ လည်း ပြောင်းရမည်။ စိတ်လည်း ချမ်းမြေ့သွားရမည်ဟု သူ ယုံကြည် သည်လေ ..။

ရေးရေး တစ်ဖက် စားပွဲရှည်ကြီးထက်မှာ ရှိနေသည့် လက်ဖွဲ့ပစ္စည်း ဆီသို့ မသွား ..၊ ဗီရိုကို ဖွင့်သည်။ အပေါ်ဆုံးဆင့်မှာ ရှိနေသည့် လှပ သော ရွှေရောင်စက္ကူတို့ဖြင့် ထုပ်ပတ်ထားရာဘူးကို ယူသည်။ သူနှင့် ဘုတူ ဆိုဖာရှည်ကြီးမှာ ထိုင်သည်။ တကယ်က .. သူ့ကို ဘေးမှာ ဘာထိုင်ခိုင်းခြင်း ..၊ နောက်တော့ ဘူးထက်မှ ရွှေရောင်စက္ကူကို ဖွဖွ ညင်ညင် ခွာသည်။ အတွင်းမှာ လှပသော ဘူးတစ်ဘူး ..၊ ထိုဘူးကို ဖွင့်လိုက်တော့ တွေ့ရသည်က သပ်ရပ်စွာ ပလတ်စတစ်အကြည်သား ဖြင့် ထုပ်ပတ်ထားပါသည့် ရွှေသစ်ပင်ပါတကား ..။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသားစစ်စစ် ရွှေသစ်ပင်လေးသည် ရွှေသစ်ခက် သစ်လက် သစ်ရွက်တို့ဖြင့် လှပနေသည်။ သစ်ရွက်ခက်လေးတချို့၏ ထိပ်ဖျားဆီမှာ ကွင်းချိတ်လေးတွေ ရှိနေလျက် …၊ ထိုကွင်းချိတ်လေးဆီမှ ကွင်းဆက်မျှင်လေးတွေ တန်းလန်း သွယ်ဆင်းကျနေကြကာ .. နီလာပွင့်လေးတွေက ဖိတ်လှဲ့လှဲ့ ပြာစင်ရွှန်းလဲ့စွာ နီလာရတနာသစ်ပင်အဖြစ် ရှိနေချေသည်ကောလေ..။

အလွန်လှသည့်အပင် …၊ ပြီးတော့ .. အောက်ခြေမှာကျတော့လည်း သစ်ပင်လေးကို ထောင်လျက်သား ရှိနေစေဖို့ ရွှေသားစစ်စစ်ဖြင့် ပန်းအိုးပမာ လုပ်ထားကာ ကျောက်ဖြူသားတို့ကို ပင့်ခြေမြေပြင်ပမာ ရှိနေပေါ၏။

"ဖေဖေ ရယ် .."

မြရေးချယ် မျက်ရည်ကျလာသည်။ နီလာပွင့်လေးတွေ ရွှေနှင့်ကွပ်၍ စီသွယ်ကျနေရာ ရွှေသစ်ပင် တစ်ထွာကျော်ကျော် အမြင့်ရှိရာလေးကို သူ့လက်ထဲ ထည့်၍ မြရေးချယ် ဗီရိုရှိရာသို့ သွားကာ ယွန်းဘူးလေးကို ယူလာမိရပါပြီ …။ မျက်ရည်ကျနေရင်း ဘူးလေးကို ရေးရေး ဖွင့်သည်။ ကျိုးကျေနေသည့် ရွှေသစ်ပင် သစ်ခက်နှင့် တချို့တလေ ရွှေ ရှိနေဆဲ ကျန်ရစ်ခဲ့ရာ ပုလဲပွင့်လေးတွေဖြင့် ညှိုးဖျော့စွာ မော့ကြည့်နေသယောင် သစ်ပင်လေးကို ငုံ့မိုး ငေးစိုက်၍ ရေးရေး အတန်ကြာ ကြည့်သည်။

နောက်တော့ သူ့ကို မော့ကြည့်ကာ …

"အဲဒီနေ့က .. အဲဒီနေ့က .. ဒီသစ်ပင်လေးကြောင့် .. ဒေါ်ယမုံက ရေးရေး ကို ပါးရိုက်ခဲ့တာ .. ဖေဖေ့လက်ထဲမှာ .. ပွေ့ချီထားတဲ့ ရေးရေး ကို .. ရိုက်ခဲ့တာ .. အဲဒီနေ့ကို .. ဖေဖေ တစ်နေ့မှ မမေ့နိုင်ဘူးပဲ ရင်ထဲ ကြေမွနေရတယ်ဆိုတာ .. အခု .. ဒီလို ဖွဲ့ဖွဲ့လမ်းလမ်းကြီး ဒီ နီလာရတနာ ရွှေသစ်ပင်ကို .. ပေးလာတာ တစ်ခုနဲ့ပဲ … ရေးရေး





သိလိုက်ရပါပြီရှင် …၊ ဖေဖေ .. ဖေဖေ .. တစ်လျှောက်လုံး စိတ်ထဲမှာ ခံစားနေခဲ့ရရှာတာ .. ဖေဖေ့ နှလုံးသားတွေ အရိုက်ခံနေရရှာတာ.. ဖေဖေ့ကို .. ရေးရေး သနားလိုက်တာရှင် .."

ဟု ပြောငိုလာသည်က မချိတင်ကဲ ဖြစ်နေသည်။ မနိုင်ရင်ကန် ထိထိခိုက်ခိုက်ကြီး ခံစားနေရတာလည်း သိသာနေသည်။ သူ ရင်ထဲ မကောင်းနိုင်တော့ပြီ …။ အရမ်းကို မျက်ရည်ကျနေရင်းမှ …။ ရေးရေး သည် .. သူ့ကို တိုင်တည်ရာ တစ်ခုနှယ် ပြောပြနေခြင်း …။

သူ့လက်တွေက ရေးရေး ၏ ခေါင်းလေးကို သိမ်းယူမိသည်။ သူ့ပခုံးပေါ် ရေးရေး ၏ခေါင်းလေးကို ဖေးတင်လိုက်မိရပြီ …။ ဆံစလေးကို သပ်ပေးနေမိရပါပြီ …။

ကရုဏာစိတ်သည် .. အကြင်နာတရားဆိုသည့် ခံစားချက်ကို မွေးဖွားပေးတတ်ချေသည်တည့် …။

ဟုတ်သည် …၊ သနားကရုဏာ …၊ ထိုသည်မှ … အကြင်နာ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ရေးရေး အိပ်ရာမဝင်ခင် .. ဘုရားကန်တော့ပါတယ် .. ပြီးရင် ဘွားကို အခန်းမှာ သွားကန်တော့ပါတယ် .. အခုတော့ .. ဖေဖေ့ကိုပါ သွားကန်တော့ခွင့် ရပါပြီ .. အကယ်၍ ကိုဘုန်းမြတ်လူ ရေးရေး နဲ့ အတူ လိုက်ကန်တော့ချင်မယ်ဆိုရင် .. လိုက်ခဲ့ပါလား .."

ရွှေခြူးလေး အိပ်မောကျနေတာ နှစ်နှစ်ခြိုက်ခြိုက်ပေမို့ .. ရေးရေး သူ့ကို ပြောလာခြင်းပါ။ သူ ငေးခနဲ တစ်ချက်ကြည့်မိသည်။ ဤမိန်းကလေးသည် ဘုရားကန်တော့ပြီးမှ အိပ်တတ်သူ ..၊ မိဘဘိုးဘွားကို ကန်တော့ပြီးမှ အိပ်တတ်သူပါတကား ..။ သူ၏ ကြွေ သည် ထိုသို့သော ကြွေ ဖြစ်မနေတာကိုတော့ သူ သိနေသည်။ သူကိုယ်တိုင်သည်လည်း ညအိပ်ရာမဝင်ခင် ဘုရားကန်တော့ဖို့ဆိုတာ မေ့လျော့နေတတ်သူ ဖြစ်နေခဲ့ဖူးပြီ။ ဖေဖေနှင့် မေမေ့ကို ကန်တော့ပြီးမှ အိပ်တတ်သည့် အလေ့စရိုက်လည်း ငယ်တုန်းက ရှိခဲ့ပေမယ့် ခုကျတော့ မသိလိုက် ဘာသာ ရှိနေတတ်ကုန်ပြီ ..၊

ရေးရေး ကို ငေးကြည့်ရင်း သူ ရှက်စိတ်ဖြစ်ရပါ၏။ ဓလေ့စရိုက်ကောင်းများကို သူ မေ့မေ့လျော့လျော့ ရှိနေတတ်ခဲ့သည်ကိုးလေ ..။

သူ ထရပ်လိုက်တာမို့ ရေးရေး မျက်နှာလေး ကြည်စင်စွာ ပြုံးလာပါ၏။





နှစ်ယောက်သား ဘုရားခန်းသို့ ရောက်ကြ၏။ ဘုရားကန်တော့သည်။ ဘုရားခန်းကြီးသည် ပန်း ဆီမီး တဝေဝေဖြင့် စိတ်ချမ်းမြေ့ဖွယ် အတိ ရှိသည်တည့် ..။

နောက်တော့လည်း နှစ်ယောက်အတူတူ ဘွား၏အခန်းသို့ရောက်ကြရသည်။ ဘွား မအိပ်သေး ..၊ ရေးရေး ရင်ထဲ တစ်ချက် ပျော်သွားရသည်က ဖေဖေသည်လည်း ဘွားနှင့်အတူ ရှိနေခြင်း ..။ သားအမိ နှစ်ယောက် စကားပြောနေကြပုံက ဝေးခဲ့ရသည့်ကာလတွေ ကြားထဲမှာ ဖြစ်တည်ခဲ့ရပါသည့် လွမ်းဆွတ်ခြင်းတွေကို ရှေ့မှာ ပုံချထားရင်း မကုန်မခန်းနိုင်စွာ ပြောနေကြသည့်အသွင် ..။

သူနှင့် ရေးရေး အခန်းထဲ ရောက်လာတော့ ဘွား ပြုံး၍ ...

"လာ .. လာ .. မြေးတို့နှစ်ယောက် လာကြ .."

ဟု ခေါ်သည်။ မြေးတို့နှစ်ယောက်ဆိုသည့် အသုံးတစ်ခု ဖြစ်တည်လာတာကို သူ ကြားလိုက်ရတော့ ရင်ထဲ ကြည်နူးရသည်ပါပဲ ..။ ဘွားသည် .. သူ့ကို လူလေးဟု တချစ်တကြင် ခေါ်ခဲ့ရာမှ .. ခုကျတော့ မြေး .. ဟုပင် ပြောင်း၍ ခေါ်လာပြီ ..။ ရင်နှစ်သည်းချာ ပိုနိုင်လာသည့် အခေါ်ပေမို့ မေတ္တာဓာတ် ပိုလင်းသည်ကိုးလေ ..။ ဤအိမ်ကြီးသည်.. စိတ်ထားပြည့်ဝကြသူများ၏ စုဝေးရာ နေရာတစ်ခုပေပဲဟု ပို၍ ပို၍ သိလာရပါသည့်အဖြစ် ..။ ဘွားနှင့် ဖေဖေတို့ ထိုင်နေရာ ဆိုဖာရှည်ကြီး ရှေ့ ကြမ်းခင်းကော်ဇောကြီးထက်မှာ နှစ်ယောက်သား ထိုင်မိကြရကာ ကန်တော့ကြစဉ်မှာ ဤအစဉ်အလာကို သူ အမြဲ ထိန်းသွားရမည်ဟု မြတ်နိုးကြည်နူးစိတ်ဖြင့် သိနေသည်။

"သာဓု .. သာဓု .. သာဓုပါကွယ်.. သားနဲ့သမီးတို့အတွက် ဖေဖေ ဆုပေးချင်တဲ့ဆုက ဤလင် ဤမယား တစ်သက်တာ လက်တွဲ နိုင်ကြပါစေဆိုတဲ့ ဆုပါပဲ .. ဖေဖေ့ဘဝမှာ မပိုင်ဆိုင်ခဲ့ရဖူးတဲ့ အဲဒီ ချမ်းမြေ့ခြင်း ဆိုတာကိုတော့ဖြင့် .. ဖေဖေ့ သမီးနဲ့ သား .. ပိုင်ဆိုင်ကြရမှာပေါ့ ..



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်သိပ်သိပ် တောင့်တမိပါရဲ့ သမီးရယ်.. သားကိုလည်း အန်ကယ် ပြောပါရစေ .. အန်ကယ့်သမီး မလိမ္မာတာရှိရင် .. ဆုံးမပါ..၊ ပြောဆို ဆုံးမလို့မှ မရရင် .. အန်ကယ်နဲ့ ဒီကဘွားကို တိုင်ပါ.. ဘာတစ်ခုခုကိုပဲ ဖြစ်ဖြစ် .. စိတ်ထဲ အခန့်မသင့်တာမျိုးကြုံရင် .. သမီးကို မပြောချင်ရင် တောင်မှ .. အန်ကယ့်ကို ပြောပါ ..၊ အခု အန်ကယ်ဟာ သားရဲ့ဖေဖေ ဖြစ်နေပါပြီ .. အဖေတစ်ယောက်ကို .. သားတစ်ယောက်က ပွင့်ပွင့် လင်းလင်း တိုင်တန်းသလို .. ဒီသမီးရဲ့အမှားတစ်ခုခုကို .. တိုင်ပါ .."

သူ .. ရင်ထဲ ပို၍ နွေးထွေးလုံခြုံလာရသည်သို့ ရှိလာရပြန်သည်။ သူ့မှာ .. မိရင်းဖရင်းလည်း ရှိနေသည်။ ရေးရေး နှင့် ပတ်သက်၍လည်း ဖခင်တစ်ယောက်၏မေတ္တာကို ထပ်၍ ရခဲ့ပြန်ပြီ။ သမက်ကို သားကဲ့သို့ ချစ်သည့် အန်ကယ် ဦးသုတမြိုင် ကို သူ တလေးတစား မော့ကြည့်ကာ–

"ရေးရေး က လိမ္မာပါတယ် .. သူ့ကို တိုင်တောစရာ ရှိမှာမဟုတ် ပါဘူး အန်ကယ် .. ကျွန်တော့်ကိုသာ .. သူက တိုင်တိုင်တောတော– လူကြီးမိဘတွေကို လုပ်ရမှာပါ .."

ဟု ပြောတော့ ဘွား ရယ်ပါ၏။ သူ့ခေါင်းကိုလည်း ကလေးလေး နှယ် ချစ်စိတ်ဖြင့် တစ်ချက် ဖွဖွပုတ်ကာ ...

"အံမယ်လေးလေ .. ဒီကလေးက .. ခုကတည်းက သူ့ ရေးရေး ကို ကာကာကွယ်ကွယ် လုပ်နေသပေါ့လေ .."

ဟု ပြောလာသည်။

"ကဲ .. ကဲ .. နားချေတော့ .. နားချေတော့ .. မင်္ဂလာပွဲမှာ ညှော်ခံ ရတာနဲ့ .. ပင်ပန်းကြပါပြီ .. နားကြတော့ .."

ဟု ဘွား ပြောတာမို့ နှစ်ယောက်သား တူတူပြန်ခဲ့ကြသည်။ လူ သွားစင်္ကြံရှည်ကြီးသည် နီလာရောင် ကြမ်းခင်းကော်ဇောရှည်ကြီး ခင်း လျက် သစ်သစ်လွင်လွင်ကြီး ဖြစ်နေသည်။ မင်္ဂလာအိမ်ကြီးအဖြစ် ကော် ဇောတွေပင် အသစ်လဲခင်းထားပုံ ရသည်ပါပဲ ..။ တူတူလျှောက်နေရင်း





မှ ရေးရေး ကို သူ ငုံ့ ကြည့်မိရသည်။ အေးချမ်းလိုက်တာ .. ဟု စတင် ခံစားရသည့်အဖြစ် ..၊ အပေါ်ထပ်ဆီမှ လှမ်းလင့်မြင်ရရာ အောက်ထပ် ဧည့်ခန်းထောင့်မှ စန္ဒရားကြီးကို သူ ကြည့်မိရာမှ ...

"စန္ဒရားကြီးက ရေးရေး တီးတာလား .."

ဟု မေးမိပါ၏။ ဘာကြောင့်ရယ် မသိ ..၊ ရေးရေး နှင့် သူ စကား တွေရာလေးတွေ ပြောနေချင်သည်။ တိတ်ဆိတ်စွာ အေးချင်းယှဉ်၍ တူတူလျှောက်နေရခြင်းထက် စကားလေးတပြောပြောဖြင့် ရှိနေချင်သည်။

"ရေးရေး ရော .. ဖေဖေရော .. စန္ဒရားလည်း တီးကြတယ် .. တယောလည်း ထိုးတတ်ကြတယ်လေ .. ဒါပေမယ့် ရေးရေး ရဲ့ဘဝမှာ အရှမ်းကို ငယ်ကတည်းက .. ဖေဖေနဲ့ ဝေးခဲ့ရတာမို့ ဖေဖေ စန္ဒရားတီး တာ.. တယောထိုးတာတွေကို မှတ်မှတ်မိမိရယ်လို့ မဖြစ်နေဘူး ကိုဘုန်း မြတ်လူ .. ဒါပေမယ့် .. ဖေဖေ့ အနုပညာသွေးကြောင့်.. ရေးရေး စန္ဒရား တီးတတ်အောင် .. တယောထိုးတတ်အောင် .. ဘွားကိုယ်တိုင် ဆရာမ လေးကို ခေါ်ပြီး သင်ပေးခိုင်းရတဲ့အထိ .. ပူ [illegible] ဘယ်လေ .. စန္ဒရားနဲ့ တယောဟာ ရေးရေး အတွက် ငယ်ကတည်းက.. အဖော်ပါပဲ .. တစ် ယောက်တည်း မောင်နှမ မရှိဘဲ ကြီးရတဲ့ ရေးရေး အတွက်ကတော့.. မောင်နှမ အဖော်ပါပဲလေ ..၊ သူတို့နဲ့ပဲ ရေးရေး .. အဖော်လုပ်ရတာ .. ဘွားက စီးပွားရေးထဲမှာ နစ်နေရတာ အရှမ်းအလုပ်များတာမို့.. သနားဖို့ သည်း ကောင်းတယ် .. အသက်ရမှ မနားမနေ အလုပ်တွေ ပိုဖိလုပ်ခဲ့ရ တဲ့ အဓိကအကြောင်းကတော့ .. ဖေဖေ မရှိတော့လို့ပေါ့ .. မြေးကို အရှမ်းဂရုစိုက်တဲ့ ချစ်တဲ့ ဘွား .. အချိန်တွေကို အလုပ်ထဲနစ်အောင် ထဲ့ပေးရတာပါ.. ဒီတော့လည်း ဘွားအလုပ်က ပြန်မရောက်နိုင်သေးချိန် တွေမှာ .. ရေးရေး ဟာ စန္ဒရားတီးရင် တီး.. တယောထိုးရင် ထိုး နေသလိုရှိခဲ့တာက .. ရေး ဆယ့်တစ်နှစ်သမီးလောက်ကတည်းက ဆိုပါ တော့ .. အစက ကလေးတစ်ယောက်လောက်ပဲ တီးတတ်တာပေါ့ရှင်–



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ဒီလက်လေးတွေက စန္ဒရားခလုတ်လေးတွေ.. တယော ကြိုးမျှင်လေးတွေပေါ် ပြေးလွှားနေကြတာ အရမ်းရင်းနှီးလာရတာပါပဲ..

အနုပညာသည်တစ်ယောက် ဖြစ်သည့်သူက .. အနုပညာစကား တွေကို နားထောင်နေသူ ဖြစ်နေသည်။ ဟုတ်သည် ..၊ သူက စာ ဆရာ ..၊ အနုပညာသည် ..၊ ရေးရေး က ဂီတကို မြတ်နိုးသည့် အနုပညာ သည်..။ အလွန်ချစ်ဖို့ကောင်းသော စကားလုံးလေးကို မကြာမတင်သေး ကပဲ ပြောခဲ့ပြီ ..။ ဘာတဲ့ ..၊ ရေးရေး ၏လက်လေးတွေက စန္ဒရားခလုတ် လေးတွေ .. တယောကြိုးမျှင်လေးတွေပေါ် ပြေးလွှားနေကြသည်တဲ့လား လေ ..၊ ပြောတတ်ချေသည်ကော .. ဟု ရင်ထဲမှာ ကြည်နူးရပြန်သည်

ကြွေ ..၊ ရုတ်ခနဲ ကြွေ သည် သူ့အာရုံထဲ တိုးဝင်လာပြန်၏ ကြွေ့ ထံမှာ ထိုသို့သော စကားလုံးတွေ မရှိ ..၊ ခံစားချက်မျိုး မရှိ .. ကြွေ သည် .. ဈေးဝယ်ထွက်ဖို့ .. သူငယ်ချင်းတွေနှင့် လည်ပတ်ဖို့ .. သူ့အပေါ် ဆိုးနွဲ့ဖို့ .. အားလုံးကို အနိုင်ရမှ ကျေနပ်ဖို့တွေဖြင့်ပဲ ရပ်တည် နေသည့် ကြွေ ..၊ ထိုသို့ရှိနေပါသည့် ကြွေ ကို .. သူ သိသိကြီးနှင့် ချစ် ချစ်လွန်း၍ ချစ်ခွင့်ပန်ခဲ့သည်ကလည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝမှာ ဖြစ်ခဲ့ရခြင်း ..။ ထိုသို့ ဆိုးတေ ချွဲနွဲ့ ဗိုလ်ကျခြင်းများ သည် ရိုးသားဖြူစင်ခြင်းဟု သူ ခံစားရသည်ကိုးလေ ..။ ခု .. သူ တွေ့ နေရသည်က .. ရေးရေး သည်လည်း ရိုးသားသူပဲ ဖြစ်နေသည်။ ဖြူစင် သူလည်း ဖြစ်နေသည်။ ပြီးတော့ .. အနုပညာကို မြတ်နိုးခံစား ပြော တတ်သူလည်း ဖြစ်နေသည်တည့် ..။

"ခုလောက်ဆို .. ကြွေ ငိုနေပြီလား .. ငါ့မင်္ဂလာသတင်းကို ကြွေ သိကို သိနေမှာပါပဲ .. သူ .. ငိုနေလောက်ပါပြီ"..၊ သူဟာ .. ငါ့ တကယ့်ကို ချစ်တယ်ဆိုတာကိုတော့ ငါ သိနေရတာပဲလေ .. သူ့ တစ်ကိုယ်ကောင်းဆန်မှုဆိုတာကလည်း အရမ်းကို အလိုလိုက်ခံရ ဘဝ .. ချမ်းသာလွန်းတဲ့ဘဝတစ်ခုဆီက သူ့အပေါ် စီးမျောသွားခဲ့ရ





ပါ .. အဲဒီအတ္တဟာ မေမေ့မျက်စိထဲမှာ အပြစ်ဖြစ်နေတယ် .. ကြည်နူး လေး အပေါ်မှာ မညှာမထောက် အတ္တနဲ့ ဆက်ဆံတာပဲ ရှိတယ်ဆိုတာ ကို မေမေက လုံးဝ ခါးသီးသွားရတာ .. ဒါပေမယ့် အတ္တကြီးတဲ့သူရဲ့ နှလုံးသားထဲမှာ သူ့ချစ်သူကို ရိုးသားစွာ မြတ်မြတ်နိုးနိုး ချစ်တဲ့အချစ် ဆိုတာ ရှိတတ်တယ်လို့ မေမေ မမြင်ပေးနိုင်ခဲ့ဘူးလေ .."

သူ ကြွေ့ ကို သတိရနေသည်။ ငိုနေမည့် ကြွေ ..၊ ကြွေ့ မျက်ရည် စက်ကို သူ သုတ်ပေးခွင့် မရှိတော့ပြီ ..၊ ကြွေ ငိုနေတာကို သိသိကြီးဖြင့် သူ့ဘဝကို .. ရေးရေး ဆိုသည့် မိန်းကလေးတစ်ယောက်နှင့် အတူရှိနေ စေရတော့မည်။ ခုလိုကျတော့လည်း .. ကြွေ့ ကို သနားနေမိရပြန်သည်။

"ကြွေ ဟာ.. အမိမဲ့ သမီးလေးအဖြစ် ရှိခဲ့တာမို့ .. အဖေရဲ့ အလို လိုက်မှုထဲမှာ အရာရာ လိုတာရ ဖြစ်ခဲ့ရတာ .. သောကဆိုတာလည်း သူ မသိဖူးဘူး .. သူ လိုချင်တာ မရလိုက်ဘူးဆိုတာလည်း မရှိခဲ့ဖူးဘူး.. ခု .. သူ .. ငါ့ကို ဆုံးရှုံးပေးလိုက်ရတာဟာ .. ကြီးမားတဲ့ ကြေကွဲမှုပဲ.."

ဆက်၍ တွေးနေမိရင်းမှ သူ ငိုင်ကျသွားရသည်ပါပဲ ..၊ နောက်တော့ မှ သတိရလာကာ ကမန်းကတမ်း ရေးရေး ကို ကြည့်မိတော့ မော့ငေး အကဲခတ်ရင်း လမ်းကို လျှောက်မြဲလျှောက်နေသည့် ရေးရေး..၊ ရေးရေး ၏အကြည့်တွေက တစ်ခုခုကို ခပ်ဆဆတွေးနေတာ သိသာနေသည်။

"ကိုဘုန်းမြတ်လူ .. တစ်ခုခု .. စိတ်ထိခိုက်နေသလားလို့ .. ပဒုမ္မာ မှာ နေသားမကျသေးတာမို့ အနေခက် .. စိတ်ကျဉ်းကျပ်နေတာလား ဟင် .. အဲသလို ဖြစ်နေရင် .. ဟိုမှာ ခဏပြန်နေချင်သလား .. ဒါမှ မဟုတ် ဟိုကို .. ရေးရေး နဲ့ ရွှေခြူးလေး တို့ပါ လိုက်နေပေးရမလား.."

"ဟာ .. မဟုတ်တာ .. ရေးရေး မှာက .. ခုမှ အဖေနဲ့ ပြန်ဆုံရ တာ .. ဘာလို့ .. ဟိုကို ပြောင်းနေရမှာလဲ .. ရွှေဖင်ယော်ကို နောက်တော့ မှ တစ်လှည့်ပြောင်းနေကြမှာပေါ့ .. ဒီမှာ ကိုယ်နေလို့ မကျဉ်းကျပ်ပါ ဘူး .. ရေးရေး ရဲ့ ဖေဖေနဲ့ တူတူနေပါဦး ရေးရေး ရယ် ..



www.burmeseclassic.com

www.burmeseclassic.com



သူ အားနာတကြီး ပြောမိရာမှ ရင်ထဲ မကောင်းနိုင်ပြန် ..၊ ခမျာ- သူ စိတ်ထဲ အနေခက်နေသည်ဟု ထင်သွားပုံလေးဖြင့် .. ရှေ့ဇင်ယော်သို့ ပြောင်းနေပေးဖို့အထိ ပြောပေးရှာခြင်း ..။ ခုလိုကျတော့လည်း - အားမနာ လျှာမကျိုးကြီး သူ ငိုင်ခဲ့မိလေသမျှ ကိုယ့်ကိုယ်ကိုယ် မလုံချင် ..၊ အပြစ်လည်း မြင်ချင်ရပြန်သည်။ ကြွေ့ ကို .. သူ မလွမ်းသင့်တော့တာ သူ သိဖို့ ကောင်းနေပြီ ..။ ခက်သည်က .. မလွမ်းသင့်ပေမယ့် လွမ်းနေမိခြင်း ..။ ပြီးတော့ .. ကြွေ့ ကို မသနားဘဲ နေ၍လည်း မရ- သနားစရာ ဖြစ်နေသည့် ကြွေ ကို .. သူ အသနားလေးပင် အဝေးမှ ခံစားပေးခွင့် မရှိတော့ပြီတဲ့လား ..။ ဒါဆိုလျှင် .. သူ့နှလုံးသားအပေါ် သူ မတရား ..၊ ကြွေ့ နှလုံးသားအပေါ်မှာလည်း သူ မတရား ..။

သူသည် .. ရှုပ်ထွေးနေသော စိတ်တွေဖြင့် ယှဉ်၍ လျှောက်နေရသည့်လူတစ်ယောက် ဖြစ်ခြင်းမက ဖြစ်ဖြစ်လာနေရသည်ကောလေ -

အခန်းထဲရောက်တော့ သူ ခေါင်းအုံးကို ယူသည်။ စောင်တစ်ထည်ကို ယူသည်။ နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးမှာ သွားချသည်။

"ရေးရေး က ဒီအခန်းမှာ တစ်သက်လုံး နေလာတာ .. ရေးရေးရဲ့ ခုတင်မှာ ရေးရေး အိပ် .. ကိုယ်က .. ဒီမှာ အိပ်မယ် .. ကိုယ်တို့နှစ်ယောက်လုံးဟာ .. ကြည်နူးလေး အတွက် .. ဟောဒီက ရေးရေး ရဲ့ ရွှေခြုံးလေး အတွက် လက်ထပ်ခဲ့ကြရတာ .. ရေးရေး နဲ့ ကိုယ်တို့နှစ်ယောက်ဆီမှာ ဘယ်အချိန်မှာမှ အချစ်ဆိုတာ ဖြစ်တည်လာနိုင်ပါ့မလဲလို့ ကိုယ်မတွေးရဲဘဲ ဖြစ်နေတယ် .. အချစ်မရှိတဲ့ အိမ်ထောင်တစ်ခုကို- ကိုယ်တို့နှစ်ယောက်.. တစ်သက်လုံး ပိုင်ဆိုင်သွားကြရမှာပါပဲ ရေးရေး-

သူ ဖွင့်မပြောရက်သော ရင်ထဲမှ စကားများသည် ရင်ထဲမှာ မွှေနေသည်။ နှုတ်က ပွင့်ကျမလာနိုင် ..၊ လက်က ခေါင်းအုံးကို ဖွဖွပုတ်၍ ဆိုဖာထက်မှာ တင်သည်။ ပြတင်းအနီးမှာ သူ သွားရပ်မိသည်က အတော်ကြာသည်ပါပဲ။ ရေးရေး .. သူ့ကို ဘာတစ်ခွန်းမှ မေးမလာတာကို





သူ ကျေးဇူးတင်နေမိရသည်။

ခုတင်ဘက်ကို ကြည့်တော့ ရေးရေး ရှိမနေ ..၊ အခန်းတံခါးသည် ည်း ချက်ချလျက်သားပဲ ဖြစ်နေသည်။ အပြင်သို့ ရေးရေး ထွက် သွား..။ ဒါဆို .. ဒါဆို .. ရေးရေး ဘယ်မှာရှိနေပါသတဲ့လဲ ..။ ကမန်း တမ်း အခန်းထဲ ဝေ့ကြည့်တော့ ကလေးပုခက် ဘေးကြမ်းခင်း ကော် ကြီးထက်မှာ ယိုးဒယားဖျာလေးခင်းပြီး ခေါင်းအုံးလေးချ ..။ စောင် သားခြုံ အိပ်နေတာကို မြင်ရပါ၏။ ရေးရေး ၏ လက်လေးတွေက စ်ချက် တစ်ချက်မှာ ကလေးပုခက်လေးကို ညင်ညင်သာသာ တွန်း ပ်ပေးနေပါ၏။ သူ .. ဘယ်လိုမှ ရင်ထဲမကောင်းနိုင်တော့တာမို့ ခြေ မ်းကြဲကြီးဖြင့် ရေးရေး ထံ သွားမိရကာ ..၊ ဘေးမှာ ထိုင်၍ ...

"ဟော့ ကောင်မလေး .. မဟုတ်တာကြီးကွာ .. ဘာလို့ ဒီမှာ အိပ်ရ လဲ .. ကိုယ့်ကို စိတ်မကောင်းအောင် မလုပ်ပါနဲ့ ရေးရေး ရယ် .. တင်ပေါ် တက်အိပ်လေ .. တက်အိပ်လေ .."

ဘေးမှ သူ တောက်လျှောက် ပြောနေပေမယ့် ရေးရေး မလှုပ် ..၊ က်စိကိုပေ၍ ပိတ်ထား မှိတ်ထားသည်။ ဘာမှပြန်မပြော..၊ သူ မနေ တ် မထိုင်တတ် ဖြစ်လာသည်။ ခုလို .. ရေးရေး ကြမ်းပေါ် ဆင်းအိပ် ်ရတာကြီးကိုတော့ သူ မကြည့်ရက် ..၊ သူ ရေးရေး ၏ပခုံးလေးကို ပုတ်မိရပါ၏။ ရေးရေး မလှုပ် ..၊ မျက်စိလည်း မဖွင့်..။ မအိပ်သေး ကို သူ သိနေသည်။ ကာယကံရှင် ရေးရေး ကလည်း သူ ထိုသို့ နေတာကို သိနေသည်သာ ..၊ ဒါပေမယ့် ပြောသူက ပြော ..၊ ပေတေ မျက်စိပိတ် အိပ်ပြနေသူက အိပ်ပြဖြင့် ရှိနေကြသည့်အဖြစ် ..၊ သူ မောလက်မောဖြင့် ထရပ်သည်။ ဆိုဖာဘက်ကို လှမ်း ကြည့်မိသည်။ င်နှင့် ခေါင်းအုံးကို သွားယူကာ ခုတင်ထက်မှာ အသံမြည်အောင် င်သည်။ ခေါင်းအုံးကို လက်ဖြင့် အသံမြည်အောင် ပုတ်ပြသည်။

"ငါ ပြန်ထားလိုက်ပြီနော် ကောင်မလေး .. ထ .. ထတော့ -



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဆေါ် အိပ်နေတာကို ငါ မကြည့်ရက်ဘူးကွ .. စိတ်ညစ်နေ သိရဲ့လား .. ထ .. ထ .."

ပြောနေရင်းမှ သူ ရေးရေး ဘေးမှာ ပြန်ထိုင်မိပြန်သည်။ ခေါ် လေးကို ခပ်ဖွဖွ သူပုတ်လိုက်သည်က ဆိုးတေတေ ပေကပ်ကပ် လု သည့်ကလေးတစ်ယောက်ကို ပုတ်လိုက်သည့်အချိုး ...၊ ခုထိ မျက်ခွံ တွေ ပေကပ် ပိတ်ချထားဆဲဖြစ်ပါသည့် ရေးရေး ကို သူ ကြည့်လ ရရင်းမှ လက်မနှစ်ဖက်က မျက်ခုံးထူထူလေးပေါ် တင်အုပ်ကာ အ သို့ ဆွဲတင် ပင့်ပစ်လိုက်တာမို့ မျက်ခွံလေးတွေ ရောထွေး ပွင့်လာ အဆုံးမှာ ရေးရေး ထထိုင်သည်။ သူ့ကို ကြည့်သည်။ နောက်တော့ ခေါင်းအုံးနှင့် စောင်ကိုယူကာ ဆိုဖာထက်မှာ သွားတင်တော့ သူ မ မျက်ဆံပြူး၍ ဆိုဖာရှိရာသို့ တကောက်ကောက် လိုက်လာမိရပြန်သ

"ဟ .. ဒီမှာ အိပ်မလို့လား .."

ရေးရေး ဘာမှ ပြန်မဖြေ ...၊ ဆိုဖာထက်မှာ ခေါင်းအုံးကို တင် စောင်လေးခြုံ၍ အိပ်ချလိုက်ပြီးမှ ...

"ဒါ .. ရေးရေး ရဲ့အိမ် .. ရေးရေး ရဲ့အိမ်မှာ .. ရှင်က .. တင် လုံး ဘယ်တုန်းကမှ မအိပ်ဖူးတဲ့ ဆိုဖာပေါ်မှာ အိပ်ရခြင်းဆိုတာ ရေးရေး အဖြစ်မခံနိုင်ဘူးရှင့် .. ကဲ .. ရှင် အိပ်တော့ .. ဗွတ်(ဒ်)နိုင် ဒီမှာ .. ရေးရေး ထပ်ပြောတယ်နော် .. ဗွတ်(ဒ်)နိုက် .."

ဟု မျက်နှာထားလေးတင်း၍ ပြောတော့ သူ အံ့အားတသ ငေးကြည့်နေသည်။ မျက်နှာလေးတည်နေသည်မှ မှုန်ကုပ်ကုပ်လေး ဖြစ်နေသေးသည့် ကောင်မလေး ...၊ တကယ်က .. သူ .. အအိပ်ဆ တာကို လက်မခံနိုင်၍ ပုတ်တိပုတ်သိုးလေး လုပ်ပြနေခြင်း ...။ အ ပေးမှာ မဟုတ်ဟုလည်း သူ သိသွားရကာ ခုတင်ထက်မှာ သွားအိပ် ရသည့်အဖြစ် ...။ တစ်ရေးနိုးတော့ .. သူ့နားစည်မှာ စီးမျောနေသည် တေးသံတိုး တိုးလေး ...၊ အခန်းဆီမှ မဟုတ် ...။ လသာဆောင်ဘ





နေသည်။ သူ ပုခက်ကို ကြည့်မိ၏။ ကြည်နူးလေး ရှိမနေ ...၊ ခြေသံ ဖြင့် သူ လသာဆောင်ဘက်ကို ထွက်လာတော့ မြင်ကွင်းကို ငေး ည့်နေမိရပါပြီ ...။

ကြည်နူးလေး ကို ပခုံးပေါ် ခေါင်းလေးမှေးတင်စေကာ ကျောပြင် ကို ခပ်ဖွဖွလေး လက်ဖဝါးလေးဖြင့် ပုတ်ကာပုတ်ကာ ချော့သိပ် ပါသည့် ရေးရေး ...၊ ချိုမြမြ တေးသံလေးကလည်း တိုးမျှင်မျှင် ...။ ည့်ရတာ ကြည်နူးလေး နိုးလာ၍ ပြန်ချော့သိပ်နေတာ ဖြစ်မည်။ သာ .. ကလေးငိုတာ မကြားဘဲ အိပ်ပျော်နေခဲ့ခြင်း ...၊ လသာဆောင် ထက်မှာ ကလေးနို့ဘူးကို တွေ့ရတာမို့ .. ကြည်နူးလေး ကို နို့ဘူး ပြီးမှ ချော့သိပ်နေတာ ဖြစ်မည်။

ဤသို့သော ညများကို ရေးရေး ကြည်နူးလေး နှင့်အတူ ရက် ဖြစ်တည်ခဲ့ပါချေလိမ့်မည်သာ ...။ ကလေးဆာ၍ နိုးမည်။ ငိုမည်။ သ်ကို နို့ဘူးလေး တိုက် ...၊ ပွေ့ချီ တေးဆို ချော့သိပ်နေခဲ့ပေလိမ့် ...။ လရောင်သည် ရေးရေး နှင့် ကြည်နူးလေး တို့၏ မြင်ကွင်းကို မြ ထင်နေ မြင်နေစေသည်သာ ...။

"ကိုးပါးပေါင်းစု ×× မျက်ရှင်မျက်ရှင် ×× ရောင်ခြည်လေ ×× ထွန်းလို့ ×× ပြောင်ပြောင်ပြောင်ပြောင့် ပပဝင်း ×× နေရောင် ထင်ကာ ×× ဆိုမှားမိမိလေ ×× နေရောင်လားထင်ကာ ×× သာဆို မှားမိမိလေး ×× ရှုကြည့်တိုင်း တွေတွေ ×× လင်းလေ ×× ရောင်ချင်းစပ်ကြလေး ×× ယဉ်မျိုးသာမျိုးစုံ ×× နတ်ဘုံ ါလို့ သိကြားတစ်ဆူလို ××"

နန်းဘွဲ့ကြိုးတစ်ပုဒ်ပါတကား ...၊ အေးမြလိုက်ပါသည့် တေးသံ...၊ လိုက်ပါသည့် တေးသံ ...၊ ခြော် .. လင်းလှဲ့လွန်းပါသည့် လရောင် အောက်မှာ .. လရောင်လင်းလင်းတွေက အရောင်ချင်းဆက် သည့် .. ညလေးမှာ .. တေးညည်းသံလေးက တလွင့်ပျံ့ပျံ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ဆီမှ ပန်းရနံ့လေးက တမွှေးလွှင်လွှင် ..။ မြရေးချယ် သည် အနုပညာဗီဇသွေး .. မြင့်ထည်လွှမ်းလှချေသည်ကောလေ ..။

နန်းဘွဲ့ကြိုးတစ်ပုဒ်ကို ပိုင်နိုင်စွာ သီဆိုနိုင်သည်။ သူ့အာရုံထဲ စန္ဒရားတီးရင်း ကြိုးသီချင်းကြီးများကို ဆိုနေမည့် မြရေးချယ် ကို မြ လာမိသည်။ သူ .. မြရေးချယ် ကို အနုပညာနှင့် ပတ်သက်၍လည်း အထင်တကြီး ရှိလာနေမိရချေသည်တကား ..။ သူ၏ မင်္ဂလာဦးကာ လေးမှာ .. အေးမြ ချမ်းငြိမ်းခြင်းများဖြင့် ဤမြင်ကွင်းကို တိတ်ဆိတ် ငေးကြည့်ခွင့်တစ်ခုကို .. ပိုင်ဆိုင်ခဲ့ရသည်ကောလေ ..။

ကြည်နူးလေး ၏ ကျောလေးကို ဖွဖွပုတ်ရင်း .. လသာဆောင် ခေါက်တုံ့ခေါက်တင် ဟိုသည်လျှောက်ရင်း .. မြရေးချယ် ၏ တေး လေးကတော့ နူးညံ့လွန်းစွာ .. ချိုသာကြည်မြ ရှိနေမြဲ ..။

"ငါ .. သူ မမြင်အောင် .. ဘာကြောင့် .. ခိုးကြည့်နေချင်ရ လဲ .. ငေးကြည့်နေချင်ရတာလဲ .."

သူ မခွဲခြားနိုင် ..၊ ကြည်နူးလေး ကို အရှမ်းဂရုစိုက်နေသ မြင်ကွင်းပေမို့ .. သူ ငေးကြည့်နေခြင်းပေလား ..။ ဒါဆို .. သူ - ကြောင်ခိုးဝှက်လေး ဘာကြောင့် ခုလို ငေးကြည့်နေဖို့ လိုပါ့မည်တဲ့ မြရေးချယ် ရှိရာသို့ သွားလိုက်ရုံပဲ ရှိချေမည်ပေါ့ ..။ ခုကျတော့ - သည် ရေးရေး ဆိုသည့် ကောင်မလေးကို .. တိတ်တဆိတ် ငေးကြည့် ချင်သည့်သူ ဖြစ်နေသည်။

ထောင့်ကွယ်နေရာလေးမှာ သူ ငြိမ်သက်စွာ ရပ်နေသည်။ ရေး မသိအောင် .. မျက်တောင်မခတ် ငေးနေမိသည်။

လရောင်ဆမ်းထားသော မျက်နှာဝင်းဝင်းနုနုလေးသည် နည်းကျနေ၏။ ကိုယ်ဟန်နွဲ့နွဲ့လေးကလည်း နန်းဆန်ကြော့စင်နေ





## အခန်း (၁၉)

"ဒါ .. ကိုယ့်အခန်းပဲ .. မင်္ဂလာခန်းဆောင်အဖြစ် မေမေ စိတ်ကြိုက် ပြင်ဆင်ထားတာလေ .."

အခန်းတံခါးကို သူ ဖွင့်၍ ဝင်လည်း ဝင် ..၊ ရေးရေး ကိုလည်း လှည့်ကြည့်၍ ပြောလာစဉ်မှာ ရင်ထဲ မလုံချင် ..။ ဤမင်္ဂလာခန်းဆောင် ကို ပြင်ဆင်မည့်ကိစ္စမှာ သူ လုံးဝ စိတ်ဝင်တစား မရှိခဲ့တာကို ဝန်ခံရာ တော့ ရောက်နေသည်။ သူနှင့်ပတ်သက်၍ ရေးရေး အစစ စဉ်းစားပေး ခဲ့သည်မှ စာရေးဖို့ကိစ္စပင် မကျန်လပ်စေရ ..။ သူ့ဘက်ကျတော့ မြရေး ချယ် ဆိုသည့် ကောင်မလေးအတွက် ဘာမှ ကြိုတင်မတွေးပေးမိခဲ့တာ ကို လိပ်ပြာမလုံချင် ..၊ အနေခက်ချင်သည်။

ရေးရေး ကတော့ အခန်းကို ဝေ့ကြည့်ရင်းမှ ရွှေခြူးလေး ကို ပွေ့ဝင်လာသည်ပါပဲ ..။

"အားလုံး အဝါနုရောင်လေးတွေချည်းဆိုတော့ လင်းလဲ့နေတာ ပါပဲ .. ပန်းလေးတွေကအစ အဝါရောင်နှင်းဆီပွင့်တွေ ပန်းအိုးထိုးထား တာနော် .. သိပ်လှတာပဲ .. ဒါက .. ကိုဘုန်းမြတ်လူ ရဲ့ စာရေးစားပွဲ လား .. ကွန်ပျူတာရော .. လက်ပ်တော့ရော ရှိတာကို .."

www.burmeseclassic.com



ရေးရေး သည် သူ၏စာရေးခြင်းဆိုသည့် အနုပညာအပေါ် အတော်ကြီး တန်ဖိုးထားမြေ့သူဆိုတာ ခံမြိုးရင်း သိနေရသည့်နှယ်ပါ။

ခုလည်း အခန်းထဲ ရောက်တာနှင့် သူ့စာရေးစားပွဲကို အရင်ဆုံး ကြည့်သည်တည့် ..။

နေ့လယ်စာအတွက် အောက်ထပ်မှာတော့ ဒေါ်ကြီးယုန် နှင့် မေမေတို့ အလုပ်ရှုပ် ကျန်ခဲ့ကြပါသည့်အဖြစ် ..၊ ကလေးတစ်ဖက်နှင့် ဖြစ်နေသည့် ရေးရေး ကို မေမေကလည်း နှင်သည်။ ဘွား ကလည်း နှင်သည်။ မီးဖိုခန်းမှာ ထမင်းဖွဲ့ပြင်သည့်ကိစ္စလောက်တော့ ရေးရေး မပါဘဲ လုပ်နိုင်ပါသည်ဟု စိုင်းပြောကြကာ .. သူ့အခန်းကို လိုက်ပြဖို့ မေမေက ပြောတာမို့ အပေါ်ထပ်ရှိ သူ့အခန်းကို ခေါ်လာရခြင်း ..။

ဖေဖေနှင့် အန်ကယ် ဦးသုတမြိုင် တို့ကတော့ ပန်းခြံထဲမှာ ခုံတန်းပြာ၌ ထိုင်နေကြရင်း သစ်ရိပ်အောက်မှာ စကားတပြောပြောဖြင့် ရှိနေကြသည်ပါပဲ ..။

"ကိုဘုန်းမြတ်လူ က အဝါရောင်ကို ကြိုက်ပုံရတယ် ဟုတ်လား.."

အဝါနုရောင်သမ်းနေသည့် အခန်းကို ဝေ့ကြည့်ကာ ရေးရေး မေးလာတော့ သူ ပို၍ အနေခက်၏။

"ကိုယ် ဒီအရောင်ကို ကြိုက်လို့ ဒီအခန်းမှာ အားလုံး ခုလို.. အဝါရောင်ဆမ်းထားအောင် လုပ်ခဲ့တာ မဟုတ်ပါဘူး .. ကိုယ်က အရောင်နဲ့ ပတ်သက်လာရင် သိပ်အစွဲအလမ်း မထားဘူး ရေးရေး .. ဒါပေမယ့် .. ခန်းဆီးတွေဘာတွေကို အရောင်မှိုင်းတာကြီးတွေတော့ မကြိုက်ဘူး .. ကိုယ်က .. အခန်းကို လင်းလင်းချင်းချင်း ရှိချင်တယ်လေ .. ခန်းဆီး အရောင်မှိုင်းကြီးတွေနဲ့ဆိုရင် အခန်းကလည်း မှောင်သလိုလို ဖြစ်ကုန်ရတာ .. ဒါ တစ်ခုပါပဲ .."

သူ ဖြေမိရချိန်မှာ ရေးရေး သူ့ကို အတန်ကြာ မော့ငေးကြည့်နေသည်။ စာကြည့်စားပွဲကို ရေးရေး ကိုယ်လေးဖြင့် ဖေးကပ် ကျောပေး





ကျက်ပုံလေးဖြင့် မော့ကြည့်ခြင်း ..။

"တော်သေးတာပေါ့ .. ပဒုမ္မာက ရေးရေး ရဲ့အခန်းကို .. ပန်းနုရောင် လေးတွေနဲ့ပဲ ဆင်ထားမိလို့ပေါ့ .. အရောင်မှိုင်းမှိုင်းတစ်ခုခုဆိုရင်ဖြင့် ကိုဘုန်းမြတ်လူ စိတ်ထဲ မသက်မသာ ဖြစ်ခဲ့ရမှာ .."

ပြောလာတော့ သူ ပို၍ အနေခက်လာသည်။ သူနှင့် ပတ်သက်လာ လျှင် .. ရေးရေး သည် အရာရာကို ဂရုတစိုက်ထားပေးနေတာကို သိသိ သာရလေလေ ..၊ သူ့ဘက်က ရေးရေး ဘာကြိုက်သည်ဆိုတာလေး လောက်ကိုပင် သိဖို့ မကြိုးစားမိခဲ့တာ ပို၍ အနေခက်ရလေလေပါ..။

ကြည်နူးလေး ကတော့ ဝက်ဝံရုပ်လေးနှင့် ပျော်နေသည်။ ရေးရေး ၏ ရင်ခွင်ထဲမှာ ရှိနေပါ၏။ ကြည်နူး ၏ လက်သေးသေးလေးတွေက ဝက်ဝံရုပ်လေး၏ နားရွက်လေးကို ဆွဲထားသည်။

"ရွှေခြူးလေး .. အရမ်းမဆွဲနဲ့လေ .. ခနူးလေး ရဲ့နားရွက်လေး ပြဲသွားမှာပေါ့ .."

ခနူး ဆိုသည့် ဝက်ဝံငယ်လေးတစ်ကောင်၏ ချစ်စရာပုံလေးတွေ က ဇာတ်လမ်းလေးတစ်ခုနှယ်ပင် စကိုင်းနက်မှာ ပြခဲ့တာမို့ .. ရွှေခြူး လေး တကြည့်ကြည့်ဖြင့် စွဲလမ်းသွားကာ .. ခနူး ဆိုတာ ပါးစပ်မှ ချချင်လောက်အောင် ဖြစ်လာသည့်အတွက် .. ရေးရေး ကုန်တိုက်မှာ ခနူး နှယ် ချစ်ဖို့ကောင်းသည့် ဝက်ဝံရုပ်လေး ဝယ်၍ ရွှေခြူးလေး ကို ပေးစေခြင်း ..၊ တကယ်ကတော့ .. အဖော်ရှာပေးတာနှင့်ပင် မခြား..။ ခနူးလေး နှင့် ရွှေခြူး တတွဲတွဲ ကစားဖြစ်နေကြသည်လေ ..၊ ရွှေခြူး ၏ လက်လေးတွေ ဝက်ဝံရုပ်လေး၏ နားရွက်ဆီမှ ကိုယ်လေးဆီသို့ ပြောင်းသွားကာ တပွေ့ပိုက်ပိုက်ဖြင့် ရယ်နေ ..၊ အရုပ်၏ ပါးလေးကို နမ်းနေသမျှ ရေးရေး ပြုံး၍ ကြည့်နေပါ၏။

"ကိုဘုန်းမြတ်လူ စာရေးတဲ့အခါ .. သတို့သမီးတစ်ယောက်နဲ့ ပတ်သက်လို့ ရေးဖူးတာတွေ ရှိသလားဟင် .. သတို့သားနဲ့ သတို့သမီး



www.burmeseclassic.com

www.burmeseclassic.com



မုံ့တွဲတွေဘာတွေ ဆိုပါတော့ .. အဲသလို ဇာတ်ဝင်ခန်း ရေးဖူးလား–"

သူ ခေါင်းညိတ်ပြမိသည်။

"အဲဒီအခါကျတော့ .. ကိုဘုန်းမြတ်လူ .. မင်္ဂလာခန်းဆောင်တစ်ခု ကို ဘယ်လို ရေးဖွဲ့လိုက်မိသလဲ ဟင် .."

သူ ပို၍ အနေခက်လာမိရပါပြီ ..၊ သူ့ဝတ္ထုထဲမှာ သူ့ဇာတ်ကောင် ကောင်လေးက ကောင်မလေးကို အဘယ်မျှထိ ချစ်တာ ..၊ ထိုချစ်သည့် ကောင်မလေးကို အဘယ်မျှထိ ဂရုစိုက်တာတွေ ရေးဖွဲ့ခဲ့ဖူးသည်။ သူ့ ဝတ္ထုထဲမှ မင်္ဂလာခန်းဆောင်သည် ပိုးသားအရောင်နုနုလေးတွေ – ဖဲသားအရောင်နုနုလေးတွေ ..၊ လှပသော ဇာခန်းဆီးလိုက်ကာ အရောင် နုနုတွေ ..၊ နှင်းဆီ၏ ရနံ့တွေ .. သစ်ခွတို့၏ ရနံ့တွေဖြင့် ထုံမွှမ်းလှ မွှေးပျံ့နေတတ်သည်တည့် ..။ ဒါပေမယ့် .. လက်တွေ့ဘဝမှာဖြင့် သူ သည် သူ့မင်္ဂလာခန်းဆောင်တစ်ခု၏ အပြင်အဆင်ကိစ္စထဲမှာ တစ် ထောင့်တစ်နေရာလေးဆီမှပင် မပါဖြစ်ခဲ့ ..၊ မေမေ ဘာတွေလုပ်နေသည် ဆိုတာ စိတ်ဝင်စားဖော်ပင် မရခဲ့ ..။ သူ့ဘက်က ပစ်စလက်ခတ်နိုင် လွန်းနေခြင်းသည် ရေးရေး ကို ခုကျတော့ အားနာစရာ ဖြစ်နေသည်။ မျက်နှာပူစရာ ကောင်းနေသည်။

"ဥပမာ .. ဆင်းရဲတဲ့ မင်းသားလေးရဲ့ အခန်းတစ်ခု ဆိုပါတော့– ကောင်မလေးက ချမ်းသာတယ် .. အဲဒါ .. ကောင်လေးက .. သူ့အိမ် ငယ်လေးက မင်္ဂလာခန်းလေးကို ဘယ်လိုပြင်ဆင်ထားမလဲလို့ မေးတာ ပါ ကိုဘုန်းမြတ်လူ .. ရေးရေး အထင် ပြောရရင်တော့ စံပယ်ကုံးလေး တွေ ရှိချင်ရှိနေမှာပေါ့ .. စပယ်ရနံ့လေးတွေ ဝေနေတဲ့ အခန်းကျဉ်း လေးတစ်ခုမှာ .. မြေပန်းအိုးလေးမှာ စံပယ်ခက်လေးတွေ ချိုးထည့်ထား ချင်လည်း ထားမှာပေါ့နော် .. နှင်းဆီပန်းအရောင်နုနုလေး နှစ်ပွင့်သုံးပွင့် လည်း ဖြစ်ချင်ဖြစ်မှာပေါ့ .."

သူ့ရင်ထဲ မကောင်းနိုင်တော့ပြီ ..၊ ရေးရေး သည် အဖြေခက်နေ





သည့် သူ့မွှန်းကျပ်မှုကို ထွက်ပေါက်လေး ပြန်ဖွင့်ပေးလာသည်။ နှမ်းပါး သည့် ကောင်လေးတစ်ယောက်၏ မင်္ဂလာခန်းငယ်လေးတစ်ခုကိုသာ ရည်ညွှန်း၍ ပြောပေးလာခြင်း ..၊ ချမ်းသာသည့် ကောင်လေးတစ် ယောက်၏ မင်္ဂလာခန်းဆောင်တစ်ခုကို သူ ဖွဲ့နွဲ့ခဲ့ဖူးလေသမျှကို .. လုံးဝ မေးခွန်းထဲက ဖျောက်ပစ်လိုက်သည်ပါပဲ ..။

"ခဏနားလိုက်ပါလား ရေးရေး .. ကိုယ် အောက်ထပ် ခဏဆင်း လိုက်ဦးမယ် .. ပြီးမှ ပြန်တက်လာမယ်လေ .. ဟော့ ကြည်နူးလေး .. ဖိုးရွှေခြူးလေး .. တီတီလေး ကို နှင်းကန် မခွဲ့နဲ့ ကြားလား .."

ရေးရေး ကို သူ ချန်ခဲ့မှ ဖြစ်မည်။ အောက်ထပ်မှာ ခဏ အသက် သွားရှူနေလိုက်ဖို့ အရေးကြီးသည်။ ဤအခန်းထဲမှာကျတော့ သူ့မပေါ့ဆ မှုတွေဆီမှ မွှန်းကျပ်သော တုံ့ပြန်မှုတွေကို လက်ခံရင်း လက်ခံရင်းဖြင့် အသက်ရှူပင် မဝနိုင်တော့သလို ဖြစ်လာရသည်လေ။ အောက်ထပ်သို့ ရောက်တော့ ဘယ်သူ့ဘယ်သူထံမှ မသွားတော့ဘဲ နောက်ဖေးဘက်ရှိ ကံ့ကော်ပင်အောက်မှာ ခဏ အချိန်ဖြုန်းပစ်လိုက်မိရသည်ပါပဲ..။ ကံ့ကော် ရိပ်က အေးမြမြ ..။ အရွက်ချွန်လေးတွေက ရွက်နုတချို့မှာ နီပျပျဆင် ၏။ ရင့်သည်အရွက်မှာ စိမ်းမြမြနိုင်၏။ အပွင့်တို့မရှိကြသေးသည့် ကံ့ကော်ရိပ်သည် အေးမြနေသည့် စွမ်းအားတော့ ရှိချေသည်ပါပဲ။

"ဒီကံ့ကော်ပင်လေးဟာ .. သူ့ပွင့်ချိန် မဟုတ်သေးတာမို့ .. အပွင့် မဝေနိုင်ကြပေမယ့် .. အေးမြတဲ့အရိပ်ကိုတော့ နားခိုသူအပေါ် ပေးတာ ပါပဲ .. အချစ်ဆိုတာ ရေးရေး ပေါ်မှာ ငါ မပေးနိုင်ပေမယ့် .. အေးမြတဲ့ အရိပ်တစ်ခုကိုတော့ .. ဒီသစ်ပင်လို သဘောထားပြည့်ပြည့်နဲ့ မပေးနိုင် ဘူးလား .. ပေးနိုင်ရမှာပေါ့ .. ဘဝတစ်ခုမှာ အေးမြတဲ့ အပင်မျိုးနွယ် တစ်ခုအဖြစ် ရှင်သန်ရပ်တည်နိုင်ခွင့် ရှိဖို့ပဲ အရေးကြီးတာပါ .. ငါ့အိမ် မှာ ရေးရေး အေးအေးချမ်းချမ်း နေခွင့်ရဖို့ .. ငါ တာဝန်ယူရမှာ ပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



သူ တွေးမိရာမှ ထရပ်မိပြန်၏။ ရေးရေး ကို တစ်ယောက်တည်း အကြာကြီး ချန်မထားသင့်တာကို သူ တွေးမိလာရပြန်သည်ကိုးလေ..။ အခန်းထဲ ပစ်ထားခဲ့သယောင်ကြီး ဖြစ်နေသည်တည့် ..။

သူကတော့ သူ့ဘက်က တာဝန်တွေ မကျေလေလေ .. မျက်နှာပူလေလေ ဖြစ်နေရင်း သက်သာရာရဖို့အတွက် ဤအရိပ်မှာ လာရှောင်နေချိန်မှာ ..။ ရေးရေး သည် တစ်ခါဖူးမျှ မရောက်ဖူးသော အိမ်ကြီးတစ်အိမ်ရှိ သူ့အခန်းကျယ်ကြီးထဲမှာ ကြည်နူးလေး နှင့် ကျန်ခဲ့ရသည်။ အဘယ်မျှထိ သူ မသိဆိုးဝါးနိုင်ခဲ့ပြန်ပြီတဲ့လဲလေ ..။

"ကြွေ နဲ့ ပတ်သက်လာရင် .. ကြွေ ဟာ အနီရောင်ကို ကြိုက်တာ .. ငါ သိနေတယ် .. ငါနဲ့ ကြွေ လက်ထပ်တဲ့အခါ .. မင်္ဂလာခန်းဆောင်ကို အနီရောင်ပဲ ငါ ခြယ်မှုန်းမယ်လို့ တွေးခဲ့တယ် .. ငါ မကြိုက်တဲ့ အရောင်ရင့်ရင့် .. အနီရင့်ဆိုတာကို ငါ အလျှော့ပေးထားနှင့်ပြီးသားဖြစ်နေခဲ့ဖူးတယ် .. ခန်းဆီးတွေကို ဇာခန်းဆီးတွေဖြစ်စေရင်းနဲ့ နေရောင်တိုးဝင်နိုင်အောင် ငါ တွေးထားဖူးတယ် .. အိပ်ရာအခင်းအကျင်းကလည်း အနီရောင် .. ပန်းအိုးမှာလည်း နှင်းဆီနီနီ .. အဲဒါတွေဟာ ငါ့အိပ်မက်ထဲက မင်္ဂလာခန်းဆောင်တစ်ခု .."

သူ အိမ်ကြီးဆီသို့ ပြန်လျှောက်လာနေရင်းမှ ရင်ထဲ ပို၍မကောင်း။ ကြွေ နှင့် ဝေးရ၍လည်း လွမ်းဆွတ်သည်။ ရေးရေး အပေါ်မှာ စိတ်ကူးတာဝန်လေးပင် မကျေနိုင်တတ်သည့် တာဝန်မဲ့မှုကိုလည်း အနေကျပ်ရသည်။ စိတ်ထဲ မကောင်းနိုင် ..။

အပေါ်ထပ်သို့ သူ တက်ခဲ့ရပါ၏။ အခန်းတံခါးနား ရောက်မှ စကားပြောသံ ကြားရတာမို့ တံခါးဝမှာ ရပ်လိုက်မိရပါပြီ။ ရေးရေး.. လက်ကိုင်ဖုန်းလေး ပြောနေခြင်း ..၊ သူ့ဘက်ကို ကျောပေးထားသည်။

"နင် အဲသလို ရေးရေး ကို မေးမယ်ဆိုတာ သိတာမို့ .. မင်္ဂလာပွဲကို မဖိတ်ခဲ့တာပဲ မိုးမိုး .. မိုး ကို ရေးရေး မလိမ်ချင်ဘူးလေ .. သူက





လည်း ရေးရေး ကို ချစ်လို့ လက်ထပ်တာ မဟုတ်သလို .. ရေးရေး ကလည်း သူ့ကို ချစ်သူတစ်ယောက်အဖြစ် .. ရွေးချယ်ခဲ့ရတာမှ မဟုတ်တာ .. ဒါပေမယ့် .. မမှန်းကြတာတစ်ခုကတော့ .. သူနဲ့ ရေးရေး တို့ အတွက် ကံကောင်းမှုတစ်ပါးပါပဲ .. မုန်းတဲ့သူနှစ်ယောက် အတူတူနေကြရတယ်ဆိုတာမျိုး မဖြစ်ခဲ့ရတဲ့ ကံကိုဘဲ ရေးရေး ကျေးဇူးတင်မိတာပါပဲ .. သူက .. စိတ်ထားကောင်းပါတယ် မိုးမိုး .. စာရေးဆရာဆိုတော့ တည်ငြိမ်တာလည်း အမှန်ပဲ .."

သူ ငြိမ်၍ နားထောင်နေမိပါ၏။ တကယ်က .. သူနှင့်ပတ်သက်၍ ရေးရေး ဘာတွေများ ဆက်ပြောချေမည်လဲဆိုတာကိုလည်း သိနေချင်သည်။ ခုထိ .. သူ့ကို မကောင်းတာတစ်ခုမှ ပြောတာမရှိ ..။

"ရုပ်ရည်လား .. ခန့်ခန့်ညားညား ရှိပါတယ် မိုး ရဲ့ .. လူချောကြီးပါ.. နင် မြင်ရင် ဝမ်းသာမှာဟ .. ရုပ်ဆိုးကြီးနဲ့ ငါမညားရတာကိုလေ.."

သူ ပျော်သွားရသည်။ သူ့ကို ခန့်ညားသည်တဲ့ ..။ ရုပ်မဆိုးပါတဲ့လားလေ ..၊ အံမယ်မယ် .. ခုကျတော့လည်း သူ ကလေးဆန်နေသည့်အဖြစ် .. ရုပ်တွေဘာတွေပင် ပိုချောလာသလိုလို ..။ ခန့်ခန့်ကြီး ပိုဖြစ်နေသလိုလိုတွေ ခံစားနေရရင်း ကြည်နူး ကျေနပ်မိနေရသည်။

"သူ့ကို ဘယ်လိုခေါ်လဲ .. ဟုတ်လား .."

တစ်ဖက်က မေးနေပုံ ရသည်။ ဘာများဖြေမည်လဲဟု သူ နားတွေ အစွမ်းကုန် စွင့်ထားမိပြန်၏။ ရေးရေး ၏ စကားလုံးတိုင်းကို သူ သဲသဲကွဲကွဲ ကြားချင်သည်လေ ..။

"ကိုဘုန်းမြတ်လူ လို့ ခေါ်တယ် မိုး ရဲ့ .. ဘွားက ပြောတာ [illegible] သိလား .. ဒီမနက် လက်ဖက်ရည်ပွဲအပြီးမှာ စာကြည့်ခန်းထဲ [illegible] ကျိတ်ပြီး ဆူတယ်ဟ .. သူ့ကို .. ကိုဘုန်းမြတ်လူ .. လက်ဖက်[illegible] ယူဦးမလား ပေါင်မုန့်လေး ထပ်ယူပါဦးလားဆိုတာ [illegible] သမျှ .. မေးနေသမျှ .. ဘွား ကြားတယ်တဲ့ .. အဲသလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပဲဖြစ်ဖြစ် .. ကိုကိုပဲဖြစ်ဖြစ် .. ခေါ်ပေါ့တဲ့ .. ကိုယ့်ခင်ပွန်းသည်ကို နာမည်ကြီး တပ်တပ်ခေါ်တာ ရိုင်းတယ်တဲ့ .. ခက်တာက .. ရေးရေး လည်း ရမ်းမခေါ်ရဲဘူး .. သူ ကြိုက်ချင်မှ ကြိုက်မှာလေ .. အစ်ကိုဆိုတာ ကြီးက ရိုးလွန်းနေတယ်လို့ ထင်တယ် .. သူ့စိတ်ထဲ တောသူခေါ် ခေါ် တယ်လို့ ထင်နိုင်တယ်ဟ .. ကိုကို ဆိုတာကျတော့လည်း .. ချွဲလွန်းရာ ရောက်နေသလိုဖြစ်ပြီး ငါကိုက မခေါ်ရဲဘူး ဖြစ်နေတယ် ..''

သူ ငြိမ်နေဆဲ ..၊ ဘယ်လိုခေါ်ခေါ် .. ရပါတယ် .. ဟု လှမ်းပြော လိုက်ချင်သည်။ ဟုတ်တော့ ဟုတ်နေသည်ပါပဲ ..။ ကိုဘုန်းမြတ်လူ ဟု သူ့ကိုခေါ်တာထက် .. အစ်ကိုဟုပဲ ခေါ်ခေါ် ..။ သူကတော့ သဘော ကျမည်သာ ..။

"ကိုကြီးလို့ ခေါ်ရင် ကောင်းမလား မိုး .. အဲဒါက .. လေးစားရာ လေးတောင် ရောက်နေသလိုလိုပဲဟ .. နော် ..''

ရင်သည် နွေးခနဲ ဖြစ်၏။ ကိုကြီး ..၊ ရင်ထဲ လှုပ်ရှားချင်၏။

သူသည် .. ကလေးဆန်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာနေ ပြီတည့် ..။ ခုကြည့် ..၊ ရေးရေး နှင့် မိုး ဆိုတာ ပြောနေကြလေသမျှကို သူ နိုးနားထောင်နေသည်။ သူ့ကို ရေးရေး ဘယ်လိုသဘောထားသည်ဆို တာကိုလည်း သိချင်နေသည့် လူတစ်ယောက်လည်း ဖြစ်နေသည်။

''ဖိတ်စာပို့ဖို့ ဘွား ပြောပါတယ် မိုး ရဲ့ .. ရေးရေး က .. မိုး ဆီ ပို့လိုက်ပြီလို့ လိမ်ပြောခဲ့တာလေ .. မိုး မေးလာမယ့် မေးခွန်းတွေ အဖြေ ခက်လို့ပါဟယ် .. ဘွား က မိုး မင်္ဂလာပွဲ မလာပါလားလို့ ပြောလည်း ပြော .. မိုး နေမကောင်း ဖြစ်နေတယ်ထင်ပါရဲ့ဆိုပြီး မိုး ရဲ့ ဟန်းဖုန်းကို လှမ်းဆက်မယ်လုပ်တော့မှ .. ဖိတ်စာ မပို့ခဲ့တာကို ရေးရေး အသိပေးခဲ့ တာပါ .. ဘွား ဆူလိုက်တာမှလေ .. အရမ်းပါပဲ ..''

ရေးရေး ဆက်ပြောနေသည်။ ခုကျတော့ သူ့အကြောင်းတွေ မပါ ဘဲ ဖြစ်နေပြန်၏။ သူက .. သူ့အကြောင်းတွေ ပြောနေတာမျိုး ဖြစ်စေ





င်နေတာ ဆန်းနေသည်။

"နောင်တရား စက်ရုံကို နောက်လလောက်ကျရင်တော့ ရေးရေး ာခဲ့မယ်လေ .. ရွှေခြူး လား .. ခေါ်လာမှာပေါ့ .. ရွှေခြူး က .. ရေး ရဲ့ အသက်ပဲဥစ္စာ .. မခွဲနိုင်ပါဘူး .. အဖြစ်စုံကိုလည်း ငါ ာစောက နင့်ကို ပြောပြခဲ့ပြီးပြီပဲလေ .. ရွှေခြူးလေး ကြောင့် .. သူနဲ့ .. လက်ထပ်ဖြစ်ခဲ့ကြရတာပဲဥစ္စာ ..''

ပြောနေသမျှ သူ ငြိမ်သက်နားထောင်နေရာမှ ရင်ထဲ ဟာခနဲ ဖြစ်၏။ ည် .. သူ နှင့် ရေးရေး တို့သည် .. တစ်ခုတည်းသော အကြောင်းခံဖြင့် က်ထပ်ခဲ့ရခြင်း။ ဒါကို နှစ်ယောက်စလုံး သိနေကြသည်တကား ..၊

"အေးပါ .. နောက်လလောက်တော့ ငါ့စက်ရုံကို ရောက်မှာပါ .. င်ရှိတော့လည်း .. ငါ ဒီမှာ စိတ်ချလက်ချ နေလို့ရတာပေါ့ .. ဟာ .. င်ကလည်း .. မဟုတ်ပါဘူးဟယ် .. သူနဲ့ ဒီမှာ ကြာကြာကြီးနေချင်လို့ ဟုတ်ပါဘူး .. သူက ချောလို့ ငါ ချစ်သွားနိုင်မယ် ဟုတ်လား ..''

မိုးမိုး ကို သူ မမြင်ဖူးသေးပေမယ့် .. စိတ်ထဲက အလိုလို လှမ်းခင် ားမိရသည်က ဘာကြောင့်ပါလဲ ..၊ သူ့ကို .. ရေးရေး ချစ်သွားမည်ဟု ာပေးနေ၍လား မသိ ..၊ ဒါပေမယ့် .. မိုး ဆိုတာကိုတော့ သူ ခင်နေ ာ အမှန် ..။

"ဟော့ကောင် ဘုန်းမြတ်လူ .. မင်း .. မသိချင်ယောင်ဆောင် မနေ ပါနဲ့ .. မင်းကို .. လူချောကြီးဆိုပြီး အချစ်က ခံချင်နေသေးတယ်ဆို တော့ .. မင်း မချစ်တဲ့ မိန်းကလေးတစ်ယောက်ဆီက .. အချစ်ဆိုတာ မင်းက ပိုင်ချင်နေတယ်လား ..''

သူ့ဘာသာသူ မေးလိုက်မိသည့် မေးခွန်းတစ်ခုသည် တားဆီးမရ ဲ ရင်ထဲက ခုန်ပေါက်ထွက်လာသည်။

"မိုး ရယ် .. ရေးရေး ကို မချစ်တဲ့သူတစ်ယောက်ကို .. မချစ်မိနိုင် ာင် ရေးရေး ကြိုးစားမှာပါပဲ .. ဒါမှလည်း .. သူ စိတ်မဆင်းရဲဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝသူ ကျောင်းနိုင်မှာပေါ့ .. သူ မချစ်နိုင်တဲ့ မိန်းကလေး
ယောက်က .. သူ့ကို ချစ်နေတယ်ဆိုတာမျိုး သူ ရင်ဆိုင်ရရင် .. အဲဒီ
ကလေးရဲ့ အကြည့်တစ်ခုနဲ့ပဲ သူ စိတ်ဆင်းရဲနေရမှာ .. နှစ်ဖက်စလုံး
တစ်ယောက်ကိုတစ်ယောက် မချစ်ဘဲ နေနေကြတာဟာ .. အမှန်
ဆုံးသော လမ်းတစ်ခုပါပဲ မိုး ..၊ ကဲ .. ကဲ .. မိုး ရေ .. ရေးရေး
မှ ထပ်ဆက်မယ်နော် .. ခုလို .. ဖုန်းဆက်လာတာကိုလည်း ရေး
ကျေးဇူးတင်ပါတယ် မိုး ရယ် .. မင်္ဂလာပွဲပြီးမှ ဘွား မနေ့ညက
ဆက်ပြီး မိုး ကို .. ဒီလက်ထပ်ပွဲကိစ္စကို လှမ်းပြောပြ တောင်းပန်ခဲ့သ
အခု .. ရေးရေး လည်း တောင်းပန်ပါတယ် မိုး ရယ် .. စိတ်မဆိုး
သူငယ်ချင်းရယ်နော်.. မလာစေချင်လို့ မဟုတ်ပါဘူး.. မိုး စိတ်မကော
ဖြစ်မှာစိုးလို့ပါ.. ကိုယ့်သူငယ်ချင်းတစ်ယောက် မချစ်တဲ့သူနှစ်ယော
အဖြစ် လက်ထပ်ကြရတယ်ဆိုတာ မိုး ဘယ့်နှယ်လုပ် စိတ်ကောင်း
ပါ့မလဲ ..''

ပြောပြီး ရေးရေး ဖုန်းလေးပိတ်လိုက်ချိန်မှာ သူ အခန်းထဲ ဝင်
လိုက်ရသည်ပါပဲ။ ပြောသည့်စကားတွေကို မကြားသယောင်ဖြင့်
လှမ်းသုတ်သုတ် ဝင်လာခြင်း ...။ အခုပဲ အခန်းတံခါးရှေ့ရောက်
အခုပဲ ဝင်လာသည့်ပုံ ...၊

ထိုစဉ်ခိုက် ရေးရေး ကလည်း လှည့်အကြည့် .. ရေးရေး
ရင်ခွင်မှ ကြည်နူးလေး ကလည်း သူ့စာရေးစာပွဲ အံဆွဲကို လ
အဆွဲ .. အံဆွဲသည် ကြမ်းပေါ် ကျချေ၏။

''ရွှေခြူးလေး ဟာလေ .. ကြည့်စမ်း .. ရွှေခြူးလေး ရဲ့ လေး
စာရွက်တွေ ပြန့်ကြဲကုန်ပြီ ..''

ပြောလည်း ပြော ...၊ ထိုင်လည်း ထိုင် ...၊ ရေးလက်စ စာမူ
စီထပ်နေသည်က ရေးရေး ပါ ...။ သူ တမန်းကတမ်း စိုးရိမ်
အလောတကြီး လျှောက်မိရသည်က ခုမှ ကဗျာလေးကို သတိရ





ပါ ..။ စာရေးစက္ကူကတ်လေးထဲမှာကဖြင့် ကဗျာလေး ရှိနေသည်လေ..။
ကြွေ့ အတွက် ကဗျာ ..၊ ရေးခဲ့ရာ ကဗျာ ..။ ခုကျတော့ ထိုကဗျာလေး
ကို ရေးရေး တွေ့သွားမှာ သူ လန့်နေသည်။

''နေ .. နေ ..၊ ကိုယ် သိမ်းလိုက်မယ် .. ရတယ် .. ရတယ် ..''

လျှောက်နေရင်းမှလည်း သူ အလောတကော လှမ်းပြောမိရပါ၏။
ဒါပေမယ့် ရေးရေး ပြုံး၍ အားလုံးကို ကောက်ယူစီထပ်၍ စာမူတွေကို
ထည့်နေသည်။ နောက်ဆုံးကိုင်လိုက်သည်က စာရေးစက္ကူကတ်လေး
ပါ ..။

''ရိုက်တင်းပတ်(တ်)လေးကလည်း လှလိုက်တာ .. အဖုံးလေးက
နှင်းဆီပွင့်လေးတွေ နော် ..''

ဟု ပြောနေချိန်မှာ ရွှေခြူးလေး က လက်ဖြူဖြူလေးတွေဖြင့် လှမ်း
ဆွဲဖို့ ကြိုးစားနေပါ၏။ ရေးရေး မှ လက်ကို တိမ်းလိုက်ရင်းမှ ...

''ဟင် .. ကဗျာလေးပါလား ..''

ဟု ရိုက်တင်းပက်(တ်) အဖုံးလေး လေအဝှေ့ အရှိန်ဖြင့် လန်ခနဲ
ဖြစ်မှာ ကဗျာလေးကို တွေ့သွားချေပြီ ..၊ သူ .. ရင်ထဲ မောကျသွား
ပါပြီ။ သွားပြီ ..၊ သူ မတားမိလိုက်နိုင်ခဲ့ချေပြီကောလေ ..။ ကဗျာလေး
ရေးရေး တိတ်ဆိတ်စွာ ဖတ်နေသည်။ ရွှေခြူးလေး လှမ်းမဆွဲနိုင်
ောင် စာရေးစက္ကူကတ်(တ်)လေးကို စားပွဲပေါ် ဖြန့်တင် ..။ ရပ်ရင်း
တ်နေခြင်း ..။

နောက်တော့ .. သူ့ကို လှမ်းကြည့်လာသည်။ မျက်ဝန်းဝယ် မျက်
ည် ဝေ့နေ၏။ သူ ရင်ထဲမကောင်း ..၊ ကြွေ့ အတွက် ကဗျာအဆုံးပိုဒ်၏
ာက်မှာ သူ ရေးထားခဲ့လေသမျှကိုလည်း ဖတ်ပြီးသွားလောက်ပြီ..။
ာင်မလေး .. သိသွားပြီတည့် ..။ သူ့မှာ .. သူ့မှာ .. ကြွေ .. ရှိတာကို
သွားပြီ ..။ တကယ်က .. သူ အစောကြီးကတည်းက အသိပေးခဲ့
ာင်းသည်။ သူ့မှာ ကြွေ ရှိနေသည်ဟု .. ရှိခဲ့သည်ဟု ..။ ဒါပေမယ့်–



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းကတော့ .. သူသည် မလွဲမသွေ ရေးရေး နှင့် လက်ထပ်ဖို့ပဲ ရှိသည့်သူတစ်ယောက်ပေမို့ .. ထိုအဖြစ်ကို ပြောလည်း မထူး ..။ မပြော လည်း မထူးဟု ယူဆ ဆုံးဖြတ်ခဲ့သည်ကိုးလေ ..။ ခုကျတော့ .. သူ့ချစ်ဦး သူ ကြွေ့ အတွက် သူ ရေးစပ်ခဲ့ရာ ကဗျာလေးကြောင့် .. ရေးရေး မျက်ရည်ဝဲနေချေပြီတကား ..။

"ကဗျာလေးက သနားစရာလေးနော် .."

ရေးရေး ပြောနေချိန်မှာ အသံလေး တုန်နေသည်။

"ဒီဝတ္ထုအတွက် ရေးတဲ့ .. ကဗျာလေးလား ဟင် .."

သူ ရုတ်ခနဲ ဝမ်းသာသွားရပါပြီ ..၊ ကောင်မလေးက .. သူ့ဝတ္ထု အတွက် ရေးစပ်ရာ ကဗျာတစ်ပုဒ်အဖြစ် ထင်နေခြင်း ..။ ကဗျာလေးထဲ မှ ခံစားချက်တွေ ကူးစက်ခံစားရင်း မျက်ရည်လည်နေခြင်းပါတကား..။

"ဟုတ်တယ် .. ဒီဝတ္ထုအတွက် .. ကဗျာစပ်ထားတာလေ .. ဇာတ် သိမ်းပိုင်းကျတော့မှ .. ဒီကဗျာလေး စာမူအဆုံးမှာ .. အဆုံးသတ်အဖြစ် ကွန်ပျူတာနဲ့ ပြန်ထည့်မှာလေ.. လောလောဆယ် အဲဒီ ရိုက်တင်းပက်(တ်) လေးမှာပဲ လက်ရေးနဲ့ ရေးထားတာ .."

ဟု ပြောလာတော့ ရေးရေး ကဗျာလေးကို ထပ်၍ ငုံ့မိုး ငေးစိုက် ကြည့်နေသည်။ သူ မလုံ ..၊ အနေခက်၏။ ကိုယ် လက်ထပ်ထားရသည့် ကောင်မလေးက .. ကိုယ်ချစ်ရပါသည့် ကြွေ့ ကဗျာလေးကို ဖတ်နေချိန် မှာ .. သူက မျက်နှာချင်းဆိုင် ရပ်နေသလိုကြီး ဖြစ်နေသည်။ ပြီးတော့ ဝတ္ထုအတွက် ကဗျာပါဟုလည်း လိမ်ထားရပြန်သည့်အဖြစ်။ သူ - မကောင်းတော့ပြီကောလေ ..။

"သစ္စာတည် ဤအချစ်
ပြောင်းရွှေ့ပစ်နိုး
ရှိုးမရှိ ...။





အဖူး အဆစ်အစ်
ရင်ကိုနှစ်၍ ပျိုးကာ
ချစ်ပန်းလွှာ ဖြစ်တည်ရချေသမို့ ...။

ကိုင်းတံညို့ညို့
ချစ်ပန်းတို့ ပွင့်ဖါလျှင်
တစ်ဦးပင် တစ်ယောက်တည်းအတွက်
ချစ်သောလက်ဖြင့် ဆွတ်ခူးစရာ
အချစ်ဦးအတွက်သာ ပူးပွင့်လာ ...။
ကြော် ...
အချစ်ဦးအတွက်သာ ပူးပွင့်ရာ ...။ ။"

ကဗျာလေးကို ရေးရေး အသံထွက်၍ ဖတ်နေသည်။

သူ .. တွေတွေကြီး ရပ်နေရသည်မှ ငိုင်ငိုင်ကြီး ဖြစ်နေတာအမှန်..။

"ဟုတ်တယ် နော် .. ကဗျာလေးထဲက အတိုင်းပဲပေါ့ .. တကယ် တဲ့သူတစ်ယောက်အတွက် .. သူ့အချစ်ဦး တစ်ယောက်တည်းကိုပဲ.. ပျိုးတဲ့ပန်းကို ပန်စေ့ချင်မှာပေါ့ .. အဲဒီဇာတ်ကောင်လေးဟာ .. ကျားလေးလား .. မိန်းကလေးလား ဟင် .."

မေ့မေးလာတော့ သူ အဖြေခက်၏။ ပြီးတော့ မျက်ရည်လည်နေ ကိုလည်း ငေးကြည့်မိသည်။

နောက်တော့ ထိတ်လန့်လာပြန်၏။

ဤကောင်မလေးမှာရော .. ချစ်ဦးသူဆိုတာ ရှိနေဖူးခဲ့သည်လား ..။ သူ .. မေးပင် မမေးခဲ့ ..၊ လက်ထပ်ခြင်းကို မရှောင်သာဘဲ ည့်အတူတူ .. သူ ဘာကိုမျှ မမေးမိခဲ့ ..၊ မမေးချင်ခဲ့။ ဒါပေမယ့် တော့.. သူ .. သိချင်နေသည်။

"ရေးရေး မှာ .. ချစ် .. ဦး .. သူ .. ရှိ .. ခဲ့ လား ဟင် .."

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွေ အစ်တစ်တစ် ဖြစ်နေ၏။ မနည်း အားတိုက်၍ မေးမိခြင်း ..။

ရေးရေး ခေါင်းခါပါသည်။ သူ .. ရင်ထဲ အေးချမ်းသွားရသည် တည့် ..။ သူ .. သူ .. ဘာကြောင့် .. ရင်ထဲ အေးချမ်းသွားရပါသတဲ့လဲ စောစောက စိုးရိမ်ခဲ့သည့် အလန့်တွေလည်း ဘာကြောင့် ပျောက်လွင့် သွားရပါသတဲ့လဲ ..။ သူသည် .. သူသည် .. ဘာကြောင့်.. ရေးရေး မှာ ချစ်ဦးသူဆိုတာ မရှိစေချင်ရပါသတဲ့လဲ ..။

"ကောင်းတယ် .."

လွှတ်ခနဲပင် သူ့နှုတ်မှ ပွင့်ကျလာရပါသည့်အသံ ..။

မျက်ခုံးထူထူ မျက်တောင်ထူပိတ်ပိတ် မျက်ဝန်းနက်နက်လေးနှင့် ကောင်မလေး၏အကြည့်မှာ သူသည် .. နိုးထုပ်နိုးထည်နှင့် မိလိုက်သူ တစ်ယောက်နှယ် ဖြစ်နေသည်။ သူ့စိတ်ခံစားချက်တွေကို အမိဖမ်း ခံလိုက်ရသည့်နှယ်ပါတကား ..။

"ရေးရေး .. ကိုယ့်ကို .. ကိုကြီးလို့ ခေါ်ပါလား ဟင် .."

လွှတ်ခနဲ စိတ်လှုပ်ရှားစွာ ပြောမိလိုက်ရပါပြီ ..။

ချစ်ဦးသူ မရှိသော ရေးရေး ၏နှုတ်မှ .. သူ့စိမ်းယောက်ျားတစ် ယောက်ကို .. ကိုကြီး.. ဟု .. ပထမဆုံးခေါ်လိုက်ပါသည့် ခေါ်သံကို သူ .. ကြားခွင့်ရသည့်သူ တစ်ယောက် ဖြစ်နေရခြင်းသည်လည်း ရင်ခုန် စရာတစ်ခု ဖြစ်နေသည်။

ရေးရေး ကဗျာလေးကို ငုံ့၍ ကြည့်လိုက်ပြန်၏။ သူ .. မျက်တောင် မခတ် ရေးရေး ၏ လှုပ်ရှားမှုတိုင်းကို မလွှတ်တမ်း ကြည့်နေမိရသည်။ ကိုကြီးလို့ .. ခေါ်လိုက်ပါ .. ကောင်မလေးရေ .. ဟု ရင်ထဲမှ ပြောနေမိ သည်။ ရေးရေး လက်ထဲမှ ကဗျာသည် ရေးရေး ကိုသာ အာရုံရှုပ်နေစေ ပြီလားဟုလည်း အရှုပ်တစ်ခုနှယ် ကဗျာလေးအပေါ် မြင်လာရသည် ကလည်း ထူးခြားမှုတစ်ခုပဲ ဖြစ်နေသည်။



"ဒီကဗျာလေးက .. ကိုကြီးရဲ့ လက်ရေးနဲ့ ရေးထားတာဆိုတော့.. ပြီးတော့.. ကဗျာလေးကလည်း အရမ်းသနားဖို့ကောင်းနေတယ် ကိုကြီး ရယ် .. ဒီကဗျာလေးကို ရေးရေး ခဏ ယူကူးထားမယ်နော် .. မှန်ဘောင် လေး သွင်းထားမယ် .. ဒီနေ့မှာ .. ကိုကြီး ရဲ့ လက်ရေးကဗျာလေးကို မြင်ရတဲ့ အထိမ်းအမှတ်တစ်ခုလည်း ပါတာပေါ့ ကိုကြီးရယ် .."

ရေးရေး ပြောလာချိန်မှာ ရင်ထဲ သူ မကောင်းနိုင်တော့ပြီ ..၊ သြော်.. သူ၏ ချစ်ဦးသူ တမ်းခြင်းကဗျာလေးတစ်ပုဒ်ကို .. သူ လက်ထပ်ထားရာ ရေးရေး က .. ကူးပြီး .. မှန်ဘောင်သွင်းထားမည်တဲ့လားလေ ..။

ကိုကြီး ဟု .. သူ့ကို .. စတင်၍ ခေါ်ခဲ့ပါသည့် ရေးရေး ၏ခေါ်သံ လေးသည်ပင်လျှင် .. သူ၏ ကြွေ့ကို တမ်းတခြင်း ကဗျာလေးနှင့်အတူ ဒတ်သက်နေပြန်ရချေသည်တကား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ခက်တာက .. ရေးရေး ကို ဘွား ဆူနေတဲ့ကိစ္စပဲ ကိုကြီး ရဲ့ အရမ်းကို အေးစက်နေတဲ့ ဆက်ဆံရေးမျိုး ဖြစ်နေတယ်တဲ့ .. ကိုကြီး ကို ပဒုမ္မာမှာ ခုလို အေးတိအေးစက်လုပ်နေ ဆက်ဆံပြနေသလို ရွှေဖင်ယော်ကို ရောက်တဲ့အခါ ရေးရေး ဆက်လုပ်နေရင် .. အန်တီရွှေ နဲ့ အန်ကယ်တို့ကို ဘွား မျက်နှာပူ အားနာရမှာပေါ့တဲ့ .."

ရေးရေး ခပ်ညည်းညည်း ပြောနေချိန်မှာ ကူတော့ဖြင့် မအားနိုင်ဘဲ ဖြစ်နေဆဲ ..၊ ရေးရေး ချိတ်ခိုင်းသည့် ဓာတ်ပုံတွေ အခန်းနံရံမှာ ချိတ်နေသည်လေ ..။ ဓာတ်ပုံတွေကလည်း မနည်းမနော ..။

"ရိုက်ထားလိုက်တဲ့ ဓာတ်ပုံတွေကွာ .."

တစ်ချက် သူ ပြောမိရပါ၏။ ရေးရေး နှင့် ရွှေခြူးလေး ၏ ပုံတွေချည်း ဖြစ်နေသည်။ သူနှင့် လက်မထပ်ခင်က ရိုက်ထားတာတွေ ဖြစ်မည်။ သူ့ပုံဆို၍ မင်္ဂလာနေ့တုန်းက ရိုက်ထားသည့်ပုံတွေပင် မပါ .. တကယ်ဆို .. သူ့ပုံရော ရေးရေး ပုံရော ကြည်နူးလေး ဆိုသည့် ချာတိတ် ရွှေခြူးလေး နှင့် ရိုက်ထားသည်မှ မင်္ဂလာပွဲနေ့မှာ ရိုက်ချက်ပေါင်း များစွာ ရှိနေသည်ပဲလေ ..။ ဒါ့အပြင် ဗီဒီယိုရိုက်ထားတာတွေကလည်း ရှိသေးသည်။ ရင်ထဲမှာ နည်းနည်းတော့ ကျွဲမြီးတိုချင်နေတာ အမှန်ပါ





တစ်ခန်းလုံးမှာ ရေးရေး နှင့် ရွှေခြူးလေး ငနဲလေး၏ ပုံတွေချည်း ဖြစ်နေသည်တည့်..။

"အေးလေ .. ဒါ .. သူ့အခန်းပဲ .. သူ စိတ်တိုင်းကျ ဓာတ်ပုံချိတ်တာ ဘာဖြစ်လဲ .."

ဟု တွေးပေးနေရပေမယ့် ရင်ထဲမှာတော့ သိပ်ပြီး နေသာထိုင်သာ ဖြစ်မနေတာ အမှန်ပါ။ ဓာတ်ပုံတွေက မှန်ဘောင်တွေ သွင်းပြီးသား..၊ ဤနေ့ မနက်မှာ မနက်စာ စားပြီးတာနှင့် အခန်းပြန်ခဲ့ရချိန်မှာ ရေးရေး မှ အထပ်လိုက် စားပွဲပေါ် မှောက်လျက်သား စီထပ်ထားရာ ဓာတ်ပုံ မှန်ဘောင်သွင်းထားရာတွေကို တစ်ခုပြီး တစ်ခု သူ့လက်ထဲအပ် ..၊ သူက .. နံတစ်လုံးကို ရွှေ့ရွှေ့ပြီး ဓာတ်ပုံတွေ ချိတ်ချိတ်နေရခြင်း ..၊ ဓာတ်ပုံချိတ်ရတာက နံရံမှာ အသင့်သုံး ကပ်ချိတ်ဒီဇိုင်းလှလှလေးတွေကို ကပ်ထားရာ ဓာတ်ပုံချိတ်ကွင်းမှာ ချိတ်ချိတ်သွားရုံပါ ..။ ထိုသို့ ချိတ်ဖို့ ဘယ်အချိန်တုန်းက ရေးရေး အားလုံး နံရံမှာ အသင့်လုပ်ထားသည် မသိ ..။ ကြည့်ရတာ စာအုပ်တိုက်သို့ မနေ့က သူ သွားနေရချိန်မှာ ကပ်ထားတာ ဖြစ်မည်။

"နေပါဦး ရေးရေး ရ .. အေးစက်စက် ဖြစ်နေတယ်ဆိုတာ ဘာကို ဘွား က ပြောတာလဲ .."

သူ ငုံ့ကြည့် မေးမိရပါ၏။ ဓာတ်ပုံတစ်ခုကို အသင့်ပိုက်ထားရင်း စောင့်နေသည့် ရေးရေး ပခုံးလေးတွန့်ပြသည်။ ဆက်ဆံနေကြရသည်က ပို၍ပင် တရင်းတနှီး နိုင်လာကြသည်ပဲလေ ..။ ခုပဲကြည့် ..၊ ရေးရေး ကဖြင့် ပခုံးလေးပင် တွန့်ပြနေသေးသည့်အဖြစ် ..။

"ကိုကြီး အတွက် ရေးရေး ဆိုတာ .. ညဘက်ဆိုရင်လည်း ကိုကြီး စာရေးတာတွေဘာတွေ လုပ်ရင် အိပ်ငိုက်ပြေအောင် အဆာပြေအောင် .. ကော်ဖီကို ဓာတ်ဘူးကြီးနဲ့ ဖျော်ထည့်ထားပေးတာမှ အပြည့် .. မုန့် ဆိုတာ လည်း မုန့်ပုံးလည်း ရှိ .. ကွတ်ကီးတွေလည်း ရှိ .. တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်ဆင်းဒဝစ်(ချ်)တွေတောင် လုပ်ပေးသေး .. ဒီတစ်ပတ်လုံးမှာ ရေးရေး ဘာများ တာဝန်လစ်ဟင်းနေလို့လဲကွ .. ကိုကြီးတောင် ရေးရေးကို အားနာနေမိရတာ .."

သူ ပြောတော့ ရေးရေး ခေါင်းလေးညိတ်ပြသည်။ နောက်တော့ ခေါင်းလေး ခါပြပြန်၏။

"ဟော့ .. ဘာလဲကွ .. ခေါင်းညိတ်တယ် .. ခေါင်းခါတယ် - ဘယ်လိုကြီးလဲ ရေးရေး ရ .."

သူ ရယ်၍ မေးမိရပါ၏။ ဘာကြောင့်ရယ် မသိ ..၊ လက်အံ နည်းနည်း သေချင်လာအောင် ဓာတ်ပုံတွေ ချိတ်နေရပေမယ့် ခုလို စကားလေး တပြောပြောဖြင့် နေနေရတာ သူ့ရင်ထဲမှာ ကြည်နူးနေသည်။ ခုံတစ်လုံးစာ အမြင့်မှာ သူရပ်နေတာမို့ ပင်ကိုအရပ်မြင့်မြင့်ကြီးဖြင့် ရှိရသည့်အထဲ ပိုမြင့်သွားရကာ ရေးရေး ကို ငုံ့မိုး၍ ကြည့်တော့ အပေါ်စီးဆန်နေသည်။ ဆံပင်ထူထူနက်နက်လေးတွေကို ရေးရေး ဘီးကျော့လေး ပတ်ထားသည်။ မျက်နှာသစ်ထားတာလေးပဲ ရှိသေးလျက်.. သနပ်ခါးလေးပင် မလူးရသေး ..။ မနက်စာ စားအပြီးမှာ ဓာတ်ပုံဖော ကပ်၍နေသည့် ကောင်မလေး ..၊ အသားလေးက ဝင်းဝင်းစိုစို .. မျက်ခုံးထူလေးနှင့် မျက်တောင်နက်နက်လေးတွေကို ပို၍ အပေါ်စီးမှ ကြည့်တော့ ထင်းခနဲ ရှိ၏။

ပါးပြင်ဆီမှ အကြောမျှင် ရှိန်းမြမြထင်နေတာကိုလည်း သူ မြင်နေရသည်။ နားထင်နေရာလေးမှာလည်း အကြောမျှင် စိမ်းပြပြ ထင်နေ၏။ အရမ်းကိုနုသည့် ကလေးမလေး ..၊ ဤမျှသော ကောင်မလေးတစ်ယောက်နှင့် သူ လက်ထပ်ဖြစ်ရလိမ့်မည်ဟု မထင်ထားမိ ..၊ သဘောလေးကလည်း ကောင်းသည်။ ပဒုမ္မာမှာ သူ နေနေရခိုက်မှာ .. ဘာတစ်ခုမှ စိတ်အနှောင့်အယှက် မဖြစ်စေရအောင် အစစ ဂရုတစိုက်ဖြင့် နေပေးသည့် ရေးရေး ..။





ကိုကြီးလို့ ခေါ်ပါဆိုတာလေးကိုပင် .. ရွှေဇင်ယော်မှာ သူ ပြောခဲ့စဉ်ကလည်း ချက်ချင်း နာခံပေးရှာသည်ပါပဲ။ ဒါပေမယ့် .. ရေးရေးသည် သူ့ချစ်သူ ဖြစ်မနေ ..၊ မဖြစ်ခဲ့ ..။

ရုတ်ခနဲ စိတ်သည် .. ကြေကွဲခြင်းဘက်ဆီသို့ ကူးပြန်၏။ ကြေနှင့် မဆုံခဲ့လျှင် ကောင်းသား .. ဟု သူ မတွေးရက်နိုင် ..၊ ထိုမျှအထိ ပစ်ပစ်ရက်ရက် ကြေ့အပေါ် တွေးမိလျှင်ဖြင့် ပို၍ ရက်စက်ရာ ရောက်မည်သာ ..။ မျက်ဝန်းတွေ ညို့ခနဲ ကြေကွဲရိပ်ထင်ခိုက်မှာ ရေးရေး မော့ကြည့်ကာ ..

"ကိုကြီး ပင်ပန်းသွားပြီ ထင်ပါရဲ့ .. နားလိုက်လေ - ကျန်တာ ရေးရေး ဆက်လုပ်လိုက်ပါ့မယ် .. ဆင်းတော့ .. ဆင်းတော့ -"

သူ့ကို ခုံပေါ်မှဆင်းခိုင်းနေလေသမျှ သူ ငုံ့မိုး ငေးစိုက်ကြည့်တာ..

"သူက .. ငါ့မျက်နှာရိပ်ကို အမြဲ ကြည့်ပေးတတ်သူ ဖြစ်နေတာပါလားနော်.. သူ့အိမ်မှာ ငါ နေနေရတယ်ဆိုတာ တစ်ခုကိုလည်း အမြဲ သတိထားပုံ ရတယ် .. သူ့ကြောင့် .. ဒီအိမ်မှာ ငါ အနေအစားခက်မှာ စိုးရိမ်နေတာ သူ့ခမျာ တာဝန်ပိနေသလိုတောင် ဖြစ်နေရှာပြီ .."

ဟု တွေးမိရင်းမှ ပြုံးလိုက်ရသည်က ရေးရေး ၏ ခေါင်းလေးကို ဖွဖွ ပုတ်လိုက်မိရသည်။

"ရေးရေး ချော်တိုက်တဲ့ ကော်ဖီတွေ သောက်တုန်းကတော့ .. ဒီလက်တွေက ပေါ့ပေါ့ပါးပါး ရှိခဲ့တာပါဗျ .. ဒီလို ဓာတ်ပုံလေး ချိတ်တာလောက်ကို ပင်ပန်းစရာ မှတ်လို့ .."

သူ ပြောကာ မျက်ခုံးပင့်၍ ...

"ဆက်ပါဦး ရေးရေး ရ .. ဘွား က ဘာကို ကြည့်ပြောတာတဲ့လဲ.. အေးစက်စက် ဖြစ်နေတယ်လို့ .."

သူ ပြောတော့ သက်ပြင်းလေး ရှိုက်ကာ ..

"ကိုကြီး နဲ့ ရေးရေး တို့ နေပုံကတဲ့ .. ဘော်ဒါဆောင်တစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းငှားနေကြတဲ့ အိမ်နီးချင်း အခန်းနီးချင်း ကျနေတာပဲတဲ့ .. အဲဒါ ကို ဘွား မြင်တယ်တဲ့ ..''

သူ.. ခုံငယ်လေးပေါ်မှ ဆင်းသည်။ နောက်ဆုံးချိတ်ရမည့် ပုံနေရာ မှာ သွား၍ ခုံလေးကို ချသည်။ ခုံပေါ်တက်လိုက်ကာ ပခုံးကြီး တွန့်ပြ လိုက်မိပါ၏။ သဘောက .. ရေးရေး အိုက်တင်ကိုလိုက်၍ ပုံစံကူးသည့် ဟန် ..၊ ရေးရေး တစ်ချက် ရယ်၏။ သူ ပုံတူကူးအိုက်တင် လုပ်ပြတာ ကို ရေးရေး လည်း သဘောပေါက်ပုံ ရသည်။ ခုလို .. ရယ်ကာ မောကာ ပြောနေကြရတော့လည်း ရင်ထဲမှာ ကျေနပ် ကြည်နူးလာရသည်ပါပဲ..

''ဒီလိုဆိုတော့လည်း .. အေးတိအေးစက် မဖြစ်ရအောင် .. ပူပူရှ ဆူလေး လုပ်ရမလိုပါလား ရေးရေး ရ .. ရန်ဖြစ်ရမလို ဖြစ်နေတယ်ကွ- ကဲ .. ပေး .. ပေး ..''

နောက်ဆုံး ဓာတ်ပုံဘောင်ကို သူ ကမ်းတော့ ရင်မှာ ပိုက်ထားရာ ရေးရေး ကမ်းပေးသည်။ ဓာတ်ပုံမှန်သားဘက်ကို ခုမှ သူ မျက်နှာချင်း ဆိုင်ဖြစ်အောင် ယူလိုက်ရစဉ်မှာ ရင်ထဲ နင့်ခနဲ ခံစားရပါပြီ ..။ သူ - မမျှော်လင့်ထားမိခဲ့ ..၊ ရေးရေး .. ခုလို .. သူ့ကို ပေးလာမည့် ဓာတ်ပုံ ဘောင်တစ်ခုသည် .. ဓာတ်ပုံထည့်ထားရာ မဟုတ်ဘဲ .. ကြွေ့ ကို တမ်းတသည့်ကဗျာလေးကို ကွန်ပျူတာစာလုံးကြီးဖြင့် စီ၍ ကျကျနန မှန်ဘောင်သွင်းထားရာ ဖြစ်လိမ့်မည်ဟု မထင်ထားမိ ..၊ သူ ငေးစိုက်၍ မှင်တက်ကြည့်မိရသည်ကဖြင့် ကဗျာလေးကိုပါ ..။ ကဗျာအဆုံးပိုဒ်၏ အောက်နေရာမှာ .. ကြွေး အတွက် ကဗျာ .. ဆိုသည့် စာသားလေးပင် ကွင်းစကွင်းပိတ်လေးဖြင့် သေသေသပ်သပ် ရှိနေချေသည်။ ရေးရေး သည် .. ဤအခန်းမှာ သူ ရှိနေတိုင်း .. ကြွေ့ အတွက် ကဗျာလေးနှင့် အတူ ရှိနေစေဖို့အတွက် .. ဖန်ဆင်းရှင် မိန်းကလေးပင် ဖြစ်နေချေသည် တကား ..။

''ရိုးသားလိုက်တာ .. သူ .. သူ .. ရိုးသားလိုက်တာ .. ငါ





သူ့ကို လိမ်ပြောခဲ့တယ် .. သူက ယုံတယ် .. ကြွေ့ အတွက် ကဗျာဆိုတဲ့ ဝတ္ထုအတွက်လို့ တကယ်ထင်ပြီး .. တကယ့်ကို မှန်ဘောင်လေးသွင်း ချိတ်ထားရှာတာ ..''

ဟု တွေးနေရင်းမှ သူ့လက်တွေ တုန်လာသည်။ ရင်ထဲမှာ မကောင်း နိုင်တော့ပြီ ..၊ အရိုးခံ မိန်းကလေးကိုမှ သူ ညာခြင်းမကာ ညာမိချေသည် ကောလေ ..။ လက်ထဲမှ မှန်ဘောင်သည် ဖြုတ်ခနဲ လွတ်ကျ၏။ မှန်ကွဲ သံ ပေါ်လာသည်။ သူ .. ကမန်းကတမ်းဆင်းတော့ ရေးရေး လက် ကလေး ကာ၍ ...

''ရပ်နေ .. ရပ်နေ ...''

ဟု အော်တာမို့ သူ့မှာ ဘုမသိဘမသိဖြင့် ရပ်နေလိုက်ရပါ၏။ ရေးရေး အမှိုက်သိမ်း ပလတ်စတစ်ကော်ပြားလေးနှင့် တံမြက်စည်းလေး ယူလာသည်မှ ခပ်သုတ်သုတ်ပါ။

''မှန်တွေကွဲနေတာ ကိုကြီး ရယ် .. ကိုကြီး က အိမ်စီးဖိနပ်ကို ချွတ်ပြီးနေတဲ့သူမျိုး .. အခု .. ရုတ်ခနဲ ဆင်းလိုက်ရင် .. မှန်ကွဲစတွေ စူးရကုန်မှာပေါ့ .. မှန်စ စူးရင် ပြန်ထွင်ရခက်တယ် ကိုကြီး ရဲ့ .. သေး မွှန်မွှန် မှန်စဆိုတာ မြင်လွယ်တာ မဟုတ်ဘူး .. မှန်ကွဲစကြီးတွေ ရှတာ ကလည်း ဓားနဲ့ခွဲသလို ဖြစ်တာ .. ခဏ နော် .. ခဏ ..''

ပြောကာ ႁ်ႁနှာမကောင်းဘဲ မှန်ကွဲစတွေ လှည်းသိမ်းသည်။ ထိုစဉ်မိုက် ခေါင်းလေးငုံ့ငိုက်၍ ဘီးကျော့ပတ်ထားရာ ဆံပင်သည် ပြေ ခနဲ ကျတာမို့ ခေါင်းဖြီးလေးလည်း ကြမ်းခင်းကော်ဇောပေါ် ကျ.. ဆံပင် နက်နက်ထွေးထွေး ရှည်ရှည်ကြီးလည်း ဒူးဆစ်အောက်တိုင် ပြေကျ သွားချေ၏။ အလွန်လှသော ဆံပင်တွေပါလားလေ ..။ ပိုးသားနက်နက် များနှယ်ပင် ဆံပင်သားသည် နူးညံ့လက်တောက်၏။ ပြီးတော့ .. ဆံနွယ် တွေက အဖျားသို့တိုင် ထူထူသိပ်သိပ် ရှိသည်။

ဆင်စွယ်ခေါင်းဖြီးလေးကိုလည်း မကောက်နိုင် ..။ ဆံပင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်မသိမ်းနိုင်ဘဲ ရေးရေး မှန်ကွဲစတွေကို လှည်းကျင်း သိမ်းနေဆဲ ..၊ စင်အောင် ဂရုတစိုက် သိမ်းသည်။ နောက်တော့မှ အခန်းထောင့်ရှိ အမှိုက်ပလတ်စတစ်ပုံးထဲ မှန်ကွဲစတွေ အားလုံးကို လောင်းထည့်ပါ၏။ သူ .. ခုံငယ်လေးပေါ် ရပ်နေရင်းမှ ရေးရေး ကို တကောက်ကောက် လိုက်ကြည့်မိရသည်ပါပဲ။ သူ့ကို ရေးရေး ကြည့်ကာ ...

"ဆင်းတော့ ကိုကြီး .. ရပြီ .. ရပြီ .."

ဟု ပြောတော့မှ သူ ဆင်းသည်။ သူ့အတွက် အရမ်းပူပန် တာဝန်ကျေလွန်းပါသည့် ရေးရေး ကို ကြာတော့ အားနာလာရပါပြီ ..၊ ခုမှ ကျနေသည့် ဘီးကို ရေးရေး ကောက်သည်။ ဆံပင်ကို ဘီးကျော့မပတ်တော့ဘဲ ကျစ်လိုက်သည်ပါပဲ ..။

သူ တစ်ချက် တွေတွေကြီး ကြည့်နေရာမှ ...

"အားနာတယ် ရေးရေး ရယ် .."

ဟု ညည်းမိရပါပြီ ..၊ ထိုစဉ်ခိုက် ရေးရေး ပြုံး၍ ကြည့်သည်။

"ရန်ဖြစ်ကြည့်ကြမလား ကိုကြီး ဟင် .. ဘွား နည်းနည်းပါးပါး မျက်လုံးပြူးလာအောင်လေ .. ဒီဥစ္စာ ကွဲရမလားဆိုပြီး ရေးရေး နည်း

စွာကြည့်လိုက်မယ် .. ကိုကြီး ကလည်း ပြန်စွာပေါ့ .. ဒါဆိုရင်..

..စ်ယောက်နဲ့တစ်ယောက် ရင်းနှီးလာကြလို့ .. ရန်တွေဘာတွေတောင် ဖြစ်တတ်နေကြပြီလို့ ဘွား တွေးမိနိုင်တယ် ကိုကြီး ရဲ့ .. ဘွားက ဖေဖေ့ အားကိုးပြီး စက်ရုံကို မသွားတော့ဘဲ .. ဖေဖေက စက်ရုံသွား.. ဘွားက ရေးရေး ကို အိမ်မှာနေခိုင်း .. ဘွားလည်း တူတူနေပြီး ရေးရေး ဘယ်လိုများ ကိုကြီးကို အေးတိအေးစက် ဆက်ဆံနေသလဲဆိုတာ အကဲခတ်နေတာ ကိုကြီး ရဲ့ .."

ဟု ပြောတော့ သူ ပြုံးမိရပါ၏။ ပခုံးလေး တွန့်ပြမိသည်။ အံမယ်.. ခုမှ သူ့ကလည်း ပခုံးတွန့်ရတာကို အတော်နှစ်သက် အရသာတွေ့နေသည့်အဖြစ်ပါတည့် ..။





"ဟဲ့ .. ဘာဖြစ်ကြတာလဲ .."

ကွဲသံ ပြည့်ကြောင့် ဘွားကလည်း မေးမေးပြောပြောဖြင့် အခန်းထဲ ရောက်လာပါ၏။ သူ တစ်ချက် ချောင်းဟန့်သည်။ ဘွား ကို ညာရမှာ သိပ်တော့ မကောင်းလှ ..။ ဒါပေမယ့် ကောင်မလေးကို ပျော်စေ့ချင်သည်လေ ..။

"မှန်ဘောင်ကျကွဲတာ ဘွား ရာ .. ခု .. ဆူနေတယ် .. ဘွား မကြားအောင် ကျိတ်ကျိတ်ပြီး ဆူနေတာ ဘွား ရ .. ဒီလောက်များတဲ့ ပုံတွေ ချိတ်ရတာ .. လက်အံတွေ သေပြီး တစ်ပုံလေးလောက် ကျကွဲသွားတာကို .. သူ ဆူတယ် ဘွား ရာ .. ချိတ်တဲ့ပုံတွေကလည်း သူ့ပုံတွေချည်းပဲ .. သားပုံ တစ်ပုံတောင် မပါဘူး .."

ဟု ပြောတော့ ဘွား အားနာစိတ်ဖြင့် သူ့ကို ကြည့်သည်။ ရေးရေး ကလည်း သူ့ပခုံးကို ဟန်လေးဖြင့် ထုကာ ..

"လက်အံသေ .. သေတယ် ပြောပါ့လား ကိုကြီး ရ .. ရေးရေး တက်ချိတ်မှာပေါ့ .. ယောကျ်ားလေးဖြစ်ပြီး ဒီလောက်လေး ဓာတ်ပုံ ချိတ်ရတာကိုများ လက်အံသေတယ်တဲ့ .. ပျော့တိပျော့ဖတ်နိုင်လိုက်တာ .. သူ့ဒွေးသား တယ်ပီသတာပဲ .. ရေးရေး တို့ကတော့ .. လုပ်စရာရှိ လုပ်လိုက်တာပဲ .. ဒီလောက်ပုံလေးများ .. ဒက် .. ဒက် ဒေါက်ဒေါက်နဲ့ .. ကောက်ချိတ်လိုက်ရင် .. ဘာကြာမှာ မှတ်လို့ .."

"ဟ .. လက်အံသေ .. သေတာပေါ့ ရေးရေး ရ .. သူ့ဒွေးသားဆိုတာ ဆွဲမထည့်နဲ့ .."

ဟု သူပြောကိုယ်ပြောဖြင့် ရှိတော့ ဘွား ကြည့်နေသည်။ သူ့ကို လက်မောင်းကြီးပုတ်၍ ရေးရေး ပြောတော့ သူကလည်း ရေးရေး ခေါင်းလေးကို ခေါက်ထည့်ပေးလိုက်သည်ပါပဲ။ ဘွား မျက်ဝန်းတွေ ပြုံးလာသည်။

"အေး .. ရန်ဖြစ်ကြတာ ရပ် .. မကောင်းဘူး .. ခုလို .. တရင်း



www.burmeseclassic.com

www.burmeseclassic.com



တချာရှိတာတော့ ကောင်းသကွယ့် .. ကဲ .. ကဲ .. ရပ်တော့ .. ရပ်တော့.. စကားများတာ နောက်မဖြစ်စေနဲ့ .. အကျင့်ပါကုန်မယ် ..”

ဟု ပြောကာ ဘွား အခန်းထဲမှ ထွက်သည်။ အောက်ထပ်သို့ ဆင်းသွားတော့ သူရော ရေးရေး ရော တစ်ယောက်ကို တစ်ယောက် ကြည့်မိကြပါ၏။ ပါးစပ်လေးပေါ် လက်အုပ်မိလိုက်ကြကာ ကျိတ်ရယ်ကြသည်ကလည်း မတိုင်ပင်ညဲနှင့် ပြိုင်တူဖြစ်နေကြသည်။

“ဟော့ .. ဟား .. ဟား ..”

“ရယါရတယ်နော် .. ဟင်း .. ဟင်း ..”

တစ်ယောက်နှင့်တစ်ယောက် ကြည့်ရင်း ကျိတ်ရယ်နေမိသည်က အရယ်ကို ပို၍ ကြာစေ၏။ ဖွင့်၍ ရယ်ပစ်လိုက်ရတာ မဟုတ်တော့ ရယ်ရှိန်က မကုန်နိုင်ဘဲ ရင်ထဲမှာ မွှေနေသည်ကိုးလေ။ နောက်တော့မှ ဖြုတ်ခနဲ ရေးရေး အရယ် ရပ်သွားပါ၏။ ရယ်လက်စဖြစ်နေသည့် သူ့မှာ အမ်းခနဲ ဖြစ်သွားရသည်ပါပဲ။ ရေးရေး မျက်စိမျက်နှာ ပျက်သွားကာ ကဗျာလေးကို သွားယူသည်။ မျက်ရည်လည်လာတော့ သူ ငေးခနဲ ကြည့်မိရပါ၏။ စောစောက ရယ်မောရွှင်ပျ ဖြစ်နေသည့် မျက်နှာလေး ပျောက်ဆုံးသွားရတာကို ရင်ထဲမှာ နမြောနေမိသည်။

ကဗျာလေးကြောင့် အပျော်လေးတွေ ပျောက်ဆုံးကုန်ရသည်မို့လည်း ပို၍ ရင်ထဲမကောင်းနိုင် ..၊ ဤကဗျာလေးသည် .. ချမ်းမြေ့ခြင်း ဆိုသည့်အရာကို ဆွဲနုတ်လိုက်ချေသည် တကား ..။

“ကိုကြီးရဲ့ ကဗျာလေး .. ရေးရေး အမှတ်တရ ချိတ်ထားချင်တဲ့ ကဗျာလေး .. အဲဒီကဗျာလေး ပါတဲ့ မှန်ဘောင်မှ ကျကွဲရတယ်လို့ ကိုကြီး ရယ် .. ဖြစ်ရလေ .. ရေးရေး ကိုယ်တိုင် တက်ချိတ်လိုက်ရင် ကောင်းသား ..”

ဟု ရင်ထဲ ထိနိုက်ရင်း အသံလေးတွေ တုန်ခါလာချေသမျှ သူ ကြားနေရသည်။ မြင်နေရသည်။ ဤအတွက် သူ့မှာ လိပ်ပြာမသန့် ..။





မိတ်မလုံ ..၊ ကြွေ့ အတွက် ကဗျာကို .. ဤမျှအထိ .. ရေးရေး တန်ဖိုးထားနေတာကို ငြိမ်ကြည့်နေရတာကိုက သူ မရိုးသားရာ ရောက်လွန်းနေပြီ ..။ ထိုစဉ်ခိုက် .. သူ့ဟန်းဖုန်းလေး မြည်လာတာမို့ ကိုင်မိရပါ၏။ မေမေ့ဖုန်း ဖြစ်နေသည်။

“မင်း ဘယ်လိုလုပ်လိုက်တာလဲ ဘုန်းမြတ်လူ .. ဟင် .. ဒီလောက်ထိ ရက်စက်တာတော့ မကောင်းဘူး ထင်တယ် .. ရေးရေး .. ဦးသိန်းနဲ့ အတူ ပို့လည်း ပို့လား .. ဦးသိန်း နဲ့လည်း သားနဲ့ ရေးရေး တို့ရဲ့ ဧည့်လာအခန်းနံရံမှာ ဓာတ်ပုံတွေ ချိတ်ခိုင်းတာကတော့ ထားပါ .. ဧည့်လာပွဲက ပုံတွေထဲက အဲသလို သားနဲ့ ကြည်နူးလေး ရဲ့ ပုံတွေရွေး ရေးရေး က ရွေးကူးပြီး အခန်းမှာ ချိတ်ခိုင်းထားတာ .. ဦးသိန်း ချိတ်ပြီး ပြန်သွားလေရဲ့ .. အဲဒီအထဲမှာ .. ရေးရေး ထည့်ပေးလိုက်တာက .. ကဗျာတစ်ပုဒ်ကို .. မှန်ဘောင်သွင်းထားတဲ့ ဥစ္စာပဲ .. ဦးသိန်း ကတော့ ပြောခဲ့ရှာပါတယ် .. ရေးရေး က မှာထားတယ်တဲ့ .. မနက်ဖြန် ရွှေဖင်ယော်ကို ကြည်နူးလေး နဲ့ ပြောင်းနေကြဦးဆိုလို့ .. လာကြတော့မှာတဲ့.. အဲဒီအခါ .. အခန်းထဲက ပုံတွေ ရုတ်တရက်မြင်ပြီး .. မင်း အံ့ဩကြည်နူး အောင်လို့ .. ဒီကိစ္စ မပြောပြသေးပါနဲ့လို့ ဦးသိန်း နဲ့ မှာလိုက်သတဲ့ .. ခုက .. မျိုသိပ်မထားနိုင်ဘူး သား .. မင်း .. ဘာကိစ္စနဲ့ .. အဲဒီကဗျာ .. ရေးရေး ကို ပေးရတာလဲ .. ဟင် .. ဟင် .. ကြွေ့ အတွက် ကဗျာဆိုတဲ့ ဥစ္စာကြီးကို.. ငါ့ချွေးမနဲ့အတူ.. အဲဒီအခန်းထဲမှာ ထားပြီး .. မင်း မျက်စိရှေ့မှာ .. ကဗျာကို တစ်နေ့တစ်နေ့ အကြည့်ခံနေလိမ့်မယ်လို့များ မင်း ထင်နေသလား ဘုန်းမြတ်လူ .. ရိုင်းလိုက်ပုံများကွယ် .. ရင်သာထုသေလိုက်ချင်တော့တာဘဲ .. ရေးရေး ခမျာ .. အဲဒီကဗျာကိစ္စ သိပုံမရဘူး .. သိရင် ချိတ်ခိုင်းပါ့မလားဟဲ့ .. သူ လက်ထပ်ထားရတဲ့ ယောကျ်ားက ရည်းစားဦးကို လွမ်းပြီး ရေးထားတဲ့ သစ္စာတိုင် ကဗျာကြီးကို .. ဧည့်လာခန်းထဲမှာ ချိတ်ပါ့မလား ဘုန်းမြတ်လူ ရဲ့ .. ကဗျာကို ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ရေးရေး လက်ထဲ အပ်တာလဲ .. တော်တော် ကြွေ့ ကို လွမ်းနေသပေါ့လေ .. သစ္စာတည်နေသပေါ့လေ .. ဟင် .. ဟင် ..''

ဟု အော်နေတော့ သူ့မှာ မျက်စိပြာကုန်ရပါပြီ ...။

ဖြစ်ရလေ .. ဟုသာ ရင်ထဲမှ ထိထိခိုက်ခိုက်ကြီး အော်နေမိရသည်။ အပြင်သို့ အသံက ပွင့်ကျမလာဝံ့ ...၊ ပွင့်ကျမလာရဲ ...။ ရေးရေး သည်-သူ့ကဗျာလေးကို အရမ်းတန်ဖိုးထားသူလေး ဖြစ်နေသည်။ ကဗျာထဲမှ သစ္စာတရားကိုလည်း အထင်တကြီး ရှိနေပုံ ရသည်။

''ကြွေ့ အပေါ် သစ္စာကြီးနေတယ်ပေါ့လေ .. အေး .. အဲဒီသစ္စာ မြားဦးဟာ .. ရေးရေး ရဲ့ နှလုံးသားကို စူးစေလိမ့်မယ် သား .. တစ်နေ့-သူ သိသွားရင် .. သူ့နှလုံးသားလေးကို စူးစေလိမ့်မယ်ဟဲ့ .. အခု လာစမ်း-ရွှေခင်ယော်ကို အခု လာစမ်း .. အဲဒီကဗျာ ဖြုတ်စမ်း .. မင်း လက်နဲ့ ဖြုတ် .. မင်း လက်နဲ့ဖြုတ် .. ဒါပဲ ..''

ဟု အော်ကာ မေမေ ဖုန်းချသွားတော့ သူ့မှာ ငိုင်ကျန်ခဲ့ရပါ၏။

''ရေးရေး ..''

သူ အသံတိမ်ဖြင့် ခေါ်မိသည်။ မျက်နှာပျက်နေတာကိုလည်း မြင်နေရတာမို့ ရေးရေး လည်း မျက်နှာမကောင်း ...၊

''စက်ရုံမှာ ကိုကြီး လုပ်ခဲ့တဲ့ကိစ္စတစ်ခု .. မှားနေတယ် .. အဲဒါ.. မေမေ လှမ်းလည်းဆူတယ် .. ခေါ်လည်းခေါ်တယ် .. ကိုကြီး ခဏသွားလိုက်မယ် .. ဟုတ်လား ..''

ဟု ပြောကာ သူ ကမန်းကတမ်း ထွက်သွားတော့ ရေးရေး ငိုင်ကျန်ခဲ့ရပါ၏။ မနက်စာ စားပြီး ကလေးသဘာဝ တစ်ချက် ပြန်အိပ်နေသည့် ရွှေခြူးလေး ၏ ပုခက်ကို လွှဲရင်း ရေးရေး ကျန်ခဲ့ရပေမယ့် .. ကိုကြီး အဆူခံရသည်ဆို၍ ရင်ထဲမကောင်း ...။ ဤနေ့မှာမှ .. ကိုကြီး ကို အလုပ်သွားချိန် နောက်ကျအောင် မှန်ဘောင်တွေ ချိတ်ခိုင်းမိခဲ့တာ ကိုလည်း ရင်ထဲမကောင်း ...၊





ကိုကြီး ကတော့ ကားဖြင့် အလောတကော သွားလိုက်ရပြီ ...၊ ထိုစဉ်ခိုက် ဒေါ်ကြီးထွေးယု ရောက်လာကာ ...

''ဧည့်သည် ရောက်နေတယ် ရေးရေး .. ရေးရေး ရဲ့ ဘွားလည်း ဘုရားခန်းထဲမှာ ရှိနေတယ် .. ရောက်လာတဲ့သူက ကြွေ တဲ့ .. ရေးရေး ကို တွေ့ချင်တယ်လို့ ပြောတာပဲ .. တွေ့ပါရစေတဲ့ .. သူ့အတွက် သေရေးရှင်ရေး ဆိုပဲ ရေးရေး ရယ် ..''

ဟု ပြောလာတော့ ရေးရေး တွေခနဲ ဖြစ်သွားရပါပြီ ...။

ကြွေ .. တဲ့လားလေ ...၊ ရေးရေး ကို တကန်တကလာ၍ သေရေးရှင်ရေးတမျှ အရေးကြီးပါသည်ဟု ပြောလာပါသည့် အမျိုးသမီး၏ အမည်သည် ကြွေ .. တဲ့လားလေ ...။

ရုတ်ခနဲ ရင်ထဲ ထိတ်လန့်စွာ တိုးဝင်လာသည်က .. ကဗျာလေး...၊

ကိုကြီး ရေးခဲ့ရာ ကဗျာလေး ...။

ကဗျာ၏ အဆုံးပုဒ် အောက်နေရာလေးမှာ ကိုကြီး ရေးထားသည်လေ ...။

ကြွေ့ အတွက် ကဗျာ .. ဟု ...။

ရေးရေး ၏ လက်လေးတွေ တုန်ခါလာကြသည်။ ရင်သည် ခါနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးရယ်အတွက်
ရည်ရွယ်တဲ့ သခင့်လက်တွေနဲ့
ပျိုးခဲ့တဲ့ ပန်းတစ်ပင်
ဖြိုးဝေလွှင် ပွင့်တဲ့အခါပေမဲ့
ချစ်ကံခေ ကြွမှာလင့်ပါလို့
ဆုံခွင့်မကြုံ ဝေးကြရချေသမျှ
ပန်းအပွင့်အပွင့်တို့ အညှာကြွေ
ဝေဒနာတွေနဲ့
ခံစားရစ်ခဲ့ သခင့်ပြစ်အင်တွေ
သိမြင်နေရပါတဲ့ မေမှာ
ကြေကွဲနာ ရင်မှာ ကူးရပါရဲ့ကွယ်။



# အခန်း (၂၁)

"အဲသလို အန်တီ့ဘက်က ရက်ရက်စက်စက် .. ကြွေ့ နှလုံးသား
ကို ချိုးဖွဲ့ဖျက်ဆီးပစ်လိုက်မယ်လို့ မထင်မိခဲ့တာကိုက ကြွေ့ အမှားပေါ့
ညီမလေးရယ် .. ပြီးတော့ .. မောင်ကိုယ်တိုင်ကလည်း ဒီလောကကြီး
နဲ့မြန်ဆန်ဆန် ခေါင်းညိတ်စရာကို မရှိသင့်တာပါ .. မင်္ဂလာကိစ္စကို
ကြွ တွေ့ရချိန်ဟာ .. အဲဒီမင်္ဂလာပွဲ ပြီးမြောက်ခဲ့ပြီးနေပြီလေ ..၊ ကြွေ..
ချောင်းသာက ဟိုတယ်ကို တစ်ချက် သွားကြည့်ခဲ့တာလေ .. အဲဒီက
ဟိုတယ် ရောင်းမယ်ဆိုတာ ကြားလို့ သွားကြည့်ခဲ့တာ .. မောင့်နဲ့လက်
ထပ်ပြီးရင်ဖြင့် .. အဲဒီဟိုတယ်မှာ နှစ်ယောက်ဦးစီးမယ်လို့ စိတ်ကူးခဲ့တာ
လေ .. ကြွေ ပြန်ရောက်လာတော့ ဖေဖေ့မျက်နှာ မကောင်းဘူး .. မောင့်
ဆီ ကြွေ သွားမယ်ဆိုတော့မှ .. ဖေဖေက ပြောတယ် .. မသွားနဲ့တော့တဲ့..
မောင် လက်ထပ်လိုက်ပြီတဲ့ ..၊ ကြွေ ကလည်း .. ချောင်းသာမှာ တစ်လ
ပေါ်ပါ။ ကြာသွားခဲ့တယ်လေ .. ဖေဖေ့မိတ်ဆွေ ရောင်းမယ့် ဟိုတယ်ကို
ယ်ဖို့ကိစ္စတွေ ဘာတွေ စီစဉ်တာဆိုတော့ .. အချိန်ယူရတယ် .. မောင်
တ်တရက် သိအောင် အဲဒီကိစ္စကိုလည်း လျှို့ဝှက်ချင်တာမို့ .. မောင့်ကို
အသိမပေးဘဲ သွားခဲ့မိတာလည်း အမှားတစ်ခု ဖြစ်သလို .. အဲဒီကြားမှာ
ကြွ မောင့်ကို ဖုန်းအဆက်အသွယ်မလုပ်ဘဲ ကျိတ်ပြီး အဲဒီဟိုတယ်
ကိစ္စထဲမှာ တပျော်ပျော်နဲ့ .. မျှော်လင့်ချက်တွေနဲ့ ရှိနေခဲ့တာလည်း
ားခဲ့တာပါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံး ရက်စ်တောရင့် တစ်ခုမှာ တစ်ခုခုစားရင်း ပြောချင်တာ
တွေ ပြောပါရစေဟု မျက်ရည်တလည်လည်ဖြင့် ပဒုမ္မာ၏ ညွှန်ခန်း
ပြောခဲ့ပါသည့် ကြွေ ..၊ အရမ်းလှသော ကြွေ ..၊ ခေတ်နှင့်အမှီလိုက်
ပြင်ဆင်လှပနေပါလေသော ကြွေ ..။ ထို ကြွေ သည် .. ကဗျာလေးထဲ
ကြွေ ဆိုတာနှင့် ပတ်သက်ဆက်စပ်နေချေနိုင်သည်ဟု တွေးမိလျက်
ကြွေ မောင်းသည့်ကား၏နောက်မှာ ရေးရေး ကားလေးမောင်း၍ လို
ခဲ့ကာ .. ဖူးငုံ ရက်(စ်)တောရင့် အခန်းသီးသန့်လေးမှာ ရှိနေရပါသ
ရေးရေး ..၊ ရင်ထဲဆို့နေရင်း ငြိမ်သက်နားထောင်နေသူ သက်သ
ဖြစ်နေရသည်ပါပဲ ..။

"စဉ်းစားကြည့်ပါဦး ညီမလေးရယ် .. ကြွေ နဲ့ မောင်ဟာ တ
သိုလ်မှာကတည်းက ချစ်ခဲ့ကြသူတွေပါ .. ခုလို .. မောင် လုပ်ရက်
လို့ကို မထင်တာ .. တကယ်က .. မောင်ဟာ ကြွေ့ ကို အလွန်ချစ်တဲ့
ပါ.. မောင့်မေမေ စကားကို မလွန်ဆန်သာလို့သာ ခေါင်းညိတ်ခဲ့ရတာ
ဆိုတာ ကြွေ သိနေပါတယ် .. ကြွေ ကလည်း တစ်သက်လုံး အလိုလို
ခံခဲ့ရတဲ့သူပါ.. ခုလို .. ချစ်ဦးသူနဲ့ ဝေးရတဲ့ဒဏ်ကို မခံနိုင်အောင် အ
အလဲ ဖြစ်နေရတာပါ .."

ရေးရေး ဘာမျှ ဝင်မပြော ..၊ မည်သည့် ရည်ရွယ်ချက်ဖြင့် ရေး
ကို အိမ်တိုင်ရာရောက် လာတွေ့ကာ .. ခုလို ခေါ်လာသည်ဆိုတာ
လည်း ဖွင့်မမေး..၊ သေချာနေတာက တစ်ခုပဲ ရှိသည်။ ငြိမ်၍ နားထော
ပေးနေလိုက်ခြင်းဖြင့် ကြွေ ဘာကြောင့် ခုလို ရေးရေး ကို လာတွေ့
လာပြောပြနေသည်ဆိုတာ သိရချေမည်သာ ..။

"ဖေဖေ့ ဆီကိုလည်း အန်တီဆွေ တို့ဘက်က .. အို .. အန်တီဆွေ
ဆုံးဖြတ်တဲ့ကိစ္စပေမို့ .. အန်တီဆွေ က အဲဒီဖိတ်စာကို ဖေဖေ့ဆီ တ
တက ပို့ခဲ့တယ်လို့တောင် ပြောနိုင်ပါတယ် မြရေးချယ် .. စာလည်း
ထည့်လာတယ်တဲ့ .. သူ့သား မင်္ဂလာပွဲကို ကြွေ့ ကြောင့် မပျက်ပါရေ





နဲ့တဲ့ .. သူ့မြေးကို မချစ်နိုင်တဲ့ မိန်းမတစ်ယောက်နဲ့ သူ့သားကို လက်
ထပ်ပေးနိုင်တာဟာ အဘွားတစ်ယောက်ရဲ့ အဆုံးအဖြတ် ဖြစ်ပါတယ်
တဲ့ .. အဲသလို စာရေးလာသေးတယ်တဲ့ .. ဖေဖေဆိုတာ စိတ်အရမ်း
ထိခိုက်ခဲ့ရတာပါ .. ရှက်ရတာပါ .. ချက်ချင်းဘဲ ကြွေ့ သူငယ်ချင်းတိုင်း
ကို ဖေဖေ ဖုန်းဆက်တယ် .. ဒီမင်္ဂလာသတင်းကို ဘယ်လိုနည်းနဲ့မှ
ကြွေ့ ကို လှမ်းသတင်းမပေးကြပါနဲ့ဆိုတာကို တောင်းပန်တယ်.. ကြွေ
အရမ်းစိတ်ထိခိုက်မှာစိုးလို့ပါလို့လည်း တောင်းပန်တယ် .. ဒါကြောင့်
ကြွေ့ သူငယ်ချင်းတချို့ဆိုတာက သူတို့မိဘတွေနဲ့ မောင့်မိဘတွေ
ရင်းနှီးကြတာလည်း ရှိတော့ .. သူတို့အိမ်ကို ဖိတ်စာရောက်တာတွေ
လည်း ရှိကြပေမယ့် .. ဖေဖေ မေတ္တာရပ်ခံထားလို့ .. ကြွေ့ ဟန်းဖုန်းကို
လှမ်းမဆက်သွယ် .. လှမ်းမပြောပြကြတော့တာ .. ကြွေ ပြန်ရောက်တာ
နှစ်ရက် ရှိပါပြီ .. ရောက်ကတည်းက .. အဲဒီ မင်္ဂလာဖိတ်စာထဲမှာပါတဲ့
ဒုမ္မာအိမ်ကြီးကို လှမ်းမြင်နေရတဲ့ သစ်ရိပ်အောက်မှာ လမ်းဘေးမှာ
ကားရပ်ပြီး စောင့်နေတာပါ .. ဒီနေ့ မောင့်ကား ထွက်သွားတာ မြင်ရ
တော့မှ .. အိမ်ထဲကို ဝင်တာပါ .. ခြံစောင့်ကိုတော့ မြရေးချယ် ရဲ့
သူငယ်ချင်းလို့ ပြောခဲ့တာပါ .."

ကြည့်ရတာ လေးလေးသော် နှင့် တိုးတာဖြစ်မည်။ ကြွေ ပြောတာ
ကို ယုံ၍ ခြံတံခါး ဖွင့်ပေးလိုက်ပုံ ရပါ၏။ ကြွေ ကတော့ မျက်ရည်ကျ
နေပါ၏။ ရှေ့မှာ ရှိနေသည့် အအေးနှစ်ခွက်၏ မျက်နှာပြင်နေရာလေး
မှာ ရေသီးရေစက်လေးတွေပင် တင်နေပြီ ..။ ရေခဲသည်လည်း အရည်
ပျော်ကုန်လုပြီ ..၊ တစ်ယောက်မှ အအေး မသောက်ဖြစ်ကြသေး ..။
ကြွေ မျက်ရည်ကိုသုတ်ပြီး ဖျော်ရည်ခွက်ကို ကိုင်သည်။ ကောက်မော့
လိုက်သည်မှ တကျိုက်ကျိုက် ပါနေသည်ပါပဲ ..။

"ကြွေ .. မောင်နဲ့ တွေ့ချင်ပါတယ် မြရေးချယ် .. မောင်နဲ့ ဆုံပေး
နိုင်တဲ့သူဟာ တစ်ယောက်တည်းပဲ ရှိတယ် .. အဲဒါ .. မြရေးချယ် ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ညီမလေးရယ် မောင့်ကို ကြွေ ဆက်သွယ်ရင်လည်း .. လက်ထပ်ခဲ့ပြီ ဖြစ်တဲ့ မောင်ဟာ ကြွေ့ ကို လာတွေ့တော့မှာ မဟုတ်ဘူးဆိုတာ ကြွေ သိနှင့်နေတယ် .. မောင့်သိက္ခာကို ကြွေ သိတယ်လေ .. ကြည်နူးသော ကို ကြွေ့ သားလေးလို ချစ်ပါ့မယ်ဆိုတာလည်း မောင့်ကို ကြွေ သ... တိုင်တယ် .. ကတိပေးပါ့မယ် ..''

ရေးရေး ငြိမ်နေဆဲ ..၊ တွေ့ဖို့ မတွေ့ဖို့ဆိုတာထက် .. မေ့ခြင်း မမေ့ခြင်းဆိုတာက ပို၍ ရေးရေး အတွက် တန်ဖိုးကြီးနေသည်။ ကြွေ ကို .. ကိုကြီး မတွေ့သည်ဘဲ ရှိစေ ..၊ မမေ့သည်ကတော့ သေချာ... သည်ပဲလေ ..။ ကိုကြီး ၏ ရင်ထဲမှာ ကြေကွဲနာတွေ ပြည့်နေပါချေ... မည်။ ရေးရေး ကို လက်ထပ်လိုက်ရခြင်းသည် ကြေကွဲနာကို ရင်... မြဲစေဖို့သက်သက် ဖြစ်နေချေသည်တည့် ..။ ကြွေ့ ကို အဘယ်မျှ... ကိုကြီး ချစ်သည်ဆိုတာ ကြွေ့ အတွက် ကဗျာဆိုသည့် ကဗျာလေး... ပုဒ်ဆီမှ စာသားတွေက သစ္စာတိုင်နေကြသည်ပဲလေ ..။

''ကြွေ့ ကို ကူညီပါ မြရေးချယ် .. မောင့်ကို တွေ့ချင်လို့... ရွှေဇင်ယော်ကိုတော့ ကြွေ သွားလို့မှ မဖြစ်တာမို့ .. အဲဒီ အန်တီ... နဲ့ ကင်းနေတဲ့ ဒီပဒုမ္မာဘက်ကို ကြွေ လာလာပြီး စောင့်စောင့်ကြည့်... ရတာပါ .. ခုလည်း .. မောင် ထွက်သွားတော့မှ .. ကြွေ ကားလေး... ပြီး ခြံရှေ့ရပ်ရင်း ဟွန်းသံပေးတော့ .. ဦးလေးတစ်ယောက် ရောက်... ချိန်မှာ .. မြရေးချယ် ရှိလားဆိုတာပဲ မေးရဲတဲ့သူပါ .. ကြွေ တွေ... တဲ့သူဟာ မြရေးချယ် ပါပဲ .. မြရေးချယ် ဆိုတာကို မမြင်ဖူးတဲ့ ... ဟာ .. မြရေးချယ် ကိုဘဲ တွေ့မှ ဖြစ်နေတဲ့ ကြွေ လည်း ဖြစ်နေ... တယ် ..''

ခဝယယနိုင်စွာ ပြောနေသည့် ကြွေ့ ကို မြရေးချယ် ငေးကြည့်... သည်။

''အောင်နိုင်သူတစ်ယောက်ဆီမှာ ရှုံးနိမ့်ရသူတစ်ယော...





တောင်းပန်မှုတစ်ခုလို့ မှတ်ယူပေးပါ မြရေးချယ် ရယ် ..''

အောင်နိုင်သူ ..၊ ရေးရေး သက်ပြင်းရှိုက်မိရပါ၏။ ကြွေ က မြရေးချယ် ဆိုတာ အောင်နိုင်သူဟု ပြောနေသည်။ တကယ်က .. ရေးရေး သည် ဘယ်သူနှင့်မှ ပြိုင်ဆိုင်နေသူ မဟုတ်ခဲ့ ..၊ ပြိုင်ပွဲဝင်သူလည်း မဟုတ်ခဲ့ ..။ အနိုင်ဆိုတာလည်း မရှိခဲ့ ..၊ ပြိုင်ပွဲမဝင်ဘဲ ရှုံးရသူတစ်ယောက်အဖြစ်ပဲ ရပ်တည်နေရသည့်ဘဝသည်ပင်လျှင် ကံကြမ္မာကိုသာ ပုံချဖွယ် ဖြစ်နေသည်။ ရေးရေး ၏အဖြစ်ကို ကြွေ မသိနေ ..၊ သိအောင်လည်း ရေးရေး ရှင်းပြချင်စိတ်မရှိ။ ရှင်းပြနေ၍လည်း ဘာမှ အကြောင်းမထူးနိုင် ..။

''မောင့်ကို တွေ့ရင် .. ကြွေ မေးချင်တာ တစ်ခုပဲ ရှိပါတယ် .. မောင် ကြွေ့ ကို မေ့လိုက်ပြီလား ဆိုတာကိုပါပဲ .. မေ့နိုင်သလားဆိုတာပါမဲ.. မချစ်တော့ဘူးလားဆိုတာပါပဲ..၊ မောင် ဖြေတာ ကြွေ ကြားချင်လို့ပါ.. ကြွေ ကတော့ မောင့်ကို မေ့လည်း မမေ့နိုင်သလို.. အမြဲချစ်နေတယ် ဆိုတာကိုလည်း ပြောပြချင်တယ် .. ဒါပါပဲ.. ဒါတစ်ခုအတွက်ပါပဲ..''

ကြွေ ပြောရင်း ငိုနေတော့ ရေးရေး ငြိမ်ခြင်းမက ငြိမ်သွားသည်။ ကြွေ့ ကို ကြည့်နေရာမှ မျက်တောင် တစ်ချက် နှစ်ချက် ခတ်သည်။ လည်ချောင်းထဲက တစ်ဆို့နေတာကို ကြွေ မသိအောင် ရေးရေး ကြိုးစားနေရပါ၏။

''သူ .. ရှင့်ကို မမေ့ပါဘူး .. ကြွေ ..''

ဟုလည်း ရေးရေး သိနေသမျှကို ဖွင့်ပြောဖို့ မလို ..၊ ဤကိစ္စသည် ကိုကြီး နှင့် ကြွေ တို့နှစ်ယောက်ချင်း ဆုံကြ .. ပြောကြခြင်းက အသင့်တော်ဆုံး ဖြစ်နေသည်။ မြရေးချယ် ထရပ်လိုက်ပါ၏။ တည်ငြိမ်စွာ ကြွေ့ ကို ကြည့်သည်။

''ရှင်တို့နှစ်ယောက် ဆုံဖို့ မဆုံဖို့ကိစ္စထဲမှာ ရေးရေး မပါနိုင်တာကို ခွင့်လွှတ်ပါ .. ဆုံနိုင်အောင် ကြိုးစားနိုင်ခြင်း မကြိုးစားနိုင်ခြင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြွေ့ ကိစ္စပဲ ဖြစ်နေပါတယ် .. ကိုယ့်ချစ်သူ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ဆီမှာ .. ချစ်သူနဲ့ တွေ့ခွင့်ရဖို့အတွက် ဒီလောက်ထိ လာပြောနေတာကိုက .. သဘာဝတရားနဲ့တော့ အသားတကျ မဖြစ်တဲ့ ကိစ္စတစ်ခုပါ .. ဒါကို ကြွေ့ သိမှာပါ .."

ဟု ပြောလာတော့ ကြွေ့ မျက်နှာ ပြောင်းသွားသည်။ မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်သည်။

"ဘာလဲ .. မောင်က .. ကြွေ့ ဆိုတာ သူ့ဘဝမှာ ရှိခဲ့ဖူးတယ်လို့ မြရေးချယ် ကို ပြောပြခဲ့လို့လား .. အန်တီဆွေ က ဖေဖေ့ကို ပြောတယ် တဲ့ .. မောင့်မှာ ချစ်သူရှိတယ်ဆိုတာ .. မောင် လက်ထပ်ရမယ့် မိန်းကလေး အဝန်းအဝိုင်းကို ပြောမပြထားတာမို့ .. မနှောင့်ယှက်ပါနဲ့တဲ့.. ဒီမှာ မြရေးချယ် .. ကိုယ်လက်ထပ်ထားရတဲ့ ယောကျာ်းတစ်ယောက်မှာ သူ အလွန်ချစ်တဲ့ ချစ်သူ ရှိနေတယ်ဆိုတာကို သိသိကြီးနဲ့ .. မင်း.. သူ့ကို ရန်မဖြစ်တော့ဘူးလား .. အိမ်ထောင်တစ်ခုကို .. သဝန်တိုခြင်းတွေနဲ့ ရောထွေးဖို့ မတွေးဘဲ .. ခံပြင်းစိတ်တွေ မမွေးဘဲ .. နုလို .. အေးတိအေးစက် ရှိနေနိုင်တာကို ငါ အံ့သြတယ် မြရေးချယ် .. ကဲ .. ငါကတော့ .. မီးတစ်စကို မင်းရဲ့ရင်ထဲ မွှေးပေးခဲ့ပြီ .. မောင့်ကို တွေ့ပါရစေဆိုပြီး ငါက မင်းကို ခယယနဲ့ သနားအောင် ပြောလို့ အောင်မြင်ရင်လည်း .. မောင်နဲ့ ငါ တွေ့မယ် .. ငါ့ဘက်ပါအောင် ငါ ငိုယိုပြောမယ်လို့ ဆုံးဖြတ်ထားတာ .. ခုကျတော့ .. မင်းက .. မောင်နဲ့ ငါ့ကို တွေ့ပေးဖို့ စိတ်ပါပုံ မရဘဲ ဖြစ်နေတယ် .. ပြီးတော့ ငါ ဖြစ်ချင်တဲ့ မနာလိုခြင်းတွေနဲ့ မင်း သူ့ကို ရန်တွေ့တာမျိုးတွေလည်း ဖြစ်မလာမှာကို ငါ အံ့အံ့သြသြ သိနေရတယ် .. အဲဒါကိုတော့ .. ငါ ခံပြင်းပါရဲ့ မြရေးချယ် .. ငါ ရှုံးရပြန်ပြီ .. ငါ ရှုံးရပြန်ပြီ .."

ခေါင်းကိုထုရှ၍ ကြွေ့ ပြောနေချိန်မှာ စားပွဲထက်မှာ တင်ထားသည့် ကားသော့ကို ရေးရေး ယူသည်။ ဘာတစ်ခွန်းမျှ မပြောတော့ဘဲ အခန်း





တွင်းမှ ထွက်ခဲ့စဉ်ခိုက် ...

"မင်း .. အဲသလိုတော့ ဘာမှမပြောဘဲ သွားလို့မရဘူး မြရေးချယ်.. မောင်ကလည်း ဘာတစ်ခွန်းမှ ငါ့ကို မပြောဘဲ ချန်ရစ်ခဲ့တယ် .. မင်းက လည်း ငါ့ကို ဘာမှ ပြန်မဖြေဘဲ ဒီအခန်းထဲက ထွက်သွားတော့မယ်.. ငါ သိမှ ဖြစ်မယ် မြရေးချယ် .. တစ်ခုခုကို သိမှ ဖြစ်မယ် .."

ဟု အရူးအမူး လှမ်းအော်တာကိုလည်း မြရေးချယ် လှည့်ကြည့်.. ခြေလှမ်းမှန်မှန်ဖြင့် အဆောက်အအုံထဲမှ ထွက်သည်။ ထားကို အောင်း ကျက်လာခဲ့သည်ပါပဲ ..။

ပဒုမ္မာသို့ မပြန်မိသေး ..၊ ရင်သည် လှိုက်နေသည်။ ဝန်းဝန်းလှလှ ဖြစ်နေသည်။ ကြွေ့ အတွက် ကဗျာဆိုသည့် စာသားတိုင်းသည် ရင်ထဲ မှာ ကြေကြေမွှေမွှေ တိုးဝင်နေသည်။ စိတ်ကို ငြိမ်အောင် သစ်ပင်ရိပ် တစ်ခုအောက်မှာ ကားကို ခဏရပ်သည်။ နောက်တော့မှ ပဒုမ္မာသို့ ပြန်လာခဲ့ရသည်ပါပဲ ..။

ဘွား ကို စည့်ခန်းမှာ သတင်းစာ ဖတ်နေတာ တွေ့သည်။

"မြေးရဲ့ သူငယ်ချင်းဆို .. လာခေါ်သွားတယ်လို့ မောင်သော် နဲ့ မယ်ထွေးယု တို့ ပြောပြတယ် .. ကြွေ့ တဲ့ .. နေစမ်းပါဦး .. မြေးရဲ့ သူငယ်ချင်းတွေထဲမှာ ကြွေ့ ဆိုတာ ဘွား မကြားဖူးပါဘူး .."

ဟု မေးတော့ ေးးရေး ပြုံးကာ ...

"သူနဲ့ သိတာ မကြာသေးဘူး ဘွား ရဲ့ .."

ဟုပဲ ဖြေမိသည်။ ဟုတ်သည်လေ ..၊ ကြွေ့ ကို သိတာ ဘာမှကို ကြာသေးသည်ပဲလေ ..။ ရေးရေး အပေါ်ထပ်သို့ တက်ခဲ့ကာ အခန်းထဲ ရောက်မှ အတန်ကြာငိုင်၍ ထိုင်နေမိရသည်ပါပဲ ..။ နံရံမှာ ချိတ်ထား သည့် ဓာတ်ပုံတွေကို တစ်ခုချင်း လိုက်ကြည့်နေမိရပြန်သည်။ ကြွေ့ မတင်လေးကမှ ကိုကြီး ချိတ်ပေးခဲ့လေသော ဓာတ်ပုံများ .. ကြွေ့ .. ရန်ဖြစ်ဟန်ဆောင်ပြီး ရယ်မောခဲ့သည့် ရယ်သံများ .. ဘွား ကြွေ့



www.burmeseclassic.com

www.burmeseclassic.com



သေး .. ဤအခန်းထဲမှာ ဖြစ်တည်ခဲ့သည်။ ခုကျတော့ ရေးရေး ရင်ထဲ
ကြေကွဲရှိန်ပဲ ရှိနေ၏။

ခွမ်းခနဲ မှန်ကွဲသံ ..၊ ကဗျာစာရွက်လေးသည် အထိန်းအကွပ်ခဲ့
မှန်ဘောင်ထဲမှ လွင့်ကျခဲ့ရသည့် အခန်းလေးသည် လည်း ဤအခန်း
ဖြစ်ခဲ့သည်။ ဖြစ်ခဲ့ချိန်ကလည်း မကြာသေး ..၊ ကြွေ့ ကို တွေ့ခဲ့ရသည်
ကလည်း မကြာသေး ..၊ ထိုသို့ မကြာသေး .. ဆိုသည့်.. အကန့်အသ
ကာလတိုလေးအတွင်းမှာ ရေးရေး သည် .. ကြေကွဲနာကို ရင်မှာပိုက်
လိုက်ရသည့် မိန်းမတစ်ယောက်လည်း ဖြစ်သွားခဲ့ရချေပြီကောလေ ..

တုန်ခါနေသော လက်ချောင်းလေးတွေဖြင့် ကဗျာစာရွက်ကို ဖြ
ကြည့်မိသည်။ ကွန်ပျူတာဖြင့် သေသေသပ်သပ် စီခဲ့သည် ..၊ မှန်ဘောင်
လည်း သေချာသွင်းခဲ့သည် ..၊ ခုတော့ .. မှန်ဘောင်သွင်းခံ ကဗျာလေး
သည် .. မှန်ကွဲသွားသည့်အဖြစ်တစ်ခုထဲမှာ ကျန်ရစ်ခဲ့သည်။ ရေးရေး
လက်ထဲမှာ ရှိနေသည့် စာရွက်လေးသည် ကြေမွနေသည့် နှလုံးသား
မှာ ရှိနေတာနှင့် မခြား ..။

ဟုတ်သည် ..၊ ကြေမွနေသော နှလုံးသား..၊ ကိုကြီး ၏ နှလုံးသား
ကြွေ့ နှလုံးသား ..၊ သြော် .. ရေးရေး ၏ နှလုံးသား ..။ ထို နှလုံးသား
သုံးစုံထဲမှာ ရှိနေတာပဲ ဖြစ်နေသည်ကောလေ ..။

ရေးရေး လုပ်ပေးနိုင်တာက တစ်ခုပဲရှိသည်။ နှစ်စုံသော နှလုံးသား
တို့ကို အေးမြစေနိုင်ဖို့ ကူညီခြင်း ..၊ ကိုကြီး နှင့် ကြွေ့ နှလုံးသား
အေးမြကြရချေသည်ဆိုလျှင် .. ရေးရေး ၏ နှလုံးသားတစ်စုံသာ လော
မြိုက်ကျန်ခဲ့ရသည် ဆိုလျှင် ..၊

"ဟုတ်တယ် .. အဲဒါဟာ အမြတ်ပေါ့ .. လူသုံးယောက်ရဲ့ ကြေ
နာဟာ .. လူတစ်ယောက်ရဲ့ ကြေကွဲနာအဖြစ်ပဲ ကျန်ခဲ့မယ်ဆိုရင်
အဲဒါဟာ .. အမြတ်ပဲပေါ့ .."

ရေးရေး ခေါင်းလေးကို ငိုက်ချ၍ ငြိမ်ခြင်းမက ငြိမ်ကျနေပေ





ရင်သည် ဆောက်တည်ရာမရ ဖြစ်နေသည်။

"သစ္စာတည်တဲ့ ကိုကြီး ရဲ့အချစ်ကို ပြောင်းရွှေ့ပစ်လို့ မရနိုင်တာ
ရေးရေး သိနေပါတယ် ကိုကြီး ရယ် .. ကြွေ့ အတွက် ရည်စူးထားတဲ့
ချစ်ပန်းလေးတွေဟာ အဖူးဖူး အဆစ်ဆစ် ပွင့်လာကြရင်ဖြင့် .. ကြွေ့
အတွက်သာပဲ ကိုကြီးရဲ့ လက်နဲ့ ဆွတ်ခူးစရာ ဖြစ်နေတာကို .. ရေးရေး
ကြောင့်.. ကြေကွဲနာ ရင်မှာ မဖြစ်စေချင်တော့ပါဘူး ရှင် .."

ရေးရေး မျက်ရည် စတင်၍ ကျလာသည်။ ဘာကြောင့် .. ရေးရေး
သည်.. ဆောက်တည်ရာ ပျောက်နေရပါသတဲ့လဲ .. တို့သုံးအသုံးအဖြတ်
အတွက် ရင်သည် လောင်မြိုက်နေရပါသတဲ့လဲ .. ရေးရေး သည် ..
ဘယ်သူ့ကိုမှ ချစ်သူအဖြစ် .. ရင်ကို နှစ်၍ မချစ်ခဲ့စဖူး .. အချစ်ဆိုတာ
ကိုလည်း မသိနိုင်ခဲ့ ..။ ဒါပေမယ့် .. ခုကျတော့ .. ကိုကြီးကို .. ရေးရေး
တွယ်တွယ်တာတာ ဖြစ်နေတာကို ရိုးသားစွာ သိလာနေရသည်။ ရွှေခြူး
လေး ကို အရမ်းဂရုစိုက်သည့် ကိုကြီး ..၊ ရွှေခြူးလေး ၏ ခေါင်းလေး
ပုတ်ရင်း တစ်လက်စတည်း ရေးရေး ၏ခေါင်းလေးကို ကလေးဖုတ်
သလို လှမ်းပုတ်တာ ခံရချိန်များမှာ ရေးရေး ဘာကြောင့် ရင်ထဲမှာ ကြည်နူး
လှုပ်ရှားရပါသတဲ့လဲ ..။ ရေးရေး ရွှေခြူးလေး ရှိရာသို့ သွားမိရပါ၏။
မျက်တောင်မခတ် ငုံ့ကြည့်နေမိရာမှ ...

"ပန်းကုံ့ကော် ရွှေစံကား .. ငွေသားနုစံပယ်မှန် .. မုလေးခတ္တာ
နှင့် .. ရွှေယင်းမာ ကြာခဝဲ ဖွဲ့စနှင်းလျှံ .. ခွာကန်နှင့်ပေါက်လဲ .. ပွင့်ဝတ်
ရွှေဖီမင်း .. သင်းထုံနံ့ကဲ .."

ခပ်တိုးတိုးလေး ဆိုရင်း ပခုံးလေး ရင်ဘတ်လေးပေါ် လည်ပင်း
ဖွဖွပုတ်၍ ချော့ချော့သိပ်သလို လုပ်ပေးနေမိရပါပြီ ..၊ လက်သန်းလေး
ကို ကွေး၍ အိပ်နေသည့် ရွှေခြူးလေး ၏ လက်တွေသေးသေးမှာ
ရေးရေး လက်သန်းလေးကို ချိတ်လိုက်မိကာ ...

"လက်ချင်း ချိတ် .. ချိတ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးသဲ့သဲ့ ပြောနေသံက ရှိုက်သံ ပါနေပြီ ..၊ မျက်ရည်က ဆက်တိုက်ကျနေ၏။

"ခေါင်းညိတ် ခေါင်းညိတ် .. ပါးပုတ် .. ပါးပုတ် .."

တိုးတိုးလေး အသံက လွင့်နေဆဲ ..၊ ရေးရေး ခေါင်းလေး ညိတ်ညိတ်ပြနေသည်။ ရွှေခြူးလေး ၏ ပါးလေးကိုလည်း ဖွဖွလေး ပုတ်ပေးနေမိသည်။ နောက်တော့ .. နဖူးလေးကို နမ်းမိ၏။ ပါးလေးကို နမ်းမိ၏။ ရင်ဘတ်လေးပေါ် လက်ကို ဖွဖွထပ်တင်၍ ပုတ်ပေးနေမိ၏။ နောက်တော့ .. မျက်ရည်ကျလာသည်။ အခန်းထောင့် နေရာလေးမှာ ကုတ်ကုတ်ရုံ့ရုံ့လေး သွားထိုင်မိကာ ရင်တွေ တဖြုန်းဖြုန်း ပါအောင် ကြေနေသည့်နယ် ကျိတ်၍ ကျိတ်၍ ငိုနေမိရပါပြီတည်း ..။

အကြည့်က .. တယောလေးဆီသို့ ရောက်၏။ နောက်တော့ .. ရေးရေး ၏ ဗီဒီယိုကင်မရာလေးဆီသို့ ရောက်ပြန်၏။ ခွေကူးစက်လေးဆီမှာ အကြည့်တန့်၏။

"ရှုကြည့်တိုင်းတွေတွေ .. လင်းလေလေ .. ရောင်ချင်းစပ်ကြ .."

ညဘက်မှာ ရွှေခြူးလေး ကို ချော့သိပ်သည့် နန်းဘွဲ့ကြိုးကို တစ်ပိုင်းတစ်စ ရေးရေး နှုတ်ခမ်းလေးတွေ တုန်ခါနေရင်း ဆိုမိရပါပြီ ..။

နှလုံးသား သွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည်သို့ ရှိချေသည်ကောလေ ..။





## အခန်း (၂၂)

သူ ရင်ထဲမကောင်းနိုင်..၊ သူ့အခန်းနံရံမှာ ကြည်နူးလေး နှင့် သူ့ပုံတွေချည်း ဖြစ်နေသည်။ မင်္ဂလာပွဲမှာ ရိုက်ခဲ့သည့် ပုံတွေထဲမှ ရွေးချယ်၍ တကူးတက ပုံကြီးချဲ့ကာ မှန်ဘောင်သွင်းထားပါသည့် ရေးရေး ..၊ ဦးသိန်း နှင့် ပုံတွေကို နံရံမှာ ချိတ်ဖို့ ခိုင်းခဲ့သည်တကား ..။

"ချိတ်ထားတဲ့ ပုံတွေကလည်း .. သူနဲ့ ရွှေခြူးလေး ပုံတွေချည်းပဲ .. ကျွန်တော့်ပုံ တစ်ပုံတောင်မှ မပါဘူး .."

ဟု စောစောလေးကပဲ ရန်ဖြစ်ဟန်ဆောင်ရင်း ဘွား ကို သူ တိုင်တည်ပြောခဲ့မိသေးသည်။ တကယ်က .. ရေးရေး သူ့ကို ချစ်စနိုးလေး တမင် စတာ ဖြစ်နိုင်သည်။ သူ့ပုံတွေ မပါသယောင်ယောင် တမင်လုပ်ပြ ကျီစယ်ခဲ့တာ ဖြစ်မည်။ ရင်ထဲမှာ ကြည်နူးရသည်ပါပဲ ..၊

ဤကောင်မလေးကြောင့် .. သူ အေးချမ်းသော ကြည်နူးခြင်းဆိုတာ၏ အရိပ်ကို ဖမ်းဆုပ် ခံစားတတ်လာသည်ကောလေ ..၊ ကြွေ နှင့် ပတ်သက်၍ ချစ်စိတ်ဖြင့် ကြည်နူးကြည့်တွေနှင့် သူ ကြည့်ခဲ့ဖူးသည်၊ အလိုလိုက်ရသူတစ်ယောက်အဖြစ် အမြဲရှိရှိနေရပါသည့် သူ့ရင်ထဲမှာ အလိုလိုက်ခံရပါသည့် ခံစားကြည်နူးရမှုမျိုးဆိုတာက ခုမှ သိလာခြင်း .. အေးမြချမ်းမြေ့လှသည်ပဲ .. ဟု ပို၍ တန်ဖိုးထားမိလာရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .. ကြည့်စမ်း .. မင်းနဲ့ ကြည်နူးလေး ရဲ့ ပုံတွေချည်း ဒီလောက်ကူး .. ဒီလောက်မှန်ဘောင်တွေ သွင်း .. အဲသလို လုပ်ခဲ့တဲ့ မြရေးချယ် ကို .. ဒီကဗျာကိစ္စ ဘာလို့ အပတ်သက်ခံရတာလဲ ငတုံး ရဲ့ .. ဟင် .. ငမိုက်ရဲ့ ..၊ ကြည့်စမ်းပါဦး .. မထောက်မရက် တော်ရယ်.. ကြွေ့ အတွက် ကဗျာတဲ့ .. ရေးထားပုံများ .. အဲဒါကို .. သမီးလေးလက် ထဲ မင်းမို့ အပ်ရက်တယ် .. ဒီလို ကဗျာကို ဘောင်သွင်းချိတ်ဖို့ မင်း .. ရက်စက်ခဲ့တာပါလား ..၊ ကြည့်စမ်း .. ခများ .. သူ လက်ထပ်ထားတဲ့ ယောကျ်ားက ရည်းစားဟောင်းကို တမ်းတရေးထားတာကို.. မှန်ဘောင် ထဲ ထည့်ပေးသတဲ့ .. ဖြုတ် .. အခု ဖြုတ် .. မင်းလက်နဲ့ ဖြုတ် .."

မေမေ သူ့ကို မျက်မှန်းကျိုး၍ ကြည့်ရင်း ခိုင်းနေတော့ သူ ခေါင်း ခါရပါ၏။

"ခက်တယ် မေမေရ.. ဖြုတ်လို့ မဖြစ်ဘူး.. အဲဒီကဗျာဟာ.. သား ရေးတဲ့ဝတ္ထုထဲထည့်တဲ့ ကဗျာလို့ ပြောထားရတာ .. ရေးရေး မသိဘူး.. ကဗျာလေး ကောင်းလှချေရဲ့ဆိုပြီး .. အဲသလို မှန်ဘောင်တွေ ဘာတွေထဲ ထည့်တော့တာ .. ဘယ့်နှယ်လုပ် ဖြုတ်လို့ဖြစ်မလဲ မေမေရ.. ဒီလောက် များတဲ့ ဓာတ်ပုံတွေကိုကျတော့ တစ်ပုံမှ မဖြုတ်ဘူး .. ဒီကဗျာလေးတစ် ပုဒ်ကိုကျတော့မှ ကွက်ပြီး ဖြုတ်တယ်ဆိုရင် .. ရေးရေး မသင်္ကာဖြစ်မှာ ပေါ့ .. ပြီးတော့ .. သူ ကဗျာလေးချိတ်တဲ့ဥစ္စာ အဖြုတ်ခံရတယ်ဆိုပြီး ဘယ်စိတ်ကောင်းပါ့မလဲ.. ပြီးတော့ ငြိမ်နေမှာ မဟုတ်ဘူး .. ဖွင့်မေးမှာ.. အဲဒီအခါကျတော့ .. သားက ဘယ်လို ပြန်ဖြေရမှာတဲ့လဲ .. ကဲ .."

"အံမယ်မယ် .. မေမေ့ကိုများ .. ပြန်ပြီး မေးခွန်းတွေ လာထုတ် နေတဲ့သဘောက .. ဒီကဗျာနဲ့အတူ ဒီအခန်းထဲမှာ ငါ့သမီးလေးကို နေနိုင်းမယ်ဆိုပါတော့ .. မင်း နေချင်လို့ နေနေတာကို ဟိုရိုးမယ်ဖွဲ့ သည်ရိုးမယ်ဖွဲ့ မလုပ်ချင်စမ်းပါနဲ့ .. ငါ့ချွေးမလေးကို .. ဒီကဗျာနဲ့အတူ.. ဒီအခန်းထဲမှာ ငါ မထားနိုင်ဘူး .. ဘယ့်နှယ်တော် .. ရည်းစားဟောင်းရဲ့





ကဗျာဆိုတာကြီး ငါက သိသိကြီးနဲ့ .. မသိချင်ယောင် ရောဆောင်ပေး ဦးမတဲ့ .. ဘုန်းမြတ်လူ နော် .. တော်တော် စာရင်းရှုပ် .. အခု ဖြုတ် စမ်း .. အခု ဖြုတ်စမ်း .. ဒီဥစ္စာကို ငါ မကြည့်ချင်ဘူး .."

ဟု မေမေ အော်တော့ သူ့မှာ ခက်နေရသည်။ ဖြုတ်လျှင်လည်း ရေးရေး မေးမည်။ မဖြုတ်လျှင်လည်း မေမေက အော်မည်။ သူကိုယ်တိုင် လည်း ဤကဗျာလေးနှင့်အတူ အခန်းထဲ နေရမှာ ဝန်လေးလာနေတာ အမှန်။ ရေးရေး အပေါ် အားနာဖို့ ကောင်းနေသည်။ အနေခက်ဖို့လည်း ကောင်းနေသည်။ မရိုးသားရာလည်း ရောက်နေသည်။ သူ ခေါင်းကို ကုတ်ကာ ...

"ခက်တော့တာပဲ မေမေရာ .. ကြည်နူးလေး ကြောင့် ဒီကဗျာ တွေ့သွားတာ မေမေရ .. သူ့လက်သေးသေးက လျှပ်စစ်စီးကြောင်း ကျနေတာပဲ .. လျှော်ဆို ဟိုဟာဆွဲပြီးနေပြီ .. အဲဒါ အံဆွဲကို လှမ်းဆွဲလို့.. မှောက်ကျ .. အဲဒီကဗျာလည်း မြင်နဲ့ ဖြစ်ကုန်တာ .."

သူ ညည်းတော့ မေမေ မျက်စောင်းခဲသည်။ တော်သေး၏။ ဖေဖေ အလုပ်သွားနေတုန်း ဤကဗျာကိစ္စ ပေါ်လာ၍ ..၊ ဒါမှ မဟုတ်လျှင် ဖေဖေကတော့ သူ့ကို နားရင်း နာနာတီးမှာ သေချာနေသည်။

"အဲဒါ မင်းလုပ်ပုံ အစကတည်းက မပီလို့ပေါ့ ဘုန်းမြတ်လူ .. ဒီကဗျာကို စပ်တာကိုက မှားနေတာ .. စပ်ပြီးမှတော့လည်း .. မီးရှို့ဖစ်ဖို့ ကောင်းတာပေါ့ .. မင်းမို့ သိမ်းထားရက်တယ် .."

မေမေ ပြောတော့ သူ ခေါင်းခါသည်။

"ဟာ .. မေမေကလည်း .. အဲဒါ .. ရင်နဲ့ ရင်းထားတာဗျ .."

ဟု လွှတ်ခနဲ ပြောမိတော့ မေမေ သူ့ရင်ဘတ်ကြီးကို လက်ဖြင့် ပုတ်ရိုက်တော့သည်ပါပဲ ..။

"နယ်ထိ.. အဲဒီ ကြွေ အတွက်.. ရင်နဲ့ရင်းနေတုန်းလား.. ဟင်.."

ဟု မေးနေခိုက်မှာပင် ဒေါ်ကြီးယုန် အခန်းဝမှာ ရောက်..

www.burmeseclassic.com

www.burmeseclassic.com



"ညှော်ခန်း ဘယ်နေရာမှာ စန္ဒရားကြီး ထားမှာလဲလို့.. အဲဒီဥစ္စာကြီး လာပို့ပေးတဲ့ ကားက အလုပ်သမားတွေ မေးနေကြတယ် ကလေးရေ..

ဒေါ်ကြီးယုန် တစ်ခါတစ်ခါ သူ့ကိုလည်း ကလေးဟု ချစ်စိတ်ဖြင့် ခေါ်တတ်သူပါ ...၊ ခုလည်း စန္ဒရားကြီး ရောက်လာတာကို လာပြော ခြင်း ...၊ မေမေ သူ့ကို ကြည့်၏။

"စန္ဒရား .. အဲဒါက ဘာဖြစ်ရပြန်တာလဲ ဘုန်းမြတ်လူ .."

ဟု မေးလာတော့သူ ဖြေရမှာ ရှက်နေသည်။ ရှက်အမ်းအမ်းဖြ ခြင်းဆိုတာ၏ ခံစားချက်ကို သူလက်တွေကြီး နဖူးတွေ့ ဒူးတွေ့.. ဖွေ နေရတော့လည်း မျက်နှာကြီးရဲ၍ တစ်ချက် ငြိမ်သွားရသည်ပါပဲ ..

"ဒီလိုပါပဲ မေမေရ .. ပဒုမ္မာမှာ စန္ဒရားကြီး မေမေ တွေ့တာ ဥစ္စာ.. အဲဒါ.. ရေးရေး တီးတာဗျ .. ဒီကို မနက်ဖြန် ရေးရေး နဲ့ သား ကြည်နူးလေး နဲ့ တစ်လှည့်လာနေတဲ့အခါ.. ရေးရေး စန္ဒရားတီးနိုင်အောင် လို့.. သား လက်ဆောင်ပေးချင်တာနဲ့.. ဝယ်တာ .. ဒီနေ့မှ အပို့နိုင်တာ ပါ .. တယောလေးတောင် ပါသေးတယ် .. ရေးရေး အတွက်လေ –

ဟု သူ .. ရှက်ရှက်နှင့် ဖြေတော့ မေမေ စိုက်ကြည့်နေသည်။ သူ့ ကျောကို အုန်းခနဲ ပုတ်သည်။

"ဘာပြောရမှန်းတောင် မသိတော့ဘူး ဘုန်းမြတ်လူ .. မင်း – တော်တော် အူတိအူကြောင် နိုင်တာပဲ .. ရေးရေး အတွက် ဒီလောက် ဂရုတစိုက်ရှိတဲ့ မင်းက .. ဒီကဗျာကို မီးမရှို့နိုင်တာ .. ငါ အံ့သြတယ်–

ဟု ပြောကာ အောက်ထပ်ဆင်းသွားတော့ သူ ခပ်သုတ်သုတ် ဆင်းလာရပါ၏။ နီညိုရင့်ရောင် စန္ဒရားကြီးကို အခန်းထောင့်နေရာမှာ သူ နေရာချနိုင်းသည်။ တယောအိတ်ကိုလည်း အလုပ်သမားလေးက တရိုတသေ ပေးလာတော့ သူ ယူသည်။ ကားနားအထိ သူ ပြန်လိုက်ပို့ ပေးကာ အလုပ်သမားခ .. ကားခတွေပါ ရှင်းသည်။ နောက်တော့ – ကြည်နူးစိတ်ဖြင့် စန္ဒရားကြီးရှေ့မှာ ရပ်မိ၏။ အံဖုံးကိုဖွင့်ကာ စန္ဒရား





ခလုတ်တွေထက်ဆီမှ ကတ္တီပါနီညိုရောင် ရှည်လျားလျားကို တစ်ဖက် သို့ ညင်ညင်သာသာ ခေါက်တင်ပြီးမှ .. သူ့လက်ချောင်းတွေက စန္ဒရား ခလုတ်တွေပေါ် ခပ်ဖွဖွ တို့ထိမိရပါ၏။ သူ ရင်ထဲမှာ ကျေနပ်နေသည်။

ခေါင်းလျှော်ပြီးစ ကောင်မလေးတစ်ယောက် ...၊ ရှည်လျားသော ဆံနွယ်ခက်ခက်ကြီးကို ဖြန့်ထားလိမ့်မည် ...၊ သနပ်ခါးလေး ဝင်းနေ အောင် လူးထားလိမ့်မည်။ အဖြူရောင် နှင်းဆီလေးတစ်ပွင့်ကိုလည်း ပန်ထားနိုင်သည်။ ထိုကောင်မလေးသည် စန္ဒရားခလုတ်လေးတွေထက် မှာ လက်လေးတွေကို ကျွမ်းကျင်စွာ ပြေးလွှားနေခေလိမ့်မည် ... အခန်းကျယ်ကြီးမှာ ချိုလွင်သော တေးသံက လွင့်ပျံ့နေချေလိမ့်မည် တေးသံက နန်းဘွဲ့ကြိုးတေးသံ ...၊ ကောင်မလေးက .. သူ၏ .. ရေးရေး ပဲ ဖြစ်လေသည်။ အတွေးဖြင့် သူတစ်ချက် အပြုံးတစ်ပွင့် ဖြစ်တည်၏။ ရုတ်ခနဲ သတိထားလိုက်မိသည်က စောစောက အတွေး..၊

ဘာတဲ့ ...၊ သူ၏ ရေးရေး .. တဲ့လားလေ ..။

စိတ်ထဲ ကျောမလုံသလို ရှိလာ၍ လှည့်ကြည့်တော့ ပြုံး၍ စိုက် ကြည့်နေသည့် မေမေ ...၊ သူ ရှက်ကိုးရှက်ကမ်းတွေ ဖြစ်ဘတ်နေတာကို လည်း သူ့ကိုယ်သူ ထူးဆန်းနေရင်း သိနေရလျက် ...

"ရေးရေး က .. သားအတွက် စာရေးဖို့အထိ .. အားလုံး လိုက်တွေး ပေးတာ မေမေရ .. အဝတ်ထည့်ဖို့ ဗီရိုဆိုရင်လည်း အသစ် .. အဲသလို.. စီစဉ်ပေးတာ .. စာရေးဖို့ဆိုရင်လည်း .. ဓာတ်ဘူးကြီးထဲ ကော်ဖီတွေ ဖျော်ထားပေးတာ .. စားဖို့ မုန့်တွေလဲ .."

ပြောရင်း တန်းလန်းနှင့် သူ ရပ်သွားရပြီ ...၊ မေမေ ရယ်နေ၏။ သူ့ခေါင်းကို ပုတ်သည်။

"မင်းဟာလေ .. ကိုယ် ဘာဖြစ်နေလို့ ဖြစ်မှန်းမသိတဲ့ ကလေး.."

ခပ်ညည်းညည်း မေမေ ပြောကာ ခေါင်းခါ၏။ ထိုစဉ်ခိုက် ...း မြည်လာတာမို့ မေမေ သွားကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ရေးရေး လား .. မရောက်သေးဘူး အန်တီကြီးရဲ့ ရွှေခြူးလေး အိပ်ရာက နိုးလာတော့ သူ့တီတီလေးကို မတွေ့ရလို့ ငိုနေတယ် ဟုတ်လား .. ရွှေဇင်ယော်ကိုသွားမှာမို့ ကလေးကို ကြည့်ထားဖို့ ဒေါ်ထွေးယု ကို မှာခဲ့ပြီး .. ရေးရေး .. ဒီကို လိုက်လာတယ်ဆိုတာ တော့ .. နည်းနည်း ဆန်းနေသလားလို့ အန်တီကြီးရယ် .. ကလေး မချန်ခဲ့လောက်ပါဘူး .. ဘာကြောင့် ခုလို ချန်ခဲ့ရပါလိမ့် .."

မေမေ ပြောနေတာတွေကို သူကြားနေရသည်။ ဟုတ်သည်.. သူ လည်း အံ့သြနေသည်ပါပဲ။ ကြည်နူးလေး ကို ရေးရေး ချန်မထားခဲ့နိုင်

"ခက်တော့တာပါပဲ သားရယ် .. မေမေတို့ .. ပဒုမ္မာ ခဏသွား ကြရအောင် .. ဟိုမှာ ရွှေခြူးလေး ငိုနေသတဲ့ .. ထုံးစံအတိုင်းပေါ့ သူ့ တီတီလေးကို မတွေ့ရင် ရမှ မရတာ .. ဒေါ်ယုန် ရေ .. ရေးရေး ဒီကိုရောက်လာရင် .. ပဒုမ္မာကို ချက်ချင်း ပြန်လာခဲ့ဖို့ ပြောပေး ဟိုမှာ ကြည်နူးလေး ငိုနေတယ်လို့ .. ဟုတ်ပလား ..၊ လာ .. လာ သား .. ဟိုကို သွားကြစို့ .. သားကိုမြင်ရင်တော့ ကလေး အတန်အသင့် တိတ်ကောင်းပါရဲ့ .. အင်း .. ရေးရေး ကို ဖုန်းဆက်သေးတယ်တဲ့ ဖုန်းက အခန်းထဲ ကျန်ခဲ့တာဆိုပဲ .. ဖုန်းခေါ်မရလို့ တက်ကြည့်တော့ အခန်းထဲမှာ ဖုန်းက မြည်နေတာတဲ့ .. ဒေါ်ထွေးယု ပြောပြတယ်ဆိုပဲ"

ဟု မေမေ ပြောနေချိန်မှာ ဘာကြောင့်ရယ် မသိ ..၊ သူ့ရင်ထဲ လေးခနဲ ဖြစ်၏။ ရေးရေး ခုလို .. ကြည်နူးလေးကို မချန်ရစ်ခဲ့နိုင် လောလောဆယ် .. မင်္ဂလာပွဲပြီးတော့ တစ်ပတ်ကျော်ကာလပေပဲမို့ အိမ်မှာပဲ ရေးရေး ကို ကလေးနှင့်အတူ ရှိနေဖို့ ဘွားး စီမံကာ .. ဆီစက် ရုံကိစ္စ ..၊ ဖျော်ရည်ဘူးတွေ ဖြန့်သည့်ကိစ္စတွေကို အန်ကယ် ဦးသုတမြိုင် ပဲ စက်ရုံမှာ သွားသွားဦးစီးနေရကာ .. ဘွားပင် ပဒုမ္မာမှာ နေနေသည် တည့် ..။ ခု .. ရေးရေး .. ကားဖြင့် တစ်ယောက်တည်း ရွှေဇင်ယော် သို့ လိုက်လာသည်တဲ့ ..။





ပဒုမ္မာသို့ ကားဖြင့် ရောက်ကြတော့ ငိုနေသည့် ကြည်နူးလေး အသံက အရင်ဆီးကြို၏။ ဘွား လည်း ချော့နေသည်ပါပဲ ..။ မရ ..၊ ဟိုကြည့်သည်ကြည့်နှင့် ကြည်နူးလေး ရေးရေး ကို တရှာတည်း ရှာ..၊ တငိုတည်း ငိုနေခြင်း ..။ သူ့ကို မြင်တော့ ဘွား၏ရင်ခွင်မှ ကိုယ်လေး ကော့၍ အချီခိုင်းသည်။ တီတီလေး .. ဟု ခေါ်သံကလည်း မနား ..။

သူ ပွေ့ချီတော့လည်း အငိုက မရပ် ..၊ ရေးရေး ကို ရှာနေ ခေါ် နေသည်ပါ ပဲ ..။

"ခက်တယ် .. ဒီသူငယ်မ .. ခက်တယ် ..၊ ကလေးကို ချန်ခဲ့လို့ မရတာ မသိဘူးတဲ့လား .. အရေးထဲ သူ့ဖုန်းကိုလည်း အခန်းထဲ မေ့ကျန် ခဲ့သတဲ့လေ .. ဖုန်းပါသွားရင်လည်း .. ဖုန်းဆက်ပြီး ခေါ်ပါရဲ့ .. ကြည့်ပါ ဦး .. ငါ့ ရွှေခြူးလေး ငိုထားတာ .. ချွေးတွေတောင် နစ်နေပြီ .."

ဘွားလည်း ကလေးကို ချွေးသုတ်ကာသုတ်နှင့် ဖြစ်နေရင်း တဗျစ် တောက်တောက် ရွတ်နေပါ၏။

အိမ်ရှေ့ ပေါ်တီကိုအောက်မှာလည်း လေးလေးသော် နှင့် ဦးကြီး သိန်း တို့ မျက်နှာ မကောင်းဘဲ ခြံဝဘက် တမျှော်မျှော် ဖြစ်နေကြပြီ..။

မေမေ ရွှေဇင်ယော်သို့ ဖုန်းဆက်၏။ ရေးရေး မရောက်သေးဟု ပဲ အဖြေရသည်။

"မဟုတ်သေးပါဘူး .. သားတို့တောင် ပဒုမ္မာကို ရွှေဇင်ယော်က နေပြီး ရောက်လာကြပြီပဲ မေမေ .. ရွှေဇင်ယော်ကို ရေးရေး ရောက်နေ သင့်တာပေါ့ .."

သူ စိတ်ထဲ လေးသထက် လေးလာရင်း မေမေ့ကိုပြောမိရပါ၏။ တကယ်က သူ ရွှေဇင်ယော်သို့ ပဒုမ္မာမှ ထွက်ခဲ့ရစဉ်ကတည်းက မေမေ့ ကို လန့်ရိုန်ဖြင့် ချက်ချင်း ကားမောင်းထွက်ခဲ့ရပေမယ့် .. မေမေ ဆူမှာ တွေကို လန့်နေရင်း ပန်းခြံထဲ တစ်နာရီနီးပါး သွားထိုင်နေမိခဲ့တာတွေ ကို လောလောဆယ်မှာ မေမေ့ကို ဖွင့်မပြောရဲသေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် လေးလေးသော် မှ ခုမှ သတိရလာပုံဖြင့် ...

"ဟာ .. ရေးရေး ဒစ်ရှ် တစ်ခု ကျွန်တော့်ကို ပေးခဲ့သေးတယ် ဘာခွေလဲလို့ ရေးရေး ကို မေးမိသေးတာ .. ဘာမှ မဖြေဘူး .. မောင်းထွက်သွားတာပဲ .. အိမ်မှာက ဗီဒီယိုကင်မရာလည်းရှိ ခွေထုတ် စက်လည်း ရှိတော့ ရေးရေး အဲသလိုပဲ ရိုက်ချင်တာလေးတွေ ရိုက်ပြီး စက်နဲ့ ဒစ်ရှ် ထုတ်ကူး .. ကျွန်တော့်ကို ကြည့်ခိုင်းတတ်တာ ရှိ အမှတ်တမဲ့ပဲ ကျွန်တော် ရှိနေတာ .. အခုမှ စဉ်းစားမိတယ် .. အဲဒါ အခု သွားယူလာခဲ့မယ် .."

ဟု ပြောလည်း ပြော ..၊ အခန်းသို့သွားကာ ဒစ်ရှ်လေးတစ်ခု လာပါ၏။ သူ ကမန်းကတမ်း ဒစ်ရှ်အချပ်လေးကို စက်ထဲ ထည့်မိ ပြီ။ တီဗွီခလုတ်လေးလည်း နှိပ်လိုက်သည်။ ရေးရေး ၏ တေးသံလေး ပုံရိပ်လေးတွေ ပေါ်လာသည်။ ရွှေခြူးလေး ချက်ချင်း အငိုတိတ်သွား ပြီ ..။ တီဗွီကိုကြည့်ကာ ...

"တီတီညေး .. တီတီညေး .."

ဟု ခေါ်လည်းခေါ် လက်ခုပ်လေးလည်း တီးပြနေသည်။ တယော ထိုးရင်း နန်းဘွဲ့တေးကို ဆိုနေသည့် ရေးရေး ..။ နောက်ထပ် .. နောက် ထပ် .. ကလေးချော့တေးလေးတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေသည့် ရေးရေး ..၊ နိုဖြူနိုပြာလည်း ပါသည်။ ပန်းကုံ့ကော် ရွှေစံကားလည်း ပါသည်။ ငှက်ကြီးဝံပိုတေးလည်း ပါသည်။ သူ နားမလည်နိုင် ..၊

"ရွှေခြူးလေး ရေ .. မငိုရဘူး နော် .. ခေါင်းညိတ် .. ခေါင်းညိတ်- ပါးပုတ် .. ပုတ် .."

တေးဆိုတာလေးတွေ ရပ်သွားတော့လည်း ပြုံး၍ ပြောနေသည့် စကားလေးတွေ ဖြစ်နေပါ၏။ ရွှေခြူးလေး ကလည်း ခေါင်းညိတ် လိုက် ..၊ ပါးပုတ်ပြတာတွေ လုပ်နေ၏။

"လက်ချိုတ် .. ချိုတ် .."





လက်သန်းလေးကွေး၍ ရေးရေး ပြောတော့ ရွှေခြူးလေး လက်သန်း ကို ကွေးသည်။ တီဗွီနား ကိုယ်လေးကော့၍ သွားချင်နေသမျှ သူ ပွေ့၍ ပေးတော့ လက်သန်းချင်း ချိတ်သလိုလုပ်နေသည်က ရွှေခြူးလေး ပါ ..။ လက်ခုပ်တီး .. ဆိုသည့် ရေးရေး ၏ အသံလေး ဟန်လေးတွေ ပေါ်လာတော့လည်း လိုက်၍ လက်ခုပ်တီးသည်က ရွှေခြူး ပါ ..။

"ဒါ ဘာဖြစ်တာတဲ့လဲ .. ဟင် .. ဘာတွေ ဖြစ်နေရတာတဲ့လဲ .. ဘာလို့ ဒစ်ရှ်အချပ်လေး ထားပြီး ရေးရေး ကားမောင်းသွားရတာတဲ့လဲ.. ဘာလို့ ရွှေဖင်ယော် ကို ခုထိ မရောက်သေးတာတဲ့လဲ .."

ဘွား မျက်နှာ မကောင်းဘဲ နားမလည်နိုင်သလို ပြောနေပါ၏။

"ထူးတယ် ဘွား .. ဒီနေ့ .. ရေးရေး မျက်နှာမကောင်းဘဲ အပြင် က ပြန်လာတာ .. ဒီနေ့ အိမ်ကို မြရေးချယ် ရှိလားဆိုပြီး သူငယ်ချင်းဆို လို့ ကျွန်တော် ခြံတံခါး ဖွင့်ပေးမိတာ .. အဲဒါ .. သူ့ကိုယ်သူတော့ .. ကြွေ လို့ ပြောတာပဲ ဘွား .. ဘွား ဘုရားခန်းက ပြန်ဆင်းလာတော့ .. ရေးရေး ကို မတွေ့လို့ မေးသေးတယ်လေ .. ကြွေ ဆိုတာ ခေါ်သွားတယ် လို့ ကျွန်တော် ဖြေခဲ့တာကော .."

"အေး .. အဲဒီ ကြွေ ဆိုတာကို .. ငါလည်း မကြားဖူးလို့ .. ဘယ် က သူငယ်ချင်းလည်းလို့တောင် မေးမိပါရဲ့ .. ပြန်လာတဲ့ ရေးရေး က ဖြေတယ် .. သူ သိတာ မကြာသေးပါဘူး တဲ့ .."

ဟု ဘွား ဝင်ပြောကာ သက်ပြင်းရှိုက်သည်။

သူ .. အံခဲထားမိရပါပြီ ..၊ ချက်ချင်း ခြံထဲ ခြေလှမ်းကြဲကြီးဖြင့် ဆင်းမိကာ ဖုန်းဆက်လိုက်မိသည်က ကြွေ့ ဟန်းဖုန်းကိုပဲ ဖြစ်လေသည်။

"ဟယ်လို .. မောင် .."

ထူးသံ ပေါ်လာ၏။ သူ့ ဖုန်းနံပါတ်ပေါ်နေသည်ပဲလေ ..၊ ကြွေ- သိမည်ပေါ့ ..။ ချိုလွှင်လွှင်လေး ထူးလာခြင်း ..။

"မင်း .. မင်း .. ရေးရေး ကို .. ဘာတွေ ပြောလွှတ်လိုက်သလဲ..



www.burmeseclassic.com

www.burmeseclassic.com



ဟင် .. ဘာတွေ ပြောလွှတ်လိုက်သလဲ ..''

သူ အသံပြတ်ပြတ်ဖြင့် မေးတော့ ရယ်သံ ပေါ်လာ၏။

''ဘာလဲ .. လင်မယားချင်း ရန်တွေဘာတွေများ ဖြစ်ကုန်ကြလို့လား .. မြရေးချယ် က ရန်တွေဘာတွေ တွေ့နေပြီဆိုပါတော့ .. ဘာမှ မပြောပါဘူး မောင်ရယ် .. ကြွေ နဲ့ မောင့် အကြောင်းရယ် .. မောင့်ကို ကြွေ သိပ်ချစ်တဲ့ အကြောင်းရယ် .. မောင်နဲ့ တွေ့ချင်တဲ့အကြောင်းရယ် ပြောမိတာပါ ..၊ နေပါဦး .. မောင် .. ကြွေ့ ကို မချစ်ဖူးလား ဟင် ဘာလို့ .. ခုလို .. လက်ထပ်သွားရတာလဲ မောင်ရယ် .. ကြွေ .. ကြွေ ကြည်နူးလေး ကိုလည်း ချစ်ပါ့မယ် မောင်ရယ် .. အဲဒီမိန်းမကို ကွာရှင်းလိုက်ပါ မောင် .. ကြွေ နဲ့ မောင်တို့ .. ဟိုတယ်တစ်ခုကို ဦးစီးလုပ်ကိုင်ကြမယ်လေ ..''

ဟု ပြောနေသံကို သူ ကြားနေရသည်။ သူ .. ရင်ထဲ နင့်နေရပြီ ရေးရေး ဘာကြောင့် ရွှေခြူးလေး အတွက် ပုံရိပ်လေးတွေ .. အသံလေးတွေ .. တေးသံလေးတွေ .. ချန်ရစ်ခဲ့သည်ဆိုတာ သူ သိလာနေရပြီ ..

''မင်းမို့ကွာ .. လုပ်ရက်တယ် ကြွေ .. ဒီလောက် အပြစ်ကင်းတဲ့ ရေးရေး ကို .. မင်းမို့ ဒီလိုလုပ်ရပ်တယ်ကွာ .. မင်း .. နောက်ကို ဘယ်တော့မှ ငါ့ကို မဆက်သွယ်နဲ့ .. မင်း ပြောတာတွေလည်း ဘယ်တော့မှ ဖြစ်မလာနိုင်ဘူးဆိုတာ နားလည်ထား .. ရေးရေး ဟာ အရမ်းကို ဖြူစင်တာကွ .. သူနဲ့ ငါ လက်ထပ်ပြီးပြီ .. အဲဒါ .. ဘယ်တော့မှ အပြောင်းအလဲ ရှိမလာနိုင်တဲ့ လက်တွဲဖော်အဖြစ် ရှိနေမှာပဲ ..''

သူ ပြောကာ ဖုန်းကို စက်ပါတစ်ခါတည်း ပိတ်ချကာ အိမ်ပေါ် ပြေးတက်လာမိရပါ၏။ ရေးရေး မရှိတော့ပြီဆိုသည့် အသိသည် သူ့ရင်ကို ချောက်ချားနေစေသည်။ ခွဲမရနိုင်ပြီကော .. ဟု ခုမှ ပို၍ သိလာနေရသည့်အဖြစ် ..။

ညှိခန်းဆိုဖာမှာ ချုံးချုံးကျ ထိုင်ချလိုက်မိကာ မျက်နှာပေါ် လက်





ဖဝါးတွေ အုပ်ထားမိသည်။ လက်ချောင်းတွေက ဆံစတွေကို ထိုးဖွနေမိပြန်၏။ ရင်ထဲမှာ ဆောက်တည်ရာမဲ့နေသည်။ ဆောက်တည်ရာမဲ့နေသည်။ ကဗျာလေးကို မှန်ဘောင်သွင်းရင်း ချိတ်ခိုင်းနေသည့် ကောင်မလေး ..၊ အရမ်းကို အပြစ်ကင်းသည့် ကလေးမ ..၊ ဘာဆိုဘာမျှ သူ့အပေါ် သံသယမထားသည့် ရေးရေး ..။ ရေးရေး ၏ ရင်ကိုမှ .. ကြွေ အည်ကြေမွစေခဲ့သည်တကား ..။

''မဖြစ်ဘူး .. မဖြစ်ဘူး ..''

သူ စိတ်လိုက်မာန်ပါ ပြောမိကာ လက်ဖဝါးတွေကို ဖယ်မိသည်။ သူ့မျက်နှာထက်မှာ မျက်ရည်တွေရော .. ချွေးတွေရော .. ရောထွေးနေကြ၏။

''နောင်တရားကို လိုက်မှ ဖြစ်မယ် .. ဟိုကို ရေးရေး သွားလိုက်တာ ထင်တယ် .. ရန်ကုန်ကလွဲရင် .. ရေးရေး သွားနိုင်တာ ရေးရေးရဲ့ သစ်သီးစည်သွပ်ဘူးနဲ့ ဖျော်ရည်စက်ရုံရှိရာ နောင်တရားမြို့ပဲ ရှိတယ် .. ရေးရေး .. ထွက်သွားပြီ မေမေ .. ကြွေ နဲ့ သားရဲ့ အကြောင်းတွေ သိပြီး .. ရေးရေး ထွက်သွားပြီ .. သား .. ရအောင် .. ပြန်ခေါ်ရလိမ့်မယ် မေမေ .. ရအောင် ပြန်ခေါ်ရလိမ့်မယ် .. သူရှိမှ ဖြစ်မှာဗျ .. သားရဲ့ဘဝမှာ .. သူရှိမှ ဖြစ်မှာ ..၊ သူ .. သူ့လောက် ဖြူစင်ပြီး ချစ်စရာကောင်းတဲ့သူကို .. သား.. သား.. ဘယ်မှာမှ.. ရှာမရနိုင်သလို .. ဘယ်သူနဲ့မှလည်း အစားမထိုးနိုင်ဘူးဗျာ .. ရေးရေး ရေ .. ရေးရေး ..''

ဟု .. မေမေ့ကို သူ ပြောလည်းပြောရင်း .. ကျုံး၍ ခေါ်မိသည်က ရေးရေး ပဲ ဖြစ်နေချေ၏။ သူ တစ်ကိုယ်လုံး စိတ်ထိခိုက်ရလွန်း၍ တုန်ခါနေတာကို သူ မတားနိုင်..၊ မျက်ရည်ကျနေတာကိုလည်း သူ မတားနိုင်..

ဤမျှအထိ .. ရေးရေး ကို သူ ချစ်နေသည်ဆိုတာ .. သူကိုယ်တိုင်ပင် မသိလိုက်နိုင်ခဲ့ ..၊ သူ .. မှန်သားပြင်ထက်မှ ရေးရေး ကို ကြည့်မိသည်။ ရေးရေး ၏ တယောထိုးရင်း ဆိုနေသည့် နန်းဘွဲ့ကြိုးသံ



www.burmeseclassic.com

www.burmeseclassic.com



အသးက .. လရောင်လွှင်သော ညလေးတစ်ညကို လွမ်းဆွတ်နာကျင်စွာ တမ်းတနေစေပြီ ..၊ နှလုံးသားနှင့် ရင်း၍ လွမ်းဆွတ်ရပါသည်။ သြော် နှလုံးသားနှင့်ရင်း၍ ရင်သည်လည်း နာကျင်နေရပါသည့် ရေးရေး - ကြွေ နှင့်ပတ်သက်၍ မေမေ့ကို သွားမေးနေတာတွေ သူ ကြားနေရသည်။ မေမေ ဖြေနေတာတွေလည်း ကြားနေရသည်။ ရေးရေး ၏ နန်းဘွဲ့ကြိုး တေးသံကိုလည်း ကြားနေရသည်။ သူ့ရင်တွေ လောင်မြိုက်နေ၏။

"ဟောဒီ ရင်ဘတ်ကြီးထဲမှာ မင်းလေး ရှိနေတာကို ငါ မသိခဲ့ဘူး ရေးရေး ရေ .. ငါ မသိခဲ့ဘူး ရေးရေး ရယ် .."

သူ ကြေကြေမြည့်မြည့် တွေးမိရာမှ သူ့ရင်ဘတ်ကို သူ မုန်းတီး စိတ်ဖြင့် နာနာကြည်းကြည်း ထုရိုက်မိပြန်၏။ ဘွားရော .. မေမေရော သူ့ကို လာ၍ ဆွဲကြရပြန်သည်။ သူ ငိုနေ၏..။ ဘွား၏ရင်ခွင်မှာ ကလေးလို သူ ခေါင်းတိုးဝင်ရင်း ငိုနေမိသည်။

"မသနားကြပါနဲ့ဗျာ .. ကျွန်တော့်ကို မသနားကြပါနဲ့ .."

ဟုလည်း အော်နေမိရပါပြီတည်း ..၊ သူ အရမ်း ခံစားနေတော့ ရွှေခြူးလေး လည်း လိုက်၍ ငိုနေပြီ ..။ သူ့ရင်ခွင်ထဲ ရွှေခြူးလေးကို ဘွား ထည့်ချိန်မှာ သူ .. ချော့သိပ်သလို လုပ်မိနေသည်။

"နေရောင်လား ထင်ကာ ×× ဆိုမှားမိမိလေ ×× နေရောင်လား ထင်ကာ ×× လပင်သာဆိုမှား မိမိလေး ××"

ဟု ဆိုနေသံက ရှိုက်သံပါနေသည်။

"မင်း မရှိလို့ မဖြစ်ဘူး ကောင်မလေးရေ .."

သူ တစ်ချက် ရင်ကိုဖွင့်၍ ခေါ်မိ ပြောမိလိုက်ရရင်းမှ ရွှေခြူးလေး ကို သိမ်းကျုံး ပွေ့ငင်ထားမိရချေသည်တကား ..။





သခင့်ထံပါးမှ

ထွက်ခွာသွားရချိန်မှာ

မစွန့်လွှတ်နိုင်စွာ

ကျွန်ုပ်နှင့် အတူပါခဲ့သည်ကား

သခင့်အား ချစ်သည့်စိတ် ဖြစ်ပါ၏ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

လေးလေးသော် ၏အိမ်လေးက ချောင်းငယ်လေးတစ်ခု၏ မလှမ်းမကမ်းမှာရှိလျက်.. ပျဉ်ထောင်သွပ်မိုး အိမ်ငယ်လေးတစ်လုံး ဖြစ်ပါ၏။

ဤခရီးကို ထွက်မလာခင် ဝယ်လာခဲ့သည့်ပစ္စည်းတွေထဲမှ ပထမဆုံး အသုံးပြုရသည်က တံမြက်စည်းဖြင့် ဖုံတွေ လှည်းကျင်း သန့်စင်ရခြင်းပဲ ဖြစ်ပါ၏။ နောက်တော့လည်း ပလတ်စတစ် စားပွဲငယ်လေးတစ်လုံး ..၊ ယိုးဒယားဖျာချပ်ကြီးတွေ အခန်းပြည့် ခင်းကျင်းတာတွေကို တစ်ယောက်တည်း ရေးရေး လုပ်နေမိသည်။

လေးလေးသော် ၏ အိမ်လေးက လျှပ်စစ်မီးရှိတာမို့ ခေါက်ဆွဲထုပ်တစ်ခုကို လျှပ်စစ်မီးဖိုအသစ်လေးဖြင့် ပြုတ်၍ အဆာပြေ စားလိုက်ရသည်ပါပဲ ..။ ရင်ထဲမှာ ဟာနေသည်။ ဒါကိုပဲ ရေးရေး သိနေပါသည့်အဖြစ် ..၊ ပဒုမ္မာမှာ ဘာတွေဖြစ်နေမည် မသိ ..။ ကြွေ နှင့် ကိုကြီးတို့ နီးစပ်ဖို့ဆိုတာက ရေးရေး မရှိမှ ဖြစ်မည်မို့ .. ဤခရီးကို ထွက်ခဲ့ရခြင်း..၊ ဒစ်ရှ်လေးလည်း ပေးရင်း .. အဖြစ်စုံလည်း ပြောပြ .. လေးလေးသော် ၏အိမ်လေးမှာ နေခွင့်ရဖို့ ရေးရေး ဥယျာဉ်မှာ မျက်ရည်ကျ တောင်းပန်တာမို့ လေးလေးသော် ရင်ထဲမကောင်းနိုင်ဘဲ အိမ်သော့ကို ပေးခဲ့ခြင်းပါ..။





"ကိုကြီး မမေ့နိုင်တဲ့ ကြွေ့ ကို .. ကိုကြီးရဲ့ဘဝထဲ ပြန်ခေါ်ခွင့်ရဖို့.. အရေးကြီးပါတယ် ကိုကြီးရယ် .. ကြွေ့ အတွက် ကဗျာဆိုတဲ့ စာသားလေးတွေက .. ကိုကြီးရဲ့ရင်ကို ထွင်းဖောက်လို့ ရေးရေး မြင်တတ်လာစေခဲ့တာပါ .. ကိုကြီး စိတ်ဆင်းရဲတာတွေ မဖြစ်စေ့ချင်တော့ပါဘူး .. အိမ်မှာ ရွှေခြူးလေး အတွက်လည်း ရေးရေး ရဲ့အသံလေးတွေ .. သီချင်းလေးတွေ .. ပုံလေးတွေ .. မြင်နိုင်အောင် လုပ်ပေးခဲ့ပြီမို့ အခိုက်အတန့်မှာတော့ ရွှေခြူးလေး ကို ရေးရေး ကိုယ်စား .. တီဗွီမှန်သားပြင်ထက်က အဲဒီပုံရိပ်လေးတွေက ထိန်းထားနိုင်ကြမှာပါ .. ကြွေ ကလည်း ကတိပေးတယ်လေ .. ကြည်နူးလေး ကို ချစ်ပါ့မယ်တဲ့ .. အဲဒါ အရေးကြီးတာပါပဲ ကိုကြီးရယ် .. ကိုကြီးတို့နှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ် .. ရွှေခြူးလေး ကိုလည်း ကြွေ က ချစ်မယ် .. ဂရုစိုက်မယ် .. ကြာတော့လည်း .. ရွှေခြူးလေး ဟာ .. အရွယ်လေးရလာမှာပါ .. အဲဒီအခါကျတော့လည်း ငယ်တုန်းက .. တီဗွီမှန်သားပြင်ထက်က ပုံရိပ်လေးတွေနဲ့ အသံလေးတွေကို .. ရွှေခြူးလေး မေ့သွားနိုင်ပါ့မယ်လေ .."

ရေးရေး တွေးနေပေမယ့် မျက်ရည်ကျလာနေသည်ပါပဲ ..။ ကိုကြီး ထံပါးမှ ရေးရေး ထွက်ခွာခဲ့ရချိန်မှာ ..၊ မစွန့်လွှတ်နိုင်စွာ ရေးရေး နှင့်အတူ ပါလာသည်က ကိုကြီးကို ချစ်နေသည့်စိတ်ပဲ ဖြစ်ပါ၏။

ဤအဖြစ်ကို .. တိုးတိတ်လျှို့ဝှက်စွာ ရေးရေး ၏ နှလုံးသားလေးက သိမ်းဆည်းထားပါလိမ့်မည်။ ခေါက်အိပ်ရာငယ်လေးတစ်ခု ..၊ ခြင်ထောင်ငယ်လေးတစ်လုံးနှင့် စောင်ပါးလေးတစ်ထည်သည် သေးငယ်ကျဉ်းမြောင်းသော အိပ်ခန်းငယ်လေးမှာ ယိုးဒယားဖျာထက်၌ ရှိနေပြီ ..။

မီးဖိုဆောင်ငယ်လေးမှာ လျှပ်စစ်မီးဖိုငယ်လေး တစ်လုံး၊ [illegible] လေး နှစ်လုံး။ လျှပ်စစ်ထမင်းအိုးလေးတစ်လုံး ရှိနေတာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စရာ ဆန့်ဉ်းငယ်လေး တစ်ပုံး၊ လောလောဆယ် ပြုတ်စားဖို့အတွက် ခေါက်ဆွဲ ရယ်ဒီမိတ်ထုတ်တချို့ပဲ ရှိနေသည်။ လိုတာတွေကိုတော့ နေတ်ပြန်ကျတော့မှ ရွာဈေးမှာ ဝယ်လိုက်တော့မည် ..။

ရေးရေး ချောင်းရှိရာသို့ ရေချိုးဆင်းသည်။ ရေချိုးဆိပ် တံတား လေးက ပျဉ်တချို့ပင် ဆွေးစပြုနေပြီ ..၊ လေးလေးသော် လုပ်ခဲ့သည့် ရေချိုးဆိပ်တံတားလေး ဖြစ်ပေလိမ့်မည် ..။ ရေတွေကို တစ်ဖလားပြီး တစ်ဖလား ခပ်ခပ်ချိုးပစ်ကာ .. ရေချိုးဆိပ်မှ ပြန်လာချိန်သည် မှောင်ရိပ် သမ်းစပင် ပြုလာပြီ ..။

ရေစိုထဘီလေးကို အိမ်ငယ်လေးအောက်မှာ ကျွတ်ကျွတ်ကြိုး လေးတန်း၍ လှန်းခဲ့ကာ အိမ်ငယ်လေးပေါ် ပြန်တက် ..၊ လက်စက ဘလောက်အင်္ကျီလေး ဝတ်ပြီးတာနှင့် ရေးရေး မှာ ဘာမျှ လုပ်စရာမရှိ တော့သည့်အဖြစ် ..၊ တစ်ယောက်တည်း ငေးမိငေးရာလေး ငေးငြိမ်နေရ သည်ပါပဲ ..။

ဝါးတန်းထိုး ခြံတံခါးလေး၏ အတွင်းဘက်မှာ ရေးရေး ၏ မာစီး ဒီး[illegible]လေး ရပ်ထားသည်။ ခြံငယ်လေးက ပေါင်းမြက်တို့ ထူတာ နှသည်ပါပဲ ..။ ကားရပ်ထားသည့် နေရာလေးသည်ပင် မြက်ပင် ၂၁ ထူထပ်နေသည့်အဖြစ် ..။

"ဒီအတိုင်းတော့ နေလို့မဖြစ်ဘူး .. မနက်ဖြန် ဈေးသွားရင်း ဈေး သည်တစ်ယောက်ယောက်နဲ့ စကားစပ်ပြီး .. ခြံရှင်းတဲ့ အလုပ်သမား တစ်ယောက်လောက်တော့ ခေါ်မှပါ .."

တကယ်က ဘာမှ ရေးကြီးခွင်ကျယ် မဟုတ်တာတွေကို ဖောင်း ပေး၍ ရှာကြံ စဉ်းစားနေခြင်း ..၊ ဒါပေမယ့် .. စိတ်တွေက ပေါင်းမြက် တွေဆီမှာ တကယ် ရှိမနေ ..၊ ကိုကြီးထံ ရောက်နေသည်။ ရွှေခြူး ထံ ရောက်နေသည်။ ဘွား လည်း စိတ်ပူနေလောက်ပြီ ..။

"အို.. ဘာပဲဖြစ်ဖြစ်.. ငါ ထွက်လာတာ အမှန်ဆုံးပါပဲ.. ငါ ရှိနေ





ရင် .. ကိုကြီးခမျာ .. ကြွေ နဲ့ ဘယ်လိုမှ ပေါင်းစည်းလို့ရမှာ မဟုတ်ဘူး၊ ငါ့ကို မချစ်ဘဲနဲ့.. တစ်သက်လုံး အတူနေသွားရမှာ .. ဖေဖေဟာ ဖေဖေ မချစ်နိုင်တဲ့ မေမေ့ကို ကွာရှင်းခဲ့ပြီး .. ဖေဖေ ချစ်တဲ့ အန်တီယမုန် နဲ့ ဖေဖေတို့ ဝေးခဲ့ကြရတယ် .. ခုထိ အန်တီယမုန် ဟာ ငါ့ကို အခဲမကျေ နိုင်ဘဲ ဖြစ်နေခဲ့တာ ငါ သိခဲ့ရပြီးပြီ .. အခုလည်း ငါ့ကြောင့် ကြွေ နဲ့ ကိုကြီးတို့ ဝေးကြရတာ .. ငါ့ကို မချစ်ဘဲ လက်ထပ်ခဲ့ရတဲ့ ကိုကြီးဟာ.. သူချစ်တဲ့ ကြွေ့ ကို ပြန်ပြီး လက်ထပ်လိုက်ရင်လည်း အပြစ်မဟုတ်နိုင် ပါဘူး .. သူတို့ချင်း လက်ထပ်ကြရပါစေ .. ငါ့ကို -- ကြွေ နာကြည်း နေတာလည်း မဖြစ်စေ့ချင်သလို .. ကိုကြီး စိတ်ဆင်းရဲနေတာလည်း မမြင်ချင်ပါဘူးလေ .."

နောက်ဆုံးတော့ ကြွေ ရှုံးသားလိုက်ရသည်ပါပဲ..၊ ကိုကြီးအကြောင်း ကို တွေးပစ်လိုက်ရပါပြီ .. တွေးခွင့်လည်း ပေးလိုက်ရပါပြီ။ စိတ်ကို လျှော့ချ အလိုလိုက်မိရခြင်းသည် .. ကိုကြီး အကြောင်းကို တွေးနေခြင်း ပဲ ဖြစ်နေပါ၏။

ရွှေခြူးလေး အတွက် ချက်ထားတာလေးတွေကို ယူစားခဲ့ပါသည့် ကိုကြီး၏ မြက်ခင်းထက်မှာထိုင်ရင်း ရှိခဲ့ပါလေသောပုံရိပ်တွေ ..၊ အို.. ရေးရေး ကို ကြမ်းပြင်မှာ မအိပ်ဖို့ အတင်းလာနှိုးသည့် ညလေးတွေ..။ ဓာတ်ပုံတွေ ရိုက်ခဲ့သည့်အဖြစ်တွေ ..၊ အားလုံးသည်.. တဝေ့ဝေ့ ရင်ထဲ မှာ လာစွဲနေသည်။

နောက်ဆုံးတော့ ရေးရေး ငိုချလိုက်သည်ပါပဲ ..။

"ကိုကြီးနဲ့ ကြွေ တို့ လက်ထပ်ကြတဲ့အခါကျမှ .. ရေးရေး တို့ ပြန်လာခေါ်ဖို့ လေးလေးသော် ကို မှာခဲ့တယ် ကိုကြီးရယ် .. လောလော ဆယ်မှာတော့ ကိုကြီး .. အဆူခံထိနေမှာပါပဲ .. ရေးရေး မရှိလို့လေ.."

ဟု အဆူခံရမည့် ကိုကြီး အတွက် ရေးရေး စိတ်ပူနေမိပြန်သည်။ နောက်တော့လည်း ငိုရင်း ရှိုက်ရင်းဖြင့် ကဗျာလေးကို ထပ်၍ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြင့် ထည့်လာခဲ့တာကို နံရံမှာ ချိတ်မိပါသည့်အဖြစ် ..၊ အိမ်နံရံမှာက လေးလေးသော် အရင်တုန်းက ဘာတွေချိတ်ခဲ့မှန်း မသိရပါသည့် သံချွန် ရိုက်ထားရာ ချိတ်နိုင်သည့် နေရာတွေရှိနေတာမို့ ကိုကြီး ၏ ကြွေ့ အတွက် ကဗျာဆိုတာကို ချိတ်မိခြင်း ..။ လိုတာတွေ ကုန်တိုက်မှာ ဝယ်ချိန်က .. ဤဓာတ်ပုံဘောင်တွေကို ရေးရေး ဝယ်ခဲ့ခြင်းပါ ..။

တစ်ခုက.. ကိုကြီး ၏ ကြွေ့ အတွက် ကဗျာကို ထည့်ဖို့..၊ နောက်တစ်ခုက .. ရေးရေး ၏ ကဗျာလေးတစ်ပုဒ်ကို ထည့်ဖို့ ..၊ ကိုကြီးနှင့် ပတ်သက်၍ ရေးရေး ရင်ထဲမှာ စာသားတွေ ပြည့်လာနေသည်ကိုးလေ..။ အိမ်လေးသို့ရောက်လျှင် .. ခံစားရချေသမျှကို ရေးချလိုက်တော့မည်ဟု ဆုံးဖြတ်ထားခဲ့သည်မို့ .. ပလတ်စတစ် စားပွဲပုလေးမှာ စက္ကူဖြူကို ထပ်၍ ချပြီး ကဗျာလေးကို စရေးမိရပါပြီတည်း ..။

ရေးရေး က .. ကျောင်းမှာ အထက်တန်းကျောင်းသူ ဘဝကတည်းက စာစီစာကုံး အရေးကောင်း ..၊ ကဗျာလေးတွေလည်း စပ်တတ်သူ..။ ထိုအဖြစ်ကို .. စာရေးဆရာဖြစ်သည့် ကိုကြီးကို ရှက်၍ပင် ဖွင့်မပြောခဲ့..။ ကိုကြီးက အရမ်းတော်သည်ကိုးလေ ..၊ ဘွဲ့ရတော့ အလုပ်တွေထဲ နစ်နေရင်း စာအုပ်တွေနှင့် ဝေးနေခဲ့တာမို့.. ကိုကြီး၏ဝတ္ထုကို ရေးရေး မဖတ်နိုင်ခဲ့သည့်အတွက် ကိုကြီးကိုပင် အားနာမိခဲ့ရသည်လေ ..။

ခုကျတော့ .. လျှပ်စစ်မီးလုံးလေး ဖွင့်၍ ရေးရေး ကဗျာလေးတစ်ပုဒ် စပ်နေမိရပြီ ..။

"ကိုကြီးရယ် .. ကိုကြီးရဲ့အချစ်ဦးရယ်လို့ မဖြစ်ဖူးလိုက်ရပေမယ့်.. တိတ်တခိုးလေး ရေးရေး ကိုကြီးကို ချစ်မိခဲ့ရတာ.. ကိုကြီးဟာ.. ရေးရေးရဲ့ အချစ်ဦး ဖြစ်ဖူးလိုက်ရရုံနဲ့ပဲ ရေးရေး ကျေနပ်မိရပါပြီရှင် .."

ကဗျာလေးကို ရေးနေရင်း ရေးရေး ၏ လက်တွေ တုန်ခါလာသည်။

နောက်ဆုံးတော့ ကဗျာလေးတွေ တစ်ပိုဒ်ပြီးတစ်ပိုဒ် စပ်နေမိရာ





မှ .. အဆုံးသတ်သွားချိန်မှာ မျက်ရည်ဝေနေရင်း ကဗျာလေးကို ငုံ့၍ အတန်ကြာ ငေးစိုက်ကြည့်နေမိရပါ၏။

နောက်တော့လည်း ကဗျာလေးကို သေသေသပ်သပ်လေး လက်ရေးဖြင့် ပြန်ကူးသည်။ ဓာတ်ပုံဘောင်ထဲ ထည့်သည်။ နံရံမှာ ရှိနေနှင့်သည့် သံချိတ်တစ်ခုမှာ ချိတ်မိရပါ၏။ ကိုကြီး၏ ကြွေ့ အတွက် ကဗျာလေးနှင့်ယှဉ်လျက် ရှိနေပါသည့် ရေးရေး ၏ ကဗျာလေးကဖြင့် ကိုကြီးအတွက်ကဗျာပဲ ဖြစ်ပါချေသည်တကား ..။

ဩော် .. ဤကဗျာလေးကို .. တစ်နေ့မှာ ဤအိမ်ငယ်လေးဆီမှ ရေးရေး သိမ်းယူခဲ့ရပါလိမ့်မည်။ ဤကဗျာလေးများကို .. ရေးရေး ၏ ပဒုမ္မာရှိ အိပ်ခန်းနံရံမှာ ချိတ်ထားရပါလိမ့်မည် ..။ ကြေကွဲစွာ တစ်ယောက်တည်း ရပ်ရင်း ငေးစိုက်ကြည့်နေရပါလိမ့်မည်။ ထိုအချိန်သည် ကိုကြီးနှင့် ကြွေ တို့ လက်ထပ်ပြီးကြချိန်ပဲ ဖြစ်နေပါလိမ့်မည်တည့်..။

ရေးရေး .. ဘောင်သွင်းထားပါသည့် ကဗျာလေးတွေနှင့် မျက်နှာချင်းဆိုင် နံရံနေရာလေးကို မှီ၍ ကြမ်းပေါ် ထိုင်မိရသည်ပါပဲ ..။ နောက်တော့ .. ဒူးလေးကိုထောင်လိုက်ကာ မျက်နှာလေး ဖေးတင်၍ ငိုနေမိရပြန်သည်။

"ရေးရေး .."

ရုတ်ခနဲ ရေးရေး လန့်သွားရပါ၏။ ဘုရား့ရေ!.. ကိုကြီး၏ အသံပါလားလေ ..။

ဟင့်အင်း .. မဖြစ်နိုင် ..၊ ဤမျှအထိ ရေးရေး ၏စိတ်တွေ ကစဥ့်ကလျားနိုင်နေကြပြီလား မသိ..၊ ကိုကြီး၏အသံကို စွဲနေမိကုန်ပြီထင့်..။ ခု .. ကိုကြီး၏အသံကို ကြားယောင်နေမိတာ ဖြစ်ရမည်။

"ရေးရေး .."

ထပ်၍ ခေါ်သံ ..၊ အသံ အက်နေသည်။ မမှားနိုင်တော့ပြီတောလေ ..။ ရေးရေး ကမန်းကတမ်း လှည့်ကြည့်တော့ အခန်းတံခါးဝမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၍ ရပ်နေသည့် ကိုကြီးပါ တကား ..၊ ရေးရေး ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ နောက်တော့ ရေးရေး ၏ မျက်ရည်စတွေကို အံခဲ၍ ကြည့်နေရာမှ စိတ်လိုက်မာန်ပါကြီး ရောက်လာသောရေးရေး ၏ ပခုံးကို တင်းနေအောင် ဆုပ်၍ လှုပ်ယမ်းပစ်ရင်းမှ ...

"မိုက်လိုက်တာ ရေးရေး .. ဟင် .. မိုက်လိုက်တာ .. ဒါ .. လုပ်စရာလား .. ဒီလိုလုပ်လို့ ပြီးကြစတမ်းလား .. ဟင် .. ငါ့ကို ချန်ထားခဲ့တယ် .. ဒီအိမ်ငယ်လေးမှာ တစ်ယောက်တည်း .. အကြောက်အလန့်မရှိလာနေရဲတယ် .. ကြည့်စမ်း.. ဘာဆိုဘာမှမရှိတဲ့ အိမ်လေးထဲမှာ.. မင်းဆင်းတောင့်ဆင်းရဲ .. နေနေတယ် .. အဲဒါ .. သတ္တိလို့ မခေါ်ဘူးကွ - သူရဲဘောကြောင်တာ .. ငါ့ကို မချစ်လို့ မပေါင်းနိုင်ရင် .. ရှင်းရှင်းပြောစမ်းပါ ရေးရေး .. ဟိုအကြောင်းပြ.. သည်အကြောင်းပြပြီး ငါ့ကို ချန်မထားခဲ့စမ်းပါနဲ့ ..မင်း မရှိတော့ .. ငါ့မှာ ရူးကျန်ခဲ့ရတယ် .. ဒီနေ့မှာမင်း ချန်ခဲ့တာ .. ငါ့မှာ အရူးမီးဝိုင်း ဖြစ်နေပြီ .. မတတ်သာတဲ့အဆုံးလေးလေးသော် .. ဒီကို လိုက်ပို့တာ .. အခု ကားထဲမှာ ကျန်ခဲ့တယ် - ကားကို ဟိုးခပ်လှမ်းလှမ်းမှာ ရပ်ထားတာ .."

"ဟင် .. လေးလေးသော် လိုက်ပို့တယ် .."

ယောင်ယမ်း၍ မေးမိခြင်း ..၊ သူကလည်း မျက်နှာကြီးပျက်၍ -

"လိုက်မပို့လို့ ရမလားကွ .. ပဒုမ္မာမှာ မင်း နာမည်ကို အော်အော်ခေါ်နေတဲ့ ငါ့ကို .. လေးလေးသော် လည်း မကြည့်ရက်တော့ဘူး - နောင်တရားကို လိုက်မယ်တကဲကဲ ဖြစ်နေလို့ .. အားလုံး လွဲကုန်တော့မှာပဲ .. ဟိုမှာလည်း ရေးရေး မရှိဘူးဆိုပြီး .. မင်း သွားတာ သူ့အိမ်ကိုသွားတာလို့ ဝင်ပြောရှာတာ ..၊ မိုး ဆီကို ဖုန်းလှမ်းဆက်ဖို့ လုပ်နေတုန်းဘွားရော - အားလုံးက လေးလေးသော် ကို .. ဝိုင်းဆူကြတာမှ ပွက်ပွက်ဆူရိုက်နေတာပဲ .. ရေးရေး ကို မထိန်းဘဲ မြှောက်ပေးရမလားဆိုပြီး ဘွားဆိုရင် ဒေါသတွေ ဖြစ်လို့ .. အဲဒီအချိန်မှာ .. ငါက .. လေးလေးသော်





ကို ထိုင်ကန်တော့တာကွ .. လေးလေးသော် ကြောင့် .. လေးလေးသော်ထိန်းပေးလို့ .. မင်း တခြားကို ရောက်မသွားတာလို့ ဝင်ပြောမှ .. ဘွားလည်း အဆူရပ်တော့တာ .. မင်းအတွက် .. အန်ကယ်လည်း ဟိုမှာစိတ်ထိခိုက်နေရတာပဲ .. စက်ရုံက သတင်း ကြားကြားချင်း .. ပဒုမ္မာကိုရောက်လာတာ .. ငါ့ကိုလည်း မေးတယ် .. ကြွေ့ ကို ချစ်လို့ လက်ထပ်ချင်တယ်ဆိုရင် ပြောပါတဲ့ .. ခုကတည်းက ရှင်းရှင်းလင်းလင်းရှိတာ အကောင်းဆုံးပါပဲတဲ့ .. အန်ကယ်က .. အန်ကယ့်အိမ်ထောင်ရေးလိုနောင်မှ အမှားဆိုတာ သိမှာကိုလည်း စိုးရိမ်တယ်လို့ ပြောလည်းပြောတယ်.. အဲဒါ.. ရေးရေး.. မင်း.. ငါ့ကို .. ဘာမှ ရင်ထဲရှိတာ မမေးဘဲ .. တစ်ယောက်တည်းသဘောနဲ့ လုပ်ချင်ရာ လုပ်သွားလို့ ရှုပ်ထွေးကုန်ရတာ .. ငါ .. မင်းကို မခွဲနိုင်ဘူးကွ .. နားလည်ရဲ့လား .."

ဟု တောက်လျှောက် မနားစတမ်းကြီး ပြောနေတော့ ရေးရေးအံ့သြ ငေးကြည့်နေမိရပါပြီ ..၊ မျက်နှာကြီး နီရဲတက်လာရင်း .. မျက်ရည်တွေ လည်နေရင်း ကိုကြီး ပြောနေသမျှ မယုံနိုင်ဘဲ ဖြစ်နေသည်။ ဘုရားရေ!.. ကိုကြီးက .. ရေးရေး ကို ချစ်နေသည်တဲ့လား ..၊ ဒါဆို .. ရေးရေး လည်း မသိခဲ့..၊ မရိပ်မိခဲ့ ..။ ရေးရေး သိထားရသည်က ကြွေ့ကိုပဲ ကိုကြီး ခုထိ ချစ်နေသည်ဟု ..။

"အခု ပြန်လိုက်ခဲ့ .. ဒီမှာ ညအိပ်ဖို့ အခွင့်အရေး ငါ မပေးနိုင်ဘူး.. ဘယ်အချိန် ရန်ကုန်ကို ပြန်ရောက်ရောက် .. ရောက်ချင်တဲ့အချိန်ရောက် .. ဒီက အခုထွက်မယ် .. ငါ့ကြောင့် .. ငါ့မိန်းမ .. အိမ်ပေါ်ကဆင်းရတယ်ဆိုတာ .. အဖြစ်မခံနိုင်ဘူးကွ .. နားလည်ရဲ့လား .."

ဟု ပြောရင်း ရေးရေး ၏ လက်လေးကို ဆွဲထူသည်။

"ဟင် .. နေပါဦး .. ပစ္စည်းလေးတော့ သိမ်းပါရစေ .."

"ထားခဲ့ .. အားလုံးထားခဲ့ .. အချိန်ကုန်တယ် .. အခု ပြန်မယ် - မင်း .. ငါ့ကို.. တော်တော် ဒုက္ခပေး.. ရင်ထဲမှာ ပူနေတာကွ - သက်သာ

www.burmeseclassic.com



တယ်များ မှတ်နေလား .. ငါ့ခေါင်းကို ငါ ထုနေမိတာ .. ရင်တွေထုနေမိတာ.. ငါ့ကြောင့်.. မင်း ထွက်သွားရလေခြင်းဆိုပြီး ငါ့ကိုယ်ငါ မုန်းနေလိုက်တာလေ .. ငါက .. ငါက .. မင်းကို ချစ်နေတာကွ .. အဲဒါ .. ငါလည်း အစက မသိဘူး .. အခုမှ သိတာ .."

ကိုကြီးကို ရေးရေး ချစ်သည်က ဒါပါပဲလေ ..၊ ခုလည်း ကြည့်– ရေးရေး ကို ချစ်နေမှန်း အစက ကိုကြီး ကိုယ်တိုင်လည်း မသိခဲ့တာတွေကို ရိုးသားစွာ ပြောပြနေခြင်း ..၊

"ကြွေ့ .. ကြွေ့ ကို .. ကိုကြီး .. တကယ်ရော .. မေ့နိုင်ပါ့မလား ဟင် .."

ဟု မမေးရက်နိုင်ဘဲ ဖြစ်နေသည်။ ဆံစတို့ နဖူးပေါ် ဖြိုကျလာရောက်လာသည် ဆိုကတည်းက ရေးရေး ၏ မျက်နှာလေးကိုပဲ မလွှတ်တမ်း ကြည့်ရင်း ‌တောက်လျှောက် ပြောနေပါသည့် ကိုကြီးခမျာ ခရီးလည်း ပန်းနေရှာမည်သာ ..၊ ကြွေ နှင့်ပတ်သက်၍ ဖွင့်မေးရမှာ ရေးရေး မမေးရက်နိုင်ဘဲ ဖြစ်နေသည်။

"ကြွေ့ စိတ်ထားကိုလည်း ကိုကြီး ပိုသိခဲ့ရပြီ .. ကြွေ ဟာ အတွေးအရမ်းကြီးတာ .. ခုလည်း .. ရေးရေး နဲ့ ကိုကြီးကို ကွဲအောင် သူကြိုးစားတာ .. သူနဲ့အတူ စီးပွားရေး .. အိုကွာ .. ဟိုတယ်ကြီးတစ်ခုမှာ– ပိုင်ရှင်သွားလုပ်ဖို့ ကြံနေတာကွ .. အဲဒါ .. ကိုကြီး မကြိုက်ဘူး .. သူ ရိုးသားရင် .. ရေးရေး ကို တစ်ယောက်တည်း ကွက်ပြီး ဘာခေါ်စရာလိုလဲ .. ဘာပြောစရာလိုလဲ .. သူနဲ့ ပတ်သက်ခဲ့တာ ကိုကြီးပဲ .. ကိုကြီးကို ဖုန်းဆက်ပေါ့ .. သူ့ကို လက်မခံနိုင်တာ ကိုကြီး ဖြေတာ သူ နားထောင်လိုက်ရုံပဲ ရှိရမှာပေါ့ ..၊ ဒီမှာ ကောင်မလေး .. ဘာမှ ဟိုပြောဒီပြောလုပ်ဖို့ စိတ်ကူးထဲတောင် မထည့်နဲ့ .. ငါ .. မင်းကို မခွဲနိုင်ဘူး .. မင်းက အရမ်းရိုးတာ .. ဖြူစင်တာ .. အဲဒါ .. ငါ .. ဘယ်သူနဲ့မှ မလဲနိုင်တဲ့အရာပဲ .. မင်းက .. ငါ့ကို .. ပိုင်သွားပြီကွ .. ဒီမှာ လက်ထပ်ထားတာ





နော် .. ငါလည်း မင်းကို ပိုင်တယ် .. ကဲ .. ပြန်မယ် .."

သူ ရေးရေး ကို ခေါ်တော့ ရေးရေး ခေါင်းလေးခါ၍ ...

"တခြား ဘာမှ မယူရရင်လည်း နေပါစေ ကိုကြီးရယ် .. အဲဒါလေးတော့ ယူပါရစေ .."

သူ .. ထိုအခါမှ နံရံမှာ ရှိနေသည့် ကဗျာကို တွေ့သည်။ မျက်နှာကြီး ရဲတက်လာရင်း ခေါင်းခါကာ ...

"ခုထိကို ဒီကိစ္စကြီးက မပြတ်သေးပဲကိုး .. တယ်အမျှင်တန်းတာပဲကွာ .."

ပြောလည်း ပြော ..၊ ကွန်ပျူတာစီထားရာ ကြွေ့ အတွက် တဲ့ဆိုတာကို ယူ၍ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်တော့ ရေးရေး အံ့အားသင့်သွားရသည်ပါပဲ။ ထိုမျှအထိတော့ လုပ်ရက်လိမ့်မည်ဟုပင် မထင်ထားမိ ..။ နောက်တော့မှ ရေးရေး ၏လက်ရေး ကဗျာလေးကို မှန်ဘောင်သွင်းထားရာကို သူ ဂရုထားမိသည်။ ရပ်၍ ငြိမ်ကြည့်နေပါ၏။ နောက်တော့.. တောက်လျှောက် စိတ်လှုပ်ရှားစွာ ကဗျာလေးကို ဖတ်နေချေသည်တကား ..၊ သူ့နှုတ်ဆီမှ အသံပင် ပွင့်ကျလာသည်တည့် ..။

''သခင့် အချစ်ဦးရယ်လို့
မဖြစ်ပူးလိုက်ရပေမယ့်ကွယ် ...။
တိတ်တခိုး မြတ်နိုးမိသူ့ရဲ့ ရင်မှာ
သခင်တစ်ယောက်တည်းသာပဲ
ရင်မှာစွဲထင် ချစ်ဦးရှင်ရယ်လို့
ဖြစ်ပူးလိုက်ရရုံနဲ့
ကျေနပ်ရတဲ့သူပါကွယ် ...။

အချစ်ဦးရယ်အတွက်
ရည်ရွယ်တဲ့ သခင့်လက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖျိုးခဲ့တဲ့ ပန်းတစ်ပင်
ဖြိုးဝေလွင် ပွင့်တဲ့အခါပေမှ
ချစ်ကံခေ ကြွမှာလင့်ပါလို့
ဆိုခွင့်မကြုံ ဝေးကြရချေသမျှ
ပန်းအပွင့် အပွင့်တို့ အညှာကြွေ
ဝေဒနာတွေနဲ့
ခံစားရစ်ခဲ့ သခင့်ပြစ်အင်တွေ
သိမြင်နေရပါတဲ့ မေ့မှာ
ကြေကွဲနာ ရင်မှာ ကူးရပါရဲ့ကွယ် ...။

တစ်ခါတစ်ခွင့်လေးရယ်ပဲ ပွင့်ပွင့်
သခင့်နောက်တော်ပါးမှာပဲ နေခွင့်ရစေ
သခင် ပန်ဆင်ပေးချေမယ့် ဤပန်း
အိပ်မက်နန်းမှာပဲ ပန်ရ ပန်ရ
ကျေနပ်ပါ့မယ့် ပန်းသခင်ရယ်လေ ...
ပူးအညွန့်အညွန့်ဝေ စိတ်ကူးလေးရယ်နဲ့
ပုံဖော် ဆေးခြယ်လိုက်ချင်ပါတဲ့
ဘဝရဲ့ ပန်းချီကားတစ်ချပ်မှာလေ
ချစ်ပန်းတွေ မေ့ဆံကေဦးမှာလ
မွှေးရနံ့က ကြိုင်နေကြချေရဲ့ကွယ် ...။
(ဩော် .. သခင့် ...)
ချစ်ပန်းတွေ ဆံကေဦးမှာလ
မွှေးရနံ့က ကြိုင်နေကြလေရဲ့ကွယ် ...။ ။"

ကဗျာအဆုံးမှာ သူ့အကြည့်တွေ ရုတ်ခနဲ ရှေးရေး ထံ ရောက်လာသည်။





သူ့ခြေလှမ်းတွေ မြန်ဆန်လွန်းစွာပဲ လျှောက်လာနေကြသည်။ ရေးရေး ကို ငုံ့မိုး၍ စိုက်ကြည့်နေသည်မှ မျက်တောင်မခတ် ..၊ သူ့ကိုယ်ကြီး ငုံ့ကိုင်းကျသွားကာ ရေးရေး ၏ကိုယ် ပျောင်းနွဲ့နွဲ့လေးကို သိမ်းကျုံး ပွေ့ပင်ယူသည်။ ရင်ခွင်ထဲ တယုတယကြီး ပွေ့ပိုက်ထားမိသည်မှ မြတ်နိုးမဆုံးနိုင်သည့်စိတ်ဖြင့်ပါ ..။

သူ့လက်တွေ ရေးရေး ၏ မျက်နှာလေးကို ပေးယူ၍ မော့စေပါ၏။ စိတ်လှုပ်ရှားလွန်းစွာ ငုံ့မိုး၍ ငေးစိုက်ကြည့်နေရင်း သူကိုယ်တိုင်လည်း မျက်ရည်လည်လာနေသည်။ သူသည် .. ရေးရေး အတွက် အချစ်ဦးဖြစ်ရသည့်အတွက် .. ရင်ထဲမှာ ကြည်နူးနေရသည်။

ဒါပေမယ့် .. ရေးရေး သည် သူ့အချစ်ဦးနေရာကို မရခဲ့သည့်အတွက် ရေးရေး ကို သူ အားနေရပါ၏။ ရင်ထဲ ယူကျုံးမရဖြစ်ရပါ၏။

"ရေးရေး .. ကိုကြီး ကို ကြည့်စမ်း .. ကြည့်စမ်း ရေးရေး ရယ်.. ကိုကြီး ပြောတာ သေချာနားထောင်နော် .. အတိတ်ဆိုတာကို .. ဘယ်သူကမှ ပြောင်းပစ်လို့ မရဘူး .. ညာလို့လည်း မရဘူး .. ဒါကြောင့် .. ခြွေ ဟာ ကိုကြီးရဲ့ချစ်ဦးသူတော့ ဖြစ်ခဲ့တယ် ရေးရေး ရယ် .. ဒါပေမယ့် ကိုကြီးရဲ့အချစ်ဆုံးဟာ .. ရေးရေး ပါ .. ရေး ပါကွယ် .. အဲဒါကိုယုံပါ ..၊ ကိုကြီးလေ .. ရေးရေး ကို အရမ်းချစ်တယ် .. ရေးရေး ဟာ ကိုကြီးရဲ့ နောက်တော်ပါးမှာပဲ နေခွင့်ရရုံလေးရှိရမယ့်သူ မဟုတ်ပါဘူး.. ကိုကြီးရဲ့ အချစ်ရဆုံးသူတစ်ယောက်အဖြစ် .. အမြဲ ရှိနေရမယ့်သူပါ.. ကိုကြီးရဲ့ချစ်ပန်းတွေကို .. အချစ်ဆုံးသော ရေးရေး အဖြစ် .. ပန်ရမယ့်သူပါ မိန်းကလေးရယ် .."

သူ ပြောရင်းမှ ရေးရေး ၏ နဖူးပြင်နုနုလေးကို မြတ်နိုးစွာ အနမ်းတစ်ပွင့်ကို သိမ်မွေ့ဖေးတင်လိုက်မိရပါပြီ ..။ ဤမျှ ဖြူစင်သည့် ကောင်မလေးတစ်ယောက်ကို .. လက်ထပ်ခွင့်ရ၍ .. ထိုကောင်မလေးထံမှ အချစ်တွေကို ချစ်ဦးသခင်အဖြစ် ပိုင်ဆိုင်ခွင့်ရ၍ .. လောကကြီးကို–

www.burmeseclassic.com



သူ ကျေးဇူးတင်ရပါသည်။

သူ့ရင်ကို အထိဆုံးက .. ရေးရေး ၏ ကြေကွဲနာ ရင်မှာကူးရပါရဲ့ ကွယ် .. ဆိုသည့် စာသား ..၊ ဩော် .. သူ့ရင်ထဲမှ ကြေကွဲနာကို .. ရေးရေး သည်လည်း ချစ်စိတ်ဖြင့် မျှဝေခံစားရင်း .. ကြေကွဲနာ ရင်မှာ ကူးရသည်တဲ့လား ..။

ဩော် .. ရေးရေး ၏ ကြေကွဲဖွယ် ရေးခဲ့ပါလေသော အဆုံးပိုဒ် ကဗျာစာသားလေးတွေက .. ရေးရေး ၏ ရင်ထဲမှ ကြေကွဲနာကိုလည်း သူ့ရင်ကို ကူးစက်စေခဲ့သည်ပါပဲ ..။ သိမ်ငယ် ညှိုးဖျော့စိတ်လေးဖြင့်ပင် ရေးခဲ့ရှာသည့် အဆုံးသတ် ကဗျာပိုဒ်လေးသည် သူ့ကို .. မျက်ရည်ကျစေ သည်အထိ .. ခံစားရစေသည့်အဖြစ် ..။ သိမ်ငယ် အားငယ်လိုက်ပါသည့် အဖွဲ့လေး ..။ ဩော်.. သူ့နောက်တော်ပါးမှာပဲ နေရ.. နေရ..၊ သူ ပန်ဆင် ပေးမည့်ပန်းကို အိပ်မက်မှာပဲ ပန်ရပန်ရ .. ဆံကေဦးမှာ မွှေးရနံ့ကြိုင်ခွင့် ကို အိပ်မက်လေးနှင့်ပင် ကျေနပ်မည်တဲ့လား ရေးရေး ရယ်လေ..။

သူ .. ရေးရေး ၏ ကိုယ်လေးကို ထွေးပွေ့ထားရင်းမှ နဖူးလေးကို ၁ ၊ းဖြင့် ဖေးထိလိုက်ရင်းမှ ...

"ရေးရေး ရဲ့ ကဗျာလေးကို ပြန်သိမ်းမယ် .. ပြီးရင် .. ပဒုမ္မာကို ပန်ကြမယ် အချစ်ဆုံးလေးရေ .. နော် .. ကိုကြီး လေ .. ထပ်ပြောချင်တာ တစ်ခုပဲ ရှိတယ် .. ရေးရေး ဟာ ကိုကြီးရဲ့ အချစ်ဆုံးပါ .. ရေးရေး နဲ့ ကိုကြီးတို့ဟာ ခွဲလို့မရတဲ့သူနှစ်ယောက် ဖြစ်နေတယ်ဆိုတာ နားလည် ထား.. ရေးရေး က ကိုကြီးကို ချန်ရစ်ခဲ့တာဟာ.. ကိုကြီးအတွက် နောက် ဆုတ်ပေးခဲ့ခြင်းတစ်ခုအဖြစ် ခံယူခဲ့ပေမယ့် ကျန်ခဲ့ရသူဟာ မျက်ရည် စက်တွေနဲ့ ဖြစ်နေမယ်ဆိုရင် .. အရှုံးဟာ နှစ်ဖက်စလုံး ဖြစ်နေတယ် ရေးရေး .. နောက်ဆုတ် အနစ်နာခံခြင်းဟာ .. ချန်ရစ်ခံရတဲ့ ချစ်ရသူ အတွက် .. စိတ်ချမ်းသာခြင်း .. ဖြစ်ကို ဖြစ်စေမယ်လို့ ပုံသေတွက်ထား လို့ မရဘူး ရေးရေး .. ဒါဟာ .. အချစ်ရဲ့ ထူးဆန်းအံ့ဩဖို့ကောင်းတဲ့





အရာပဲ ..၊ အချစ်ကို ပုံသေနည်းတွေနဲ့ တွက်ချက်ယူလို့ မရဘူးဆိုတာ.. အခု ရေးရေး သိဖို့လိုတယ် .. ရေးရေး ဟာ .. ကိုကြီးရဲ့ အချစ်ဆုံး ကောင်မလေး ဖြစ်နေတယ်ဆိုတာ ယုံကြည်ပေးမယ်ဆိုရင် .. အချစ်ကို.. ပုံသေနည်းနဲ့ .. တွက်ယူလို့ မရဘူးဆိုတာကိုလည်း – ယုံပေး – နားလည် ပေးရလိမ့်မယ် ရေးရေး .."

သူ ပြောတော့ ရေးရေး ခေါင်းလေး ညိတ်ပြလိုက်မိရပါပြီ၊ ကိုကြီး ကို ချန်ထားမိခဲ့ခြင်းသည် မှားယွင်းဖွယ် တွက်ချက်မိသည့် အရာသာ ဖြစ် နေတာကို ခုတော့ ရေးရေး နားလည်ခဲ့ရပါပြီပေါ့လေ ..။

ရေးရေး .. ကိုကြီး ၏ ရင်ခွင်မှာ မျက်နှာလေးအပ်မိသည်။

ရေးရေး ၏ ကဗျာလေးကိုလည်း လှမ်းကြည့်မိသည်။

ရေးရေး ၏ရင်ထဲမှ အချစ်တွေကို .. ကိုယ်စားပြု ပြောဆိုပေးခဲ့သည့် ကဗျာလေးကို ရေးရေး သည်လည်း ကျေးဇူးတင်နေမိရသည်ပါပဲ ကိုကြီး ရယ်ရှင် ..။

ရေးရေး ၏ ကဗျာလေးထဲမှ အဆုံးပိုဒ်လေးကို ရင်ထဲမှ တိုးသဲ့စွာ တိုးဖွဖွ ရွတ်နေမိရပါ၏။ ထိုကဗျာ စာသားလေးတွေသည်လည်း – ကိုကြီး၏ ရင်မှာ အပ်၍ ရွတ်ဆိုနေပါသည့် ရေးရေး ၏ နှုတ်ခမ်းသီမှ – ကိုကြီး၏နှလုံးသားသို့တိုင် စီးမျော တိုးဝင်သွားကြပါလိမ့်မည်ဟု ရေးရေး ယုံကြည်မိရပါသည်တည့် ...။

တစ်ခါတစ်ခွင့်လေးရယ်ပဲ ပွင့်ပွင့်
သခင့်နောက်တော်ပါးမှာပဲ နေခွင့်ရစေ
သခင်ပန်ဆင်ပေးချေမည့် ဤပန်း
အိပ်မက်စုန်းမှာပဲ ပန်ရပန်ရ
ကျေနပ်ပါ့မယ် ပန်းသခင်ရယ်လေ ...
ပူးအညွှန့်အညွှန့်ဝေ စိတ်ကူးလေးရယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ဖော် ဆေးခြယ်လိုက်ချင်ပါတဲ့
ဘဝရဲ့ ပန်းချီကားတစ်ချပ်မှာလေ ...
ချစ်ပန်းတွေ မေ့ဆံကေဥ်းမှာလ
မွှေးရနံ့က ကြိုင်နေကြရှေရဲ့ကွယ် ...။
(ကြော် .. သခင့် ...)
ချစ်ပန်းတွေ ဆံကေဥ်းမှာလ
မွှေးရနံ့က ကြိုင်နေကြလေရဲ့ကွယ် ...။ ။

ရှုဝေခံစားခြင်း မှားစွာဖြင့် ...




မဟူရာ (လှိုင်ကော်)
(၂၂-၉-၂၀၀၄)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃



www.burmeseclassic.com